www.burmeseclassic.com

ပန်းရွှေပြည်စာအုပ်တိုက်

တတိယအကြိမ်

# မြတ်လေးရွှေတားဗိုက်

ဝေယျ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၅၀ ကျပ်

တတိယအကြိမ်

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း

ဗိုက်ဗိုက်

မျက်နှာဖုံးစလင်

Conqueror

အတွင်းဖလင်

ပန်းရွှေပြည်

အတွင်းပုံနှိပ်

ဦးသိန်းအေး၊ ငွေလရောင်ပုံနှိပ်တိုက် (၀၅၇၀၂)

၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်

ဦးလွင်စန်းယဉ်၊ စာပေလုပ်သားပုံနှိပ်တိုက် (၀၃၁၁၀)

၂၁၁၊ ၃၉လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ

(၀၉၀၆)၊ ၂၆၇၊ ခရေပင်လမ်း၊ ၃ ရပ်ကွက်

မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် - ၅၁၂/၉၈ (၉)

အဖုံးခွင့်ပြုချက် - ၄၈၃/၉၈ (၁၁)

ဇေယျ

# မြတ်လေးရွှေစားမို့လ်

စာအုပ်အကြောင်း

ပထမအကြိမ်၊

ဒုတိယအကြိမ်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ

နှလုံးလှစာပေ။

တတိယအကြိမ်၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

### ★ ငါ့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ရပ်ရွာအေးချမ်းသာယာရေး ဝိုင်းကူညီစောင့်ရှောက်ပေး။
ထိကျမှန်ကန် စိတ်အားသန်၊ မြန်ဆန်ဆောင်ရွက် ပြည်သူ့အတွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။
နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

### အစပထမ

မြန်မာစာပေသည် ကမ္ဘာ့စာပေအသီးသီးတို့တွင် မည်သည့်စာပေနှင့်မဆို ဖခုံးရင်း ကောင်းစွာ ယှဉ်နိုင်သော စာပေတစ်ရပ် ဖြစ်သည်။ အနည်းဆုံး နှစ်ပေါင်း ၈၀၀ ရှိပြီဖြစ်၍ အသက်လည်း မငယ်၊ အမျိုးအားဖြင့်လည်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ အဘိဓာန်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ဥပဒေ၊ မော်ကွန်း၊ ပျို့၊ ကဗျာ၊ သမိုင်းရာဇဝင်၊ ဓာတ်စာ၊ ဝတ္ထု၊ စကား ပြေ စသည်ဖြင့် လိုလေသေး မရှိ စုံလင်လှပေသည်။ ပမာဏအားဖြင့်လည်း ထင်ရှားသော ကျမ်းဂန်ပေါင်းပင် ၂၀၀၀ ခန့် ရှိပေသည်။

သို့သော် ထိုထိုသော စာပေများမှာ ပညာရှိတို့က အလွန်လျှင် နက်နဲစွာ စီမံရေးသားခဲ့ကြသဖြင့် ၎င်းတို့ကို စာပြုပညာရှိကြီးများလောက် ပညာဗဟုသုတပြည့်ဝစုံလင်သော ပုဂ္ဂိုလ်တို့သာလျှင် ဖတ်ရှုလေ့လာ ဝင်ထွက်ကျက်စားနိုင်ကြသည်ဖြစ်ရာ၊ သာမန်လူတို့အဖို့ရာမှကား မကပ်နိုင် မဝင်နိုင် ကျောက်ဖျာကြီး ခုနစ်ထပ် ဆို့ပိတ်ထားသော ရတနာလိုဏ်ဂူကြီး ဖြစ်နေလေသည်။ တစ်နည်းအားဖြင့်ဆိုသော် ပညာရှိသုံး စာပေသာ အများရှိလျက်၊ လူထုသုံးမှုကား မရှိသလောက် ဖြစ်ခဲ့လေသည်။

မြန်မာနိုင်ငံသည် ပညာရှိတစ်ဆူ ဟူစလောက်အောင် ပေါက်မြောက် ထွန်းကားသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ကျော် ဟူ၍ ရှိတန်သလောက်သာ ရှိခဲ့သော်လည်း၊ စာ ရေးတတ် ဖတ်တတ်သောသူအား၊ ရာခိုင်နှုန်းမြင့်မားသော နိုင်ငံ ဖြစ်သည်။ ဤသို့ စာတတ်သူ များခြင်းကြောင့် ပညာရှိများ သာမက၊ ပညာရှိမဟုတ်သော သာမန်



www.burmeseclassic.com

www.burmeseclassic.com

လူတို့ ဖတ်ရှုလေ့လာဝင်ထွက် ကျက်စားနိုင်သော စာပေများ တစ်စထက်တစ်စ ပေါ်ထွက်လာရလေသည်။ ရှေ့ဦးစွာ ပါဠိနှင့် ကဗျာလင်္ကာများမှ ခွဲထွက်၍ လူတိုင်း အလွယ်တကူနှင့် ဖတ်နိုင်သော မြန်မာစကားပြေကျမ်းများ ပေါ်ပေါက်သည်။ ထိုမှတစ်ဆင့် ကျမ်းထွက်သော စာရေးဆရာ၏စိတ်ဓာတ် ကွန့်မြူးတီထွင်သော လောကီမှု စာပေများ၊ ပေါ်ပေါက်လာလေသည်။ ၎င်းတို့အနက် ပထမဦးဆုံး လူထုလက်သို့ အများဆုံးရောက်သောစာပေမှာ ပြဇာတ်စာအုပ်များ ဖြစ်သည်။ ဇာတ်စာအုပ်များမှာ စကားပြေသက်သက် မဟုတ်။ ကျမ်းစကား၊ ပေစကား၊ ကဗျာ နဘော၊ သီချင်း ဂီတများ ရောယှက်ပါဝင်သော်လည်း၊ လူထုမှာ ဇာတ်၊ ရုပ်သေး၊ ဇာပြော ကွက်စိပ်များနှင့် အကျွမ်းဝင်ပြီးဖြစ်သဖြင့် နားလည်ဝင်ဆံ့နိုင်သည့်အပြင်၊ သီချင်းဂီတသံတို့ကြောင့် ပိုမို စွဲမက်နှစ်မြို့ကြလေသည်။

ထိုသို့ တစ်ဆင့်တက်၍ ဇာတ်စာအုပ်များ၌ ပျော်ပါးနေကြစဉ် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်၊ ၁၉၀၄ ခုနှစ်တွင် ဂျိမ်းလှကျော် ရေးသားသော မောင်ရင်မောင်-မမယ်မ ဝတ္ထု ပေါ်လာသည်တွင် လူထုစာပေလောက်သို့ တစ်ထွေ့ခုန် ပြောင်းဝင်လာခဲ့လေသည်။ လင်္ကာ နဘော မရောမယှက် စကားပြေသက်သက်ဖြင့်ပင် ရသစာပေ ဖြစ်နိုင်ကြောင်း တွေ့ရှိကြသည်။ မောင်ရင်မောင် မမယ်မ ဝတ္ထုသည်၊ အနောက်ဥရောပ၊ ပြင်သစ်ဝတ္ထုတစ်ပုဒ်ကို မှီး၍ ရေးသည် မှန်၏။ သို့သော် ဝတ္ထုဇာတ်လမ်းချကိုသာ ယူ၍ မြန်မာအသက် သွင်းထားသောကြောင့် ပြင်သစ်ဝတ္ထု မဟုတ်၊ မြန်မာဝတ္ထုအစစ် ဖြစ်ပေသည်။

ထိုနောက်မှကား စိတ်ကူးဖြင့် တီထွင်ရေးသားသော ဝတ္ထုကြီး ဝတ္ထုငယ်တို့သည် အလက်လက်မှ အလျှိုအလျှို ဒလဟောထိုး



ပေါ်ပေါက်လာကြလေသည်။ အချို့ ထင်ရှားသည်။ အချို့ မထင်ရှားချေ။ အချို့ အရေးကောင်း၍ အချို့ အရေးမကောင်းချေ။ သို့သော် အားလုံး မကွဲမပြား သဘောတူညီညွတ်သော အချက်ကြီးတစ်ချက်မူကား ရှိသည်။ ၎င်းကား အချစ်ဇာတ်လမ်း ဖြစ်သည်။ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ရည်းစားမျှော်၊ ခိုးရာလိုက်၊ အလွမ်းဇာတ်၊ အဆွေးဇာတ်၊ တဏှာပေ ရေယဉ်ကြော၌ တသောသော တရုန်းရုန်း မျောချင်တိုင်း မျော၍သာ နေကြလေသည်။ ခေတ်က စာပေပေါ်သို့ အရိပ်လွှမ်း၍ စာပေက ခေတ်ကို ရောင်ပြန်ဟပ်သည့် ပုံတစ်ရပ်ဖြစ်ပေသည်။

၁၉၂၀ ပြည့်နှစ်၊ ကျွန်တော်တို့ ရန်ကုန်စာပေလောကသို့ ဝင်ရောက်စအချိန်မှာ မြန်မာ့အမျိုးသားစိတ်ဓာတ် အပြင်းအထန် ထကြွ နိုးကြားနေချိန် ဖြစ်ပေသည်။ ရှိရင်းအမြေနှင့် မကျေနပ်၊ ရှေ့သို့တိုးရန် အားထုတ်နေကြဆဲဖြစ်သည်။ အတွေးဟောင်း၊ အမြင်ဟောင်းများကို စွန့်ခွာ၍၊ စိတ်သစ်အမြင်သစ်များကို မွေးမြူနေကြသည်။ ယောက်ျား မိန်းမ နုနုယဉ်ယဉ်အတွေး၊ နုနုယဉ်ယဉ် အလုပ်များတွင် မွေ့လျော်ခြင်း မရှိကြတော့ဘဲ ယောကျ်ား မိန်းမ၊ လူကြီးလူငယ်မရွေး ထက်ထက်သန်သန် စွန့်စွန့်စားစား ပြုလုပ်လိုစိတ်များ ထကြွကာ မြို့တကာ ရွာတကာတွင် ခေါင်းလုံကြီးများကို တဝင့်ဝင့်တလွှားလွှား ဖြစ်ခဲ့ကြလေသည်။ အချစ်အကြိုက် စာနုစာယဉ်များကိုလည်း မနှစ်သက်ကြတော့ချေ။

ထိုအချိန်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်က ဖြစ်ပွားသော ပြင်သစ်တော်လှန်ရေးကြီးကို နောက်ခံထား၍၊ အင်္ဂလိပ်သူရဲကောင်း တစ်ယောက် ရဲရဲတောက်စွန့်စားပုံများကို ဖွဲ့၍၊ ဘာရွှန်းနက်အော်စီ အမည်ရှိ စာရေးဆရာတစ်ဦး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော

ဓန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်-စကားလက် ပင်ပါနယ် ခေါ် ဝတ္ထုတစ်ပုဒ်ကို ဖတ်မိရာ၊ ကျွန်တော်တို့ လိုချင်တောင့်တ ဖြစ်နေသော ယောကျ်ားပီပီသသ စိတ်ဓာတ်များကို ရိုရဲတောက်တွေ့ရ၍ အတိုင်းထက်အလွန် နှစ်သက်အားကျမိလေသည်။ အားကျသည်နှင့်အညီ ထိုဝတ္ထုမျိုးရေးလိုသောဆန္ဒများ ဖြင်းပြစွာ ထွက်ပေါ်လာလေသည်။ ထွက်ပေါ်လာသည်နှင့်အညီ၊ ကလောင် ကို နာနာကိုင်၍ စိတ်ရှိသလောက် ရေးလိုက်လေသည်။ ညဦး ၈ နာရီမှ စ၍ ရေးရာ နံနက်မိုးလင်းလုနီးလမ်းမှ 'နွားနို့၊ နွားနို့၊ ပေါင်မုန့် ပေါင်မုန့်' အော်သံကြား၍ ဝတ္ထုအဆုံး နိဂုံးချုပ်မှ ကလောင်ကို လက်ကချလိုက်လေသည်။

ဤကား မြတ်လေး ရွှေဘားမိုလ် ဟု အမည်တပ်ထားသော စိတ်ကူး၏ ပထမအစ ပေါ်ပေါက်ဖူးမြင်လာပုံ ဖြစ်သည်။ ဤအစမှ ဆယ်နှစ်ခန့်မျှ မြတ်လေး ရွှေဘားမိုလ် ကို ဆက်လက် ရေးသားခဲ့သည်။ ယခု နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ မေ့သလိုလို ရှိနေရာမှ ယခုတစ်ဖန် ပြန်၍ တွေ့ရခြင်းဖြစ်သည်။ နှစ်ပေါင်း ၄၀ ကျော်က ဖြစ်၍ ဟောင်း သွားပြီလား။ ညှိုး သွားပြီလား။ အို သွားပြီလား။ ကျွန်တော့် အတွက်မူကား၊ ဟောင်းလည်း မဟောင်း၊ ညှိုးလည်း မညှိုး၊ အိုလည်း မအို၊ ပွင့်စပန်းကလေးကဲ့သို့ ရွှင်လန်း နုပျိုလျက်ပင် ရှိပေသည်။ နှစ်ပေါင်း ၄၀ ကျော်က ပွင့်ခဲ့သော ဤပန်းကလေးများသည် ကျွန်တော့်အတွက် မွှေးလျက်ပင် ရှိသေးသကဲ့သို့ ဖတ်ရှုသူအတွက်လည်း မွှေးပါစေသောဝ် ဟု ဆုတောင်းလိုက်ပါသတည်း။ ။

ဇေယျ

၂၆-၁-၁၉၆၆

ပန်းရွှေပြည်စာအုပ်တိုက်

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
အဖက်ဖက်မှကူညီပံ့ပိုး ခွင့်ပြုခဲ့ကြသော ဆရာဇေယျမိသားစု၊
ဆရာတင်ဆွေမိုး၊ဆရာမင်းကျော်(မလိခ)မိသားစု၊ဆရာမောင်သိန်းဆိုင်၊
ခါတ်ပုံတီထူး(RU)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဓေယျ

# မြတ်လေးရွှေဓားမိုလ်

www.burmeseclassic.com

ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ ဟူသော ကြောက်မက်ဖွယ် အော်ဟစ်တောင်းပန်သံတို့သည် ဟံသာဝတီပြည်ကြီးအလုံးအံ့အံ့ကျွက် ကျွက် သိမ့်သိမ့်တုန်လှုပ် မီးလုံးခြိမ့်မျှ ဖြစ်ကုန်၏။ တိုင်းသားပြည်သူ ရှင်လူရဟန်းတို့မှာ သတ္တန္တရကပ်တည်းဟူသော ဓားဘေး လုံ့ဘေး ကပ်ရောက်လျက်၊ မြို့တွင်းမြို့ပြင်တို့တွင် အစဉ်မပြတ် တစ်ယောက်ကို တစ်ယောက် လက်ဦးသောသူက သတ်ဖြတ်ကြကုန်၏။

ထို့ကြောင့် မြို့ကိုစီး၍ အုပ်ချုပ်နေသူ မြို့ဝန်ဗညားဓောသည် ရာဇဝတ်သင့်သူတို့ ထွက်ပြေးတိမ်းရှောင်ခြင်းငှာ မတတ်နိုင်ရန် မြို့တံခါး အရပ်ရပ်တို့တွင် စစ်သည်တပ်သားတို့ကို အစောင့်အကြပ်ထားလေသည်။ ထိုသို့မျှ မရဘဲ ရွှေဓားဗိုလ်ဆိုသူသည် မင်းဆွေမင်းမျိုး





အမြောက်အမြားတို့ကို မြို့တွင်းမှ ထုတ်ယူသွားကြောင်းကို ခဏခဏ သိရှိရလေသည်။ ထိုကဲ့သို့ ထုတ်ယူသွားတိုင်းလည်း မည်သူမည်ဝါအား ကယ်ဆယ်သွားကြောင်းနှင့်၊ ရွှေဓားဗိုလ်ထံမှ မြို့ဝန်ဗညားဓောသည် ပေစာတစ်ခုကို ရမြဲဖြစ်လေသည်။ ထို ပေစာသည်ကား ကတ္တီပါ အိတ်ထဲတွင် ထည့်၍ ၎င်းနှင့်အတူ မြတ်လေးပွင့် တစ်ပွင့် ပါလာလေ့ရှိ၏။ ထို့ကြောင့် ၎င်းလူစွမ်းကောင်းကို 'မြတ်လေး ရွှေဓားဗိုလ်' ဟု ဟံသာဝတီသားတို့ ခေါ်စမှတ်ပြု၏။ ထိုသူကို မြို့ဝန် ဗညားဓောသည် ဖမ်းဆီးဖျောက်ဖျက်ရန်ကြံသော်လည်း မည်သူမည်ဝါဟု မသိသဖြင့် အမြဲ အထမမြောက်နိုင် ရှိလေ၏။

တစ်နေ့နံနက်တွင် မြို့တံခါး၌ စောင့်နေသော တပ်မှူးနှစ်ယောက်တို့သည် ၎င်းရွှေဓားဗိုလ်အကြောင်းနှင့် ပတ်သက်၍ ပြောဆိုနေကြသည်မှာ–

တပ်မှူးစောညန် ။ ။ "ဘယ့်နှယ်လဲ တပ်မှူးမင်း။ နောက်ထပ် မှတ်ထားတဲ့ အမိန့်စာချွန်ကို ကြားပြီးပြီလား"

တပ်မှူးစောညား ။ ။ "မကြားရသေးပါဘူးခင်ဗျား။ ကြားရရင်လည်း ထူးမှာ မဟုတ်ပါဘူး။ ဒီလူစွမ်းကောင်း မြတ်လေး ရွှေဓားဗိုလ်ကို ဘယ့်နှယ့်လုပ် ဖမ်းနိုင်မလဲ။ ဘယ်အပေါက်က လာလို့ ဘယ်အပေါက်က ထွက်သွားမှန်းမှ မသိဘဲကိုး။ ကျုပ်တို့ ဒီမှာ နေ့ စဉ်ရက်ဆက် မအိပ်ရမနေရ စောင့်နေလို့ ဘယ်ကနေပြီး မိဦးမှာလဲဗျ"

တပ်မှူးစောညန် ။ ။ "ဟုတ်ကဲ့။ တပ်မှူးမင်း ပြောတာလဲ မှန်ပါရဲ့။ သို့သော် ကျုပ်စက်ဖြင့် ယားလှပေါ့ဗျာ။ ဒီလို ဒီနှို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်။ နောက်တစ်ကြိမ် ထုတ်လိုက်တဲ့ အမိန့်တော်က ရွှေဓားဗိုလ်ဟာ ရုပ်ဖျက်ပြီး မြို့တွင်းကို ဝင်တယ်။ မြို့ထဲမှာရှိတဲ့ မင်းဆွေမင်းမျိုးတွေကို ရှာပြီး မြို့တံခါးကပဲ ရုပ်ဖျက်ပြီး ထွက်သွားတယ်လို့ သတင်းရတယ်။ အဲဒါကြောင့် တပ်မှူးမင်းတို့က ကျုပ်တို့မှာ လူအဝင်အထွက်ကို စစ်ဆေးရမတဲ့။ အကယ်၍ လွတ်ထွက်ခဲ့လျှင် ထွက်ရာတံခါး စောင့်ရတဲ့ ဗိုလ်မှူး၊ တပ်မှူးများကို ဓားသတ်ခံရမတဲ့။ အခုလို အမိန့်အာဏာတော်ကြီးက ပြင်းလာတော့ ကျုပ်တို့မှာ ဓားဘေးက လွတ်ဖို့ရန်တော့ ခဲယဉ်းလာကြပြီဗျ"

စောညား။ ။ "ဟုတ်ကဲ့ တပ်မှူးမင်း။ 'ကြွက်မနိုင်တော့ ကျည်မီးနဲ့ရှို့' ဆိုသလိုပေါ့။ မြတ်လေး ရွှေဓားဗိုလ်ကို ဖမ်းမရတာနဲ့ ကျုပ်ဖက်မှာ ဓားဝဲတာပဲဗျာ"

စောညန် ။ ။ "ကိုင်း တပ်မှူးမင်း။ ခင်ဗျားတို့ ကျုပ်တို့မှာ အမိန့်တော်အာဏာတွေက ဘယ်ညာ ဝိုင်းကုန်ပြီ။ မတတ်နိုင်ကြဘူးခင်ဗျ။ သူ့လက်ထဲကရေ သွန်လိုသွန်၊ မှောက်လိုမှောက်၊ သူပြုသမျှ ခံရကြတော့မှာပဲ တပ်မှူးမင်း။ တံခါးသာ သတိနဲ့ စောင့်ပေတော့။ ကျုပ်လည်း သွားချေဦးမယ်" ဆို၍ ထွက်သွားလေ၏။

တပ်မှူးစောညန် ထွက်သွားလျှင်ပင် မြို့လယ်လမ်းမကြီးမှ အမယ်အိုတစ်ယောက် မောင်းလာသော ကောက်ရိုးလှည်းတစ်စီး ဆိုက်လာလေ၏။ ထိုအခါ တပ်မှူးသည် လှည်းကို ရပ်စေလျက် "အမယ်ကြီး။ ကောက်ရိုးထဲမှာ ဘာပါသလဲ" ဟု ဓားကြီးတဝင့်ဝင့်နှင့် မေးရာ၊ အမယ်အိုက အသံတုန်လျက် "ဘာမှ မပါပါဘူး မောင်ရယ်။ အမေအိုတို့မှာ ကာလနာတွေဖြစ်လို့၊ ဟိုဘက်ရွာကို ပြောင်းမလို့





မောင်ရဲ့။ မောင် မယုံရင်လည်း ရှာပါ" ဟု ဖြေ၏။ ကာလရောဂါဟူသော အသံကိုကြားလျှင် တပ်မှူးသည် နောက်သို့ဆုတ်လျက် "ကိုင်း အမယ်ကြီး။ မြန်မြန် မောင်းသွား" ဟု ပြောလေ၏။

အမယ်အို၏ လှည်း မြို့ပြင်သို့ ရောက်လျှင်ပင်၊ နောက်မှတပ်မှူးတစ်ယောက်သည် မြင်းကို အပြင်းစိုင်းလျက်၊ အမယ်အိုထွက်သွားသော လမ်းသို့ လာလေ၏။ မြို့တံခါးသို့ ရောက်သောအခါ၊ မြင်းပေါ်မှ ဆင်း၍ တပ်မှူးစောညားအား "တပ်မှူး။ ဒီတံခါးက လှည်းတစ်စီး ထွက်မသွားဘူးလား" ဟု အသက်ရှူများ မှားလျက် မေးလေ၏။ စောညားလည်း များစွာ ထိတ်လန့်လျက် "ဘာ လှည်းတုန်း"

တပ်မှူး ။ ။ "ကောက်ရိုးလှည်း။ အမယ်ကြီးတစ်ယောက် မောင်းတယ်"

စောညား ။ ။ "အမယ်ကြီး မောင်းသွားတဲ့ ကောက်ရိုးလှည်းကိုတော့ မြင်လိုက်တယ်"

တပ်မှူး ။ ။ "အို–ခင်ဗျား တယ် အမှုတော်ထမ်း လစ်လပ်တာကိုး။ လှည်းထဲမှာ အိမ်ရှေ့မင်း မယ်တော်နဲ့ နှမတော် ပါသွားတယ်"

စောညား။ ။ (မျက်လုံးများပြူးလျက်) "အို–ဟုတ်ကဲ့လား၊ ဒါဖြင့် တယ်မဝေးသေးဘူး။ ကျုပ်လည်း လိုက်မယ်" ဆို၍ မြင်းတစ်စီးကို စီးပြီးလျှင် အပြင်းစိုင်းကြလေ၏။ မြို့နှင့် မနီးမဝေး တောစပ်ကလေးသို့ ရောက်သောအခါ ကောက်ရိုးလှည်းနှင့် နွားများကိုသာ တွေ့၍၊ အမယ်အိုနှင့် အိမ်ရှေ့မင်း၏ မယ်တော်နှင့် နှမတော်တို့ကိုကား၊ မတွေ့ရပေ။ ထိုအနီးအနားရှိ တောစပ်ကို နှံ့အောင် ရှာဖွေပြီးသောအခါ စောညားက "ဟုတ်မယ် မထင်ပါဘူး တပ်မှူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူး ။ ။ "အို–ခင်ဗျား မြတ်လေးရွှေဓားဓိုလ်အကြောင်း မသိဘဲကိုး။ လှည်းပေါ်က အမယ်ကြီးဟာပေါ့ဗျ။ ဒီနည်းနဲ့ ကျုပ်တို့ နပ်သွားတာ ဘယ်နှစ်ခါရှိပြီလဲ" ဟုဆိုမှ တပ်မှူးစောညားမှာ များစွာ ထိတ်လန့် အံ့သြပြီးလျှင်၊ လည်ပင်းတယားယားနှင့် မြို့သို့ပြန်ခဲ့ရလေ၏။

တနေ့သော နေဝင်ရီတရောအချိန်တွင် ရတနာပူရ အဝမြို့ကြီးနှင့် မနီးမဝေး ရောဝတီမြစ်ပေါ်ရှိ ရွာငယ်တစ်ရွာ၏ ရွာသူကြီးအိမ်ရှေ့သို့ လှည်းယဉ်တစ်စီး ဆိုက်လာလေ၏။ လှည်းပေါ်မှ လူတစ်ယောက် ဆင်းပြီးလျှင် "ဒီအိမ်ပါပဲဘုရား" ဆို၍၊ အိမ်ပေါ်သို့ လိုက်သွားကြလေ၏။ အိမ်ရှင်သူကြီး မောင်ကျော်က "ဪ မြို့စားများ ကြွလာတော်မူကြပြီကိုး။ အိမ်ဦးခန်းသို့ ကြွတော်မူကြပါ။ အိမ်ဦးခန်းသို့ ကြွတော်မူကြပါ" အိမ်ခန်းသို့ လိုက်ပို့လေ၏။ နေရာထိုင်ခင်းများ ပေးပြီးသောအခါ

ယခင်လူ ။ ။ "သူကြီးမင်း၊ ကျွန်တော် ပေးလိုက်တဲ့စာကို ရသလား"

သူကြီး ။ ။ "မှန်ပါ၊ အခုမနက်မှ ရပါသည်ဘုရား။ ကျွန်တော်မျိုးကြီးများလဲ လာကြိုမလို့ပါဘဲဘုရား"

ယခင်လူ။ ။ "ကိစ္စမရှိပါဘူး၊ လူများ ရိပ်မိသွားမှာကိုပင် စိုးရိမ်ရသေးတယ်။ အခုလာတာက အိမ်ရှေ့မင်း မယ်တော်နဲ့ နမတော်များ ဖြစ်တယ်။ ရွှေမြို့တော်ကြီးကို ခေါ်မသွားဝံ့သေးဘူး။ သူ





ကြီးအိမ်မှာပဲ ခဏ ဝှက်ထားရဦးမယ်"

သူကြီး ။ ။ "အို စိတ်ချတော်မူပါဘုရား။ ကျွန်တော်မျိုးကြီး ပွဲတော်အုပ် ယူချေပါဦးမယ်ဘုရား" ဟု ဆို၍ ထွက်သွားလေ၏။

သူကြီး အိမ်အောက်သို့ ဆင်းသွားသောအခါ၊ အိမ်ရှေ့မင်းမယ်တော်က "ခုမှပဲ စိတ်အေးပါတော့တယ်။ မြို့စားမင်း ဟံသာဝတီမှာနေတုန်းကတော့ နေ့သေမလား ညသေမလား တထင့်ထင့်နဲ့ နေရတယ်။ မောင်တို့ ကျေးဇူးကို မမေ့ပါဘူး"

ယခင်ကလူကား အခြားသူ မဟုတ်။ စစ်ကိုင်းမြို့စားဖြစ်၍ အသက်မှာ ၂၀ ကျော်ခန့်သာ ရှိသေးသည်။

စစ်ကိုင်းမြို့စား ။ ။ "ကျွန်တော်တို့ကို ကျေးဇူးတင်ဖို့ မရှိပါဘူး မယ်တော်ဘုရား။ အခု မယ်တော်ကြီးကို ကယ်ဆယ်တာ ကျွန်တော် မဟုတ်ပါဘူး။ ကျွန်တော်တို့ဆရာ ကယ်တာပါ"

မယ်တော်ကြီး ။ ။ "အလို မင်းတို့ဆရာက ဘယ်သူတုန်း"

စစ်ကိုင်းမြို့စား ။ ။ "ကျွန်တော်တို့ဆရာက မြတ်လေးရွှေဓားဗိုလ်တဲ့။ နို့ပေမယ့် သူ မည်သူမည်ဝါဆိုတာကိုတော့ သစ္စာရေတိုက်ထားလို့ မပြောဝံ့ဘူး" ဟု ဆိုသည်ခဏတွင် အိမ်ရှေ့တွင် လှည်းတစ်စီး ဆိုက်၍ လာပြန်လေ၏။

အတန်ကြာကာလ အသက် ၂၀ ခန့်မျှရှိသော မိန်းမတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ၍ စစ်ကိုင်းမြို့စားက "အလို မင်းတုန်းခင်ခင်ကြီးပါလား။ ကြွတော်မူပါ၊ ကြွတော်မူပါ။ အခု ဘာကိစ္စနဲ့များ ကြွလာပါသတုန်းခင်ဗျား" ဟု ဆီး၍ ကြိုဆိုလေ၏။

မင်းတုန်းခင်ခင်ကြီးမှာ မင်းတုန်းမြို့စား မောင်မောင်ကြီး၏ ကြင်ဘက်တော်ဖြစ်၍ အပျို မဟုတ်သော်လည်း အရွယ်တော်မှာ



www.burmeseclassic.com

www.burmeseclassic.com



များစွာ မကြီးသေးသည့်အပြင်၊ ရုပ်ရည်ရူပကာမှာ ရှုမငြီးဘွယ် ဖြစ်ပေ၏။ ပင်နီအင်္ကျီနှင့် ယောထဘီငွေချည်ထိုးကို ဝတ်ဆင်ထား၍ အသားကလေးဖြင့် လွန်စွာ လိုက်သောကြောင့် အလွန်လှပတင့်တယ် သိရ်ကျက်သရေဖြင့် ပြည့်စုံ၏။ တစ်ကိုယ်လုံးတွင် အခြားအရာတို့ထက် ထူးကဲလှပသော အရာကား ဖော့လုံးသဖွယ် ညီညာရှည်လျားသော လည်တိုင်ကလေး ဖြစ်သဖြင့်၊ ၎င်း လည်တိုင်ကလေးကို မြင်သူတိုင်းပင် ချီးမွမ်း၍ မကုန်နိုင်ရာ ဖြစ်ပေ၏။ ဤကဲ့သို့ ချောမောလှပသူ ကလေးအား အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တည်းဟူသော တော်လေးဝသို့ သွင်းသင့်သည်။ သျှစ္စရကျမ်း ဆရာကြီးတို့အဆို မိန်းမလေးမျိုးတို့တွင် အမြင့်မြတ် အချောမွေ့ဆုံးဖြစ်သော ပဒုမ္မနီ ခေါ်သင့်ပေသည်ဟု ဆိုဘွယ်ရာတို့မှာ ထည့်သွင်း၍ ချီးမွမ်းပါက အပိုပင် ဖြစ်ချေတော့မည်။

ခင်ခင်ကြီး ။ ။ "အို–စစ်ကိုင်းမြို့စားမင်းပါလား။ ရှင် ဘယ်တုန်းက ရောက်နေသလဲ။ ကျွန်မ မောင်တော် ဟံသာဝတီကို ပြန်မယ်ဆိုလို့၊ ဒီရောက်အောင် လိုက်ပို့တယ်"

စစ်ကိုင်းမြို့စား ။ ။ "သြော်–ပြန်တော့မတဲ့လား။ အကိုကြီးကော"

ခင်ခင်ကြီး ။ ။ "ကျွန်မတို့ မင်းတုန်းမောင်မောင်ကြီးလား။ ရွှေနန်းတော်ကြီးမှာ အခစား ဝင်နေရတယ်။ နို့ ဟိုဘက်က ဘယ် သူများတုန်း"

စစ်ကိုင်းမြို့စား။ ။ "ဟံသာဝတီက အိမ်ရှေ့မင်း မယ်တော်နဲ့ နမတော်များပါ"

ခင်ခင်ကြီး ။ ။ "သြော်–မယ်တော်ကြီးများလား။ သမီးတော်





လည်း ပါကြသကိုး။ ဟော့ ခင်စောမယ်၊ ခင်ခင်ကြီးကို မှတ်မိရဲ့လား" ဆိုသောအခါ၊ မင်းသမီးကလေးက "မှတ်မိပါတယ်" ဟု ပြန်ပြောလိုက်လေ၏။ မယ်တော်ကြီးမှာ မျက်နှာတော် မသာသဖြင့် ရှေ့ဆက်လက်၍ မပြောဘဲ စကားပြတ်သွားကြလေ၏။ ထိုနောက် စပ်မိစပ်ရာ စကားများပြည် ပြောပြီးလျှင်၊ အချိန်တန်သည်နှင့် ခင်ခင်ကြီး အိပ်ရာ ဝင်လေ၏။

နောက်တစ်နေ့ ညနေခင်းသို့ ရောက်သောအခါ ရှာထိပ်ဆိပ် ကမ်းတွင် ဒေါင်းမြီးကွက်အလံတွေ တလူလူနှင့် လှေကြီးတစ်စင်း ဆိုက်နေလေ၏။ လှေသားတို့လည်း ဆူဆူညံညံ သီချင်းများ သီဆိုလျက် ရွက်ကြိုးများ ပြင်နေကြလေသည်။ ထိုအချိန်တွင် မောင်တော်ဗညားအိမ်တို့သည် ရပ်လျက်နေကြကုန်၏။ မြစ်တစ်ဖက်မှ တိုက်လာသော လေပြေလေညင်း ကလေးတို့သည် ခင်ခင်ကြီး၏ ဆံစကလေးများကို တလျှပ်လျှပ် တိုက်ခတ်နေလေ၏။ မောင်တော်သည် နမတော်ရှေ့၌ရပ်၍ ရွက်ကြိုးများကို ပြင်နေသော လှေသားတို့ကို စိုက်ကြည့်နေ၍၊ ခင်ခင်ကြီးသည် အလွန် မသာယာသော မျက်နှာကလေးနှင့် စကားမျှမပြောဘဲ မောင်တော်၏ မျက်နှာကိုသာ ကြည့်နေလေ၏။ နေမင်းသည် တောင်စွယ်တွင် ကွယ်ခဲ့ပြီဖြစ်၍ မြစ်တစ်ဖက်ကမ်းရှိ တောင်တန်းတွင် မြူဆိုင်းနေသဖြင့် မှိုင်းမှိုင်းညို ညိုရှိနေ၏။ တစ်ဖက်ကမ်းသို့သွား၍ အစာရှာကြသော ငှက်ငြိမ်းမင်းဖြူ တို့သည်လည်း တစ်အုပ်တစ်သင်း အဓိတောင်ချင်းညီစွာ ခတ်လျက်၊



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းကင်ပေဟင်ခရီးဖြင့် ပျံသန်းလာကြကုန်၏။ စင်ရော်ငှက်တို့လည်း ရေပေါ်တွင် နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်ဖြင့် ပျံသန်းနေကြ၏။

ထိုသို့ စကားမပြောဘဲ အတန်ကြာ ငြိမ်သက်တိတ်ဆိတ်စွာ နေပြီးမှ၊ ခင်ခင်ကြီးက "မောင်ကြီးရယ်။ အခု ဟံသာဝတီမှာ ဘာဖြစ်နေတယ်ဆိုတာ သိရဲ့လား"

ဗညားအိမ် ။ ။ (နမတော်၏ မကြည်သာသော မျက်နှာကလေးကို ကြည့်လျက်) "သိပါတယ် ခင်ခင်ကြီးရယ်။ မောင်ကြီးအတွက် မစိုးရိမ်ပါနဲ့"

ခင်ခင်ကြီး ။ ။ "ဘယ့်နှယ်၊ စိတ်ချနိုင်ပါ့မလဲမောင်ကြီးရယ်။ ဟံသာဝတီမှာ အင်မတန် သောင်းကျန်းသတ်ဖြတ်နေကြလို့ မယ်တော်နဲ့ နမတော်များတောင် ပြေးလာကုန်ကြကုန်ပြီ။ စိတ်မချနိုင်ဘူး"

ဗညားအိမ် ။ ။ "အို၊ ဘာမှ စိတ်မချစရာ မရှိဘူး။ ဟံသာဝတီလောက် ကြောက်ရင် မောင်ကြီး မသွားပါဘူး"

ခင်ခင်ကြီး ။ ။ "အို၊ ဒီလိုမပြောပါနဲ့။ ဟံသာဝတီမှာ မောင်ကြီးဆွေမျိုးညာတိ ရှိတာ မဟုတ်ဘူး။ မောင်ကြီးမှာ ခုက္ခရောက်ရင် ဘယ်သူလာပြီး ကယ်မလဲ။ ဒီနမနဲ့ ဒီမောင်က လွဲလို့ မောင်ကြီးမှာ ဘယ်သူ ခင်စရာ ရှိသေးသလဲ။ တစ်လောကလုံးမှာ ဒီမောင်နမ နှစ်ယောက် ရှိတောတယ်။ ခွဲမသွားပါနဲ့ မောင်ကြီးရယ်။ ကောင်းစားလည်းတူတူ၊ ဆင်းရဲ အတူတူ နေပါ့မယ်။ မောင်ကြီးကို ရွှေနန်းတော်ကြီးက ရာထူး ဌာနန္တရ ကလေးများ ပေးသနားအောင် အခါကောင်းတော့ ကျွန်မ လျှောက်ပေးပါ့မယ်။ မောင်ကြီးသွားရင် ကျွန်မ ဘယ်သူ့ကို အားကိုးရမလဲ။ မသွားပါနဲ့ မောင်ကြီးရယ်။





ဒီအကြံ လက်လျှော့လိုက်ပါတော့။ စိတ်မချလွန်းလို့ပါ"

ဗညားအိမ် ။ ။ "သွားခါနီးကို မတားပါနဲ့တော့ ခင်ခင်ကြီးရယ်။ ငါ့နမ စိတ်ချပါ။ မောင်ကြီး ခလုတ်မထိ ဆူးမငြိပဲ ဟံသာဝတီကို လက်စားချေပြီး ပြန်ခဲ့ပါမယ်။ အခု တစ်လကျော်လို့ ရင်ခတ်ပန်းတွေ ဖူးတော့ မောင်ကြီးကို မျှော်ပေတော့။ ဆက်ဆက်ကြီး ပြန်ခဲ့ပါမယ်။ ဟော၊ ရွက်တွေတောင် ဖွင့်ကုန်ပြီ။ သွားပါရစေတော့ ခင်ခင်ကြီးရယ်"

ခင်ခင်ကြီး ။ ။ "တားမရတာဖြင့် သွားတော့ မောင်ကြီးရယ်။ အစစအရာရာမျိုး သတိထားပြီး လုပ်ကိုင်နော်။ လူတိုင်းကို မယုံနဲ့။ ရင်ခတ်ပန်းတွေပွင့်တော့ မောင်ကြီးအပြန်ကို မျှော်နေပါ့မယ်။ ဆက်ဆက်ကြီး ပြန်ခဲ့ပါ။ အဲဒီလ ရောက်လို့မှ ပြန်မလာရင်၊ ခင်ခင်ကြီး စိတ်မကောင်းဘဲ နေလိမ့်မယ်။ မောင်ကြီး ချမ်းချမ်းသာသာနဲ့ ပြန်လာပါစေလို့၊ ပန်းသပြေ ညောင်ရေလောင်းလို့ ဆုတောင်းနေပါ့မယ်။ သွားပေတော့ သွားပေတော့" ဟုဆိုမှ ဗညားအိမ်သည် ကမ်းမှဆင်း၍ လှေပေါ်သို့ တက်လေ၏။

လှေသားတို့သည်လည်း ကျောက်ဆူးများကို နုတ်၍၊ ရွက်စုံလွှင့်ပြီး လျှင် ငွေရွက်ကယ် မြိုင်မြိုင်၊ သုံးပင်တိုင်ကြော အစရှိသော လှော်သံတို့ကို သံပြိုင်ဆိုလျက် ဧရာဝတီမြစ်ကြောသို့ မျောကြလေ၏။ ခင်ခင်ကြီးလည်း လှေပဲ့တွင် ရပ်လျက်၊ လက်ပြနေသော မောင်တော်ကို ပုဝါစကလေးဖြင့် ပြန်၍ လက်ပြကာ ကုန်းပေါ်တွင် ရပ်လျက် ကျန်ရစ်ခဲ့လေ၏။

ထိုကဲ့သို့ လှေလှော်သံတွေကိုလည်းကောင်း၊ ရွက်ကြီးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအလံများကို ဆင်ယင်ထားသော လှေကြီးကိုလည်းကောင်း၊ ကြားရမြင်ရ သောအခါ၊ အလွန် ကြည်နူးရကား၊ နေရာမှ မရွေ့နိုင်ဘဲ အဝေးတွင် ငြိမ်သက်စွာ ရှက်လှှင့်နေသော လှေကြီးကို စိုက်ကြည့်လျက် မျက်ရည်တွေ လည်လာ၏။ ထိုနောက် လှေကြီးလည်း တဖြည်းဖြည်း စုန်၍ အဝေးသို့ ရောက်သောအခါ၊ မြူတွေကလည်း ဆိုင်း၊ အရပ်တိုင်း၌ မှောင်လာ၍ ကောင်းစွာ မမြင်ရမှ ရွာသို့ မပြန်ချင်ပြန်ချင်နှင့် တဖြည်းဖြည်း ပြန်ခဲ့လေ၏။

ပြာရောင်သာ လှိုင်းတော့၊ ရှတိုင်းငွေနှစ်နှင့်၊ မြူသစ်မှောင်၊ နှစ် ဆယ်စုနှစ်လီ ပါဒ်ပြည့်မိ၊ ရာသီမိန်လက် ဆန်းသည့်ရက်ဝယ်၊ လယ်ရှက်ကယ်ညောင်၊ ဥဒေါင်းဆောင်လည်း၊ အခေါင်တည့်မတ်၊ ယုန်ပြာသာဒ်နှင့် ကြယ်မြတ်ဥဩရာ၊ ချိန်တာရာတို့၊ ရစ်ကာ လှဲ့သည်၊ အာကာဘုံ တစ်ဂုဏ်သစ်ပေငဲ့၊ ထွန်းမြူးသစ်ရောင်၊ ဂိမာန်ငွေဝယ်၊ စုံဖြိုင်မြသား၊ လေချိုရှားသည်၊ စုလျားသိုက်မြင်၊ ငှက်ကျေးရှင်လို့၊ တောင်ဆင်ရဲရည်၊ ရဲ့ကြည်ကာ၊ သီသံဖြိုင်ငယ်၊ ဂနိုင်ရိုပ်ခန်းခိုပေနှင့် ။ ။ ရွှေဖီဝုံရှင့်၊ ပင်တိုင်းပွင့်လို့၊ နန်းမြင့် ဘုံလယ်၊ ရိပ်ကြီးမယ်လည်း၊ တေသွယ်မြတ်ရှင်၊ ယဉ်တိုင်ဒပဲ ဆင်ကြွတယ်၊ ငွေစင်လဆောင်ညီမှာ၊ သဲစေတီ သဘင်ချီးခါမို့၊ လွမ်းမိပေသင့်။

ဤသို့ လှိုင်မင်းသားဆရာဉာဏ်ဝန်ကြီးဦးဖြေသည်၊ အာ ပြာ





ရောင်တွေဆိုလျက်၊ တောတောင်ဝနာ မဟာမြိုင်တို့တွင်၊ လေချိုသုတ် သွင်းလျက် အဆင်းလှပသော ကျေးငှက်တို့လည်း သံဖြိုင်ကြူး၍၊ ရွှေဖီပန်း ပင်လုံးကျွတ် ပွင့်ရာဖြစ်သော ဂိမ္ဟန္တ နွေရာသီ တပေါင်းလကို ဖွဲ့လျက် စပ်ဆိုခဲ့လေသည်။

ဤအခါသမယ တပေါင်းလ၌၊ ရတနာပူရ အဝနေပြည် တော်ကြီးရှိ အောင်မြေလောကဘုရားပွဲကို ကျင်းပကြလေသည်။ ထို ဘုရားပွဲတော်သို့ တိုင်းသားပြည်သူ ရှင်ရဟန်းစသည် အုတ်အုတ် ကျွတ်ကျွတ် လာရောက်ပူဇော်ကန်တော့ကြသော သူတို့ကား ဘုရား ရင်ပြင်တော်၌ နေ့ရော်ညပါ ပြည့်နှက်လျက် ရှိကုန်၏။ မင်းတုန်း မြို့စားနှင့် ခင်ခင်ကြီး တို့လည်း ဘုရားဖူး လာရောက်ကြလေ၏။

တစ်နေ့သော ညနေ၌ ခင်ခင်ကြီးသည် ဘုရားရင်ပြင်တော် တနင်္ဂနွေထောင့်၌ ရွှေဖီပန်းခိုင်ကလေးကို ကိုင်လျက် တစ်ယောက် တည်း ဘုရားရှိခိုးနေရာ၊ ဘုရားရှိခိုးအဆုံး၌ နောက်က ခေါ်သံ ကြားလိုက်သဖြင့် လှည့်လိုက်ရာ မိမိအား ပြုံးလျက်ကြည့်နေသော လူတစ်ယောက်ကို မြင်ရလေ၏။ ခင်ခင်ကြီးသည် ပြုံးလျက် "အလို– မင်းဘုရားကြီးပါလား။ ဘာကိစ္စနဲ့များ ကြွလာခဲ့ပြန်ပါသတုန်း" ဟု အားပါးတရ မေးလေ၏။

ယခင်သူကား အစနစ်ခုရှိသော ပိတ်ဖြူကိုပေါင်းလျက်၊ ရွှေ နား ကွပ်သော ထိုင်မသိမ်းအင်္ကျီကို ဝတ်ထားပြီးလျှင် ကြိုးကြီးချိပ် ပုဆိုးကြီးကို စည်းထား၏။ ပခုံးနှစ်ဖက်တို့တွင်လည်း ဘုရားဆိမ်း များအရောင်၌ ပြောင် တောက်သော ရွှေကြိုးကြီးများကို သိုင်းထား၏။ ဟံသာဝတီ ကောင်းစားစဉ်က လွှတ်တော်အမတ်ကြီးလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍၊ ယခု ဟံသာဝတီပြည်ကြီး ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ အဝနေပြည်တော်ကြီးသို့ သံအမတ်အဖြစ်ဖြင့် လာရောက်နေရ၏။

သံအမတ်။ ။ "ဟုတ်ကဲ့ ခင်ခင်ကြီးရဲ့။ အရင်တစ်ခေါက် ဟံသာဝတီကိုပြန်ရောက်လို့ နောက်တစ်ဖန် တိုင်းပြည်ရေး အမှုတွေက မကုန်သေးတာနဲ့ ရောက်လာရပြန်တယ်။ နို့ မြို့စားကြီးများကော"

ခင်ခင်ကြီး။ ။ "အခု ဘုရားမှာပါပဲ။ စစ်ကိုင်းမြို့စားနဲ့ စကားပြောပြီး ကျန်ရစ်ခဲ့တယ်။ ဟံသာဝတီမှာ အရေးတော်များ ငြိမ်သက်ပါပြီလား"

သံအမတ်။ ။ "အင်း။ တယ်ပြီး မငြိမ်သက်သေးပါဘူး။ အခု ခင်ခင်ကြီးကို တိုင်ပင်စရာရှိတယ်" ဟု ဆိုသောအခါ ခင်ခင်ကြီးမှာ ထိုအမတ်၏ တိုင်ပင်ရန်ရှိသည်မှာ မည်သည့်နည်းနှင့်မဆို ဟံသာဝတီနှင့် ပတ်သက်၍ တိုင်ပင်ရန်ဖြစ်သည်ကို အတတ်သိသဖြင့် တိုင်းရေးပြည်မှု၌ မဝင်စားချင်ရကား၊ ခေါင်းကလေးသည် ရုတ်တရက် အခြားဘက်သို့ လှည့်သွားလေ၏။ ထိုနောက်မှ သံအမတ်ကို ကြည့်လျက် "ဘာများ တိုင်ပင်စရာ ရှိလို့လဲ မင်းဘုရားကြီးရဲ့"

သံအမတ်။ ။ "နားထောင်။ ကျုပ် ပြောပြမယ်။ အခု ကျုပ်တို့ကို ဟံသာဝတီမှာ ထကြွသောင်းကျန်းလို့ သူပုန်တွေထပါလို့ မင်းဆွေ မင်းမျိုးအချို့မှာ ရာဇဝတ်သင့်ပြီး ဖမ်းဆီးချုပ်နှောင်ထားတယ်။ အဲဒီ ရာဇဝတ်အကောင်တွေကို အဝ,နေပြည်တော်ကြီးက မြတ်လေး ရွှေဓားဗိုလ် ဆိုတဲ့အကောင်က လာပြီး ကယ်ဆယ်ယူဆောင်သွားတယ်။ ကျုပ် ဟံသာဝတီက မထွက်ခင် တစ်နေ့ကပဲ အိမ်ရှေ့မင်း မယ်တော်နဲ့ နှမတော်တို့ကို ကောက်ရိုးလှည်းထဲမှာ ဖွက်ပြီး ယူသွားတယ်။ ဒါကြောင့် အခု မြို့ကို စီးပြီး မင်းလုပ်နေတဲ့ မြို့ဝန်





ဗညားစောက ဒီအကောင်ကို လိုက်လံဖမ်းဆီးရမယ်လို့ ကျုပ်တို့ လွှတ်လိုက်တယ်။ ကျုပ်လည်း ဒီအကောင်ကို မည်သူမည်ဝါဆိုတာကို သိရအောင် သတင်းစကား လူယုံတော်တွေလွှတ်ပြီး နားထောင်နေတာပါပဲ။ ယခင် တစ်နေ့ကတော့ စစ်ကိုင်းမြို့စား လက်ထက စာကလေးတစ်ခုရလို့ ရွှေဓားဗိုလ်ဆိုတဲ့ အကောင် ဒီဘုရားပွဲတော်ကို လာမယ်သတင်းရတာနဲ့ လာခဲ့ရတယ်။ ယခု ခင်ခင်ကြီးလည်း ဇာတိချက်ကြွေ မင့်ဖအေက ဟံသာဝတီသား၊ မင်းလည်း ဟံသာဝတီ သူကပဲ။ ဟံသာဝတီပြည်ကြီး စည်ကားအောင် မင်း ကူညီဖို့ သင့်တယ်"

ခင်ခင်ကြီး။ ။ "အို၊ ကျွန်မ ဘယ့်နှယ်လုပ် ကူညီတတ်ပါ့ မတုန်း"

သံအမတ်။ ။ "နားထောင်။ အခု ရွှေဓားဗိုလ်ဟာ မင်းဆွေ မင်းမျိုး မဟာသွေးထဲကလို့ ပြောကြတယ်။ အချို့ကလည်း မြို့စားလို့ ပြောကြတယ်။ ခင်ခင်ကြီးမှာ ဒီလိုလူမျိုးတွေနဲ့ ပေါင်းသင်းဆက်ဆံနေရတော့ ရွှေဓားဗိုလ်ဟာ မည်သူမည်ဝါဆိုတာ မေးစမ်းလိုက်ရင် သိနိုင်ပါတယ်။ အဲဒါကြောင့် တဆိတ်လောက် စုံစမ်းပေးစေချင်တယ်"

ခင်ခင်ကြီး။ ။ "အို ကျွန်မမှာ မိန်းမသားလည်း ဖြစ်နေတယ်။ ဒီလို အရှုပ်အထွေးတွေထဲကို ကျွန်မ မဝင်ချင်ဘူး။ မောင်တော်ဘုရားသိရင် စိတ်ဆိုးလိမ့်မယ်"

သံအမတ်။ ။ "နားထောင်ဦးခင်ခင်ကြီး။ ဒီလိုမှ မင်း မကူညီရင် မင့်မောင်ကြီး ဒုက္ခရောက်မှာပေါ့။ မနေ့ကပဲ စာတစ်စောင်ရတယ်။ မင်း မောင်တော်ကို မသင်္ကာလို့ ဖမ်းထားပြီတဲ့။ မသင်္ကာရုံနဲ့ပဲ ဟံသာဝတီမှာ ဘယ်လိုလုပ်တယ်ဆိုတာ မင်းသိတယ်။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com



အခု မင်းက ငါ့ကို ကူညီရင် မင့်မောင်ကြီး လွတ်အောင် ငါ ဆက်ဆက်ကြီး ကြံမှာပေါ့” ဟု မျက်နှာခပ်တင်းတင်းနှင့် ပြောပြလေ၏။ ခင်ခင်ကြီးမှာ မောင်တော်ကို မယုံသင်္ကာလို့ ဖမ်းဆီးချုပ်နှောင်ထားသည်ဟု ကြားလိုက်ရလျှင်၊ ဘဝင်တွင် မီးတင်ရှို့သကဲ့သို့ အလွန်ပူပန်ခြင်း ဖြစ်ရလေ၏။

ထိုနောက်မှ “အမယ်လေး။ မောင်တော်ကို ဖမ်းထားပြီလား။ ကျွန်မ ဘယ့်နှယ် ကြံရပါ့မတုန်း။ ကျွန်မတို့မှာ ဒီမောင်နှမနှစ်ယောက်ရှိပါတော့တယ်။ ကယ်ပါဦး မင်းဘုရားကြီးရယ်။ မင်းဘုရားကြီး ကျေးဇူးကို ကျွန်မတို့ မမေ့ပါဘူး” ဟု အလွန်ပူပန်သောကကြီးစွာနှင့် ပြောပြလေ၏။ ထိုအခါ သံအမတ်သည် မိမိအကြံ အောင်တော့မည်ဟု အခြားသို့လှည့်၍ ပြုံးပြီးလျှင် “အခု ပြောပါပြီကော။ ကျုပ်က ခင်ခင်ကြီးတို့ မောင်နှမကို သနားလို့ ခင်ခင်ကြီးကို ကူညီပါ။ မောင်တော်ကို လွတ်ပါစေမယ်လို့ မပြောဘူးလား”

ခင်ခင်ကြီး ။ ။ “အို၊ ကျွန်မ ဘယ့်နှယ်လုပ် ရှာရမလဲ။ ကျွန်မလည်း ဒီအကြောင်းနဲ့စပ်လို့ ဘာမှ မသိပါဘူး”

သံအမတ် ။ ။ ပြောပြမယ်။ နားထောင်။ စစ်ကိုင်းမြို့စားဟာ ရွှေစားဗိုလ်တပည့် ဖြစ်တယ်။ ဒါကြောင့် မင်း ဒီအကောင်ကို တစ်မျိုး တမည်နဲ့ရအောင်ကြံရမယ်”

ခင်ခင်ကြီး ။ ။ “ကျွန်မ ကြိုးစားပါ့မယ်။ တကယ်လို့ ကြံမရရင် ဘယ့်နှယ်လုပ်မလဲ”

သံအမတ် ။ ။ “မရရင်တော့ မတတ်နိုင်ဘူး”

ခင်ခင်ကြီး။ ။ “မောင်တော်အတွက်ကော”

သံအမတ် ။ ။ “မရရင် မောင်တော် မလွတ်နိုင်ဘူးပေါ့။





ဒီဟာရမှလည်း ကျုပ် ကယ်နိုင်မယ်” ဟု ပြောလိုက်သဖြင့် ခင်ခင်ကြီးသည် အလွန် အပူကြီးရကား၊ စကားတစ်လုံးမျှ ပြန်မပြောနိုင်ခဲ့ဘဲ တဲတော်သို့ ပြန်ခဲ့လေ၏။

ထိုအချိန်တွင် နေဝင်၍ မိုးချုပ်ပြီဖြစ်ရာ၊ အထက်အာကာသ ကောင်းကင်၌ သော်တာလမင်းသည် ထိန်လင်းလျက် ရှိ၏။ ဘုရားထီးမှ ဆည်းလည်းသံ ... 

ထိုကဲ့သို့ လသာထဲတွင် မောင်တော်အတွက် ပူပန်လွမ်းဆွေးလျက် လျှောက်လာခဲ့ရာ၊ တဲအနီးသို့ ရောက်သောအခါ စစ်ကိုင်းမြို့စားနှင့် စလင်းမြို့စားတို့သည် တဲထဲ၌ ခေါင်းချင်းရိုက်၍ တီးတိုးစကားပြောနေသည်၍ကို ရုတ်တရက် မြင်ရလေ၏။ ခင်ခင်ကြီးလည်း တဲထဲသို့ မဝင်သေးဘဲ ကွယ်ရာမှ ချောင်းမြောင်းပုန်းအောင်း၍၊ ၎င်းတို့အကြံကို နားထောင်သော်လည်း တစ်စုံတစ်ခုမျှ မကြားရဘဲ ရှိလေ၏။

အတန်ကြာသောအခါ စလင်းမြို့စားသည် လက်ထဲ၌ ရှိသော ပေစာတိုကလေးကို ဖတ်ပြီးလျှင် မီးရှို့စ ပြုလေ၏။ ခင်ခင်ကြီးလည်း ရုတ်တရက် ပုန်းအောင်းနေရာမှ ထပြီးလျှင် တဲထဲသို့ ဝင်သွားရာ၊ စစ်ကိုင်းမြို့စား မြင်သဖြင့် ပေစာကလေးကို မီးမရှို့သေးဘဲ ခင်ခင်ကြီးဘက်သို့ လှည့်၍၊ “အလို ခင်ခင်ကြီးပါလား။ ဘုရားများ ရှိခိုးပြီးခဲ့ပြီလား”

ခင်ခင်ကြီး ။ ။ “ဟုတ်ကဲ့။ ပြီးခဲ့ပါပြီ။ အမျှ ရှင်၊ အမျှ”

စစ်ကိုင်းမြို့စား ။ ။ “သာဓု ခင်ဗျာ။ သာဓု၊ သာဓု”

ခင်ခင်ကြီး။ “ရှင်ကော ဘာများ လုပ်နေသလဲ။ နို့၊ ရှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက စာလေးက ဘာစာလဲ"

စစ်ကိုင်းမြို့စား။ ။ (မျက်နှာပျက်လျက်) "အို။ ဘာမှ မဟုတ်ပါဘူး"

ခင်ခင်ကြီး။ ။(ပြုံးလျက်) "ပြောသာပြောပါ။ မရှက်ပါနဲ့။ ဘယ်မင်းသမီးဆီကလဲ"

စစ်ကိုင်းမြို့စား။ ။ "အို။ ခင်ခင်ကြီးကလည်း ဘာတွေ လျှောက်မေးနေပြန်ပါလိမ့်မတုန်း။ ကျွန်တော် ဒီမင်းသမီးတွေ မမှန်းဝံ့ပါဘူး"

ခင်ခင်ကြီး။ ။ "အို။ မညာပါနဲ့။ ပြစမ်းပါ" ဆို၍ လက်ထဲက ပေစာကလေးကို ရုတ်တရက် ဆွဲယူလိုက်လေ၏။

စစ်ကိုင်းမြို့စားလည်း စာကို ပြန်၍ လုမည်အလုပ်တွင် ရေနံဆီမီးခွက်ကို ခိုက်မိသဖြင့် မှောက်ကျပြီးလျှင် မီးလောင်စ ပြုလေ၏။ ခင်ခင်ကြီးက "မီး မီး။ သတ်ပါ၊ သတ်ပါ" ဟု ဆိုသောအခါ စစ်ကိုင်း မြို့စားကြီးသည် ရေအိုးများကို ယူ၍ လောင်းလေ၏။ ထိုအတွင်းတွင် ခင်ခင်ကြီးသည် စာကလေးကို လရောင်တွင်ဖတ်ရာ တစ်ခြမ်းမှာ မီးလောင်ပြီးပြီ ဖြစ်သော်လည်း တစ်ခြမ်းတွင် "ဘုရားအင်္ဂါဒေါင့် ယခုည သုငယ်အိပ်ဆိတ် ရွှေစားဖိုလ်" ဟု ပါလာလေ၏။

ထိုနောက်မှ မီးငြိမ်း၍ ခင်ခင်ကြီးက "အမယ်လေး၊ ကံကောင်းလို့ တစ်တဲလုံး မကျွမ်းတယ်။ ဒီစာကလေးအတွက်နဲ့။ ရော့ ရှင့်စာ မဖတ်ချင်ပါဘူး" ဟုဆို၍ ပြန်ပေးလိုက်လေ၏။ "ဒါကြောင့် ခင်ခင်ကြီးကို မပြောဘူးလား" ဟု မဖတ်ရသေးဘူးထင်၍ ပေရွက်ကို မီးရှို့ပစ်ပြီးလျှင် ဘုရားကန်တော့ရန် တဲထဲမှ ထွက်သွားလေ၏။

စစ်ကိုင်းမြို့စား ထွက်သွားသောအခါ ခင်ခင်ကြီးသည်





လွှာခြုံတော် ကို ခေါင်းမြီးခြုံလျက် တဲထဲမှ ထွက်ခဲ့ပြီးလျှင် ဘုရားယင်ပြင်တော်တွင် သံအမတ်ကိုလိုက်၍ ရှာလေ၏။ မောင်တော်အတွက် ဖြစ်သဖြင့် မည်သည့်အခါမျှ တစ်ကိုယ်တည်းတည်း မသွားဘူးသော်လည်း ဘုရားကြားများထဲသို့ တစ်ယောက်တည်း ကြောက်စိတ်များ ပျောက်လျက် သွားရောက်ရှာဖွေလေ၏။ သုံးပတ်လောက်သွားမှ သံအမတ်ကို ဘုရားပြိုကလေးတစ်ခုအနီး၌ ထိုင်၍ ဝေးနေသည်ကို တွေ့ရလေ၏။

သံအမတ်သည် ခင်ခင်ကြီးကိုမြင်သောအခါ ထ၍ "အလို ခင်ခင်ပါလား။ ဘာများ အကြောင်းထူးသလဲ" ဆီး၍မေးသောအခါ ခင်ခင်ကြီးသည် အနီးသို့ကပ်၍ "ကျွန်မ ဒီကပြန်သွားတော့ စစ်ကိုင်းမြို့စားနဲ့ ဒီစလေမြို့စားတို့ တဲထဲမှာ စကားပြောနေကာတွေ့လို့ ရှောင်း ပြီးနားထောင်တယ်။ နို့ပေမယ်လို့ ဘာမှမကြားရဘူး။ အတန်ကြာလို့ စလေမြို့စား ထွက်သွားလို့ စစ်ကိုင်းမြို့စား တစ်ယောက်တည်းကျန်ရစ်တော့ ကျွန်မ တဲထဲကို ဝင်သွားတယ်။ သူ့လက်ထဲမှာ ပေစာကလေးတစ်ခုမြင်လို့ အတင်းလုပြီးဖတ်တော့ အထဲမှာ "ဘုရားအင်္ဂါထောင့် ယခုည သုငယ် အိမ်ဆိတ် ရွှေစားဖိုလ်လို့ ပါလာတယ်" ဟု အသက်ရှူမှားလျက် ပြောလေ၏။

သံအမတ်။ ။(သဘောကျသော မျက်နှာနှင့်) "တော်ပါပေတယ်။ တော်ပါပေတယ်။ ဒါကြောင့် ကျုပ်ခင်ခင်ကြီးကို အားကိုးပါရစေလို့ ပြောတာပေါ့။ ဘယ်-ခြောက်- မှတ်မိပြီ မှတ်မိပြီ။ အင်္ဂါထောင့်တဲ့။ ကိုင်းငါ ပြန်ပေတော့" ဟုဆို၍ ခင်ခင်ကြီးသည် အနည်းငယ် စိတ်သက်သာလျက် တဲသို့ ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် မောင်တော်အတွက် စိတ်ရတက်ပူပင်လှသော ကြောင့်၊ အလွန်လှပကြည်လင်သော မျက်နှာကလေးသည် နေထိသော ကြာဝဒုမ္မာ ကဲ့သို့ ညှိုးနွမ်းလျက် ရှိ၏။ ဘုရားဖူးလာသောသူတို့၏ ပျော်ရွှင်စွာ အော်ဟစ်သံ ဘုရားရင်ပြင်မှ ဘုရားရှိခိုးသံတို့ကို အလွန်ညီရက်စလေ၏။ ခေါင်းလောင်းသံ ဆွဲလည်းသံတို့ကို ကြားရ ပြန်သောအခါ၊ ယခင်ကထက်ပင် ဆိုး၏။ စိတ်ထဲ၌ကား၊ မောင်တော် အတွက်နှင့် ထွေရာလေးပါး ထင်မိထင်ရာတို့ကို တွေးမိ၏။ ထို့ကြောင့် ဘုရားပွဲတော်ကို ငြီးငွေ့လျက် တစ်ခါတည်း အိမ်တော်သို့ပြန်၍ ငြိမ်သက်စွာ နေလိုသောစိတ်သည် ပေါ်လာသဖြင့်၊ လက်ပါးစေ တစ်ယောက်ကို မောင်မောင်ကြီးအား ရှာဖွေရန် လွှတ်လိုက်လေ၏။

အတန်ကြာသောအခါ လက်ပါးစေသည် ပြန်လာ၍ မောင် တော်ဘုရား မောင်ကြီးကို အင်္ဂါထောင့်အတွင်းမှာ ရှိခိုးနေသည် ကိုတွေ့ရှိရ၍ မတင်လျှောက်စုံကြောင်းနှင့် လျှောက်ထားလေ၏။ "မင်းတုန်းမြို့စား မောင်ကြီးမှတစ်ပါး အခြားသူကို မတွေ့ဘူးလား" ဟုမေးရာ၊ "မြို့စားတစ်ဦးတည်းသာ မဟုတ်ဘဲ၊ ၎င်းနှင့် မနီးမဝေး တွင်လည်း သံအမတ်တစ်ဦးသည် ပန်းကပ်နေသည်ကို မြင်ခဲ့ရကြောင်း နှင့်" လျှောက်ထားလေ၏။ ခင်ခင်ကြီးသည် သံအမတ်သည် ရွှေခါးဝိုလ်ကို မတွေ့ခဲ့ရင် မောင်တော်အသက်အန္တရာယ်ဖြစ်မည်ကို လွန်စွာနိုးရိမ် ကြောင့်ကြသဖြင့် ဆက်ဆက်တွေ့ပါစေ ဟု စိတ်ထဲ၌ ဆုတောင်းနေလေ၏။

အတန်ကြာကာလ၊ မြို့စားမောင်မောင်ကြီးသည် တဲသို့ပြန်လာ သောအခါ ခင်ခင်ကြီး၏ ညှိုးနွမ်းသောမျက်နှာကို မြင်လျှင် "အဘယ်





ခင်ခင်၊ မင်းဘာဖြစ်လို့တုန်း နေမကောင်းဘူးလား"

ခင်ခင်ကြီး။ ။"ဘာမှ မဖြစ်ဘူး မောင်မောင်ရဲ့။ နေရှိန် ထိလို့ပါ"

မောင်မောင်ကြီး။ ။"အို။ ထီးတော် ဘယ်သူမှ မမိုးဘူး လား"

ခင်ခင်ကြီး။ ။"မိုးပါတယ်။ နို့ပေမယ့် ခင်ခင်က မမိုးနဲ့ဆိုလို့ ဝိတ်ထားပါတယ်"

မောင်မောင်ကြီး။ ။"တယ် အပြောရကြပ်တာကိုး ခင်ခင် ရဲ့။ မင့်ကိုယ်လည်း မင်းအသိသားနဲ့။ နေရှိန်ထဲမှာ အကာအကွယ်မရှိဘဲ သွားတာ။ ဒါတွေကြောင့် မောင်မောင် ဘယ်သွားသွား စိတ်မချနိုင်တာ။ မင်းကြည့်ရတာ မမာဘူး ထင်တယ်။

မောင်မောင်ကြီး။ ။"ဒီမှာ မပျော်ဘူးလား။ ပြန်ချင်ရင်လဲ ပြန်ကြစို့လေ" ဟုဆို၍ လှည်းသမားအား လှည်းယာဉ်တော် ပြင်ခိုင်းလေ၏။ အတန်ကြာလျှင် လှည်းယာဉ်လည်း ပြင်ဆင်ပြီးသဖြင့်၊ လှည်းသမား မမောင်ဘဲ၊ မောင်မောင်ကြီးကိုယ်တိုင် လှည်းကို မောင်းလျက် လမ်းမတစ်လျှောက်မှ အိမ်တော်သို့ ပြန်ခဲ့ကြလေ၏။

အိမ်တော်သို့ရောက်သောအခါ၌လည်း မောင်တော်အတွက် စိတ်ရတက်သည် မပျောက်ပျက်ဘဲ၊ တိုးတက်၍သာ လာလေ၏။ ထို့ကြောင့် ပူအိုက်လှသဖြင့် အိပ်မပျော်နိုင်သဖြင့် အိမ်ရှေ့ ပန်းခုံ တော်သို့ဆင်းကာ စိတ်လက်ပြေအေးစေရန် ခေတ္တ ထိုင်နေလေ၏။

ကောင်းကင် ဝေဟင်ခရီး၌၊ ယုန်စကြာငွေလမင်းသည် ထိမ် တိုက် မြူနိုး ကင်းရှင်းလျက် အသချေအနန္တသော ကြယ်အပေါင်း တို့အလယ်တွင် ကြည်လင်အေးမြစွာ သာ၍နေ၏။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော် လွန်ပြီးဖြစ်၍၊ အဝနေပြည်တော်ရှိ လူအပေါင်းတို့သည် အိပ်မော ကျကြ ပြီဖြစ်၏။ အဝေးမှ တစ်ရံတစ်ခါ ခွေးသံ ချွဲသံတို့နှင့် အိမ်ဦးရှိ စကားဝါ ပင်ထက်မှ ငှက်ငယ်ကလေးတို့၏ အော်သံမှတပါး၊ အခြား အရာတို့သည် ငြိမ်သက်တိတ်ဆိတ်လျက် ရှိကုန်၏။ ခင်ခင်ကြီး သည်လည်း ပန်းခုံတော်ပေါ်တွင် ထိုင်လျက် ငွေလမင်းကို မြင်လျှင်၊ မောင်တော်အား သာ၍ အလွမ်းတော် ပွားလေ၏။

အတန်ကြာသောအခါ၊ မောင်မောင်ကြီးသည် အိမ်ထဲမှ ထွက်လာ၍ ပန်းခုံတော်ပေါ်၌ ထိုင်ပြီးလျှင် "ခင်ခင်ရယ်၊ ဘယ် ထွက်သွားတာတုန်း။ ခင်ခင် အိပ်ပြီမှတ်လို့ မောင်မောင်အိပ်ပျော် သွားတယ်။ တစ်ရေးနိုးလို့ စမ်းကြည့်တော့ မတွေ့ဘူး။ ဒါနဲ့ စိုးရိမ် ပြီး လိုက်ရှာတယ်။ ခင်ခင် ဘာဖြစ်လို့ ထွက်လာတာလဲ။ လွှာခြုံတော် လည်း မရှိဘူး။ အအေးမိနေဦးမယ်" ဟု ဆို၍ သွား၍ ယူပြီးလျှင် "ခင်ခင် ကိုယ့်ကိုယ်ကို ဒုက္ခရှာတာ။ ဒီလို မလုပ်စမ်းပါနဲ့။ ရောဂါ တွေ ကပ်နေမယ်။ ခင့်ခင့် ယူသွားရမှာ ပင်ပန်းရင်၊ မောင်မောင့်ကို နှိုးပါလား" ဟု ပြောပြီးလျှင် ယုယစွာ လွှာခြုံတော်ကို ခြုံပေး လေ၏။ ခင်ခင်ကြီးလည်း "အို–ဒုက္ခရှာလို့ မောင်မောင့်တို့များ တယ် စိုးရိမ်တတ်တာကိုး" ဟု လရောင်အောက်တွင် မချိသော မျက်နှာကလေးနှင့် ပြုံးကာ မောင်မောင်ကြီး၏ မျက်နှာကို ကြည့်လျက် ပြောလေ၏။

မောင်မောင်ကြီးသည်' ကြင်ယာတော်၏ မသာယာသော မျက်နှာကို မြင်လျှင် "ခင်ခင် ဘာဖြစ်နေတာတုန်း၊ နေမကောင်းရင် လည်း နေမကောင်းဘူးလို့ ပြောပါ။ ခင်ခင့်အမူအရာတွေ အရင်





တုန်းကလို မဟုတ်ဘူး။ ဘာများ ထင်နေသလဲ။ ဖွင့်ပြောလိုက်စမ်းပါ။ မောင်မောင် စိတ်မကောင်းပါဘူး"

ခင်ခင်ကြီး ။ ။ "ဖွင့်ပြောပေတယ်လို့ မောင်မောင်ရယ် မထူးပါဘူး။ အခု ဟံသာဝတီမှာ မောင်ကြီးကို ဖမ်းထားတယ်တဲ့။ ဘယ်တော့ သတ်ပစ်မယ် မသိဘူး"

မောင်မောင်ကြီး ။ ။ "ခင့်ကို ဘယ်သူပြောသလဲ"

ခင်ခင်ကြီး ။ ။ "သံအမတ်ကြီး ပြောတယ်" ဟု ပြန် ပြောလျှင်၊ မောင်မောင်ကြီးသည် "အို" ဟု ဆို၍ တခြားဘက်သို့ မျက်နှာလှည့်သွားလေ၏။ ထိုနောက်မှ "ခင်ခင့်မောင်တော်က ဟံသာဝတီမှာ ဒီလို သောင်းကျန်းနေတာ အသိသားနဲ့ သွားတာကိုး"

ခင်ခင်ကြီး ။ ။ "အို၊ မောင်ကြီးကို ရှင်က အပြစ်တင်သလား" ဟု စိတ်ဆိုးသော မျက်နှာထားနှင့် ပြန်မေးရာ မောင်မောင်ကြီးက "ခင်ခင့်မောင်ကို ဘယ်သူက အပြစ်တင်လို့ လဲ။ အကြောင်းလောက် သော ပြောပြတာပါ။ ခင်ခင့်က ဒီလောက်တောင်ပဲ ချစ်သလား"

ခင်ခင်ကြီး ။ ။ "မောင်မောင် သိပါတယ်" ဟု ဆို၍ စကား ဆက်လက်မပြောဘဲ လ, ကို မော်ကြည့်လျက် နေလေ၏။ အတန်ကြာ သောအခါ "ကိုင်း၊ ခင်ခင်။ အချိန် မရှိဘူး။ အိပ်ပျက် နေလိမ့်မယ်။ ထပါ" ဟု ဆို၍ ခင်ခင်ကြီးသည် ထလိုက်သွားလေ၏။

ငင်းညတွင် မောင်တော်အား မောင်ကြီးအတွက် ကြံဖန်ရန် ပြောလိုငြားသော်လည်း မောင်မောင်ကြီးသည် စကားတစ်လုံးမျှ မပြောဘဲ နေရလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ နံနက်စာ စားတော် ခေါ်ပြီးလျှင် မောင်မောင်ကြီးသည် ပျောက်သွားလေ၏။ တစ်နေ့လုံး



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းကဲ့သို့ မပေါ်လာသောကြောင့် ခင်ခင်ကြီးသည် မည်သည့်အကြောင်းကြောင့် မည်သည့်နေရာကို သွားနေသည် မသိ။ ညက မောင်တော်အတွက်နှင့် ပြောမိသောကြောင့်၊ စိတ် တစ်မျိုးတစ်မည် ထင်မည်ကိုလည်း စိုးရိမ်ကြောင့်ကျ လေ၏။ မိမိအား မောင်တော်အတွက်နှင့် အားပေးစကား မပြော။ တစိုးတစိမျှ မဆိုင်သော သူစိမ်းကဲ့သို့ နေသောကြောင့်လည်း အလွန်စိတ်နာလေ၏။

ညနေတိုင်ရောက်၍ စားတော်ခေါ်ပြီးလျှင် ပန်းခုံတော်ပေါ်တွင် ထိုင်နေမှ ပေါ်လာ၍၊ ခင်ခင်ကြီးရှိရာ ပန်းခုံတော်ပေါ်သို့ လာ၏။ အနီးသို့ ရောက်သောအခါ ခင်ခင်ကြီးက ဆီး၍

"မောင်မောင်၊ တစ်နေ့လုံး ဘယ်သွားနေသလဲ"

မောင်မောင်ကြီး ။ ။ "လှေဆိပ်မှာ လှေပြင်နေတယ်"

ခင်ခင်ကြီး ။ ။ "ဘယ်သွားမလို့တုန်း"

မောင်မောင်ကြီး ။ "ဟံသာဝတီကိုလေ" ဟုဆိုသောအခါ ခင်ခင်ကြီးသည် များစွာ ထိတ်လန့်လျက် "ဟံသာဝတီကို ဘာလုပ်လဲ"

မောင်မောင်ကြီး ။ ။ "ခင်ခင့်မောင် အတွက်ပေါ့။ မောင်သွားပြီး ကယ်ခဲ့ပါမယ်။ မောင်တော်အတွက် စိတ်သာချပါတော့။ ရက်အနည်းငယ်အတွင်းမှာ ပြန်ခဲ့ပါမယ်"

ခင်ခင်ကြီး ။ ။ "ဟံသာဝတီမှာ ဘာဖြစ်နေတယ်ဆိုတာ သိရဲ့လား၊ ရှင်ပါ ဒုက္ခရောက်နေပါ့မယ်။ ခင်ခင် အင်မတန် စိုးရိမ်တယ်"

မောင်မောင်ကြီး ။ ။ "အို၊ စိတ်သာချပါ။ မရ ရအောင် ယူဆောင်ခဲ့ပါ့မယ်။ မောင်မောင်လည်း ဒီဟံသာဝတီလောက်တော့ အစွမ်းရှိပါတယ်။ ကိုင်း သွားဦးမယ်။ ခင်ခင့်ကိုယ်ကို သတိထားနေဦး။





နေရှိန်တွေ မထိစေနဲ့။ ခေါင်းကိုက်နေမယ်။ ဘာမှ မစိုးရိမ်နဲ့။ အိမ်တော် အဆောင်ကိုင်သားတွေကို မှာပစ်ခဲ့မယ်"

ခင်ခင်ကြီး ။ ။ "အခုပဲ သွားတော့မလို့လား"

မောင်မောင်ကြီး ။ ။ "အခုပဲ သွားမှပဲ၊ နို့မဟုတ်ရင် အချိန်လွန်နေမယ်။ ဟံသာဝတီမှာ ရက်မဈေးဘူး။ လှေတွေလည်း အဆင်သင့်ကုန်ပြီ။"

ခင်ခင်ကြီး ။ ။ "ခင်ခင် လှေဆိပ်ကို လိုက်ပို့လိုက်မယ်"

မောင်မောင်ကြီး ။ ။ "အို ဒုက္ခတွေ မရှာစမ်းပါနဲ့။ ငြိမ်ငြိမ် နေရစ်ပါ။ ကိုင်း သွားဦးမယ် ခင်ခင်" ဟု ဆို၍ အိမ်ပေါ်မှ ဆောတ် တော်ပါး နှစ်ယောက်နှင့် ဆင်းသွားလေ၏။

ခင်ခင်ကြီးသည် မောင်တော်ကို ကယ်ဆယ်ရန် မောင်မောင်ကြီး သွားသည်ကို 'မောင်တော်ဖြင့် အသက်ဘေးမှ လွတ်တော့မည်' ဟု စဉ်းစားပြီး၍ စိတ်နှလုံး ကြည်အေးချမ်းမြလေ၏။ သို့သော်လည်း မောင်မောင်ကြီးသည် အလွန်တရာ အန္တရာယ်များသော ဟံသာ ဝတီကို သွားကြောင်း စဉ်းစားမိပြန်သောအခါ များစွာ ပူပင်ကြောင့်ကျ ဖြစ်မိလေ၏။

မောင်မောင်ကြီးသွား၍ နောက်တစ်နေ့သို့ ရောက်သောအခါ ဟံသာဝတီ အိမ်ရှေ့ ဥပရာဇာ၏ နှမတော် စောမယ်သည် နေအိမ်သို့ ရောက်လာလေ၏။ နှမတော် ခင်စောမယ်သည် အသက်တော် ဘုံ နှစ်ခန့် မျှသာ ရှိသေး၍ ငယ်စဉ်အခါက ဟံသာဝတီတွင် ခင်ခင်ကြီး နှင့် ကစားဖော်ဖြစ်၍ တစ်ယောက်ကိုတစ်ယောက် အလွန် ခင်မင် ကြ၏။ ရုပ်သဏ္ဌာန်မှာ ခင်ခင်ကြီးကဲ့သို့ပင် လှပ၏။ သို့သော်လည်း ခင်ခင်ကြီးမှာကဲ့သို့ လှပ၍ ဖော့ရိုးကဲ့သို့သော လည်တိုင် မရှိချေ



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးသည် နမတော် ခင်စောမယ်အား မိမိညီမကလေး အရင်း အချာကဲ့သို့၊ ငယ်စဉ်ကပင် ချစ်ခင်၏။ သို့ကြောင့် ချစ်ခင်ယုယစွာ ကျွေးမွေးစောင့်ရှောက်ခဲ့ပြီးလျှင်၊ ငယ်စဉ်အခါက အကြောင်းအရာတို့ကို ပြန်ပြောင်း ပြောနေကြလေ၏။ ထိုနောက် ခင်ခင်ကြီးက "ခင်စောမယ်၊ ဟံသာဝတီမင်းသားနဲ့ အင်းဝမင်းသား၊ ဘယ်သူက ချောသလဲ" ဟု ရယ်လျက် မေးလေ၏။

ခင်စောမယ် ။ ။ "အရို့ ကြိုကြိုဖန်ဖန်။ မမကြီး စိတ်ထဲ ကကော ဘယ်သူချောလဲ"

ခင်ခင်ကြီး။ ။ "အို၊ မမကြီးစိတ်က အင်းဝသားက သာပြီး ချောတယ်ထင်လို့ အင်းဝသားကို ယူထားတာပေါ့။ မမကြီး လင်က မချောဘူးလား"

ခင်စောမယ် ။ ။ "ချောတယ်။ ဝတ်ပုံစားပုံလည်း အင်မတန် ယဉ်တယ်"

ခင်ခင်ကြီး ။ ။ "စစ်ကိုင်းမြို့စားကော မချောဘူးလား။ အသက်ငယ်ငယ်ကလေး ရှိသေးတယ်။ လုံ့လုပန်းကလည်း အင်မတန် ချောတယ်။ မမကြီးလင်နဲ့ ဆွေမျိုးတော်တယ်"

ခင်စောမယ် ။ ။ "စစ်ကိုင်းမြို့စား ချောတာ ဘာဖြစ်သလည်း။ ကျွန်မတို့နဲ့ မဆိုင်ပါဘူး"

ခင်ခင်ကြီး ။ ။ "ဘယ်သူက မဆိုင်ဘူး ဆိုင်တယ် ပြောလို့လည်း။ စစ်ကိုင်းမြို့စားက ညည်းကို အင်မတန်ကြည့်တယ်"

ခင်စောမယ် ။ ။ "အရို့၊ ရှက်စရာကြီး မမကြီးရယ်၊ မပြောပါနဲ့"

ခင်ခင်ကြီး ။ ။ "သော်။ ဒီဟာထက် မစောမယ်။





မောင်တော် အကြောင်း သတင်းကြားပြီလား" ဟု ဆိုသောအခါ၊ ခင်စောမယ်ကလေးမှာ မျက်နှာအိုလျက် " သူတို့ ဖမ်းချုပ်ထားတယ်။ အကိုကြီးအတွက် စဉ်းစားရင် အင်မတန် စိတ်ပူတယ်။ နိုပေမယ်လို့ မြတ်လေး ရွှေဘားဖိုလ် သွားပြီ။ ကိစ္စမရှိဘူး"

ခင်ခင်ကြီး ။ ။ "ဘယ်တုန်းက သွားသလဲ"

ခင်စောမယ် ။ ။ "မနေ့ညနေက သွားတယ်လို့ ပြောတာပဲ"

ခင်ခင်ကြီး ။ ။ "မြတ်လေးရွှေဘားဖိုလ်ဆိုတာ ညည်း သိသလား"

ခင်စောမယ်။ ။ "မြတ်လေး ရွှေဘားဖိုလ်ဆိုတာ ကျွန်မတို့ကို ကယ်တဲ့လူပေါ့။ နိုပေမယ့် သူ့ကို တစ်ခါမှ မမြင်ဖူးဘူး" ဟု ပြော သောအခါ ခင်ခင်ကြီး၏ ရင်တွင် တုနှင့် ထုလိုက်သကဲ့သို့ ဒိန်းခနဲ ဖြစ်ပြီးလျှင်၊ မျက်နှာများ ညိုပုပ်လာလေ၏။

မိမိ၏ လင်ယောကျ်ားဖြစ်သော မင်းတုန်းမောင်မောင်ကြီးသည် မနေ့ကညနေ ဟံသာဝတီကို သွားသည်။ ယခုလည်း ဟံသာဝတီကို ရွှေဘားဖိုလ် သွားသည်ဟု ပြောလာ၏။ မြတ်လေးရွှေဘားဖိုလ် အမည်တွင်သူ လူတို့ ချီးမွမ်းအံ့ဩ၍ မကုန်နိုင်သော လူစွမ်းကောင်း သည် အခြားမဟုတ်၊ မိမိ၏ခင်ပွန်း မင်းတုန်းမောင်မောင်ကြီးပင် ဖြစ်သည်ဟု တပ်အပ်သေချာ သိရလေ၏။ မင်းတုန်းမောင်မောင်ကြီး သည် မိမိချီးမွမ်းရာ စစ်ကိုင်း စလေမြို့စားတို့၏ ဆရာ၊ ဟံသာဝတီသား တို့အား ဉာဏ်သာသည် ထင်သည့်အတိုင်း သူရဲဘောနည်းသူ ဉာဏ်ပညာ နည်းပါးသူ မဟုတ်။ လူ့အပေါင်းတို့၏ ယောကျ်ား အာစာနည်း လူစွမ်းကောင်း မြတ်လေးရွှေဘားဖိုလ် ဖြစ်၍၊ အလွန် ဝမ်းသာစိတ်နှင့် မာနတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိမိသည် မသိသဖြင့် မိမိအသက်တမျှ ချစ်ခင်သော လင်ယောကျ်ား၏ ဖျက်စီးကြောင်းကို မောင်တစ်ပါးအတွက်နှင့် ရန်သူဖြစ်သော ဟံသာဝတီသားတို့အား ရှာကြံပေးမိလေသည်များကို စဉ်းစားမိသောအခါ၊ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်၊ မကျည်းသီးနှင့် ထန်းလျက်ကို ရောချွဲစားသကဲ့သို့ ပူတစ်ခါ အေးတစ်လှည့်၊ ချိုမည်တစ်သွယ် ချဉ်ဘွယ်တခြားတို့ကို စားသကဲ့သို့ စိတ်ဒုက္ခဖြစ်ရလေ၏။

ငယ်ချစ်လင် မောင်မောင်ကြီးသည် ဝိုင်းဝန်းနေသော ဟံသာဝတီတို့၏ ဘေးအန္တရာယ်ကို မသိဘဲ၊ မိမိ ပူဆာမိသည့်အတွက် ယောက်ဖတော် အသက်ကြောင့်၊ မိမိအသက်ကိုမျှ ငဲ့ကွက်ခြင်း မရှိ။ ဗရုတ်ဗရက်ဖြစ်နေသော ဟံသာဝတီသို့ သွားလေပြီ။ ထိုအခါတွင် တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော မေတ္တာစိတ်သည် ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ္တာတို့ကို ဖုံးလွှမ်း ဖိစီးရကား မောင်တော်အတွက် စိတ်ရတက်တို့သည် ပျောက်ပျက်ပြီးလျှင်၊ ကြင်ဘက်တော် မောင်မောင်ကြီး၏ အတွက်သာ စိတ်ထဲ၌ ဗလောင်ဆန်အောင် ပူပင်၍နေလေ၏။ သို့သော်လည်း မြတ်လေးရွှေဘားဗိုလ်သည် ဟံသာဝတီသားတို့အား ကြောက်လန့်ခြင်း မရှိ။ ဟံသာဝတီတို့ထက် အဆ အရာ အထောင်အသောင်းမက ဉာဏ်သာ၏။ ဟံသာဝတီသားတို့လက်မှ အခါပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း၊ ယခုအခါ၌မူကား ဟံသာဝတီသားတို့သည် ရှစ်မျက်နှာဝိုင်း၍၊ ငါးကို ပိုက်ကွန်နှင့် အုပ်သကဲ့သို့ မလွတ်နိုင်အောင် ဖမ်းဆီးတော့မည်။ မောင်မောင်ကြီးသည် ကပ်လာသည့် ဘေးကို မသိသဖြင့် ရုတ်တရက် အမှတ်မဲ့ အဖမ်းခံရလတ္တံ့။ အကယ်၍သာ





ဟံသာဝတီသားတို့၏ အကြံကိုသာ မောင်မောင်ကြီး သိခဲ့ပါမူ ဟံသာဝတီသားလောက်ဖြင့် စိုးကြောက်ဖို့ရာ မရှိချေ။ အဘယ်သို့ မောင်မောင်ကြီးကို သိအောင် ပြောရပါမည်နည်း။ ဤသို့သော အကြံတို့သည် ခင်ခင်ကြီး၏ စိတ်ထဲတွင် မဆုံသာအောင် ရှိ၏။

ထိုနောက်မှ လှည်းယာဉ်တော်ကို အပြင်ခိုင်းပြီးလျှင် စစ်ကိုင်းမြို့စား၏ အိမ်တော်သို့ သွားလေ၏။ လမ်းတွင်ရောက်မှ လွှာခြုံတော်လည်း မပါ၊ နံ့သာမျှ မသလဲ့ရသည့်အဖြစ်ကို သိရလေ၏။

စစ်ကိုင်းမြို့စားသည် ခင်ခင်ကြီး၏ အမူအရာကို မြင်ရသောအခါ၊ များစွာထိတ်လန့်လျက် "လွှာခြုံတော်မှ မယူခဲ့နိုင်ပါကလား။ ဘာကိစ္စ များတုန်း" ဟု ဆီးကြို၍ မေးလေ၏။

ထိုအခါ ခင်ခင်ကြီးက "မောင်မောင့်အတွက်ပေါ့။ ရှင်တို့ မောင်မောင့်အကြောင်းတို့ ထိန်ဝှက်ထားတယ်။ အခုမှ ရွှေဘားဗိုလ် ဖြစ်မှန်းကို သိတယ်" ဟု ပြောသောအခါ၊ စစ်ကိုင်းမြို့စားမှာ ရုတ်တရက် ထိတ်လန့်အံ့သြလျက်ရှိလေ၏။

စစ်ကိုင်းမြို့စား။ ။ "ခင်ခင်ကြီးကို ဒီအကြောင်း ဘယ်သူပြောသလဲ"

ခင်ခင်ကြီး။ ။ "ဘယ်သူပြောပြော၊ ရှင်နဲ့ မဆိုင်ပါဘူး။ တကယ်ဆိုရင် ကျွန်မကို ဒီအကြောင်း ပြောဖို့သင့်ပါတယ်။ အခုတော့ ဒုက္ခရောက်ကုန်ကြပြီ"

စစ်ကိုင်းမြို့စား။ ။ "အို၊ ဘာ ဒုက္ခရောက်စရာရှိသလဲ၊ ကျုပ်တို့ ဆရာက ဟံသာဝတီသားလောက်များဖြင့် အလကားရှည်းထင်တယ်"

ခင်ခင်ကြီး။ ။ "ရှင် မသိပါဘူး။ တဆိတ် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်စမ်းပါဦး။ အရင်တုန်းကတော့ နာမည်သာသိပြီး မည်သူမည်ဝါဆိုတာ မသိလို့ မဖမ်းနိုင်ကြတာ။ အခုတော့ သိသွားပြီ။ ဒီတစ်ခါတော့ လွတ်မှာ မဟုတ်ဘူး။ ဘယ့်နှယ် ကြံမလဲ"

စစ်ကိုင်းမြို့စား ။ ။ "ဒီအကြောင်းကို သူ သိသွားသလား"

ခင်ခင်ကြီး ။ ။ "သိ မသွားဘူးရှင့်။ တကယ်လို့သာ သူ့ကို ဒီလိုဝိုင်းကြံနေကြတယ်ဆိုတာ သိသွားရင် ကိစ္စမရှိဘူး။ အခုတော့ ရုတ်တရက် မသိဘဲနဲ့ အလစ်မှာ ဖမ်းကြလိမ့်မယ်"

စစ်ကိုင်းမြို့စား။ ။ "အင်း။ ဒီလိုဖြင့် ခက်တယ်"

ခင်ခင်ကြီး ။ ။ "အို။ ရှင်တို့ဆရာ ဒီလိုဒုက္ခရောက်နေတာကို မကယ်တော့ဘူးလား"

စစ်ကိုင်းမြို့စား ။ ။ "နို့ပေမယ့် သူက ဘယ်သူမှ လိုက်မလာရဘူးလို့ အမိန့်ချထားတယ်။ သူ့အမိန့်ကို မဖီဆန်ဝံ့ဘူး"

ခင်ခင်ကြီး ။ ။ "အခု ကျွန်မ ဟံသာဝတီကို လိုက်သွားမလို့။ ရှင်လည်းလိုက်ခဲ့ရမယ်။ လင်နဲ့မယား အတူတူပဲ။ အခု ကျွန်မအမိန့်နဲ့ ရှင် လိုက်ခဲ့ရမယ်"

စစ်ကိုင်းမြို့စား ။ ။ "ခင်ခင်ကြီးက လိုက်ခဲ့စေချင်လို့ အမိန့်ရှိရင်လည်း လိုက်ခဲ့ပါ့မယ်" ဟု ဆိုသဖြင့်၊ ၎င်းညနေပင် လှေကြီးနှစ်စင်းနှင့် ဟံသာဝတီသို့ ရေဝတီမြစ်ကြောင်းဖြင့် စုန်ကြလေ၏။

ဤကဲ့သို့ မရပ်မနားဘဲ အပြင်းစုန်၍ လာခဲ့ကြရာ၊ ရက်ပေါင်း အနည်းငယ်အတွင်းတွင် တစ်နေ့သောနေ့၏ မှောင်စအချိန်တွင် ဟံသာဝတီမြို့ကြီးအနီးသို့ ဆိုက်ကပ်ကြလေ၏။

လှေများကို ကောင်းစွာ ဆိုက်ကပ်ပြီးသောအခါ စစ်ကိုင်း





မြို့စားက "ခင်ခင်ကြီး၊ အိမ်ရှေ့မင်းကို ကယ်ဖို့ ချိန်းရက်က အခုနေ့ ညဖြစ်တယ်။ ကျုပ်တို့ ညတွင်းချင်းရောက်လာတာက ကောင်းတယ်။ ကျွန်တော်တို့ စည်းဝေးရာအရပ်မှာ သူ့ကို တွေ့မလား မသိဘူး။ ကျွန်တော် သွားပြီး စုံစမ်းချေဦးမယ်" ဟု ပြောသောအခါ၊ ခင်ခင်ကြီးက သူပါ လိုက်လိုကြောင်းနှင့် ပြော၏။ မလိုက်ရန် အဖန်ဖန်တားသော်လည်း၊ မိမိတို့၏ ရှိသေကိုင်းညွှတ်ရာ ဆရာကတော် ဖြစ်၍ အမိန့်ကို မဖီဆန်ဝံ့သဖြင့် ခေါ်သွားရလေ၏။

မြို့တံခါးကို ပိတ်နှင့်ပြီဖြစ်သဖြင့်၊ မြို့ကို လှည့်၍ ရွှေမော်ဓော စေတီကြီးသို့ သွားရလေ၏။ ကုန်းတော်ပေါ်သို့ ရောက်သောအခါ၊ လူ တစ်စုံတစ်ယောက်မျှ မတွေ့သဖြင့်၊ စစ်ကိုင်းမြို့စားက "ဒီမှာတော့ မရှိဘူး။ မြို့ထဲမှ ရှိလိမ့်မယ်။ ကျွန်တော် မြို့ထဲကို ဝင်ပြီး စုံစမ်းချေဦးမယ်။ ခင်ခင်ကြီးက ဒီမှာစောင့်နေ။ ဒီကို သူတစ်ယောက် တည်းလာရင် ထွက်ပြီး အကျိုးအကြောင်း ပြောပြ။ ဒီပြင်လူ ပါလာရင် မပြောနဲ့။ ဘာမှ မကြောက်ပါနဲ့။ ကျွန်တော် ခဏကလေးပဲ သွားပါ့မယ်။ သန်းခေါင်ကြက်တွန်ရင် ပြန်လာခဲ့ပါမယ်" ဟု ဆိုပြီးလျှင် မိမိတို့အသင်း ပုန်းနေကြဖြစ်သော ဘုရားပြိုတစ်ခု လိုဏ်ခေါင်းထဲသို့ သွားထားခဲ့ပြီးလျှင် ထွက်သွားလေ၏။

ခင်ခင်ကြီးသည် အရင်က အံလွန်ကြောက်တတ်ခဲ့သော်လည်း၊ ယခုအခါ လင်ကို ကယ်ချင်သော စိတ်က ကြီးလှသဖြင့် အကြောက်တို့သည် အားလုံး ပျောက်ကုန်၏။ လိုဏ်ခေါင်းမှာ ဘုရားဘက်သို့ လှည့်နေသဖြင့် ကုန်းတော်ရင်ပြင်တစ်ခုလုံးကို ကောင်းစွာ မြင်ရလေ၏။ အထက်အာကာသ၌ မြူတိမ်ခြေ ကင်းရှင်းလျက်၊ ငွေလမင်းသည် ထိန်လင်းစွာ သာနေသဖြင့် ရင်ပြင်တော်နှင့် ဘုရားအတိ



www.burmeseclassic.com

www.burmeseclassic.com



မွမ်းမံထားသော ရွှေမော်ဓော စေတီကြီးကို ကောင်းစွာ မြင်နိုင်လေ၏။ အရပ်လေးမျက်နှာမှ လေရူးတိုက်သဖြင့် တောင်တော်ပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်ဝါးပင်ကလေးတို့မှာ တလှုပ်လှုပ် တရှားရှား ဖြစ်နေ၏။ ဘုရားအထက် ထီးတော်မှ ညောင်ရွက်တို့ကို လေသက်သဖြင့် တသွင်သွင်အသံတို့ကိုလည်း ကောင်းစွာ ကြားရ၏။ တစ်ခါတစ်ခါလည်း ဖိုးလမင်း၏မျက်နှာပြင်ပေါ်သို့ တိမ်တိုက်ကလေးများ ဖြတ်သန်းသွားသဖြင့် မှောင်လာ၏။ တိမ်တိုက်ကို ကျော်လွှား၍ နောက်တစ်ဖန် လင်းလာပြန်သောအခါ ဘုရားတစ်ဖက် ရင်ပြင်ပေါ်၌ ဖြူဖြူဖွေးဖွေးကြီးကိုမြင်ရ၍ တစ္ဆေသရဲ မှတ်သဖြင့် ခင်ခင်ကြီးသည် များစွာ ထိတ်လန့်လေ၏။ ထိုနောက် သေချာစွာကြည့်မှ ထုံးသုတ်ထားသော အုတ်တိုင်ဖြစ်ကြောင်း သိရ၏။

တစ်ဖက်၌ကား နန်းတော်၊ စေတီတော်၊ မြို့ရိုး၊ မြို့တာ၊ ပစွင်၊ ရင်တား၊ တံခါး၊ ကျုံး၊ မြောင်း တည်းဟူသော မြို့ကြီးတို့ လိုအပ်သော အင်္ဂါအပေါင်းတို့ဖြင့် ပြည့်စုံသော ဟံသာဝတီမြို့ကြီးသည် လရောင် အောက်တွင် မှိုင်းမှိုင်းညိုညိုရှိနေသည်ကိုလည်း မြင်ရ၏။

ထိုကဲ့သို့ ခင်ခင်ကြီးသည် တစ်ယောက်တည်း တထိတ်ထိတ်နှင့် ဂူထဲတွင် ပုန်းအောင်းနေရာ အတန်ကြာကာလ ခြေသံ အမြောက်အများ တို့ကို ဘုရားရင်ပြင်တော်၌ ကြားရလေ၏။ အတန်ကြာသောအခါ ခင်ခင်ကြီး ပုန်းအောင်းနေသော ထောင့်သို့ လူတစ်စုတို့သည်





လာသည်ကို မြင်ရလေ၏။ ထိုသူတို့သည် ခင်ခင်ကြီး၏ အနီးသို့ ရောက်သောအခါ ရပ်တန့်ကြလေ၏။

အနီးသို့ ရောက်သောအခါ ခင်ခင်ကြီးသည် ရှေ့ဆုံးက လျှောက်လာသော လူနှစ်ယောက်တွင် တစ်ယောက်ကား သံအမတ် ဖြစ်၍၊ အခြားတစ်ယောက်ကား တပ်မှူးစောညားဖြစ်ကြောင်း၊ ကျန်လူ တို့မှာ ဟံသာဝတီမှ ရဲဘော်များ ဖြစ်ကြောင်းကို သေချာစွာ သိရ လေ၏။ ၎င်းတို့ ပြောဆိုတိုင်ပင်သော စကားတို့ကိုလည်း ကောင်းမွန် သေချာစွာ ကြားရသည်မှာ-

သံအမတ် ။ ။ "မင်း လူစုံအောင် လွှတ်လိုက်ပြီလား"

တပ်မှူး ။ ။ "မှန်ပါ၊ အမိန့်တော်အတိုင်း မြို့တွင်းမြို့ပြင်မှာ တပ်နှစ်ဆာပ်၊ မြစ်ဆိပ်မှာ တစ်တပ်၊ မြို့ဦး လမ်းနှစ်ဖက်မှာ နှစ်တပ်၊ အစောင့်အကြပ်ထားပါတယ်"

သံအမတ် ။ ။ "ကောင်းပြီ။ ရွှေစားဗိုလ်ဟာ မြို့အနောက် ငါးရတွင်းလောက်မှာ ရှိတဲ့ ငဖိုးကျောက်တဲမှာ အိမ်ရှေ့မင်းများနဲ့ သန်းခေါင်ကျော် ကြက်အတွန်မှာ ချိန်းထားတယ်။ အဲဒီကို ငါ သွားရမယ်။ အဲဒီကို တပ် သုံးတပ်လောက် လွှတ်ပြီး၊ တောတွင်းက ငါ့အမိန့် မရမချင်း စောင့်နေရမယ်။ ရွှေစားဗိုလ်လာတာ မြင်ပေ မယ်လို့ ရုတ်တရက် မဖမ်းနဲ့ဦး၊ အရှင်လတ်လတ် လိုချင်တယ်။ ကိုင်း၊ မင်းတို့ သွားပြီး တပ်သားတွေကို မြန်မြန်လွှတ်လိုက်။ မလစ်လပ်စေနဲ့" ဟု ဆို၍ တပ်မှူးစောညားသည် နောက်ပါ အခြွေအရံများနှင့် ဘုရား ကုန်းတော်ပေါ်မှ ဆင်းသွားလေ၏။ သံ အမတ်လည်း တစ်ယောက်တည်း ဘုရားရှိခိုးလျက် ကျန်ရစ်ခဲ့လေ၏။

ခင်ခင်ကြီးသည် ၎င်းတပ်သားများ အလျှင်၊ ယခင်ပြောသော



www.burmeseclassic.com

www.burmeseclassic.com



ထဲကလေးသို့ သွား၍ မောင်မောင်ကြီးအား ပြောချင်ခြားသော်လည်း၊ ညောင်သည့်နေရာတွင် ထိုတဲ ရှိသည်ကို သေချာစွာ မသိ၍လည်းကောင်း။ သံအမတ်လည်း လိုဏ်ခေါင်းအနီးတွင် ရှိ၍ ထွက်သွားလျှင် မြင်မည် စိုးရိမ်သည်ကြောင့် မသွားဝံ့ဘဲ နေရလေ၏။ စစ်ကိုင်းမြို့စားသည် မြို့ထဲတွင် ရွှေဓားဗိုလ်အား သန်းခေါင်ကြက်မတွန်မီ တွေ့မှ တွေ့ပါ့ မလား ဟု စဉ်းစား၍ စိုးရိမ်မိ၏။

အတန်ကြာသောအခါ အဝေးမှ 'လတာပေါင်း၊ ခပေါင်းရယ်တို့ မှည့်ချိန်တန်' ဟု အသံဝါကြီးနှင့် ကျည်လောင်စွာ ရှည်စွာ ဆွဲ၍ ဆိုလာသည်ကို ကြားရလေ၏။ ခင်ခင်ကြီးသည် တေးသံကို ကြားလျှင် ကြားချင်း မြတ်လေးရွှေဓားဗိုလ် အမည်တွင်သော မိမိလင် မောင်မောင် ကြီး၏ အသံနှင့် သူဆိုနေကျ သီချင်းဖြစ်ကြောင်းကို သိရလေ၏။ သို့သော်လည်း မည်သည့်အရပ်က သီချင်းသံလာသည်ကို မသိ ဖြစ်လေ၏။

ထိုနောက် အတန်ကြာသောအခါ ရင်ပြင်တော်တစ်ဖက်မှ လူတစ်ယောက်သည် ပေါ်လာလေ၏။ ထိုလူကို မြင်သောအခါ သံအမတ်သည် ဘုရားရှိခိုးရာက ထ၍ ရတ်တရက် ဓားအိမ်မှ ဓားကို ဆွဲနုတ်လေ၏။ ထို့နောက် ထိုသူအနီးသို့ ကပ်လာသည်ကို မြင်မှ ပြန်သွင်းပြီးလျှင် ကိုယ်ရှိန်သတ်၍ နေလေ၏။

ထိုသူမှာ အလွန်ပါးလွှာသော ထိုင်မသိမ်းအင်္ကျီကို ဝတ်လျက် ကြိုးကြီးချိပ်အနီစင်းကို ခေါင်းတောင်းကျိုက်ပြီးလျှင် အလွန်လှပသော ကြောင်မြီးကြီးသည် လေပြည်ခပ်သဖြင့် တလျှပ်လျှပ်နေ၏။ ခေါင်းတွင် ရွှေကျင်ခတ်ပဝါကို ခပ်လျော့လျော့ပေါင်းလျက် သျှောင်ကြီးသည်ကား ခေါင်းတစ်ဖက်နားတွင် ဝဲလျက် ရှိ၏။ လက်တစ်ဖက်တွင် လရောင်





ခတ်သဖြင့် တဖျတ်ဖျတ်တောက်နေသော ကျောက်စီဓားကြီးကို မခိုးတွင် ထမ်းလျက် ရှိ၏။ ဤကဲ့သို့သော ဝတ်စားပုံမှာ ယခုကာလ စာတ်မင်းသားကြီးများ ဝတ်ဆင်ကြပုံနှင့် ခပ်ဆင်ဆင်ပင် ဖြစ်ကောင်း ရှာသည်ဟု တွေးထားကြရလိမ့်မည်။

အဝေးကပင် ရွှေဓားဗိုလ်မောင်မောင်ကြီး ဖြစ်မှန်းသိ၍ ပုန်းအောင်းရာမှ ထွက်ပြီးလျှင် သံအမတ်သည် ရန်သူကြီး ဖြစ် ကြောင်းကို ပြောပြလိုသော်လည်း စစ်ကိုင်းမြို့စားမှာ ကြားခဲ့သည်ကို သတိရ၍ ပုန်းအောင်းရာကပင် ငြိမ်သက်စွာ နေရလေ၏။

ရွှေဓားဗိုလ်သည် သံအမတ်အနီးသို့ ရောက်သောအခါ ပြုံးလျက် "အလို။ မင်းဘုရားကြီးပါကလား။ ဘယ်နှယ့်၊ အကာလ ညအခါ တစ်ယောက်တည်းလာပြီး ဘုရားရှိခိုးရတာတုန်း။ တိုင်းပြည် ခေါင်း ဆောင် မှူးကြီး မတ်ကြီးဆိုတာ နောက်လိုက်ဗိုလ်ပါ အခြံအရံ ကျေး ကျွန် သင်းပင်း ထီးတော်မိုး ဘိနပ်တော်ထိုး ဆိုသလို ကိုယ်ရံတော် အစောင့်တွေနဲ့ လာပါခင်ဗျာ။ တစ်ယောက်တည်း မတော်ပါဘူး"

သံအမတ် ။ ။ "ဒီ့ ကိစ္စမရှိပါဘူး။ သူတော်ကောင်း နတ်ကောင်းမ ဆိုသလိုပဲ။ တစ်ယောက်တည်းလာပေမယ်လို့ ကျုပ် စိတ်က ဖြူစင်ရင် နတ်သိကြားများ စောင့်ရှောက်ပါလိမ့်မယ်။ ကျုပ်စိတ်က မဖြူစင်ရင်လည်း နတ်သိကြားများကပဲ စီရင်ပါလိမ့်မယ်။ ကိုယ်ရံတော်တွေ အထောင်[illegible]သောင်း ပါပေတယ်လို့ စိတ်၌ မဖြူးဖြောင့်တော့ ပုဂ်ပြည့်ရှင် အနော်ရထာမင်းစောကို ကျွဲခတ်လို့ နတ်ရွာစံတယ်။ အနို့၊ မြို့စားကြီး ဘယ်ကိစ္စနဲ့ ကျုပ်တို့ ဟိုသာဝတ်ကို ရောက်လာသတုန်း လက်မှာလည်းဓားကြီးနဲ့ ခါးတောင်းများကျိုက်လို့ သိမင်များ လိုက်လာ တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘားဗိုလ် ॥ ॥ "ဟုတ်ကဲ့။ မင်းဘုရားကြီး ပြောတာလည်း မှန်ပါရဲ့။ ကျွန်တော်တို့တော့ ကိုယ့်ကိုကိုယ် မယုံနိုင်တာနေ နောက်လိုက်ကိုယ်ရံတွေ မပါလို့ ဓားကလေးကိုဖြင့် လက် မလွှတ်ဝံ့ဘူး မင်းဘုရားရဲ့" ဟု ပြောဆိုနေကြစဉ်ပင် တစ်ဖက်ရင်ပြင်တော်က ဟံသာဝတီစစ်သည်တော်တို့၏ အသံကို ကြားလေ၏။ ခင်ခင်ကြီးသည် အကြောင်းမျိုးစုံကို ပြေးထွက်၍ ပြောလိုက်ချင်သော်လည်း စစ်ကိုင်းမြို့စား မှာကြားခဲ့အတိုင်း အပင်ကြီးလျက် အသီးသေးသည့်ညောင်၊ အမြင်နီးလျက် ခရီးဝေးသည့်တောင် ဆိုသကဲ့သို့ နီးလျက်ပင် မပြောကြားနိုင်ဘဲ ဝေးနေရလေ၏။

ရွှေဘားဗိုလ်သည် စစ်သည်တော်တို့၏ အသံကို ကြားဟန်ရှိသော်လည်း မသိသကဲ့သို့ ဖြည်းနှေးစွာပင် ခါးပိုက်ထဲမှ ကြွတ်ကလေးတစ်ခုကို ထုတ်၍ နှာရှူလျက် ပြင်းစွာ ရှူလေ၏။ ထို့နောက် ၎င်းကြွတ်ကလေးကို ခါးပိုက်ထဲသို့ ပြန်ထည့်ပြီးလျှင် တစ်ဖန်ပြန်၍ ထုတ်လျက် "ဪ မင်းဘုရားကြီး ယောဒိနှာဟာ နေပြည်တော်က သမားတော်ကြီးဖော်တာ အင်မတန်ကောင်းတဲ့ နှာခင်ဗျာ။ တစ်ဆိတ် စမ်းကြည့်ပါ" ဟု သံအမတ်အား ပေးလေ၏။

စစ်သည်တော်တို့၏ အသံသည်လည်း တဖြည်းဖြည်း နီးလာ၍ ခင်ခင်ကြီးမှာ မောင်ဘုရားအတွက် များစွာ ပူပန်လျက် အိပ်မက်ထဲမှာကဲ့သို့ အော်လိုက်ရန် အသံမထွက်ဘဲရှိလေ၏။ သံအမတ်သည် ကြွတ်ကို လှမ်းယူ၍ နှာအနည်းငယ် ရှူလိုက်ရာ နှာမဟုတ်ဘဲ ငြုပ်ကောင်းမှုန့်များ ဖြစ်နေသောကြောင့် မျက်လုံးကြီးများ ပြူးထွက်၍ ဆက်ခါ ဆက်ခါ ဒုက္ခကြီးစွာနှင့် ချေလေ၏။ ထိုအခါ ရွှေဘားဗိုလ်သည် သံအမတ်ကိုကြည့်၍ ပြုံးပြီးလျှင် အနီးရှိ စောင်ကာန်းလေ့ကားသို့





သွား၍ အတန်ကြာကာလ ပျောက်သွားလေ၏။

ထို့နောက် အတန်ကြာကာလမှ အချေရပ်ပြီးလျှင် တပ်မှူးနှင့် တပ်သားများ၊ ရောက်လာကြလေ၏။ သံအမတ်က ဆီး၍ "အမယ်လေး အင်မတန် မိုက်တဲ့ ခွေးမသား။ နှာဆိုပြီး ငြုပ်ကောင်းတွေ ပေးသွားတယ်။ အင်မတန် စော်ကားတဲ့အကောင်။ တပ်မှူးတို့ အရောက် နည်းနည်းနောက်ကျသွားတယ်။ အခုဘဲ ရွှေဘားဗိုလ် ထွက်သွားတယ်" ဟု ဆိုသောအခါ တပ်မှူးလည်း လိုက်မည်အပြုတွင် သံအမတ်က "မလိုက်နဲ့ မလိုက်နဲ့ မင်းတို့လိုက်လို့ မိမှာ မဟုတ်ဘူး။ တဲကျမှ ဖမ်းရမယ်။ လှည်းတစ်စီး မြန်မြန်သွားငှားချေ။ ငါ မြင်း မစီးနိုင်ဘူး" ဟု ဆို၍ တပ်မှူးလည်း ထွက်သွားလေ၏။

အတန်ကြာသောအခါ အဘိုးအိုတစ်ယောက်ကို ခေါ်လာ၍ သံအမတ်က "အဘိုးကြီး ငဖိုးကျောက် တဲကို သိရဲ့လား"

အဘိုးကြီးက "သိပါတယ်ဘုရား။ ခုတင်ကပဲ လူတစ်ယောက် ကျွန်တော်မျိုး အိမ်နားက လှည်းတစ်စီး ငှားသွားတယ်။ အဲဒီ ငဖိုးကျောက် တဲကို သွားမလို့တဲ့"

သံအမတ် ॥ ॥ "အလို။ မင်း ဒီလူကို မှတ်မိရဲ့လား"

အဘိုးကြီး ॥ ॥ "မှတ်မိပါတယ်ဘုရား။ ကြိုးကြီးချိတ်ပုဆိုးဝတ်လို့။ သူ့လက်ထဲမှာ စိန်စီဓားကြီးနဲ့"

သံအမတ် ॥ ॥ "ဟုတ်ပြီ။ ဟုတ်ပြီ အဘိုးကြီး သူစီးသွားတဲ့လှည်းကို မီအောင် မောင်းနိုင်ပါ့မလား"

အဘိုးကြီး ॥ ॥ "အို ဒီလို လှည်းမျိုးတော့ ငါးရတွင်းလောက်သာအောင် မောင်းနိုင်ပါသေးတယ်ဘုရား။ ကျွန်တော်မျိုး နွားက တိမ်ယာဉ်ပျံများပါဘုရား"



www.burmeseclassic.com

သံအမတ်။ ။ "ကောင်းပြီ။ အဘိုးကြီး မီအောင် မောင်းနိုင်ရင် ဆုတော်များ သနားမယ်။ မမီရင် ရာဇဒဏ် ချလိမ့်မယ်"

အဘိုးကြီး ။ ။ "မှန်ပါဘုရား" ဟု ဆို၏။

ဘုရားကုန်းတော်မှ ဆင်းသွားကြလေ၍ ခင်ခင်ကြီးလည်း ၎င်းတို့ သွားပြီးနောက် ပုန်းအောင်းရာ လိုဏ်ခေါင်းမှ ထွက်ခဲ့၍ ၎င်းတို့နောက်မှ မနီးမဝေးတွင် တိတ်တစ်ဆိတ်နောက်ယောင်ခံ၍ လိုက်သွားလေ၏။

အဘိုးကြီးလည်း လှည်းကို လယ်ပြင်ကွင်းထဲမှ ဖြတ်၍ မောင်းလေ၏။ ခင်ခင်ကြီးမှာ ဖိနပ်တော်များ မပါသဖြင့် ခရောင်းကြမ်းများထဲသို့ သွားရသောကြောင့် အလွန်နုနယ် သေးသွယ်သော ခြေဖဝါးများ နာကျင်လေ၏။ သို့သော်လည်း စိတ်ရတက်ကြောင့် နာကျင်သည်ကိုမျှ မသိဘဲ တထောက်ထောက် နားကာ လိုက်ပါလေ၏။

ထိုအချိန့်တွင် ကပေါင်း တန်ရူး မိုးသားကျူး ဆိုသကဲ့သို့ မိုးသားတိမ်တိုက်ကလေးတို့သည် တောင်ဘက်မှ တက်လာ၍ ယုန်စန္ဒာကူနှုအား ဖုံးလွှမ်းနေသဖြင့် အနည်းငယ် မှောင်လျက်နေလေ၏။ ထိုကဲ့သို့ လိုက်လာခဲ့ရာ တဲနှင့် မနီးမဝေးသော အရပ်သို့ ရောက်သောအခါ လှည်းရပ်၍ သံအမတ်လည်း လှည်းပေါ်မှ ဆင်းလေ၏။

ခင်ခင်ကြီးသည် ၎င်းတို့ကို ကွင်း၍ အလျင်သွားပြီး ပြောကြားမည်ဟု ကြံစည်မိသော်လည်း ၎င်းအနီးအနား ဝတ်လည်၌ စစ်သည်တော်နှစ်တပ်တို့ ပုန်းအောင်း ချောင်းမြောင်းနေကြသည်ကို အမှတ်ရ၍၊ ချုံကွယ်တစ်ခုကိုဝင်၍ ပုန်းအောင်းနေရပြန်လေ၏။





သံအမတ်လည်း တပ်မှူးကိုခေါ်၍ "တဲထဲမှာ လူရှိလား"

တပ်မှူး ။ ။ "ခင်ခင်ကြီးရဲ့ မောင်နဲ့ အိမ်ရှေ့မင်းများတော့ ရောက်ကုန်ပြီ။ ရွှေမားဗိုလ်တော့ မရောက်သေးဘူး"

သံအမတ် ။ ။ "နေပါလေစေဦး။ သူတို့သုံးယောက် တပေါင်းတည်းမိမှ ကောင်းမယ်။ သူတို့ချည်းမိလို့ အကျိုးမရှိဘူး။ ရွှေမားဗိုလ်ကို အရှင်လတ်လတ်မိလို့ တိုင်းပြည်ဇကာမှာ အရှက်ခွဲမှ ဖြစ်မယ်။ အခုနေတော့ လက်တွင်း ရောက်ပြီးသားပါပဲ။ နို့ပေမယ့် ဒီအကောင်က တယ် ဥာဏ်များတဲ့အကောင်။ တစ်ဆိတ် ကြပ်ကြပ်သတိထားရမယ်။ ငါအမိန့် မရဘဲ မလှုပ်ရှားစေနဲ့။ နေဦး နေဦး။ ဒီအဘိုးကြီးကို တော်ရာကိုခေါ်ပြီး ပါးစပ်မှာ ပဝါဆို့ လက်ပြန်ကြိုး တုပ်ထား။ ကိုင်း။ သွားတော့။ အနောက်ဘက် တောစပ်ကလေးက ချောင်းကိုဖြတ်စောင့်" ဟု အမိန့်ပေးလိုက်သဖြင့် တပ်မှူးလည်း ထွက်၍ သွားလေ၏။

ခင်ခင်ကြီးသည် ထိုအရာအားလုံးတို့ကို ကြားရလေ၍ မိလျှင်လည်း မိစေတော့ ချုံမှထွက်၍ သွားမည်အလုပ်တွင် ပခုံးပေါ်သို့ လက်ကြီးတစ်ခု တင်လိုက်သည်ကို သိ၍၊ အသည်းနှလုံးများ တုန်လှုပ်၍ နောက်သို့လှည့်ကြည့်လိုက်ရာ သံအမတ်၏ မျက်နှာကြီး ပြုံးပြုံးကို မြင်ရလေ၏။ သံအမတ်က "အလို၊ ခင်ခင်ကြီးပါလား။ ဒီတောကြီးထဲ ဘာဖြစ်လို့ ရောက်နေသလဲ။ ခင်ခင်ကြီးဟာ လူဟုတ်မယ် မထင်ပါဘူး။ နတ်သမီးများလား မသိဘူး။ ဟုတ်ကဲ့။ ဒီအရပ်မှာ နတ်သမီးများ ကိန္နရီများ ပျော်တဲ့စခန်းနဲ့တော့ တူသဘဲ" ဟု ပြောင်ချော်ချော်မေးရာ ခင်ခင်ကြီးမှာ ဘာမျှ ပြန်မပြောနိုင်ဘဲ သံအမတ်အား စိုက်ကြည့်နေလေ၏။

www.burmeseclassic.com



ထို့နောက် သံအမတ်က "ကျုပ်တို့မှာ အခုကိစ္စ မပြီးဘဲ နေနေရော့မယ်။ ခဏလောက် သည်းခံတော်မူပါ" ဟု ဆို၍ ပါးစပ်အား ပဝါနှင့် ဆို့လေ၏။ ထိုအခါတွင် ခင်ခင်ကြီးသည် နွမ်းရိပျော့ခွေလျက် သတိမေ့မောပြီးလျှင် မြေသို့ လဲသွားရှာလေ၏။

ထို့နောက် အတန်ကြာခဲ့သောအခါ သတိရလာ၍ ထမည်ဟု အားခဲသော်လည်း အားပြတ်၍ ခြေလက် မလှုပ်ရှားနိုင် ဖြစ်လေ၏။ ရွှေဘားဗိုလ်အား ဖမ်းသွားသည်။ မသွားသည်ကို မသိရချေ။ ထိုခဏတွင် အဝေးမှ 'လတာပေါင်း၊ ခပေါင်းရယ်တို့ မှည့်ချိန်တန်' ဟု အသံဝါကြီးနှင့် ကျည်လောင်စွာဆိုသော တေးသံကို ကြားရလေ၏။ ကြားရသည်နှင့် တစ်ပြိုင်နက် ခင်ခင်ကြီးသည် သံကုန်လွှတ်လျက် "မောင်မောင် ပြေးတော်မူပါ၊ မောင်မောင်" ဟု အော်လိုက်ရာ ရင်ဝတွင် ဖနောင့်နှင့် ပေါက်သကဲ့သို့ ဒိန်းခနဲ ကြားလိုက်ရ၍ သတိမေ့သွားလေ၏။

သံအမတ်လည်း ခင်ခင်ကြီး၏ ရင်ဝကို ဖနောင့်နှင့် ပြင်းစွာပေါက်ပြီးလျှင် "တဲကို ဝိုင်းကြ၊ တဲကို ဝိုင်းကြ" ဟု အမိန့်ပေးသဖြင့် တပ်သားတို့သည်လည်း တဲကလေးကို ဝိုင်းကြလေ၏။ ထို့နောက် သံအမတ်က "ပစ်လား ခပ်လား မလုပ်ကြနဲ့။ ငါကိုယ်တိုင် ဝင်ဖမ်းမယ်" ဆို၍ တဲထဲသို့ တပ်မှူးနှစ်ယောက်တို့ ဝင်၍ ရှာရာ တစ်ယောက်မျှ မတွေ့ဘဲရှိရလေ၏။

ထို့နောက် မီးထုပ်များကို ထွန်းညှိ၍ ရှာသောအခါ တဲ၏ အလယ်တွင် ပေရွက်ကလေး တစ်ခုကို တွေ့ရလေ၏။ သံအမတ်မှာ များစွာ ဒေါသထွက်လျက် ပေစာကို ဖတ်ကြည့်ရာ





"ငါမလာနိုင်ဘူး မြို့မြောက်ဖက်
သစ်ဆိပ်ပင်ကြီးမှာ လှေနဲ့ စောင့်နေမယ်။
တပ်သားတွေ ဝိုင်းလာတယ်။
တိတ်တိတ်ထွက်ခဲ့"

ရွှေဘားဗိုလ်

ဟု ရေးထားသည်ကို တွေ့ရ၍ "ဒီစာကို ဘယ်အချိန် လာပေးသွားသလဲ။ တပ်မှူးများက တယ်အမှုထမ်း လစ်လပ်တာကိုး။ ကိုင်းခင်းတို့ ဘယ်နည်းနဲ့မဆို လှေမထွက်နိုင်သေးဘူး။ သစ်ဆိမ့်ပင်ကို အပြင်းမောင်း" ဟု ဆို၍ တပ်ဦးလှည့်ပြီးလျှင် ထွက်သွားကြလေ၏။

ခင်ခင်ကြီးသည် နောက်တစ်ဖန် သတိရသောအခါ လူသံတို့သည် ပျောက်လျက် တစ်ကမ္ဘာလုံး ဆိတ်ငြိမ်လျက်ရှိသည်ကိုတွေ့ရ၏။ မနီးမဝေး သစ်ပင်ခေါင်းမှ 'ဖီးကွက် ဖီးကွက်' ဟူသော အသံနှင့် လေသက်၍ သစ်ရွက်လှုပ်သံတို့ကိုသာ ကြားရလေ၏။ ကိုယ်တွင် ဖနောင့်နှင့် ပေါက်ရာကြောင့် မချိအောင် နာလှသော်လည်း လှဲနေရာမှ လူးလဲ၍ ထလာလေ၏။ ထို့နောက် အတန်ကြာသောအခါ လူညည်းသံတစ်ခုကို ကြားရလေ၏။

တခွေ့များ ချောက်သလောဟု စိုက်၍ နားထောင် နေရာ အတန်ကြာသောအခါ 'လတာပေါင်း၊ ခပေါင်းရယ်တို့ မှည့်ချိန်တန်' ဟု ကြားလိုက်ရပြန်လေ၏။ စိတ်များ ချောက်လေရော့သလားဟု အတန်ငယ် စဉ်းစားပြီးမှ "မောင်မောင်၊ မောင်မောင်" ဟု ခေါ်လိုက်ရာ၊ မနီးမဝေး တောင်ပို့ကွယ်မှ "ခင်ခင် ဒီကိုလာခဲ့" ဟု ခေါ်သံကို ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးသည် "ငါ့အား ကြပ်များ ခေါ်လေသလား။ ဟုတ်ပါဘူးလေ၊ မောင်မောင့်အသံပါပဲ" ဟုဆို၍ တောင်ပို့ကွယ်သို့ သွားသောအခါ တောင်ပို့နံဘေးတွင် လဲနေသော အဘိုးကြီးကို မြင်ရလေ၏။

အဘိုးကြီးက "ခင်ခင် မောင်မောင့်လက်က ကြိုးတွေ ဖြေစမ်းပါ" ဟု ခိုင်းရာ ခင်ခင်ကြီးသည် မည်သည့် သတ္တဝါလဲဟု တွေးတော၍ ကြည့်နေလေ၏။

ထိုအချိန်တွင် အဇင္ဇာ၌ မိုးသားတိမ်ပုပ်တို့သည် ရုတ်တရက် ကစဥ့်ကလျား လွင့်ပါးသွားကြရာ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ယုန်စန္ဒာ စန်းဏ္ဍုမှု၏ မျက်နှာတော်သည် ပေါ်လာပြန်၍ ငွေအဆင်းရှိသော အလင်းရောင်သည် မှောင်အတိကို ပယ်ဖျက်လျက် မဟာပထဝီ မြေပေါ်သို့ကြသဖြင့် အလွန်ညှိုးနွမ်းသော ခင်ခင်ကြီး၏ မျက်နှာကိုသော်လည်းကောင်း၊ ဆံမုတ်ဆိတ်ဖားဖားနှင့် အဝတ်စုတ်များကို ဝတ်ထားသော အဘိုးအိုတို့ကို ကောင်းစွာ မြင်နိုင်ကြကုန်၏။

အဘိုးအိုသည် ခင်ခင်ကြီး၏ မယုံသင်္ကာရှိသော မျက်နှာကို မြင်သောအခါ "မကြောက်ပါနဲ့ ခင်ခင်ရဲ့။ မောင်မောင် အစစ်ပါဘဲ" ဟုဆိုမှ ခင်ခင်ကြီးမှာ မည်သည့် အကြောင်းကြောင့် မောင်မောင်ကြီးသည် ထိုကဲ့သို့ အမူအရာများကို ပြောင်းလဲထားသည်ကို တွေးတောမရနိုင်ဘဲ အနီးသို့ကပ်၍ လက်ကလေးများဖြင့် ဖြေရာ၊ ကြိုးတို့မှာ အလွန်နုနယ်သော လက်ကလေးနှင့်စာလျှင် အလွန်ကြမ်းတမ်းရကား၊ နာလှသဖြင့် ပါးစပ်နှင့်ကိုက်၍ ကြိုးများကို ဖြေပေးလေ၏။

ထို့နောက် အဘိုးအိုသည် ထပြီးလျှင် "အမယ်လေး ခင်ခင်





ရယ်၊ ကြိုးတွေက တင်းလွန်းလို့ နာလိုက်တာ" ဟုဆို၍ ကိုယ်လက်များကို ဆန့်တန်းပြီးလျှင် မျက်နှာမှ အမွေးအမျှင်တို့နှင့် အဝတ်စုတ်တို့ကို ချွတ်လိုက်သောအခါ ခင်ခင်ကြီးမှာ "အို–မောင်မောင်" ဟုသာ အလွန်အံ့ဩ တွေဝေလျက် မြွက်ဟ ပြောဆိုပြီးလျှင် ရပ်၍ကြည့်နေလေ၏။

ခင်ခင်ကြီး၏ရှေ့တွင် ပြုံးလျက် ရပ်နေသူကား အခြားမဟုတ်။ ရွှေမော်ဓော စေတီတော် ရင်ပြင်တွင် ဟံသာဝတီ သံအမတ်အား ငြုပ်ကောင်းနှာကို ပေးသွားသော မြတ်လေး ရွှေဓားဗိုလ်ပင် ဖြစ်လေသည်။

ထို့နောက် ရွှေဓားဗိုလ်က "ခင်ခင်ရယ်၊ ခင်ခင့်ကျေးဇူး အင်မတန် ကြီးပါတယ်။ ခင်ခင် လိုက်လာပေလို့ မောင်မောင်တို့ လွတ်ကြပေတော့။ သို့မဟုတ်ရင် ဒီတစ်ခါ မောင်မောင်ပါ သံအမတ်လက်တွင်းကျမှာ။ ခင်ခင် ဒီလောက် သတ္တိရှိတယ်ဆိုတာ မောင်မောင် မသိဘူး။ မိန်းမထူး မိန်းမမြတ်ပါပဲ။ ခုနင်က ခင်ခင်ကို ဟို ဟံသာဝတီသား ခွေးမသား ဖနှောင့်နဲ့ပေါက်တာ မောင်မောင် အမြင်သားနဲ့ မတတ်သာလို့ ကြည့်နေလိုက်ရတယ်။ မောင်မောင့်အသည်းကို လှီးနဲ့ဆွသလိုပါပဲ" ဟု ငွေလရောင်အောက်တွင် နံ့သာ မသုံးသော်လည်း ကိန္နရီတမျှလှသော ခင်ခင်ကြီး၏ မျက်နှာကလေးနှင့် လေပြည်သွေး၍ တလျှပ်လျှပ် ပါးပေါ်တွင် လှုပ်ရှားသော ဆံပင်ကလေးကိုကြည့်လျက် လက်ကလေး နှစ်ဖက်ကို အသာဆွဲ၍ ပြောပြလေ၏။

ခင်ခင်ကြီးသည် ဖနှောင့်ရာကြောင့် အလွန်နာလှသော်လည်း ငယ်ချစ်လင် မောင်မောင်ကြီးက ယုယစွာ လက်ကလေးများကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်သောအခါ ဩသဆေးဘုရင်ကို လိမ်းတင်၍ သ,သကဲ့သို့ ထိုခဏတွင် ကာယစိတ္တ နှစ်ဖြာသော နာကျင်ခြင်းတို့သည် ပျောက်ပြီးလျှင်၊ "အို ခင်ခင်က ဒီလောက်တော့ မောင်မောင့်အတွက် ဒုက္ခခံနိုင်ပါတယ်။ မောင်မောင် ဒီအကြောင်းတွေကို ဘယ်နှယ့် လုပ်သိသလဲ"

ရွှေမားဗိုလ်။ ။ "မြို့လယ်မှာ စစ်ကိုင်းမြို့စားနဲ့ တွေ့လို့ အကျိုးအကြောင်းတွေကို အကုန် ပြန်ပြောပြတယ်။ ဒီဟာနဲ့ မောင်မောင် စလေမြို့စားကို ခင်ခင့် မောင်များဆီကို သွားပြီး တဲကလေးကို မသွားနဲ့တော့လို့ အမှာခိုင်းလိုက်တယ်။ ခင်ခင့်ကို ဘုရားပေါ်မှာ ခေါ်ရအောင် လာတော့ သံအမတ်နဲ့ တွေ့ပြန်တာနဲ့ မခေါ်ဝံ့ဘဲ ရှောင်သွားရတယ်။ ဒီနောက် ကပျာကရာပြန်ပြီး၊ ခင်ခင့်အတွက်နဲ့ ခင်ခင့် မောင်များကို တဲကို သွားကြဦးလို့ ခိုင်းလိုက်ရတယ်။ ပြီးတော့မှ အဘိုးကြီးယောင်ဆောင်ပြီး သံအမတ်ကို တဲကို ခေါ်သွားရတယ်။ ခင်ခင် နောက်က လိုက်လာတာကို မြင်ပါတယ်။ ဟိုရောက်တော့မှ ခင်ခင့်မောင်များကို လ,မိုက်တုန်း ထွက်ပြေးခိုင်းပြီးတော့ ဟံသာဝတီသားတွေ လမ်းမှားပြီးလိုက်အောင် စာတစ်စောင် ရေးထားခဲ့တယ်။ အခု သင်းတို့၊ မြို့မြောက်ဘက် သစ်ဆိမ့်ပင်ကြီးကို သွားလေရဲ့။ မောင်မောင့်လှေများက မြို့တောင် သစ်ချိုပင်ကြီးနဲ့ မနီးမဝေးမှာ အဆိုက်ခိုင်းထားတယ်။ အခုလောက်ဆိုရင် ခင်ခင့်မောင်များရောက်လို့ မျှော်နေကြရှာမယ်။ ကိုင်း သွားကြစို့" ဟု ဆို၍ မောင်နှံနှစ်ယောက်တို့သည် လရောင်အောက်တွင် လက်တွဲ၍ လာခဲ့ကြလေ၏။

အတော် သွားမိကြသောအခါ၊ ဖိနပ်မပါဘဲ ခရောင်းတွေထဲ





၌ ဖြတ်၍သွားရသောကြောင့် ခင်ခင်ကြီး၏ ခြေဖဝါးကလေးများမှာ သွေးခြေများဥလျက်၊ အလွန်နာလှသဖြင့် "အို မောင်မောင်၊ ခပ်ဖြည်းဖြည်းသွားပါ။ ခြေဖဝါးတွေမှာ သွေးခြေတွေ ဥကုန်ပါပြီ" ဟု မျက်နှာကလေးကိုမဲ့လျက် ပြောသောအခါ၊ မောင်မောင်ကြီး ရွှေမားဗိုလ်က မေတစ်ပါး အပျိုအချစ်ဇနီး မယားမှာ၊ ခြေဖဝါးညိုးကာ တာထစ်အပြီး မသွားနိုင်ဘူးဟု ကမ္ဗားမြိုင်ငှမှာ နွဲ့နွဲ့ပြီး လဲတော့ မလိုလို လုပ်တာနဲ့ "ကိုင်း မလှမ်းနိုင်ရင် မောင်မောင် ထမ်းခေါ်ပါမယ်" ဟုဆို၍ ပခုံးပေါ်ကို ပွေ့ကာတင်ပြီးလျှင် လှေသို့ ရောက်သည့်တိုင်အောင် ထမ်းဆောင်ခဲ့လေ၏။

လှေသို့ရောက်လျှင် အသက်ဘေးမှ ဝေးကြပြီဟု ကျောက်ဆူးများကို နုတ်လျက်၊ လှေထွက်ခဲ့ကြလေ၏။ ခင်ခင်ကြီးသည် ငယ်ချစ်လင် မောင်မောင်ကြီးနှင့် လှေဦးတွင်ထိုင်၍ ဟံသာဝတီမြို့ကြီးကိုကြည့်လိုက်ရာ၊ လရောင်အောက်တွင် ဝှကျောင်းဇရပ်ဝင်း၊ ရင်းတား၊ မြို့ရိုးတစ်လျှောက်၊ ရွှေပြာသဒ်တို့ကို ညို့ညို့မှိုင်းမှိုင်း၊ ရှုလေတိုင်းသာ လွမ်းဖွယ်စုံလျက် ရှိသည်တို့ကို မြင်ရ၍ အသည်းတွင် အလွန်နာလှသဖြင့် "မောင်မောင်၊ ဟံသာဝတီများဖြင့် အင်မတန် မုန်းတယ်။ နောက်ကို ဘယ်တော့မှ မလွှတ်ဘူး" ဟု မောင်မောင်ကြီး၏ ပခုံးကို ခေါင်းကလေးနှင့်မှီကာ ပြုံးလျက် ပြောလေ၏။

လှေတို့သည်လည်း မြစ်စဉ်တစ်လျှောက် သာယာငြိမ်သက်စွာ ချောလျက် သွားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆွေတော်မျိုးတော် အချို့တို့ကိုလည်း ထိုကဲ့သို့ သတ်ဖြတ်၍ အချို့တို့ကိုကား ဖမ်းဆီးချုပ်နှောင် ထောင်သွင်း၍ အကျဉ်းထားကုန်၏။ ထိုကဲ့သို့အခါတွင် မြန်မာနိုင်ငံ ရတနာပူရ အဝ နေပြည်တော်မှ မြတ်လေး ရွှေမားဗိုလ် အမည်တွင်သော လူစွမ်းကောင်းတစ်ယောက်သည် ဒုက္ခရောက်နေသော ဆွေတော်မျိုးတော်တို့ကို ကယ်ဆယ်ယူဆောင်သည်ဟု သတင်းရ၍ မြို့ဝန်ဗညားဓော အမိန့်ဖြင့် သံအမတ်တစ်ဦးအား အဖမ်းခိုင်းစေ၏။ ဗညားဓောလည်း လိုက်လံ စုံထောက်ရှာဖွေ၍ မြတ်လေး ရွှေမားဗိုလ်ကို တွေ့ရှိရာ၌ တပ်ဝိုင်း၍ ဖမ်းသော်လည်း ရွှေမားဗိုလ်က ဉာဏ်သာသဖြင့် လွတ်သွားလေ၏။





တစ်နေ့သော နံနက်အခါတွင် အရှေ့ပြု သဗ္ဗာဝိဒေဟာမှ မောရိယာ ဒေါ်ရဝိန်သည့် တစ်ထောင်သော အရောင်အရှိန်တို့ဖြင့် ထွက်ခဲ့ရာ၊ ဟံသာဝတီ မြို့ကြီး၏ မြို့ရိုးမြို့တာ၊ စရပ်၊ တန်ဆောင်း၊ ကျောင်းကန်ဘုရား၊ ရွှေနန်းတော် အဆောက်အုံများတို့မှာ အရောင်တွေ တဖျတ်ဖျတ်မြူးလျက် ရှိကုန်၏။ နေမင်း၏အရောင် မည်မျှတောက်သော်လည်း မြို့ကြီးမှာ မှောင်နေသကဲ့သို့ ရှိ၏။ ထိုအချိန်တွင် ရွှေနန်းတော်ကြီး အဆောင်တစ်ခု၏ မှန်စီပြတင်းပေါက်တွင် မြို့ဝန် ဗညားဓောသည် မြို့၏ အခြေအနေကို စိုက်လျက် ရှုစား၍နေလေ၏။ အတန်ကြာသောအခါ မြို့လယ်ပြကြီးမှ နန်းတော်ဆီသို့လာသော စစ်တပ်တစ်တပ်ကို မြင်ရလေ၏။ ဗညားဓောမှာ ၎င်းတပ်၏ အပြန်ကို တစ်ညလုံး အိပ်၍မျှ မပျော်ဘဲ စိတ်က တဇောဇောဖြစ်နေသဖြင့် မိုးမလင်းမီကပင် ထ၍ မျှော်လင့်နေသောကြောင့် ၎င်းတပ်ကိုမြင်လျှင် လွန်စွာအားရခြင်း ဖြစ်လေ၏။

တပ်သားတို့သည် ပြကြီးတစ်လျှောက် တဖြည်းဖြည်းလာခဲ့ကြရာ၊ များမကြာမီပင် နန်းတော်ဦးသို့ ဆိုက်ရောက်လာကြကုန်၏။ အတန်ကြာသောအခါ ထိုအမတ်သည် အလွန်ညှိုးနွမ်းသော မျက်နှာကြီးနှင့် ဗညားဓောရှိရာ အဆောင်တော်သို့ ဝင်လာရာ ဗညားဓောက ဆီး၍ "ဘယ့်နှယ်လဲ အမတ်ကြီး။ မိခဲ့ပြီလား" ဟု မေးရာ၊ သံအမတ်သည် လက်ထဲတွင် ကိုင်ထားသော ငှက်ကြီးတောင် [illegible]ဆီးရှည်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုချ၍ "မပြောပါနဲ့တော့ အဆွေတော်၊ လေး ငါး ခြောက်လကြာသိမ့် အလကား ဖြစ်ကုန်တာပဲ။ သေသေချာချာအုပ်မိပြီးမှ လွတ်သွားတယ်။ တယ်ဉာဏ်သာတဲ့ အကောင်ဗျာ။ ဘုရားပေါ် တုန်းကလည်း ဖမ်းတော့မလို့ လုပ်ခါမှ ငြိုပ်ကောင်းနှာ ပေးသွားတာနဲ့ မဖမ်းလိုက်ရဘူး" ဟု ပြန်ပြောလေ၏။

ထိုအခါ ဗညားဓောကမျက်မှောင်ကုတ်လျက်၊ "အမတ်ကြီး၊ ဒီလို အမှုတော် လစ်လပ်လို့ မဖြစ်ဘူး။ အမတ်ကြီးကို အားကိုးလောက်လို့ ခိုင်းတာ။ ဒီအကောင်လောက်မှ အမတ်ကြီး မဖမ်းနိုင်ဘူးဆိုရင် အမတ်ကြီးအရာနဲ့ မတော်ဘူး။ ဒီမှာ ကြည့်စမ်း၊ အမတ်ကြီးက ကျုပ်အမိန့်အာဏာကို ဂရုမစိုက်ဘူး ထင်တယ်။ အရင်တုန်းက ခင်ဗျားလက်အောက်ခံ ဖြစ်ပေမယ်လို့ အခု ဟံသာဝတီကို ကျုပ် အုပ်စိုးနေတာ၊ ကျုပ် ဘုရင် ဖြစ်နေပြီ။ ဘုရင့်အမိန့်ကို လစ်လပ်ရင် မားသတ်ခံရမယ်"

သံအမတ်။ ။ "ဒီလိုလည်း အာဏာမပြင်းချင်ပါနဲ့ အဆွေတော်။ အဆွေတော်နဲ့ ကျုပ်မှာ အမြီးစားဖက် ခေါင်းစားဖက်ပါပဲ။ ဒီလို အတူတူချင်းမို့ အဆွေတော် အမိန့်ကို ကျုပ် မလစ်လပ်လိုပါဘူး။ သို့သော် မြတ်လေး ရွှေစားဗိုလ်ကို လွယ်လွယ်ကူကူနဲ့ ဖမ်းလို့ရမှာ မဟုတ်ဖူး။ အင်မတန် ဉာဏ်များတဲ့ အကောင်၊ နားထောင် ကျုပ် ပြောပြမယ်" ဟုဆို၍ အရင်က ဝိုင်းဝန်းခဲ့သည့် အကြောင်းကို ပြန်လှန်ပြောပြလေ၏။ ရွှေစားဗိုလ်၏ အကြောင်းအရာများကို ကြားရသောအခါ ဗညားဓောမှာ အလွန် အံ့သြတွေဝေလျက် အတန်ငယ်ငေး၍ နေလေ၏။ ထိုနောက်မှ "အင်း ဟုတ်ပေတယ်။ အမတ်ကြီး၊ တော်တော်တန်တန်နဲ့တော့ ရမှာ မဟုတ်ဘူး။





အံ့သြဖို့ကောင်းတဲ့ လူပေပဲ။ သို့သော်လည်း ဒီအကောင်ကိုမိမှ ကျုပ်တို့အေးကြမယ်။ ကိုင်း–နောက်တစ်ကြိမ် ကြံချေဦးတော့။ ရွှေစားဗိုလ်ကို အရှင်လတ်လတ် ကျုပ်လက်ကို အပ်နိုင်ရင် ကျုပ်ဘုရင်ဖြစ်တဲ့အခါ သူကောင်းပြုမယ်၊ နားလည်ရဲ့လား"

သံအမတ်။ ။ "လည်ပါတယ် အဆွေတော်၊ ဒီ မြတ်လေး ရွှေစားဗိုလ် မမိရင် ကျုပ် မားသတ်ခံဝံ့ပါတယ်။ တစ်သက်လုံးကစားလာတဲ့အကောင်၊ ဒီတစ်ခါမှ ဒီအကောင်ကို မရဘူးဆိုရင် နာမည်ပျက်တော့မယ်။ ကျုပ်ကြံရင် ဒီအကောင် ကြာကြာမခံပါဘူး။ အခုကို နောက် သံတော်တစ်ခုသာ ပေးလိုက်ပါဦး။ သို့သော် ကျုပ် ကြံနေတဲ့အခါမှာ တပ်တော်ကို ကျုပ် အုပ်ရမယ်"

ဗညားဓော။ ။ "ကောင်းပြီ၊ အုပ်ပါစေမယ်။ ရအောင်သာ ကြံပါ" ဟုဆို၍ သံအမတ်သည် အခန်းတွင်းမှ ထွက်သွားလေ၏။

"အို–မောင်မောင်ရဲ့ ပန်းတွေကြွေကုန်ပါ့မယ်" ဟု အိမ်တော် ရှေ့၌ရှိသော စကားဝါပင်အောက်တွင် ပန်းကောက်နေသော ခင်ခင်ကြီး၏ လက်ကလေးကို မင်းတုန်းမြို့စားက ကိုင်၍ နှုတ်ဆက်လိုက်သဖြင့် လက်ကလေးထဲမှ ပန်းပွင့်များ လွှတ်ကျသည်ကို ကြည့်လျက် ပြောလေ၏။ ထိုအခါ မင်းတုန်းမြို့စား မောင်မောင်ကြီးအား "အို မသိလို့ ခင်ခင်ရယ်၊ မကောက်ပါနဲ့တော့၊ ဖိုက်ဆွေ့လုံးကုန်ပါပြီ။ မောင်မောင် ချူပေးခဲ့ပါ့မယ်" ဟုဆို၍ တံချူတစ်ခုကို ယူပြီးလျှင် စကားဝါပင်ပျိုမှ စကားဝါပွင့်ကလေးများကို ချူစ



www.burmeseclassic.com

www.burmeseclassic.com



ပြုလေ၏။ ခင်ခင်ကြီးက "မောင်မောင် အခု ဘယ်သွားမလို့လဲ"

မောင်မောင်ကြီး။ ။"နန်းတော်ကြီးကို အခစား ဝင်ရဦးမယ် ခင်ခင်ရဲ့"

ခင်ခင်ကြီး။ ။ (ရွှေနန်းတော်ဘက်သို့ ကြည့်လျက်) ဒီနန်းတော်ကြီးကလည်း ကိစ္စမရှိဘဲနဲ့ ခဏခဏ အခစား ဝင်ရတာကို၊ မောင်မောင် ခင်ခင့်ကို ဘုရား လိုက်မပို့ဘူးလား"

မောင်မောင်ကြီး။ ။ "အမယ်လေး ခင်ခင့်နှယ်၊ ဘုရားသွားချင်လိုက်တာကလဲ လွန်လို့၊ နန်းတော်ကြီးမဟာ မကြာရပါဘူး၊ ခဏကလေးပါ။ တော်တော်ကြာရင် ပြန်လာခဲ့ပါ့မယ်။ လှည်းယာဉ် အပြင်နိုင်းပြီး စောင့်နေပါ"

ခင်ခင်ကြီး။ ။ "ဆက်ဆက်ပြန်ခဲ့နော်၊ နေမဝင်ခင် ဘုရားကို အရောက်မောင်းမယ်။ စစ်ကိုင်းမြို့စားကိုလည်း 'ခင်စောမယ်တို့လည်း ဘုရားသွားလိမ့်မယ်၊ လိုက်ခဲ့ပါလို့' ခေါ်ခဲ့ပါနော်" ဟု ဆိုလိုက်သဖြင့် မောင်မောင်ကြီးသည် ရွှေနန်းတော်သို့ ထွက်ခွာသွားလေ၏။

အတန်ကြာကာလ မောင်မောင်ကြီးသည် နန်းတော်ကြီးမှ ပြန်ခဲ့၍ ခင်ခင်ကြီးလည်း လှည်းယာဉ်ကို အသင့်ပြင်လျက် စောင့်နေသည်ဖြစ်၍ အိမ်တော်သို့မဝင်ဘဲ တစ်ဆက်တည်း၊ မိမိကိုယ်တိုင် နွားမောင်း၍ ဘုရားသို့ လာခဲ့ကြလေ၏။ ဇဲတော်သို့ ရောက်သောအခါ၊ နွားများကို ဖြုတ်ပြီးလျှင် ဇဲထဲသို့ ဝင်သွားကြလေ၏။

ဇဲတော်တွင် စစ်ကိုင်းမြို့စားနှင့် ခင်စောမယ်တို့သည် စကားပြောနေသည်ကို မြင်သောအခါ၊ ခင်ခင်ကြီးက "အို ခင်စောမယ်တို့ ရောက်နှင့်ကြပြီလား၊ စစ်ကိုင်းမြို့စား ကိုရင်ကြီးက ဒီတစ်ခါ





ဘယ်ခြေမြန်ကာကို" ဟု ပြုံးလျက် ပြောလိုက်ရာ စစ်ကိုင်းမြို့စားနှင့် ခင်စောမယ်တို့မှာ မျက်နှာများပျက်လျက် ဘာမှပြန်မပြောဘဲ ပြုံးလျက် ကြည့်နေကြလေ၏။ ထို့နောက်မှ ခင်ခင်ကြီးက "ဘုရား ဖူးကြပြီလား" ဟုမေးရာ၊ ခင်စောမယ်တို့က ပြီးနှင့်ကြောင်းနှင့် ပြောပြ၍ ခင်ခင်ကြီးတို့ မောင်နှံ့စုံတို့သည် ပန်းခိုင်များနှင့် ဘုရား ရင်ပြင်တော်ပေါ်သို့ သွားကြလေ၏။

ထိုအချိန်တွင် နေဝင်၍ လကလေး ထွက်ခဖြစ်သဖြင့်၊ ရင်ပြင်တော်ပေါ်တွင် လင်းလျက်ရှိ၏။ ကာလသားတို့လည်း အိုးစည် ဗုံရှည် အစရှိသော အတီးအမှုတ်များဖြင့် ဘုရားရင်ပြင်တစ်ဖက်တွင် တီးမှုတ် ကခုန်နေကြလေ၏။ ရင်ပြင်တော် တစ်ဖက်၌ကား ရုပ်သေးစင်များတွင် ဆင်၊ မြင်း၊ ဇော်ဂျီ အစရှိသော အရုပ်တို့သည် ထွက်လျက်ရှိကြ၏။ ဖိုးဝရုပ် ဖိုးသူတော် ဦးမင်း စပ်ဆိုခဲ့သော "ခရင်းစွယ်စုံ စိန်ခေါင်ကြီးနှင့်၊ ငါးစီးဆင်ပြောင် အားပေကို" အစရှိသော၊ ဒိုးချင်းတောင်သူကြီး ရုပ်များကိုလည်း တယိမ်းယိမ်း တယိုင်ယိုင်နှင့် ထိုမှ ဤမှ အကအခုန်များနှင့် လာကုန်၏။ ခင်ခင်ကြီးတို့ မောင်နှံလည်း၊ ဘုရားပုထိုး ရှိခိုးကန်တော့ပြီးလျှင်၊ ၎င်းကြည့်ဖွယ် ရှုဖွယ်တို့ကို ရပ်၍ ကြည့်နေကြရာ အတန်ကြာ ကာလ ခင်ခင်ကြီးက၊ မောင်မောင်ကြီး၏ ပခုံးကိုကိုင်လျက်

"မောင်မောင် ဒီဟာတွေမြင်တော့ မနှစ်တုန်းက ဟံသာဝတီမှာ ဒုက္ခရောက်ခဲ့တာတွေ မမှတ်မိဘူးလား"

မောင်မောင်ကြီး။ ။ "ဒီဟာတွေ စ,မပေးစမ်းပါနဲ့ ခင်ခင်ရယ်။ အစပေါ်လာတိုင်း၊ ဒီ ဟံသာဝတီသားကို ဒေါသချက်လာတယ်။ ခင်ခင့်ရင်ကို သူက ဖနောင့်နဲ့ ပေါက်သွားတာ အခုထက်



www.burmeseclassic.com

www.burmeseclassic.com



ထိ စိတ်မကြေနိုင်သေးဘူး။ တစ်ခါခါတော့ လက်စားချေရမှာပဲ"

ခင်ခင်ကြီး။ ။"အို–မောင်မောင်၊ ဒီလောက်လည်း ဒေါသမကြီးပါနဲ့။ ခင်ခင်တို့ အသက်မသေဘဲနဲ့၊ ဒီလိုနေကြတာပဲ ကျေးဇူးတင်ပါဦး" ဟုဆိုနေစဉ်၊ လူကြားထဲမှ နောက်ပါ၊ အချေအရံတို့နှင့် ပေါင်းစလွယ်တို့ကို ဆင်ယင်ထားသော ဟံသာဝတီ သံအမတ်သည်၊ ရုတ်တရက် ပေါ်လာလေ၏။ ၎င်း၏ အနီးတွင်လည်း၊ အလွန်လှပသော လက်ကောက်၊ နားဋောင်း၊ ဘယက်၊ လည်ဆွဲ အစရှိသော ဝတ်စားတန်ဆာတို့ကို ဆင်ယင်ထားသော ဟံသာဝတီ မိန်းမပျိုတစ်ဦးလည်း ပါလာလေ၏။ ခင်ခင်ကြီးနှင့် မောင်မောင်ကြီးတို့မှာ၊ ၎င်းတို့ကိုမြင်လျှင်၊ အံ့အားသင့်၍ ရပ်လျက် ကြည့်နေလေ၏။ အမတ်လည်း ခင်ခင်ကြီးတို့ကိုကြည့်၍ ပြုံးလျက်

"အလို မြို့စားမင်းများပါကလား။ ဘုရားပွဲတော် လာကြည့်ကြတယ် ထင်တယ်။ ရောက်လာရပြန်ပကောလေ။ ကိစ္စကလေးက မပြီးစီးသေးလို့"

မောင်မောင်ကြီး။ ။"ဟုတ်ကဲ့၊ မင်းဘုရားကြီးရဲ့ ဝတ္တရားရှိတော့ မရှောင်မလွှဲသာ ရောက်လာရပြန်တာပေါ့။ နို့ မင်းဘုရားကြီးများ ဘယ်မှာတည်းသလဲ"

သံအမတ်။ ။"အရှေ့ပြင် သံတဲမှာပေါ့ မြို့စားမင်းရဲ့။ အခု ဘုရားပွဲတော့လည်း နှစ်စဉ် လာနေကျမို့ လာရပြန်တယ်။ မနှစ်တုန်းကတောင် မြို့စားများနဲ့ တွေ့ကြသေးတာပဲ။ နို့ မြို့စားများ အရင် တဲ နေရာမှာပဲလား"

မောင်မောင်ကြီး။ ။"ဟုတ်ကဲ့၊ အရင်နေရာမှာပေါ့လေ။ ဘိုးဘေး မိဘလက်ထက်ကစပြီး တဲတော် ဆောက်နေကြတဲ့နေရာ





တော့ တယ်ပြီး ဘုမ္မိနက်သံမှန်တယ်" ဟု ပြောနေစဉ်၊ ခင်ခင်ကြီးသည် ယခုအခါ သံအမတ်၏ မျက်နှာသည် ပြုံးရွှင်နူးညံ့သော်လည်း၊ လွန်ခဲ့သောနှစ်က ဟံသာဝတီတွင် တွေ့ခဲ့ရသော မျက်နှာကြီးကို ပြန်၍မှတ်မိကာ၊ အလွန်ကြောက်လန့်လျက်၊ ၎င်းမျက်နှာကြီးကို ကြာကြာ မမြင်စိမ့်သောငှာ "မောင်မောင်–သွားကြပါစို့ရဲ့" ဟု ဆိုသဖြင့်၊ မောင်မောင်ကြီးသည် သံအမတ်အား ရန်သူ မဟုတ်သကဲ့သို့ ချိုသာစွာ နှုတ်ဆက်ပြီးလျှင် တဲတော်သို့ ပြန်ကြလေ၏။

ခင်ခင်ကြီးသည် သံအမတ်၏ မျက်နှာကြီးကို မြင်သည်ကစ၍ စိတ်လေးလျက်ရှိ၏။ အိမ်ခေါင်မိုးကို ငှက်စုန်းလာ၍ ထိုးလျှင်၊ ဤမျှလောက် စိတ်လေးရမည် မဟုတ်ချေ။ မနေ့ပြီးသော အရင်က ခံခဲ့ရသော ဒုက္ခများကို ပြန်၍ သတိရပြန်၏။ သံအမတ်သည် မိမိတို့အား လက်ဖျားနှင့်မျှ မတို့နိုင်ဟု သိသော်လည်း အလိုလိုပင် တထိတ်ထိတ် ရှိနေ၏။ ထို့ကြောင့် မည်သည့်နည်းနှင့်မဆို ဒုက္ခတစ်ခုတစ်ရာ ရောက်တော့မည်ဟု စိတ်တွင် တွေးထင်မိ၏။ သို့သော်လည်း မည်သူ့အားမျှ မပြောဘဲ စိတ်ထဲ၌သာ ထားလေ၏။

တဲသို့ရောက်သောအခါ၊ စစ်ကိုင်းမြို့စားနှင့် ခင်စောမယ်တို့မှာ၊ အဆိုအတောင်၊ အချေအငံ ပြောဆိုနေကြသည်ကိုပင် တွေ့ရလေ၏။ ခင်စောမယ်တို့သည် ခင်ခင်ကြီးတို့ ဝင်လာလျှင် စကားပြောပြတ်၍ ခင်စောမယ်က၊ "အလို–မမကြီးတို့ ပြန်လာကြပြီလား၊ မကြီးတို့ ပန်းခိုင်တွေယူခဲ့တာ၊ မေ့နေလို့ မပေးလိုက်ရဘူး" ဟု ဆိုသောအခါ၊ ခင်ခင်ကြီးက "ခင်စောမယ်က မေ့တော့မှာပေါ့အေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းသာ မပြောချင် ပြောချင်နှင့် ပြောဆိုပြီးလျှင် တိတ်ဆိတ်စွာနေသောကြောင့်၊ ခင်စောမယ်မှာ အကြောင်းအသို့နည်းဟု အံ့သြလျက် ရှိလေ၏။

မောင်မောင်ကြီးသည် စစ်ကိုင်းမြို့စားအနီးသို့ ကပ်ပြီးလျှင် "ယော့ ကိုရင်ကြီး၊ ဟိုအကောင် ရောက်နေပြန်ပြီ"

စစ်ကိုင်းမြို့စား။ ။ "ဘယ်သူလဲ ကိုကြီးရဲ့"

မောင်မောင်ကြီး။ ။ "ဟိုခွေးပေါ့ကွာ။ အခုထက်ထိတောင် လက်မရှောသေးဘူး။ ဒီတစ်ခါတော့ လက်စသိမ်းလိုက်မှပဲ တော်မယ်။ နို့မဟုတ်ရင် တရစ်ရစ် တသီသီ လုပ်နေဦးမယ်။ ဘာတွေများလာပြီး အကြံယူနေတယ် မသိဘူး"

စစ်ကိုင်းမြို့စား။ ။ "ဒီ ခွေးလေး ငမွားကြီး ဂရုစိုက်မနေပါနဲ့ ကိုကြီးရယ်။ စစ်ဘုရင် တစ်ပွဲလောက် ကစားရအောင်" ဟု ဆို၍ မောင်မောင်ကြီးနှင့် စစ်ကိုင်းမြို့စားတို့သည် စစ်ဘုရင်ထိုးနေကြလေ၏။ ခင်ခင်ကြီးနှင့် ခင်စောမယ်တို့သည်လည်း အနီးတွင်ထိုင်လျက် ကြည့်နေကြလေ၏။

စစ်ဘုရင်တစ်ပွဲမျှ ပြီးသောအခါ၊ တဲရှေ့မှ ခြေသံများကိုကြားရ၍ အတန်ကြာလျှင် သံအမတ်နှင့် မိန်းမပျိုတို့သည် တဲထဲသို့ ဝင်လာလေ၏။ မောင်မောင်ကြီးသည် ကစားနေရာမှ ထ၍။ "အလို မင်းဘုရားကြီးများ ကြွလာကြသကိုး။ ကြွတော် မူကြပါ။ ကြွတော်မူကြပါ" ဟု ခရိုဦးကြိုပြု၍ နေရာထိုင်ခင်းများကို ပေးလေ၏။

ခင်ခင်ကြီးမှာ သံအမတ်ကို မြင်လျှင်မြင်ခြင်း ယခုပင် မိမိတို့အား ဒုက္ခရောက်နေပြီဟု ထင်ရလေ၏။ ခင်စောမယ်မှာမူကား သံအမတ်ကို များစွာအရေးမလုပ်ဘဲ၊ သံအမတ်နောက်က ပါလာ





သော မိန်းမပျိုကိုသာ စိုက်၍ကြည့်နေလေ၏။ ၎င်းမိန်းမပျိုမှာ ရုပ်ရေရူပကာယ အလွန်တရာ ချော့မွေ့၏။ သွားဟန်၊ လာဟန်၊ နေပုံ ထိုင်ပုံတွင်လည်း အလွန် ယဉ်းပါး၏။ စကားပြောသောအခါလည်း သူတစ်ပါးနားတွင် အလွန်သာယာ နာပျော်ဖွယ်ဖြစ်အောင် အသံကိုပြောင်းလဲကာ ပြောတတ်၏။ ထိုကဲ့သို့ မိန်းမပျိုကို သံအမတ်သည် မိမိကြံစွယ်ချက် ပြည့်စုံရန် ဟံသာဝတီတစ်ပြည်လုံးတွင် နှံ့အောင်ရှာ၍၊ မိမိလိုသမျှတို့ကို ကောင်းစွာ သင်ကြားထားပြီး ဖြစ်လေ၏။

ထိုကဲ့သို့ မျက်နှာချင်းဆိုင်မိကြလျှင် ခင်စောမယ်သည် ခင်ခင်ကြီး၏လက်ကို ကိုင်ထားသဖြင့် တစ်ချက်တစ်ချက် ပြင်းစွာ ဖျစ်လေ၏။ ထိုကဲ့သို့ ပြင်းစွာဖျစ်လေတိုင်း ခင်ခင်ကြီးသည် မိမိအား ခင်စောမယ် တစ်စုံတစ်ခု ပြောလိုသည် ထင်မှတ်၍၊ ခင်စောမယ်ကို လှည့်ကြည့်လေ၏။ မိန်းမပျိုကို စိုက်၍သာ ကြည့်နေသဖြင့် အကြောင်းအသို့နည်းဟု စဉ်းစား၍ မရနိုင်အောင် ရှိလေ၏။ ထို့နောက် မောင်မောင်ကြီးနှင့် သံအမတ်တို့ စကားပြောနေရာ၊

မောင်မောင်ကြီး။ ။ "ဒီသူငယ်မက ဘယ်ကတုန်း"

သံအမတ်။ ။ "အို၊ ကျုပ် တူမကလေးပါ။ အင်းဝနေပြည်တော်ကို လိုက်ချင်တယ်ဆိုတာနဲ့ ခေါ်လာခဲ့တယ်" ဟု ပြောဆိုကြသံများကိုလည်း ကြားရလေ၏။

အတန်ကြာသောအခါ၊ ခင်ခင်ကြီး၏လက်ကို ဖျစ်လိုက်မြင့်၍ ခင်ခင်ကြီးသည် ခင်စောမယ်ကို ကြည့်လိုက်ရာ ခင်စောမယ်၏ မျက်စိတို့တွင် မျက်ရည်တွေဝဲလျက် သူနာခဲ့သို့ ညှိုးမြှန်းသော နှုတ်ခမ်းကလေးကို ကျပ်တည်းစွာစိ၍၊ အံသွားကိုက်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေ၏။

ထိုအခါ ခင်ခင်ကြီးက "ခင်စောမယ်၊ ဘာဖြစ်လို့တုန်း"

ခင်စောမယ်။ ။"ကြည့်ပါဦး။ မမကြီးရဲ့။ ဒီအကောင်မဟာ အသယ်တော်ပါ။ သူ့ တူမ မဟုတ်ပါဘူး။ သူ့လည်မှာ ဆွဲထားတဲ့ ဘယက်ဟာ ကျွန်မ ပစ္စည်းပါ။ သူတို့ ဘယ်က ရတယ်မသိဘူး။ ကျွန်မ ပစ္စည်း။ သူနဲ့ မတန်ပါဘူး" ဟု ဆို၍၊ ယခင် မိန်းမပျို ကိုလှမ်းပြီးလျှင် "ရှင့်လည်က ဘယက်ခွက် ဘယ်ကရသလဲ" ဟု မေးသောအခါ၊ မိန်းမပျိုက ပြုံးလျက်၊ "ကျွန်မ ရွှေပန်းထိမ်မှာ လုပ်တာပါ"

ခင်စောမယ်။ ။ "ညည်း မှန်မှန်ပြော၊ အသယ်တော်က ရွှေပန်းထိမ်မှာ လုပ်တယ်ဆိုတာ ဘယ်သူ ယုံမလဲ၊ ဒီဟာ ငါ့ဥစ္စာ၊ ညည်း ဘယ်က ခိုးလာသလဲ" ဟု ရုတ်တရက် ဒေါသထွက်ပြီးလျှင်၊ သူခိုးစွဲသောအခါ၊ တဲထဲရှိ လူအားလုံးတို့သည်၊ များစွာ အံ့အား သင့်လျက်၊ ခင်စောမယ်ကို စိုက်၍ကြည့်နေကြလေ၏။ ခင်စောမယ် လည်း ဆက်၍၊ "ဒီ ဘယက်ခွက်ဟာ ကျွန်မတို့ ဖေဖေ အဝကို လာတုန်းက လုပ်လာတာ၊ ကျွန်မဥစ္စာ ဒေါင်းခွက်နဲ့ ကျွန်မ သေသေချာချာ မှတ်မိပါတယ်။ ကျွန်မ ဒီလာခါနီးတော့ မေ့ကျန်ရစ် ခဲ့တယ်။ ပေးပါ၊ ချွတ်ပါ" ဟုဆို၍၊ အတင်းလုပ်မည်လုပ်ရာ၊ သံအမတ်က ခင်စောမယ်အား၊ ပြင်းစွာတွန်းလိုက်သဖြင့် နောက်သို့ လဲသွားလေ၏။ ထိုတွင်မျှ မကသေးဘဲ၊ နောက်ထပ် လိုက်၍ ဖနောင့်နှင့်ပေါက်မည်အလုပ်တွင်၊ စစ်ကိုင်းမြို့စားက ၎င်းရှေ့သို့ ရုတ်တရက်ဝင်၍ ရပ်ပြီးလျှင်၊ "ဘာလဲ၊ ဘာလဲ" ဟုဆို၍ ကိုယ်ရှိန်သတ်ပြီးလျှင်၊ "တယ်စော်ကားတဲ့အကောင်မ၊ နင်တို့





ငါ့လက်ထဲက လွတ်သွားလို့နော်။ တစ်နေ့နေ့တော့ တွေ့ကြဦးမှာပဲ။ မှတ်နှင့်ဦး" ဟု ကြိမ်းမောင်းသွားလေ၏။

ထိုနောက် မောင်မောင်ကြီးက "ခင်ခင် မစောမယ်ကို အတွင်းဆောင်ထဲကို ခေါ်သွားစမ်းပါ။ ဟဲ့ အကောင်မတွေ ထူလိုက် ကြပါ။ လဲတော့မယ်။ ဟုတ်ပြီ။ ဟုတ်ပြီ နေပါဦးခင်ဗျား ဘာဖြစ် ကြတာတုန်း မင်းဘုရားရဲ့၊ တယ်ဒေါသကြီးတာကို၊ တစ်ဆိတ် ပြောစမ်းပါဦး"

သံအမတ်။ ။"မြို့စားမင်း မကြားဘူးလား။ ကျုပ် တူမ ကို ဒီအကောင်မက အသယ်တော်ကိုး သူခိုးကိုးနဲ့ လူကြားထဲမှာ စွတ်တာ အင်မတန်ရှက်ဖို့ ကောင်းတယ်"

မောင်မောင်ကြီး။ ။"သူ ပြောတာလဲ အဟုတ်သားဘဲ။ မင်းဘုရားကြီးရဲ့၊ မင်းဘုရားကြီး တူမက အသယ်တော်ပဲ၊ မနက် မောစောကြီး ရွှေမော်ဓော ဘုရားပေါ်မှာ တံမြက်စည်း လှဲနေတာ အမြင်သားပဲ။ အို၊ မဖုံးပါနဲ့။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တာပါ။ ဘယ်တုန်းက ဒီအသယ်တော်မနဲ့ မင်းဘုရားကြီးနဲ့ တူဝရီးတော် ဖူးကြသလဲ" ဟု ပြောသောအခါ သံအမတ်မှာ မျက်လုံးကြီးများ ပြူးလျက် စကားတစ်ခွန်းမှ မပြောဘဲ ဓားအိမ်မှ ဓားကို ချွတ်စ ရှိလေ၏။ ထိုအခြင်းအရာကို မောင်မောင်ကြီး မြင်သောအခါ၊ "အလို ဓားများ ပြင်ပါလို့လား။ တစ်ဆိတ် သည်းခံစမ်းပါဦး၊ ဓား တွေ မလိုသေးပါဘူး။ ကျွန်တော့် တဲထဲမှာ ဓားကိုင်တာကို ကျွန်တော် မကြိုက်ပါဘူး။ နားထောင်စမ်းပါဦး။ ဒီ ခင်စောမယ်ဟာ ခင်ဗျားဒုပ် အမတ်သမီး ဖြစ်ပါတယ်။ ခင်စောမယ်ရဲ့ ဘယက်ခွက်ကို အသယ် တော် သူတောင်းစား ဝတ်ထားတာကိုတော့ မနာ။ အသယ်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



သူခိုးခွဲတော့ နာတယ်။ ဒီလိုဖြင့် ခင်ဗျားက ခင်ဗျားအမျိုးမို့လို့ နာတာပေါ့။ အခု ခင်စောမယ်ကို ကျွန်တော် မွေးစားထားတယ်။ ကျွန်တော့်သမီးကို ခင်ဗျား စော်ကားတယ်။ ကျွန်တော့်သမီးကို အမျက်ရှိရင် ကျွန်တော်ကိုလုပ်ပါလား။ ခင်စောမယ်က မိန်းမသား ဖြစ်တယ်။ မိန်းမသားကို နှိပ်စက်လို့ ဘာထူးတုန်း" ဟု ခပ်တည်တည်နှင့်ပင် ပြောပြလေ၏။

ထိုအခါ သံအမတ်က "မြို့စားသမီးကို ကျုပ် တွန်းမိလို့ နာရင်လည်း နာပါတော့။ လက်စားချေချင်ရင်လည်း ချေနိုင်ပါတယ်။ သတ္တိရှိရင် ဓားချင်းပြိုင်ခုတ်မလား" ဟု မေးသောအခါ၊ မောင်မောင်ကြီးသည် စစ်ကိုင်းမြို့စားအား ပြန်၍ကြည့်လေ၏။ စစ်ကိုင်းမြို့စားသည် ဘာမျှပြန်မပြောဘဲ လက်ထဲ၌ ဓားကိုကိုင်၍ အံကြိတ်ကာ ကြည့်၍နေလေ၏။ ထို့နောက်မှ "ကျွန်တော်နဲ့ ခုတ်စမ်းပါရစေ။ ဒီအကောင် စဉ်းပစ်ပါမယ်" ဟု ဆိုသောအခါ၊ မောင်မောင်ကြီးက "အသာနေ ကိစ္စမရှိဘူး" ဟု ဆို၍၊ သံအမတ်အား "ကိုင်း၊ ခင်ဗျားက ခုတ်ချင်ရင်လည်း ခုတ်နိုင်ပါတယ်။ ရက်ချိန်းဖို့ပါပဲ" ဟု ပြောပြီးလျှင်၊ အံစာတစ်ခုကိုယူ၍ "အခု၊ ခင်ဗျားနဲ့ ကျွန်တော် အံပစ်မယ်။ အပွင့်များရာလူက ရက်ချိန်းရမယ်။ နေရာလည်း ရွေးရမယ်။ သဘောကျရဲ့လား"

သံအမတ်။ ။ "ကောင်းပြီ။ မင်းအရင်ပစ်။ ပထမအကြိမ် ရက်ချိန်း" ဟု ဆိုသောအခါ၊ မောင်မောင်ကြီးသည် အံပစ်ရာ ငါးပွင့်ကျလေ၏။ ထို့နောက် သံအမတ်ပစ်ရာ အပွင့်နည်းသဖြင့် မောင်မောင်ကြီးက လပြည့်ကျော် ခြောက်ရက်၊ လထွက်သည့်အချိန်ကို ချိန်းလေ၏။ ထို့နောက် ဒုတိယအကြိမ် နေရာရွေးပစ်ကြပြန်ရာ၊





သံအမတ်က အပွင့်များသဖြင့် ဟံသာဝတီအနောက် ငါးတွင်းခန့်ကွာသော ငပိုးကျောက်တဲအနီး မြက်ခင်းသို့ နေရာ ရွေးလေ၏။

ထို့နောက် မောင်မောင်ကြီးက "ကောင်းပြီ။ လပြည့်ကျော် ခြောက်ရက်နေ့ လ,ထွက်ကို လာခဲ့ပါမယ်။ စိတ်သာချပါ။ တဲထဲက ထွက်ပါတော့" ဟု ဆိုသဖြင့် တဲပြင်သို့ ရောက်သောအခါ မိမိအဖော်အား "ကိုင်း ငါ့အကြံ အောင်ရော မဟုတ်လား။ မင့်ကို ငွေပေးသနားတော်မူမယ်။ ငါကြံရင် ဘုရင်တောင် မခံနိုင်ဘူးကွ" ဟု ဆို၍ ထွက်သွားကြလေ၏။

ခင်ခင်ကြီးသည် ငယ်ချစ်လင် မောင်မောင်ကြီးအား ဟံသာဝတီ သံအမတ် အကြံနှင့် လာ၍ ရန်စသွားသည်ကိုသိ၍၊ မောင်မောင်ကြီးအား ၎င်းတို့ကို အရေးမလုပ်ရန် တားချင်သော်လည်း လင်၏အလိုကို အစဉ်လိုက်တတ်သော ဘိန်ယာကောင်းတို့၏ စိတ်သဘောရှိရကား။ မပြောဘဲ ၎င်းတို့ ကြွေအံပစ်၍ သဘောတူခုံးဖြတ်နေကြသည်ကို ကြည့်၍နေလေ၏။

အိမ်တော်သို့ရောက်မှ မသွားပါမည့်အကြောင်း တားမည်ဟု ကြံသော်လည်း၊ မောင်မောင်ကြီးသည် ကြင်ယာတော်အား ဘုရားမှ အိမ်သို့ လိုက်ပို့ပြီးသည့်နောက် စစ်ကိုင်းမြို့စားနှင့် ထွက်သွားရာ ထိုနေ့ညတစ်ညလုံး မပေါ်လာသဖြင့် မပြောရဘဲ အတွင်းထွေးထွေး၍သာ နေရလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါလည်း ပွဲတော်အုပ်နှင့် ထိုင်၍စောင့်နေရာ၊ တစ်နေ့လုံး မပေါ်လာဘဲရှိလေ၏။ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် ယခင်ကလည်း ဤကဲ့သို့ အရေးရှိလျှင် ငယ်သားတပည့်များဖြင့် အိမ်သို့မပြန်ဘဲ လှိုဝေးသောအရပ်တွင် သွား၍ တိုင်ပင်စီစဉ်တတ်၏။ ကောင်းမွန်ငြိမ်သက်စွာ နေရသည့်အခါ၊ မယားဖြစ်သူ၏အနီးတွင် ချစ်ခင်ယုယစွာ ပြောဆိုနေထိုင်တတ်သော်လည်း ထိုကဲ့သို့ အရာပေါ်ပေါက်လာလျှင်၊ အိမ်သို့လည်း မလာ၊ အိမ်သို့လာပြန်၍ စကားမပြော၊ မေးမရ၊ ခေါ်မထူးဖြစ်၍ နေတတ်သည်ကိုသိ၏။ တစ်ခါတစ်ရံ ခင်ခင်ကြီးကိုပင် မေ့၍နေတတ်သော်လည်း၊ ခင်ခင်ကြီးသည် မိမိခင်ပွန်းအပေါ်တွင် "ငါ့အား ဂရုမစိုက်။ အကြံအဖန် အလုပ်အကိုင်ကို ငါ့ထက် ဂရုပြုသည်။ ငါ့ထက် ချစ်သည်" ဟု မည်သည့်အခါမျှ စိတ်မထားချေ။

ထိုကဲ့သို့ တစ်နေ့လုံးလုံး ကြံရာမရ စိတ်သောကရောက်လျက်၊ စောင့်စားမျှော်လင့်၍နေရာ ညနေတိုင်ရောက်သော်လည်း မပေါ်လာသဖြင့်၊ မိမိအား နှုတ်မျှမဆက်ဘဲနှင့် ဟံသာဝတီသို့ သွားလေပြီလားဟု တွေးမိလေ၏။ အနောက်သို့ ခေါင်းစကြာစောင်း၍ တောင်စွယ်တွင် ကွယ်သောအခါလည်း မရောက်လာသေးသဖြင့် အိပ်တော်ပြတင်းမှ လာနေကျလမ်းဆီသို့ မျှော်မှန်းလျက်ကြည့်နေရာ၊ အတန်ကြာသောအခါ မောင်မောင်ကြီးနှင့် စစ်ကိုင်းမြို့စားတို့သည် အဝေးမှ အိမ်ဆီသို့ လာနေသည်ကို မြင်ရလေ၏။ ထိုမှ စိတ်အနည်းငယ် အေးလာလေ၏။

အိမ်ပေါ်သို့ ရောက်သောအခါ၊ ခင်ခင်ကြီးက "မောင်မောင် တစ်နေ့လုံး ဘယ်များသွားနေတာတုန်း။ မနက်တုန်းကလည်း ပွဲတော်အုပ်နဲ့ စောင့်လိုက်ရတာ ခင်ခင့်ကို အတော်ဆာလို့ စားလိုက်ရတယ်"

မောင်မောင်ကြီး။ ။ "အို၊ ခင်ခင်က မောင်မောင် ကိစ္စ





ကို အသိသားနဲ့ မေးမနေပါနဲ့တော့။ မောင်မောင် အခုည ထွက်တော့မလို့"

ခင်ခင်ကြီး။ ။ "မောင်မောင်၊ ဒီတစ်ခါတော့ ခင်ခင် သဘောမတူနိုင်ဘူး။ တားပါရစေ။ ဒီအမတ်ဟာ မောင်မောင်ကို သေကြောင်း ကြံနေတယ်ဆိုတာ အသိသားနဲ့။ တိုးပြီး မသွားပါနဲ့ မောင်မောင်ရယ်။ ဒီတစ်ခါ ခင်ခင်ကြီး ပြောတဲ့စကားကို နားထောင်မေးပါ"

မောင်မောင်ကြီး။ ။ "မတားပါနဲ့၊ ခင်ခင်ရယ်။ သွားပါရစေ။ မောင်မောင် ဒီတစ်ခါမှ မသွားရင်၊ ဟံသာဝတီက လူတွေက မောင်မောင်ကို သူရဲဘောနည်းတယ် ထင်နေကြပါမယ်။ "ဒီတစ်ခါ ရွှေစားဝိုလ် ဟံသာဝတီအမတ်ကို ကြောက်သွားရပြီ" လို့ အတိုင်းတိုင်း အပြည်ပြည်က ကဲ့ရဲ့နေကြမယ်။ မသွားရင် မဖြစ်ဘူး ခင်ခင်ရဲ့"

ခင်ခင်ကြီး။ ။ "အမယ်လေး၊ မောင်မောင်ရယ်။ နာမည်ပျက်မှာ မစိုးရိမ်ပါနဲ့။ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပါပဲ။ သူတို့ ကဲ့ရဲ့နိုင်ရင် ခုနစ်ရက်ပါပဲ။ ကိစ္စမရှိပါဘူး။ ဒီလောက် နာမည်ပျက်ရုံနဲ့ မောင်မောင့်မှာ ဘာမှ ပျက်စီးသွားတာ မဟုတ်ပါဘူး"

မောင်မောင်ကြီး။ ။ "ဪ၊ ခင်ခင်ရဲ့။ မင်း မသိဘူး။ မောင်မောင် ဒီတစ်ခါ မသွားရင် ဒုက္ခရောက်ကုန်လိမ့်မယ်။ အရှက်နဲ့ လူလုပ်တာ။ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး"

ခင်ခင်ကြီး။ ။ "ဒါဖြင့် ခင်ခင့်ကို မောင်မောင် အရှက်လောက် မချစ်ဘူးပေါ့လေ"

မောင်မောင်ကြီး။ ။ "အို၊ ခင်ခင်။ ခင်ခင့်ကို မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချစ်တယ်ဆိုတာ အခုထက်တိုင် မသိသေးဘူးလား။ မပြောပါရစေနဲ့တော့။ ကိုင်း၊ ခွင့်သာပေးပါတော့။ လှေထွက်ခါနီးပြီ”

ခင်ခင်ကြီး။ ။ “စိတ်မချလို့ပါ၊ မောင်မောင်ရယ်”

မောင်မောင်ကြီး။ ။ “အို၊ ဘာမှ စိတ်မချစရာ မရှိပါဘူး။ သင်းတို့ မောင်မောင့်ကို လက်ဖျားနဲ့မှ မတို့ရပါဘူး။ စိတ်သာချနေရစ်ပါ။ ကိစ္စပြီးတော့ မောင်မောင် ဆက်ဆက်ကြီး ပြန်ခဲ့ပါမယ်။ ကိုင်း၊ သွားတော့မယ် ခင်ခင်”

ခင်ခင်ကြီး။ ။ (မျက်ရည်တွေ လည်ချက်) “သွားတော့ မောင်မောင်ရယ်။ ခင်ခင် ဆုတောင်းနေပါ့မယ်” ဟု ပြောလိုက်သဖြင့်၊ မောင်မောင်ကြီးနှင့် စစ်ကိုင်းမြို့စားတို့သည် အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းသွားကြလေ၏။

ခင်ခင်ကြီးသည် ယခုအခါ မောင်မောင်ကြီး သွားတော့မယ်။ သံနှုတ်ဆက်ချပြီး ဖြစ်၍ တားရတော့မည် မဟုတ်ဟု သိသဖြင့်၊ နောက်ထပ် မဆီးတားဝံ့ဘဲ သူ့အလိုသို့ လိုက်ရလေ၏။ သူ့လောက် မချစ်လို့သာ ဤကဲ့သို့သွားသည်။ ချစ်လျှင် ဤမျှလောက် တားလျက်နှင့် သွားရက်မည်မဟုတ်ဟု တွေးတောမိလေ၏။

သို့သော်လည်း ငယ်ချစ်လင်၏ သဘောကို ကောင်းစွာသိ၏။ ဟံသာဝတီတွင် အခါပေါင်းများစွာ လိမ်လည်လှည့်ဖြား၍ လွတ်လာခဲ့သော်လည်း၊ ယခုအခါမှုကား၊ သေချာစွာ စီစဉ်ထားသဖြင့် လွတ်ဖို့ရန် ခဲယဉ်းပေ၏။ သို့သော် မောင်မောင်ကြီးမှာ အခြားသူတထူးနှင့်မတူ။ အကြံအစည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၏။ ဟံသာဝတီသားမကြ ရာမညတိုင်း သုံးရပ်ပါ ဝိုင်း၍ဖမ်းသော်လည်း မိနိုင်မည် မဟုတ်ချေ။ လုစွမ်းကောင်းတိုင်းလည်း ကံကောင်းသည်





မဟုတ်ချေ။ ရှေးမြန်မာ ရာဇဝင်တွင် ဗျတ်ဝိနှင့် ဗျတ္တညီနောင် အစရှိသော လုစွမ်းကောင်းကြီးများပင် ကံကြမ္မာအလှည့်မသင့်သည့် အခိုက်၌ လက်လျှော့၍ သေပွဲဝင်ရကုန်၏။

ယခု မောင်မောင်ကြီးမှာ ၎င်းတို့ကဲ့သို့ ဓော်ဂျီဖိုဝင်စားသား စားရသည်မဟုတ်။ သတ္တိနှင့် သတိဆောင်၍သာ ဤမျှလောက် ခံရသည်။ ကံမကောင်း၍ ကြမ္မာပြောင်းနေသည့်-အခိုက်အခါနှင့် တွေ့ပါက၊ အသို့ လွတ်မြောက်နိုင်ပါအံ့နည်းဟု စိတ်တွင် တွေးတော၍ မောင်မောင်ကြီး အဝမြို့က ထွက်ခွာသည့်နေ့ကစ၍ တစ်ခဏ အေးရသည် မရှိချေ။

၅

“ဘယ့်နယ် အမတ်ကြီး။ အကြံအောင်ခဲ့ရဲ့လား”

“အရွေတော်၊ ကျုပ် သုံးခါမကြံရပါဘူး။ အောင်ပါစေမယ် ဆို သစ္စာပြုမသွားဘူးလား။ ကျုပ်ကြံရင် စကြဝဠာတောင် ခံနိုင်မယ် မဟုတ်ဘူး” ဟု သံအမတ်က ပြုံးလျက် ပြောပြီးလျှင်၊ မြို့ဝန် ညွှန်ကြားသော စံနေသော ရွှေနန်းတော်အဆောင်သို့ ဝင်လာလေ၏။

ထိုအချိန်တွင် နံနက်အခါဖြစ်၍၊ အဆောင်တစ်ခုလုံး၌ ထင်နေ၏။ သံအမတ်သည် လွန်ခဲ့သောညက ဟံသာဝတီသို့ ပြန်ရောက်ရှိ၍၊ မိမိအကြံ အောင်ခဲ့ကြောင်းကို မြို့ဝန် ဗညားဓောအား ပြောလိုသော အာသာဆန္ဒက ကြီးလှသဖြင့် တစ်ညလုံး မအိပ်နိုင်ဘဲ၊ လင်းမည်ကို စောင့်၍နေခဲ့၏။ မိုးလင်းလျှင်လင်းချင်း သားမယား ကို နှုတ်မဆက်နိုင်ပဲ၊ နန်းတော်ကြီးသို့ အပြေးဝင်လာခဲ့ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့ဝန် ဗညားဓော့က "ကျုပ် အထင်သားပဲ။ ဒါကြောင့် မြည်ကြီးမဏ္ဍိုင်၊ ပြည်ကြီးရှေ့ဆောင်လို့ ခေါ်ရပေတာပဲ။ ဘယ့်နှယ့်လဲ အောင်ခဲ့ပုံကို လင်းစမ်းပါဦး"

သံအမတ်။ ။ "အို၊ အထူးလင်းနေစရာ မရှိပါဘူး။ ရွှေစားဗိုလ် လပြည့်ကျော် ခြောက်ရက်နေ့မှာ ငဖိုးကျောက်တဲကို ရောက်လာပါလိမ့်မယ်။ စစ်သည် တပ်သားတွေနဲ့ ဝိုင်းဖမ်းလို့ ရမှာမဟုတ်ဘူး"

ဗညားဓော့။ ။ "နို့ ဘယ့်နှယ့်ကြံမလဲ"

သံအမတ်။ ။ "မခက်ပါဘူး အဆွေတော်။ ကျုပ် ပြောပြမယ် နားထောင်။ ယခု ရွှေစားဗိုလ်လာရင် သူ့မယားက စိတ်ချမှာ မဟုတ်ဘူး။ အရင်တစ်ခါကလည်း လိုက်လာတယ်။ သူ့မယား ကြောင့် လွတ်သွားတယ်။ ဒီတော့ရင် ရွှေစားဗိုလ်က ရေးတဲ့အဖြစ်နဲ့ "လိုက်လာခဲ့" ရေးရင် လိုက်လာမှာပဲ။ ဒီတော့ ဖမ်းချုပ်ပြီး ရွှေစားဗိုလ် အမိခံမှ လွတ်မယ်လို့ ကြော်ငြာရမယ်။ သင်း ဘယ်နည်းနဲ့မှ နေနိုင်မှာ မဟုတ်ဘူး"

ဗညားဓော့။ ။ "သူ့ကို မိပြီဆိုပါတော့။ ဘယ့်နှယ့်လုပ်စီရင်မလဲ"

သံအမတ်။ ။ "နားထောင်ဦး၊ အဆွေတော်။ တစ်ခု လိုသေးတယ်။ ကျုပ်တို့က ဖမ်းရလို့ သတ်ပစ်ရင်၊ သူ့အရှင် အဝ ဘုရင်က ခံမှာမဟုတ်ဘူး။ အမျက်တော် ထွက်ပြီး၊ ဟံသာဝတီကို တိုက်မှာ စိုးရတယ်။ ဒီတော့ သစ္စာရေ သောက်ရမယ်ဆိုပြီး အဆိပ်ရေကို တိုက်လွှတ်ရမယ်။ အဆိပ်ကလည်း သောက်လျှင် သောက်ချင်း မသေရဘူး။ ဆယ်ရက်လောက် ခံရမယ်။ သို့မှ





အဝမှာ သေမှာကို။ ဒီတော့ ကျုပ်တို့ အပြစ်ကင်းရော မဟုတ်ဘူးလား"

ဗညားဓော့။ ။ "ကျုပ်ကတော့ လေးပေါင် လေးလက် ချက်ချင်တာပါဘဲ။ ဘယ်လိုဖြစ်ဖြစ်"

သံအမတ်။ ။ "အို၊ ဒီလောက်ပဲ ဒေါသ မထားနဲ့လေ။ သင်း ကျုပ်တို့အကြံနဲ့သေရင် အေးတာပေါ့။ သင်း သေတယ်ဆိုရင် စိတ်မကျေနပ်ဘူးလား။ ကိုင်း၊ ကျုပ်ရှိပြီ။ စိတ်သာချပေတော့။ ဒီတစ်ခါတော့ မလွတ်ဘူး" ဟုဆို၍ အဆောင်တော်မှ ထွက်သွားလေ၏။

ခင်ခင်ကြီးသည် ယခင်က ပြောခဲ့သည့်အတိုင်း မောင်မောင်ကြီး တောင် ထွက်ခွာသွားသည့်နေ့ကစ၍ စိတ်ထဲ၌ အလိုလို ထိတ်လျက် အိပ်နိုင် မစားနိုင် ဖြစ်ပြီးလျှင် သောအန္တရာယ်အထဲသို့ တိုးဝင်သွား ရသော ငယ်ချစ်လင်ကို သောမခ ရန်မသီရအောင် နေ့စဉ်ရက်ဆက် ဖျက်မကွက်ဘဲ သက်စေဆွမ်းလောင်းခြင်း၊ ဆီမီးပူဇော်ခြင်း၊ ပန်းမီး ပူဇော်ခြင်း၊ ပန်းအမွှေးနံ့သာမှစ၍ စိတ်ကူးရတိုင်း ပြုလုပ်လျက် နေလေ၏။ အိပ်မက်တို့လည်း ကယောင်ချောက်ချား မြင်မက်လေ၏။ ထို့ကြောင့် ပုဏ္ဏားကျော်တို့ကို မေးသောအခါ ပုဏ္ဏားတို့က အိမ်ရာ နေရာ မသိုးမသန့်၍မက်သည်။ စိတ်ချောက်ချား၍ မက်သည့် အသည်ဖြင့် ဟောပြောလေ၏။

တစ်နေ့သ၌ ခင်ခင်ကြီးသည် စားတော်ခေါ်နေစဉ် စာတစ် စောင် ရောက်လာလေ၏။ ၎င်းစာကို ထုတ်ထားသော ကတ္တီပါအိတ်နှင့် ချိပ်ခတ်ဆိပ်တို့မှာ မောင်မောင်ကြီးသုံးသော ပစ္စည်းများဖြစ်၍ များစွာ ထိတ်လန့်လေ၏။ ကတ္တီပါအိတ်ကို ဖောက်လိုက်သောအခါလည်း အထဲမှ မြတ်လေးပန်းပွင့်ကလေးတစ်ခု ကျလာ၍ ညှိုစာမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးထံမှ ဖြစ်ကြောင်းကို ကောင်းစွာသိရလေ၏။

စာထဲတွင်ပါလာသည်ကား–

မောင်မောင် စာအားဖြင့် မှာကြားလိုက်ပါသည် ခင်ခင်။ မောင်မောင်သည်၊ ခင်ခင် ပို့သပ်သော မေတ္တာကြောင့်၊ ဟံသာဝတီသို့ ခလုတ်မထိ ဆူးမငြိဘဲရောက်ပါသည်။ ဟံသာဝတီကိုရောက်၍ ၊ မကြာမီပင် အဖျားရောဂါ ကပ်ရောက်သဖြင့် အသည်းအသန် ခံနေရပါ၍ ဤစာကိုရလျှင်ရခြင်း တစ်နေ့မှ မဆိုင်းဘဲ ဟံသာဝတီသို့လိုက်လာခဲ့ပါ ခင်ခင်။ မောင်မောင့်မှာ နေ့ ကံကုန်မည် ၊ ည ကံကုန်မည် မသိရသောဘဝကြောင့် ဘဝတစ်ပါး ပြောင်းမသွားမီ ခင်ခင်ကို မှာကြားခဲ့ချင်ပါသေးပါသည်။ ဆက်ဆက် လာခဲ့ပါ။

"မောင်မောင်ကြီး"

ဟု ပါလာသဖြင့် ခင်ခင်ကြီးမှာ ရုတ်တရက် အလွန်စိတ်ဆိုးလျက် "အဲ၊ ကောင်းတယ်။ အခု အခါမှ တယ်မယားကို တ,တယ်။ မလုပ်ထိမှ အမိ။ ဒုက္ခရောက်မှ အမယ်လေး ခင်ခင့်ရဲ့ တွေ့ချင်တယ်၊ စကားပြောချင်တယ်တဲ့။ မသွားခင်တုန်းကတော့ ဒီက မယားမှာဖြင့် တားလိုက်ရတာလေ။ နည်းနည်းမှ အလေးမမူဘူး၊ ကောင်းတယ်။ အခုတော့ ဒုက္ခတွေ့နေပြီ" ဟု တစ်ယောက်တည်း ဆိုမိ၏။

သို့သော်လည်း ဟံသာဝတီပြည်မှာ ရန်သူတွေ အလယ်တွင် ထိုကဲ့သို့ ရောဂါဖိစီး နှိပ်စက်နေလျှင်၊ အတောင်ကျိုးသော ငှက်ကဲ့သို့လည်းကောင်း၊ ခြေနာသော ချေငယ်ကဲ့သို့လည်းကောင်း၊ မောင်မောင်ကြီးသည် အမှန် ရန်သူတို့ လက်တွင်းသို့ ကျရချေတော့





မည်ဟု တွေးမိသောအခါ၊ အသည်းနှလုံးလောင်ကျွမ်းမျှ ပူဆွေးသောက ဗျာပါဒများရကား၊ ယခုပင် မောင်မောင်ကြီးတို့အနီးသို့ ရောက်လိုသော ဆန္ဒ ပေါ်ပေါက်လာ၏။ ထို့ကြောင့် စားတော်ခေါ်၍မျှ မဝသေးမီ အနီးရှိ လှာတော်ကိုဆွဲ၍ ခေါင်းပေါ်တင်ပြီးလျှင်၊အထက်မှ နေမင်းသည် အလွန်ပူသည်ကိုမှ မသိဘဲ၊ စစ်ကိုင်းမြို့စား အိမ်သို့ တစ်ယောက်တည်း သွားရောက်လေ၏။

စစ်ကိုင်းမြို့စားသည် ဟံသာဝတီသို့လိုက်သွား၍ အိမ်တော်၌ မရှိဟု ပြောလိုက်သဖြင့် စလေမြို့စားအိမ်သို့ သွားပြန်ရာ၊ ထိုနည်းလည်းကောင်းပင် ပြောကြားလိုက်သဖြင့်၊ ဟံသာဝတီသို့ လိုက်၍ပို့ရန် အဖေါ်မရှိဘဲ ဖြစ်၍နေလေ၏။

အလျင် ဟံသာဝတီကိုသွားလျှင်၊ မောင်မောင်ကြီးသည် တစ်ယောက်တည်းသော်လည်း သွားတတ်၏။ သို့မဟုတ် တပည့်တစ်ယောက်သာ အဖေါ်ခေါ်မြဲ ဖြစ်၏။ ယခုမူကား တပည့်နှစ်ယောက်စလုံးကို ခေါ်သွားသဖြင့် ယခုအခါ အရေးမှာ အရင်ကထက် အဆပေါင်းများစွာ ကြီးပေလိမ့်မည်ဟု တွေးထင်မိလေ၏။

ထို့နောက်မှ ရသမျှသော လှေသားတို့ကို ငှားပြီးလျှင် အိမ်တွင် ခိုင်းစေထားသော မိလှဆိုသူကိုခေါ်၍ အပြင်းစုန်ခဲ့လေ၏။ မည်သည့်ကမ်း၊ မည်သည့်ဆိပ်ကိုမျှ မဝင်ခဲ့ဘဲ တစ်လျှောက်တည်း မျှောခဲ့ရာ ရက်အနည်းငယ်အတွင်း၊ တစ်နေ့သော ညနေခင်းတွင် ဟံသာဝတီမြို့ကြီးနှင့် မနီးမဝေးသောအရပ်တွင် ဆိုက်လေ၏။

ထို့နောက် ခင်ခင်ကြီးသည် လက်ဝတ်လက်စားများ ချွတ်၍ လှေထဲတွင်ထားပြီးလျှင်၊ ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်လျက် လှေသမားတို့အား "ယခု ဒီနေရာမှာပဲ စောင့်နေကြ[illegible]၊ အမိန့်မရဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုမှ မသွားကြနဲ့။ ကမ်းပေါ်ကိုလည်းမတက်နဲ့။ ဘယ်က လှေလဲလို့မေးရင် အထက်ကလို့မေးရင် အထက်ကလို့ မပြောကြနဲ့။ ညောင်တုန်းက ငါးပိ တင်လာတယ်ပြော" ဟု စုလင်အောင် မှာထားခဲ့ပြီးလျှင်၊ မြို့ဆီသို့ ဘိနပ်မပါဘဲ မျက်နှာကို လုံအောင်ဖုံးလျက် ထွက်သွားလေ၏။

မြို့တံခါးအနီးသို့ ရောက်သောအခါ ဟံသာဝတီတပ်တစ်တပ် ကို မြင်သဖြင့်၊ ခေတ္တ ပုန်းကွယ်နေအံ့ဟု ကြံမိသော်လည်း၊ မကြာမီ မြို့တံခါးပိတ်တော့မည်ဖြစ်၍၊ နှောင့်နှေးကြန့်ကြာ၍ မနေဝံ့ဘဲ မျက်နှာကိုသာ လုံအောင်ဖုံး၍ အမှတ်မဲ့ မြို့တံခါးသို့ဝင်လေ၏။ စစ်သားတို့လည်း မိမိကိုမျှ မကြည့်ဘဲ အချင်းချင်း စကားပြောနေ ကြသဖြင့် ခင်ခင်ကြီးသည် အဆီးအတားမရှိဘဲ ဝင်သွားလေ၏။

သို့သော်လည်း မြို့ထဲသို့ သုံးလှမ်းမျှမရောက်လျှင် နောက်က "တစ်ဆိတ်ရပ်ပါဦး ခင်ဗျာ" ဟု ကြားလိုက်ရသဖြင့် လှည့်ကြည့် လိုက်ရာ၊ တပ်မှူးစောညန်ကို တွေ့လေ၏။ တပ်မှူးလည်း "ခင်ဗျား မင်းတုန်း မြို့စားကတော်၊ ခင်ခင်ကြီး မဟုတ်လား" ဟု မေးသောအခါ၊ ခင်ခင်ကြီးမှာ များစွာထိတ်လန့်လျက်၊ ကွယ်ဝှက်မည်ကြံသော်လည်း မထူးမည်ကိုသိ၍၊ "ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

တပ်မှူး။ ။ "သံအမတ် အမိန့်တော်နဲ့ လာကြိုနေရပါ တယ်၊ မြို့စားကတော်များ လာရင်၊ သံအမတ်က နန်းတော်ကြီးကို ခေါ်ခဲ့ရမယ်လို့ ပြောပါတယ်"

ခင်ခင်ကြီး။ ။ "အို၊ ကျွန်မ သူ့ဆီကို လာတာမှ မဟုတ် တာပဲ မောင်"

တပ်မှူး။ ။ "မောင်မောင်ကြီး ဆီကိုပါ၊ ကျွန်တော်





သိပါတယ်။ အခု မြို့စား နန်းတော်ထဲမှာ ရှိပါတယ်။ သူ မမာလို့ သံအမတ်က ကြည့်ရှုထားရပါတယ်" ဟု ဆိုသောအခါ၊ ကြားရ သောသတင်းမှာ ယုံကြည်ဖွယ် ယုတ္တိမရှိသဖြင့်၊ မည်သည့်နည်း နှင့်မဆို၊ လှည့်စားချေပြီဟု ရိပ်မိသဖြင့်၊ ခင်ခင်ကြီးမှာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်လှုပ်လေ၏။

ထိုအချင်းအရာကို တပ်မှူးမြင်သောအခါ၊ "အို၊ ဘာမှ မယုံ ကြည်စရာ မရှိပါဘူး။ ဟုတ်ပါတယ်။ ကျွန်တော် ကိုယ်တိုင် ကြည့်ရှုနေရတာပါ"

ခင်ခင်ကြီး။ ။ "နန်းတော်ကြီးကို ကျွန်မ မလိုက်ချင်ဘူး"

တပ်မှူး။ ။ "ကျွန်တော် ပြောတဲ့စကားကို မသိကြဘူး ဆင်တယ်။ သူ့သော် သက်သာသည်ဖြစ်စေ၊ မသက်သာသည်ဖြစ်စေ၊ မလိုက်ဘဲ မနေရဘူး။ အမိန့်တော်ရှိတယ်" ဟု ဆိုသောအခါ ခင်ခင်ကြီးမှာ ကြံရာမရ ရှိလေ၏။

မောင်မောင်ကြီးနှင့် သံအမတ်တို့မှာ ရန်သူကြီးများ ဖြစ်ကြ၏။ ယခုလည်း သံအမတ်က မောင်မောင်ကြီး မကျန်းမမာဖြစ်သည်ကို နန်းတော်ကြီး၌ ကြည့်ရှုစောင့်မနေသည် ဆိုသည်မှာ၊ အလွန်ပင် ကွဲလွဲသဖြင့်၊ ယုံကြည်ဖွယ်ရာ တစ်စိုးတစ်စိမျှ မရှိချေ။ အကယ်၍ မောင်မောင်ကြီးသည် နန်းတော်ကြီး၌ အမှန်ရှိခဲ့ပါမူ၊ မည်သည့်နည်း နှင့်မဆို သံအမတ်လက်တွင်းသို့ ကျချေပြီဟု အနည်းငယ်မျှ ယုံမှားသံသယ ရှိဖွယ် မဟုတ်ချေ။ အကယ်၍ ယခု နန်းတော်သို့ မလိုက်လိုဟု ငြင်းလျှင်၊ မောင်မောင်ကြီးကို မည်သည့်နေရာတွင် ရှာတွေ့ရပါအံ့နည်း။ ထို့ကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ ကံသာလျှင် အမိ ကံသာလျှင် အဖ၊ ကံပစ်ချရာသို့ ရောက်စေတော့ဟု ကံကိုယုံ၍၊



www.burmeseclassic.com

www.burmeseclassic.com



ချာလုံတို့နှင်းရန် ကြပြီးလျှင်၊ “အမိန့်တော်ရှိရင်လည်း လိုက်ပါ့မယ်။ ကြွတော်မူပါ” ဟု ဆိုလေ၏။ ထိုအခါ တပ်မှူးလည်း တပ်သားတို့အား လှည့်လိုက်ရာ၊ တပ်သားတို့သည် ရုတ်တရက် ဓားလွှတ်ကိုင်လျက်၊ ဝဲယာနှစ်ဖက် ဝိုင်းလာကြ၍ ခင်ခင်ကြီးမှာ သာ၍ပင် ထိတ်လန့်လေ၏။ ထိုနောက်မှ နန်းတော်ဆီသို့ ထွက်ခွာသွားကြရာ၊ လမ်းတွင် လူတို့သည် မှာစ်စုံတစ်ခု ထူးဆန်း၍ ကြည့်ရှုဖွယ်ကဲ့သို့ ဝိုင်းဝန်းကြည့်ရှုကြလေ၏။

အတန်ကြာသောအခါ၊ နန်းတော်သို့ရောက်၍၊ တပ်မှူးသည် တပ်သားများအား ဝိုင်းဝန်းနေရာမှ ခွဲစေလျက်၊ “ကြွတော်မူပါ၊ ကြွတော်မူပါ” ဟု ဆို၍ အဆောင်များကို ဖြတ်ပြီးလျှင် ခေါ်သွားလေ၏။ အခန်းတစ်ခုသို့ ရောက်သောအခါ၊ တပ်မှူးက “ဒီအဆောင်ပါပဲ၊ ဝင်သာသွားပါ” ဟု ဆို၍ ဝင်သွားရာ အခန်းတိုင်း၌ မည်သူမျှမရှိ ဖြစ်နေကြောင်းကို တွေ့ရလေ၏။

အခန်းဖုတ်လည်း၌ ကြည့်သောအခါလည်း ပျက်စီးနေသော သလွန်တော်တစ်ခုသာ ရှိကြောင်းကို တွေ့ရလေ၏။ ပြတင်းပေါက်တို့တွင်လည်း မှန်များသည် ကွဲလျက်၊ အချို့နေရာများ၌သာ ရွှေအနည်းငယ်ရှိသည်ကို တွေ့မြင်ရလေ၏။ ခင်ခင်ကြီးသည် ငယ်စဉ်အခါက အဘဖြစ်သူ အမတ်ကြီးနှင့် နန်းတော်သို့ လိုက်ပါလာ၍၊ နန်းတော်သူ၊ နန်းတော်သားများနှင့် ကစားရသဖြင့် ထိုအဆောင်သို့ ရောက်ဖူးသောကြောင့် အလျင်က အလွန်လှပ၍ ယခုအခါ ပျက်စီးယိုယွင်းနေသည်ကို မြင်ရသောအခါ များစွာပင် စမ်းနည်းမိလေ၏။

ထိုနောက်မှ အခြားအဆောင်တွင် ခြေသံများ ကြားပြီးလျှင် အတန်ကြာကာလ မိမိရှေ့တွင် ဟံသာဝတီ သံအမတ် ရောက်လာ၍၊





မြင်လျှင်မြင်ခြင်း များစွာထိတ်လန့် တုန်လှုပ်လေ၏။

သံအမတ်လည်း ပြုံးလျက် “အလို၊ ခင်ခင်ကြီး ရောက်လာခဲ့ပြီလား။ ဟိုဘက်က သလွန်တော်ပေါ်မှာ ထိုင်ပါ”

ခင်ခင်ကြီး။ ။ “ကိစ္စမရှိပါဘူးရှင်။ မထိုင်ပါဘူး။ ဒီကပဲ နေပါ့မယ်”

သံအမတ်။ ။ “အို၊ ဘယ့်နှယ့် ရပ်နေရမှာတုန်း။ ဪ သလွန်က ပျက်နေလို့လား။ ခဏနေပါဦး” ဟု ဆို၍ ပြန်ထွက်သွားပြီးလျှင်၊ အတန်ကြာကာလ ကော်ဇောကြီးများကို ကိုယ်တိုင်ယူလာ၍ ခင်းပေးလေ၏။

ခင်ခင်ကြီးသည် ကော်ဇောပေါ်တွင် ထိုင်မိသောအခါ သံအမတ်က “ခင်ခင်ကြီး ပေးလိုက်တဲ့စာကို ရရဲ့လား”

ခင်ခင်ကြီး။ ။ “ရပါတယ်။ အခု မောင်မောင် ဘယ်မှာလဲ”

သံအမတ်။ ။ “ခင်ခင်ကြီး မောင်မောင် ဘယ်နေမှန်း ဘယ်သိမလဲ။ ကျုပ်နဲ့ ဓားချင်းပြိုင်ဆိုင်ပြီး ခုတ်ရအောင် ဓားသွေးနေမှာပေါ့”

ခင်ခင်ကြီး။ ။ (မျက်နှာများပျက်လျက်) “ဒီဟာဖြင့်၊ ဟိုစာဟာ လိမ်ပေးလိုက်တဲ့ စာပေါ့လေ”

သံအမတ်။ ။ “ဟုတ်ပါတယ်။ အို၊ ဘာမှ ကြောက်စရာမရှိပါဘူး။ ခင်ခင်ကြီးကို လိမ်ခေါ်မိတာလည်း သည်းခံပါ။ တစ်ဆိတ်နားထောင်စမ်းပါဦး”

ခင်ခင်ကြီး။ ။ “အို ရှင်။ ရှင်ပြောတာတွေ နားထောင်ရအောင်လာတာ မဟုတ်ပါဘူး။ မောင်မောင်နဲ့ တွေ့ရအောင်လာတာပါ”



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်။ ။ "တစ်ဆိတ်ကလေး နေစမ်းပါဦး။ နောက်မှ သွားချင်ရင်လည်း သွားရပါတယ်။ မကြာရပါဘူး။ ခင်ခင်ကြီး သွားနေဖို့ မလိုပါဘူး။ ဒီမှာ ရှိတယ်ဆိုရင် လာပါလိမ့်မယ်။ နားထောင်၊ အခု ခင်ခင်ကြီးသိတဲ့အတိုင်း ရွှေဘားဖိုလ်ဆိုတဲ့လူဟာ ကျုပ်တို့ ဟံသာဝတီမှာ ရာဇဝတ်သင့်တဲ့ လူတွေကို ခိုးပြေးတယ်။ ဒါကြောင့် ဟံသာဝတီ အစိုးရများမှာ အင်မတန် ခက်နေကြတယ်။ တိုင်းသူပြည်သားအချို့တို့က ဟာ၊ တို့ရာဇဝတ်သင့်ရင် ရွှေဘားဖိုလ် ကယ်လိမ့်မယ်ဆိုပြီး ရွှေဘားဖိုလ်အတွက်နဲ့ တိုင်းပြည် မငြိမ်မသက် ဖြစ်ရတယ်။ ဒါကြောင့် နောက်တစ်ဖန် မဆိုင်ဘဲနဲ့ ဝင်ပြီး မနှောင့်ယှက်ရအောင် ရွှေဘားဖိုလ်ကို သစ္စာရေ သောက်စေချင်တယ်။ ကျုပ်တို့ ခေါ်လို့မရဘူး။ ခင်ခင်ကြီးရှိတယ်ဆိုမှ သင်း လာမယ်။ ဒါကြောင့် ခင်ခင်ကြီး သည်မှာ နေစေချင်တယ်။ အကယ်၍ ခင်ခင်ကြီး လွတ်သွားရင် ဟောဒီ ဟံသာဝတီမှာရှိတဲ့ သားဦးတွေကို အကုန်သတ်ပစ်လိမ့်မယ်လို့ ကြော်ငြာထားတယ်။ အခု ခင်ခင်ကြီး လွတ်သွားရင် သားဦးတွေ သေကုန်မှာပဲ။ ခင်ခင်ကြီးမသွားဘဲနေလို့ ရွှေဘားဖိုလ် သစ္စာရေသောက်ရင်လည်း အသက်ချမ်းသာမှာပဲ။ ခင်ခင်ကြီးတို့မှာတော့ တစ်စုံတစ်ရာ ပျက်စီးခြင်းရှိမှာ မဟုတ်ဘူး။ ကျန်ရစ်တဲ့ ပြည်သူပြည်သားတို့မှာ သေကျန်ရစ်မှာပဲ။ ဟော၊ နားထောင်" ဟု ပြောနေရင်းပင် မောင်းသမားသည် မောင်းကြီးကိုထုလျက် နန်းတော်အနီးတွင် အောက်ပါအတိုင်း မောင်းကြော်နေသည်ကို ကြားရလေ၏။

ကြော်ငြာပုံကား။ "တိုင်းသူပြည်သား လူအများတို့လေ။ ယခု ရွှေဘားဖိုလ်၏ ကြင်ယာတော် ခင်ခင်ကြီးသည် ဟံသာဝတီမြို့သို့ရောက်ရှိရာ ခင်ခင်ကြီး မလွတ်သာအောင် ဝိုင်းဝန်း ကြည့်ရှုရမည်။ အကယ်၍၊ ခင်ခင်ကြီး လွတ်သွားလျှင် နန်းတော်ကြီးက အာဏာတော်နှင့် သားဦးတို့ကို သတ်မည်အမိန့်တော်" ဟု ပြင်းစွာဟစ်၍ မောင်းကြီးကို ကျယ်စွာထုလျက်။ တောင်မြောက်လေးမါး လှည့်လည် ကြော်ငြာလေ၏။

ထိုအခြင်းအရာတို့ကို ခင်ခင်ကြီးကြားသောအခါ၊ စိတ်ထဲတွင် "သင်းတို့ပြည်သား သင်းတို့သတ်တာ၊ ငါတို့နဲ့ ဘာဆိုင်လို့လဲ။ ငါတို့ လင်မယား ချမ်းသာလျှင် ပြီးရော" ဟု တွေးတောမိသည်နှင့် တစ်ပြိုင်နက်၊ အပြစ်ကင်းသူ သားဦးတို့မှာ ပါးကွက်၏ဓားတွင် လည်ပြတ်ခံရခြင်း၊ မီးလောင်တိုက်သွင်းခံရခြင်း၊ ၎င်းတို့၏ မိဘဆွေမျိုးတို့မှာ အားကိုးရာမရ၊ သားတို့ကို ရက်စက်စွာ အပြစ်မရှိ သက်သက်မယ့် ရှေ့တွင် သတ်သောကြောင့် ပူဆွေးဒုက္ခ ရောက်ရခြင်းများတို့သည် စိတ်ထဲတွင် ပေါ်ပေါက်လာပြန်၍ ၎င်းတို့အား ကရုဏာကြီးစွာ သက်ရကား၊ မိမိအသက်ကိုပင် ၎င်းတို့အစား အသတ်ခံချင်သော ဆန္ဒသည် ပေါ်လာလေ၏။

အကယ်၍ ၎င်းတို့အား သနား၍နေပြန်လျှင်၊ မိမိနှင့် ငယ်ချစ်လင် မောင်မောင်ကြီးတို့မှာ ဒုက္ခရောက်မည်။ 'ကမ္ဘာမီးလောင် သားကောင်ခြေချနင်း'၊ 'ကိုယ်မှမချို အမိသော်လည်း သားတော်ခဲသည်' ဆိုသလို၊ မိမိအသက်ဘေးအတွက် ပြေးပြန်လျှင်လည်း များစွာသောသူတို့ ပျက်စီးတော့မည်။ "ရှေ့တိုးလည်း ထမ်းပိုးခဲ၊ နောက်ဆုတ်လည်း လှည်းတုတ်နဲ့"၊ 'စားရမှာကလည်း သဲနှင့်ရှုပ်၊ ပစ်ရမှာကလည်း အဆီနှင့်ရဲရဲ' ဆိုသလို ရှေ့လည်းမတိုးဝံ့။ နောက်လည်းမဆုတ်သာဘဲ ဝဲယာဝိုင်းလျက် လွတ်အောင်ဖို့ရာမမြင်။





ဝန်းသျှပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်သလောက် ရှိနေလေ၏။

ထိုအချိန်တွင် သူငယ်အိပ်ဆိတ် ကြက်တွန်ပြီး၍ အလွန်မှောင်လျက်ရှိ၏။ အထက်အာကာသ၌ မြူတိမ်ခြေရှင်းလျက် ကြယ်အပေါင်းတို့သည် တလက်လက် တဖျတ်ဖျတ်တောက်နေ၏။ အဝေးတွင် မှောင်ထဲ၌ မည်း၍နေသော သစ်ပင်အုပ်ကြီးတို့သည် လေသိမ်းရာသို့ ယိမ်းယိုင်လျက်ရှိကုန်၏။ မြို့ထဲတွင်လည်း နေရာအချို့တို့မှာ မီးရောင်ကလေးများမှတစ်ပါး၊ အခြားအရာတို့သည် မှောင်အတိကျလျက် ရှိကြကုန်၏။ တစ်ခါတစ်ရံ သစ်ရွက်ကို လေခတ်သောအသံ၊ ခွေးဟောင်သံတို့နှင့် ငှက်ကြွေးသံ၊ ထိုမှတစ်ပါး အခြားအရာတို့သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြကုန်၏။ ထိုကဲ့သို့သော အရာတို့ကို ပြတင်းမှကြည့်လျက် ခင်ခင်ကြီးသည် ယခင်က အကြောင်းများကို ဆုံးဖြတ်ရန် စဉ်းစားလျက် နေလေ၏။

သံအမတ်လည်း ခင်ခင်ကြီး အနားသို့ လာလျက် "ကိုင်း၊ ဆုံးဖြတ်လို့ မရသေးဘူးလား။ သွားချင်ရင်လည်း မကန့်ကွက်ပါဘူး။ အခု သွားနိုင်ပါတယ်။ နေချင်ရင်လည်း ဟိုဘက်က အဆောင်မှာ ခင်ခင်ကြီးဖို့ ပြင်ဆင်ထားပါတယ်" ဟု ဆိုသောအခါ၊ ခင်ခင်ကြီးက "ကျွန်မ မပြောတတ်သေးပါဘူး။ စဉ်းစားပါရစေဦး" ဆို၍ ဟံသာဝတီ သံအမတ်လည်း နေရာသို့ ပြန်၍သွားလေ၏။

အတန်ကြာသောအခါ ခင်ခင်ကြီးသည် ပြတင်းတွင် စိုက်ကြည့်နေမှ သံအမတ်ဘက်သို့လှည့်၍ "မကြာခင် မောင်းကြော်ကြော်တာက ကျွန်မ မလွတ်ရအောင် ဝိုင်းဝန်း စောင့်ကြပ်ရမယ်ဆိုတာ ကျွန်မ ထွက်သွားရင် သူတို့"

သံအမတ်။ ။ "ဟုတ်တယ်။ သူတို့ မလွတ်ရအောင်





စောင့်ကြပ်ရမှာပဲ။ လွတ်သွားရင် သူတို့ အသက် သေကုန်မှာကိုး"

ခင်ခင်ကြီး။ ။ "ဒီလိုဖြင့် ကျွန်မ ထွက်သွားရင် ဘာထူးဦးမှာလဲ။ ဝိုင်းဖမ်းကြမှာပေါ့"

သံအမတ်။ ။ "ထူးမယ် မထူးဘူးဆိုတာတော့ ကျုပ်မသိဘူး။ ဒီဟာလည်း ကျုပ်အမိန့် မဟုတ်ဘူး။ အခု မြို့ကိုစီးပြီး အုပ်ချုပ် မင်းလုပ်တဲ့ ဗညားဓော အမိန့်ပါ"

ခင်ခင်ကြီး။ ။ "ဒီဟာဖြင့် ကျွန်မကို ဖမ်းထားပြီ ပြောပါတော့"

သံအမတ်။ ။ "ဖမ်းထားပြီပဲ ဆိုပါတော့။ သို့သော် နန်းတော်တံခါးတော့ သွားချင်ရင် သွားနိုင်အောင် ဖွင့်ထားပါတယ်။ ကိုင်း၊ စိတ်ရှိတိုင်းပဲ ကျုပ်သွားတော့မယ်" ဟု ဆို၍ အဆောင်တွင်းမှ ထွက်သွားလေ၏။

ယခုအနေတွင် နန်းတော်ကြီးက မည်သို့ပင် အဆီးအတား အတန့်အကွက်မရှိ၍ လွတ်လပ်စွာ သွားလာနိုင်သော်လည်း မြို့ပြင်သို့ ရောက်ရန်ကား အလွန်ခဲယဉ်း၏။ အချက်နှစ်ခု ထား၍ ရွေးခွင့်ရသော်လည်း ချုပ်နှောင်ပြီးဖြစ်၍ တို့ကြောင့် ထွက်မသွားရန် စိတ်ဆုံးဖြတ်၍ ယခင်ပြေးခဲ့သော အဆောင်သို့သွားရာ၊ အဆောင်ထဲတွင် မီးခွက်တို့အသုံးအဆောင်၊ မှန်၊ ဘီး၊ သနပ်ခါး အစရှိသည်တို့နှင့် အမယ်အိုတစ်ဦး၊ ပြင်နေသော အိပ်ရာတစ်ခုသာရှိ၍ အဆောင်ကို ကြည့်ဝတ်ကြည့်သောအခါ၊ ယခင်အခန်းကဲ့သို့ ပျက်စီးယိုယွင်းနေသည်မဟုတ်။ အိမ်ရှေ့မင်း နမတော် ခင်စောမယ် အိပ်စဉ်ကကဲ့သို့ပင် ကောင်းမွန်လှပစွာ ရှိသေးသည်ကို တွေ့မြင်ရလေ၏။

အိပ်ရာပြင်နေသော အမယ်အိုသည် အတန်ကြာသောကာလ



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးအားကိုသို့ လှည့်ကြည့်၍၊ "အလို ကြွလာတော်မူလာပြီကိုး။ ကြွပါ၊ ကြွပါ။ အမေကြီးကို မင်းဘုရားကြီးက ခိုင်းလားတယ်။ ထိပ်တင် အလိုရှိတာကို တောင်းပါ။ သနပ်ခါး သဦးမလား" ဟု ကတုန်ကရင်နှင့် ပြောသောအခါ၊ ထိပ်တင်သည် သလွန်ပေါ်၌ ထိုင်၍ "တော်ပါပြီ အမေကြီးရယ်။ ဘာမှ မလိုချင်ပါဘူး။ ဒီအခန်းကို အပြင်ခိုင်းထားတာ ဘယ်လောက်ကြာပြီလဲ"

အမယ်အို။ ။ "ကြာပါပြီ ထိပ်တင်ရဲ့။ သုံးရက်လောက်ရှိပြီ"

ခင်ခင်ကြီး။ ။ "အမေကြီးကို ဘယ်လူတို့ဖို့ ပြောသလဲ"

အမယ်အို။ ။ "ထိပ်တင်ဖို့ပါပဲ။ အဝမြို့စား ကတော်ဖို့လို့ ပြောတယ်"

ခင်ခင်ကြီး။ ။ "ဟုတ်ပါတယ်။ အမေကြီးက ဘယ်ကလဲ"

အမယ်အို။ ။ သြော်၊ အမေကြီးက ဒီမြို့ကပါပဲ။ အမေကြီး နာမည် ဒေါ်အောင်တဲ့။ အမေကြီး သားများ၊ သမီးများကို သူပုန်ထဲ ပါတယ်ဆိုပြီး ဖမ်းထားတယ်။ ကျုပ် သားသမီးများဟာ အင်မတန် ဘုရားတရား ကြည်ညိုတဲ့လူများပါ။ မပါဘူး ပါတယ်ဆိုတာ ဂေါတမ မြတ်စွာဘုရားကြီး သိပါတယ်။ အခု အမေကြီးကို ထိပ်တင် မပြေးနိုင်အောင် စောင့်ရမတဲ့။ ထိပ်တင် လွတ်သွားရင် အမေကြီးရော၊ သားသမီးတွေရော သတ်ပစ်မတဲ့။ အမေကြီးအိုမှ ရေးကံပေးတာ မဖြောင့်တော့ အမေအိုမှာ ဒုက္ခရောက်ရတာပဲ"ဟု မျက်ရည်တွေလည်လျက် ပြောသောအခါ ခင်ခင်ကြီး၏ စိတ်မှာ အရင်ကထက် ကျုပ်တည်းလျက် လက်ပြန်ကြိုး တုပ်ထားကာ တစ်မြို့လုံး ဝိုင်းထားသော်လည်း ဤမျှလောက် လုံခြုံမည်မဟုတ်





ဖြစ်လေ၏။

ထို့နောက် ခင်ခင်ကြီးသည် "ကိုင်း၊ အမေကြီး ပင်ပန်းပြီ။ အိပ်ချိန်လည်း တန်ပါပြီ။ အမေကြီး သားသမီးတွေအတွက် မပူပါနဲ့။ ကျွန်မ ဘယ်မှ မပြေးဘူး။ စိတ်အေးအောင် နေပါ။ ကိုင်း၊ ကိုင်း။ စိတ်ချပြီး အိပ်ပေတော့" ဟု ဆိုသောအခါ၊ အမယ်အိုသည် မျက်နှာများ ရွှင်လန်းလာလျက် "အမယ်လေး။ သဘောကြီးတဲ့ သမီးကြီးပါပေပဲ။ အမေကြီးတို့ အသက်ဟာ သမီးကြီးလက်ထဲ မှာပါပဲ။ သမီးကြီး နေရင်လည်း အမေကြီးတို့မှာ ဓားဘေးက လွတ်မှာပါပဲ။ မနေလို့ ပြေးရင်လည်း အမေကြီးမှာ အသက်အရွယ် ကလည်းကြီးလို့ ဘယ့်နှယ်မှလည်း မတတ်နိုင်ပါဘူး။ သူတို့ သတ်တာ ခံရမှာပါပဲ။ ကိုင်း၊ သွားဦးမယ်။ အမေကြီး အခန်းဝမှာ အိပ်မယ်။ အလိုရှိရင် နှိုးပါ" ဟု ဆို၍ ထွက်သွားလေ၏။ ခင်ခင်ကြီးလည်း မီးခွက်များကို ငြိမ်းပြီးလျှင်၊ အလွန်ပင်ပန်း နွမ်းရော် သည်နှင့် သလွန်တော်ပေါ်၌ လှဲလျှင်လှဲချင်း အိပ်ပျော်သွားလေ၏၊

မည်မျှလောက် ကြာသည် မသိ။ နောက်တစ်ခါ နိုးသောအခါ ဘာနုရာဇာ ဒေါင်းစကြာသည် ဂေါယာသို့ စောင်းလျက်နေသည်ကို မြင်ရလေ၏။ အိပ်ရာနံဘေးသို့ စောင်းကြည့်လိုက်သောအခါ အမယ်အိုသည် မျက်နှာသစ်တော်ရေများနှင့် စောင့်နေသည်ကို မြင်ရလေ၏။

ထိုအခါ အမယ်အိုက "အမယ်လေး။ အိပ်စက်လိုက်တာ ထိပ်တင်ရယ်။ တစ်မနက်လုံးလည်း မနိုးဘူး။ အခုလည်း စားတော်များ အေးကုန်တော့မယ်။ ဟောဒီမှာ မျက်နှာသစ်တော်ရေ" ဟု ဆို၍ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးလည်း သလွန်တော်ပေါ်မှ ထပြီးလျှင် မျက်နှာသစ်၍ အနုပ်ခါနံ့သာများ ရှိသော်လည်း မသဘဲ စောင့်နေရာ အတန်ကြာ ကာလ အမယ်အိုသည် ပွဲတော်အုပ်ကို ယူ၍လာလေ၏။ ခင်ခင်ကြီးသည် စားတော်ခေါ်ပြီးလျှင်၊ အမယ်အိုအား "အမယ့်ကြီး။ အခုနေ့ ကျွန်မကို ဘယ်သူမှ မမေးဘူးလား"

အမယ်အို။ ။ "ဘယ်သူမှ မလာဘူး ထိပ်တင်ရဲ့"

ခင်ခင်ကြီး။ ။ "မင်းဘုရားကြီးကော မမေးဘူးလား"

အမယ်အို။ ။ "မနက်တုန်းကတော့ မနိုးသေးဘူးလားလို့ မေးပါတယ်။ မနိုးသေးကြောင်းပြောတော့ အိပ်ပါစေလို့"

ခင်ခင်ကြီး။ ။ "အို၊ ကိစ္စမရှိပါဘူး။ ခရီးပန်းလို့ အိပ်ပျော်တာပါ။ ကိုင်း၊ သွားတော့၊ သွားတော့" ဟု ဆိုသဖြင့် အမယ်အိုသည် အဆောင်ထဲမှ ထွက်သွားလေ၏။

ခင်ခင်ကြီးသည် အဆောင်ထဲ၌ တစ်ဦးတည်း ကျန်ရစ်သောအခါ၊ ယခုအခါ မောင်မောင်ကြီး မည်သည့်နေရာ၌ နေလေသနည်း။ မိမိသည် ဟံသာဝတီကိုရောက်၍ သံအမတ် လက်တွင်းကို ကျရောက်နေကြောင်း သိလေပြီလော။ မသိသေး၍ သံအမတ်နှင့် စားချင်းဆိုင်၍ ပြိုင်ပြီးလျှင် ရတနာပူရ အဝပြည်ကြီးသို့ ပြန်လိမ့်မည်လော။ မြို့ပြင်တွင်ထားခဲ့သော လေသမားတို့သည် မိမိ မပြန်လာ၍ မည်သို့နေလေသနည်းဟု တောင်စွယ်တွင် ကွယ်ခါနီး နေမင်းကိုကြည့်လျက် စဉ်းစားနေရာ၊ နေမင်းလည်း တဖြည်းဖြည်း ကောင်းကင်ခရီးမှ အနောက်သို့ လျှောကျလျက် တောင်စွယ်တွင် ကွယ်ခဲ့၏။ ထို့နောက် တစ်နေရာမှ တစ်နေရာသို့ ပျံသန်းသောငှက်တို့သည် မိမိတို့နေရင်း သစ်ပင်ဆီသို့ အိပ်တန်းတက်ကြရန် ပျံသန်းလာခဲ့ကြလေ၏။ နေဝင်





လျှင် နီလွင်သော အရောင်ပျောက်၍ မိုးလုံးပတ်လည်၌ စကျူမသာဒတွင် အလွန်အေးမြ ကြည်လင်သော အပြာရောင်သာ ကျန်ရစ်ခဲ့လျက် တဖြည်းဖြည်းမည်း၍ ညဉ့်ဘက်သို့ ကူးလေ၏။

ခင်ခင်ကြီးသည် မှောင်၍ ညဉ့်အချိန်ကို ရောက်သည်ဟူ၍မသိ၊ ပြူတင်းပေါက်တွင် လက်ထောက်၍ တစ်ယောက်တည်း ငေးလျက်၊ ဟံသာဝတီကိုကြည့်နေရာ အတန်ကြာကာလ အဝေးမှ 'လတပေါင်း၊ ခပေါင်းရယ်တို့ မှည့်ချိန်တန်' ဟု တေးသံကို ကြားရလေ၏။ ၎င်းအသံကို ကြားလျှင်ကြားချင်း ခင်ခင်ကြီးသည် ပြတင်းတံခါးကို ပြင်းစွာဆုပ်လျက်၊ မျက်လုံးကလေးများကို ပြူး၍ ပြတင်းမှ ခေါင်းပြူပြီးလျှင်၊ တောင်မြောက်လေးပါးကို ကြည့်ရှုလေ၏။ သို့သော်လည်း ကောင်းကင်မှ ကြယ်များနှင့် တလက်လက် တောက်ပနေသော မီးရောင်ကလေးများ အပြင်၊ အခြားအရာ တစ်စုံတစ်ရာမျှ မမြင်ချေ။

အတန်ကြာသောအခါ အဆောင်တံခါးဝတွင် အမတ်လာ၍ "ခင်ခင်ကြီး၊ ဘာများ ရှု့စားနေသလဲ။ တဆိတ်လောက် ဟိုဘက်က အဆောင်တော်ထဲကို လိုက်ခဲ့စမ်းပါ" ဟု ခေါ်သဖြင့် ခင်ခင်ကြီးသည် လိုက်သွားရာ၊ ထိုအဆောင်သို့ ဝင်လျှင်ဝင်ချင်း မှန်စီပြတင်းဆောင်ပေါ်တွင် တင်ပါးလွှဲထိုင်နေသော လူတစ်ယောက်ကို မြင်ရလေ၏။

ထိုသူကား ကြိုးကြိုးချိတ် ပန်းရောင်ကို စည်း၍၊ ပါးလွှာသော ထိုင်မသိမ်း အင်္ကျီကိုဝတ်လျက်၊ အလွန်ကြီးမားသော သျှောင်ကြီးသည် ခေါင်းတစ်ဖက်တွင် တစောင်းကျပြီးလျှင် ၎င်းသျှောင်မှ ငုံသော ဆံမြွှေကြီးသည် ပခုံးတွင် ဝဲလျက်ရှိလေ၏။ ခင်ခင်ကြီးသည် ထို



www.burmeseclassic.com

www.burmeseclassic.com



သူကို မြင်လျှင်မြင်ချင်း ယုံမှားသံသယ မရှိ။ ငယ်ချစ်လင် မောင်မောင်ကြီးဖြစ်ကြောင်းကို သိ၍ "မောင်မောင်" ဟု ရုတ်တရက် ပါးစပ်မှ ထွက်သွားလေ၏။

သို့သော်လည်း ထိုသူသည် ခင်ခင်ကြီး ခေါ်သံကို မကြားသကဲ့သို့၊ သံအမတ်ဘက်သို့ လှည့်ပြီးလျှင် "ဘယ့်နှယ့်လဲ မင်းဘုရားကြီး။ ခင်ဗျားတို့ နေပြည်တော် ဟံသာဝတီမြို့ကြီးဟာ အင်မတန်တိတ်ပါလား"

သံအမတ်။ ။ ဟုတ်ကဲ့။ မနှစ်တုန်းကလောက်တော့ မဆူကြပါဘူး။ ဆူမယ့်လူတွေလည်း ဓားဘေး သင့်ကုန်ကြပါပြီ။ နို့ ဟံသာဝတီကို ဘယ်တုန်းက ရောက်လာသလဲ"

မောင်မောင်ကြီး။ ။ "သုံးရက်လောက် ရှိပါသေးတယ်။ ဘယ့်နှယ်၊ ဓားများ အဆင်သင့် လုပ်ထားပြီလား"

သံအမတ်။ ။ "အို၊ ကျုပ် ဓားအကြောင်းတွေ မေ့ကုန်ပါပြီ။ ကျုပ် တစ်ခု ပြောစရာရှိတယ်"

မောင်မောင်ကြီး။ ။ (ဟား၊ ဟား၊ ဟား ဟု ရယ်လျက်) "အို၊ ပြောဖို့မလိုပါဘူး။ ခင်ဗျာ့ သစ္စာရေ တိုက်မလို့ပါ။ ဒီဟာတော့ တိုက်ချင်ရင်လည်း သောက်ရတာပေါ့။ ဘယ်တော့လဲ" ဟု ဆိုသောအခါ သံအမတ်နှင့် ခင်ခင်ကြီးတို့မှာ များစွာအံ့အားသင့်လျက် ရှိကြကုန်၏။

ထိုနောက်မှ သံအမတ်က "အို၊ ဘယ်တုန်းကများ ကြားလိုက်သလဲ။ သိပြီးပြီဟာကို ပြန်ပြောနေလို့လည်း မထူးပါဘူး။ အဲဒီဟာ မြို့စားမင်း ဘယ့်နှယ့် သဘောရသလဲ"

မောင်မောင်ကြီး။ ။ "အို၊ ယခင်က ပြောပါပြီကော။ ကျုပ် အရက်ကွဲချင်ရင် ကွဲပါစေတော့။ ခင်ဗျားတို့ ဟံသာဝတီသားတွေတော့ မသေစေချင်ဘူး။ သောက်ပါမယ်"

သံအမတ်။ ။ "အင်း။ ကောင်းတယ်။ သာဓုဗျာ၊ သာဓု၊ သာဓု။ အခုလဆုတ် ၇ ရက်နေ့ည သက်ကြီးခေါင်းချ ကြက်တွန်ပြီးချိန်ခါ စေတီရင်ပြင်မှာ အဆင်သင့်ရှိမယ်။ လာခဲ့မလား"

မောင်မောင်ကြီး။ ။ "ကောင်းပြီ။ ကိုင်း၊ သွားဦးမယ်နော်" ဟု ဆို၍ ပြတင်းမှ ခုန်ဆင်းသွားလေ၏။

ထိုကဲ့သို့ မောင်မောင်ကြီးသည် မိမိအနီးတွင် ရှိသည်ကို သိလျက်နှင့် နှုတ်မျှမဆက်၊ မယားဖြစ်သူ ရန်သူ့လက်တွင်းတွင် နေရသည်ကို မူမင်သောကမျှ မရှိသကဲ့သို့ စိတ်အေးကြည်သာစွာ ခုန်သွားသည်ကို များစွာအံ့ဩလျက် ကျန်ရစ်ခဲ့လေ၏။

ထိုနောက် သံအမတ်က။ ။ "ဘယ့်နှယ်လဲ ခင်ခင်ကြီး။ အခု ပေါ်လာပါပြီကော။ အခု သူ သစ္စာရေကို သောက်သွားရင် ကျုပ်တို့ တိုင်းပြည်မှာလည်း အနှောင့်အယှက်ကင်းမယ်။ လူတွေသည်း အသက်ဘေးမှ ချမ်းသာရမယ်။ ခင်ခင်ကြီးလည်း လင်သားအတွက် ဒုက္ခရောက်ရမှာ မဟုတ်ဘူး။ သုံးဘက်စလုံး အေးကြမှာပဲ။ ကိုင်း၊ အဆောင်တော်ကို ပြန်ပေတော့" ဟုဆို၍ ခင်ခင်ကြီးသည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ၊ အဆောင်တော်သို့ ပြန်ခဲ့လေ၏။

အဆောင်တော်သို့ရောက်၍ သလွန်တော်ပေါ်တွင် လှဲပြီးလျှင်၊ မောင်မောင်ကြီးသည် ထိုကဲ့သို့ မိမိရှိရာ နန်းတော်ကြီးသို့ လာရောက်သော်လည်း မိမိခေါ်သည်ကိုမျှလည်း ပြန်၍မထူးခြင်းသည် အမှုအရာထူးဆန်းလှ၏။ ခင်ခင်ကြီးသည် နန်းတော်ကြီးအတွင်း သံအမတ်၏ အခန်းထဲကို ကျရောက်နေသည်ကို မသိဖြစ်လေသလော။ သစ္စာရေ





ဝန်းသျှင်ညီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှင့်ပတ်သက်၍၊ ထိုအရာကို သိကောင်း၏။ မိမိအား အဝမှာမနေဘဲ လိုက်လာမိ၍ စိတ် မျက်လေသလောတု အမျိုးမျိုး အဖုံဖုံ စိတ်တွင် ကြံဆနေသဖြင့် ထိုည၌ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်၍၊ သန်းခေါင်ကြက်တွန်မှ အိပ်ပျော်လေ၏၊

လပြည့်ကျော် ခုနစ်ရက်နေ့သည်ကား နံနက် နေအရုဏ်တက် သည့်အခါမှစ၍၊ သူရိယာမိနမင်း အနောက်သို့ စောင်းပြီးလျှင် ညနေတိုင်ရောက်ရအောင် ကောင်းကင်ဝေဟင်အလုံး တိမ်တိုက် တိမ်ခဲ မြူနှင်းတို့ကင်းစင်လျက် မင်းလွှင်တစ်ခုလုံး၌ လင်းထိန် တောက်ပလျက် ရှိကုန်၏။ ၎င်းနေ့ တစ်နေ့လုံး၌ ရွှေနန်းတော်ကြီးက အမိန့်ဖြင့် ရာဇဝတ်သားတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်း မရှိချေ။ ထောင်တွင်း၌ အကျဉ်းကျ ခံနေရသော ရာဇဝတ်သားတို့ကိုလည်း ရွှေဗိုလ် ရွှေမော်ဓောစေတီတော်၌ သစ္စာရေကို သောက်လျှင် သောက်ချင်း ရာဇဝတ်ဘေးမှ လွတ်တော်မူမည်ဟု အမိန့်တော် ကျထားသဖြင့်၊ အကျဉ်းသားတို့မှာလည်း အလွန်ဝမ်းမြောက် ရွှင်လန်း လျက် ရှိကုန်၏။ ယခင်က သားဦးတို့ကို ကွပ်မျက်မည်ဟု အမိန့် တော် ချထားသောသူတို့နှင့် ဆွေမျိုးရင်းချာ မိတ်သင်္ဂဟတို့မှာ အလွန်ပူဆွေးနေရာတွင် ထိုသတင်းကို ကြားလိုက်ရသောအခါ၊ နတ်ရေစင် ဖြန်းသကဲ့သို့ ပူဆွေးခြင်းတို့ ပျောက်ကွယ်လျက် စိတ်ရွှင် လန်း၍ လာကြပြန်၏။

အရင်ကမှ မြူပ်သည့်သုသာန်ကဲ့သို့ ခြောက်ကပ်နေသော လမ်းမ လမ်းငယ် ဆိုင်စဉ်ကများတို့မှာ တိုင်းပြည်ကြီး ကောင်းစားစဉ် ကကဲ့သို့ပင် စည်ကားလာပြန်၏။ ဤကဲ့သို့ တစ်နေ့အတွင်းတွင် ပြောင်းလဲခြင်းကိုကြည့်၍ အရင်တစ်နေ့က ဖြစ်ပျက်နေကြောင်းများ





ကို စဉ်းစားလိုက်သောအခါ၊ ဝိသကြုံနတ်သားပင် လာရောက်၍ မန်အင်းထားလေသလား။ သို့မဟုတ် အိပ်မက်ပင် ဖြစ်လေသလားဟု စဉ်းစား၍ မရနိုင်အောင် ရှိကြလေ၏။

ညဉ့်ဘက်သို့ ရောက်သောအခါလည်း ကောင်းကင်တွင် မြူစင်သဖြင့်၊ ကြယ်တာရာအပေါင်းတို့သည် မိုးလုံးပြည့်မျှ တောက် ပလျက် ရှိကုန်၏။ သံအမတ်နှင့် ခင်ခင်ကြီးတို့ ဘုရားရင်ပြင်တော် ပေါ်သို့ ရောက်လာသောအခါ၊ မြို့စားဗညားခေါနှင့် နောက်ပါ အခြွေအရံတို့သည် ဖယောင်းတိုင်များကို ထွန်းညှိလျက် သစ္စာရေ များကို အပြီးပြင်ဆင်၍ စောင့်နေကြကြောင်းကို တွေ့ရှိရလေ၏။ ထိုနောက် ခင်ခင်ကြီးက "မောင်မောင် မလာရင် ဘယ့်နှယ့်လုပ်မလဲ"

သံအမတ်။ ။ "မလာရင် အရင်က အမိန့်အတိုင်းပေါ့"

ခင်ခင်ကြီး။ ။ "လာရင်ကော"

သံအမတ်။ ။ "အို၊ လာရင်တော့ အကုန်လုံး အေးကြမှာ ပေါ့။ ခင်ခင်ကြီးကိုလည်း သူ့လက်ထဲကို ပြန်အပ်ရုံပေါ့။ မစိုးရိမ်ပါနဲ့။ မြို့စားမင်းဟာ အင်မတန် ကတိတည်တဲ့လူ" ဟု ပြောပြီးလျှင်၊ လူ နှစ်ယောက်အား ခင်ခင်ကြီးကို အစောင့်အကြပ်ထားခဲ့ပြီးလျှင် မြို့ဝန် ဗညားခေါအနီးသို့ကပ်၍။ "ကိုင်း၊ ဒီသစ္စာရေကို တိုက်ရုံပဲ လိုတော့ တယ်။ အဆွေတော် ရေက ယုံရပါ့မလား။ လက်လွှန်သွားရင် ခက်နေမယ်" ဟု တီးတိုးပြောလိုက်သောအခါ၊ ဗညားခေါက "အို၊ မစိုးရိမ်ပါနဲ့။ သမားတော်ကြီးကိုယ်တိုင် စပ်တာပေါ့။ စိတ်သာချပါ။ သင်း ခုနစ်ရက်လောက်တော့ ခံဦးမှာပဲ" ဟု ပြောနေကြစဉ်တွင်၊ ရင်ပြင်တစ်ဖက်မှ ခြေသံကြားရလေ၏။

ထိုအခါ ဗညားခေါက "ဟော၊ လာကုန်ပြီ။ ဘယ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လဲ”

“သုံးယောက်တော့ ဖြစ်တော့မယ်ပေါ့။ သူ့တပည့်နှစ်ယောက်လည်း ပါလာတယ်” ဟု ဆိုနေရင်းပင် မောင်မောင်ကြီးသည် ဘုရားတောင်မှ ပေါ်လာလေ၏။

ဗညားဓောက “တစ်ယောက်တည်းပါလား။ ခြေသံတွေကတော့ များလိုက်တာ” ဟု ဆိုပြီးလျှင် မောင်မောင်ကြီးသည် အနီးသို့ရောက်လာ၍ “သြော်၊ ရောက်နှင့်နေကြပြီလား။ ကြက်တွန်တာ အတော်ကြာသွားပြီ ထင်ပါရဲ့။ ကိုင်း၊ သစ္စာရေတွေ ပြင်ပြီးကြပြီလား”

သံအမတ်။ ။ “ပြီးကြပါပြီ။ သစ္စာ တိုင်ရုံ လိုပါတော့တယ်”

မောင်မောင်ကြီး။ ။ “ကိုင်း၊ သစ္စာ တိုင်ကြစို့။ ခင်ဗျားတို့ လိုရာကိုသာ ရှေ့က ဆိုသွားပါ။ ကျုပ် နောက်ကလိုက်ပြီး ဆိုပါ့မယ်” ဟု ဆို၍ ဗညားဓောသည် သစ္စာရေထည့်ထားသော ငွေဖလားကို မောင်မောင်ကြီးအားပေး၍၊ “ကျွန်တော် ရွှေစားဗိုလ် အမည်တွင်သော မောင်မောင်ကြီးသည် နောက်တစ်ဖန် ဟံသာဝတီသားတို့နေရာ ဟံသာဝတီမြို့၌ မနှောင့်ယှက်ပါ။ အကယ်၍ နှောင့်ယှက်ခဲ့ပါလျှင် ယခုသောက်ထားသော သစ္စာရေသည် မီးဟုန်းဟုန်းတောက်၍ တစ်ကိုယ်လုံး ကျွမ်းလောင်ပြီးလျှင် သေရပါစေသား။ ရှင်သိကြားနှင့် နတ်များ ဒေဝါ ကူညီစောင့်၍ မှိုင်းမတော်မူပါဘုရား” ဟု ဆိုလျှင်ပင် ဖယောင်းတိုင်မီးတို့သည် သေကုန်၏။ ဘုရားရင်ပြင် တစ်ခုလုံး၌ မှောင်အတိကျလျက် ကြောက်မက်ဖွယ်ရာ ဖြစ်ကုန်၏။ ၎င်းတို့နှင့် မနီးမဝေးအရပ်ရှိ ဝါးရုံပင်ကလေးတစ်ခုမှာ လေမတိုက်ဘဲ အလိုလို ပြင်းစွာ လှုပ်လေ၏။ ဗညားဓောနှင့် သံအမတ်တို့မှာ သစ္စာတည်ပြီဟု အားရဝမ်းသာလျက်၊ ဖယောင်းတိုင်တို့ကို ပြန်၍ ထွန်းညှိ





ပြန်လေ၏၊

လင်းလာပြန်သောအခါ၊ ရွှေစားဗိုလ်မှာ ငွေဖလားကို ပါးစပ်တွင်ထား၍ သောက်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ဗညားဓောက “ဘယ့်နှယ့်လဲ အမတ်ကြီး။ အပျက်အပျက်နဲ့ သွေးထွက်နေပါပြီကော” ဟု ဆိုသောအခါ၊ သံအမတ်က “ဟုတ်ကဲ့။ အဆိပ်နဲ့ သင်း မသေတောင် နောင်တော့ လာဝံ့မှာ မဟုတ်ဘူး” ဟု ပြောနေကြစဉ်၊ ရွှေစားဗိုလ် မောင်မောင်ကြီးသည် “ကိုင်း။ မင်းဘုရားတို့ ကျေနပ်ကြပြီလား။ ဟံသာဝတီနဲ့တော့ဖြင့် အေးကြပါပြီ။ အို့” ဟု ရုတ်တရက်အော်၍ ရင်ကို လက်နဲ့ အုပ်ပြီးလျှင် လဲသွားလေ၏။

ထိုအချင်းအရာကို ခင်ခင်ကြီးမြင်လျှင် ငေး၍ကြည့်နေရာမှ “မောင်မောင်၊ မောင်မောင်” ဟု ဆို၍ ပြေးပြီးလျှင် လဲနေသော ငယ်ချစ်လင်၏ ကိုယ်ကို ဖက်လျက် “မောင်မောင် ဘာဖြစ်သလဲ။ အမယ်လေး အကျိုးနည်းကုန်ပါပြီ။ ထူကြပါဦး၊ ထူကြပါဦး” ဟု အလွန်ပူပင်စွာနှင့် ငိုကြွေးမြည်ဆိုသောအခါ၊ သံအမတ်မှာ များစွာ ထိတ်လန့်လျက်။ “ခက်ကုန်ကြပြီ အဆွေတော်။ ဘယ့်နှယ့် လုပ်တာတုန်း” ဟု ဆိုလျက်၊ မြတ်လေး ရွှေစားဗိုလ်၏ ကိုယ်ကို ထူပြီးလျှင် “အို၊ ကိစ္စမရှိပါဘူး ခင်ခင်ကြီး။ တဆိတ် ဖယ်စမ်းပါဦး၊ ခေါင်းမူးလို့ ထင်ပါရဲ့” ဟု ဆိုသော်လည်း ခင်ခင်ကြီးသည် မောင်မောင်ကြီးကို ဖက်ထားရာက မလွှတ်ဘဲ “အမယ်လေး မောင်မောင်ရဲ့။ ဘာဖြစ်တာတုန်း၊ ကောင်းကြသေးရဲ့ မြို့ဝန်မင်းတို့ရဲ့၊ မောင်မောင် ဟံသာဝတီလောက်ကဖြင့် မကြောက်ဘူးဆို။ အခုတော့ ဒုက္ခရောက်ပါပြီကော။ ထပါဦး မောင်မောင်ရဲ့။ ခင်ခင်ကိုကြည့်စမ်းပါဦး” ဟု ဆိုပြီးလျှင် မောင်မောင်ကြီး အနီးတွင်ပင် လဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သံအမတ်က ။ ။ "ကိုင်း၊ အခုမှ ခက်ကြပြီ။ ခင်ဗျားအဆိပ်က တယ် ပြင်းသွားတယ်။ ဒီလို မလုပ်ပါနဲ့လို့ ကျုပ် အတန်တန် တားတယ်။ ကိုင်း၊ အင်း၀ရွှေနန်းရှင် သိမှဖြင့် ခက်ကုန် တော့မယ်"

စည်သူးမော။ ။ "မဟုတ်ပါဘူး အမတ်ကြီးရဲ့။ အမတ်ကြီး ပြောတဲ့အတိုင်း စီရင်တာပဲ၊ ဘယ့်နှယ် ရုတ်တရက် ထိသွားတယ် မသိဘူး။ ဘယ့်နှယ့် ကြံကြမလဲ"

သံအမတ်။ ။ "အခုခါမှာတော့ ရှင်လည်း ထူးမှာ မဟုတ်ဘူး။ သေတော့ မသေဘူး။ ခင်ခင်ကြီးတောင် လဲနေပြီ။ ဘုရားပေါ်မှာ သေတယ်ဆိုရင် မသင့်ဘူး။ သင်းတို့ လှေပေါ်ကို တင်ပေးလိုက်မယ်။ လမ်းချမှ သေရင် ကျုပ် အပြစ်လွတ်စရာ ရှိကောင်းရဲ့" ဟု ဆို၍၊ ခင်ခင်ကြီးနှင့် မောင်မောင်ကြီးတို့ကို ထမ်းပိုး၍ မြို့ပြင်ရှိ လှေသို့ လျှင်မြန်စွာ ပို့စေ၏။

စစ်ကိုင်းမြို့စားနှင့် စလေမြို့စားတို့ကို လှေတွင် တွေ့သဖြင့် တော်သင့်အောင် ပြောဆိုပြီးလျှင် ညတွင်းချင်း လှေထွက်ရန် အမိန့်ချသဖြင့်၊ လှေသမားများကို ကျောက်ဆူး နှုတ်စေပြီးလျှင် လှေထွက်ခဲ့ကြလေ၏။

လှေထွက်၍ အတန်ကြာသောအခါ၊ ခင်ခင်ကြီးသည် သတိရ သဖြင့် တောင်မြောက်လေးပါးကို လှည့်လည်ပြီးလျှင်၊ "အမယ်လေး မောင်မောင်ရဲ့၊ မောင်မောင်ရဲ့" ဟု ဆိုလိုက်သောအခါ၊ အနီးမှ "ဘာလဲ ခင်ခင်ရဲ့။ ရှိပါတယ်" ဟု ကြားလိုက်သဖြင့် ခင်ခင်ကြီး သည် လဲနေရာမှထ၍ အနီးတွင် ထိုင်နေသောသူကို ကြည့်လျက် နောက်သို့ ဆုတ်သွားလေ၏။





ထိုအခါ ထိုသူက "အို၊ မကြောက်ပါနဲ့ ခင်ခင်ရဲ့။ မောင်မောင် အစစ်ပါ။ တစ္ဆေ မဟုတ်ပါဘူး" ဟု ဆိုသောအခါ၊ ခင်ခင်ကြီးမှာ များစွာ အံ့အားသင့်လျက်၊ ၎င်းစကားကို ယုံရမှာကလည်း ဘုရား ရင်ပြင်ပေါ်တွင် ငယ်ချစ်လင် သေနေသည်ကိုတွေ့ခဲ့၍ လွန်စွာ ခက်လျက်။ မယုံရမှာကလည်း ယခု ရှေ့တွင် အနီးကပ်ကပ် အမှတ်ထင်ထင် မောင်မောင်ကြီးကို မြင်နေရသောကြောင့် စိတ်ကို ဆုံးခွဲ၍မရနိုင်အောင် ရှိလေ၏။

ထိုအချင်းအရာကို မောင်မောင်ကြီး မြင်လျှင်၊ "အို၊ အခုထက်ထိ မယုံသေးဘူးလား။ မောင်မောင်ကြီး မသေပါဘူး ခင်ခင်ရဲ့။ သင်းတို့ ဟံသာဝတီသားတွေ တစ်ပြည်လုံးသေတောင် မောင်မောင် သေမှာ မဟုတ်ဘူး။ နားထောင်၊ သူတို့ မောင်မောင့်ကို သစ္စာရေ တိုက်တာ မဟုတ်ဘူး။ အဆိပ်ရေတိုက်တာ"

"မောင်မောင်ကို ဘယ်သူပြောသလဲ"

"အို၊ သင်းတို့ မကြံခင်က မောင်မောင် သိပြီးသားပါ။ မောင်မောင် သူတို့လောက်များ မပါးရင်၊ ဟံသာဝတီတောင် အစက မလာဘူး။ ခင်ခင့်ကို စာလိမ်ပေးတာတွေ မောင်မောင် သိတယ်။ ခင်ခင် ရောက်လာတာလည်း မောင်မောင်သိတယ်။ ရောက်တဲ့ ညက စပြီး ခင်ခင့်ကို ရန်မသိရအောင် မောင်မောင် နန်းတော်ကြီးကို လာပြီး စောင့်နေတယ်။ သစ္စာတိုင်ပြီးတော့ မောင်မောင့် တပည့်တွေက ဘုရားကြီးထဲကနေပြီး ဖယောင်းတိုင်ကို ငြိမ်းပစ်လိုက်တယ်။ ဒီအတွင်း မှာ မောင်မောင် ဖလားထဲကရေကို လှုပ်နေတဲ့ ဝါးရုံဆီကို သွန် လိုက်တယ်။ ဝါးရုံကို စလေမြို့စားက လှုပ်တာ။ သင်းတို့က သစ္စာ ပြုတယ်လို့ သဘောကျကြတယ်။ နောက်၊ မောင်မောင် သောက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ဆောင်ပြီး သင်းတို့လန့်သွားအောင် လဲချင်ယောင် ဆောင်လိုက်တယ်။ သူတို့အတတ်နဲ့ သူတို့၊ လှေကိုတောင် ထမ်းပို့လိုက်ရသေးတယ်။ မောင်မောင်က ခြေနဲ့ မလာချင်ဘူး။ သင်းတို့ကိုစီးပြီးလာချင်တယ်"

"အမယ်လေး မောင်မောင်ရယ်။ မောင်မောင် အဆိပ်ငရုတ်ရွေ သောက်ပြီး တကယ်များ သေသွားသလားလို့။ ခင်ခင့်မှာ ပူလိုက်ရတာလေ။ နောက်တော့ ကြောက်သွားပြီ။ ဘယ်တော့မှ မလာပါဘူး"

"မလာလည်း မလာရပါဘူး ခင်ခင်ရယ်။ ဒီတစ်ခါ နောက်ဆုံးပါပဲ"

"အို၊ ရှင့်လည်း မလာတာတွေက များလှပြီ"

"ယုံပါတော့ ခင်ခင်ရယ်။ ရွှေတိုင်"

"တော်ပါပြီ။ ကျိန်မနေပါနဲ့။ ခင်ခင့်ကို ဟံသာဝတီသူ မှတ်လို့လား" ဟု ပြောဆိုရင်း၊ ဟံသာဝတီမှ ဒုတိယအကြိမ် အသက်ဘေးမှ လွတ်လျက်၊ ဇနီးမောင်နှံစုံတို့သည် ထွက်ခွာလာခဲ့ကြလေ၏။





လူတို့သည် စိတ်ထဲ၌ တစ်စုံတစ်ခု သဘောမကျသောအခါလည်းကောင်း၊ ဒေါသအမျက် ထွက်နေသည့်အခါလည်းကောင်း တစ်စုံတစ်ခု ပြုလုပ်လိုက်ရမှသာ စိတ်ကြေတတ်ကြ၏။ ထိုနည်းတူစွာ အိပ်ဖန်တော်စောင့် မောင်မောင်ကြီးသည် မိမိရှေ့တွင် ထိုင်နေသော ဝန်တော်မှူး ဗညားဒလက ဟံသာဝတီကို စိုးမိုးအုပ်ချုပ် မင်းလုပ်၍ နေသော တပင်ရွှေထီး၏ အမိန့်အာဏာတော်နှင့် အယင်က အုပ်စိုးသော ဘုရင်၏ ဆွေတော်မျိုးတော်တို့ကို "ကျူပင်ခုတ် ကျူငုတ်မျှ မကျန်စေနှင့်" ဆိုသကဲ့သို့ တစ်မျိုးလုံး ပျက်ပြုန်းရန် လိုက်လံ ကွပ်မျက်ရန် ကူညီဖို့အကြောင်းနှင့် ပြောဆိုရာ၊ မိမိမှာ အယင်က ဘုရင်၏လူ ဖြစ်သဖြင့် အသည်းနှလုံးကို လှံဖြင့်ဆွသကဲ့သို့ မခံမရပ်နိုင်အောင် စိတ်နာရကား လက်တွင် ကိုင်ထားသော လက်သုံးဓါးကြီးကို အဖျားနစ်ဖက်ကကိုင်၍ အလည်တည့်တည့်ကို ဒူးနှင့်တိုက်၍ ချိုးလိုက်လေ၏။ ၎င်းအပြင် မောင်မောင် ကြီးသည် ယခုအခါ တပင်ရွှေထီးတပ်တော်ကြီးအတွင်း၌ ဝင်ရောက် ထမ်းဆောင်နေ၏။

ထိုအခြင်းအရာကို ဗညားဒလမြင်လျှင် ချေသူငယ်ကို ယုခုပင် အုပ်၍ စားတော့မည့်ကျားကဲ့သို့ မျက်နှာကို မာတင်းစွာ ထားပြီးလျှင် "မောင်မောင်ကြီး။ အခု မင့်ကို ငါပြောတာ ဘုရင့်အာဏာတော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ မင်းက ဘုရင်ကို တော်လှန်လိုတဲ့သဘောနဲ့ ဘုရင် ပေးထားတဲ့ ဓားကို ချိုးတာလား။ မင်း ငါ့ရှေ့မှာ ပုန်ကန်ချင်သလို လိုလုပ်တယ်။ မင်း သူပုန်" ဟုဆို၍ အိမ်ဝတွင် စောင့်၍နေသော တပ်တော်သားများ ကို ခေါ်လိုက်သောအခါ မောင်မောင်ကြီးသည် မိမိအား ဖမ်းဆီး၍ သူပုန် အဖြစ်ဖြင့် သတ်တော့မည်ကိုသိသဖြင့် အဖမ်းခံလျှင် ကောင်း မည်လော၊ မကောင်းမည်လောဟု စဉ်းစားနေစဉ် စိတ်ထဲတွင် "သေလျှင် မြေကြီး၊ မသေလျှင် ရွှေထီး" ဟူသော စကားပုံသည် ပေါ်ပေါက်လာကြောင်း။ အဖမ်းမခံဘဲ ထွက်ပြေးရန် ကြံမိလေ၏။

ထွက်ပြေးရန် လမ်းကိုရှာသော် တံခါးပေါက်တွင် ဗညားဒလ ရပ်နေသည့်အပြင်၊ စစ်သားတို့လည်း လှေခါးပေါ်သို့ တက်နေသံကို ကြားရလေ၏။ တစ်ဖက်ကို ကြည့်ပြန်သော် ပြူတင်းပေါက်တစ်ခုရှိ၍ ၎င်းမှာ မြေနှင့် ဆယ်ပေခန့်မျှ ကွာလေ၏။ သို့သော်လည်း ၎င်း တပေါက်သာ ထွက်ပြေးရန် လမ်းရှိသဖြင့် သေလိုလျှင်လည်း သေစေတော့ဟု စွန့်စားရန် အခိုင်အမာနှံချ၍ အနီးရှိ တုတ်တစ်ချောင်း ဆီသို့ ပြေးစွာပစ်လိုက်လေ၏။ တုတ်လည်း ဗညားဒလ၏ ခေါင်းကို မှန်၍ ဗညားဒလသည် ကြမ်းပေါ်သို့ လဲသွားသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ပြူတင်းပေါက်မှ အောက်သို့ ခုန်ဆင်းလိုက်လေ၏။ မြေပေါ်သို့ ကျသောအခါ မိမိလက်မောင်းကို တစ်စုံတစ်ခု ထိသည်ဟု ထင်လိုက်ရ သော်လည်း နောက်ကလာမည့်ဘေးက နီးကပ်လှသော ကြောင့် စုံစမ်း၍မနေနိုင် ၊လျှင်မြန်စွာထ၍ တောင်မြောက်လေးပါး မရွေး ချယ်နိုင်ဘဲ မျက်နှာမူရာသို့သာ ထွက်ပြေးရလေ၏။

ထိုညတွင် လ,မထွက်သည့်အပြင် သက်ကြီးခေါင်းချ





၁၀၇

ကြွက်တွန်ပြီး၍ သန်းခေါင်ဘက်သို့ နီးနေပြီဖြစ်သောကြောင့်၊ အလွန်မှောင်သဖြင့် မောင်မောင်ကြီးသည် လမ်းမမြင်ဘဲ ထွက်ပြေးရာ လမ်းတွင် သစ်ပင်သစ်ငုတ်တို့ကို တိုက်မိသော်လည်း နာကျင်သည်ကိုမျှမသိ။ လဲလျှင် ထ,၍ ပြေးပြန်ရာ မိမိ၏ရှေ့တွင် ချောင်းကြီးကိုမြင်မှ ရပ်တန့်၍ နောက်သို့လှည့်ကြည့်လေ၏။ မှောင်မှောင်ပန်းသဖြင့် အတန်ကြာ ရပ်နေရာ နောက်မှလိုက်၍လာသော သူတို့၏ အော်ဟစ်သံတို့ကိုကြားရသဖြင့် မြစ်ကမ်းကို လျှောက်၍ ပြေးလေ၏။

အတော်ဝေးဝေး ပြေးမိသောအခါ အလွန်မောပန်းသဖြင့် အသက်ရှူမှားလျက် လဲတော့မည်ကဲ့သို့ ရှိလေ၏။ နောက်က လိုက်လာသော သူတို့၏အသံသည်လည်း နီးသည်ထက် နီးလာလေ၏။ ထို့ကြောင့် တစ်ဖန်ပြေးပြန်ရာ သုံးလေးလှမ်းလောက် လှမ်းမိလျှင် လည်ပင်းကို ညှစ်၍ထားသကဲ့သို့ အသက်မရှူနိုင်အောင်ရှိ၍ မပြေးနိုင်ဘဲ ရှိ၏။ နောက်က လိုက်လာသောသူများ သည်လည်း နီးသည်ထက် နီးလာသောကြောင့် မိမိအား မိတော့မည်ဟု စိတ်ချနေစဉ်တွင် အနီး၌ လှေကလေးတစ်စင်းကို မြင်လေ၏။

ထိုလှေဆီသို့ သွားပြီးလျှင် ငုတ်ကို ချည်ထားသော ကြိုးအား ဖြည်၍ လှေထဲသို့ ဆင်းပြီးလျှင် တက်တစ်ချောင်းကို အရှိန်သင့် တွေ့သည်နှင့် လျင်မြန်စွာ ရေလယ်သို့ လှော်သွားလေ၏။ ယင်းကဲ့သို့ ရေလယ်သို့ လှော်၍ သွားနေစဉ်ပင် ကမ်းမှ အော်သံများကို ကြား၍ လှည့်လိုက်ရာ၊ မီးတုတ်များကို ကိုင်လျက် တောင်မြောက်လေးပါး လှည့်လည်နေသူတို့ကို မြင်ရလေ၏။ အတန်ကြာသောအခါ ထိုလူ တို့သည် ကမ်းမှခွာ၍ ဟံသာဝတီမြို့ဆီသို့ ပြန်သွားလေ၏။ ရေလယ်သို့ ရောက်သောအခါ မောင်မောင်ကြီး သည် လှေဦးလှည့်၍



www.burmeseclassic.com

www.burmeseclassic.com



အထက်သို့ ဆန်၍ လှော်လေ၏။ အပန်းတကြီး ထွက်ပြေးလာရ၍ အလွန် မောပန်းသော်လည်း အသက်ဘေးကြောင့် မောပန်းသည်ကို ဂရုမပြုနိုင်ဘဲ ရန်သူနှင့်ဝေးရန်သာ အားစိုက်၍ လှော်ခဲ့ရာ၊ များမကြာမီပင် ကမ်းအနီးတွင် အိမ်တစ်အိမ်ကို မြင်ရလေ၏။

ထိုအိမ်ကို မြင်လျှင်မြင်ချင်း ဝေါကြီးမှူး ဦးကြပန်း၏ အိမ်ဖြစ်ကြောင်းကို မှတ်မိလေ၏။ မောင်မောင်ကြီးသည် လှေကို ထိုအိမ် ဘက်သို့ လှော်သွားပြီးလျှင် အိမ်ဆီသို့ လှမ်းကြည့်လိုက်ရာ လသာခန်းတွင် ရပ်၍ မြစ်ဘက်သို့ ကြည့်နေသော လူတစ်ယောက်ကို မြင်သဖြင့် တက်သံလိုလို ကြားမည်စိုးသောကြောင့် လှေမမျှောရုံသာ တက်ကို ခတ်သာသာ ခပ်လျက် ထိုသူဘက်သို့ လှည့်လိုက်သောအခါ မျက်နှာကို မြင်လျှင်မြင်ချင်း ဦးကြပန်း၏သမီး ခင်စောမယ် ဖြစ်ကြောင်းကို သိရလေ၏။ မောင်မောင်ကြီးသည် ခင်စောမယ်တို့ အိမ်သို့ မကြာခဏ လာရောက်လှည့်လည်ရ၏။ ယခုမူကား ဘုရင်၏ အာဏာတော်ကို ဖီဆန်၍ ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် စိတ်ထဲတွင် ဖို့လှိုက်မချို၊ မျက်ရည်များ ကျမိလေ၏။

အတန်ကြာသောအခါ လသာခန်းသို့ အခြားလူ တစ်ယောက် လာ၍ မောင်မောင်ကြီးက အသူနည်းဟု ကြည့်နေရာ၊ အသံကို ကြားလျှင်ပင် မိမိ၏ရန်သူ ဝန်တော်မှူး ဗညားဒလဖြစ်ကြောင်းကို သိရလေ၏။ ထိုအခါ တွင် လှေသည် လသာခန်း၏ ရှေ့တည့်တည့် မနီးမဝေးတွင်ဖြစ်၍ မြင်မည်ကို စိုးရိမ်ကာ ရေစီးဖြင့် အောက်သို့ အနည်းငယ် မျှောစေပြီးလျှင် အိမ်နှင့်မနီးမဝေး ကြားလောက်သော နေရာက ကမ်းကိုကပ်၍ နားထောင်နေလေ၏။

မောင်မောင်ကြီး မြော်မြင်သည့်အတိုင်းပင် ဝန်တော်မှူး





ဗညားဒလသည် မိမိအကြောင်း မကောင်းပြောနေသည်ကို ကြားရလေ၏။ ဤကဲ့သို့ ချောင်းမြောင်းနားထောင်နေရာ၊ အတန်ကြာကာလ ချမ်းအေးလာသည်နှင့် လက်နှစ်ဖက်ကို ပိုက်လိုက်ရာ လက်ဝဲဘက် လက်မောင်းက ရုတ်တရက် မီးစနှင့်ထိုးလိုက်သကဲ့သို့ အရှိန်နာကျင်သောကြောင့် သေချာစွာစမ်းသပ်ကြည့်ရာ ဓားရာကြီးတစ်ခုကို လက်မောင်းတွင် တွေ့ရလေ၏။ ထိုအခါမှသာ ၎င်းအနာမှ သွေးတို့သည် ယိုစီးထွက်နေကြောင်းကို သိရလေ၏။ ၎င်းအနာကို ရေနှင့် ဆေးကြောပြီးလျှင် ပုဆိုးစတစ်ခုကို စုတ်၍ စည်းထားသော်လည်း သွေးတို့သည် ထွက်မြဲထွက်၍ အတန်ကြာသောအခါ ခေါင်းစည်း လေးလာပြီးလျှင် လှေပေါ်တွင် လဲလေ၏။

ဟံသာဝတီပြည်ကြီးနှင့် မနီးမဝေး မြစ်လယ်တွင် လှေကြီး တစ်စင်းသည် ဖြည်းညင်းစွာ ဆန်တက်နေလေ၏။ ထိုလှေပေါ်တွင် မိန်းမပျိုတစ်ဦးသည် လှေပေါင်းမိုးထဲက ထွက်၍ အလွန်မည်းနက်သော မြစ်ရေကို ကြည့်နေလေ၏။ တစ်ရံတစ်ခါတွင်လည်း ဟံသာဝတီဆီသို့ လှမ်း၍ ကြည့်တတ်၏။

ထိုအချိန်တွင် ခုနစ်စဉ်ကြယ်သည် အမြီးထောင်၍ သန်းခေါင်ချိန် သို့ ရောက်ပြီဖြစ်သော်လည်း ပုဏ္ဏမိစန်းသည် မထွက်သေးဘဲ ရှိနေသေး၏။ ကောင်းကင်ယံတစ်ခုလုံးကား တဖျတ်ဖျတ် တလက် လက်၊ တပြက်ပြက် တပပ တောက်ပနေသော ကြယ်ကလေးတို့မှ တစ်ပါး အခြားအရာတို့သည် မှောင်ကြလျက်ရှိနေ၏။ ကမ်းနှစ်ဖက် ဝဲယာတို့၌ကား လေသိမ်း၍ ယိမ်းယိုင်နေကြသော သစ်ပင် ဝါးပင်ကြီး များကို မြင်ရ၏။ မြေပေါ်ကလည်း အဝေးရှိ ရွာများမှ တစ်ခါတစ်ခါ တောက်ပသော မီးရောင်ကလေးမှတစ်ပါး အခြားအရာတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ရောင်အတိကျ၍ မည်းနက်လျက်နေလေ၏။

ယခင်က လှေပေါ်မှ ထိုင်၍ ကြည့်နေသော မိန်းမပျိုသည် ထိုမီးရောင်ကလေးများနှင့် အဝေးတွင် ရေးရေးသာ မြင်ရသော ဟံသာဝတီမြို့ကြီး၏ မြို့ရိုးမြို့တာ၊ ပဇ္ဇင်ရင်တာ၊ ပြာအဆောက်အဦတို့ကို မြင်ရသောအခါ တစ်ရံတစ်ခါလည်း သဘောကျသောဟန်ဖြင့် ပြုံး၏။ တရံတခါလည်း မျက်နှာကလေး ညှိုးငယ်လာလျက် သက်မ ခြင်းရှာချ၏။

ထိုကဲ့သို့ အနီးပတ်ဝန်းကျင်တို့ ကြည့်ရှု၍ လာခဲ့ရာ အတန်ကြာသောအခါ ထိုလှေကြီးနားမှ ဖြတ်၍ အောက်သို့ စုန်လျက်လာသော လှေကလေးတစ်စင်းကို မြင်ရလေ၏။ မိန်းမပျို ခင်ခင်ကြီးသည် လမ်းတလျှောက်လုံး လှေတို့ကို ဆောင့်ရှောက်ကြည့်ရှုလာ၍ ထိုလှေကိုမြင်လျှင် များစွာ ထိတ်လန့်လေ၏။ ထိုလှေသည် အနီးသို့ ရောက်သောအခါ ခင်ခင်ကြီးသည် ထိုလှေကို သေချာစွာ ကြည့်ရာ ဦးစွန်ပဲ့ထိမ တစ်စုံတစ်ရာမှ မမြင်၍ ဆိပ်ကမ်းတွင် ချည်ထားရာ ကြိုးပြေ၍ ရေတွင်မျောလာသော တံငါလှေကလေးဟု ထင်မိလေ၏။ ထိုနောက်မှ လှေထဲတွင် တစ်စုံတစ်ခုကိုမြင်၍ သေချာစွာ မျက်လုံးများ ဖွင့်၍ကြည့်ရာ လူတစ်ယောက် လဲနေသည်ကို မြင်ရလေ၏။

ခင်ခင်ကြီး၏ စိတ်ထဲ၌ ထိုလဲ၍လာသောသူသည် လှေသော်လာသို့မဟုတ် အိပ်ပျော်၍ပါလာလေသလောဟု စဉ်းစားလျက် ပေါင်းမိုးထဲတွင် အိပ်နေသော မောင်ဖြစ်သူ ဗညားအိမ်ကို လှမ်း၍ခေါ်လေ၏။ ဗညားအိမ် ထွက်လာသောအခါ လှေမျောသွားသည်ကို လက်ညှိုးညွှန်လျက် "မောင်ကြီး လှေတစ်စင်းမျောသွားတယ်"





ဗညားအိမ်။ ။ "လှေတစ်စင်းမျောသွားတာ ဘာဖြစ်သလဲ"

ခင်ခင်ကြီး။ ။ "လှေပေါ်မှာ လူတစ်ယောက် လဲနေတယ်၊ ဘာဖြစ်လို့မှန်း မသိဘူး"

ဗညားအိမ်။ ။ "အိပ်ပျော်လိုက်သွားတယ် ထင်တယ်။ ဘယ်ထိအောင် မျောသွားမလဲ မသိဘူး"

ခင်ခင်ကြီး။ ။ "လိုက်ဆယ်လိုက်ပါ မောင်ကြီးရဲ့၊ သူ့ခမျာ သေလှနစ်ပြီး သေသွားပါလိမ့်မယ်" ဟု ပြောသောအခါ ဗညားအိမ်သည် နှမဖြစ်သူကို အလွန်ချစ်ခင်ယုယ၍ နှမ၏အလိုကို အစဉ်လိုက်တတ်သည် ဖြစ်သောကြောင့် လှေထဲကလူနှင့် မိမိတို့မှာ ဘာမှ မဆိုင်သော်လည်း နှမ၏ စိတ်အလိုကို လိုက်လိုသဖြင့် လှေထိုးသား နှစ်ယောက်တို့ကိုခေါ်၍ လှေကြီးတွင် တွဲ၍ထားသော လှေကလေးကို ဖြုတ်ပြီးလျှင် ယခင်ကမျောသွားသော လှေသို့ လှော်၍ လိုက်သွားကြလေ၏။

ခင်ခင်ကြီးသည် မောင်ဖြစ်သူဗညားအိမ်သည် မိမိစကားကို ဆယ်လှန်သဖြင့် နှမဖြစ်သူတို့သည် မောင်ကို ချစ်ခြင်းတည်းဟူသော အချစ်ဖြင့် လှေလှော်သွားသော မောင်ကို ကြည့်နေရာ အတန်ကြာကာလ ၎င်းတို့သည် မှောင်ထဲတွင် ပျောက်သွားလေ၏။ ထိုအချိန်တွင် လှေကြီးသည် တဖြည်းဖြည်း ဆန်တက်လာသဖြင့် ဟံသာဝတီဆိပ်ကမ်းသို့ ရောက်လုနီးနီး ရှိလေ၏။

ခင်ခင်ကြီးသည် ဗညားအိမ်တို့အပြန်ကို မျှော်၍နေရာ မကြာမီ ဟံသာဝတီဆိပ်မှ ထွက်လာသော လှေကြီးတစ်စင်းကို မြင်ရပြန်လေ၏။ ထိုလှေကြီးသည် ခင်ခင်ကြီးတို့ လှေဆီသို့ စုန်၍ လာရာ အနီးသို့ ရောက်သောအခါ လှေထဲက လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



"ဒီလှေက ဘယ်ကလဲ" ဟု မေးလေ၏။ ထိုအခါ ခင်ခင်ကြီးက "ဒဂုန်ကပါ" ဟု ပြန်ဖြေသောအခါ၊ လှေထဲက လူသုံးယောက်တို့သည် ထ၍၊ "ခဏ ရပ်ဦး" ဟုဆို၍ လှေချင်း ကပ်လာသောအခါ လှေပေါ်ကလူများမှာ ဗိုလ်မှူး မောင်ရဲကျော်နှင့် ရဲမက်တော်သား များဖြစ်ကြောင်းကို သိ၍ ခင်ခင်ကြီးမှာ အလွန်ထိတ်လန့်လေ၏။

ဗိုလ်မှူးရဲကျော်တို့ လှေချင်းကပ်မိကြသောအခါ ခင်ခင်ကြီးတို့ လှေထဲမှ လက်ခေါက်ချွန်သံကို ကြားရလေ၏။ ဗိုလ်မှူးရဲကျော်လည်း ခင်ခင်ကြီးတို့လှေပေါ်သို့ ကပ်ပြီးလျှင် "ဘယ်သူ လေချွန်လိုက်သလဲ" ဟု မေးသောအခါ ဘယ်သူမှ မချွန်မိကြောင်းနှင့် ပြန်ပြောသဖြင့် မယုံသင်္ကာရှိသကဲ့သို့ တောင်မြောက်လေးပါးကြည့်၍ "လှေ ပေါင်းမိုး ထဲက အကုန်ထွက်ကြစမ်း" ဟု ခပ်မာမာပြောလေ၏။

ပေါင်းမိုးထဲက လူများ ထွက်လာလျှင်ပင် အဝေးမှ လေချွန်သံကို ကြားရပြန်၍ ဗိုလ်မှူးရဲကျော်သည် အစဉ်းစားရကြပ်သဖြင့် လှေသမား တို့ကို သေချာစွာ ကြည့်၍ "ဒီဟာ အကုန်ပဲလား" ဟု မေးပြီးလျှင် ပေါင်းမိုးထဲသို့ ဝင်၍ ရှာလေ၏။ ထိုနောက်ထွက်လာ၍ မိမိလှေထဲသို့ ပြန်၍ ဆင်းသွားပြီးလျှင် လှေသမားများအား အရှေ့ဘက်ကမ်းဆီသို့ အလှော်ခိုင်းလေ၏။ ၎င်းတို့ သွားမှ ခင်ခင်ကြီးမှာ စိတ်သက်သာလျက် ဗညားအိမ် ကံကောင်း၍ ဗိုလ်မှူးရဲကျော်လက်မှ လွတ်ချေပြီဟု တွေးတောလေ၏။

ဗညားအိမ်တို့သည် လှေကို လျင်မြန်စွာ လှော်၍ လိုက်ရာ များမကြာမီပင် လှေကိုမီ၍ လှေပေါ်ကလူမှာ အိပ်ပျော်နေသောသူ မဟုတ်ဘဲ လက်မောင်း၌ ဓားရာကို တွေ့ကာ ထိုသူမှာ တစ်စုံတစ်ခု ဖြစ်ခဲ့ချေပြီဟု တွေးတော ၍ ၎င်းကို ချီမပြီးလျှင် မိမိတို့ လှေထဲ



သို့ယူ၍ ခင်ခင်ကြီးတို့ လှေကို မီအောင်လိုက်မည်ဟု လှော်ခပြုသည် နှင့်တစ်ပြိုင်နက် လေချွန်သံကို ကြားရလေ၏။ ထိုအခါ ဗညားအိမ်သည် အတန်ကြာ စဉ်းစားပြီးလျှင် လှေသမားတို့အား ကမ်းအနီးသို့ ရောက်သောအခါ လက်ခေါက်တစ်ဖန် ပြန်၍ မှုတ်လိုက်ပြီးလျှင် ယခင်က လဲနေသောသူကို ချီမ၍ ကမ်းပေါ်သို့ ယူဆောင်သွားကြ လေ၏။ ထို့နောက် လှေသမားနှစ်ယောက်တို့ကို ခြေက တစ်ယောက် ခေါင်းကတစ်ယောက် အချီခိုင်းပြီးလျှင် ဟံသာဝတီမြို့ဆီသို့ ရှေ့ရှုသွား ကြလေ၏။

မိမိတို့ကို မြင်မည်စိုးရိမ်သောကြောင့် မီးမထွန်းရသဖြင့် မှောင်ထဲတွင် တစ်လှမ်းစီ လှမ်း၍ သွားနေရကုန်၏။ တစ်ရံတစ်ခါ လည်း မှောင်ကြီးများထဲသို့ ကျလုနီးပါးပြန်၍ ဆုတ်ရ၏။ ဤကဲ့သို့ တဖြည်းဖြည်းလာ၍ အတန်ကြာကာလ နောက်မှ မီးတုတ်များကို ထိုင်လျက် လိုက်လာသောသူကို မြင်ရလေ၏။ ဗညားအိမ်သည် ထိုသူတို့ကို မြင်လျှင်မြင်ချင်း မိမိတို့ကို လှေတွင် မတွေ့၍ ကမ်းသို့ လိုက်လာသော ဗိုလ်မှူးရဲကျော်၏ လူစုဖြစ်ကြောင်းကို သိရလေ၏။ သို့သော်လည်း လူနာကို သယ်ပိုး၍ ယူနေရသဖြင့် အလွန်နှေးသော ကြောင့် လူနာကို ချ၍ ထွက်ပြေးရန် ကြံစည်မိလေ၏။ သို့သော်လည်း ထိုလူနာကို ကြည့်ရှုမည့်သူ မရှိသောကြောင့် ပစ်မထားခဲ့နိုင်သဖြင့် ဆက်လက်၍ ယူသွားလေ၏။ နောက်က လိုက်လာသူများမှာလည်း တဖြည်းဖြည်း နီးသည်ထက် နီးလာသောကြောင့် ဗညားအိမ်သည် ရှေ့သို့ တိုးမသွားဘဲ လမ်းဘေးသို့ ချိုးပြီးလျှင် ချုံအကြားတို့ကြားမှ ဖြတ်သန်း၍ လူနာကို ချုံကွယ်တစ်ခုတွင် ချထားခဲ့ပြီးလျှင် မိမိနှင့် လှေသားနှစ်ယောက်တို့ကား သစ်ပင်ကွယ်တို့တွင် ငြိမ်သက်စွာ နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ လိုက်လာသူတို့သည် ဗညားအိမ်တို့ ဖြတ်သန်းသွားသောနေရာသို့ ရောက်၍ တောင်မြောက်လေးပါး မီးတုတ်များဖြင့် လှည့်လည်ကြည့်ရှုပြီးလျှင် ရှေ့သို့ ဆက်လက်လိုက်သွားကြလေ၏။ ၎င်းတို့ သွား၍ အတော်အတန်ကြာသောအခါမှ လူနောက်ကို တစ်ဖန်ယူ၍ ထိုလမ်းကိုပင် ဆက်လက်၍ ဟံသာဝတီဆီသို့ ရှေ့ရှုသွားကြပြန်လေ၏။ လှည့်လည်ကြည့်ရှုသော် ပြတင်းပေါက်တစ်ခုနှင့် တံခါးတစ်ခုကို မြင်ရသဖြင့် မိမိသည် မည်သည့်နေရာသို့ ရောက်နေသည်ကို စဉ်းစားတွေးတော၍ မရနိုင်အောင်ရှိလေ၏။ ထိုနောက် အိပ်ရာမှ ထ၍ထိုင်သောအခါ လက်မောင်းက အနည်းငယ်နာကျင်သဖြင့် ၎င်းအနာကိုရခဲ့သော ညတွင်းက ဖြစ်ပျက်ခဲ့သော အရာတို့သည် စိတ်ထဲ၌ တစ်ခုပြီးတစ်ခု ဆက်ခါဆက်ခါ ပေါ်လာကုန်၏။

ထိုကဲ့သို့ စဉ်းစား၍ အတန်ကြာသောအခါ တံခါးသည် ပွင့်လာပြီးလျှင် မိန်းမပျိုတစ်ယောက်သည် ဝင်လာလေ၏။ ထိုမိန်းမပျို၏ အလွန်သာယာကြည်လင်သော မျက်နှာကလေးကိုလည်းကောင်း၊ လည်ကုတ်တွင် ဝဲကျနေသော ဗျာပါဆံကလေးများကိုလည်းကောင်း၊ ရှည်လျား ညီညာ အလွန်လှပဖြူစင်သော ဖေါ့ရိုးဖြင့် လုပ်ထားသကဲ့သို့သော လည်ပင်းကလေးကိုလည်းကောင်း၊ အလွန် လှပပြေပြစ်သော ကိုယ်ကာယကလေးကိုလည်းကောင်း၊ မြင်ရသောအခါ မိမိသည် ယခင်အခန်းမှ နတ်တို့ပျော်ရာ တာဝတိံသာသို့ ရုတ်တရက် ရောက်၍ သွားလေသလော၊ သို့တည်းမဟုတ် ဟိမဝန္တာမြိုင်အတွင်း၌ လာရောက်ပျော်ပါးကုန်သော ကိန္နရီတို့အကြားသို့ ရောက်သွားလေသလောဟု တွေးတော၍ မရနိုင်အောင် ရှိလေသတည်း။ ထို့ကြောင့် ထို မိန်းမ ပျိုအား စကားတစ်ခွန်းမျှ မေးစစ်ခြင်းမပြုဘဲ သေချာစွာ





စိုက်ကြည့်ရာ၊ ထို မိန်းမပျိုသည် အနီးသို့ လာ၍ မောင်မောင်ကြီး၏ မျက်နှာကို သေချာစွာ ကြည့်လျက် "ဘယ့်နှယ် နေသေးသလဲ။ သတိတော်ရှိပြီလား" ဟု မေးသောအခါမှ ရွှေဥဒေါင်း၏ လှပသော အမွေးအတောင်တို့သည် ၎င်း၏မြိုင်အတွင်း၌ အိုးဝေအော်သော အသံဖြင့် လိုက်သကဲ့သို့ ဤမိန်းမပျို၏အသံသည် ၎င်း၏ ရုပ်ရေနှုတ်ဖြင့် လိုက်ခြင်းကြီးမက လိုက်လေ၏တကားဟု သိရှိ ရလေ၏။ ဤတွင်ရွှေ့ကား နောင်အခါ ရာမညတိုင်းတလိုင်းသုံးရပ်၌ သွန်းစွာထင်ရှားကျော်စောမည့် မောင်မောင်ကြီးနှင့် တလိုင်းသုံးရပ်တွင် အလှတကာတို့၏ ဘုရင်ဖြစ်၍ မင်းညီမင်းသား မြင်သူတို့မူး၍ မူးလောက်အောင် ပိုးပန်းခြင်းခံရသော ခင်ခင်ကြီးတို့ ပထမတွေ့ဆုံခြင်းတည်း။

မောင်မောင်ကြီး။ ။ "တော်တော်ရှိသွားပါပြီ"

ခင်ခင်ကြီး။ ။ "အမယ်လေး။ ဝမ်းသာပါတယ်။ ကျွန်မတို့မှာ ကုလိုက်ရတာ။ အရင် သုံးလေးရက်ကဖြင့် ရှုမှ ရပါတော့မလားလို့ အောက်မေ့တယ်"

မောင်မောင်ကြီး။ ။ "ကျေးဇူး အင်မတန်ကြီးတယ်။ နို့အခု ကျွန်တော် ဘယ်ရောက်သလဲ။ ကျွန်တော့်ကို ဘယ်သူ ယူလာခဲ့သလဲ"

ခင်ခင်ကြီး။ ။ "အခု ကျွန်မတို့အိမ်ကို ရောက်နေတာပါ။ ကျွန်မတို့ အိမ် အခုနေရာက ဟံသာဝတီမြို့ မြောက်ပိုင်းမှာ" ဟု ပြောသောအခါ၊ မောင်မောင်ကြီး၏မျက်နှာ ညှိုးသွားသည်ကို မြင်သောအခါ ခင်ခင်ကြီးက လက်ကလေးကို ခါလျက် ဆက်၍ပြောသည်မှာ "မကြောက်ပါနဲ့ ကိုမောင်မောင်ကြီးရဲ့။ ရှင့်အကြောင်းကို ဗိုလ်ကြီးလှက ပြောပြလို့ ကျွန်မတို့ အကုန်သိပြီးပါပြီ။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ရှင့်ကို ဘယ်သူမှ မဖမ်းနိုင်ပါဘူး"

မောင်မောင်ကြီး။ ။ "နို့ ကျွန်တော့်ကယ်တဲ့ ကျေးဇူးရှင်များကို ပြောပါဦး"

ခင်ခင်ကြီး။ ။ "ပြောပြပါမယ်။ ကျွန်မတို့ ဒဂုန်ကအပြန်မှာ ရှင့်ကို လှေကလေးတစ်စင်းပေါ်မှာ လဲနေတာတွေ့လို့ ကျွန်မတို့ အစ်ကို ဗညားအိမ်ကကယ်ရတယ်။ ကျွန်မနာမည်ကတော့ ခင်ခင်ကြီးတဲ့။ ကျွန်မတို့ ဖေဖေမေမေတို့ကို" ဟုဆို၍ မျက်ရည်ကလေးများ လည်လျက် "တပင်ရွှေထီးအမိန့်နဲ့ သတ်ပစ်လို့ သေကုန်ပြီ။ကျွန်မတို့ မောင်နှမ နှစ်ယောက်တည်းရှိတော့တယ်"

မောင်မောင်ကြီး။ ။ ဝမ်းမနည်းပါနဲ့ မခင်ခင်ကြီးရယ်။ ပုထုဇဉ်ဟူသမျှတို့မှာ ဘယ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော မမြဲတဲ့တရားနဲ့ ကင်းကြမလဲ။ နို့ မခင်ခင်ကြီးရဲ့ အဖေများက ဘယ်သူများတုန်း"

ခင်ခင်ကြီး။ ။ "လွှတ်တော်အမတ်ကြီး"

မောင်မောင်ကြီး။ ။ "သိပြီ၊ သိပြီ" ဟု ဆိုပြီးလျှင် ခင်ခင်ကြီး၏ အမိအဘများကို သုပုန်ထဲတွင်ပါသည်ဟု အထင်တော် ရောက် ပြီးလျှင် တပင်ရွှေထီးက မြို့ပြင်မှာ ကားတင်၍ သတ်စေ ခိုင်းတော်မူစဉ်က မိမိသည် အနီးမှာရှိသဖြင့် ၎င်းအမတ်ကြီး၏ သားသမီးများကို ခင်တွယ်ခြင်းအားဖြင့် ငိုယိုလျက် အသနားခံ သည်များကို မြင်ရ၍ မိမိကိုယ်တိုင် အမတ်ကြီး၏သနားဖွယ် ငိုကြွေးသည်ကို နှလုံးကြေကွဲလျက် မျက်ရည်များကျခဲ့ဖူးကြောင်း များကို တွေးတောမိလေ၏။

ဤကဲ့သို့ ချစ်ခင်စဖွယ်လုပ၍ စိတ်နှလုံးပြုစင်သော သားသမီး နှစ်ယောက်ကို ပစ်ခွာသွားရသော အမိအဘများမှာ သေခါနီးဆဲဆဲတွင်





သည်မျှလောက် ပူပင်သောက ဗျာပါရများပါလိမ့်မည်နည်းဟု တွေး တောမိ၍ ယခုအခါ မျက်ရည်ကျလုခမန်း ဖြစ်လေ၏။

ထိုနောက်မှဆက်၍ "သိပါပြီ၊ သိပါပြီ။ ဒီဟာတွေကို တွေးပြီး မငိုပါနဲ့တော့။ လောကမှာ လူရယ်လို့ ဖြစ်လာရလျှင် သေမြဲမမွတာပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာတော်ရေးသုံးပါးကို အမြဲနှလုံးထားပြီး ဖြေဖျောက်မှပေါ့။ အခု အကိုတို့မှာလည်း ဒီလို ပေါ့။ ရှေးကကံအကြောင်းကမကောင်းတော့ မခင်ခင်ကြီးတို့ မြင်တဲ့ အတိုင်းမသေရုံတစ်မယ် ရှိတော့တာပဲ။ နို့ မေးပါရစေဦး။ ကျွန်တော့် ကို ဘယ်သူဘယ်ဝါ မသိဘဲနဲ့ ဘာဖြစ်လို့ ကယ်ဆယ်ရတာတုန်း"

ခင်ခင်ကြီး။ ။ "ရှင့်ကို လှေထဲမှာ မြင်တော့ ကျွန်မစိတ်ထဲမှာ အလိုလို ကရုဏာဖြစ်လာတယ်။ အိမ်ကို ရောက်တော့ ကျွန်မတို့ မောင်နှမ တိတ်တိတ်ပုန်းနေရင်း ဗိုလ်ကြီးလှရောက်လာလို့ ရှင့် အကြောင်းကို ပြောပြပြီးတော့ ရှင်ဟာ ကျွန်မတို့ကို ကူညီမစမယ့်လူ ဖြစ်တဲ့အကြောင်းနဲ့ ပြောပြတယ်"

မောင်မောင်ကြီး။ ။ "အမယ်လေး။ ကျွန်တော် ဘယ့်နှယ် လုပ်ပြီး ဘာကို ကူညီရမှာလဲ။ ကျွန်တော့်ကို ဘုရင့်အာဏာကို စော်ကားတယ်ဆိုပြီး လိုက်လံဖမ်းဆီးနေလို့ ထွက်ပြေးတိမ်းရှောင် နေရတယ်။ မားကလေးတစ်ချောင်းကိုတောင် စိတ်ဆိုးလို့ ချိုးပစ်ခဲ့ တာယ်"

ခင်ခင်ကြီး။ ။ "အို၊ ကိစ္စမရှိပါဘူး။ ဗညားအိမ်လည်း ရှင့်လို ပြေးတာပါပဲ။ အခုလည်းဒီမြို့ထဲမှာ မနေဝံ့ဘူး။ ပြေးနေရတယ်။ ရှင့်ကို ကယ်ဆယ်တုန်းကလည်း ဒီလိုကယ်ဆယ်ရအောင် သွားနေလို့။ သို့မဟုတ်ရင် မိသွားမှာ။ ဒီဟာအတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်။ အခု ကျွန်မတို့မှာ အကြံတစ်ခု ရှိတယ်။ ရှင် နားထောင်မလား"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီး။ ။ "ပြောပြစမ်းပါဦး"

ခင်ခင်ကြီး။ ။ "ရှင် သိတဲ့အတိုင်း ကျွန်မတို့ ဖေဖေနှင့်မေမေကို တပင်ရွှေထီး သတ်ဖြတ်တယ်။ သို့သော် ဒီတပင်ရွှေထီး လက်ထဲက လွတ်သွားရင် ကျွန်မတို့ တိုင်းသားပြည်သူ ရှင်လူ ရဟန်းတို့ ဒီလိုအနှိပ်စက်က လွတ်သွားမှာပဲ။ ဒါကြောင့် ကျွန်မတို့က အင်းဝဘုရင်နဲ့ တွဲဖက်ပြီး ဟံသာဝတီကို တစ်ခါပြန်ရအောင် ကြံနေတယ်။ အင်းဝဘုရင်လည်း သဘောတူလှပြီ။ ဒီအကြံကို ကျွန်မတို့ မောင်နှမနှစ်ယောက်နဲ့ ဗိုလ်ကြီးလှအစရှိတဲ့ လူအတွဲ သာ ကြံဆောင်နေရတယ်။ ရှင် ကျွန်မတို့ဘက်က နေမလား" ဟု ပြောပြလေ၏။

ထိုအခါ မောင်မောင်ကြီးသည် ယခုအရှင်ကို ကြံရမည်က အရေးများစွာကြီးသည်ဟု မထင်ဘဲ၊ ခင်ခင်ကြီး ပြောသည်က များစွာအရေးကြီးသည်ဟု ထင်မိ၍ ၎င်းအကြံကို ငြင်းပယ်ရမည်မှာ အလွန်ခက်ခဲလေ၏။ ငြင်းပယ်အံ့ဟု စိတ်တွင်းက ကြံဆမိသော်လည်း အသပြာထောင်ထုပ်ကို တောင်စမုန်က သနားသည်ကို ပယ်လိုက်သော မင်းယောကျ်ားမိုက်ကဲ့သို့ ဖြစ်ချေတော့မည်ဟု ကြံဆမိလေ၏။

မောင်မောင်ကြီးသည် ထိုကဲ့သို့ စဉ်းစားတွေဝေနေသည်ကို မြင်လျှင် ခင်ခင်ကြီးက မျက်နှာကို တစ်မျိုးထား၍ "ဘယ့်နယ်လဲ။ လိုက်မယ် မဟုတ်ဘူးလား" မေးပြန်သောအခါ မောင်မောင်ကြီးသည် ခင်ခင်ကြီး၏သနားချစ်ခင်ဖွယ် လှပသောမျက်နှာကလေးကို ကြည့်လျက် စပါးကြီးမြွေ ညို့၍ထားသောသူသည် ထွက်ပြေးခြင်းငှာ မတတ်နိုင်သကဲ့သို့ ခင်ခင်ကြီး၏အကြံသို့ လိုက်ပါမည်ဟု ဝန်ခံ





လေ၏။

ထိုနောက် ခင်ခင်ကြီးက "ရှင် ကျွန်မအတွက် သေဝံ့ပါမလား။ ကျွန်မတို့အကြံက လည်ပင်းနားမှာ ဓားဝဲဝဲနေတယ်။ တကယ်လို့ ရှင့်အသက် ရှုံးရင်လည်း ကျွန်မအတွက်ပါပဲ"

မောင်မောင်ကြီး။ ။ "ဆယ်ခါ သေဝံ့ပါတယ်။ မယုံရင် ကျိန်စာပေးဦးမလား"

ခင်ခင်ကြီး။ ။ "အို၊ ဒီလိုဟာတွေ မလိုပါဘူး။ ရှင့်ကို အစကတည်းက ယုံပြီးသားပါ" ဟုဆို၍ အခန်းထဲမှ ထွက်သွားလေ၏။ အတန်ကြာသောအခါ လက်ထဲတွင် ဓားကြီးကိုကိုင်လျက် ပြန်လာပြီးလျှင် မောင်မောင်ကြီးအား ပေးလျက် "ဒီဟာ ကျွန်မတို့ ဖေဖေ လက်သုံးတော် ဓား။ သီလဝင် ဆိုတာပဲ။ အဲဒီဟာကို ရှင် အသုံးပြုရမယ်" ဟုဆို၍ အခန်းထဲမှ တစ်ဖန် ပြန်၍ထွက်သွားလေ၏။

မောင်မောင်ကြီးသည် ဓားကြီးကို ဓားအိမ်မှ ချွတ်၍ကြည့်သောအခါ အလွန်ထက်မြက်လှပစွာ လုပ်ထားသော ငွေဓားကြီးကို မြင်ရလေသည်။ ၎င်း သီလဝင် အမည်ရှိသော ငွေဓားကြီးသည် ခင်ခင်ကြီး၏ အိုးဘွား အဆက်ဆက်မှ အသုံးပြုလာသော လက်သုံးတော် ဓားကြီး ဖြစ်လေ၏။ မောင်မောင်ကြီးသည် ထိုဓားကြီးကိုကြည့်လျက် "သြော်။ ခင်ခင်ကြီး ခင်ခင်ကြီး" ဟု စိတ်ထဲက တမ်းတမိလေ၏။

မောင်မောင်ကြီးသည် အမိဝမ်းတွင်းမှ ဆင်းခဲ့သည်မှစ၍ ယခုတိုင် အသက်နှစ်ဆယ် ကျော်ပြီဖြစ်သော်လည်း တစ်ခါမှုမျှ မိန်းမတည်းဟူသော သတ္တဝါတို့တွင် စိတ်မဝင်စားဘူးခဲ့ချေ။ မဆိုလျှင် ခြေမ လက်မကိုပင် ရှုံ့ရှာ၏။ ထို့ကြောင့် စိတ်ပူးနှင့် ကိုကြီးကိုနိုလျက် နိဗ္ဗာန်ရရာတည်းဟူသော တရားကို အားထုတ်တော့ မှ အစဉ် စိတ်သွင်းမိခဲ့၏။ ယခု ခင်ခင်ကြီးတည်းဟူသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ပျို့သည် မိမိအား အားကိုးအားထားပြုအံ့ ဟု သီလဝင် စက်သွားကို အပ်ထားခဲ့၍ မိမိလည်း အနည်းငယ်မျှ ငြင်းပယ်ခြင်းမပြုဘဲ ယူထားလိုက်သည်ကား အကြောင်း အသို့နည်း။ မည်သည့်အခါမှ ဤသို့ယတို့သည် စိတ်ထဲ၌ မဝင်စားခဲ့ဘူးသော်လည်း ယခုအခါ ခင်ခင်ကြီးတည်းဟူသော မိန်းမပျို့သည် အဘယ်ကြောင့် စိတ်အာရုံတွင် တဝေ့ဝေ့ထင်လျက်၊ ၎င်း၏ မျက်နှာကလေးကို မြင်ချင် စိတ်ရှိလေသနည်းဟု စဉ်းစား၍မရနိုင်အောင် ရှိလေ၏။

ထိုနေ့ညသို့ ရောက်သောအခါ ကမ္ဘာဦးသူတို့သည် ညဦးအခါရောက်၍ အမှောင်ကြီးသောကြောင့် အလင်းရောင်ကို တကြသောအခါ အနောက်ဓါယာကျွန်းဘက်က ပုဏ္ဏမီစန်းသည် အလွန်အေးမြကြည်လင် ဖြူစင်သောရောင်တော်တို့ကို လွှတ်လျက် ထွက်လာဘိသကဲ့သို့ မောင်မောင်ကြီးလည်း မြင်ရသူတို့စိတ်ကို ကြည်လင်ရွှင်ပျစေတတ်သော ငွေလမင်း နှင့်တူသော ခင်ခင်ကြီး၏ မျက်နှာကလေးကို မြင်ရစိမ့်သောငှာ တမ်းတနေစဉ် တံခါးသည် ပွင့်လျက် ခင်ခင်ကြီးသည် ဝင်၍လာလေ၏။

ထိုအချိန်တွင် ခင်ခင်ကြီးသည် နံနက်အခါကကဲ့သို့ မဟုတ်ဘဲ အလွန်မည်းနက်သော အဝတ်အစားများကို ဝတ်လာ၍ ခင်ခင်ကြီးကို မြင်လျှင် မောင်မောင်ကြီးသည် မိမိစိတ်ထဲတွင် ရှိသမျှတို့ကို ဖွင့်ထုတ်၍ ပြောတော့မည်ဟု ကြံစည်နေစဉ် ခင်ခင်ကြီးက "ရှင် အစုညလိုက်ခဲ့ရမယ်"

မောင်မောင်ကြီး။ ။ "ဘယ်ကိုလဲ"

ခင်ခင်ကြီး။ ။ "ရွှေမော်ဓော ဘုရားကုန်းတော်ပေါ်ကို။ ဟိုမှာ အစုည ကျွန်မတို့ အကြံနှင့်စပ်လျဉ်းပြီး တိုင်ပင်ကြလိမ့်မယ်။ ကိုင်း သွားကြမယ်။ ဓားကိုလည်း ယူခဲ့" ဟုဆို၍ မောင်မောင်ကြီးသည်





ခင်ခင် ကြီးနောက်သို့ ဓားကိုကိုင်လျက် လိုက်သွားလေ၏။

ဘုရားကုန်းတော်ပေါ်သို့ တက်၍ ရင်ပြင်တော်ပေါ်သို့ လျှောက်သွားကြသောအခါ ကောင်းကင်က ယုန်စန္ဒာသည် ကောင်းစွာ သာနေသောကြောင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကောင်းစွာမြင်နိုင်ကြလေ၏။ ခင်ခင်ကြီးသည် မိန်းမသားပင်ဖြစ်သော်လည်း တစ်ပါးယောကျ်ားနှင့် လာခဲ့ရပြီး၊ ဘုရားရင်ပြင်တော်ပေါ်တွင် ၎င်းတို့နှစ်ယောက်မှ တစ်ပါး အခြားသူမရှိသော်လည်း အနည်းငယ်မျှကြောက်ရွံ့ထိတ်လန့်ပုံ မရသောအခါ မောင်မောင်ကြီး၏ စိတ်ကထိုမိန်းမသည် အခြားမိန်းမများကဲ့သို့ မဟုတ်ဘဲ၊ ရဲစွမ်းသတ္တိအတော်အတန်ရှိသည်ဟု ထင်မိလေ၏။ ယခုအခါ နှစ်ယောက်တည်းဖြစ်၍ မောင်မောင်ကြီးသည် မိမိလိုရာကို ကြံဆောင်နိုင်လိမ့်မည်ဟု ခင်ခင်ကြီးသည် သိသော်လည်း မောင်မောင်ကြီးကို အလွန်ယုံကြည်ကိုးစားသောကြောင့်သာ ခေါ်၍လာ၏။

ရင်ပြင်တော် ထောင့်တစ်ထောင့်သို့ ရောက်သောအခါ ခင်ခင်ကြီးက "အလို၊ ဘုရားကိုတောင် မကန်တော့ရသေးဘူး။ ကန်တော့ရအောင်" ဟုဆို၍ ပုဆစ်တုပ်၍ ထိုင်မှလေ၏။ မောင်မောင်ကြီးလည်း ၎င်းအနီးတွင် ဖူဆစ်တုပ်ပြီးလျှင် ဘုရားရှိခိုးဆိုရင်း ခင်ခင်ကြီးနှင့် ယခုဘဝတွင် မဆုံဆည်းရသော်လည်း နောင်ဘဝ၌ ဘုရားသွား ကျောင်းသွားဖက်မှန်တော့မည်ဟု စဉ်းစားမိလေ၏။

ထိုနောက် ဘုရားကို ကန်တော့ပြီးသော် ဆက်လက်၍ သွားကြရာ ရင်ပြင်တော်တစ်ဖက်သို့ ရောက်ကြသောအခါ ခင်ခင်ကြီးသည် ဘုရားပြိုကြားထဲသို့ သွား၍ မောင်မောင်ကြီးလည်း နောက်က ထပ်ကြပ်ကျွာ လိုက်သွားလေ၏။ များမကြာမီပင် ဘုရားပြိုများမှ ကွက်လပ်ကလေးတွင် လူလေးယောက်တို့ကို မြင်ရလေ၏။ ၎င်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လျှင်မြင်ချင်း မောင်မောင်ကြီးသည် အားလုံးကုန် မှတ်မိလေ၏။ ထိုလေးယောက်တို့သည် တစ်ယောက်ကို တစ်ယောက် မျက်နှာခြင်း ဆိုင်၍ထိုင်နေကြသော်လည်း စကားမပြောသောကြောင့် တိတ်ဆိတ်လျက်ရှိ၏။ လသာထဲတွင်ဖြစ်၍ ၎င်းတို့၏ စဉ်းစားတွေဝေနေသော မျက်နှာ များကို မြင်နိုင်၏။

ထိုနောက် မောင်မောင်ကြီးသည် အရပ်ရှစ်မျက်နှာသို့ လှည့်လည်ကြည့်ရှုရာ လေပြည်သုတ်သဖြင့် တလှုပ်လှုပ်တခါခါ နေသော သစ်ပင်ဝါးပင်များကိုလည်းကောင်း၊ အဝေးတွင် မြူဆိုင်းသဖြင့် ညိုမှိုင်းနေသော တောင်တန်းကြီးများကိုလည်းကောင်း၊ လရောင်အောက်တွင် ထင်းလင်းစွာမြင်ရလေ၏။ တစ်ဖက်တွင်ကား ဟံသာဝတီမင်းတို့ စံနေတော်မူခဲ့သော ရွှေနန်းတော် ပြသာဒ်ဆောင်တို့နှင့် စေတီတို့ကို မြင်ရလေ၏။ ရွှေမော်ဓော စေတီတော်ကြီး၏ထီးတော်ရှိ ဆည်းလည်း ညောင်ရွက်ကို လေသက်သဖြင့် တသွင်သွင် အသံနှင့် သစ်ရွက်ချင်း ထိ၍ ဖြစ်သော အသံတို့မှတစ်ပါး အခြားအရာတို့သည် ငြိမ်သက်လျက်ရှိကုန်၏။

ယခင်က လူလေးယောက်တို့သည် ခင်ခင်ကြီးတို့ကို မြင်လျှင် တစ်ပြိုင်တည်းပြိုးလျက် "အလို။ လာခဲ့ကြပြီလား" ဟု တစ်ပြိုင်တည်း ပြောသဖြင့် ခင်ခင်ကြီးနှင့် မောင်မောင်ကြီးတို့သည် ၎င်းတို့ နေရာသို့ သွား၍၊ နေရာထိုင်ခင်းများ, ပေးသဖြင့် ထိုင်ကြလေ၏။

ထိုနောက် ယခင်လေးယောက်၏ အပါအဝင်ဖြစ်သော ဗိုလ်ကြီး လှက "ဒဂုန်က ဘာကြားခဲ့သေးသလဲ" ဟု မေးသောအခါ ခင်ခင်ကြီး သည် စာကလေး တစ်စောင်ကို ထုတ်ပြ၍ ကြာရှည်စွာ ပြောလေ၏။ သို့သော်လည်း မောင်မောင်ကြီးသည် မည်သည့် အကြောင်းကို ပြောသည်ကား မသိချေ။



ခင်ခင်ကြီးက "ခုနင်က စာ ဖတ်စမ်းပါ။ အင်းဝဘုရင်က ရှင်တို့ ငါးယောက် အထိမ်းအမှတ်ပါမှ သဘောတူနိုင်မယ်တဲ့။ ထိုနောက် ဒဂုန်မှာ သစ္စာရေ သောက်ရမယ်တဲ့"

ဗိုလ်ကြီးလှ။ ။ "အခု ဘုရင် လွှတ်လိုက်တဲ့လူ ရှိသေးသလား"

ခင်ခင်ကြီး။ ။ "မရှိဘူး။ ဒီစာကို ပေးပြီး ချက်ချင်းပြန်သွားတယ်။ ဆောင်းတူးမြို့စားကော"

ဗိုလ်ကြီးလှ။ ။ "မလာအားဘူး။ ဆောင်းတူးကို သွားနေရတယ်"

ခင်ခင်ကြီး။ ။ "ကိုင်း။ သဘောတူကြပြီလား။ တူရင် လက်မှတ်တံဆိပ် ထိုးလိုက်ကြလေ" ဆို၍ ဗိုလ်ကြီးလှနှင့် ကျန်သုံးယောက်တို့ပါ လက်မှတ်တံဆိပ် ရေးထိုးကြလေ၏။

ထို့နောက် ဗိုလ်ကြီးလှက ဆောင်းတူး မြို့စားဆီကို ဘယ်သူ သွားမလဲ။ ကျုပ်တို့ သွားလို့ မတော်ဘူး"

ခင်ခင်ကြီး။ ။ "ကျွန်မတို့ သွားမယ်။ ကိုမောင်မောင်ကြီး လိုက်ပို့လိမ့်မယ်"

ဗိုလ်ကြီးလှ။ ။ "သြော်။ မောင်မောင်ကြီးလား။ မောင်မောင်ကြီးကို အားကိုးရပါတယ်။ အင်မတန် ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့လူပဲ။ ကိုင်း၊ မောင်မောင်ကြီးကလည်း အစစအရာရာ အကြံမြော်ခေါင်ကူညီပါ။ အကြံမြော်ရင် သူကောင်းပြုပါလိမ့်မယ်။ မင်းတို့ သွားတဲ့အခါ သတိထားပြီး သွားရမယ်။ ငါလည်း လူနှစ်ယောက် ထည့်လိုက်မယ်။ ဘယ်တော့ သွားမလဲ"

ခင်ခင်ကြီး။ ။ "နက်ဖြန်မနက်သွားမယ်"

ဗိုလ်ကြီးလှ။ ။ "နက်ဖြန်မနက်တော့ မြို့တံခါးနားမှာ လူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် တွေ့လိမ့်မယ်။ သူတို့ကို လွှတ်ထားလိုက်မယ်။ လူသွား နေကျ လမ်းက မသွားနဲ့။ တောထဲက ဖြတ်သွား" ဟု မှာလိုက်၍ ခင်ခင်ကြီးနှင့် မောင်မောင်ကြီးတို့သည် မြို့တွင်းသို့ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ ခင်ခင်ကြီးသည် လှည်းယဉ်တစ်စီးကို စီး၍၊ မောင်မောင်ကြီးကား မြင်းတစ်ကောင်ကို စီးပြီးလျှင် အိမ်မှ ထွက်ခဲ့ကြလေ၏။ လှည်းယဉ်ကို မောင်းသော ဦးရွှေအိုမှာ ခင်ခင်ကြီးတို့အိမ်တွင် ငယ်စဉ်အခါမှ ယခုတိုင် အမှုထမ်းခဲ့သောသူဖြစ်သဖြင့် အစေခံကျွန်ပင် ဖြစ်သော်လည်း ဆွေမျိုး အရင်းကဲ့သို့ ချစ်ခင်သဖြင့် အသက်ကိုပင် ၎င်းအတွက် အသေခံဝံ့၏။ မြို့ပြင်သို့ ရောက်သော အခါ ယခင်ညက ဗိုလ်ကြီးလှ ပြောထားသော လူနှစ်ယောက်ကို မြင်းစီးလျက်တွေ့သဖြင့် ထိုလူများက လူမတွေ့ နိုင်သော လမ်းက ကွေ့၍ သွားမည်ဆို၍ လှည်း၏ ရှေ့က တစ်ယောက် နောက်က တစ်ယောက်စီး၍ လိုက်လာကြလေ၏။ မောင်မောင်ကြီးမှာမူကား ခင်ခင်ကြီးကို စကားပြောလျက် လှည်း နောက်နားက လိုက်လာလေ၏။

ဤကဲ့သို့ လာခဲ့ကြရာ နေ့လယ်လောက် ရောက်သောအခါ အလွန်ထူထပ်သော တောအုပ်တစ်ခုအတွင်းသို့ ရောက်ကြလေ၏။ ထိုတောအတွင်း၌ သစ်ပင်ကြီးတို့သည် တစ်ပင်ကိုတစ်ပင် ယှက်လျက် ပေါက်နေကြသဖြင့် အရွက်တို့သည် ထီးမိုးသကဲ့သို့ နေပြောက် မထိုးဘဲ ရှိလေ၏။ ဂမုံးပန်း၊ သစခင်ပန်း၊ အင်ကြင်းပန်း၊ သစ်ခွ လက်တန်တို၊ လက်တန်ရှည် အစရှိသော ပန်းတို့လည်း ရာသီလိုက် ပွင့်ဖူးနေကြသဖြင့် တောအလုံး၌ တကြိုင်ကြိုင် တလှိုင်လှိုင်ရှိကုန်၏။ သစ်ခက် သစ်ရွက်တို့ အကြားတို့၌လည်း ကြက်တူရွေးအစရှိသော ငှက်တို့၏ အလွန်သာယာနာပျော်ဘွယ် ဘာသာ တွန်ကျူး ပျော်မြူး ကြကုန်၏။ စိမ့်ကြီး မြိုင်ကြီး၊ ရိပ်ကြီး တောတောင်အစရှိသည့် ရှာနက်ကို ရေးသားသော ပညာရှိရွှေတိုက်စိုး ဦးတိုး,သော်လည်းကောင်း၊ တောင်တောရယ်သာ၊ မာလာက ငုံဖူး၊ တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးငှက်ကမြူးဟု အလွန် ကြည်နူး လွမ်းဆွတ်ဘွယ်ကောင်းသော သီချင်းများကို ရေးစပ်သော ပညာရှိတို့သည်လည်းကောင်း ထိုကဲ့သို့ သော တောမြိုင်ဂနိုင်တွင်း ရောက်ဖူးကြပေလိမ့်မည်။



ဤတောကြီးအတွင်းသို့ ဝင်မိသောအခါ ခင်ခင်ကြီးသည် ကြည်လင် အေးမြလာသဖြင့်၊ တစ်ပင်မှ တစ်ပင်၊ တစ်ကိုင်းမှ တစ်ကိုင်း၊ တစ်ခက်မှ တစ်ခက် ကူးပြောင်းသွားလာ ပျော်ပါးစွာ နေထိုင်ကြသော ကျေးငှက်တို့နှင့် နွယ်စီးနေကြသော မျောက်အပေါင်းတို့ကို မျက်နှာ ကလေး ရွှင်ပျစွာနှင့် ကြည့်လျက် မောင်မောင်ကြီးအား တစ်ခါတစ်ခါ လက်ညှိုးညွှန်၍ ပြသလေ၏။ သစ်ပင်ကြီးတို့၏ ခွကြားများ၌ ပွားနေကြသော သစခင်၊ သစ်ခွ၊ လက်တံတို၊ လက်တံရှည်၊ ဝါဆိုပန်း၊ ညှိုးပန်းအစရှိသော တောပန်းတို့ကို မြင်လျှင် မိန်းမတို့ သဘာဝ ပန်းမန်ကြိုက်တတ်ရကား အလွန် လိုချင်တောင့်တ မိလေ၏။ သို့ သော်လည်း ဤပန်းတို့ကို ဆွတ်ယူ၍ ပေးမည့်သူမောင်ဖွား မပါ၍ မောင်မောင်ကြီးကို ခိုင်းမည်ကြံသော်လည်း၊ ဆွေမျိုးညာတိ မဟုတ် သောကြောင့် ငိုချင်ပြာသော်လည်း ကြည့်လျက်ပင် နေရလေ၏။

ထိုကဲ့သို့ ကြီးစွာသော အာသာဖြင့် ပန်းခိုင်များကို အလွန် လိုချင်တပ်မက်သော မျက်နှာကလေးဖြင့် ကြည့်သည်ကို မောင် မောင်ကြီးသည် မြင်၍၊ ယခု ချက်ချင်းလက်ငင်း ဆွတ်ယူ၍ ဆက်သလိုက်ချင်သော်လည်း ဆွတ်ယူ၍ မပေးသေးဘဲ ခင်ခင်ကြီး၏ အခိုင်းကို စောင့်နေလေ၏။ ထို့နောက် မခိုင်းပုံရသဖြင့် ပန်းခက် ကလေးကို စိုက်၍ကြည့်နေသော ခင်ခင်ကြီးအား "ခင်ခင်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သလား” ဟု မေးသောအခါ ခင်ခင်ကြီးက ပြုံးလျက် “လိုတော့ လိုချင်တယ်။ ပန်းက သစ်ပင်ပေါ် အမြင့်ကြီးမှာနေလို့ တံချူနဲ့ ရှိမှာ မဟုတ်ပါဘူး” ဟု ပြန်ပြောလေ၏။

မောင်မောင်ကြီးလည်း “ကိစ္စ မရှိပါဘူး၊ အနိမ့်ကလေးပဲ” ဆို၍ မင့် ချစ်လိုက်ပါတဲ့ အာရုံ၊ မြင့်မိုရ်တောင် တစ်တောင်လုံး တုံးမှတ်လို့ခုန်ဆိုသော ယောကျ်ားကဲ့သို့ အလွန်မြင့်သော သစ်ပင်ကို ခါးတောင်းကျိုက်၍ တက်ပြီးလျှင် ပန်းခက်ကလေးကို ဆွတ်ယူခဲ့၍ ခင်ခင်ကြီးအား ဆက်လေ၏။

ခင်ခင်ကြီးသည် မောင်မောင်ကြီးအား များစွာ ကျေးဇူးတင်လျက် ပန်းခိုင်ကို လှမ်းယူရင်း “ဪ။ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်ကြီး” ဟု စိတ်ထဲက ညည်းမိလေ၏။

ထို့နောက် ခင်ခင်ကြီးနှင့် မောင်မောင်ကြီးတို့သည် တစ်ဦးကို တစ်ဦး စကားမပြောဘဲ ဆက်လက်၍ လာခဲ့ကြရာ အလွန်သာယာသော တောအပိုင်းသို့ ရောက်ကြလေ၏။ ထိုနေရာတွင် ကုန်းမြင့်ကလေးများပေါ်မှ အလွန်ကြည်လင် ရှုမြင်သူတို့ ခပ်ယူ၍ သောက်ချင်ဘွယ်ကောင်းလှသော စမ်းရေပေါက်ကလေးသည် မြက်ခင်းကလေးကြားက တသွင်သွင်စီးကျနေ၏။ ၎င်း စမ်းချောင်းကလေး၏ ဝဲ,ယာကမ်းတို့၌လည်း ခွန်ဖြူ ကြက်ရုံး အစရှိသော ပန်းပင်တို့သည် ပင်လုံးကျွတ်မျှ ပွင့်ဖူးလျက် ပန်းခက်ကလေးတို့သည် စမ်းရေကို ငုံ၍ သောက်တော့မည်ကဲ့သို့ ကိုင်းကျလျက်ရှိ၏။ ၎င်းတို့ အကိုင်းပေါ်၌လည်း ငှက်သတ္တဝါတို့သည် နားလျက် စမ်းရေအေးကို ပျော်ပါးစွာ သောက်ချိုးလျက်နေကြကုန်၏။ ငွေဗျိုင်းဖြူတစ်ကောင်လည်း ရေစပ်တွင် ရပ်၍ ငါးအပွက်ကို စောင့်လင့်၍နေ၏။

ဤကဲ့သို့ စိတ်ဟဒယ ကြည်နူးဘွယ် ကောင်းသော တော





တောင်ဝနာလျှိုတို့၏ လှပတင့်တယ် ရှုချင်ဘွယ်တို့ကို မြင်လျှင် မောင်မောင်ကြီးသည် စိတ်ထဲ၌ အလွန်သာယာကြည်နူးရကား ခင်ခင်ကြီးကိုမှ အမှတ်မရဘဲ

“မြိုင်အတွင်း ကြိုင်သင်းပါတဲ့ ရွှေမဥ္ဇူ၊ ပျံ့ကျော်ကျော် ဆုံးဆောက်တွေးပါလို့ မွှေးနံ့ကြူကြူ၊ ဖန့်ဖန့်ငယ်လူ ခွန်ဖြူနှင့် ကြက်ရုံး၊ စမ်းထိပ်မှာ ပန်းလိပ်ပြာ ဝါအနီနှင့်၊ ရာသီမှာ လင့်မကျူး ဆောင် မြင်ရပုံ တင့်ပုံ ထူးတယ်ကွယ် ဖူးပွင့်ငုံထုံး”

ဟု ငယ်စဉ်အခါက ရဖူးသော သီချင်းကလေးကို စိတ်ထဲမှာရှိတိုင်း ဆွဲငင်ကာ ဆိုလိုက်လေ၏။

ထိုကဲ့သို့ သီချင်းသံ ကြားသောအခါ ခင်ခင်ကြီး၏ နားတွင် အလွန်သာယာကြည်လင် ဘဝင်စိမ့်၍ တဖိမ့်ဖိမ့် တအိမ့်အိမ့် အခိမ့်အရသာကို စားရဘိသကဲ့သို့ ရှိရကား သီချင်းဆုံးသော်လည်း နားကလေး စွင့်၍ ထောင်နေမိလေ၏။

သီချင်းသံ ပြတ်သွားသဖြင့် မောင်မောင်ကြီးကို ကြည့်လိုက်သောအခါ ၎င်း၏ သာယာရွှင်လန်းသော မျက်နှာကို မြင်ရလျှင် “ဤမျက်နှာကား ယခင်အသံထက်ပင် ချို၏။ ဤမျက်နှာကား ဤတောဂနိုင် မြိုင်အတွင်း၌ တကြိုင်သင်းသင်း ဖူးပွင့်နေကြသော ပန်းခက် ပန်းရွက်တို့ထက် လှပချောမွေ့၏” ဟု စိတ်ထဲက ထင်မိလေ၏။

ထို့နောက် ခင်ခင်ကြီးက “ကိုမောင်မောင်ကြီးက ဘယ်အသံ ကောင်းပါကလား” ဟု ဆိုမှ ခင်ခင်ကြီးကို သတိရ၍ မလွန်ရှက်နှာပူလျက် “အို ဒီလောက်တောင်လည်း မဟုတ်ပါဘူး။ တောတန်းကလေးတွေက သာလွန်းလို့ စိတ်ထဲမှာ အလိုလိုရွှင်ပြီး ကျွန်တော်တို့ ငယ်ငယ်တုန်းက ရဖူးတဲ့သီချင်းကလေးကို ဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပါ”

ခင်ခင်ကြီး။ ။“သီချင်းကလေးက လွမ်းစရာပဲနော်။ ဒီနေရာ ဒီဒေသနဲ့ ဒီသီချင်းကလေးနဲ့တော့ အင်မတန် လိုက်တာပဲ၊ အထက် အညာက အင်းဝသားတွေဟာ အင်မတန် စာစပ်ကောင်းတယ်လို့ ကျွန်မတို့ ဖေဖေများက ပြောခဲ့ဖူးတယ်”

မောင်မောင်ကြီး။ ။“ဟုတ်တယ် မခင်ခင်ကြီးရဲ့။ ကျွန်တော်တို့ အင်းဝသားများဟာ အလွမ်းအဆွေးနဲ့ အဓိပ္ပါယ်ပေါ် အောင် စာစပ်တတ်ကြတယ်။ ယခင်က ဆိုလိုက်တဲ့ သီချင်းကို ရေးစပ်တဲ့သူဟာ ဒီလို လွမ်းဘွယ်ပေါ်တဲ့ တောဝနော်မြိုင် ဂနိုင်ထဲကို ရောက်ဖူးလို့ ထင်ပါရဲ့။ ကြည့်စမ်းပါလား။ မဉ္ဇူ၊ ကံ့ကော်၊ ဖွန်ဖြူ၊ ကြက်ရုံးတွေ ရာသီအလိုက် ပွင့်ဖူးနေလိုက်ကြတာ။ မြိုင်အလုံးမှာလည်း တကြိုင်ကြိုင် မွှေးနေတာပဲ၊ ဟိုဘက်တို့ ကြည့်စမ်းပါဦး၊ ခိုင်တစ်လျှောက်မှာ မျောက်တွေ ပျော်ပါး ကစားမြူးတူးနေလိုက်ကြတာ အဲဒီလိုဟာတွေ စာစပ်သူတွေ့လို့ ယခင်က သီချင်းကလေးကို စပ်တာနဲ့ တူပါတယ် မခင်ခင်ကြီးရဲ့”ဟု ပြောပြနေတုန်းပင် ရှေ့က သွားသော မြင်းသမားသည် ရုတ်တရက် ရပ်နေသည်ကို မြင်ရလေ၏။

မောင်မောင်ကြီးတို့ အနီးသို့ ရောက်သောအခါ မြင်းသမား က “ခဏ ရပ်ကြဦး”

မောင်မောင်ကြီး။ ။“ဘာဖြစ်လို့လဲ”

မြင်းသမား။ ။“မြင်းဟီသံ ရှေ့က ကြားလိုက်တယ်”

မောင်မောင်ကြီး။ ။“ဒီဟာဖြင့် ခဏရပ်နေကြဦး ငါ ရှေ့လျှောက်ကြည့်လိုက်ဦးမယ်”ဟု ဆို၍ ရှေ့သို့ မြင်းစီးသွား၍ အတော်ခပ်ဝေးဝေး ရောက်သော်လည်း တစ်စုံတစ်ဦးကိုမျှ မတွေ့သည်နှင့် လှည်းဆီသို့ ပြန်လာပြီးလျှင် “ဘာမှ မရှိဘူး။ မြင်းဟီသံ ဟုတ်မယ်



ထင်ဘူး၊ သစ်ကိုင်းချင်း ကြိတ်တာနဲ့ တူပါတယ်”ဟု ဆို၍ ရှေ့သို့ ဆက်လက်၍ သွားကြပြန်လေ၏။

ဤကဲ့သို့ တစ်နေ့ခင်းလုံး တစ်ထောက်တစ်ထောက် ရှဝ့်စာနှံ့ ဆွက် လာခဲ့ကြရာ ထိုနေ့သန်းခေါင်လောက် အချိန်ရောက်မှ ဆောင်းတူးမြို့ အနားသို့ ရောက်ကြလေ၏။

ထိုကဲ့သို့ မြို့အနီး ရောက်လျှင်ပင် မြို့ထဲက ဆူညံသံများကို ကြားရလေ၏။ မြို့တံခါးအနီးသို့ ရောက်သောအခါ မြို့တံခါးလည်း ဖွင့်နေ၍ ၎င်းအနီးရှိ အိမ်ကြီးတစ်အိမ်၏ရှေ့တွင် ရိုက်နှက်သတ်ပုတ် နေသည်သို့ မြင်ရလေ၏။ အိမ်အတွင်းမှာလည်း “ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ”ဟု ကြောက်လန့်တကြား အော်နေသည်ကို ကြားရလေ၏။

ထိုအခါ မောင်မောင်ကြီးက “ဟေး မြင်းသမားတွေ။ ဓား အဆင်သင့် ကိုင်ထားကြ။ မခင်ခင်ကြီးတို့ လိုက်မလာကြနဲ့ဦး၊ လှည်းကို လမ်းဘေးမှာ မောင်းထားကြ”ဟုဆို၍ မြင်းသမား နှစ်ယောက်နှင့် မောင်မောင်ကြီးသည် ယခင်က သတ်ပုတ်၍နေသော လူစုထဲသို့ ဝင်၍ ဓားနှင့်ခုတ်ကြလေ၏။ ယခင်က လူများလည်း မောင်မောင်ကြီးတို့ကို မြင်လျှင် အိမ်သူအိမ်သားတို့ကို ရိုက်ပုတ် နေရာမှ မောင်မောင်ကြီးတို့ဘက်သို့ လှည့်၍ ခုခံလေ၏။

မောင်မောင်ကြီးတို့သည် မိမိတို့ထံသို့ ဝင်လာသမျှသော သူတို့ကို ဓားနှင့်ဆီးကြို၍ ခုတ်လိုက်ကြ၏။ အတန်ကြာကာလ ယခင်လူ တို့သည် မောင်မောင်ကြီးတို့အား ဝိုင်းမိ၍ မောင်မောင်ကြီး သည်း ထွက်ရာလမ်းပေါက် ရှာနေစဉ် တစ်ဖက်မှ အော်သံများ ကြားရသည်နှင့်တစ်ပြိုင်နက် ဝိုင်း၍နေသော သူတို့သည် တစ်စဉ် အလျှားဖြစ်ပြီးလျှင် ထွက်ပြေးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးလည်း အကြောင်း အသို့နည်းဟု တောင်မြောက်လေးပါး ကြည့်ရှုရာ ဆောင်းတူးမြို့စားနှင့် ၎င်း၏ လူများကို မြင်ရလေ၏။ ဆောင်းတူးမြို့စားသည် မောင်မောင်ကြီးထံသို့ လာ၍ "ဘယ့်နှယ်လဲ။ ဘယ်အချိန်ကရောက်လို့ ဒီအကောင်တွေနဲ့ တွေ့ကြတာလဲ"

မောင်မောင်ကြီး။ ။ "ရောက်ရောက်ချင်း ရွာထဲက အော်သံတွေကြားတော့ ကျွန်တော်တို့ ဘာများဖြစ်ပါလိမ့်မလဲလို့ ဝင်လာတယ်။ ဒီရောက်တော့ တိုက်ခိုက်နေတာ တွေ့တာနဲ့ ဝင်ကူရတာပဲ။ မြို့စားမင်းများ အရှိန်သင့် ရောက်ပေလို့ပဲ၊ မရောက်ရင် ကျွန်တော်တို့ ဗိုင်းမိကုန်ကြပြီး သေရုံလိုတော့တယ်"

ဆောင်းတူးမြို့စား။ ။ "ဒီဟာတော့ ကံထောက်မတာပေါ့ဗျာ။ ဒီကောင်တွေဟာ ခဏ ခဏ လာပြီး မြို့သူမြို့သားတွေ ညှဉ်းဆဲနေတယ်။ ဘုရင် ရွှေနန်းတော်ပေါက်အောင် လျှောက်ဦးမှပဲ။ အနို့ဘာကိစ္စနဲ့များ လာကြသတုန်း"

မောင်မောင်ကြီး။ ။ "ခင်ခင်ကြီးတို့နဲ့ အတူတူ လာကြတယ်"

ဆောင်းတူးမြို့စား။ ။ "နို့ သူတို့ အခု ဘယ်မလဲ"

မောင်မောင်ကြီး။ ။ "မြို့ပြင်မှာ ခဏ ထားခဲ့တယ်" ဟုဆို၍ မောင်မောင်ကြီးနှင့် မြို့စားတို့သည် ခင်ခင်ကြီးအားခေါ်ရန် မြို့ပြင်သို့ သွား ၍ လှည်းနားသို့ ရောက်သောအခါ လှည်းချည်းသာ တွေ့၍ လူတို့ကိုကား မတွေ့ရှိပေ။

မောင်မောင်ကြီးသည် အော်သော်လည်း မည်သူမျှ ပြန်မထူး၍ လှည်း၏အနီးအနားသို့ လှည့်လည်ကြည့်ရှုရာ လှည်းမောင်းသမား ဦးရွှေအိုးကို မြေပေါ်တွင် လဲလျက် တွေ့ရလေ၏။ လှုပ်၍နိုးသော်





လည်း မရသဖြင့် ထူမ၊ ကြည့်ရာ ခေါင်းတွင်ရှိသော တုတ်ရာမှ သွေးပေါက်များ ကျစီးလျက်ရှိသည်ကို တွေ့ရလေ၏။

မောင်မောင်ကြီးနှင့် မြို့စားမင်းတို့မှာ များစွာ ထိတ်လန့်လျက် တွေးတောဝေခွဲမရ ဖြစ်နေစဉ် ဦးရွှေအိုးသည် သတိရလာသဖြင့် "လိုက်ကြပါ၊ လိုက်ကြပါ။ မြောက်ပိုင်းကို ပြေးတယ်။ ခင်ခင်ကြီးပါသွားပြီ။ လိုက်ပါ၊ လိုက်ပါ" ဟု အော်လေ၏။

ထိုအခါ မြို့စားမင်းက "အဲ၊ ခက်ကုန်ပြီ။ ခင်ခင်ကြီးကို ဖမ်းသွားပြီ။ မင်းတို့ ဒီကို ဘာလာလုပ်ကြသလဲ။ ပြောစမ်းပါဦး"

မောင်မောင်ကြီး။ ။ "ခင်ခင်ကြီးမှာ မြို့စားမင်းဖို့ စာပါလာတယ်"

မြို့စား။ ။ (မျက်လုံးများပြူးလျက်) "အမယ်လေး ခက်ကုန်ပြီ။ ဒီစာကို တွေ့သွားမှဖြင့် အကုန်လုံး သေလိမ့်မယ်။ ဟဲ ငရွှေ၊ ဟိုက အကောင်တွေကို အကုန်ခေါ်ခဲ့"ဟု ဆိုသဖြင့် ငရွှေလည်း သွားခေါ်လာ၍ ရောက်သောအခါ မြို့စားက "ဟဲ့ အကောင်တွေ မင်းတို့ လူဘယ်နှစ်ယောက် ပါလာသလဲ"

"လေးကျိပ်ပါဘုရား"

"အဲ၊ ဟုတ်ပြီ။ အခု ဟံသာဝတီက ခင်ခင်ကြီး ငါ့ဆီကို လာတာ လမ်းမှာ အင်းဝသားတွေ ဖမ်းသွားတယ်။ အဲဒီဟာ မင်းတို့ တစ်ရှစ်ခွဲပြီး တွေ့အောင်ရှာရမယ်။ ဒီအကောင်တွေ ဝေးဝေးရောက်ဦးမှာ မဟုတ်သေးဘူး။ ဆုတော်လာဘ်တော်များ ချမယ် ကြိုးစားလိုက်ကြ။ ကိုင်း သွားကြပေတော့" ဟု ဆိုလိုက်သဖြင့် လူလေးစုတို့လည်း တစ်လမ်းစီ မြောက်ဘက်သို့ လိုက်ကြလေ၏။

ထိုနောက် မြို့စားမင်းက "ကိုင်း။ ဒို့က ငါ၊ မင်း၊ မင်



www.burmeseclassic.com

www.burmeseclassic.com



မြင်းသမားနှစ်ယောက်၊ ငရွှေ ဒီငါးယောက်က တစ်သင်းလိုက်မယ်
ဟုဆို၍ သွားတော့မည် အလုပ်တွင် ယခင်က လဲနေသော ဦးရွှေအို
သည် လဲနေရာမှ ထ၍ "နေကြပါဦး၊ နေကြပါဦး၊ ကျုပ်လည်း
လိုက်ရှာပါရစေ။ ဒီအကောင် ကျုပ်လက်နဲ့ သတ်စမ်းပါရစေ" ဟု
တောင်းပန်သောအခါ မောင်မောင်ကြီးက "ခင်ဗျား လိုက်နိုင်မ
မဟုတ်ပါဘူး။ နေရစ်ခဲ့ပါ။ ကျုပ်တို့ တွေ့အောင် ရှာပါ့မယ်"

ဦးရွှေအို။ ။ "မဟုတ်ပါဘူး။ ကျုပ် လိုက်စမ်းပါရစေ
ကျုပ် ဘာမှ မဖြစ်ပါဘူး" ဟု စိတ်အားကြီးစွာနှင့် တောင်းပန်သေ
အခါ မြို့စားက "ကိုင်း၊ ကောင်းပြီဟေ့။ ဟေ့ ငရွှေ၊ မြို့ထဲသွား
မြင်းတစ်စီးနဲ့ ဆောင်ဓားလွယ် တစ်ခု ယူခဲ့" ဟု ဆို၍ ငရွှေလည်
မြင်းစိုင်း၍ သွားလေ၏။ ဦးရွှေအိုမှာ ထိုကဲ့သို့ မိမိကိုယ်တိ
ခင်ခင်ကြီးကို လိုက်လံရှာဖွေရန် အခွင့်ရသဖြင့် များစွာ အာ
ဝမ်းမြောက်လျက် ရှိလေ၏။ ထို့နောက် များမကြာမီအတွင်း
ငရွှေပြန်လာ၍ ဦးရွှေအိုးသည် မြင်းပေါ်သို့ တက်ပြီးလျှ
ထိုခြောက်ယောက်တို့သည် မြောက်စူးစူးသို့ ရှေ့ရှု သွားကြလေ

မောင်မောင်ကြီးတို့ ရွာထဲသို့ ဝင်သွားကြသောအခါ ခင်ခင်
သည်လည်း လမ်းဘေးတွင်ရပ်၍ စိတ်ထဲက တထိတ်ထိတ်
စောင့်နေလေ၏။ ထို့နောက် အတန်ကြာသောအခါ လှည်းနောက်
မြင်းခွာသံများ ကြား၍ လှည့်ကြည့်လိုက်ရာ လူတစ်ကျိပ်လောက်
သည် လှည်းကို ဝိုင်းနေသည်ကို မြင်ရလေ၏။ ထိုအခါ ခင်ခင်
သည် ကပ်လာသည့်ဘေးကို မြင်သဖြင့် လှည်းပေါ်မှ လျှင်မြ



ဆင်း၍ ပြေးမည်ပြုရာ မြင်းသမားတစ်ယောက်သည် အနီးသို့
ကပ်လာ၍ ခင်ခင်ကြီးကို မြင်းပေါ်သို့ အတင်းဆွဲ၍ တင်ပြီးလျှင်
ထွက်ပြေး လေ၏။ ထိုအချင်းအရာကို ဦးရွှေအို မြင်လျှင် လက်ထဲတွင်
ဘာမျှမရှိသော်လည်း နွားကြိမ်လုံးကလေးနှင့်ပင် လိုက်သွားသောအခါ
နောက်ဘက်မှ မြင်းသမားတစ်ယောက်က ဓားရိုးနှင့် ခေါင်းကို
ရိုက်လိုက် သဖြင့် လဲ၍ ကျန်ရစ်ခဲ့လေ၏။

ထို့နောက်မှ မြင်းသမားတို့သည် အလျင်က ခင်ခင်ကြီးကို
မြင်းပေါ်သို့ တင်၍ ယူသွားသော နောက်သို့ အမိလိုက်၍ ဟံသာ
ဝတီဆီသို့ ရှေ့ရှု၍ သွားကြလေ၏။ ခင်ခင်ကြီးသည် ပထမဦးစွာ
တပင် ရန်သူတို့ လက်ထဲသို့ ကျရောက်ပြီဟု သိရှိ၍ မိမိ၌ ပါသော
စာကလေးကို စောစပ်ကလေးတစ်ခုအနီး၌ နေရာကို သေချာစွာ
မှတ်သား၍ ချထား လေ၏။ ခင်ခင်ကြီး၏ စိတ်သဘောတွင်ကား
မိမိ၏ ကိုယ်ကာယအတွက်ကား သေရသည့်တိုင်အောင် မစိုးရိမ်
မကြောင့် ကြချေ။ မိမိတွင် ပါသော စာကို တွေ့လျှင်မူကား မိမိတို့
တစ်ဆွေ တစ်မျိုးလုံး မြန်းတီးမည့်အပြင် ဗိုလ်ကြီးလှ၊ ဆောင်းတူးမြို့စား
အစရှိသော လူလေးဆယ်ကျော်တို့ပါ ရာဇဝတ်ဘေးသင့်၍ ပျက်
စီးမည်ကိုသာ ကြောင့်ကြသဖြင့် ထိုစာကလေး မပါလာအောင်
ချပစ်ခဲ့၏။

ထို့နောက် မိမိပိတ်လည်ကို ကြည့်ရှုသော် သစ်ဝင်၊ ဝါးပင်
ချုံပိတ်ပေါင်းထုံ့ကိုသာ မြင်ရသဖြင့် မည်သည့် အရပ်ဒေသသို့
ရောက်လာသည်ကို မသိရဘဲ လိုက်ပါ၍ သွားရလေ၏။ ထို့နောက်
ကြည့်ပြန်ရာ အရှေ့ဘက်တွင် ကြယ်နီကြီးသည် တဝင်းဝင်း
တပြောင်ပြောင်တောက်ပနေသည်ကို မြင်ရ၍ မကြာမီ မိုးသောက်
တော့မည်ဟု သိရှိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ကြည့်သောအခါလည်း တောင်တန်းကြီး တစ်ခုကို မြင်ရ၍ မိမိကို တောထဲမှ ဖြတ်သန်းယူဆောင်လာသဖြင့်၊ မောင်မောင်ကြီးတို့သည် မိမိအား လိုက်လံရှာဖွေရန် ခဲယဉ်းလိမ့်မည်ကို စဉ်းစား၍ ပူပင်လေ၏။ ခင်ခင်ကြီးသည် ယမန်နေ့က တစ်နေ့လုံးလုံးနှင့် နေဝင်မိုးချုပ်မှ သန်းခေါင်ကျော်တိုင်အောင် ခရီးသွား၍ မောပန်းနွမ်းရိသည့်က တစ်ကြောင်း၊ ယခုလည်း ရန်သူတို့ လက်တွင်းကျရောက်၍ တစ်ဖန် ဆက်လက်လိုက်လာရသည်ကလည်း ပန်းသည် တစ်သွယ်၊ မိန်းမသားဖြစ်သဖြင့် အားအင်ဗလ မရှိ၍ မောပန်းလွယ်လှသောကြောင့် မြင်းပေါ်တွင်ပင် အိပ်ပျော်လေ၏။

နောက်တစ်ဖန် ပြန်၍ နိုးသောအခါ မိမိကိုယ်ကို အခန်းကလေး တစ်ခုတွင် တွေ့ရှိရလေ၏။ အခန်းကလေးမှာ တံခါးတို့ကို ပိတ်ထားသော်လည်း လင်းလျက်ရှိသဖြင့် နေ့အခါ ဖြစ်ကြောင်းကို သိရလေ၏။ ထို့နောက် အတန်ကြာ ယခင်က ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို စဉ်းစားပြီးနောက် လဲနေရာမှ ထ၍ တံခါးတို့ကို တွန်း၍ ကြည့်သော်လည်း၊ အနည်းငယ်မျှ မပွင့်ဘဲရှိနေ၍ မိမိအား အခန်းတွင် လှောင်ထားသည့် အဖြစ်ကို ရိပ်မိလေ၏။ ထို့ကြောင့် အားကိုးရာမရှာဘဲ၊ မောင်မောင်ကြီးတို့သည် မိမိအား လိုက်လံရှာဖွေ၍ ယခုနေရသော အရပ်ဆီသို့ လာမှ လာပါမလားဟု စဉ်းစား၍ နေစဉ် တံခါးတစ်ခုသည် ပွင့်လာပြီးလျှင် လူတစ်ယောက်သည် ဝင်လာလေ၏။ ခင်ခင်ကြီးသည် ထိုလူကို မြင်လျှင်မြင်ချင်း ဝန်တော်မှူး ဗညားဒလ ဟု သိလေ၏။

ဗညားဒလလည်း ခင်ခင်ကြီး၏ အနီးသို့လာ၍၊ ခင်ခင်ကြီးက မိမိအား မတရားသော အမှု တစ်စုံတစ်ရာကို ပြုရန် လာလေသလောဟု စဉ်းစားမိ၍ အသည်းနှလုံး ဆတ်ဆတ်တုန်လှုပ်လေ၏။





ထို့နောက် ဗညားဒလက "ခင်ခင်ကြီး။ အခု မင့်ကို ငါ ဖမ်းလာတာ ဘယ်ကိစ္စနဲ့ဆိုတာ သိသလား"

ခင်ခင်ကြီး။ ။ "မသိဘူး။ ရှင် ကျွန်မကို ဒီလို ဘာဖြစ်လို့ အတင်းခေါ်ဆောင်ကြဉ်းလာသလဲ"

ဗညားဒလ။ ။ "မလိမ်ပါနဲ့တော့ မခင်ခင်ကြီး။ အခု မင့်မှာ ပါလာတဲ့ ပေစာကလေးကို ငါတို့ အလိုရှိတယ်။ အဲဒါကလေးကို ပေးပါ။ အခု ဒီလို တောင်းရတာလည်း ဘုရင့်အမိန့်တော်ပါ"

ခင်ခင်ကြီး။ ။ "ဘယ်က ပေစာကလေးလဲ။ ကျွန်မ တစ်ခါမှ ပေစာ မရှိပါဘူး။ ကျွန်မ ဒီပေစာတွေ ဘာ အသုံးချမလဲ"

ဗညားဒလ။ ။ "မလိမ်ပါနဲ့တော့။ ခင်ခင်ကြီးမှာ ပေစာ ပါသွားတယ်လို့ သေသေချာချာ သတင်းပေးလို့ လိုက်လာခဲ့တယ်။ ကိုင်း၊ ပေးပါ။ ဒီပေစာကို ရရင် ခင်ခင်ကြီးတို့အိမ်ကို ကောင်းကောင်းမွန်မွန်ရောက်အောင် လိုက်ပို့လိုက်မယ်"

ခင်ခင်ကြီး။ ။ "ကျွန်မမှာ မရှိဘဲနဲ့ ဘာကို ပေးရမှာလဲ။ မယုံရင် ရှာပါ။ ရှင်တို့ ဒီပေစာကလေးအတွက်နဲ့တော့ ကျွန်မကို ဒီလို ဖမ်းလာမှာ မဟုတ်ပါဘူး"

ဗညားဒလ။ ။ "အင်း၊ စကားအလှည့်ကတော့ သေသေချာချာတတ်တယ်။ သူများကို ရပေမယ့် ကျုပ်ကိုတော့ မရဘူး။ ခင်ခင်ကြီး ကိုတော့ ရှာပြီးပါပြီ။ ဘယ်မှာ ဝှက်ထားခဲ့သလဲ။ မှန်မှန် ပြောစမ်းပါ"

ခင်ခင်ကြီး။ ။ "ရှင်တို့ မယုံရင်လည်း မတတ်နိုင်ဘူး"

ဗညားဒလ။ ။ "ကိုင်း၊ ကောင်းပြီ။ ဒီပေစာကို ဖွင့်မပြောဘူးဆိုပါတော့။ ကိုင်း၊ မင်းတာ ခင်ခင်ကြီး။ ငါက ဗညားဒလ။ သိကြရောပေါ့ကွာ" ဟု အံကြိတ်ကာ အခန်းထဲက ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြီးသည်လည်း ဤကဲ့သို့ ကြိမ်းမောင်းသွားသည်မှာ မည်ကဲ့သို့ လုပ်မည်ကို ကြံရွယ်လေသနည်းဟု စဉ်းစားလျက် ကျန်ရစ်ခဲ့လေ၏။ သို့သော်လည်း မည်သည့်နည်းနှင့်မျှ ထိုစာကို ထုတ်ဖော်၍မပေးဟု သန္နိဋ္ဌာန်ချလေ၏။

မောင်မောင်ကြီးတို့သည် ထိုကဲ့သို့ တစ်ညလုံး လိုက်လံရှာဖွေ သော်လည်း ခြေရာကိုမှ မတွေ့ဘဲ အရှေ့မှ ရောင်ခြည်များ တက်၍ နေဝန်းသည် ထွက်လာသောအခါ တောစပ်ကလေး တစ်ခုတွင် ခေတ္တရပ်နား၍ မည်သည့်အရပ်သို့ လိုက်လံရှာဖွေရန် စီစဉ် ဆုံးဖြတ် တွေးတောနေကြလေ၏။ ထိုကဲ့သို့ အတန်ကြာ နေကြရာ၊ အရှေ့မှ မြင်းသမားနှစ်ယောက်တို့သည် မြင်းများကို အပြင်းစိုင်း၍ လာနေ သည်ကို တွေ့ရလေ၏။ ထိုအခါ မောင်မောင်ကြီးတို့သည် မြင်း ပေါ်သို့ လျှင်မြန်စွာ ပြန်တက်ကြပြီးလျှင် အရေးရောက်က အရံသင့် ကာကွယ်ရန် ဓားများကို ကိုင်လျက် စောင့်နေကြလေ၏။

ယခင်လူများလည်း အနီးသို့ ရောက်သောအခါ၊ ဆောင်းတွ မြို့စားအား ပေစာကလေးတစ်ခုကို ပေးလေ၏။ ဆောင်းတွဲမြို့စာ လည်း ပေစာကို အတန်ဖတ်ပြီးလျှင် "အင်း။ အခုမှပဲ သက်သာ တော့တယ်" ဟု ဆို၍ မောင်မောင်ကြီးအား လှမ်း၍ ပေးလိုက်လေ၏

မောင်မောင်ကြီးလည်း ထိုစာကို ဖတ်ပြီးသောအခါ မျက်နှ ရွှင်ပြလာပြီးလျှင် "ဒီစာကို ဘယ်က ရသလဲ"

မြင်းသမား။ ။ "တောစပ်ကလေးနားက ကောက်ရတယ် ကျွန်တော်တို့ လူတွေ အဲဒီမှာ စောင့်နေကြတယ်။ ဒီစာ ခင်ခင်ကြ ပစ်ချခဲ့တာဖြင့် တောထဲမှာ ခြေရာခံပြီး လိုက်ရှာမယ်လို့ ပြော တယ်။ ဒါဟာကြောင့် လာပြောရတာပါ"

မောင်မောင်ကြီး။ ။ "ကိုင်း၊ ကောင်းပြီ။ တို့လည်





လိုက်ခဲ့မယ်" ဟု ဆို၍ လိုက်သွားကြလေ၏။

ယခင်က ပေစာကလေးကို တွေ့သော တောစပ်သို့ ရောက် သောအခါ စောင့်နေရစ်သော မြင်းသမား ရှစ်ယောက်တို့နှင့် တွေ့၍ မည်သူ့ ခြေရာခံကောင်းသနည်းဟု ရွေးချယ်ရာ ဗိုလ်ကြီးလှ ထည့် လိုက်သော လူတစ်ယောက်က မိမိသည် ခြေရာကို မှန်ကန်စွာ ခံ၍ လိုက်နိုင်ကြောင်းနှင့် ပြောပြ၏။ ထိုလူကို ရှေ့ကတင်၍ ခြေရာခံစေ ပြီးလျှင် နောက်ကို မြင်းစီးလူစုတို့သည် လိုက်သွားကြလေ၏။ ခြေရာလည်း တောတောင်တလျှောက် သွားပြီးနောက် ရိုးကလေး တစ်ခုတွင် ပျောက်ကွယ်လေ၏။ ရိုးကလေးကို ဖြတ်၍ အနီးအနား တွင် ရှာဖွေကြည့်ရှုသော်လည်း ခြေရာ တစ်စုံတစ်ခုမျှ မတွေ့ရှိ၍ ထိုနေရာ မဖြစ်တန်ရာဟု တွေးတောပြီးလျှင် ထိုရိုးကလေး၏ ကမ်းခြေကို လျှောက်၍ ရှာပြန်ရာ အလွန် ချုံပိတ်ပေါင်း ထူထပ်သော နေရာတွင် ခြေရာများကို တွေ့သဖြင့် ဆက်လက်၍ လိုက်သွားကြ ပြန်လေ၏။

ခြေရာတို့အသည်လည်း တောအတွင်းမှ ထွက်၍ ဘုန်းကြီး ကျောင်းပျက်တစ်ခု အနီးတွင် ပျောက်ကွယ်သွားလေ၏။ အနီး ပတ်လည်ကို ရှာဖွေသော်လည်း မတွေ့သဖြင့် ဘုန်းကြီးကျောင်းသို့ လူတစ်ယောက် နှင့် ပြောပြလေ၏။

ထိုအခါ မြို့စားက "ဘယ့်နှယ်လဲ မောင်မောင်ကြီး"

မောင်မောင်ကြီး။ ။ "ဟုတ်ကဲ့ ။ သူတို့ ဒီမှာ နားနေတာ နဲ့ တူပါတယ်။ အတင်းဝင်ပြီး လုရတာပေါ့"

မြို့စား။ ။ "အခု အခြေနဲ့ တို့လူက နည်းတယ်

www.burmeseclassic.com

www.burmeseclassic.com



နို့ပေမယ့် သင်းတို့ကို နိုင်အောင်တော့ တိုက်နိုင်ပါလိမ့်မယ်။ အခု နေ့လယ်ဆိုရင် တို့ ခက်ကုန်မယ်။ ခု တိုက်လို့ မတော်သေးဘူး ထင်တယ်။ ညအခါ မှောင်မှ တိတ်တိတ် ဝင်ခိုးတာပေါ့" ဟု ဆို၍ မောင်မောင်ကြီးလည်း သဘောတူသဖြင့် ယခင်က ထွက်ခဲ့သော တောအတွင်း ပြန်၍ ဝင်သွားပြီးလျှင် ပုန်းအောင်းနေကြလေ၏။ ထိုအတွင်း၌လည်း လူတစ်ယောက်ကိုလွှတ်၍ အခြေ အနေကို ကြည့်ရှုစေ၏။

ထိုနေ့ တစ်နေ့လုံး၌ မောင်မောင်ကြီးသည် ခင်ခင်ကြီးအား မြင်ရလိုသောဆန္ဒက ကြီးရကား၊ အငြိမ်မနေနိုင်ဘဲ တလှုပ်လှုပ် တရွရွနှင့် နေ့အချိန်ကုန်ရှန်ကိုသာ စောင့်ရှောက်ကြည့်ရှုနေလေ၏။ တစ်ခါတစ်ရံလည်း ခင်ခင်ကြီးကို ခိုးယူသွားသော သူတို့အား မိမိဓားနှင့်သတ်၍ ခင်ခင်ကြီးအား ဆောင်ကြဉ်းအံ့ဟု ကြံမိလေ၏။ သို့သော်လည်း စိတ်ကိုချုပ်တည်း၍ စောင့်ဆိုင်းနေရာ ညနေတိုင် ရောက်သောအခါ လွှတ်ထားသောလူသည် ပြန်လာ၍ သုံးကျိပ်ကျော်လောက်ရှိကြောင်း၊ ၎င်းတို့မှာ ဝိုင်းဖွဲ့၍ထိုင်ပြီးလျှင် ရယ်မောနေကြကြောင်း၊ ၎င်းပြင် ခင်ခင်ကြီးကိုလည်း ကျောင်း၏ တောင်ဘက် အခန်းကလေးတစ်ခုတွင် ရုတ်တရက်မြင်ခဲ့ကြောင်း များကို သေချာစွာပြောပြလေ၏။

ထိုနောက် များမကြာမီပင် ည၌အချိန် ကျရောက်လာ၍ ကျောင်းသို့သွား၍ ခင်ခင်ကြီးကိုခိုးယူရန် အချိန်ရောက်လာသဖြင့် တောအတွင်းမှ ထွက်ခဲ့ကြလေ၏။ ထိုညတွင် လ,မထွက်သေးသဖြင့် အလွန်မှောင်မိုက် သောကြောင့် မြင်းတို့မှာ ကောင်းစွာမသွားတတ်၍ လူတို့သည် မြင်းပေါ်မှ ဆင်းပြီးလျှင် မြင်းများကိုဆွဲ၍ ခေါ်လာကြ လေ၏။ ကျောင်းအနီးသို့ ရောက်သောအခါ မြင်းသမားဆယ်ယောက်





အသင်းကို အကြောင်းရှိက ကျောင်းထဲသို့ ပြေးဝင်လာပြီးလျှင် ကူညီရမည်ဟု မှာထားပြီး ကျောင်းတစ်ဖက်သို့ လှည့်သွားစေ၏။

မောင်မောင်ကြီးနှင့် မြို့စားတို့ကား ကျောင်းနှင့်မနီးမဝေး ချုံကလေး တစ်ခုအနီးသို့သွား၍ မြင်းပေါ်မှဆင်းကြပြီးလျှင် ဦးရွှေအိုအား မြင်းတို့ကို အရန်သင့်ထား၍ စောင့်စေရန် ထားခဲ့လေ၏။ မောင်မောင်ကြီး၊ မြို့စားနှင့် မြင်းသမားနှစ်ယောက်တို့သည် ကျောင်းဆီသို့ တိတ်ဆိတ်စွာသွားကြလေ၏။ အနီးသို့ရောက်သောအခါ ကျောင်းအောက်တွင် အိပ်နေသည်ကို မြင်ရလေ၏။

ထိုနောက် ကျောင်းလှေခါးဆီသို့ သွားကြပြီးလျှင် မြင်းသမား နှစ်ယောက်ကို လှေခါးတွင် အစောင့်ထားခဲ့၍၊ မောင်မောင်ကြီးနှင့် မြို့စားတို့သည် ကျောင်းပေါ်သို့တက်ပြီးလျှင် လှေခါးတံခါးဝတွင် မြို့စားကို အစောင့်ထားခဲ့ကာ ကျောင်းခန်းထဲသို့ ဝင်သွားလေ၏။ ကျောင်းခန်းထဲတွင်ကား အလွန်မှောင်၍နေသောကြောင့် မောင်မောင် ကြီးသည် လက်ဖြင့် စမ်းသပ်၍ သွားရလေ၏။

ခင်ခင်ကြီးရှိရာ အခန်းအနီးသို့ ရောက်သောအခါ တစ်စုံတစ်ခု ကို ခလုတ်တိုက်မိသည်နှင့် နောက်သို့အသာဆုတ်၍နေရာ၊ ယခင် ခလုတ်တိုက်မိသောနေရာက လူသံကို ကြားရလေ၏။ ထိုနောက် ထိုလူက "ဘယ်သူလဲ" ဟုမေးရာ၊ မောင်မောင်ကြီးသည် စကားပြန်၍ မပြောဘဲ၊ ထိုလူရှိရာသို့မှန်း၍ ဓားနှင့်ခုတ်ရာ ထိုလူလည်း ကြမ်းပေါ် သို့လဲသွားလေ၏။

ထိုလူ လဲသံကြားလျှင် ကျောင်းအောက်က လူတစ်ယောက်က "ဟဲ့ ငဘော။ ဘာဖြစ်သလဲ" ဟုမေး၍ စကားပြန်မရသောအခါ အခြားလူတို့ကို နိုးလေ၏။ မောင်မောင်ကြီးလည်း ယခင်လူကို ခုတ်ပြီးလျှင်ပြီးချင်း တံခါးကိုတွန်း၍ ဖွင့်ပြီးလျှင် အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလေ၏။ အခန်းထဲမှ ခင်ခင်ကြီးလည်း လန့်၍နိုးသဖြင့် "ဘယ်သူလဲ" ဟုမေးရာ၊ မောင်မောင်ကြီး က "မောင်မောင်ကြီးပါ။ မြန်မြန်လာ" ဟုဆို၍ လက်ကိုဆွဲပြီးလျှင် ပြန်၍ထွက်လာခဲ့လေ၏။

တံခါးသို့ရောက်သောအခါ ကျောင်းအောက်တွင် ဗရုတ်ဗရက်ဖြစ်နေသည်ကို ကြားရက ခင်ခင်ကြီးအား ပွေ့၍ချီပြီးလျှင် ကျောင်းအောက်သို့ ဆင်းခဲ့လေ၏။ ထိုနောက် မမြင်သဖြင့် မှောင်ရိပ်ကခိုပြီးလျှင် မြင်းများကိုထားခဲ့သော နေရာသို့ ပြေးသွားလေ၏။ ရောက်သောအခါ မြင်းပေါ်သို့တင်ပြီးလျှင် ဦးရွှေအိုအားဝိုင်း၍အပြေးခိုင်းပြီး၊ ဦးရွှေအိုလည်း ခင်ခင်ကြီးကိုတွဲလျက် မြင်းကို ဆောင်းတူးဘက်သို့ စိုင်းပြေးလေ၏။

မောင်မောင်ကြီးလည်း မြင်းပေါ်သို့တက်၍ စောင့်နေရာ အတန်ကြာကာလ ကျောင်းအောက်တွင် လူတို့သည် ကစဉ့်ကလျား ဖြစ်လျက် တစ်ယောက်ကိုတစ်ယောက် သတ်ပုတ်နေကြသည်ကို မြင်လေ၏။ ထိုနောက် မြင်းနှင့်လူများကို မြင်ပြန်၍ မိမိ၏လူများနှင့် တိုက်ခိုက်နေသည်ကို သိရလေ၏။ ထိုအခါ မောင်မောင်ကြီးသည် သွား၍ကူမည်အလုပ်တွင် လူသုံးယောက်တို့သည် မိမိဘက်သို့ ပြေးလာသည်ကို မြင်ရလေ၏။ အနီးသို့ရောက်သောအခါ ထိုလူသုံးဦးတို့မှာ မြို့စားနှင့် အခြားမြင်းသမားများဖြစ်၍ မိမိတို့မြင်းပေါ်သို့ ကိုယ်စီ ကိုယ်ငှတက်ကြပြီးလျှင် တိုက်ခိုက်နေသောနေရာသို့ ပြန်မောင်းသွားသဖြင့် မောင်မောင်ကြီးသည် ရင်းတို့နောက်သို့ လိုက်သွားလေ၏။

ထိုနောက် မောင်မောင်ကြီးသည် တစ်ဦးနှင့်တစ်ဦး ဗရုတ်ဗရက် ရိုက်ပုတ်သတ်ဖြတ်နေကြသော လူစုထဲသို့ လက်တွင် ကိုင်ထားသော သီလဝင်နှင့် ခုတ်သတ်လေ၏။ ဤကဲ့သို့ အတန်ကြာ တိုက်ခိုက်၍ စစ်သားတို့သည် တဖြည်းဖြည်းနည်းလာပြီးလျှင် ပြေးသ





သွားကြ ပြေးကြသောအခါ မောင်မောင်ကြီးသည် ဝန်တော်မှူး ညွှားဒလနှင့် မျက်နှာချင်းဆိုင်မိစေ၏။

ထိုအခါ မောင်မောင်ကြီးသည် လက်သုံးတော် သီလဝင်နှင့် တစ်ချက်တည်း ပိုင်းလိုက်အံ့ဟု ရွယ်လိုက်ရာ၊ နားထဲတွင် "ပါအောတီ ဓါတာ အသက်ကို သတ်ခြင်း" တည်းဟူသော မြတ်စွာဘုရား ဟောတော်မူခဲ့သော သီလတော်ကြီးကို ရုတ်တရက် ကြားယောင် လိုက်သဖြင့် မခုတ်ဘဲ မိမိရန်သူအသက်ကို လွှတ်လေ၏။

ဤကဲ့သို့ မောင်မောင်ကြီးသည် ဘုရား၏တရားတော်တို့ကို ထောက်ထားသဖြင့် မသတ်ဘဲ လွှတ်လိုက်သော်လည်း ဗညားဒလသည် တရားမရသောသူ ဖြစ်ရကား၊ မိမိအား ကြီးစွာသော ကရုဏာဖြင့် ကြည့်နေသော မောင်မောင်ကြီးကို ရုတ်တရက်ပြန်လှန်၍ ခုတ်လိုက် သောအခါ မောင်မောင်ကြီးသည် မြင်းပေါ်မှ မြေပြင်သို့ကျသွား၍ လူနှသတို့၏ကြားတွင် မတုန်မလှုပ် လဲနေလေ၏။

မောင်မောင်ကြီးသည် နောက်တစ်ဖန် ပြန်၍သတိရသောအခါ မိမိသည် အခန်းတစ်ခုထဲ၌ လဲနေသည်ကို တွေ့ရလေ၏။ အနီးပတ် လည်သို့ ကြည့်ပြန်သောအခါ ခင်ခင်ကြီးသည် မိမိအား ပြုံးလျက် ကြည့်နေသည်ကို မြင်ရလေ၏။ ထိုကဲ့သို့ ခင်ခင်ကြီး၏ ပြုံးနေ သောချက်နှာကလေးကို မြင်ရသောအခါ မောင်မောင်ကြီးသည် အလွန်မတာ၍နေသော်လည်း စိတ်အား များစွာတက်လျက် လူကောင်း ပကတိကဲ့သို့ပင် ဖြစ်လေ၏။ ထိုအခါ ခင်ခင်ကြီးက "ကိုမောင်မောင် ကြီး။ တော်တော်သက်သာပြီလား"

မောင်မောင်ကြီး။ ။ "သက်သာပါပြီ။ နို့ ကျွန်တော် အခု ဘယ်မှာလဲ"

ခင်ခင်ကြီး။ ။ "အခု ကျွန်မတို့ အင်းဝကိုရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဆောင်းတူးမှာ ကျွန်မကို လိုက်ကယ်တုန်းက ဗညားဒလက ဓားနဲ့ခုတ်လို့ ရှင့်ကို ဆောင်းတူးကို ထမ်းခေါ်ခဲ့ရတယ်။ ဆောင်းတူးကို ရောက်လျှင်ရောက်ချင်းပဲ အင်းဝဘုရင်က အင်းဝကို လာခဲ့ရမယ် အမိန့်တော်ရှိလို့ ရှင့်ပါ ခေါ်လာရတယ်။ လမ်းတစ်လျှောက်လုံး သေမလားရှင်မလားနဲ့ လာခဲ့ရတယ်။ ရှင့်တို့ ဘုန်းတော်ကြီးဘုရားက သမားတော်များနဲ့ အကုခိုင်းထားတယ်"

မောင်မောင်ကြီး။ ။ "အင်းဝကိုရောက်တာ ဘယ်နှစ်ရက်လောက် ရှိပြီလဲ"

ခင်ခင်ကြီး။ ။ "မနေ့မနက်က ရောက်လာတယ်။ ဘာဖြစ်လို့လဲ"

မောင်မောင်ကြီး။ ။ "ကျွန်တော် ဒီမှာ မနေချင်ဘူး"

ခင်ခင်ကြီး။ ။ "အို။ ဘာဖြစ်လို့လဲ။ ရှင် အဝသား မဟုတ်လား"

မောင်မောင်ကြီး။ ။ "ခင်ခင်ကြီးကို ဘယ်သူပြောလဲ"

ခင်ခင်ကြီး။ ။ "စစ်ကိုင်းမြို့စားက ပြောတယ်။ ရှင်နဲ့သူဟာ ငယ်ငယ်တုန်းက သူငယ်ချင်းတဲ့"

မောင်မောင်ကြီး။ ။ "ဟုတ်ပါတယ်။ ဒီဟာတွေကြောင့် မနေချင်တာပါ၊ ကျွန်တော်တို့ဖေဖေ မင်းတုန်းမြို့စားရှိတုန်းကတော့ အင်းဝမှာ အချွန်တွေပေါ့။ နောက် ဖေဖေဆုံးတော့"

ခင်ခင်ကြီး။ ။ "အို၊ ရှင့်ဖေဖေဆုံးတော့၊ ရှင်လည်း ပျက်စီးပြီး တခြားကို လွင့်ပါးသွားတယ်လို့ စစ်ကိုင်းမြို့စားက ပြောလို့ သိပြီးပါပြီ။ အခု ရှင် လေလွင့်မနေရဘူး။ ခင်ခင်ကြီးတို့နဲ့ အတူတူနေတာပေါ့"

မောင်မောင်ကြီး။ ။ "ဟုတ်ပါ့မလား ခင်ခင်ကြီးရဲ့။





ခင်ခင်ကြီးနဲ့ အတူတူသာနေရမယ်ဆိုရင် ဘယ်မှာဖြစ်ဖြစ် ကျုပ် ပျော်ပါလိမ့်မယ် ခင်ခင်ကြီး"

ခင်ခင်ကြီး။ ။ "ရှင်။ ဘာလဲ"

မောင်မောင်ကြီး။ ။ "အခု ခင်ခင်ကြီးလည်း ကျုပ်တို့ အမျိုးအဆွေဟာ ဘယ်လိုလူစားထဲကလို့ သိပြီ။ ကျုပ် ဟံသာဝတီမှာ အိပ်ဖန်တော်စောင့်အဖြစ်နဲ့ အမှုတော်ထမ်းနေကတည်းက ခင်ခင်ကြီး ကိုမြင်တယ်။ သို့သော်လည်း အဲဒီအခါတုန်းက ခင်ခင်ကြီးကို ကိုယ့် စိတ်ကို ကိုယ်ထိန်းသိမ်း တရားပြုပြီး နေခဲ့ရတယ်။ အခုတော့"

ခင်ခင်ကြီး။ ။ "အို၊ အခု ရှင်ပြောမယ့်စကားကို ကျွန်မ နားလည်ပါတယ်။ ရှင့်ကို ကျွန်မ နန်းတော်ကြီးမှာ တွေ့လျှင်တွေ့ချင်း သနားမိပါတယ်။ အခု ရှင်သာ မြန်မြန်ကျန်းမာလာအောင် ကြိုးစားပါ"

မောင်မောင်ကြီး။ ။ "အို၊ အဟုတ်လား ခင်ခင်ကြီးရဲ့"ဟု လက်ကလေးကို ဖြည်းညင်းသိမ်မွေ့စွာကိုင်၍ မေးသောအခါ ခင်ခင်ကြီးသည် မောင်မောင်ကြီးကို ရဲတင်းစွာမကြည့်ဝံ့ဘဲ၊ "ဟုတ်ပါတယ် ကိုမောင်မောင်ကြီးရဲ့" ဟု ပြောဆိုလေ၏။

ဤတွင်ရှေ့ကား နောင်အခါ ဟံသာဝတီတွင် ရွှေဓားဂိုလ်ဟူ၍လည်းကောင်း 'မြတ်လေး' ထပ်ဆင့်၍ 'မြတ်လေးရွှေဓားဂိုလ်' ဟူ၍လည်းကောင်း အလွန်ကျော်စောကိတ္တိ သူရသတ္တိနှင့် ပြည့်စုံသူ မောင်မောင်ကြီးနှင့် ၎င်း၏ကြင်ဘက်တော် ခင်ခင်ကြီးတို့ မေတ္တာဆုံဆည်းကြသော အခန်းတည်း။

မောင်မောင်ကြီးသည် အလျင်ကွယ်လွန်ခဲ့သော မင်းတုန်းမြို့စား၏သား ဖြစ်သည်လည်းကောင်း၊ ဘုရင်၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်သူဖြစ်၍လည်းကောင်း၊ အင်းဝဘုရင် ဘုန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဘုရားက မင်းတုန်းမြို့ကို စားစေသဖြင့် 'မင်းတုန်း မောင်မောင်ကြီး' ဟု ဖြစ်လာ၏။ ခင်ခင်ကြီးသည်လည်း လင်ယောကျာ်းဖြစ်သူ၏ ရိုက်ရာကိုမှီလျက် 'မင်းတုန်း ခင်ခင်ကြီး' ဟု အမည်တွင်လေသတည်း။

ဗညားအိမ်သည်ဟံသာဝတီမြို့ကိုပြန်၍ တစ်ဖန်ရောက်လာသည်မှာ မကြာလှသေးချေ။ သို့သော်လည်း အသိအကျွမ်းဖွဲ့မိသည်မှာ နှစ်ယောက်ရှိလေပြီ။ ပထမ တစ်ယောက်မှာ ယခင် ဘုရင်ရှိစဉ်က ရွှေနန်းတော်ကြီးတွင် အတော်အတန်ထင်ရှားသူ သံတော်ဆင့် မောင်တက်တူ ဖြစ်ပေသည်။ ဗညားအိမ်သည် မောင်တက်တူကို ကောင်းစွာမသိချေ။ သို့သော်လည်း မောင်တက်တူက ဟံသာဝတီ ကောင်းစဉ်က နမဖြစ်သူ ခင်ခင်ကြီးတို့နှင့် များစွာအကျွမ်းဝင်ခဲ့ကြောင်း။ မိမိနှင့်မူကား ကောင်းစွာမတွေ့ဘူးသည်ဟု ဆိုသောကြောင့် ထိုသူနှင့် မိတ်ဖွဲ့လေ၏။

ထိုကဲ့သို့ မိတ်ဆွေဖြစ်ကြသည့် ညမှာပင် မောင်တက်တူက ခေါ်သဖြင့် ရွှေမော်ဓောစေတီတော်ကြီးသို့ သွားရောက်၍ ဘုရားဖူးကြရာ၊ ရင်ပြင်တော်ပေါ်တွင် မခင်အုပ်ဆိုသူ မိန်းမပျိုတစ်ယောက်နှင့် တွေ့ကြသဖြင့်၊ မောင်တက်တူကပင် ဆက်သွယ်၍ပေးသောကြောင့် မခင်အုပ်နှင့်လည်း အသိအကျွမ်းဖြစ်လေ၏။ မခင်အုပ်ကပင် နောက်တစ်နေ့ညနေတွင် မိမိ၏အိမ်ကို နှစ်ယောက်စလုံးပင် လာရောက်လည်ပတ်ရန် ပင့်ခေါ်ပေ၏။

မခင်အုပ်ဆိုသူမှာ အခြားမဟုတ်။ ယခင်က ခင်ခင်ကြီးတို့နှင့် ကြုံရာပါ ဆောင်းတူးမြို့စား၏ တစ်ဦးတည်းသော သမီးကလေးပင် ဖြစ်ချေသည်။ ၎င်း ဆောင်းတူးမြို့စားကြီးမှာ ကြုံရာသို့ ပါသည့်အတိုင်း





အားလျော်စွာ မြို့ဝန် ဗညားဓော ရိပ်မိ၍ တစ်မျိုးလုံးတစ်ဆွေလုံးကို ဖမ်းဆီးပြီးလျှင် မြို့ပြင်၌ ဝါးစင်ကြီးတစ်ခုကို ဆောက်စေပြီးသော် မြီးနှင့်တကွ ဆွေမျိုးများပါ စင်ပေါ်တွင် စုရုံးချည်နှောင်ပြီးလျှင် မီးတင်ရှို့လိုက်ခြင်းအားဖြင့် ကိစ္စပြီးမ်းစေလေသည်။

မြို့ဝန် ဗညားဓောသည် အလွန် စိတ်ခက်ထန် ကြမ်းတမ်းသောသူဖြစ်သော်လည်း မျက်စိအာရုံ၌ လှပသောအရာများကိုကား ကြိုက်နှစ်သက်တတ်သည်နှင့်လျော်စွာ မခင်အုပ်ကိုမူကား မိမိမျက်စိတွင် အလှပသဖြင့် သဘောကျသောကြောင့် နောင်အခါ ဟံသာဝတီပြည်ကြီးကို စည်ထီးခရိုင် နိုင်ငံနှင့်တကွ အစိုးရသောအခါ၊ ရွှေလက်ဆွဲ၍ နန်းဖွဲ့ခံပြီးလျှင် တောင်ညာစံဒေဝီ မဟေသီကလေး မြှောက်ရန် ချည်ရွယ်လျက်၊ လောင်တိုက်မသွင်းဘဲ ချန်လှပ်၍ထားလေ၏။

ဗညားအိမ်တို့နှင့် ဘုရားရင်ပြင်တော်ပေါ်တွင် တွေ့သောညနေ၌မူကား မခင်အုပ်သည် သနပ်ခါးနံ့သာ စသည်တို့ကိုမသဘဲ ဝတ်ရွှင်ကြယ်ကိုဝတ်လျက်၊ လက်က စိပ်ပုတီးကလေးကို ကိုင်ကာ ပုတီးစိပ်နေခိုက်ဖြစ်သဖြင့် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားစဉ်အခါကလောက် မတင့်တယ်သော်လည်း ဗညားအိမ်၏ မျက်စိ၌မူကား အလွန်တင့်တယ်လှပလျက် ရာမညတိုင်း သုံးရပ်၌ သော်လည်းကောင်း၊ အင်းဝပြည်၌ယော်လည်းကောင်း၊ ဤမျှလောက် လှပတင့်တယ်၍ မိန်းကလေးတို့၏ လိုရာအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော မိန်းမချော မိန်းမလှကလေးကို တွေ့ဖူးသည် မထင်။ ကျောက်ကောင်းရတနာ ရှားသကဲ့သို့ ရှားပါးသောသူကလေးပင် ဖြစ်ချေတော့သည်ဟု အောက်မေ့၏။

ဗညားအိမ်သည် ယခုတိုင် အသက်နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း မိန်းမပျိုတို့အား လောကတံထွာ ယောကျာ်းပျို မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ကြသကဲ့သို့ တစ်ခါမျှမချစ်ကြိုက်ခဲ့ဘူးဖေ
လှပသောမိန်းမပျိုကိုမြင်၍ ချစ်ကြိုက်သောအခါလည်း မိမိ၏
ဖြစ်သူ ခင်ခင်ကြီးကို ချစ်သကဲ့သို့ မောင်နှမတို့၏ အချစ်ဖြင့်သ
ချစ်ခဲ့ဘူး၏။ ဤကဲ့သို့ မ,ဘက်တွင် မည်သည့်အခါမျှ စိတ်မက
ဘူးဘဲ အစဉ်သဖြင့် တည်ကြည်ခိုင်ခန့်သောသူပင် ဖြစ်ခဲ့သော်လည်
မခင်အုပ်ကိုမြင်ရပြီးသည့်နောက် စိတ်သည် အငြိမ်မနေ လှုပ်ရှာ
ကစားပြီးလျှင် တစ်ခါမျှ မခံစားဘူးသော အရာတို့သည် အာရုံတွင်
ထင်လာကုန်၏။

ထို့ကြောင့် ၎င်း မခင်အုပ်၏အကြောင်းအရာ အတ္ထုပ္ပတ္တိများက
မေးမြန်းရာ မောင်တက်တူက ပြုံးလျက် "မခင်အုပ်ဆိုတဲ့ သူငယ်
ကလေးက အင်မတန်ကုသိုလ်ကြီးတယ်။ စာပေပိဋကတ် ကဗျာလင်္ကာ
ဆိုမှသိမှုများမှာလည်း အင်မတန်ကျွမ်းကျင်တယ်။ တို့ဆီက ယောက်ျား
လှပျိုကလေးတွေ သူသူငါငါ သွားကြပါရဲ့။ တစ်ယောက်မှ ဟန်မကျ
ခဲ့ဘူး။ စကားပြောမိရင် ဟိုက ဘုရားတွေ၊ တရားတွေ၊ သဒ္ဒါတွေ
သင်္ဂြိုလ်တွေနဲ့ လှုပ်လာတော့ ဘကြီးသားများမှာ လန့်ပြီး ဘာမှ
မပြောနိုင်ဘဲ ခွေးအိုကြီးများလို အမြီးကုတ်ပြီး ဆင်းခဲ့ရတာချည့်ပဲ
မင်းဆွေမင်းမျိုးတွေတောင် မကပ်နိုင်ဘူး။ နို့ပေမယ့် လူဆိုတာ
တစ်ခါတော့ စမ်းကြစမြဲပဲ။ သူများ မရပေမယ့် ကိုယ် ရချင်ရမှာပဲ
ကဆိုတာ မသိရဘူး။ နက်ဖြန်ခါတော့ သွားကြတာပေါ့" ဟု
ပြော၍ သွားပေ၏။

သို့အတွက် ဤကဲ့သို့ မခင်အုပ်သည် အခြားသူများအား
လက်မခံသော်လည်း မိမိအား ကံအားလျော်စွာ လက်ခံလိမ့်မည်ဟု
များစွာမျှော်လင့်လေ၏။

နောက်တစ်နေ့လည်း တစ်နေ့လုံးလုံးပင် မခင်အုပ်ကလေး၏



ပုံများကို တရေးရေးတယောင်ယောင် မြင်၍နေရာ ရွှေနန်းမှ တော်ကြီးမှ
ထိုးခေါက်သံကို ကြားသဖြင့် ညနေစောင်း၍ မခင်အုပ်တို့နေအိမ်သို့
ရောက်ရန် အချိန်နီးပြီဖြစ်သောကြောင့် ဆိုင်ရာမှထကာ အဝတ်
အစားများ ပြင်လေ၏။ ဇည်းအိမ်သည် မည်သည့်အခါမျှ အဝတ်
အစားကို များစွာဂရုစိုက်၍ မဝတ်ဘူးချေ။ သို့သော်လည်း ယခုအခါ
အား နှမဖြစ်သူ ခင်ခင်ကြီးသည် ဟံသာဝတီသို့ လာခါနီးတွင်
ဆင်၍ပေးလိုက်သော အကောင်းဆုံး အကျီ၊ ပုဆိုး စသည်များကို
ခြယ်ဝတ်ဆင်၍ နေသည်ကို တွေ့ရလေ၏။ ဝတ်စားရေးကိစ္စ
ပြီးစီးသောအခါ အချိန်လည်း တန်ပြီဖြစ်၍ နေအိမ်မှ
ထွက်ခဲ့ပြီးလျှင် မောင်ကက်တူ ချိန်းဆိုထားရာ အနောက်ပြင်ဆီသို့
သွားလေ၏။

အနောက်ပြင်အဝသို့ ရောက်သောအခါ မောင်တက်တူလည်း
ချိန်သင့် စောင့်နေသည်ကိုတွေ့၍ ၎င်းတို့နှစ်ယောက်တို့သည်
စကားတပြောပြောနှင့် လျှောက်သွားကြရာ မကြာမီပင် မခင်အုပ်
နေအိမ်သို့ရောက်သဖြင့် မခင်အုပ်လည်း ကောင်းမွန်စွာ ခရီးဦးကြို
ပြီးလျှင် အိမ်ရှေ့ဧည့်ခန်းတွင် နေရာထိုင်ခင်း ကွမ်းဆေးလက်ဖက်
သည်များကိုတည်လျက် ကာလဒေသ မညီမညွတ်သည့် အကြောင်း
အရာများနှင့် ပြောဆိုနေကြရင်း ဤကဲ့သို့ ကာလပျက်၍ နေသည့်
အတွင်းတွင် မြန်မာတို့ဒေသ အင်းဝနေပြည်တော်ကြီးမှ ရွှေစားဗိုလ်
ညီတွင်သူတစ်ယောက်က ဒုက္ခရောက်နေသူ မင်းဆွေမင်းမျိုး
သားသွေးများကို ရဲရင့်စွာ လာရောက်ခိုးယူ ကယ်ဆယ်ကြောင်းများ
ပြောမိ၍ မခင်အုပ်က "ဟုတ်တယ် ဦးလေးကြီးရဲ့။ ဒီရွှေစားဗိုလ်ဆို
တဲ့လူစွမ်းကောင်းဟာ အင်မတန် အလှည့်အပတ်ကောင်းတယ်လို့
ကြားတယ်။ ခင်တို့ မြို့ဝန်ကြီးနဲ့ သံအမတ်ကို လှည့်သွားတာ များ

www.burmeseclassic.com

www.burmeseclassic.com



လှပြီတဲ့။ တစ်ချို့ကပြောတော့ ရွှေဓားဗိုလ်ဟာ လှုရုပ်ရေ အင်မတန်
ချောတဲ့လူလို့ ပြောကြတယ်” ဟု ဆိုသောအခါ၊ မောင်တက်တူက
“ဟား ဟား။ ဒီလိုပဲ ရမ်းပြီး ပြောကြတယ်။ နို့ပေမယ့် ရွှေဓားဗိုလ်
ထင်ထင်လင်းလင်း လာတဲ့လူမှ မဟုတ်ဘဲ။ ရုပ်ဖျောက်လာတာ
အနားမှာရှိပေမယ့် ရွှေဓားဗိုလ်မှန်း ဘယ်သူမှ မသိပါဘူး”

“မသိပါဘူး ဦးလေးကြီးရယ်။ ဟံသာဝတီကဖြင့် သူ့
သေသေချာချာ မှန်းကြတာပဲ။ မိများမိရင် အစိမ်းလိုက်ဝါးရဲ့။ နို့
မယ့် ခင်ကဖြင့် သူ့သတင်းကြားရတာနဲ့ သူ့ကို အင်မတန် မေ
ရှိတယ်။ မမိပါစေနဲ့များလို့တောင် တစ်ခါတလေဆုတောင်းမိပါတယ်
သူ ဘယ်လိုနေတယ်ဆိုတာကို သိရအောင် တစ်ခါလောက် တွေ့ချ
တယ်”

“အို၊ တွေ့ချင်ရင် မခက်ပါဘူး။ ဟောဒီက ဗညားအိမ်ဟာ
ရွှေဓားဗိုလ်အသင်းဝင် တပည့်ပေါ့။ သူ့ကိုမေးရင် သိနိုင်ပါလိမ့်မယ်”
ဟု ရုတ်တရက်ပြောသောအခါ၊ ဗညားအိမ်မှာ မောင်တက်တူသ
မိမိအား မည်သည့်နည်းဖြင့် ရွှေဓားဗိုလ်၏ တပည့်ဖြစ်ကြောင်း
သိပါလိမ့်နည်းဟု ရုတ်တရက် အံ့အားသင့်၍ နေလေ၏။

မခင်အုပ်မှာလည်း ရွှေဓားဗိုလ်ကို ကြားစကပင် ၎င်း
ရဲရင့်ခြင်းများကို စိတ်ထဲက အတိုင်းမသိ ချီးမွမ်းလျက် မိမိသ
ရွှေဓားဗိုလ်နှင့် အစအနများကို မည်သည့်အခါမှ မတွေ့မမြင်နိုင်
ထင်နေပြီးမှ ယခုရွှေဓားဗိုလ်၏ အသင်းဝင်တပည့်နှင့် စကားထိုင်
ပြောနေသည်ကို ရုတ်တရက်သိသဖြင့် အံ့အားသင့်ကာ ဗညားအိမ်
မျက်နှာကို စိုက်၍ကြည့်နေလေ၏။

ထိုနောက်မှ ကျွေ့ဆည်လျက်၊ “ဩော်။ ဟုတ်ကဲ့လာ
ခင်က ကိုကိုအိမ်ကို ဘယ်တော့မှ ရွှေဓားဗိုလ်နဲ့ ဆက်သွယ်လိမ့်မ



မထင်ဘူး။ ခင် သိချင်လွန်းလို့ အင်မတန် တမ်းတနေတာပဲ၊ အခု
ဒီလိုလာတွေ့ရတာ အင်မတန့်တုသိုလ်ကောင်းတယ်။ ဒီဟာဖြင့်
ကိုကိုအိမ်ဟာ အင်းဝကပေါ့” ဟု မေးသောအခါ၊

ဗညားအိမ်မှာ မဟုတ်ကြောင်း ငြင်းပယ်လိုသော်လည်း
မောင်တက်တူက သေချာစွာပြောပြီးသည်လည်း တစ်ကြောင်း၊
မခင်အုပ်၏ ဆန္ဒကလေးကို သိစေလိုသည်လည်း တစ်ကြောင်းတို့
ကြောင့်မကွယ်ဘဲ “ဟုတ်ပါတယ်။ အခုတော့ အင်းဝမှာ နေတယ်။
နို့ပေမယ့် ကိုအိမ်တို့ မိခင်များ ဖခင်များ ရှိစဉ်က ဒီမှာ နေပါတယ်။
ဟံသာဝတီမှာ တိုင်းပြည် မငြိမ်မသက် ထကြွလှုပ်ရှားပြီး မိခင်ဖခင်များ
ရာဇဝတ်ဘေးနဲ့ အသက်ဆုံးကြတော့ ဒီမှာ မနေနိုင်ဘဲ အင်းဝကို
ပြောင်းသွားရတယ်” ဟု ပြောနေစဉ်ပင်၊ မောင်တက်တူက “ကိုင်း၊
မခင်အုပ်တို့ စကားပြောနေကြပါဦး၊ ဦးလေးကြီးတော့ သွားစရာ
ကလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်” ဟုဆိုသောအခါ မခင်အုပ်က
“အို၊ ကြာမှ မကြာသေးဘူး။ သွားတော့မလား။ ကိုကိုအိမ်မှာ
အလုပ်မရှိဘူး မဟုတ်လား။ နေရစ်ခဲ့ပါအုံးလား။ စကားမဆုံး
သေးဘူး”

“ဗညားအိမ်တော့ အလုပ်မရှိပါဘူး။ နေရစ်ပါလေဦးမယ်။
ဟို မြန်မာပြည်အကြောင်းတွေ၊ ရွှေဓားဗိုလ်အကြောင်းတွေကို
ပြောပြပါလိမ့်မယ်။ ကိုင်း၊ သွားလိုက်ဦးမလေ။ နောက်မှပဲ အေးအေး
လာခဲ့ပါဦးမယ်” ဟုဆို၍ကာ ဗညားအိမ်ကို လက်ကုတ်၍ ထားခဲ့
ပြီးလျှင်၊ အိမ်ပေါ်မှ ဆင်းသွားလေ၏။

ဤကမ္ဘာလောကကြီးတွင် မိမိအကျိုးကို များစွာမမျှော်မြင်ဘဲ
တစ်ပါးသူ၏အကျိုးကို သက်သက် ရှာဖွေသောသူ။ မိမိအကျိုးကို
မျှော်မြင်၍ သူတစ်ပါးအကျိုးကို ရှာဖွေသောသူ ဟူ၍ လူနှစ်မျိုး



www.burmeseclassic.com

နှစ်စားရှိရာ မောင်တက်တူသည်ကား ဟံသာဝတီပြည်ကြီး ပျက်စီးစက ဗညားဓော်အားကူညီ၍ မင်းဆွေမင်းမျိုးများနှင့် ၎င်းတို့အား ကယ်ဆယ်သော ရွှေစားဗိုလ်ကို ဖမ်းဆီးနှိပ်စက်ရန် ကြိုးစားသောသူ ဖြစ်၏။ သို့သော်လည်း များမကြာပင် ဗညားဓော်နှင့် အနည်းငယ် မသင့်မတင့် ရှိကြပြီးလျှင် ဇင်းမယ်သို့ ထွက်ပြေးတိမ်းရှောင်၍ နေလေသည်။ သို့သော်လည်း အလွန်လိမ်မာ ကောက်ကျစ်စဉ်းလဲသောသူ ဖြစ်ရကား၊ ဗညားဓော်ကို စိတ်ထဲက အငြိုးရှိသော်လည်း ရန်မမူဘဲ၊ ၎င်းနှင့် သင့်မြတ်အောင်သာ နေလေ၏။

ထို့နောက် ဗညားဓော်၏စနက်ဖြင့် မဟာသွေးတို့ကို ဖမ်းဆီးသတ်ဖြတ်ရာ ယခုအခါ၌မူကား မြောက်နန်းမတော်က သနားစင့်ဖွားမြင်တော်မူသော တစ်ဆယ့်နှစ်နှစ်သားအရွယ်ရှိ မင်းသားကလေးက အလှည့်ကြုံလေ၏။ ထို မြောက်နန်းမတော်သည်ကား ဇင်းမယ်ဘုရားနှင့် ဆွေတော်မျိုးတော် ဖြစ်သဖြင့်၊ ၎င်း ဇင်းမယ်ဘုရင်သည် မင်းသားကလေး၏ ကံအကြောင်းကို ကြားသောအခါ မိမိ၏ ဆွေမျိုးတော်ဖြစ်သဖြင့် ဘေးမှလွတ်ရန် မောင်တက်တူအား ဆုတော်လာဘ်တော်များ ပေးသနားလျက် ခိုးယူခဲ့ရန်ခိုင်းစေတော်မူ၏။ အကယ်၍ မင်းသားကလေးသည် ဇင်းမယ်သို့ ကောင်းမွန်သိုက်မြိုက်စွာ ဆိုက်ရောက်လာသောအခါလည်း ကြိုက်ရာ ရွာတစ်ရွာကို အပိုင်စားစေ၍ သူကောင်းပြုတော်မူမည်ဟု ကတိထားတော်မူသဖြင့် ဟံသာဝတီသို့ ပြန်လာခဲ့ပြီးလျှင် မင်းသားကလေးကို ချုပ်နှောင်ထားရာ ကြည်းတိုက်မှ အဘယ်ကဲ့သို့ ထုတ်ယူရမည်ကို ကြံစည်၍နေရင်းပင် အခွင့်ကြုံသဖြင့် ဗညားအိမ်နှင့် တွေ့လေ၏။

တွေ့လျှင်တွေ့ချင်းပင် ရွှေစားဗိုလ်တို့ လူစုသည် ဟံသာဝတီသို့ ရောက်နေကြောင်းကို သိလေ၏။ မည်သည့်ကိစ္စနှင့် ရောက်လာ





ပြန်သနည်းဟု စဉ်းစားသော် ယခုအခါ ဖမ်းဆီးချုပ်နှောင်ထားသော တော်သွေးထဲက မင်းသားကလေးမှတစ်ပါး အခြားသူ မရှိ။ မင်းသားကလေးကို ကယ်ဆယ်ရန် လာကြောင်းကို တွေးတောထင်မြင်မိလေ၏။ ရွှေစားဗိုလ်သည် မင်းသားကလေးကို ကယ်ဆယ်၍ အောင်မြင်လျှင် မင်းသားကလေးမှာ အသက်ဘေးမှ လွတ်မည် မှန်၏။ သို့သော်လည်း ရွှေစားဗိုလ်၏ လက်သို့ ပါ၍သွားပါမူ၊ မိမိရသင့်သော ဇင်းမယ်ဘုရင်၏ ဆုတော်လာဘ်တော်များ မရဘဲ ရှိချေတော့မည်။ ယခုအခါ၌ မိမိ၌ ရန်သူ နှစ်ဖက် ဝိုင်း၍နေ၏။ သို့သော်လည်း ကောက်ကျစ်စဉ်းလဲ သလောက်ပင် ဉာဏ်များသောသူဖြစ်ရကား၊ ထိုအမှုသည် ရန်သူ နှစ်ဖက်ရှိသည့်အတွက် သာ၍ပင် မိမိအဖို့အရာ လွယ်ကူလာပေ၏။ သရု ရွှေစားဗိုလ် ဟံသာဝတီရောက်နေသဖြင့်၊ ဗညားဓော်အား ၎င်းအကြောင်းကို သတင်းကြားလျှင် ဗညားဓော်သည် ရွှေစားဗိုလ် ကိုသာ လုံ့လပြု၍ နေပေလိမ့်မည်။ ထိုကဲ့သို့ သူနှစ်ယောက်တို့ တစ်ယောက်နှင့်တစ်ယောက် အလုအယက်ပြုနေကြစဉ် မိမိသည် ကြားကချောင်း၍နေခိုက် မင်းသားကလေးကို တစ်နည်းနည်းဖြင့် ခိုးယူသွားမည်ဟု တွေးတောမိလေ၏။

ထိုကဲ့သို့ တွေးတောမိသည့်အတိုင်းပင် ရွှေစားဗိုလ်ရှိရာသို့ ဗထမ ခြေရာခံ၍ လိုက်ရမည်ဖြစ်သော ဗညားအိမ်ကို ဖမ်းဆီးရ လွယ်ရာနေရာသို့ လှည့်ဖြား၍ ပို့ထားခဲ့ပြီးလျှင်၊ ယခုသတင်းကြားရန် အိမ်ပေါ်မှ ဆင်းခဲ့ပြီးလျှင် ရွှေနန်းတော်ကြီးဆီသို့ ခပ်သုတ်သုတ် ရှေ့ရှု၍သွားလေ၏။

ထိုအချိန်၌ကား ညနေကို လွန်၍ အနည်းငယ် မှောင်စပြု ဖြစ်၍ နန်းတော်ကြီးအဝသို့ ရောက်သောအခါ တံခါးများ ပိတ်ထား

www.burmeseclassic.com



လျက် ရှိသည်ကို တွေ့ရလေ၏။ သို့သော်လည်း တံခါးမှူးသည် မောင်တက်တူ ဖြစ်ကြောင်းကို သိသောအခါ၊ တံခါးကို ဖွင့်ပေးသဖြင့် မြို့ဝန်ကြီး ရှိမရှိကို မေးသောအခါ၊ ကြည်းတိုက်တွင် အစောင့်အကြပ်များအား သွားရောက်စစ်ဆေးနေကြောင်းကို ပြောလိုက်သဖြင့် ကြည်းတိုက်ဆီသို့ သွားလေ၏။ ရောက်သောအခါ မြို့ဝန်ကြီးသည် ကြည်းတိုက်အတွင်း၌ အစောင့်အကြပ်များကို အမိန့်အာဏာ ပေးနေသည်ကို တွေ့ရှိလေ၏။

မြို့ဝန်ကြီးလည်း မောင်တက်တူကို မြင်လျှင် ထိုသူအား သဘောများစွာမကျသောလက္ခဏာဖြင့် မျက်နှာကြီးကို ရှုံ့ရှုံ့လျက် "အလို ငတက်တူပါကလား။ မင်း ဘာ လာလုပ်ပြန်ပြီလဲ" ဟု မေးသောအခါ၊ မောင်တက်တူက ပြုံးလျက် အကြောင်းထူးတော့ လာခဲ့ရပြန်ပြီကောလေ။ မြို့ဝန်မင်းရဲ့အကြည်တော် ဟံသာဝတီမှာ ရောက်နေပြန်ပြီကော"

"ဘယ်က အကြည်တော်လဲ"

"အို၊ မမှတ်မိတော့ မူဘူးလား။ ရွှေဓားဗိုလ်လေ၊ ကြည်းတိုက်သာလုံအောင်ပိတ်ပေတော့။ အထဲက ကောင်ကလေး ပါသွားဦးမယ်"

"လာစမ်းပါဦး။ မင်းပြောတာ ငါ နားမလည်ပါဘူး။ ဘာ ရွှေဓားဗိုလ် ဘာဖြစ်သလဲ"

"ဟံသာဝတီကို ရောက်လာပြန်ပြီကော"

"ဟေ၊ ဟံသာဝတီကို ရောက်လာပြန်ပြီလား။ မင်း ဘယ်က သိခဲ့သလဲ"

"သူ့ တပည့်တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ အခု ခင်အုပ်တို့အိမ်မှာ ကျန်ရစ်ခဲ့တယ်။ ဒီအကောင်ကိုသာ ရအောင်ဖမ်းပြီး ရွှေဓားဗိုလ် ဘယ်မှာနေတယ်ဆိုတာ ပေါ်အောင် စစ်ပေတော့"



"အင်း။ ကောင်းလိုက်လေကွာ။ စားပါများ ကြောင်ပါး ပုလင်းထိ ဆိုတာမျိုးလိုပေါ့။ အတင့်ရဲတဲ့ ငါးဟာ တစ်ခါတလေတော့ ငါးမျှားမှာ မိတာပဲ။ ကဲ ကောင်းပြီ။ မင်းစကား တည်စေနော်။ အခု လူလွှတ်ပြီး အဖမ်းခိုင်းလိုက်မယ်"

"တည်ပါစေမယ်ခင်ဗျာ။ အလိုရှိတော်မူတာကို ရတော့သာ ကျုပ်ကို မေ့မနေပါနဲ့"

"ကောင်းပြီ။ ဟေ့ စောညား။ ခင်အုပ်တို့အိမ် သိတယ် မဟုတ်လား။ အဲ လူနှစ်ယောက်နဲ့ သွားစမ်း။ အိမ်ကိုဝိုင်းပြီး ဖမ်းခဲ့။ မလစ်လပ်စေနဲ့နော်" ဟု အမိန့်ချမှတ်လိုက်သဖြင့် တပ်မှူးလည်း "မှန်ပါ" ဟု ဆိုပြီးလျှင် မိမိလူများကိုခေါ်၍ မြို့ထဲသို့ ထွက်သွားလေ၏။

မောင်တက်တူ ဆင်းသွားလျှင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသောအခါ မခင်အုပ်က "ကိုကိုအိမ်။ ခင့်မှာဖြင့် ကိုကိုအိမ်တို့ ဆရာအကြောင်းကို ကြားပြီးကတည်းက သူ့ကို သိပ်သိချင်တာပဲ။ ကိုကိုအိမ်တို့ဆရာက တယ် ထူးဆန်းတဲ့လူ။ ခင်တို့ ဟံသာဝတီက ဟံသာဝတီသားအကျော်တွေ ဝိုင်းဖမ်းတာတောင် မမိဘူး။ အကျော်သမားတွေသာ ပါ,ပါသွားတယ်။ ခင်ဖြင့် အံ့ဩပါရဲ့။ အင်းဝသားတွေဟာ တယ်ပြီး သတ္တိကောင်းတယ်နော်"

"ဟုတ်ပါတယ် ခင်ရဲ့။ အစက ကိုကိုတို့လည်း အင်းဝသားတွေ ဒီလောက် သတ္တိကောင်းကြောင်း၊ ဘာတော်ကောင်းကြောင်းကို မသိဘူး၊ အင်းဝရောက်လို့ ကိုကိုတို့ ဆရာနဲ့တွေ့မှသာ ဒီလောက်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုသိပါတယ်။ ကိုကိုလည်း ဟံသာဝတီသားပါပဲ။ ကိုယ့်အမျိုးတိုက် နှိမ်ချလို့ ပြောတာ မဟုတ်ပါဘူး။ ဟံသာဝတီသားများ တယ်ဖျင်းတယ်။ အင်းဝသားတွေက သူတို့ကို ခွေးလေးကြမ်းပိုးချည့် အောင်းမေ့တာပဲ"

"ဟုတ်လည်း ဟုတ်ပါပေတယ်။ ခင်တို့ ဟံသာဝတီသားများက နည်းနည်းဉာဏ်တုံးတယ်။ အခါခါ လာပြီးနေတာတောင် မိအောင် မဖမ်းနိုင်ကြဘူး။ လက်ကြားထဲက လွတ်လွတ်သွားတယ်။ ခင်ဖြင့် ရွှေဓားဗိုလ်ကို မမိပါစေနဲ့ချည့် ဆုတောင်းတယ်။ နို့ ခင် မသိလို့ မေးပါရစေဦး။ ရွှေဓားဗိုလ်ဆိုတာ ဘယ်သူလဲ"

"အို ခင်ရဲ့။ ဒီဟာကိုတော့ မပြောရဘူး။ ကိုကိုတို့ မပြောပါဘူးလို့ သစ္စာရေ သောက်ထားရတယ်"

"အို၊ ခင့်ကိုပြောရင် ဘာဖြစ်သလဲ။ ခင်က ဘယ်သူ့ကိုမှ မပြောပါဘူး"

"မဟုတ်ပါဘူး ခင်ရယ်။ မပြောဝံ့ဘူး။ သစ္စာပျက်သွားရင် အကုန်လုံး ပျက်စီးကုန်လိမ့်မယ်၊ ခင့်ကိုတော့ ယုံပါတယ်" ဟု ဆိုသောအခါ မခင်အုပ်သည် မိမိ သိလိုသည်ကို မသိရသဖြင့် စိတ်မကြေသော မျက်နှာထားဖြင့် ဗညားအိမ်ကို ကြည့်၍နေလေ၏။

ထိုအချိန်တွင် လပြည့်နေ့ဖြစ်သဖြင့် အထက်ကောင်းကင်၌ တိမ်ခြည်ရှင်းလင်းလျက် လမင်းသည် ထိန်လင်းစွာ သာနေသော ကြောင့် လရောင်ကလေးတို့သည် ညွှန့်ခန်းပြူတင်းပေါက်မှဝင်၍ ဗညားအိမ်တို့ထိုင်ရာသို့ ကျရောက်သဖြင့် မီးမထွန်းသော်လည်း တစ်ယောက်ကိုတစ်ယောက် ကောင်းစွာမြင်နိုင်ကြ၏။ လရောင်ကလေးသည်လည်း မခင်အုပ်၏မျက်နှာပေါ်သို့ ကျရောက်သောအခါ နဂိုရ်ရှင်းက လှပြီးသော မျက်နှာပေါ်သို့ လရောင်ကလေး၏အလင်းက





ထပ်ဆင့်သောအခါ၊ ဗညားအိမ်၏စိတ်ထဲတွင် နေ့လယ်အခါက မြင်ရသည်ထက် အဆပေါင်းများစွာ လှပပြီးလျှင်၊ ရှိရင်းပြီးသော အချစ်စိတ်သည် တိုးတက်လျက် ယခုပင် အပိုင်သိမ်းပိုက်လိုက်လိုသော ဆန္ဒသည် ပေါ်ပေါက်လာကာ ထိုရှုပါရုံကလေးကို အာရုံတွင် အပြတ်မခံနိုင်လောက်အောင်ပင် ဖြစ်၍နေလေ၏။

ထို့နောက် မခင်အုပ်က ဆက်လက်၍ "အို၊ မီးလည်းမထွန်းသေးပါကလား။ ကိစ္စ မရှိပါဘူး။ လ အသာသားကပဲ။ ဒီဟာဖြင့် ခင် ရွှေဓားဗိုလ်အကြောင်း မသိရဘူးပေါ့။ ကိုကိုအိမ်တို့ အင်းဝပြည်မှာ ခင်တို့ ဟံသာဝတီပြည်လို မဟုတ်ဘူး။ အင်မတန် သာယာတယ်။ နေဖို့ထိုင်ဖို့ ကောင်းတယ်လို့ စာတွေပေတွေထဲမှာ တွေ့ဖူးတယ်။ တစ်ချို့ အင်းဝရွှေမြို့တော်ကြီးကို ချီးပြီးရေးသားထားတဲ့ ရတုတွေထဲမှာ အင်မတန်ပျော်ဖို့ ကောင်းတယ်"

"ဟုတ်ပါတယ်ခင်ရဲ့။ ရာသီဥတု မီးလေဝသ မှန်ပြီး တောတောင်ရေမြေ အင်မတန်လှတယ်။ ဘုရားတရား ကြည်ညိုတဲ့လူတွေကလည်းပေါတော့၊ အင်မတန် ကြည်ညိုဖို့ကောင်းတဲ့ ဘုရားပုထိုးစေတီ ကျောင်းတွေလည်းပေါတယ်။ ဥပုသ်သတင်းနေ့များမှာ ဘုရားသွားပြီး ဥပုသ်သီလယူလို့ ပျော်ပျော်ပါးပါးကြီးပဲ ဆောက်တည်ကြပေတယ်။ တိုင်းပြည်မြို့ရွာ အင်မတန်ငြိမ်သက်ပြီး စည်စည်ကားကားရှိတယ်။ ဟံသာဝတီမှာလို ကာလပျက်ပြီး သတ်ဖြတ်မနေကြဘူး။ ခင် ဟိုမှာ လိုက်ပြီးနေပါလား"

"နေတော့ နေချင်ပါတယ်။ ခင်ကလည်း ဒီလို သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သာသနာတော် ပွင့်လင်းရာအရပ်မှာမှ ပျော်တယ်။ ဒီလို ဗရုတ်ဗရက်နဲ့ ပါဏာတိပါတကံကြီးကို ပြုကျင့်နေကြတဲ့အထဲမှာဆိုတော့ ဆွေမရှိမျိုးမရှိနဲ့ နေဖို့ကျုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို လိုက်သာ လိုက်ခဲ့ပါ။ ဟိုကျတော့ ဆွေမျိုးတွေ ရှိပါလိမ့်မယ်။ ကိုကို့နမများ ရှိပါတယ်။ ဟိုမှာ လိုက်ပြီး ကိုကိုနဲ့ နေလှည့်ပါ။ ဒီအရပ်မှာ ခင်နဲ့ မတော်ဘူး။ အင်မတန် ကြမ်းတမ်းတယ်။ ခင့်ကို ကိုကို တစ်သက်လုံး စောင့်ရှောက်ကြည့်ရှုပါ့မယ်။ ခင့်ကို မြင်ကတည်းက မေတ္တာရှိပြီးသားပါ"

"အို ကိုကိုအိမ်။ ဘာတွေ လျှောက်ပြောနေသလဲ"

"ဟုတ်ပါတယ် ခင်ရယ်။ ကိုကိုတော့ မနေနိုင်တော့ဘူး။ ဖွင့်ပြောတော့မယ်။ ကိုကို ဘယ်တော့မှ မိန်းမပျိုများကို စိတ်ထဲမှာ မထားတတ်ဘူး။ မနေ့က ခင့်ကို မြင်လိုက်ကတည်းက ကိုကို့စိတ်ထဲမှာ ခင့်ကို စွဲနေတာပဲ။ ခင်ရယ် ကိုကိုတို့ရပ်ရွာနဲ့ အင်းဝပြည်ကို လိုက်ခဲ့ပေတော့။ ကိုကိုဟာ ဟိုမှာ မင်းဆွေမင်းမျိုး။ ဂုဏ် များစွာ မကြီးသော်လည်း ခင့်ကို ချမ်းချမ်းသာသာတော့ ထားနိုင်ပါတယ်"

ဟု ဗညားအိမ်သည် ဤကဲ့သို့အရာမျိုးကို တစ်ခါမှမတွေ့ဘူးသောသူ ဖြစ်ရကား တွေ့ဖူးသောသူများကဲ့သို့ လိမ်မာစွာ လှည့်ပတ်၍မနေဘဲ။ "မပြော သတ်သတ်၊ ပြောမှဖြင့်လည်း အတောမသတ်ဘူး" ဆိုသကဲ့သို့ မိမိလိုရာကို ရောက်အောင် ရိုးရိုးကြီးနှင့် တောက်လျှောက် ပြော၍၊ မိမိစိတ်က မသိဘဲလျက် မခင်အုပ် လက်ကလေးကို လှမ်းကာဆွဲကိုင်မိလေ၏။

မခင်အုပ်မှာလည်း ဟံသာဝတီမြို့နယ် အရပ်ရပ်က ယောကျ်ားပျိုအမျိုးမျိုးတို့သည် အမျိုးမျိုးအဖုံဖုံ လာရောက်လှည့်ပတ် ပြောဆိုခြင်းကို ခံရသော်လည်း၊ မည်သည့်အခါမျှ ဣန္ဒြေမပျက်ဘဲ ကောင်းမွန်လော်သင့်အောင် စကားနှင့်ပင် ချေလည်ပြောဆိုလိုက်မြဲ ဖြစ်သော်လည်း ယခု ဗညားအိမ်က ထိုကဲ့သို့ပြောလိုက်သောအခါ စိတ်ထဲက အလျှင်ကကဲ့သို့ မရဲဘဲ ကြောက်သလိုလိုဖြစ်ပြီးလျှင် ဘာမှ ပြန်၍မပြော





နိုင်သဖြင့် ခေါင်းကလေးကိုငုံ့ကာ အတန်ကြာ စဉ်းစား၍ နေမိလေ၏။

ထိုကဲ့သို့ ဘာမျှမပြောဘဲ ခေါင်းကလေးကိုသာ ငုံ့၍နေသည်ကို မြင်သောအခါ၊ ဗညားအိမ်သည် မိမိပြောသောစကားများသည် လွန်၍ပင် နေလေသလားဟု စဉ်းစား၍ သနားမိလေ၏။ သို့သော်လည်း "ပို့မယ်ပို့ ကူတို့ရောက်အောင် ပို့" ဟု ဆိုဘိအလား ပြောသက်စရှိမှဖြင့် မထူးဟုစဉ်းစားပြီးလျှင် "ခင်။ ကိုကိုပြောမိတာ လွန်သလား။ ကိုကို့ကို စိတ်ဆိုးသလား။ သို့သော် ခင်ရယ်၊ စိတ်ဆိုးရင်လည်း မတတ်နိုင်ပေဘူး။ ကိုကို့စိတ်ထဲက ရှိသလောက် ချပြတာပါ" ဟု လက်ကလေးကို လှုပ်၍ပြောသောအခါ မခင်အုပ်က "စိတ်မဆိုးပါဘူး"

"နို့၊ ဘာဖြစ်လို့ စကားပြန်မပြောသလဲ"

"ဘာဖြစ်လို့မှ မဟုတ်ပါဘူး" ဟု ခေါင်းကလေးကို ငုံ့လျက်ပင် ငြိမ်၍ပြောသောအခါ၊ ဗညားအိမ်၏စိတ်ထဲ၌ ထိုစကားကိုကြားလျှင် သဘောတူ၍ ပြောသလား။ သို့မဟုတ် မတူ၍ ပြောသလားဟု ခွဲ၍မရနိုင်အောင် ရှိသဖြင့် မခင်အုပ်၏ မျက်နှာကလေးကို စိုက်၍ ကြည့်နေလေ၏။

အို။ အသင် ယောကျ်ားပျို။ ဤကဲ့သို့သော အချိန်မျိုးသည် တစ်သက်တွင် တစ်ခါသာရှိဖူး၏။ ကောင်းစွာစဉ်းစား၍ စိတ်ထဲ၌ သိုသိပ်ထားပါလော့။ သင်သည် ယခု တစ်ခဏကြာသောအချိန်ကလေးကို သင် မသေမချင်း ခဏခဏ မျက်စိထဲ၌ မြင်ယောင်လျက် ကြီးစွာသော ဆန္ဒဖြင့် တောင့်တရပေလိမ့်မည်။

ဤကဲ့သို့ တိတ်ဆိတ်စွာနေ၍ အတန်ကြာသောအခါ၊ အိမ်ပြင်ဘက်မှ "ဝိုင်းကြ ဝိုင်းကြ" ဟု အော်သံများကို ကြားလိုက်ပြီးနောက်၊ မခင်အုပ်၏ အနှင်းအစေ သူငယ်မကလေးသည် ကြောက်လန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



ငိုလျက်၊ မခင်အုပ်တို့ရှိရာ အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုအခါမှ ရုတ်တရက် သတိရကြ၍ မခင်အုပ်သည် ထိုင်ရာမှ ထ၍ "ဟဲ့။ ဘာဖြစ်သလဲ။ ဘာဖြစ်သလဲ" ဟု မေးရာ သူငယ်မကလေးက "အမယ်လေး မမရဲ့။ ကျွန်မတို့ကို ဖမ်းရအောင် လာကုန်ပြီ။ အိမ်ကို ဝိုင်းထားတယ်။ ဗညားအိမ်ကို မလွှတ်စေနဲ့တဲ့" ဟုဆိုမှ အနီးကပ်နေသောရန်ကို သိကြလေ၏။

ထိုအခါ ဗညားအိမ်က "ခင်တို့ကို ဖမ်းရအောင် လာတာ မဟုတ်ပါဘူး။ ကိုကို့ကို ဖမ်းရအောင် လာတာ။ ကိုကို ဒီမှာ ရှိတယ်ဆိုတာ သတင်းကြားသွားပြီ။ မတတ်နိုင်ဘူး။ ကိုကို အတင်းပြေးရတော့မှာပဲ" ဟု ထွက်သွားတော့မည်အလုပ်တွင် မခင်အုပ်က လက်ကို လိုက်၍ဆွဲထားပြီးလျှင် အတန်ကြာ မျက်မှောင်ကလေးကြုတ်ကာ စဉ်းစားပြီးမှ "အို၊ မသွားနဲ့။ သွားလို့ လွတ်မှာ မဟုတ်ဘူး။ ဒီမှာသာ တောင်းကောင်းနေ။ သူတို့လာရင် ခင့်မောင်လို့ ပြောမယ်။ ဟဲ့ ကောင်မလေး မီးဖိုထဲမှာ သွားနေ။ ဘာမှ မပြောနဲ့" ဟုဆို၍ ဗညားအိမ်အား ပြူတင်းပေါက်နားတွင် ရပ်၍ အနေခိုင်းပြီးလျှင်၊ မိမိကား ခုံပေါ်မှ ပုရပိုက်တစ်ခုကိုယူ၍ ဖတ်နေလေ၏။ ထိုအချိန်၌ကား မိမိတို့ ကံအကြောင်းကိုသာ စဉ်းစားလျက် နေကြ၏။

အတန်ကြာလျှင် အိမ်ပေါ်သို့တက်လာသော အသံများကို ကြားရ၍၊ မကြာမီပင် ဧည့်ခန်းထဲသို့ တပ်မှူးများဝင်လာရာ မခင်အုပ်က "အလို၊ တပ်မှူးမင်းပါလား။ ကြွပါ ကြွပါ။ ဘာကိစ္စနဲ့ အချိန်မတော် ကြွလာကြသလဲ" ဟုပြောလျက် မေးလိုက်သောအခါ၊ တပ်မှူးသည် မျက်မှောင်ကြီးကြုတ်လျက် ရုတ်တရက် အံ့သြသောဟန်ဖြင့် မခင်အုပ်ကိုကြည့်ပြီးလျှင် "မခင်အုပ်တို့အိမ်မှာ အခုရောက်နေတဲ့ ရွှေဓားဗိုလ်တပည့်ကို ဖမ်းရမယ်လို့ အမိန့်တော်ကြီးနဲ့





လာခဲ့တယ်။ ဒီအကောင် ဘယ်မှာလဲ။ ဟိုမှာရပ်နေတာ ဘယ်သူလဲ" ဟုမေးသောအခါ၊ ဗညားအိမ်လည်း လှည့်၍ ကြည့်လေ၏။

ထိုအခါ မခင်အုပ်က "သူလား။ ဆောင်းတူးက ခင့်မောင်ပါ။ ခင်တို့ဦးကြီးများကရတဲ့ သားအကြီး။ ကိုဖိုးစိုင်ဆိုတာ သူပေါ့။ အဘယ်က ရွှေဓားဗိုလ်တပည့် ရှိရမှာလဲ။ တပ်မှူးကြီးများ မှားလာပြီ ထင်တယ်"

"မဟုတ်ပါဘူး။ ဘယ်က မှားလာရမှာလဲ။ သေသေချာချာ သတင်းရလို့ လိုက်လာခဲ့တာ" ဟုပြောရင်း မယုံသင်္ကာရှိသဖြင့် ဗညားအိမ်အနီးသို့ကပ်၍ မျက်နှာကို မီးရောင်နှင့် သေချာစွာ ကြည့်လေ၏။ ထိုအခါ ဗညားအိမ်လည်း "အို။ တပ်မှူးကြီးရဲ့ ကျွန်တော်က ဆော[illegible] တူးကပါ။ ရွှေဓားဗိုလ်တပည့် ဟံသာဝတီသား မဟုတ်ပါဘူး" ဟု မွန်ဘာသာဖြင့် ပြောပြလေ၏။

ထိုကဲ့သို့ မွန်သံနှင့် မွန်စကားကိုလည်းကောင်း၊ မွန်ရုပ်ရေကို မြင်သောအခါလည်းကောင်း၊ တပ်မှူးသည် မိမိယင်ချက်နှင့် မှားနေ၍နေသဖြင့် များစွာအံ့သြလျက် သတင်းကြားရသည်က အင်းဝသား၊ ယခု ဆောင်းတူးသားကိုတွေ့သဖြင့် တွေးတော၍ ရှုပ်ထွေးအောင် ရှိလေ၏။

ထို့နောက် မခင်အုပ်ဘက် လှည့်၍ "ဝှက်ထားသလား။ ဝှက်ထားရင်လည်း မှန်မှန်ပြော။ နောင်ခါ ရှာလို့တွေ့ရတော့ ရာဇဝတ်ဘေး သင့်လိမ့်မယ်။ မင်းဒဏ်ဆိုတာ သိသလား" ဟု ခပ်ငေါက်ငေါက် မေးလိုက်သောအခါ၊ မခင်အုပ်က "အို၊ ခင်က ဒီအင်းဝသားတွေကို ဘာဖြစ်လို့ ဝှက်ထားရမှာလဲ။ ခင်လည်း အင်းဝသားဆိုရင်ဘယ်သူနဲ့မှ မသိပါဘူး။ တပ်မှူးမင်း ရှာချင်ရင် ရှာပါ" ဟုပြောသောအခါ၊ တပ်မှူးက "ကောင်းပြီ။ ယော့ အကောင်တွေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို လှည့်ရှာကြစမ်း။ သင်း ဘယ်မှာမှ ပုန်းမနေနိုင်ဘူး" ဟု ဆိုလိုက်သဖြင့် တပ်သားများလည်း အိမ်တစ်အိမ်လုံးကို နံ့အောင် ရှာကြလေ၏။

တပ်မှူးမင်းလည်း ထိုကဲ့သို့ ရှာဖွေနေကြစဉ် ဗညားအိမ်ကို သာ မယုံသောစိတ်ထားနှင့် သေချာစွာ ကြည့်၍နေလေ၏။ အတန်ကြာ သောအခါ ရှာဖွေသူများလည်း ပြန်လာ၍၊ နံ့စပ်အောင် ရှာသော်လည်း မတွေ့ကြောင်း ပြောပြသောအခါ၊ စိတ်မကျေနပ်သောဟန်ဖြင့် တောင်မြောက်လေးပါး အတန်ကြာကြည့်နေပြီးမှ "မခင်အုပ်။ နိုင်ငံ တော်အရေးနော်။ ကောင်းကောင်း သတိထားနေ" ဒေါသသံနှင့် ပြောပြီးလျှင် ဆင်းသွားလေ၏။

ဤကဲ့သို့ တပ်မှူးမင်း ဆင်းသွားပြီးနောက်၊ အတန်ကြာ စကားမပြောဘဲ နေကြပြီးမှ မခင်အုပ်က စိုးရိမ်ခြင်းပြင်းစွာနှင့် "ကိုကိုအိမ် ဒီမှာ မနေနဲ့တော့။ အင်းဝရွှေမြို့တော်ကြီးကို အစုညီ ပြန်တော့။ ဒီမှာ ကြာကြာနေရင် မိသွားလိမ့်မယ်။ ပြန်မယ် မဟုတ် လား" ဟု ဆိုသောအခါ၊ ဗညားအိမ်သည် ခေါင်းခါလျက် "မပြန်နိုင်ဘူး။ ကိုကိုအတွက်တော့ စိတ်ချပါ။ ခင့်အတွက်သာ ခက်တယ်။ ဒီလို ရိပ်မိရင် ခင့်ကို ဖမ်းဆီးပြီး ကွပ်မျက်ပစ်လိမ့်မယ်။ ခင်သာ ဒီမြို့က ထွက်သွားပါ။ ခင့်အတွက်သာ စိုးရိမ်ပါတယ်။ ကိုကိုအတွက်တော့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ကိုကိုတို့ဆရာ ရွှေဓားဗိုလ် ရှိပါတယ်။ ကိစ္စ မရှိပါဘူး ခင်သွားရင် အင်းဝ ကိုကိုတို့နှမများနဲ့ အတူတူ နေနိုင်ပါတယ်။ ခင်ခင်ကြီးကလည်း ခင့်ကို ချစ်ပါလိမ့်မယ်။"

"အို၊ ခင် မသွားနိုင်ဘူး။ ခင်သွားရင် မြို့ဝန်ကြီးက ထားလိမ့်မယ်။ ဟံသာဝတီက ဘယ်ကိုမှ ထွက်မသွားရဘူး



အမိန့်ထုတ်ပြီး အစောင့်အကြပ်တွေ မြို့တွင်းမြို့ပြင်မှာ ထားတယ်။ သူ့လက်တွင်းကလွတ်အောင် ခင် ဘယ်လို ကြံသွားရမှာလဲ"

"ကိစ္စမရှိဘူး။ ရွှေဓားဗိုလ် ရှိပါတယ်။ ခင့် သွားမယ်ဆိုရင် အင်းဝကို ချမ်းချမ်းသာသာနဲ့ ရောက်အောင် ပို့ပါလိမ့်မယ်"

"ခင်တော့ သွားနိုင်ရင် သွားမယ်။ ကိုတို့အိမ်ကော"

"ဒီမှာ ကိစ္စမပြီးမချင်း နေရလိမ့်ဦးမယ်။ မသွားနိုင်ဘူး"

"ခင် ကိုကိုအိမ်ကို ရန်သူတွေကြားထဲမှာ မထားခဲ့ချင်ဘူး။ စိတ်မချနိုင်ဘူး။ ကိုကိုအိမ် မသွားရင် ခင်လည်း မသွားဘူး။ သေစရာရှိရင် အတူတူသေတာ ကောင်းတယ်"

"အို၊ ကိုကို့အတွက် စိတ်ချပါ။ ကိုကိုတို့ဆရာက သူ့တပည့် တွေကို အယ်သူမှ မညှဉ်းဆဲစေရပါဘူး။ ခင်သာ လွတ်အောင် ပြေး နှင့်ပါ။ အဆင်သင့်သာ ပြင်ထားပေတော့။ တိုင်း၊ ကိုကို သွား တော့မယ်" ဟု ဆို၍ မသွားချင်သေးသော်လည်း ရန်သူတွေဝိုင်း ၍နေသဖြင့်၊ နေ၍ မသင့်လျော်သောကြောင့် မခင်အုပ်ကလေးကို နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းခဲ့လေ၏။

ရှင်းညပင် ဟံသာဝတီမြို့ကြီး၏ အရှေ့ပြင် မလှမ်းမကမ်းရှိ ရွာမ်းတစ်ခုအတွင်း၌ရှိ အိမ်တစ်ဆောင်၏ အထက်ခန်းတိုင်တစ်တိုင် တွင်ချိတ်၍ထွန်းထားသော မီးတိုင်ကရေးမှ မီးရောင်သည် အခန်း အလယ်ရှိ ကွပ်ပျစ်ကလေးတစ်ခုပေါ်တွင်ထိုင်နေသော လူသုံးယောက် တို့၏ မျက်နှာပေါ်သို့ ကျရောက်နေ၏။ အခန်းမှာလည်း ပြတင်း ပေါက်များကို လုံခြုံစွာပိတ်ထားသဖြင့် အပြင်ကလရောင် မဝင်ရဘဲ နေသဖြင့်၊ မီးရောင်ကလေး ကျရာမှတစ်ပါး အခြားနေရာများတွင် မှောင်နေလေ၏။ အတန်ကြာကာလ လူတစ်ယောက်သည် ထိုင်ရာ မှထပြီးလျှင် ပြတင်းပေါက်တစ်ခုသို့သွား၍ ပြတင်းပေါက်ကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အိမ်ပြင်ဘက်သို့ ကြည့်နေလေ၏။ ပြူတင်းသည် ပွင့်၍သွားလျှင် သွားချင်းပင် လရောင်ကလေးသည် အခန်းထဲသို့ဝင်ရောက်၍ ထိုသူ၏မျက်နှာပေါ်သို့ကျသဖြင့် ထိုသူ၏ ရဲရင့်တည်ကြည်သော မျက်နှာကို ကောင်းစွာမြင်နိုင်၏။

ယင်းကဲ့သို့ ပြူတင်းကို ဖွင့်ကြည့်လိုက်သောအခါ၊ အထက်ကောင်းကင်မှ ထိန်လင်းစွာသာနေသော လပြည့်ဝန်းကြီးကို လည်းကောင်း၊ လရောင်အောက်တွင် ဝမ်းနည်းစဖွယ် ငြိမ်သက်စွာ လဲလျောင်းနေသော ဟံသာဝတီမြို့ကိုလည်းကောင်း မြို့လယ်မှ အထက်သို့ထိုးထွက်လျက်၊ မည်းမည်းနက်နက်သာ မြင်ရသော ဟံသာဝတီပြည်ရှင် ဘုရင်အသီးသီး တို့စံစားရာ ရွှေနန်းတော်ပြာသဒ်ကြီး သုံးဆောင်ကိုသော်လည်းကောင်း။ မြို့ရိုး မြို့တာ ပြအိုးတန်ဆောင်တို့ကိုလည်းကောင်း။ အဝေး၌ မြို့ကြီးကို ပတ်လည်ဝိုင်း၍ ဆိုင်းနေသော မြူနှင်းအကြားမှ ခပ်ရေးရေးသာမြင်ရသော ရွှေမော်ဓောစေတီတော်ကြီးကိုလည်းကောင်း၊ မိမိရှေ့တွင် ပန်းချီအရုပ်ပုံကားကြီးကဲ့သို့ ခင်း၍ထားသော်လည်း ထိုသူသည် ထိုအရာများကိုလည်းကောင်း၊ မမြင်ဘဲ ဟံသာဝတီပြည်နှင့် ခရီးများစွာဝေးသော အင်းဝနေပြည်တော်ကြီးအတွင်းရှိ အိမ်ကြီးတစ်ဆောင်အတွင်းတွင် ကျန်ရစ်သူ မိမိ၏အချစ်ကိုသာ တရေးရေးတယောင်ယောင် မြင်ယောင်၍နေလေ၏။

ရွှေစားဗိုလ်သည် ဟံသာဝတီသို့ ယခုတစ်ကြိမ် ရောက်လာသည်မှ သုံးလခန့်မျှရှိပြီဖြစ်၍ ပြန်ချိန်တန်ပြီဖြစ်သော်လည်း မိမိဆောင်ကြဉ်းရမည်ဖြစ်သော ကိစ္စက မပြီးသေးသဖြင့်၊ မပြန်သေးဘဲ ဆက်၍သာ နေရ၏။ မိမိသည် နေးသည်ဖြစ်သူ ခင်ခင်ကြီးနှင့် မည်သည့်အခါမျှ ဤမျှလောက် ကြာကြာခွဲ၍ မနေဘူးသဖြင့်





တစ်ခါတစ်ရံ အလွန်လွမ်းဆွတ် တမ်းတမိပေ၏။ ခင်ခင်ကြီးလည်း မိမိနှင့်ခွဲ၍ မနေဘူးသဖြင့် ယခုလောက်ကြာလျှင် မိမိကို လွမ်းဆွတ်လျက် အိမ်ဝက တတ,တ တသ,သနှင့် မျှော်ညော်း စောင့်စား၍ နေတော့မည်ဟု စဉ်းစားမိသောအခါ အင်းဝသို့ တစ်ခါတည်းပင် ပြန်လိုသော စိတ်သည် ပေါ်လာ၏။ သို့သော်လည်း ရွှေစားဗိုလ်သည် မည်သည့် ကိစ္စကိုမျှ မပြီးမြောက်လျှင် လက်မလျှော့ဘူးသဖြင့် တစ်ကြောင်း နောင်ခါ ရာမညတိုင်း ဟံသာဝတီပြည်ကြီးကို အရိုးနွယ်လာ ဆက်လက်ကာ မင်းလုပ်၍အုပ်ချုပ်ရမည်ဖြစ်သော မင်းသားကလေးကို မိမိမှမကာယ်လျှင် ရန်သူ၏လက်တွင်ပင် အသက်ဆုံး၍ ဟံသာဝတီမင်းဆက် ဆုံးမည်လည်းတစ်ကြောင်း၊ အကြောင်းကြောင်းများကို မြော်ခေါ်ထောက်ထားသဖြင့် မိမိ၏ အကျိုးကို မကြည့်ဘဲ ဆင်းရဲဒုက္ခခံလျက် ယခုတိုင် ရန်သူတို့၏ လက်ကြားတွင် နေခဲ့၏။

ယခု ပြူတင်းကို ဖွင့်လိုက်၍ စိတ်ကြည်အေးဘွယ် လရောင်လေးနှင့် ကြည်နူးဘွယ်ကောင်းသော လောကဓာတ်ကြီးကို မြင်ရသောအခါ၊ အင်းဝနေပြည်တော်ကြီးတွင် မိမိ ချစ်ခင်သူနှင့်တကွ ပျော်ပါးချမ်းသာ ဆိတ်ငြိမ်စွာနေခဲ့သည်များကို စဉ်းစားလျက် ခင်ခင်ကြီးကို လွမ်းဆွတ် တမ်းတမိသဖြင့် သုံးလတိုင်တိုင် မနေမနား ဝင်ခန်းစွာ ကြိုးစားအားထုတ်ခဲ့သော အကြံအစည်များတို့သည် ရုတ်တရက် စိတ်ထဲက ပျောက်သွားပြီးလျှင် ချစ်သူ၏မျက်နှာကို တစ်ခါတည်း သွား၍ မြင်ယောင်မိ၏။ ထို့ကြောင့် ပြူတင်းပေါက်တွင် ရပ်မြဲရပ်၍ မိမိ ကိုယ်တိုင်ပင် မိမိ မေ့သကဲ့သို့ အပြင်ကိုသာ စိုက်၍ ကြည့်နေရာ အတန်ကြာကာလ ရွှေနန်းတော်ကြီးမှ ပဟိုရ်ဆော်သံကို သတိရ၍ ပြူတင်းကို ဖြည်းဖြည်းသာ ပြန်၍ စိတ်ခဲ့ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကွပ်ပျစ်ဆီသို့လာ၍ "နက်ဖြန်ခါ လဆန်းတစ်ရက်နေ့ ညမှောင်စပြုလျှင် မင်းသားကလေးကို ကြည့်တိုက်က ရွှေနန်းကြီး ရွှေ့လိမ့်မယ်။ ဒီတစ်ချက် ကြံလို့မရရင် မရဘူး။ မင်းတို့ဘက်က လိုတာ့ပဲ။ ဒီတစ်ခါမင်းတို့က လုလိုက်ရင် အောင်ပြီးသားပဲ" ဟုပြောသောအခါ ယခင်လူနှစ်ယောက်မှ တစ်ယောက်က "ကျွန်တော်တို့ဘက်က ဘယ်တော့များ လွှတ်မှာလို့လဲ ဆရာရဲ့။ အလိုရှိတာကိုသာ အမိန့်ပေးလိုက်ပါ။ မပျက်ကွက်ရပါဘူး" ဟု ဆို၍နေစဉ်ပင် တံခါးမှ သုံးချက်ခေါက်သံကို ကြားသဖြင့် စစ်ကိုင်းမြို့စားလည်း ထိုင်ရာမှထ၍ တံခါးကိုဖွင့်ပေးရာ၊ ဗညားအိမ်သည် ခေါင်းငိုက်၍ ဆိုက်ချကာ ဝင်လာလေ၏။

ဗညားအိမ်ကို မြင်လျှင် ရွှေစားဗိုလ်က "အလို။ ဗညားအိမ်ပါကလား။ အခုမှလူစုံတယ်။ မင်း ဘာများ ကြားခဲ့သေးသလဲ" ဟု ဆီးကြို၍မေးရာ ဗညားအိမ်သည် အခါတိုင်း၌မူကား မည်မျှလောက်ပင် စိတ်နှစ်ဖြာ ပင်ပန်း၍လာစေကာမူ ရွှေစားဗိုလ်၏ရှေ့သို့ ရောက်လျှင် အားတစ်မျိုး ကက်လာလျက် စာကလေးများကဲ့သို့ ဖျတ်ဖျတ်လတ်လတ်ရှိရှိ သော်လည်း ယခုအခါ၌မူကား ခေါင်းကြီးကို လေးလံစွာခါလျက် "ဘာမှ မကြားခဲ့ဘူး" ဟု စိတ်ထဲက မပါသကဲ့သို့ ပြန်ပြောလေ၏။

သို့သော်လည်း ရွှေစားဗိုလ်သည် ၎င်း၏ထူးခြားပုံများကို မသိသကဲ့သို့ ယခင်ကလိုပင် ဆက်လက်၍ "အေး။ မင်းတို့ ကြားစရာလည်း မလိုပါဘူး။ ငါတစ်ယောက်ကြားခဲ့ရင် တော်ပါပြီ။ နက်ဖြန်ခါညဉ့် မှောင်စပြုရင် မင်းသားကလေးကို ကြည့်တိုက် ရွှေနန်းတော်ကြီးရွှေ့မတဲ့ ဒီအချက်ကို ပိုင်ပိုင်ကြီးကိုင်လိုက်မှ တို့အကြံ အောင်မှာပဲ။ သူတို့ လက်ထဲကရဖို့ကိုတော့ ငါတာဝန်





ထားတော့။ မြို့ပြင်ရောက်လို့ အဝေးရောက်အောင် ယူမှာကတော့ မင်းတို့တာဝန်ပဲ"

"ကျွန်တော်တို့တာဝန်ကတော့ ဟုတ်ပါပြီ။ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ယူဆောင်ရမည်ဆိုတာကိုသာ ပြောပါတော့။ ဆရာက ညွှန်းလိုက်မှပဲ တော်မယ်"

"အို၊ ခါတိုင်းလိုပေါ့။ လူမသိအောင် ရုပ်ဖျောက်ပြီး မြို့ဝက စောင့်နေရုံပေါ့။ မင်းနဲ့မြို့စားမင်းက ပေါင်းမိုးနဲ့ လှည်းတစ်စီးကို ငှားရရင်ငှား၊ ငှားမရရင် ဝယ်ပြီးတော့ ဆေးရိုးတင်။ ဆေးရိုးသည် ယောင်ဆောင်ပြီး မြို့ တံခါးနားမှာ စခန်းချနေရမယ်။ ဗညားအိမ်က စေတုဝတီကိုသွား၊ ရွာဝနားမှာ ဦးရွှေပြင်းဆိုတဲ့လူ့ အိမ်ရှိတယ်။ အဲဒီလူဆီ သွားပြီး မြင်းသုံးကောင်လောက်နဲ့ ရွာနဲ့မနီးမဝေး တောစပ်ကလေးမှာ စောင့်နေခိုင်း။ မင်းလည်း သူတို့နဲ့အတူတူ လိုက်ပြီးစောင့်နေ။ တို့လာ အောင်စောင့်နေ။ ဒီးဒုတ် ဒီးဒုတ် လို့ ကြားမှ တောစပ်က ထွက်လာကြ။ နားလည်ကြပြီလား"

"နားလည်ပါပြီခင်ဗျား။ သွားရုံပဲလိုတော့တာပေါ့"

"သွားကြတော့။ သတိကောင်းကောင်းထားနော်။ မင်းတို့ ဟန်မကျရင် အားလုံး ပျက်ကုန်လိမ့်မယ်။ မင်းတို့ အခုတစ်ခါ တည်း အဝတ်လဲပြီး တစ်အိမ်အိမ်မှာ ဝင်နိုနေပေတော့။ အဝတ်တွေ အောက်မှာ ရှိတယ်" ဟုဆိုလိုက်သဖြင့် စစ်ကိုင်းမြို့စားနှင့် စကုမြို့စားတို့သည် အခန်းထဲမှ ထွက်သွားကြလေ၏။

ရွှေစားဗိုလ်လည်း ၎င်းတို့ ထွက်သွားလျှင် ယခင်ပြတင်းပေါက်သို့သွား၍ ရွှေနန်းတော်ကြီးဆီကြည့်ကာ အကြံအမျိုးမျိုးတို့ဖြင့် ဆုံးဖြတ်၍နေလေ၏။

ဗညားအိမ်မှာမူကား ရွှေစားဗိုလ်၏ အမိန့်ကျပြီဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းကဲ့သို့ ထွက်မသွားဘဲ တစ်စုံတစ်ခု လိုနေသေးသကဲ့သို့ ပြူတင်းပေါက်မှလရောင်တွင် မတုန်မလှုပ်ရပ်နေသော ရွှေစားဗိုလ်၏ ခိုင်မာသန်စွမ်းသည့် သဏ္ဍာန်ကြီးကို ကြည့်၍နေလေ၏။ ထိုနောက် အတန်ကြာသောအခါ ထိုင်ရာမှထလျက် ရွှေစားဗိုလ်ရှိရာသို့သွား၍ နောက်ကရပ်ပြီးလျှင် 'ကိုကြီး ကိုကြီး' ဟုခေါ်ရာ ရွှေစားဗိုလ်လည်း စိုက်၍ကြည့်နေရာမှ နောက်သို့ ပြန်၍လှည့်ပြီးလျှင်

'ဘာလဲ'

"ကျွန်တော် ပြောစရာတစ်ခု ရှိလို့ပါ"

"ဘာပြောစရာရှိသလဲ။ ငါ သိပါတယ်၊ မခင်အုပ်အတွက် မင်း စိတ်ပူနေသလား" ဟု ရုတ်တရက်ပြောသောအခါ ဗညားအိမ်မှာ မိမိအဖြစ်ကို ရွှေစားဗိုလ်သည် မည်ကဲ့သို့သောနည်းဖြင့် သိပါလိမ့် သနည်းဟု တွေဝေလျက် အံ့အားသင့်၍နေလေ၏။

ဤကဲ့သို့ အံ့အားသင့်၍နေသည်ကိုမြင်လျှင် ရွှေစားဗိုလ်သည် ရယ်လျက် "မင်း ဘာမှ အံ့သြစရာ မရှိဘူး။ မင့်ကို တောက်ကျား လှည့်ဖြားပြီး မခင်အုပ်ကိုအိမ်မှာထားခဲ့တာ။ ပြီးတော့ မြို့ဝန်ထံ သွားလက်တို့လို့ မင့်ကို သွားအဖမ်းခိုင်းလိုက်တယ်၊ မခင်အုပ် ဉာဏ်ကောင်းလို့ မင်း လွတ်လာတယ် မဟုတ်လား။ ဒီဟာတွေ ငါ သိပြီးသားပါ။ မင်း ဘာပြောချင်သေးသလဲ"

"ဟုတ်ပါတယ်။ ကိုကြီးပြောတဲ့စကားအတိုင်း မှန်ပါတယ်။ မခင်အုပ်ကယ်လို့ ကျွန်တော် အသက်ဘေးက လွတ်လာတာပေါ့။ အခု မခင်အုပ်မှာ ကျွန်တော့်ကိုကယ်မိတဲ့အတွက် မြို့ဝန်မင်းက မသက်သာဖြစ်နေတယ်။ မသက်သာဘူးဆိုရင် တော်တော်ကြာ ဖမ်းပြီး သတ်တော့မှာပဲ။ ကျွန်တော်လည်း သူ့ကျေးဇူးကို ဆပ်ချင်သေးတယ်။ ဒီဟာကြောင့် ကျွန်တော့်ကို ဒီတစ်ခါခွင့်လွှတ်စေချင်တယ်။ကျွန်တော်





အဆေးသွားနေတုန်း မခင်အုပ်ကို ဖမ်းသွားမှဖြင့် ခက်ကုန်လိမ့်မယ်"

"အို၊ ဘာမှ ပူစရာမရှိပါဘူး။ သင်းတို့ ဒီလောက်ကလေးနဲ့ မသတ်နိုင်ပါဘူး။ မခင်အုပ်အတွက် စိတ်ချပြီး မင်း သွားစရာရှိတာကို သွားပါ"

"အို၊ ဘယ်နှယ် ကိစ္စ မရှိရမှာလဲ။ တော်တော်ကြာရင် ဖမ်းတော့မယ်။ ကိုကြီးစကားကို ကျွန်တော် ဘယ်တော့မှ မလွန်ဆန်ဖူးပါဘူး။ အခုလည်း လွန်ဆန်ချင်လို့ မဟုတ်ပါဘူး၊ နို့ပေမယ့် ကျွန်တော်တော့ ဘယ်နည်းနဲ့မဆို မသွားနိုင်တော့ဘူး" ဟု ပြောသောအခါ၊ ရွှေစားဗိုလ်သည် ရုတ်တရက် မျက်နှာကြီးများ တင်းလာပြီးလျှင် "အင်း၊ အရင် သစ္စာထားတုန်းက ဘယ်လိုထားသလဲ။ ဒီလိုသာဖြင့် မင့်သစ္စာတွေ အလကားပေါ့။ အခု မင့်သစ္စာ ပျက်နေပါပြီကော။ ငါ အမိန့်ရှိရင် သွားရမယ် မဟုတ်လား"

"ဒီဟာ သစ္စာပျက်တာ မဟုတ်ပါဘူး။ ကျွန်တော် မတတ်သာလို့ ပြောတာပါ။ နို့မဟုတ်ရင် ကျွန်တော့်အသက်ကိုတောင် မနှမြောပါဘူး။ နို့ပေမယ့် ဒီတစ်ခါတော့ ကျွန်တော် ဖီဆန်ရတော့မှာပဲ"

"ကိုင်း။ မင်း ဖီဆန်ချင့်ရင်လည်း ဖီဆန်တော့။ မင်းစိတ်က ယောကျ်ားစိတ်နဲ့မှ မတူတာဘဲ ခွေးလို အကောင်ပဲ သွားကွာ။ မင်းမျက်နှာ ငါ မကြည့်ချင်ဘူး" ဟု မိမိတွင် အလွန်ကျပ်တည်းနေသည့်အခိုက်မှာ အမျက်ပြင်းစွာထွက်သဖြင့် ကြိမ်းမောင်းမိလေ၏။

သို့သော်လည်း ထိုကဲ့သို့ ကြိမ်းမောင်းပြီးသည်နှင့် တစ်ပြိုင်နက် ခင်ခင်ကြီး၏မျက်နှာကို ရုတ်တရက်မြင်ယောင်မိသဖြင့် 'သြော် ခင်ခင်ကြီး၏မောင်အရင်းပါကလား" ဟုတွေးတောပြီးလျှင် နောင်တ ကြီးစွာရ၍ ဗညားအိမ်၏ အဖြစ်အပျက်ကိုသိလျက် ဤကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းမောင်းမိသည်ကို သနားလျက် "အင်း။ မင်း တယ်မိုက်ပါလား။ မ ဘာက်လိုက်တော့ မိုက်ဘက်ပါတာပဲ။ ကိုင်း၊ ကိစ္စမရှိဘူး။ မင်း ဝေးဝေးမသွားချင်ရင် စစ်ကိုင်းစားတို့နောက်ကို လိုက်သွား။ စလင်းစားကို မင်းအစား သေသေချာချာမှာပြီး လွှတ်လိုက်။ မင်းတော့ စစ်ကိုင်းစားနဲ့စောင့်နေ။ နက်ဖြန်ညနေ မြို့တံခါး ပိတ်ခါနီးတော့ တံခါးနားမှာ လာပြီးစောင့်နေ။ ငါ လာပြီး မခင်အုပ် အကြောင်း ပြောမယ်။ ကိုင်း စိတ်ချပြီးသွားတော့။ ကိစ္စမရှိဘူး။ ငါရှိတယ်။ မင့်စိတ်ထဲမှာ ဘယ်လိုနေတယ်ဆိုတာ ငါ သိပါတယ်ကွာ" ဟုဆို၍ လွှတ်လိုက် လေ၏။

ဗညားအိမ်လည်း "ခင်ဗျားက အချစ်ဆိုတာ ဘာမှန်း မသိဘဲကိုး။ ကိုယ်ချင်း မစာတတ်ဘဲ" ဟုဆို၍ အခန်းပြင်သို့ ထွက်သွားလေ၏။

ရွှေဓားဗိုလ်လည်း တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဗညားအိမ်၏စကားကို ကြားယောင်လျက် မှန်များ မှန်လေရော့ သလားဟု စဉ်းစားမိလေ၏။

နောက်တစ်နေ့ ညနေခင်းကို လွန်၍ မှောင်စပြုလာသောအခါ ကြည်းတိုက်ကြီးအတွင်း၌ ပြောင်းရွှေ့ရန်များကို စီစဉ်၍ နေကြလေ၏။ မင်းသားကလေးကို စောင့်ကြပ်ရသော အဖိုးကြီး အမယ်ကြီး နှစ်ယောက်တို့လည်း မိမိတို့ပိုင်ဆိုင်သော ပစ္စည်းကလေးများကို နန်းတော်ကြီးသို့ မိမိတို့နှင့်အတူ ယူ၍သွားရန် လှည်းပေါ်သို့ တင်ကြလေ၏။ လှည်းမောင်းသော မြို့ဝန်၏လက်စွဲ အဖိုးကြီး





ဦးခွေးရိုးလည်း လှည်းပေါ်ကနေ၍ ပစ္စည်းများကို နေရာတကျ ထားလေ၏။ ဤကဲ့သို့ တင်၍နေရာ နောက်ဆုံး၌ ဆေးရိုးပုတ်ကြီး တစ်ခုကို အဖိုးကြီးသည် ထမ်း၍ယူလာသဖြင့် ဦးခွေးရိုးလည်း "တယ်၊ ဒီပုတ်ကြီးက ရှုပ်လိုက်တာ" ဟုဆို၍ လှည်းပေါ်သို့ ဆွဲ၍တင်ထားပြီးလျှင် "ကိုင်း၊ ကုန်ပြီလား။ ဘာများ တင်စရာ ရှိသေးသလဲ။ ကောင်ကလေးကော လှည်းပေါ်ကို တင်ဦးမလား" ဟုမေးရာ၊ မြို့ဝန်က "ခင်ဗျားလှည်းကိုသာ ခင်ဗျား မောင်းသွားပါ။ ကလေးကို ကျွန်တော်တို့ ယူခဲ့ပါမယ်" ဟုဆို၍ အဖိုးကြီးလည်း "ကောင်းပါ ခင်ဗျာ။ ကောင်းပါ" ဟုဆို၍ လှည်းကြီးကို နန်းတော်ဆီသို့ တအိအိ မောင်းနှင်သွားလေ၏။

အဖိုးကြီး သွား၍ အတန်ကြာသောအခါ မြို့ဝန်လည်း သံအမတ်ဘက်သို့ လှည့်၍ "ကိုင်း၊ ကိစ္စတွေ ပြီးကုန်ပြီ။ ကလေးကိုသာ ယူခဲ့ပေတော့။ အိပ်ပျော်နေတယ် ထင်ပါရဲ့။ ဘယ်သူ့လက်ကိုမှ အောင်နဲ့။ ခင်ဗျားကိုယ်တိုင် ယူခဲ့" ဟု ဆိုလိုက်သဖြင့် သံအမတ်လည်း မီးတိုင်ကိုယူ၍ ကြည်းတိုက်ကို ဖွင့်ပြီးလျှင် တဲ၀သို့ဝင်သွားရာ မင်းသား ကလေးကို အိပ်ရာပေါ်တွင် စောင်ခြုံလျက် အိပ်နေသည်ကို တွေ့သောကြောင့် နှိုး၍ ငိုချေက ကလေးသံကို အခြားသူ ကြားမည်ကို စိုးသောကြောင့် စောင်ရောလှုပ်ပါ အသာပွေ့၍ချီလိုက်ရာ ကလေး ပျောက်။ သစ်တုံးကြီးအား ချီမိသည်ကို တွေ့ရလေ၏။ ထိုအခါမှ သစ်တုံးကြီးကို ကပျာကယာချထားခဲ့၍ ကြည်းတိုက်အပြင်သို့ ထွက် ပြေးလာလေ၏။

မြို့ဝန်လည်း သံအမတ်၏ကြောက်လန့်တကြား ပြေးလာ သည်ကို မြင်သောအခါ၊ ရုတ်တရက် ထိတ်လန့်လျက် "ဘာလဲ၊ ဘာလဲ" ဟုမေးရာ၊ သံအမတ်က "ကလေး မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ကလေး မရှိဘူး"

"ဘယ်သွားလဲ။ အခုပဲ စောင်ခြုံထဲမှာ မြင်ခဲ့သေးတယ်"

"ဘယ် ကလေး ဟုတ်မလဲ။ သစ်တုံးကြီး။ ကျုပ်တို့ကို စာစ်ပတ်ရိုက်သွားပြီ။ ဘယ့်နှယ် လုပ်မလဲ"

"ဘယ့်နှယ်လုပ် ရှိမလဲ။ အဖိုးကြီးခွေးရိုးဥာဏ်နဲ့ တူတယ်။ ကိုင်း၊ လာ" ဟုဆို၍ လှည်းနောက်သို့ အပြေးလိုက်သွားကြရာ မကြာမီပင် လှည်းကို မှီ၍ နောက်က "ရပ်ဦး" ဟု ဆိုသော်လည်း မရပ်သဖြင့် နွားများကို အတင်းဆွဲ၍ ရပ်စေပြီးလျှင် လှည်းပေါ်သို့ တက်၍ရှာရာ ဦးခွေးရိုးကို သော်လည်းကောင်း၊ ကလေးကို သော်လည်ကောင်း မတွေ့ဘဲ ရှိနေကြလေ၏။

ဗညားအိမ်သည် အိမ်မှ ထွက်လာခဲ့၍ စစ်ကိုင်းမြို့စားရှိရာသို့ သွားပြီးလျှင် အကျိုးအကြောင်းကို ပြောပြသဖြင့် စလေမြို့စားလည်း ဗညားအိမ်အစား ထွက်၍ သွားလေ၏။ ဗညားအိမ်မှာမူကား စစ်ကိုင်း မြို့စားနှင့်အတူ ဆေးရိုးသည်ယောင်ဆောင်၍ ဆေးရိုး လှည်းကြီး၏အောက်တွင် အိပ်၍နေလေ၏။ နောက်တစ်နေ့သို့ ရောက်သောအခါလည်း ဆေးရိုးလှည်း၏အနီးတွင်ပင် ချက်ပြုတ် စားသောက်နေသော်လည်း လူများက ဆေးရိုးသည်ဟုပင် အောက်မေ့၍ ဂရုမစိုက်ဘဲ နေကြလေ၏။

ဗညားအိမ်သည် တစ်နေ့လုံးလုံးလည်း မခင်အုပ်ကလေး အတွက် စိတ်သောကရောက်လျက် မငြိမ်မသက်နိုင်ဘဲ တလှုပ်လှုပ်



ဖြစ်နေလေ၏။ ညနေစောင်းသောအခါ မခင်အုပ်၏သတင်းကို ကြားရတော့မည်ဖြစ်၍ စိတ်ထဲက လေးလျက် မြို့တံခါးနားသို့ သွား၍စောင့်နေရာ နေဝင်၍ မိုးချုပ်လုနီးပြီဖြစ်သော်လည်း ရွှေဘားဗိုလ် သည် မပေါ်လာဘဲ နေလေ၏။ သို့သော်လည်း စိတ်ကိုတင်း၍ စောင့်နေရာ တံခါးပိတ်ခါနီးသည်တိုင်အောင် မလာသဖြင့် ပူပင် သောကကြီးလွန်းရကား ရွှေဘားဗိုလ်၏စကားကိုမျှ အမှတ်မရနိုင်ဘဲ မြို့တွင်းသို့ အတင်းဝင်၍ သွားလေ၏။ ဗညားအိမ် မြို့တွင်းသို့ ရောက်လျှင်ပင် မြို့တံခါးသည် ပိတ်လေ၏။

စစ်ကိုင်းမြို့စားလည်း တံခါးပိတ်၍ ရွှေဘားဗိုလ်မှာထားသော အချိန်သို့ ရောက်ပြီဖြစ်သောကြောင့် အရံသင့် စောင့်နေရန် ဗညားအိမ် ကို လှည့်လည်ရှာဖွေရာ မတွေ့သဖြင့် ဘယ်များ သွားလေသနည်းဟု အစဉ်းစားရကျပ်လျက် ရှိလေ၏။ သို့သော်လည်း ရွှေဘားဗိုလ် လာရန် အချိန်တန်ပြီဖြစ်သောကြောင့် လိုက်လံရှာဖွေ၍မနေနိုင်ဘဲ လှည်းနားကပင် ရပ်လျက် စောင့်နေလေ၏။ အတန်ကြာသောအခါ မြို့တံတိုင်းကြီးဆီမှ လူတစ်ယောက်သည် တစ်စုံတစ်ခုအား ပွေ့၍ လာသည်ကိုမြင်ရသဖြင့် ရွှေဘားဗိုလ်သည် အကြံအောင်ခဲ့ကြောင်းကို သိရလေ၏။

ရွှေဘားဗိုလ်လည်း အနီးသို့ရောက်၍ စစ်ကိုင်းမြို့စားက "ဗညား အိမ် ပျောက်သွားတယ်။ ဘယ်သွားမှန်း မသိဘူး" ဟု ပြောသော အခါ၊ ရွှေဘားဗိုလ်က "ကိစ္စမရှိဘူး။ ကိုင်း၊ နွား မြန်မြန်တပ်" ဟုဆို၍ နွားများကိုတပ်ပြီးလျှင် ကလေးကို လှည်းပေါ်သို့တင်၍ အဝေါမတီ ဘက်သို့ မောင်းကြလေ၏။

ဤကဲ့သို့ တိတ်ဆိတ်စွာမောင်းခဲ့ကြရာ သန်းခေါင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသောအခါ ဓတ္တမတီအနီး တောစပ်ကလေးကိုရောက်၍ “ဒီးခွတ် ဒီးခွတ်” ဟု အချက်ပေးလိုက်မှ တောထဲက မြင်းသံများကို ကြားရပြီးလျှင် မြင်းသုံးကောင်နှင့်အတူ လူသုံးယောက်တို့သည် ပေါ်လာလေ၏။

ထိုအခါ ရွှေဓားဗိုလ်က “ကိုင်း၊ စလေနဲ့ ဦးရွှေပြင်းတို့ မင်းသားကလေးကိုယူပြီး ဒဂုန်ကို ရောက်အောင် ပြေးပေတော့။ မင်းသားကလေးအသက်ကို မင်းတို့လက်ထဲ ငါ အပ်လိုက်မယ်။ စိတ်ချပါ ရစေနော်။ ကိုင်း၊ ထိုင်းမနေနဲ့ သွားလေတော့ မြင်းအပိုတကောင်ကို ထားခဲ့” ဟုဆိုလိုက်သဖြင့် စလေမြို့စားနှင့် ဦးရွှေပြင်းတို့သည် မင်းသားကလေးကို မြင်းပေါ်သို့တင်၍ နှတ်ဆက်ပြီးလျှင် ဒဂုန်ဘက်သို့ သွားကြလေ၏။

ရွှေဓားဗိုလ်လည်း တောစပ်ကလေး မှောင်ထဲတွင် နှစ်ယောက်တည်းရပ်၍ ကျန်ရစ်ခဲ့ကြသောအခါ စစ်ကိုင်းမြို့စားက “ဘယ်နှယ်လဲဆရာ၊ ကျွန်တော်တို့ ဘယ်ကို သွားမလဲ” ဟုမေးသောအခါ ရွှေဓားဗိုလ်က “ဟံသာဝတီကို ပြန်ရဦးမှာပေါ့။ ဗညားအိမ် သူ့အမိုက်နဲ့သူ ဒုက္ခရောက်နေနှင့်ရောမယ်။ ငါ မပြန်ရင် မဖြစ်ဘူး။ အခု ငါ အရင်သွားနှင့်မယ်။ မင်းတော့ မိုးလင်းခါနီးမှ လိုက်ခဲ့ပေတော့။ ဒီဟာမှ မြို့တံခါး ဖွင့်တာနဲ့ ဆုံမယ်။ ဟံသာဝတီရောက်ရင် ဟိုမှာ သွားတည်းပြီး ငါ့သတင်းကိုနားထောင်။ သုံးရက်နဲ့မှ ငါမလာ သတင်းလည်း မကြားရဘူးဆိုရင် မင်း အင်းဝကို ပြန်ပြီးတော့ ဗညားအိမ်အတွက် ရွှေဓားဗိုလ်ဖြင့် ဒုက္ခရောက်နေပြီလို့ ခင်ခင်ကြီး ကို ပြောလိုက်ပေတော့။ နို့ပေမယ့် ကံဆိုတာ မသိရပေဘူး” ဟုဆို၍ မြင်းပေါ်တက်ပြီးလျှင် စစ်ကိုင်းမြို့စားကို နှုတ်မဆက်ဘဲ ဟံသာဝတီမြို့ကြီးဆီသို့ မြင်းစိုင်းသွားလေ၏။





စစ်ကိုင်းမြို့စားမှာလည်း ဤကဲ့သို့သော အောင်မြင်ပြီးမှ မိမိ ချစ်ခင်သူ ဆရာ ရွှေဓားဗိုလ်သည် စိတ်လျှော့စကား ပြောကြား သွားသည်ကို ဝမ်းနည်းလျက် လသာအောက်တွင် တဖြည်းဖြည်း ပျောက်သွားနေသော ရွှေဓားဗိုလ်၏ ကိုယ်သဏ္ဌာန်ကိုကြည့်လျက် ကျန်ရစ်ခဲ့လေ၏။

ထိုနောက် ရွှေဓားဗိုလ် မှာခဲ့သည့်အတိုင်းပင် အရှေ့က ကြယ်နီကြီးထွက်၍ မိုးသောက်ခါနီး လူညနှင့်နွားကို “သွားချင်ရာ သွားရော့” ဟု မောင်းနှင်၍ထားခဲ့ပြီးလျှင်၊ ဟံသာဝတီမြို့ကြီးဘက်သို့ ရှေ့ရှု၍ ပြန်လာခဲ့လေ၏။ မြို့တံခါးသို့ရောက်သော် ဖွင့်ထားသည့် အခိုက်နှင့်ကြုံ၍ မြို့ထဲသို့ဝင်ပြီးလျှင် ရွှေဓားဗိုလ် မှာထားခဲ့သောအိမ် ၌ပင် မထင်ရှားသော လူညီးသမားအဖြစ်ဖြင့်သာနေ၍ ရွှေဓားဗိုလ်ထံမှ သတင်းကို စောင့်၍နေလေ၏။

သို့သော်လည်း သုံးရက်ကျော်၍ လေးရက်သို့ ရောက်သောအခါ သတင်းတစ်စုံတစ်ရာ မကြားရသဖြင့် ရွှေဓားဗိုလ် တစ်စုံတစ်ရာ ဒုက္ခရောက်နေပြီဟု သိရလေ၏။ ထို့ကြောင့် မိမိ၏ဆရာဖြစ်သူကို မိမိ တတ်စွမ်းသမျှနှင့် ကြံဖန်၍ ကယ်ဆယ်လိုသေးသော်လည်း ကယ်တင်ရန်အမိန့် မရှိသဖြင့် ဆရာစကားကို မြေဝယ်မကျ နားထောင်ခဲ့ဖူးသော တပည့်မိတ်ဆွေ ဖြစ်သည်နှင့်လျော်ညီစွာ စိတ်ဝမ်းနည်းလျက် အင်းဝသို့ပြန်ရန် ဟံသာဝတီမြို့မှ ထွက်ခွာ သွားလေ၏။

ဗညားအိမ်မှာ ဟံသာဝတီမြို့ကြီးအတွင်းသို့ ရောက်သောအခါ မိမိပတ်လည်၌ ဘေးအန္တရာယ်များ ဝိုင်းဝန်းလျက်နေသည်ကို သတိမရနိုင် မခင်အုပ်အတွက်သာ အလွန်ပူပန်လျက် မခင်အုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့သွားလေ၏။ ရောက်သောအခါ အိမ်ပေါ်တွင် လူတစ်ယောက်မျှမတွေ့သဖြင့် လှမ်း၍ခေါ်ရာ အိမ်နောက်ဖေးမှ မိန်းမကြီးတစ်ယောက်သည် အပြင်သို့ထွက်လာ၍ မခင်အုပ်တို့ မရှိကြောင်းကို ပြောပြလေ၏။ "အဘယ်သို့ သွားသနည်း" ဟုမေးရာ၊ "တမြန်နေ့ညကပင် ရာဇဝတ်တော် သင့်၍ ဖမ်းသွားကြောင်း" ကို ပြောသောအခါ ဗညားအိမ်မှာ ဝမ်းထဲက ရုတ်တရက် မီးပွင့်၍သွားသည့်ဟု ထင်လိုက်ရပြီးလျှင် မျက်စိများ ဝေလျက် မိမိရှေ့တွင် အိမ်ကြီးသည် ခြားရဟတ်လည်သကဲ့သို့ လည့်ပတ်နေသည်ဟု ထင်ရ၏။ ထိုကဲ့သို့ အတန်ကြာ သတိလစ်၍နေပြီးမှ သတိ တစ်ဖန် ရလာ၍ မိမိစိတ်ကို အနည်းငယ် ငြိမ်သက်စေပြီးလျှင် စိတ်လွင့်၍ ရူးနေသောသူများကဲ့သို့ အိမ်ပေါ်မှ အတင်းပြေး၍ဆင်းခဲ့လေ၏။

လမ်းပေါ်သို့ ရောက်သောအခါမှ ရပ်တန့်၍ "ယခုအခါ မခင်အုပ်သည် ထောင်အတွင်း၌ ရောက်နှင့်နေရှာမည်။ မခင်အုပ်သေလျှင် ငါသည် ဤလောက၌ နေ၍ မည်သည့်အကျိုးထူး ရှိဦးမည်နည်း။ ယခု မခင်အုပ်မှာ ငါ့အတွက် အသက်သေတော့မည်။ ငါ့ အတွက်နှင့် အသက်ဆုံးရလျှင်၊ ၎င်းညတွင်းပင် ငါလည်း အတူတူ သေ၍လိုက်မည်" ဟုတွေးတောပြီးလျှင် ၎င်းညတွင်းပင် ထောင်ကြီး ဆီသို့သွားလေ၏။ ထောင်ကြီးအနီးအနားသို့ရောက်၍ စောင့်ရှောက်နေသော တပ်တော်သားများကို မခင်အုပ် အထဲတွင် ရှိမရှိကိုမေးရာ မသိကြောင်းနှင့်သာ ပြန်၍ပြောလိုက်သဖြင့် ပြန်တော့မည်အပြုတွင် နောက်က "အလို၊ ဗညားအိမ်ပါကလား။ ခဏနေပါဦး၊ ဘာကိစ္စနဲ့ ရောက်လာသလဲ" ဟုမေး၍ နောက်က မိမိလက်ကို ဆွဲတားကြောင်း သိရလေ၏။

ဗညားအိမ်မှာ ထိုအသံကို ကြားလျှင်ကြားချင်း အသည်းနှလုံး



များ ဆတ်ဆတ်ခါ၍ တုန်လှုပ်လေ၏။ ဤအသံ၏အရှင်ကို ဗညားအိမ်သည် သိသဖြင့် ကမ္ဘာပေါ်၌ မိမိ၏အကြီးဆုံးသော ရန်သူကြီးနှင့် မျက်နှာချင်းဆိုင် တွေ့ပြီဖြစ်ကြောင်းကို သိသဖြင့် ယခုပင် သေမင်းသည် မိမိအား ခေါ်ဆွဲ၍နေဘိသကဲ့သို့ ထင်ရ၏။

သို့သော်လည်း ဗညားအိမ်မှာ အမျိုးအရိုးကိုလိုက်၍ ရန်သူနှင့် တွေ့လျှင် မည်သည့်အခါမျှ ကြောက်ရွံ့ခြင်းကို မပြဘူးသောသူ ဖြစ်သဖြင့် အသံကိုကြားလျှင်ကြားချင်းပင် နောက်သို့ ပြန်၍လှည့်ကြည့်လေ၏။

ထိုအခါ သံအမတ်က ပြုံးလျက် "ဘယ့်နှယ် မွေးသောက်။ အချိန်မတော် ထောင်ကို ဘာကိစ္စနှင့် ရောက်လာသလဲ" ဟု ထပ်၍ မေးရာ၊ ဗညားအိမ်သည် မျက်နှာကို ရဲရဲထားလျက်ပင် "မခင်အုပ်ကို ဖမ်းသွားတယ်ဆိုလို့ လာတယ်"

"ဟုတ်ကဲ့"

"ကိုင်း။ လိုက်ခဲ့" ဟုဆို၍ ဗညားအိမ်သည် မိမိအား စောင့်ရှောက်၍နေသော ဘေးအန္တရာယ်ကို သိသော်လည်း သန်းခေါင်အထိ ညဥ့်မနက်ဘူး ဟု တွေးတောလျက်၊ ထောင်ထဲသို့ဝင်၍ လိုက်သွားလေ၏။ ထောင်အတွင်းသို့ ချဉ်းနင်းမိလျှင်ပင် ထောင်တံခါးသည်း ပိတ်၍ ဗညားအိမ်စိတ်ထဲ၌ ၎င်းတံခါးသည် မိမိအား သင်္ချိုင်းထဲသို့ချ၍ အပေါ်မှမြေဖို့သကဲ့သို့ ထင်ရ၏။ အတွင်းသို့ ရောက်လျှင် သံအမတ်က "ကိုင်း။ ဒီအခန်းက စောင့်နေပေတော့။ ကျုပ် သွားပြီးခေါ်လိုက်ဦးမယ်" ဟုဆို၍ အခြားတစ်ခန်းသို့ ထွားသွားပြီးလျှင် တံခါးကို ပိတ်ခဲ့လေ၏။

ဗညားအိမ်လည်း သံအမတ် ပြောခဲ့သည့်အတိုင်းပင် စောင့်နေရာ ကြာလှပြီဖြစ်သော်လည်း မလာသဖြင့် တံခါးများကို ရှာ၍ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သောအခါမှ မိမိအား ထောင်အတွင်း၌ တံခါးပိတ်၍ ချုပ်နှောင်ထားခဲ့သည့်အဖြစ်ကို သိရလေ၏။

အတန်ကြာလျှင် မြို့ဝန်ဗညားဓော့နေသော နန်းတော်အဆောင်ထဲသို့ သံအမတ်သည် အလွန်ရွှင်ပျသောမျက်နှာနှင့် ဝင်လာပြီးလျှင် "တစ်ကောင်တော့ တိုးပြီကောလေ" ဟု ပြောသောအခါ မြို့ဝန်ဗညားဓော့က

"ဘယ်သူလဲ"

"ဗညားအိမ်ပေါ့။ ကျုပ် စီစဉ်ပုံ ပထမအချက်တော့ ကိုက်ပါပြီ။ ဒီအကောင်မကလေး ဒီမှာရှိရင် ဒီအကောင် လာမယ်ဆိုတာ ကျုပ်က သိပြီးသားပါ။ အခု ပေါက်လာပြီ မဟုတ်လား။ အဲ သူလာပြီး ဗညားအိမ် ဒီမှာရှိတယ်ဆိုရင် ရွှေဓားဗိုလ် ပေါ်လာဦးမှာပဲ။ ဒီတော့ ဒုတိယအချက် ကျပြန်ရောပေါ့"

"ကောင်းပါဗျာ။ ဒီတစ်ခါတော့ သင်းတို့ ကံနိမ့်နေတယ် ထင်တယ်"

"နိမ့်ပါသောကော မြို့ဝန်မင်းရယ်။ လောကမှာ နိမ့်တုံမြင့်တုံ ဆိုတာကပဲ။ အရင်တုန်းက သူတို့ကံမြင့်နေတယ်။ ယခု နိမ့်သွားပြီ။ ဓမ္မတာ သဘောတရားကြီးကပဲ။ ပုထုဇဉ်တွေ ဘယ်မှာ လွန်ဆန်နိုင်လိမ့်မလဲ။ ကိုင်း၊ မြို့ဝန်မင်းလူများကသာ မြို့ထဲမှာ ကောင်းကောင်း လွှတ်ထားပါတော့။ ရွှေဓားဗိုလ် မြို့ထဲကို ဝင်တယ်ကြားရင် ကျုပ်ကိုသာ အကြောင်းကြားလိုက်ပေတော့။ လိုက်ဖမ်းနေရမှာ မဟုတ်ဘူး။ ကျုပ်တို့ရှိရာ လာပြီး အဖမ်းခံရပါစေမယ်။ နောက်တော့သာ မမေ့ပါနဲ့နော်" ဟုဆို၍ ထွက်သွားလေ၏။





တစ်နေ့သော နံနက်အချိန်တွင် ယခင်က ရွှေဓားဗိုလ်တို့ တည်းခို၍နေသော အိမ်အတွင်း လမ်းခွတစ်ခုတွင် မြက်ရိတ်သမား …ယောက်သည် တံစဉ်ကြီးကို လက်တစ်ဖက်ကကိုင်၍ အခြား …ဖက်က ကြိုးတချောင်းကိုကိုင်ကာ သစ်ပင်တစ်ခုကိုမှီ၍ရပ်လျက် …ောင်မြောက် လေးပါးကြည့်ရှုကာ နေလေ၏။ နံနက်စောစော …ခါဖြစ်သဖြင့် လူတို့သည် အိပ်ရာမှ မထကြသေး၍ လမ်းမများ … ရှင်းလင်းကာ နေလေ၏။

ရွှေဓားဗိုလ်သည် ဟံသာဝတီမြို့သို့ ညတွင်းပင် ဝင်ရောက်၍ …ညားအိမ်၏သတင်းကို လိုက်လံစုံစမ်းရာ ယနေ့နံနက်ပါ သုံးရက် …ဖြစ်သော်လည်း မြေခွဲ၍ မြိုသကဲ့သို့ သတင်းတစ်စုံတစ်ရာ …ကြားရဘဲ နေလေ၏။ ထို့ကြောင့် အကယ်၍ ဗညားအိမ်သည် …သူ၏လက်တွင်းသို့ မကျသေးဘဲ၊ ပုန်းလျှိုး၍နေပါက မည်သည့် …ည်းနှင့်မဆို မိမိတို့တည်းခိုကျနေအိမ်သို့ အကြောင်းကြားကောင်း …ားလိမ့်မည်ဟု တွေးတော၍ မြက်ရိတ်သမားယောင်ဆောင်ပြီးလျှင် …ကိမှ ညနေတိုင် အမှတ်တမဲ့ လာရောက်၍ စောင့်နေလေ၏။

ယနေ့နံနက်၌ကား အနည်းငယ် စိတ်ပျက်သဖြင့် ယနေ့မှ …တင်းထူး မကြားရလျှင် ထောင်သို့သွား၍ တစ်မျိုးတစ်မည် …ဖြင့် ထောက်လှမ်းရန်ကြံစည်လေ၏။

ထိုကဲ့သို့ စောင့်နေရာ အတန်ကြာကာလ သူငယ်ကလေးတစ် …ယောက်သည် မိမိဘက်သို့ သုတ်သီးသုတ်ပြာ ပြေးလာနေသည်ကို …မြင်ရ၏။ ရွှေဓားဗိုလ်လည်း သူငယ်ကလေး လာပုံထူးခြားသဖြင့် …မေးဆို၍ "ဟဲ့ အကောင်ကလေး။ ဘယ်သွားမလို့လဲ" ဟုမေးရာ …သူငယ်ကလေးသည် လက်ထဲ၌ ကိုင်ထားသော အထုပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဓုက်လျက် "ကျွန်တော် ကျွန်တော် ခိုင်းလိုက်တယ်။ ဟို ဟိုအိမ် သွားမလို့" ဟုဆို၍ ရွှေစားဗိုလ်၏ တည်းအိမ်ကို လက်ညှိုးထိုး၍ ပြလေ၏။ ထိုအခါ ရွှေစားဗိုလ်သည် အနည်းငယ် ရိပ်မိ၍ "ဘာလုပ်သွားမလို့လဲ။ မှန်း၊ နင့်လက်ထဲက ဘာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ငါ့ကို ပြစမ်း"

"ဘာမှ မဟုတ်ပါဘူး။ ဟိုအိမ် သွားပေးမလို့ပါ"

"ပေး။ ဟိုအိမ်ဖို့ဖြင့် ငါ သွားပေးလိုက်မယ်" ဟုဆို၍ သူငယ်ကလေး၏လက်ထဲက စာကလေးကို လုယူသဖြင့် သူငယ်ကလေး လည်းငိုရာ ပိုက်ဆံအနည်းငယ်ပေးပြီး ချော့လွှတ်၍လွှတ်မှ ထွက်ပြေးလေ၏။ ရွှေစားဗိုလ်လည်း စာကိုယူပြီးနောက် လူမမြင် နိုင်အောင်နေရာသို့ သွားပြီးလျှင် ဖွင့်၍ဖတ်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

**အကိုကြီးခင်များ**

*ကျွန်တော်သည် အကိုကြီးစကားကို နားမထောင်မိတာ များမိပါပြီ။ ယခု ကျွန်တော့်ကို မြို့နေမင်း သိသွား၍ လိုက်လံရှာဖွေ၍နေသဖြင့် ဘယ်ကိုမှ မထွက်ဝံ့ဘဲ ဦးဖိုးတူ အိမ်မှာ မှန်း၍ နေရပါသည်။ အကိုကြီး ဒီစာကိုရရင် မှောင်စတွင် လာခဲ့ပါ။ အိမ်အနီးမှတ်လည်တွင်လည်း သူလျှိုများ စောင့်နေသဖြင့် သတိထား၍ဝင်ခဲ့ပါ။*

**ညီသားအိမ်**

ရှင်းစာကို ဖတ်မိသောအခါ ရွှေစားဗိုလ်သည် ဗညားအိမ် ရန်သူ့လက်တွင်းသို့ မကျရောက်သေးကြောင်းကို သိရ၍ များစွာ စိတ်သက်သာရာ ရလေ၏။ ထို့နောက် နေဝင်၍ မိုးချုပ်စပြုလျှင်





ယခင်က ဦးဖိုးတူနေအိမ်ရှိရာ မြောက်ပြင်ထဲသို့ သွားရာ၊ မကြာမီပင် အိမ်အနီးသို့ရောက်၍ ရုတ်တရက် မဝင်သေးဘဲ လူရှိမရှိခြည်ကို ကြည့်၍နေရာ အတန်ကြာက မိမိအနားသို့ လူတစ်ယောက်ဖြတ် သွားလေ၏။ ထိုလူ အဝေးသို့ရောက်သည့်တိုင်အောင် စောင့်နေ၍ နောက်ထပ် တစ်ယောက်မျှ မပေါ်လာဘဲ လမ်းမ တစ်လမ်းလုံးတွင် ငြိမ်သက်နေသောအခါမှ လမ်းကူးကာ အိမ်ထဲသို့ ရုတ်တရက်ဝင်၍ သွားလေ၏။

အိမ်အောက်သို့ရောက်၍ အိမ်ရှင်များကို ကြည့်ရာ မမြင်သော် လည်း အနီးမှတ်လည်ရှိ အိမ်များက ကြားမည်စိုး၍ မခေါ်ဘဲ လှေခါးကို ဖြည်းညင်းစွာတက်၍ တံခါးကိုခေါက်ရာ တံခါးလည်း လွယ်လင့်တကူပွင့်သွားကာ အထဲသို့ဝင်လိုက်သည်နှင့်တပြိုင်နက် မိမိအား လူတစ်ကျိပ်ယောက်တို့သည် နောက်ကနေ၍ တစ်စုတစ်ခုနှင့် ခေါင်းကို ပြင်းစွာချလိုက်သဖြင့် မိမိ၏အဖြစ်ကို မသိလိုက်ဘဲ ရုတ်တရက် မျောမေ့သွားလေ၏။

နောက်တစ်ဖန် မြန်၍သတိရသောအခါ ရွှေစားဗိုလ်သည် အခန်းတစ်ခုထဲ၌ လဲနေသည်ကိုတွေ့ရလေ၏။ မိမိသည် ဘယ်ကဲ့သို့ ဖြစ်ပြီး အဘယ်နေရာသို့ ရောက်နေသနည်းဟု စဉ်းစားတွေဝေ၍နေရာ အနီးတွင်ထိုင်၍ မိမိအား ပြုံး၍ကြည့်နေသော သံအမတ်ကို မြင်မှ မိမိ၏ ညဥ့်က အဖြစ်အပျက်ကို သတိရလေ၏။

သံအမတ်လည်း ရွှေစားဗိုလ် တွေဝေ၍နေသည်ကိုမြင်လျှင် "အဆွေတော်၊ ဘာများ တွေဝေနေသလဲ ခင်ဗျား။ အခု လော်ကို ရောက်နေပြီ။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဆိုတာလိုပေါ့။ ခင်ဗျားက သာတဲ့အခါလည်း သာမှာပေါ့။ ကျုပ်က သာတဲ့အခါလည်း သာမှာပေါ့။ နို့ပေမယ့် မိတ်ဆွေတို့လို မြို့စားမင်းများကို ဒီလို



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျတဲ့ ထောင်ထဲမှာ မထားလိုပါဘူး။ ကိစ္စကလေးတစ်ခုရှိလို့ မလွှဲသာလို့ ထားရတာပါ"

"ဘာကိစ္စလဲ"

"မင်းသားကလေး,လေးပေါ့။ တစ်ခြားကိစ္စ မရှိပါဘူး။ မင်းသားကလေးကို ဘယ်မှာ ဝှက်ထားသလဲ ပြောပြီးရင် တစ်ခါတည်း ထောင်တံခါးဖွင့်ပြီး ခင်ဗျားသွားလိုတဲ့နေရာကို ရောက်အောင် လိုက်ပို့ပါမယ်။ ကိုင်း၊ ပြောစမ်းပါ"

"အို၊ ဒီကိစ္စနဲ့လား။ မိတ်ဆွေကြီး လမ်းလွဲသွာပါပကော ခြေရာခံ လွဲနေပြီ ထင်တယ်"

"မဟုတ်ပါဘူး။ ကျုပ် သိပါတယ်။ ဒီတစ်ခါတော့ ကျုပ်တို့ လှည့်မရဘူး။ ကိုင်း၊ ကုန်ကုန်ပြောပါလေ။ ဖွင့်မပြောဘူး ပြောမယ် ဆိုတာကိုသာ သိပါရစေတော့ ။ဒီတစ်ခါ ဘယ်သူက သာတယ် ဆိုတာကို သိရအောင်"

"ဒီဟာတော့ အမတ်မင်း လက်ထဲမှာပဲ။ အမတ်မင်း သွန်ချင် သွန် သောက်ချင်သောက်။ အမတ်ကြီးပြုပြင်ရာ ခံရတော့မှာပေါ့။ ကျွန်တော် မသိတာ အမှန်ပါပဲ" ဟု အသံခပ်အေးအေးနှင့်ပင် ပြောရာ သံအမတ်သည် ရွှေဘားဗိုလ်အား ရှေ့တွင်ပြောင်လိမ် တော့မည် ကိုသိ၍ ရုတ်တရက် အမျက်ထွက်ပြီးလျှင် "ကိုင်း။ ထုတ်မပေးဘူးလို့ ပြောပါတော့ အေးအေးနဲ့မရရင် အမှုတိုက်ရတာပေါ့။ ဟေ့ အကောင် တွေလာကြစမ်း ဟောဒီမှာ မိတ်ဆွေကြီး ရွှေဘားဗိုလ်ရောက်နေတယ်၊ ငါ့အမိန့်မရမချင်း တစ်ရေးမှမအိပ်စေနဲ့။ ခဏခဏ ဝင်နှိုး၊ ခဏခဏ မင်းသားလေး ဘယ်မှာလဲလို့ မေး။ မင်းအိပ်ရင်အလှည့်ကျ စောင့်နေ ကြ မလစ်လှုပ်စေနဲ့နော်" ဟု အမိန့်ပေး၍ ထွက်သွားလေ၏။





ထိုအခါမှစ၍ ရွှေဘားဗိုလ်သည် မည်သည့်အခါမျှ ရန်သူ၏ လက်ထဲသို့ မကျဘူးဘဲ၊ တောသုံးထောင်ကို လွတ်လပ်စွာစိုးရသော ကောသရာဇာခြင်္သေ့ကို မုဆိုးလှောင်ချိုင့်တွင် မိသောအခါ မုဆိုးပြုရာကို ခံရသကဲ့သို့ ရွှေဘားဗိုလ်မှာလည်း မည်သည့်အခါမျှ သံအမတ်အား အလေးမမူခဲ့သော်လည်း ယခု သံအမတ်ပြုတိုင်းကို ခံရပေ၏။

သံအမတ်၏အမိန့်အတိုင်း အစောင့်အကြပ်တို့လည်း မအိပ် ရအောင် ခဏခဏ ဝင်ရောက်၍ နှိုးသဖြင့် အအိပ်ပျက်သည့်အပြင် အစာလည်း လုံလောက်အောင်မပေးဘဲ ထားသဖြင့် သုံးရက်မျှလောက် ကြာသောအခါ အင်အားတို့သည် လျော့၍ ကျူလီနှမ်းလျ စ ပြု၍ လာ လေ၏။

ရက်ကြာလျှင် ပိသာလေးကြီးများကို တင်ထားပြီးသကဲ့သို့ လေး၍ အလိုအလျောက် ပိတ်ကုန်၏။ မျက်လုံးများ ဓိတ်သည်ကို မြင်သည်နှင့်တစ်ပြိုင်နက် အစောင့်အရှောက်တို့လည်း လာရောက်၍နှိုး သဖြင့် ပြန်၍ဖွင့်ရလေ၏။ မဖွင့်ဘဲ အတင်းနေပြန်လျှင် ၎င်းတို့က အတင်းဖွင့်၏။ လာရောက်ပို့သော ထမင်းမှာလည်း တစ်ဆုတ်စာသာ ရှိသဖြင့် စားပြီးလျှင် မဝသည့်အပြင် သာ၍ပင် ဆာလောင်ခြင်း ဝေဒနာ ပြင်း၍လာပေ၏။ တစ်ခါတစ်ရံ အအိပ်ပျက်ခြင်းနှင့် ဆာလောင်ခြင်းဝေဒနာသည် အလွန်ကြီးရကား ပြောပါတော့မည်ဟု တွေးတော မိ၍ ပြောတော့မည်ဆဲဆဲရှိပြန်မှ အကယ်၍ ပြောလိုက်ပါက မင်းသားကလေးကို ဖမ်းကာသတ်ဖြတ်မည်ဖြစ်သောကြောင့် ဟံသာ ဝတီပြည်ကြီး၌ မင်းဆက် ပြတ်မည်။ ထို့အပြင် ရွှေဘားဗိုလ်သည် သံအမတ်အား လျှော့၍ မင်းသားကလေးကို လက်ထဲသို့ရောက်ပြီးမှ ပြန်အပ်လိုက်ရသည်ဟု ရာဇဝင်တွင်ကာ ကျန်ရစ်မည်ဖြစ်သောကြောင့် မပြောဘဲ ဒုက္ခဝေဒနာများကို တင်းကာခံနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း သတ်လိုက်လျှင် သေရဲသေး၏။ ယခုမှာမူကား ဆာမွတ်ခြင်းနှင့် အိပ်ပျက်ခြင်းဝေဒနာ ငရဲတွင် ခံနေရသည်က ပြင်းသေး၏။ ခုနစ်ရက်မျှ ကြာလျှင် ဝေဒနာနှစ်ဖက် စီးသဖြင့် ရွှေဓားဗိုလ်၏ ဆင်မျှလောက်ရှိသော အားသည် ဆုတ်လျော့ပိန်ချုံး ပြီးလျှင် ကျွဲလောက်မျှမရှိ ဖြစ်လေ၏။ ဝေဒနာသည် ပြင်းသည်ထက်ပြင်း၍လာရကား တစ်ခါတစ်ရံ သတိမေ့မောပြီးလျှင် သေတော့မည်ကဲ့သို့ ဖြစ်ချေ၏။ ယခုမှာမူကား သေသောမှလွတ်ရာ မမြင်တော့ချေ။ ဟံသာဝတီ တစ်ပြည်လုံးကိုမျှ အရေးမပြုသော ရွှေဓားဗိုလ်သည် ယခုအခါ၌မူကား ရန်သူ၏လက်တွင်း၌ သေသောမှလွတ်ရန် အနည်းငယ်မျှ မျှော်လင့်စရာ မရှိချေ။ ဤလောက၌ မည်မျှပင် ထောင်လွှားခဲ့သော်လည်း နောက်ဆုံး၌ အောက်သို့ လျှောကျစမြဲတည်း။

ရွှေဓားဗိုလ်သည် တစ်လအတွင်းတွင် ပြန်ခဲ့ပါမည်ဟု ပြော၍ သွားသော်လည်း ယခု သုံးလကျော်ချေပြီ။ လူလည်းမရောက် စာလည်းမထောက်ဘဲ နေ၏။ ထို့ကြောင့် အင်းဝတွင်ရှိ ခင်ခင်ကြီးသည် ရွှေဓားဗိုလ်အတွက် စိတ်လက်မအေးနိုင်ဘဲ ဟံသာဝတီသားတို့ လက်တွင်းသို့ ကျရောက်၍ မပြန်လာဘဲ နေလေသလောဟု တွေးတော ပြီးလျှင် သွားလေသူအတွက် အလွန်ပူဆွေးရ၏။

တစ်နေ့သော ညနေ၌ကား ရာသီကလည်း အလွန်သာသဖြင့် တစ်ယောက်တည်း ဖန်းခြံအတွင်းသို့ ဆင်းပြီး စိတ်ဖြေဖျော်နေရာ မိုးသားကလေးများတက်၍ တောင်းကင်၌ အပြာရောင်တွေ ယှက်သန်းကာ အုံ့မှိုင်းနေသည်ကိုမြင်လျှင် စိတ်ထဲက အလိုလိုဆွေးပြီးလျှင် မျက်ရည်များ ကျမိလေ၏။





ဤကဲ့သို့ ငို၍နေရာ အတန်ကြာကာလ နောက်ကခြေသံများ ကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ ရုတ်တရက် စစ်ကိုင်းမြို့စားကို မြင်သဖြင့် အံ့အားသင့်၍နေလေ၏။ စစ်ကိုင်းမြို့စားမှာလည်း ဆရာဖြစ်သူ ဟံသာဝတီတွင် ဒုက္ခရောက်လျက်၊ ဆရာကတော် ခင်ခင်ကြီးမှာ ငို၍နေသည်ကို မြင်လျှင် ဝမ်းထဲက မချိအောင်ဆွေးပြီး မျက်ရည်များ လည်လာလေ၏။ သို့သော် ခင်ခင်ကြီး မြင်လျှင် သာ၍ပင် ဆိုးနေမည်ကို စိုးသောကြောင့် စိတ်ကိုတင်း၍ မျက်ရည်များ ရုတ်သိမ်းရလေ၏။

ထို့နောက်မှ ခင်ခင်ကြီးသည် သတိရ၍ ဝမ်းနည်းရမလိုလို ဝမ်းသာရမလိုလို ဖြစ်ပြီးလျှင် "မောင်မောင်ကော" ဟုမေးလိုက်သောအခါ၊ စစ်ကိုင်းမြို့စားမှာ လည်တွင်အလုံးကြီးဆို့၍နေသကဲ့သို့ မပြောနိုင်ဘဲ အတန်ကြာနေလေ၏။ ထို့နောက်မှ "ဟံသာဝတီမှာ ကျန်ရစ်ခဲ့တယ်"

"ဘာဖြစ်လို့ နေရစ်ခဲ့ရသလဲ"

"မသိဘူး"

"မဟုတ်ပါဘူး။ ရှင့်မျက်နှာလည်း မကောင်းဘူး။ ဘာဖြစ်လာကြသလဲ။ ပြောစမ်းပါဦး"၊

"သူတော့ ဘာဖြစ်နေတယ်လို့ ကျွန်တော်လည်း မသိခဲ့ဘူး။ မင်းသားကလေးကို ရတဲ့ညပဲ ဗညားအိမ် ပျောက်သွားတယ်။ မင်းသားကလေး တော်ရာကိုပို့ပြီး ဟံသာဝတီကို ပြန်သွားတယ်။ ကျွန်တော့်ကို တော့ မင်း ဟံသာဝတီမှာ သုံးရက်နေလို့မှ ငါ့သတင်း မကြားရင် အင်းဝကိုပြန်ပြီး ခင်ခင်ကြီးကို ဗညားအိမ်အတွက် ဒုက္ခရောက်နေပြီလို့ ပြောလိုက်ပါလို့ မှာသွားတယ်။ ကျွန်တော်လည်း သုံးရက်စောင့်ပြီး သတင်းမကြားတာနဲ့ ပြန်လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ၊ ခုမှခက်တယ်။ အစက ခင်ခင်လည်း အပြောသားပဲ မသွားပါနဲ့ဆိုတာ အတင်းတိုးသွားတယ်။ ရှင်တို့လည်းအတူတူပဲ ထားထားလိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ဘယ့်နှယ် လုပ်မလဲ ဒီတစ်ခါတော့ ခင်ခင်လည်း မကြံတတ်ဘူး" ဟုဆို၍ ငိုလေ၏။

စစ်ကိုင်းမြို့စားလည်း ခင်ခင်ကြီး ပူဆွေးခြင်းကိုမြင်လျှင် မကြံတတ်အောင် ဖြစ်၍နေရှာပြီးမှ "ကိုင်း၊ ခင်ခင်ကြီး ဘာမှ မပူနဲ့။ ကျွန်တော် ပြန်သွားမယ်။ ကျွန်တော်ကြံလို့ ရရင်လည်းရမယ် မရရင်လည်း ကျွန်တော်ပါ သေတော့မယ်။ ဆရာကို ကယ်ရင်းသေရင် ကျွန်တော် ကျေနပ်ပေပြီ"

"အို၊ ခင်ခင်လည်း လိုက်မယ်၊ သူသေရင် ခင်ခင် တစ်ယောက်ထဲနေလို့ကော ဘာထူးဦးမှာလဲ" ဟုဆို၍ စစ်ကိုင်းမြို့စား သည် မလိုက်ခဲ့ရန် တားမြစ်ပြောဆိုသော်လည်း မရသဖြင့် ခေါ်၍ လာခဲ့ရာ ချားမကြာမီပင် ဟံသာဝတီသို့ ရောက်လာကြလေ၏။

ဟံသာဝတီမြို့ထဲတွင် စစ်ကိုင်းမြို့စားသည် ခင်ခင်ကြီး အတွက်စိုးရိမ်သဖြင့် မိမိအစ်ကိုတစ်ယောက်အိမ်တွင် ဝှက်ထားပြီးလျှင် မြို့ထဲ၌ သတင်းစကား လိုက်၍ နားထောင်ရာ သုံးရက်လောက် ကြာသောအခါ ရွှေဘားဗိုလ်သည် ထောင်၌ သေလုဆဲဆဲ ရှိနေသည် ကြားခဲ့၍ ခင်ခင်ကြီးအား ပြန်ပြောလေ၏။

ထိုကဲ့သို့ ပြောနေစဉ်အတွင်းတွင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၍ လှည့်ကြည့်လိုက်ရာ သံအမတ်ဖြစ်နေကြောင်းကို သိ၍ နှစ်ယောက်စလုံးပင် အံ့အားသင့်လျက်နေကြလေ၏။ ထိုအခါ သံအမတ်က "ခင်ခင်ကြီးတို့ မှတ်တယ်၊ ဒီနေ့ညနေမှ ရောက်နေ ကြောင်း သတင်းကြားပါတယ်။ ရွှေဘားဗိုလ်ဖြင့် ခက်နေပါကောလေ သူများအတွက်နဲ့ အသက်အသေခံမယ်ချည့် ကြံနေတာပဲ။ ခင်ခင်ကြီး



လိုက်ပြောရင်ဖြင့် ရမလားမသိဘူး"

"အခု ဘယ်မှာလဲ။ ကျွန်မ ပြောပေးပါ့မယ်။ မတွေ့ရဘူးလား"

"တွေ့နိုင်ပါတယ်။ အခုည လိုက်ခဲ့ပါ၊ နက်ဖြန်ကျရင် သေ ကောင်း သေနေလိမ့်မယ်"

"အခု သွားမယ်" ဟုဆို၍ သံအမတ်နှင့်အတူ ညတွင်းချင်းပင် လိုက်သွားလေ၏။ စစ်ကိုင်းမြို့စားလည်း ခင်ခင်ကြီးအတွက် စိတ်မ ချသဖြင့် မနီးမဝေးက လိုက်သွားလေ၏။

အတန်ကြာလျှင် ထောင်ဝသို့ရောက်၍ သံအမတ်သည် မီး တိုင်များ တောင်းပြီးလျှင် ရွှေဘားဗိုလ်ရှိရာ အခန်းသို့ လိုက်ပို့လေ၏။ ခင်ခင်ကြီးလည်း ရွှေဘားဗိုလ်၏အခန်းကို ဝင်သွားရာ ရွှေဘားဗိုလ်သည် သတိလစ်၍ ယောင်ရမ်းနေသည်ကို တွေ့ရသဖြင့် မိမိငယ်ချစ် လင်၏ အဖြစ်ကိုကြည့်လျက် မျက်ရည်များ ကျမိလေ၏။

အတန်ကြာမှ မျက်ရည်များကို သိမ်းပြီးလျှင် "မောင်မောင်" ဟုခေါ်ရာ ရွှေဘားဗိုလ်သည် ခင်ခင်ကြီးကိုမော်ကြည့်၍ "မပြောဘူး။ မပြောဘူးကွာ။ မင်းတို့ သတ်ချင်ရင် သတ်လိုက်တော့" ဟုဆိုသဖြင့် ခင်ခင်ကြီးက ပခုံးကိုလှုပ်၍ "မောင်မောင် ဘာဖြစ်နေသလဲ။ ခင်ခင်ကြီးပါ" ဟုဆိုမှ သတိရကာ ခင်ခင်ကြီးကို သေချာစွာကြည့်လျက် "အမယ်လေး ခင်ခင်ရဲ့။ မင့်ကို မောင်မောင် ဒီတစ်သက်ဖြင့် မမြင် ရတော့ဘူး အောက်မေ့တာပဲ။ ခင်ခင် ဘာလုပ် လိုက်လာသလဲ"

"အို မောင်မောင်ရဲ့။ အတူတူသေရအောင်ပေါ့။ မောင်မောင် လွတ်အောင် မကြံနိုင်တော့ဘူးလား" ဟု မေးသောအခါ ရွှေဘားဗိုလ် သည် မိမိကိုယ်ကိုမှ မိမိ မနိုင်အောင် အားဖြတ်၍ နေပြီဖြစ်သော်လည်း ထိုစကားကို ကြားလိုက်လျှင် အရင်က ရှိဖူးသောအားတို့သည် ပြန်၍ ရောက်လာသကဲ့သို့ အားအင်များပြည့်တင်းပြီးလျှင် "အင်း၊

www.burmeseclassic.com



မောင်မောင် ခင်ခင်အတွက်နေဦးမယ်။ ကိုင်း၊ ဘာမှ မစိုးရိမ်နဲ့။ ပြန်သာသွား။ ယောဒီ စာတာလေးကို နက်ဖြန်ညနေတော့ မောင်တက်တူ သွားပြီး ပေးလိုက်ပေတော့၊ မောင်တက်တူ အနောက်ပြင်က ဦးကြောင်ဖားအိမ်မှာ နေတယ်" ဟုဆို၍ လွှတ်လိုက်သဖြင့် ခင်ခင်ကြီးသည် ဝှက်၍ယူခဲ့ပြီးလျှင် အပြင်သို့ ထွက်ခဲ့လေ၏။

ဤကဲ့သို့ ရွှေအားဗိုလ်နှင့် တွေ့ပြီးလျှင် ခင်ခင်ကြီးသည် ရွှေအားဗိုလ် မည်ကဲ့သို့ လွှတ်အောင် ကြံထားသည်ကို မစဉ်းစားနိုင်ဘဲ ရှိလေ၏။ နောက်တစ်နေ့ နံနက်ပဝ် ယာခင်စာကလေးကို မောင်တက်တူ အား သွား၍ပေးလေ၏။

ငင်းညနေပင် သံအမတ်သည် ဇလ္လားဓောရှိရာ ရွှေနန်းတော် အဆောင်ထဲသို့ ဝင်လာပြီးလျှင် "ကိုင်း။ အောင်ခဲ့ပြီ"

"ဘယ်နှယ့် အောင်ခဲ့တာလဲ"

"နောက်ဆုံးတော့ ပေါ်တာပေါ့။ ဒီဟာကြောင့် ကျုပ် မပြော ဘူးလား"

"မင်းသားကလေး နေတဲ့နေရာကို သိခဲ့ပြီလား"

"အဲဒီဟာတော့ မသိသေးဘူး။ နေတဲ့ဝတီမှာလို့ ပြောတာပဲ။ လမ်းတော့ နက်ဖြန်ခါ သူ လိုက်ပြပါလိမ့်မယ်"

"ညာပြန်ပြီထင်တယ် အကြည်တော်ရဲ့"

"ဟာ။ ဒီတစ်ခါတော့ ညာလို့ မရပါဘူး။ နက်ဖြန်ခါ ခင်ခင်ကြီးနဲ့ ဇလ္လားအိမ်ပါ ခေါ်သွားမယ်။ ဟိုရောက်လို့ ညာမှန်းသိရင် ရှေ့တွင် သတ်လိုက်တာပေါ့။ ဒီလိုဆိုရင် မလိမ်ဝံ့ပါဘူး"





"ကိုင်း။ ဒီဟာဖြင့် ကောင်းပြီ။ နက်ဖြန်တော့ ငါလည်း လိုက်ခဲ့မယ်။ အသင့်သာ ပြင်ထားပေတော့" ဟုဆိုလိုက်သဖြင့် သံအမတ်လည်း စီစဉ်၍ထားရန် ထွက်သွားလေ၏။

နောက်တစ်နေ့ ညနေခင်းသို့ ရောက်သောအခါ ရွှေအားဗိုလ်ကို ဆောင်ထဲမှထုတ်၍ ပေါင်းကုပ်ထားသော လှည်းထဲသို့သွင်း၍ ခေါ်သွားလေ၏။ မြို့ပြင်သို့ ရောက်သောအခါ အခြားလှည်း တစ်လှည်းနှင့်တွေ့၍ ရပ်စေပြီးလျှင် ၎င်းလှည်းထဲတွင်ရှိသော ခင်ခင်ကြီး၊ ဇလ္လားအိမ်တို့ကို ရွှေအားဗိုလ်ရှိရာသို့ ခေါ်၍ သွားပြီးလျှင် "မောင်မောင်ကြီး။ ဒီတစ်ခါ မင်းတို့ကို လိမ်ရင်တော့ ဒီ မိန်းမယားနဲ့ ငယ်သောက်ဖကို မင်းရှေ့မှာ အရှင်လတ်လတ် ရင်ခွဲရလိမ့်မယ်၊ လိမ်နဲ့နော်" ဟုဆို၍ ရွှေအားဗိုလ်လည်း အတန်ကြာ စဉ်းစားနေပြီးမှ "မလိမ်ပါဘူး။ သွားသာ သွားပါ" ဟု ဆိုလိုက်သဖြင့် မြို့ဝန်သည် ရွှေအားဗိုလ်ရှိရာလှည်းသို့ တက်ပြီးလျှင် ခါးလွတ်စွဲ၍ စောင့်လျက် အားမှုလည်း မြင်းစီးသမားများဝိုင်း၍ စောင့်စေပြီးလျှင် ရှေ့တင်၍ ဆောင်းစေ၏။ သံအမတ်လည်း နောက်က ခင်ခင်ကြီးတို့လှည်းကို ဝိုင်းရံ၍လိုက်လေရာ အနည်းငယ် မှောင်စပြုလာသောအခါ တောစပ် ကလေးတစ်ခုသို့ ရောက်လေ၏။

ထိုအခါ လှည်းရပ်၍ "ဘယ်အရပ်သို့ မောင်းရမည်နည်း" ဟု ရွှေအားဗိုလ်ကို မေးရာ၊ ရွှေအားဗိုလ်က "တောကိုဖြတ်၍မောင်းပြီး လျှင် ဘုန်းကြီးကျောင်းတစ်ခုကို တွေ့ပါလိမ့်မယ်။ ၎င်းကျောင်းတွင် မင်းသားကလေး ရှိသည်" ဟုပြောသဖြင့်၊ တောကိုဖြတ်၍ မောင်း ကြလေ၏။ ထိုအချိန်တွင် နှင်းများ သည်းစွာဝေနေသော်လည်း တောတစ်ဖက်သို့ ရောက်သောအခါ ဘုန်းကြီးကျောင်းကလေးကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေပ်ပျက်တစ်ခုအနီးသို့ ရောက်သောအခါ ရွှေအားဗိုလ် လှည်းထဲကမြို့ဝန်မှာ ချမ်းသဖြင့် ခေါင်းကို အဝတ်ကြီးနှင့်ပတ်လျက် "ဟေ့ အကြည်တော်။ ဘုန်းကြီးကျောင်းကို မင်းသွားပြီး ရန်မရှိဘူး ရှိတယ်ဆိုတာ စုံထောက်စမ်း။ ဒီအကောင် မယုံရဘူး။ လူတစ်ကျိပ် လောက် နေရစ်ခဲ့။ ကျန်တဲ့လူ အကုန်ခေါ်သွား" ဟုဆိုသဖြင့် သံအမတ် လည်း လူတစ်စုနှင့် ကျောင်းဆီသို့ သွားလေ၏။ ထိုအချိန်တွင် နှင်းတို့လည်း သည်းသည်ထက် သည်းလာပြီးလျှင် မှောင်နေသဖြင့် ယခင်က ဘုန်းကြီးကျောင်းကလေးကိုပင် မမြင် ရအောင် ရှိနေ၏။

အတန်ကြာသောအခါ လူတစ်ယောက်သည် ပြေးလာ၍ ဆီးကြို၍မေးသောအခါ၊ ၎င်းလူက "ဘုန်းကြီးကျောင်းမှာ လူလေးဆယ် လောက် ရှိတယ်။ ဓားတွေ လှံတွေနဲ့ စောင့်နေတယ်" ဟု ပြောပြ လေ၏။ ထိုအခါ မြို့ဝန်မင်းသည် အလွန်စိတ်ဆိုးသဖြင့် "ဒီအကောင့် အကြံ ငါ့အစက သိသားကမဲ၊ ကိုင်း၊ ယောဒီအကောင်ကို ရေပ် ပေါ်ယူပြီး လူလေးယောက် စောင့်နေ၊ ကျန်တဲ့ လူထဲက ငါးယောက် ထပ်လိုက်သွား။ ရအောင်လုလို့ သံအမတ်ကို ပြော။ မရရင် နက်ဖြန်တော့ ဟိုအကောင်ကို ဓေတုဝတီကို ယူခဲ့။ ငါ ဒီက နှစ်ယောက်ယူပြီး ဓေတုဝတီကို သွားနှင့်မယ်။ ဟိုရောက်မှ သူကြီးကို လူတောင်းပြီး အကူလွှတ်လိုက်မယ်။ နက်ဖြန် သင်းတို့ သုံးယောက် စလုံးကို ရင်ခွဲပြီး သတ်မယ်။ လူတစ်ယောက် ငါ့နောက် လိုက်ခဲ့" ဟုဆို၍ ခင်ခင်ကြီးတို့လှည်းကို ဓေတုဝတီဘက် သို့ မောင်းစေပြီးလျှင် မိမိနှင့် ယခင်ကလူတို့လည်း နောက်က လိုက်လေ၏။

ထိုအခါ လှည်းပေါ်တွင်ရှိသော ခင်ခင်ကြီးမှာ ရွှေအားဗိုလ်၏ နောက်ဆုံးအကြံ ပျက်ပြီဖြစ်၍ ရန်သူလက်တွင်းမှ မလွတ်နိုင်တော့





ပြီ။ နောက်ဆုံး သေရကြတော့မည်ဟု စိတ်ကို လျှော့လိုက်ပြီးလျှင်၊ ...တို့ ကံအကြောင်း စဉ်းစားကာ မည်မျှပင် စိတ်နိုင်မာသော သူ ...သော်လည်း မိန်းမမျှပင်ဖြစ်၍ ငိုကြွေးမိလေ၏။ မညာအိမ်မှာလည်း ...ဖြစ်ကြောင်း မိမိမျှမက မိမိနှမနှင့်ရွှေအားဗိုလ်တို့ပါ သေတော့ ...ည်ဟု စဉ်းစား၍ မိမိကိုယ်ကို အပြစ်ကြီးစွာ တင်မိလေ၏။

ထိုကဲ့သို့ လာခဲ့ကြရာ အတန်ကြာသောအခါ နောက်က ...လိုက်လာသော မြို့ဝန်သည် မိမိနှင့်အတူလျှောက်လာသော စစ်းသား ...ကို လက်တွင်ကိုင်ထားသော ဓားရိုးနှင့် ရုတ်တရက် ခေါင်းကိုရိုက် ...လိုက်ရာ ထိုသူလည်းမြေပေါ်သို့ လဲသွားလေ၏။ ခင်ခင်ကြီးတို့သည် ...အချင်းအရာကိုမြင်၍ ရုတ်တရက် အံ့အားသင့်၍ နေကြစဉ်ပင် ...ဝန်သည် လှည်းပေါ်သို့ အတင်းတက်ပြီးလျှင် လှည်းသမားကို ...ကန်ထုတ်ပြန်လေ၏။

ထိုအခါမှ ခင်ခင်ကြီးတို့လည်း ကြောက်လန့်တကြား အော် ...တော့မည်ပြုရာ မြို့ဝန်က "ဟဲ့။ မအော်နဲ့ မအော်နဲ့။ မောင်မောင်ပါ ...မောင်ပါ" ဟုဆို၍ ခေါင်းတွင်ပတ်ထားသော အဝတ်ကြီးကို ...၍ပြသဖြင့် မောင်မောင်ကြီး၏မျက်နှာကို မှတ်မိ၍ ခင်ခင်ကြီး ...တော့မပြောနိုင်လောက်အောင်ပင် အံ့ဩလျက် ကြည့်နေကြသည်။

ရွှေအားဗိုလ်လည်း ယခင်က လှည်းသမား ...ကြီးများနှင့် တုပ်နှောင်၍ သစ်ပင်တစ်ပင်တွင် ချည်နှောင်ခဲ့ ...လျှင် လှည်းပေါ်သို့ပြန်တက်ကာ "ကိုင်း။ တစ်ခါတော့ ဘယ်သူ ...ယ်ဆိုတာ သိကြပြန်ရောပေါ့ကွာ" ဟုဆို၍ လှည်းကို ...ဝတီဘက်သို့ လျင်မြန်စွာမောင်းနှင်လေ၏။

မကြာမီပင် ဓေတုဝတီသို့ရောက်၍ စစ်ကိုင်းမြို့စားလည်း ...စောင့်နေသည်ကို အရုံသင့်တွေ့သဖြင့် ရွှေအားဗိုလ်က "အဆောင်



www.burmeseclassic.com

www.burmeseclassic.com



သင့်ရှိတယ် မဟုတ်လား။ မကြာခင် ဟိုအကောင်တွေ လိုက်လာလိမ့်မယ်"

"ရှိတယ်။ မြန်မြန်လာ" ဟုဆို၍ လှည်းပေါ်က ဆင်းပြီးလျှင် ရွာအောက် ဆိပ်ကမ်းသို့သွား၍ လှေကြီးတစ်စင်း အရံသင့်ရှိသဖြင့် လှေပေါ်သို့တက်ကာ အပြင်းစုန်ကြလေ၏။

ထိုအခါ ရွှေဓားမိုလ်သည် ခင်ခင်ကြီးကိုကြည့်လျက် "ခင်ခင်ရယ်။ မင်းလာခဲ့လို့ မောင်မောင်တို့ ဒီလို အသက်နဲ့ပြန်ရတာ။ သို့မဟုတ်ရင် မောင်မောင် အသေခံတော့မယ် စိတ်ချပြီးသားပဲ၊ သူတို့လက်ထဲ ကျသွားတော့ မောင်မောင် ကြံပါသေးရဲ့။ နို့ပေမယ့် မရဘူး။ ဒီဟာနဲ့ အေးပြီလို့ စိတ်ချထားတယ်။ ခင်ခင်ကို မြင်မှပဲ စိတ် တစ်မျိုးတက်ပြီး အကြံပေါ်လာတယ်။ ခင်ခင့် ကျေးဇူးပါပဲ"

"အို၊ ဘယ်က ခင်ခင့် ကျေးဇူး ရမလဲ၊ ခင်ခင်ဘာမှ မတတ်နိုင်ပါဘူး။ မောင်မောင် ဘယ်နှယ့်လုပ်ပြီး လွတ်အောင်ကြံခဲ့သလဲ"

"ဟာ။ အကြံဆိုတာမျိုးဟာ မစဉ်းစားမိရင် ခက်တာပဲ။ စဉ်းစားမိတော့ တစ်မြိုင်နက် အလွယ်ကလေးပဲ။ မျိုင်း မျိုင်းချင်း ခွပ် မုဆိုး လေးနဲ့ပစ် ဆိုတာမျိုးလိုပေါ့။ ခင်ခင်ကို မောင်တာက်တူဆိုတာ နိုင်းလိုက်တယ် မဟုတ်လား။ အဲဒီ မောင်တာက်တူလည်း မောင်မောင်တို့လိုပဲ၊ ခင်းမယ်ဆိုရင် ခိုင်းလိုက်လို့ ကြံနေတယ်။ ဒီတော့ သူ့ဆီကို မင်း အခုနံနက် ကျောင်းကိုသွား။ ဘယ်အချိန်မှာ ငိုင်း။ ကျောင်းပေါ်မှာ မင်းသားကလေး ရှိတယ်၊ ဒီကမြို့ဝန်များလည်း လာလိမ့်မယ်။ သူတို့ကို နိုင်အောင်လုပ်ပြီး ယူပေတော့လို့ ရေးလိုက်တာပေါ့။ ဒီတော့ ဒီကလည်း အလာနဲ့တော့ သူတို့အချင်းချင်း တွေ့ကြတော့ပေါ့"





"မောင်တာက်တူ မလာရင်ကော ဘယ့်နှယ် လုပ်မလဲ"

"ဒီဟာတော့ ကံကို အားကိုးရတာပဲ၊ နို့ပေမယ့် မောင်တာက်တူက ဒီလိုအချက်မျိုးကို စောင့်နေတာပဲ။ မလာဘဲ မနေဘူးဆိုတာ မောင်မောင် သိတယ်"

"နို့၊ ဘယ်တုန်းက မြို့ဝန် ဖြစ်လာတာလဲ"

"အို၊ တောကလေးကို ဖြတ်တုန်းကပေါ့။ လှည်းသမားကလည်း ဘိန်းစားပဲ။ လမ်းတစ်လျှောက်လုံး ငိုက်လာတာကပဲ။ မောင်မောင်လည်း လမ်းတစ်လျှောက်လုံး လက်ကို ချည်ထားတဲ့ကြိုးကိုဖြည်တာ တောဝရောက်မှ ပြေတယ်။ တောလယ်လောက် ရောက်တော့ မှောင်နေတာပဲ။ ဒီတော့ အမှတ်တမဲ့ မြို့ဝန်ကို လည်ပင်းဖျစ်ပြီး ကြိုးနဲ့တုပ်ထားတာပေါ့။ တုပ်ပြီး ပါးစပ်ကို ပုဝါနဲ့ ဆို့တာပေါ့"

"မောင်မောင် လည်ပင်းကို ဖျစ်တော့ မရုန်းဘူးလား"

"ရုန်းတော့ ရုန်းတာပေါ့။ နို့ပေမယ့် ခဏလေးပါ။ တော်တော် ကြာတော့ အသက်မရှူနိုင်လို့ မေ့သွားတာပေါ့။ အပြင်က ဘစ်ကိုင်းတွေရှဲရှဲနဲ့ လေတိုက်နေတာပဲ။ လှည်းထဲမှာ လုပ်ကိုင်နေတာ တွေ ဘယ်သူကြားမလဲ။ နက်ဖြန်ခါ မနက်ကျတော့ သံအမတ်နဲ့မြို့ဝန် တစ်ယောက်နဲ့တစ်ယောက် ကြိမ်းနေဦးမှာ မြင်ယောင်သေးတယ်"

"အို၊ မောင်မောင့်ဟာတွေကလည်း ရှုပ်ယှက်နေတာပဲ။ ခင်ခင်ဖြင့် အခုလို ကြံဖို့ မပြောနဲ့။ အခု မောင်မောင်ပြောတာတောင် နားမလည်ဘူး။ ဒီလှေက ဘယ်တုန်းက ရတာလဲ"

"အို၊ စစ်ကိုင်းမြို့စားနဲ့ မနက်တုန်းက ထောင်နားမှာတွေ့ပြီး ရွာအလစ်မှာ မှာလိုက်တာပေါ့။ ဗညားအိမ်အတွက်ပါပဲ"

"ဒီမောင်ကြီးက တကယ် မိုက်တာကိုး။ အခု သူ့အတွက်နဲ့ အတုန်လုံး ဒုက္ခရောက်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို၊ သူလည်း အချစ်နဲ့ဆုံမိတော့ အမှားအမှန် မစဉ်းစားနိ
တော့ဘူးပေါ့။ ခင်ခင့်အတွက်နဲ့ မောင်မောင်တောင်မှ အသက်သေ
မကြောက်ဘဲ 'ပဲ'" ဟု ပြောဆိုရင်းပင်၊ ဟံသာဝတီမြို့ကြီး
ဒုက္ခများကို တတိယအကြိမ် လွှန်မြောက်လျက် ပြန်ခဲ့ကြလေ
လှေကြီးလည်း မှောင်ထဲတွင် တဖြည်းဖြည်း ပျောသဖြင့်၊ ဟံသာဝ
မြို့ကြီးမှ ဝေးသည်ထက် ဝေး၍ သွားလေ၏။

*

"ဟော့။ ဗညားအိမ်။ မင်း ဘာဖြစ်လို့ ဒီလို ပြောချင်ရတာလဲ
နှမချင်း စာပါကွ" ဟု ထန်းရေခွက်ကိုချ၍ သမိန်ဓောက ပြောလိုက်
သောအခါ ဗညားအိမ်က မျက်နှာမပျက် ပြုံးလျက်နှင့်ပင် "ငါ့ဟာ
ငါပြောတာ ဘာဖြစ်သလဲ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ငါနဲ့ ဆိုင်သည် ဖြစ်စေ၊ မဆိုင်သည် ဖြစ်စေ သူတစ်ပါး၏
နှမသားချင်းကို မင်းက ဘာဖြစ်လို့ ဒီလို အရှက်တကွဲအကျိုးနည်း
ဖြစ်အောင် ရမ်းပြီး ပြောချင်သလဲ။ မင့်မှာလည်း နှမရှိတာပဲ
မင့်နှမကို တစ်ခြားသူက ဒီလိုပြောရင် မင်း ခံနိုင်မလား"

"ငါ့နှမကို ဒီလိုပြောရင် သတ်ပစ်မှာပေါ့ကွ။ ဒို့ပေမယ့် ငါ
အခုပြောနေတာ မင့်နှမမှ မဟုတ်ဘဲ။ မင်း အာနာစရာ ရှိသလဲ–
မင်းက ဘာဆိုင်လို့လဲ"

"ဆိုင်သည် ဖြစ်စေ၊ မဆိုင်သည် ဖြစ်စေ။ ငါ နာတယ်
မင်းပြောဝံ့လျှင် ပြောစမ်း"

"ဟား ဟား ဟား" ဟု ဗညားအိမ်က ပြက်ချော်၍ ရယ်မော
လိုက်သောအခါ သမိန်ဓောသည် အမျက်ဒေါသထွက်လာသည်နှင့်



နိုင်ရှိ ဓားကို ဆွဲ၍ ခုတ်မည်ပြုတော့ ထန်းသမားငမြနှင့် တပ်မှူး
ကြောက်လုံးတို့က ဆွဲ၍ထားသဖြင့် မခုတ်ရဘဲ နေလေ၏။

ထိုအချိန်သည်ကား သက္ကရာဇ် ၉၀၀ ခုနှစ် ဖြစ်သဖြင့်
ဆင်ဖြူရှင်ထီးမင်းတရားကြီး၏ လက်ထက်တော်ဖြစ်၍ ရာမညတိုင်း၌
ကျူးကြောမိရောက်လာမည်ဖြစ်သော ကပ်ကြီးသုံးပါး၏ အရိပ်အမြွက်
သည် မှဲ့စက် တစ်ပေါက်မျှမထင်သေးဘဲ တိုင်းကားပြည်ရွာ စည်ပင်
သာယာလျက်ပင် ရှိသေး၏။ တိုင်းသားပြည်သူ ရှင်လူရဟန်းတို့လည်း
သာယာသောမင်း အုပ်စိုးသောကာလဖြစ်သဖြင့် စပါးဆန်ရေ ပေါများ
ပြောလျက် ဘုရားကျောင်းကန် စေတီပုထိုးမှာလည်း သာယာ
စည်ပင်သောကြောင့် မည်သူမျှပင် နောက်နှစ်နှစ်အတွင်း၌ ကြောက်
မက်ဖွယ်ရာခေတ်ကြီး ပေါ်ပေါက်လာလိမ့်မည်ဟု မထင်ကြချေ။

ထိုအချိန်ကား မင်းဆွေမင်းမျိုးတို့သည် အလွန်ပျော်ပိုက်
ကောင်းစားစဉ်ဖြစ်သဖြင့် မင်းညီမင်းသား နန်းတော်သူနန်းတော်
သားတို့သည် တီးမှုတ်မှုတ် အဆိုအကတို့ဖြင့်လည်းကောင်း၊
နေ့လယ်နေ့ခင်းအခါ၌ စစ်တုရင်ထိုးခြင်း၊ ဂုညင်းထိုးခြင်း၊ ကြွေအန်
ကစားခြင်း စသည်များဖြင့် အမျိုးမျိုးအဖုံဖုံ မိမိတို့ကြိုက်နှစ်သက်
ရာကို ရှာကြံကစား ပျော်ပါးကြကုန်၏။ အတော်အတန် အသက်
အရွယ်ကြီးသော မင်းသားကြီးများနှင့် အိမ်တော်သား၊ အမတ်သား၊
သူဌေးသား စသည်တို့မှာလည်း ညနေချမ်းအခါများ၌ ဓားခုတ်၊
လှံထိုး သင်သူက သင်၊ မြင်းစီးသူက စီး၊ အပျိုလှည့်သူက
လှည့်ကြ၏။ အချို့ အသောက်အစား ဝါသနာပါသော သူများကလည်း
အပေါင်းအဖော်များနှင့် မြို့ပြင်နှင့် မနီးမဝေး ထန်းတောသို့
သွားရောက်၍ လေးယောက် တစ်စု၊ ငါးယောက် တစ်စု အစုစုဖွဲ့၍
သောက်စားမူးယစ် ပျော်ပါးတတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေ၌လည်း နွေဥတုဖြစ်သဖြင့် ရာသီကလည်း အလွန် သာယာသောကြောင့် သမိန်ဓော အစရှိသော နန်းတွင်းသား လေးယောက်တို့သည် ထန်းတောထဲသို့ လာ၍ သောက်စား ပျော်ပါးနေကြ၏။ သမိန်ဓောမှာ အတွင်းဝန်မင်းတစ်ဦး၏ သားဖြစ်၍ လူရေလူပန်း ချောမောသည့်အပြင် အသက်မှာ ယခုလာကြသော လေးယောက်ထဲတွင် အငယ်ဆုံး ဖြစ်၏။ ၎င်းအပြင်လည်း ရှင်ချစ်ရွှေ ဆိုသူ ကချေသည်မတစ်ဦးကို ရွှေနန်းတော်ကြီးဝင်၍ အသုံးတော် ခံနေစဉ် မြင်လိုက်ရသဖြင့် အထူးပင်မေတ္တာသက်ဝင် ချစ်ခင်နေ သောကြောင့် မကြာခဏပင် သွားရောက်လှည့်ပတ်တတ်၏။ ဗညားအိမ်ဆိုသူမှာ မိဘမျိုးနွယ် များစွာမကောင်းသော်လည်း အမှုထမ်းကောင်း ယောကျ်ားတစ်ယောက် ဖြစ်သည်နှင့်လျော်ညီစွာ အတွင်းတော်က အခွင့်သာသဖြင့် ယခုအခါ ရွှေတိုက်စိုးရာထူး ထမ်းဆောင်နေရ၏။ အတွင်းတော်သို့လည်း မကြာခဏ ဝင်ရောက် ခစားရသဖြင့် နန်းတော်သား တို့အထဲတွင် အတော်အတန် တန်ခိုး ကြီးသောသူ တစ်ဦး ဖြစ်၏။ အခြားနှစ်ယောက်က ရဲမက်တော်သား များ ဖြစ်ကြ၏။

ဤကဲ့သို့ ထန်းတောထဲတွင် သောက်စားနေကြရာ အတန် ကြာလျှင် လေးယောက်စလုံးပင် အနည်းငယ် မူးယစ်လာကြသဖြင့် ဗညားအိမ်မှာလည်း စပ်မိစပ်ရာ ရွှေနန်းတော်အတွင်းရှိ အပျိုတော် များ၏အကြောင်းကို ပြောဆိုရာမှ ကချေသည်မ ရှင်ချစ်ရွှေ၏ အကြောင်းကို ဆက်လက် ပြောပြန်လေ၏။

"ဟေ့။ ဒီအကောင်မက ရုပ်ကလေးက လှ၊ အသံကလေး ကောင်းပြီး တော်ကြီးဘုရား သတင်းကြားတာနဲ့ ခေါ်ပြီး အမှုတော် ထမ်းစေလို့ နာမည်ကြီးတာပါကွ။ အစက သုသာန်တစပြင်ထ



သွာရာစာသမီးပါ" ဟု ကချေသည်မ၏ မျိုးရိုးဇာတ်ကို ဖွင့်လှစ် ပြောပြရာ၊ သမိန်ဓော ကြား၍ မိမိ ချစ်ခင်မြတ်နိုးသော သူတို့ကို ဤကဲ့သို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရလေအောင် လူအလယ်၌ ရှုတ်ချ၍ ပြောရပါမည်လောဟု အခဲခက် ဒေါသထွက်သဖြင့် ယခု အချင်းချင်း မသင့်မတင့်ဖြစ်ရလေ၏။

ဤကဲ့သို့ ဝိုင်း၍ ဆွဲထားကြသောအခါ သမိန်ဓောလည်း ရုန်းကန်လျက် "တယ်။ လွှတ်စမ်းပါကွာ။ သူကတော့ ဘာမျိုးတဲ့လဲ။ အိမ်ကြိုအိမ်ကြား မွေးပြီး ကံကောင်းလို့ မင်းမြှောက်ထားခံရတဲ့ အကောင်က မခန့်မညား သပေါက်မသား။ လွှတ်ကွာ။ မင်းတို့ပါ သကုန်ချင်သလား"

"အို၊ မဟုတ်ပါဘူး။ အချင်းချင်းတွေပဲ။ သည်းခံမှပေါ့"

"ဟာ၊ လွှတ်။ ဒီအကောင်မျိုး ဘာမို့လို့လဲ" ဟုဆို၍ အတင်း ရုန်းကန်လိုက်သဖြင့် လက်တစ်ဖက် လွတ်၍သွားသောကြောင့် ဗညားအိမ်ကို ရုတ်တရက် လှမ်း၍ခုတ်လိုက်ရာ ဗညားအိမ်လည်း ငုံ့၍ ပေးလိုက်သဖြင့် လည်ပင်းကိုမထိဘဲ သျှောင်ကိုခုတ်မိသဖြင့် ဆံပင်တို့လည်း မြေပေါ်သို့ ကစင့်ကလျား ကျ၍ သွားလေ၏။ ဤကဲ့သို့ လောက၌ အမြင့်မြတ်ဆုံးထားသော သျှောင်ပြုတ်သွား သောအခါ ဗညားအိမ်သည် ဦးစွာပထမက အမျက်မထွက်သော်လည်း ယခုမှာမူကား သမိန်ဓော လက်လွန်နေပြီဖြစ်၍ အမျက်ထွက် လာသည်နှင့် "ဟေ့၊ သမိန်ဓော။ မင်းလွန်ပြီ။ မင့်လို ခွေးမျိုးကို ငါ ကြောက်တယ် အောက်မေ့သလား။ မင့် ငါ့သျှောင်ကို အစား လျော်ရလိမ့်မယ်"

"မင်း မင့်သျှောင်မကဘူး။ မင့်ပါ သတ်မယ်။ ဖယ်စမ်းပါ။ လွှတ်စမ်းပါ။ ဒီအကောင်ကို သတ်စမ်းပါမယ်" ဟုဆို၍ အတင်းရုန်း



www.burmeseclassic.com

www.burmeseclassic.com



ကန်ရာ ဗညားအိမ်လည်း မိမိအားကို ကောက်၍ ကိုင်ပြီးလျှင် "ဟော့၊ သမိန်ဓော။ မင်း တကယ်လုပ်နေတာလား။ မင့်ကို ငါ ကြောက်တယ်လို့တော့ဖြင့် မအောက်မေ့နဲ့။ မင်းနဲ့ ငါနဲ့ ဓားချင်း ခုတ်မလား။ ငါ လွန်သွားမှာစိုးလို့ သည်းခံနေတာ"

"လွှတ်စမ်းပါ။ လာစမ်းကွာ။ သိရအောင်"

"ကိုင်း။ မင်းတို့ အကုန်လုံး ကြားတယ် မဟုတ်လား။ လွှတ်လိုက်စမ်းပါ" ဟုဆိုသော် မောင်ကျော်လုံးက "ဆရာ လွှန်ကုန်ပါ့မယ်။ ဆရာ ပြန်သွားစမ်းပါ။ အလကား ဒုက္ခရောက် ကုန်လိမ့်မယ်" ဟု တောင်းပန်လေ၏။ သမိန်ဓောမှာကား ဒေါသမွှန် နေသည် ဖြစ်သောကြောင့် တအားရုန်းကန်လိုက်ရာ ဆွဲထားသော သူတို့လည်း အမှတ်မဲ့ လက်ကလွှတ်၍ သွားလေ၏။ လွှတ်လျှင် လွှတ်ချင်း ဗညားအိမ် ရပ်နေရာသို့ အတင်းပြေးဝင်၍ ခုတ်လိုက်ရာ ဗညားအိမ်မှာ ဓားခုတ် လုံထိုး အတတ်၌ အလွန်ကျင်လည်သော သူ ဖြစ်သောကြောင့် ရုတ်တရက်ရှောင်လိုက်ရာ သမိန်ဓော၏ဓားသည် လူကိုမထိဘဲ အရှိန်နှင့် လွှတ်၍ ဘေးသို့ လွင့်သွားလေ၏။ ဤ အချက်သို့ ရောက်သောအခါ ကြည့်၍နေသောသူများက ဗညားအိမ် သည် တစ်ချက်တည်း ပိုင်းလိုက်လိမ့်မည်ဟု ထင်သော်လည်း ဗညားအိမ်သည် မခုတ်ဘဲ ရပ်၍ ကြည့်နေလေ၏။

သမိန်ဓောလည်း ဓားလွှတ်၍ သွားလျှင် မိမိ၏အသက်သည် ရန်သူ၏ လက်ထဲ၌ ရောက်နေကြောင်းကိုသိ၍ ကပျာကယာ မိမိဓား သွားရာကို ပြေး၍ ကောက်ပြီးလျှင် ရန်ခုခံမည်ဟု နောက်သို့ပြန် ရုတ်တရက် လှည့်လိုက်လေ၏။ သို့သော်လည်း ဗညားအိမ်သည် ရပ်မြဲတိုင်း ရပ်နေသည်ကို မြင်သဖြင့် မိမိက အရေးသာသည် ထွေးတော၍ တစ်ဖန်ပြေး၍လာပြီးလျှင် ဗညားအိမ်အား တအား



ခုတ်လိုက်ရာ ဗညားအိမ်သည် နေရာမှမရွေ့ဘဲ ဓားနှင့် ဆီးကာလိုက်ရာ ခေါင်းကိုမထိဘဲ ပခုံးကို ခုတ်မိသွားလေ၏။ ထိုအခါမှ ဗညားအိမ် သည် မိမိအားကို သိ၍ သမိန်ဓော နောက်တစ်ဖန် ခုတ်မည်ဟု အရွယ်လိုက်တွင် ဓားအောက်ကဝင်၍ ဓားဝင့်လိုက်ရာ ဆီးစပ်ဆီသို့ ခုတ်မိသဖြင့် သမိန်ဓောသည် ရွယ်၍ထားသော ဓားကို လက်ကလွှတ် လိုက်ပြီးလျှင် မြေပေါ်သို့ လဲကျသွားလေ၏။ ဗညားအိမ်လည်း ထို လူကို ပြန်မကြည့်ဘဲ သွေးများကို မြက်ပင်များနှင့် သုတ်ပြီးလျှင် ထန်းတောထဲသို့ ထွက်သွားလေ၏။

မောင်ကျော်လုံးတို့လည်း သမိန်ဓော လဲနေရာသို့ ကပျာက ယာ သွား၍ ထူမကြည့်ရာ ဓားရာမှ သွေးများ ပန်းထွက်လျက်နေသည် ကို တွေ့ရလေ၏။ မောင်ကျော်လုံးလည်း ဓားရာကို အဝတ်နှင့်ပိတ် ၍ "သမိန်ဓော။ သမိန်ဓော" ဟု ခေါ်ကြည့်ရာ သမိန်ဓောသည် ပြန်၍မထူးနိုင်ဘဲ မျက်လုံးကိုဖွင့်၍ကြည့်ပြီးလျှင် "အိမ် အိမ် ညို" ဟုဆို၍ မျက်စိများ ပြန်မှိတ်သွားလေ၏။ မောင်ကျော်လုံးလည်း ကိုယ်ကို ဖက်ထားရာမှ လွှတ်လိုက်ပြီးလျှင် "သွားပြီ။ အိမ်လိုက်ပို့ရုံ ပဲ" ဟုဆို၍ ထန်းသမားငမြနှင့် မိမိ အဖော်တစ်ယောက်ကို အထမ်း နိုင်းပြီးလျှင် ရွှေမြို့တော်ကြီးဆီသို့ ပြန်ခဲ့လေ၏။

"ဟဲ့။ သမီး။ မင့်မောင် မလာသေးဘူးလား"

"မလာသေးပါဘူး မေမေဖျ။ ထမင်းတွေလည်း အေးကုန်ပြီ"

"တယ်။ ဒီအကောင်ဟာ ငါ့စကားလည်း နားမထောင်ပါဘူး။ ဘယ်ကို သွားသွားနေတယ် မသိဘူး။ ဒီနေ့ ဘယ်သွားသတဲ့လဲ"

"စောစောက သွားတာပဲ မေမေရဲ့။ ညီညိုရောင် စောစော ပြန်ခဲ့ပါလို့ မှာလိုက်သေးတယ်"

အတွင်းဝန်ကြီးနေသော အိမ်သည်ကား ရွှေနန်းတော်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

များစွာသောလှသဖြင့် တစ်ခါတစ်ရံ လေသင့်လျှင် ရွှေနန်းတော်ကြီး ရှိကြည့်သောင်တော ကြိုးမှတ်သံများကိုပင် ကြားရ၏။ အတွင်းဝန်ကြီးမှာ အသက် ၆၀ ကျော်လောက် ရှိပြီဖြစ်သောကြောင့် လူအိုတို့ဘာဝ ထိုင်းမှိုင်းလေးလံလာပြီးလျှင် အတွင်းတော်သို့လည်း ရံဖန်ရံခါ အရေးကြီးသောကိစ္စမှသာလျှင် ခစားနိုင်၍ အိမ်၌သာ စာပေကျမ်းဂန်များကိုကြည့်လျက် အချိန်ကုန်စေလေ၏။

အတွင်းဝန်ကြီးမှာ ဝန်ကတော် ဆုံးသွားသည့်နောက် သားတစ်ယောက်နှင့် သမီးတစ်ယောက်သာ ကျန်ရစ်ခဲ့၍၊ သားဖြစ်သူ သမိန်ဓောမှာ အဖဖြစ်သူ၏ ရာထူးများကို လိုလားဟန်လည်း မရှိ။ အိမ်တွင်လည်း မနေဘဲ သူငယ်ချင်း အပေါင်းအဖော်များနှင့်သာ ပျော်ပါး၍နေတတ်၏။ သို့သော်လည်း အတွင်းဝန်ကြီးသည် မိမိ ကွယ်လွန်၍သွားလျှင် အမျိုးမတိမ်ကောအောင် အတွင်းတော်သို့ဝင်၍ အမှုထမ်းဆောင်နိုင်ရန်သာ ချိန်ဆ ကြိုးစားကာနေပေ၏။ သမီးဖြစ်သူ မင်းညိုမြဆိုသူမှာ အသက် ၁၇ နှစ်လောက် ရှိ၍ အပြောအဆို အပြုအမူ ရုပ်ရေရူပကာယမှစ၍ အမိဖြစ်သူနှင့် တသွေးတည်းဖြစ်၍ သမီးကလေးအား အလွန်ချစ်ခင်ပြီးလျှင် ယခု အိုမင်းမစွမ်းရှိသောအခါ အခြားဖြေဖျော်ရာမရှိဘဲ သမီးကလေးတစ်ယောက်နှင့်သာ ဖြေဖျော်နေရလေ၏။

သမိန်ဓောသည် အလွန် အလည်အပတ်ကြူးသောသူ ဖြစ်ရကား မည်သည့်အခါမျှ အချိန်နှင့်အိမ်သို့မရောက်ချေ။ တစ်ခါတစ်ရံ သန်းခေါင်ကျော်လောက်မှ ရောက်လာတတ်သော်လည်း ကောင်းမွန်ကြည်သာစွာ မဟုတ်။ ယစ်မူးအော်ဟစ် ဆဲရေးလျက်လာ၍ အဘဖြစ်သူက ကြိမ်းမောင်းမှ ငြိမ်၍သွားလေ၏။ ယခုနေ့လည်း စောစောကပင် ထွက်သွားရာ ညနေစာ စားပြီး၍ ယခု မှောင်လုဆဲဆဲရှိသော်လည်း





မပေါ်လာသေးသောကြောင့် မင်းညိုမြမှာ အဘဖြစ်သူကို မကြည့်ရှုနိုင်သေးဘဲ ထမင်းပွဲတစ်ပွဲနှင့် စောင့်နေရလေ၏။ အတန်ကြာပြန်လျှင် အတွင်းဝန်ကြီးက "သမီး လာမယ် မထင်ပါဘူး။ စောင့်မနေပါနဲ့တော့။ ထမင်းပွဲ သိမ်းထားလိုက်ပေတော့" ဟုဆိုရာ မင်းညိုမြက လမ်းဘက်သို့ ကြည့်လျက်

"မှန်ပါ့ဖေဖေ။ ဟောဟိုကလူ သုံးယောက်တော့ အိမ်ဆီကို တည့်တည့် လာနေတာပဲ။ မောင်ကြီးတို့များလား မသိဘူး"

"သူ့တစ်ယောက်တည်း မဟုတ်ဘူးလား"

"မဟုတ်ဘူး ဖေဖေ။ သုံးယောက်။ နှစ်ယောက်က ဘာကြီးကို ထမ်းလာမှန်း မသိဘူး"

"ဩော်။ ဒီအကောင် ဘာတွေများ လုပ်လာပြန်ပါလိမ့်မလဲ"

ဟု ဆို၍နေစဉ် အိမ်ပေါ်သို့ တက်လာကြသော လူသံများကို ကြားရလေ၏။ မင်းညိုမြလည်း ထမင်းပွဲအနီးမှ ထ၍ လှေခါးဆီသို့ ကြည့်လိုက်ရာ လူနှစ်ယောက်တို့သည် တစ်စုံတစ်ခု ပျော့နွဲ့သောအရာကြီးတစ်ခုကို ထမ်း၍ တက်လာသည်ကို မြင်ရသဖြင့် ရုတ်တရက် စိတ်ထဲကလန့်ကာ သွားလေ၏။ ထိုလူများလည်း အိမ်ပေါ်သို့ ရောက်လျှင် မင်းညိုမြက ဆီး၍ "ဒီဟာ ဘာလဲ။ ဘာဖြစ်လာကြတာလဲ" ဟုမေးရာ တပ်မှူး ကျော်လုံးက "သမိန်ဓောပေါ့လေ။ ဟော့။ ဟောဟိုအနားမှာ ချထား"

"မဟုတ်ပါဘူး ကိုကျော်လုံးရဲ့။ ဘာလဲ ဘာဖြစ်လာတာလဲ"

"သမိန်ဓောလေ။ သမိန်ဓော သေပြီ" ဟုဆိုလိုက်၍ မင်းညိုမြသည် အလောင်းဆီသို့ ပြေးပြီး အဝတ်ကို ဖွင့်ကြည့်ရာ မောင်ဖြစ်သူ၏ အသက်ကင်းမဲ့သောမျက်နှာကို မြင်ရသောအခါ "အမယ်လေး ဘယ်နှယ့် ဖြစ်ကြတာလဲ ဖေဖေရဲ့၊ ကြည့်လှည့်ပါဦး။ အမယ်လေး



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးရဲ့။ မောင်ကြီးရဲ့" ဟု မောင်ဖြစ်သူအလောင်းကို မွေ့ပိုက်ကာ လူးလှိမ့် ငိုကြွေးလေ၏။

"မင်းညိုမြ ငိုသံ ကြားသောအခါ၊ အတွင်းဝန်ကြီးသည် "ဟဲ့။ ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ" ဟုဆို၍ အခန်းထဲမှ ထွက်လာခဲ့ပြီးလျှင်၊ မင်းညိုမြနှင့်အလောင်းကိုမြင်လျှင် "ဟင်" ဟု ဆို၍ ရပ်နေလေ၏။ ထို့နောက်မှ ကျောက်လုံးကိုမြင်၍ "အလို၊ ကျောက်လုံး။ ဘာဖြစ်တာလဲ" ဟုမေးရာ မောင်ကျောက်လုံးလည်း အလောင်းဆီသို့ လက်ညှိုးထိုး၍ "ဟိုမှာ မင်းတရားကြီးသား အလောင်းပဲ။ ထန်းတောထဲမှာ ရန်ဖြစ်ရင်း ဓားထိပြီး သေတယ်" ဟုဆိုမှ အလောင်းဆီသို့သွား၍ သား၏မျက်နှာကို သေချာစွာ ကြည့်ရှုလျက် "အင်း။ သွားပေါ့။ သွားပြန်ပြီ တစ်ယောက်၊ ငါ မသေမချင်းတော့ အေးမှာ မဟုတ်ဘူး။ မင့်အစ်ကိုကြီးလည်း ဒီလို ဓားသောသင့်တာပဲဟဲ့။ အခု မင်းလည်း ဒီဓားနဲ့ပဲ သွားပြန်ပါပြီကော။ သွားကြလေ။ သွားကြ။ အကုန်လုံးသွားရင် ကောင်းတယ်။ လူကလေးလေ မိဘစကားမှ နားမထောင်ဘဲ ကလားကွာ" ဟုဆို၍ သား၏အလောင်းကိုကြည့်ရင်း မျက်ရည်တွေ အသွယ်သွယ် စီးဆင်း၍ကျရှာလေ၏။

မောင်ကျောက်လုံးတို့မှာ သမိန်ဓော သေသည်ကိုလည်းကောင်း၊ နှမဖြစ်သူ မင်းညိုမြ ငိုကြွေးသည်ကိုလည်းကောင်း မြင်ရစဉ်က စိတ်ထဲ၌ အနည်းငယ်မျှ မလှုပ်ရှားသော်လည်း အဘဖြစ်သူ အဖိုးအိုကြီးသည် သားအတွက် ပူဆွေးလှသဖြင့် မျက်ရည်များ ကျရသည်ကို တွေ့မြင်ရသောအခါ သနားလှသောကြောင့် မိမိ ကိုယ်တိုင် ငိုချင်လှမတတ် ဖြစ်လာပြီး ဘာမျှမပြောနိုင်ဘဲ ကြည့်၍ နေလေ၏။





အတွင်းဝန်ကြီးသည်လည်း ဤကဲ့သို့ အတန်ကြာ သား၏ မျက်နှာကို စိမ်းစိမ်းစားမလို ကြည့်လျက်၊ မျက်ရည်များကျလာနေပြီး နောက် မောင်ကျောက်လုံးတို့ဘက် လှည့်ကာ "ဒီဟာ ငါတို့အမျိုး နောက်ဆုံးအဆက်ကလေးပဲ။ အခု ဒီအဆက်ကလေး သွားပြန်လို့ မျိုးပြုတ်ပြီ။ ကမ္ဘာမကြေစတမ်းပေါ့။ ဘယ်သူလဲ"

"ဗညားအိမ်ပါ"

"ရွှေတိုက်စိုး ဗညားအိမ်လား။ အင်း ဒီအကောင်က ဓော်ဓော်ကားကား ငါ့အမျိုးမှ ထိရက်လေကွာ။ ဘာဖြစ်လို့ သတ်သလဲ"

"ကျွန်တော်မျိုးများ မှန်တာကို ပြောရင်ဖြင့် ဗညားအိမ် မလွန်ပါဘူးဘုရား။ သမိန်ဓောက ဓားနဲ့ဝင်ပြီး ခုတ်လိုက်လို့ သျှောင်ပြုတ်မှ အသက်အန္တရာယ် ကာကွယ်ရင်း ထိတာပါဘုရား။ ကျွန်တော်မျိုးများကလည်း ဝိုင်းပြီးဆွဲကြပါသေးရဲ့။ နို့ပေမယ့် သမိန်ဓောက ဟားမရနိုင်ဘူး ဘုရား"

"အင်း။ ဘယ်သူပဲ လွန်လွန်လေ။ ငါ့သား သတ်သွားတာကပဲ၊ ငါ့အမျိုးကိုထိတာပဲ။ ကိုင်း ကိုင်း။ မင်းတို့ပြန်ကြပေတော့" ဟု ဆိုလိုက်သောကြောင့် မောင်ကျောက်လုံးတို့သည်လည်း ဆင်း၍ သွားလေ၏။

အလောင်းနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ အတွင်းဝန်ကြီးသည် မင်းညိုမြကို ခေါ်၍ "ကိုင်း။ ငါ့သမီး သွားပြီဟာပဲ သွားပါစေတော့။ ငါတို့ ငိုလားရယ်လားလုပ်လို့ ပြန်လာနိုင်တဲ့ကိစ္စ မဟုတ်တာဘဲ။ မငိုနဲ့တော့။ ဖေဖေ ပြောပြမယ်။ နားထောင်၊ အခု မင့်မောင်ကြီး ဗညားအိမ်လက်နဲ့ အသက်ဆုံးပြီ။ မင့်မောင်ကြီး သေတာ ငါတို့ ဘိုးဘေးဘီဘင်က ဆင်းသက်ခဲ့တဲ့ အမတ်မျိုးအဆက် ပြတ်တာပဲ။ ဒီတော့ ဒီအကောင်ဟာ ငါတို့အမျိုး တိမ်ကောအောင်

www.burmeseclassic.com



လုပ်တာနဲ့အတူတူပဲ။ အမျိုးထိရင် ကမ္ဘာမကြေစတမ်းဆိုတာ ရှိတယ်။ ဒီဟာကြောင့် ဗညားအိမ်ကို လက်စားချေရမှ ကြေနိုင်မယ်။ ဖေဖေကတော့ အိုမင်းမစွမ်းဖြစ်နေလို့ ဖေဖေလက်နဲ့တော့ လက်စားချေရမယ် မဟုတ်ဘူး။ တို့တစ်မျိုးလုံးမှာ ဖေဖေမှတစ်ပါး အခြားသူမရှိဘူး။ မင်းတစ်ယောက် ရှိတော့တယ်။ မိန်းကလေးပင် ဖြစ်သော်လည်း ယောကျ်ားကို အန်တုပြီး ဖေဖေသမီးပဲ လက်စားချေရလိမ့်မယ်" ဟုဆိုလိုက်ရာ မင်းညိုမြသည် ခေါင်း အောက်သို့စိုက်၍ နားထောင် နေရာမှ ကိုယ်များဆတ်ဆတ်ခါတုန်ပြီးလျှင် ထိုင်ရာမှထ၍ စစ်ပွဲကိုဝင်တော့မည့် သူရဲကောင်းကဲ့သို့ အားအင်များထုတ်လျက် အံသွားကိုက်ကာ "ဖေဖေ။ ဒီတစ်သက်မှာ ညိုညိုလက်နဲ့ ဒီအကောင်အား မသတ်ရရင်ဖြင့် မကြေပါဘူး။ ဒီအကောင်ကို မသတ်ရသေးခင် သေမင်းလာရင် သေမင်းကျေအောင် မြေလုံးလိမ့်မယ့် သမီးပါ" ဟု စိတ်အားထက်သန်စွာနှင့် ပြန်ပြောလေ၏။

အတွင်းဝန်မင်းလည်း မိမိသမီး၏သတ္တိကို မြင်ရသောအခါ လက်မောင်းများကို ဆန့်တန်းလျက် "အဲဒါမှ ဖေဖေ့သမီးဟ။ အဲဒါမှ ဖေဖေ့သမီး။ အမျိုးမပြတ်သေးဘူး။ ငါ့အမျိုး မပြတ်သေးဘူး" ဟုဆို၍ အရင်က အိုမင်းမစွမ်းဖြစ်၍ ပျော့ပျောင်းနေသော်လည်း ငယ်ရွယ်စဉ်အခါကဲ့သို့ အားအင်များတက်လျက် လက်ခမောင်းထ၍ ဖြောင်းဖြောင်းမြည်အောင် ခတ်လေ၏။

ထို့နောက်မှ "ကိုင်း။ ငါ့သမီး။ မင်းမှာ သစ္စာ လူမှာ ကတိ သစ္စာတည်အောင် သစ္စာရေ သောက်ရလိမ့်မယ်" ဟုဆို၍ ဘုရားစင်ပေါ်ရှိ ညောင်ရေအိုးမှရေကို ဖန်ခွက်ထဲသို့ထည့်၍ "ကိုင်း။ ငါ့နောက်က လိုက်ဆို။ ကျွန်တော်မျိုးမ မမင်းညိုမြသည် (ကျွန်တော်မျိုးမ မမင်းညိုမြသည်) မောင်ဖြစ်သူ သမိန်တောအား (မောင်ဖြစ်သူ





သမိန်တောအား) သတ်သောသူ ဗညားအိမ်ကို (သတ်သောသူ ဗညားအိမ်ကို) မသေမချင်း လက်စားချေရန် (မသေမချင်း လက်စားချေရန်) အဘဖြစ်သူရှေ့နှင့် မောင်၏အလောင်းအနီးတွင် (အဘဖြစ်သူ၏ရှေ့နှင့် မောင်၏အလောင်းအနီးတွင် ) နတ်ကောင်းနတ်မြတ်တို့အား တိုင်တည်၍ (နတ်ကောင်းနတ်မြတ်တို့အား တိုင်တည်၍) ဤသစ္စာရေကို သောက်ပါသည် (ဤသစ္စာရေကို သောက်ပါသည်) အားလုံးပင် သက်သေဖြစ်ပါစေသား (အားလုံးပင် သက်သေဖြစ်ပါစေသား)" ဟုဆို၍ မင်းညိုမြသည် မတွန့်မဆုတ်ဘဲ မိမိအားတစ်သက်လုံးချည်နှောင်၍ ထားမည်ဖြစ်သော သစ္စာရေကို သောက်လိုက်လေ၏။ သောက်လျှင်သောက်ချင်းပင် မျက်စိထဲ၌ မည်းမှောင်၍ သွားပြီး အရပ်လေးမျက်နှာမှ "သတ်ဟေ့၊ သတ်ဟေ့" ဟူသော အသံများကို နားထဲတွင် ကြားယောင်သဖြင့် မတုန်မလှုပ်ဘဲ စိုက်၍ သာနေလေ၏။



www.burmeseclassic.com

ဤသို့ တိုင်းပြည်ကြီး ချောက်ချား၍နေသောအခါ အရင်က မင်းဆွေမင်းမျိုးတို့မှာ ကျူပြင်ခုတ် ကျူငုတ်မှမကျန်ရ ဟူသော အမိန့်နှင့် လိုက်လံသတ်ဖြတ်သဖြင့် မပြေးသာအောင်ရှိပြီးလျှင် မြို့အတွင်း၌ မိသောငါးကဲ့သို့ ရန်သူလက်ထဲတွင် အသက်ဆုံးရှုံးရလေ၏။ ထို့နောက် ဤအရေးအခင်းထဲတွင် အင်းဝမြို့မှ လူစွမ်းကောင်း ရွှေစားမိုလ် ဆိုသူသည် လာရောက်ယူဆောင် ကယ်ဆယ်သည်ဟု ကြားရသဖြင့် မသေသေးသော မဟာဆွေးတို့သည် ၎င်းတို့အလာကိုပင် မျှော်လင့်စောင့်စား၍ နေကြကုန်၏။





ယင်းကဲ့သို့ တိုင်းပြည်တစ်ပြည်လုံး ချောက်ချားပျက်ပြား၍နေရာ၊ မြို့တော်ကြီး အတွင်းအပြင်၌ မင်းစိုးအရာရှိများနှင့် အချို့သောသူများသာ ထင်ရှားစွာနေဝံ့၍ အခြား တိုင်းသူပြည်သားတို့မှာ နေ့ရောညဉ့်ပါ ပုန်းအောင်း၍နေရသဖြင့် တစ်မြို့လုံး ညဉ့်အခါ တစ်ခါတစ်ရံ ပုန်းအောင်းနေရာမှ ထွက်လာသောသူများတို့အား လိုက်လံဖမ်းဆီးသော အသံများမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ ဤသို့လျှင် တစ်နေ့သော ညဉ့်ဦးယံအချိန်တွင် မြောက်ပြင်ဘက်၌ "လိုက်ဟေ့၊ လိုက်ဟေ့။ ဟိုဘက်ကို ဟိုဘက်ကို" ဟု အော်ဟစ်သော အသံများကို ကြားလိုက်ရပြီးနောက် လမ်းကြားကလေးတစ်ခုမှ လူတစ်ယောက်သည် ကျားလက်မှ ထွက်ပြေးလာသော ယုန်သူငယ်ကဲ့သို့ ပျာယီးပျာယာ ပြေးလာသည်များကို မြင်ရလေ၏။

လမ်းကိုကျော်မိ၍ သစ်ပင်အုပ်ကလေးအောက်သို့ ရောက်သောအခါ သစ်ပင်ကိုကပ်၍ စိတ်ထဲကသက်သာသော လက္ခဏာဖြင့် သက်မကြီးများချပြီးလျှင် မိမိပြေးလာခဲ့သောလမ်းကို ပြန်၍ကြည့်နေလေ၏။ အတန်ကြာကြည့်နေ၍ ဘာသံမျှမကြားရသောအခါ ခေါင်းတွင်ရစ်ပတ်ပြီးထားသော ခေါင်းကလေးကိုဖွင့်၍ နဖူးမှစီးကျနေသော ချွေးပေါက်များကို လက်နှင့်သုတ်လျက် သစ်ပင်အောက်မှ ထွက်၍ သွားတော့မည်အပြုတွင်၊ လမ်းကွေ့တစ်ဖက်မှ "ဟေ့။ ဒီကိုပြေးတယ်။ ဒီကိုပြေးတယ်။ လိုက်ဟေ့။ လိုက်ဟေ့" ဟူသောအသံများကို ကြားလိုက်ရပြီး မီးတုတ် မီးရှူးများကိုကိုင်လျက် ပြေးလာကြသောသူများကို မြင်ရလေ၏

ထိုအခါ သစ်ပင်အောက်ကလူသည် ကြောင်အုပ်မှ ပြေးခဲ့သော ကြွက်သူငယ် ကြဲ့၍နေသကဲ့သို့ သစ်ပင်အောက်တွင် အတန်ကြာပုန်းနေပြီးမှ အနောက်ဖက်သို့လှည့်၍ ပြေးလေ၏။ နောင်

www.burmeseclassic.com



ကလူများလည်း သစ်ပင်ဆီသို့ပြေးလာကြပြီးလျှင် "ဘယ်မလဲ၊ ဘယ်မလဲ" ဟုမေးမြန်း၍ ရှာဖွေနေရာ၊ လူစုအထဲက လူတစ်ယောက်သည် အတော်ဝေးဝေး၌ မီးရောင်ရှေ့တွင် ဖြတ်၍ပြေးသောလူကို မြင်လိုက်သဖြင့် "ဟိုမှာ ဟိုမှာ။ ပြေးပြီး ပြေးပြီ။ အနောက်ဖက်က လှည့်လိုက်ပေါ့။ အနောက်ဖက်က၊ အနောက်ဖက်က"ဟုဆို၍ နစ်ဖက် လိုက်ကြလေ၏။

ယခင်လူလည်း ကြောက်လန့်တကြားနှင့် မှောင်ထဲသို့ပြေးခဲ့ရာ အတန်ကြာလျှင် မိမိရှေ့မှ မီးရောင်များကို မြင်ရသဖြင့် နောက်သို့ပြန်၍ပြေးမည် လုပ်ပြန်ရာ၊ နောက်ကလည်း ဝိုင်း၍နေသည်ကို မြင်ရသောကြောင့် ပြေးပေါက်လည်း မမြင်၊ မောကလည်း မော၊ နိုက်ခိုက်တုန်အောင်လည်း ကြောက်လှသောကြောင့် နေရာတွင်ရပ်၍ အတန် ကြာနေပြီးလျှင် တောင်ယိမ်းမြောက်ယိုင်နှင့်နေပြီးမှ အားပြတ်ပြီးလျှင် မြေပေါ်သို့ပုံလျက် လဲလေ၏။ ဤကဲ့သို့ လဲသည်နှင့်တပြိုင်နက် မှောင်ထဲမှလူတစ်ယောက်သည် ထွက်လာ၍ ထိုသူကို ဖွေ့ချီပြီးလျှင် မှောင်ထဲသို့ ပြန်၍ပျောက်သွားလေ၏။

အတန်ကြာလျှင် ၎င်းအနီးသို့ ရောက်လာကြသောလူများမှာလည်း မီးတုတ်များနှင့် အနီးအနားတွင် လိုက်ပြီးရှာရာ တစ်စုံတစ်ဦးမျှမမြင်သဖြင့် အံ့သြတွေဝေပြီးလျှင် "မဟုတ်ပါဘူး။ ဒီအနားမှာ လဲသွားတာပါ။ ငါ အမြင်လိုက်သားကပဲ၊ ဘယ်ပျောက်သွားပါလိမ့်မလဲ။ အိမ်ထဲများ ဝင်သွားသလား၊ ဒီအိမ် ဘယ်သူ့အိမ်လဲ"

"ရွှေတိုက်စိုးမင်း အိမ်ပါ"

"မေးစမ်းပါဦးလဟာ၊ အိမ်ထဲများ ဝင်သွားသလား" ဟုဆို၍ မေးကြည့်ရာ ရွှေတိုက်စိုးမင်း ကိုယ်တိုင် ထွက်လာ၍ "ဟေ့။ ဘာ လဲ။ ဘာဖြစ်လာသ လဲ"





"ရာဇဝတ်သားတစ်ယောက် ဒီ ပြေးလာတယ်။ ဒီအနားမှာပဲ ပျောက်သွားတယ်။ ရွှေတိုက်စိုးမင်း အိမ်များ ဝင်သွားသလားလို့"

"ဟာ၊ ငါ့အိမ် ပိတ်ထားတာကပဲ။ ဘယ်က ဝင်နိုင်မလဲ။ ဝင်လာရင် ငါသိမှာပေါ့။ မင်းတို့ကို တစ်ပတ်ရိုက်သွားပြီ ထင်တယ်" ဟု ဆိုလိုက်သဖြင့် လိုက်လံလာသူတို့လည်း အနီးအနားတွင် အတန်ကြာ ရှာဖွေပြီးလျှင် မတွေ့သည်နှင့် ပြန်သွားကြလေ၏။

မင်းညိုမြသည် နောက်တစ်ဖန် နိုးလာ၍ မျက်စိကိုဖွင့်ကာ တောင်မြောက်လေးပါး လှည့်လည်ကြည့်ရာ မိမိသည် အလွန်လှပသော အခန်းကလေးအတွင်းရှိ အိပ်ရာပေါ်တွင် လဲနေကြောင်းကို သိရလေ၏။ မိမိကိုယ်တွင် ပတ်ရစ်ခြုံထားသော စောင်များလည်း အလွန်ပင်ကောင်းမွန်လျက် အနီးတွင်လည်း မင်းသုံးမင်းဆောင်စသော အုပ်ခွက်စသည်တို့ကို လှပစွာ စီစဉ်ထားသည်များကို မြင်ရ၏။ နံနက်စောစောအခါဖြစ်သဖြင့် အရှေ့ပြူတင်းမှ နေရောင်ခြည်လည်း အိပ်ရာနှင့် မနီးမဝေးတွင် ကျရောက်လျက် အိမ်ပြင်ဘက်ရှိ သစ်ပင်များပေါ်မှ ကျီးကန်း အာသံ၊ စာကလေး မြည်သံ၊ ဖရက်သံစသော ငှက်သံကျေးသံများကိုလည်း ကြားရသဖြင့် စိတ်ထဲ၌ အထူးပင် ကြည်နူးဖွယ်ကောင်းလှနေ၏။

ထို့ကြောင့် မိမိ၏အကြောင်းအရာများကို မေ့လျော့၍နေ၏။ ထို့နောက် အိပ်ရာပေါ်မှ ထမည်ပြုရာ လက်များ နာကျင်ကိုက်ခဲသဖြင့် ထနိုင်သောအခါမှ "အို။ ငါ ဘာဖြစ်ပါလိမ့်မတုန်း" ဟု စဉ်းစား တွေးတောမှ ညက မိမိအား ရန်သူများလိုက်၍ ထွက်ပြေးတိမ်းရှောင်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရာ ရန်သူဝိုင်း၍ဖမ်းခါနီး၌မှ အားပြတ်ပြီးလျှင် မြေပေါ်သို့ လဲသွားပြီး သတိမေ့မောသွားကြောင်းကို အမှတ်ရ၏။ သို့သော်လည်း ဤအိမ်အတွင်းသို့ ရောက်လာကြောင်းကိုကား မသိရပေ။ မိမိအား တစ်စုံတစ်ဦးက ရန်သူလက်မှ ကယ်ဆယ်ထားကြောင်းမူကား သိ၏။ အကယ်၍သာ ရန်သူလက်ထဲသို့ ထိုည၌က ရောက်ခဲ့ပါမူ၊ သို့သော်လည်း ကြက်သီးများထ၍ ဆတ်ဆတ်ခါတုန်လှုပ်သောကြောင့် ရှေ့သို့ဆက်လက်၍ မတွေးဝံ့ချေ။

ထို့နောက် တစ်ဖန် နောက်ကအကြောင်းများကို ဆက်လက်၍ တွေးတောပြန်ရာ မိမိ၏မောင်ဖြစ်သူ သမိန်ဓောသည် ဗညားအိမ်၏ လက်နက်နှင့် သေဆုံးသဖြင့် ထိုသူအား လက်စားချေရန် သစ္စာရေသောက်ခဲ့ကြောင်း၊ ထို့နောက် သားအဖနှစ်ယောက်တို့သည် ငြိမ်းချမ်းသာယာစွာနေခဲ့ရာ နှစ်နှစ်လောက်ကြာသောအခါ၊ တပင်ရွှေထီးနတ်ရွာစံ၍ တိုင်းပြည်ကြီး ပျက်ပြားကြောင်း၊ တိုင်းပြည်ပျက်ပြားလျှင်ပင် အတွင်းဝန်မင်း ဆုံး၍ မိမိလည်း ရန်သူတို့ဘေးမှလွတ်ရန် ပုန်းအောင်းနေရကြောင်း၊ အစားအသောက် တစ်စက်တစ်ပေါက်မျှပင် မစားမသောက်ရဘဲ၊ လေးရက်တိုင်တိုင် နေခဲ့ရသော ဥသဘ္ဘရက် ငရဲတွင်းကျရောက်သကဲ့သို့ ဆာမွတ်ခြင်း၏ပြင်းပြသောဝေဒနာကိုလည်းကောင်း၊ ထို့နောက် စတုတ္ထည၌ ဆာမွတ်ခြင်း ဝေဒနာကို မခံမရပ် နိုင်သဖြင့် ပုန်းအောင်းနေရာမှ ထွက်လာခဲ့ရာ၊ ရန်သူများနှင့်တွေ့၍ မည်ကဲ့သို့ အသက်ဘေးမှပြေးခဲ့ကြောင်းများသည် စိတ်အာရုံ၌ ကွက်ကွက်ကွင်းကွင်း တစ်ခုပြီးတစ်ခုပေါ်လာလေ၏။

ဤကဲ့သို့ စဉ်းစားတွေးတော၍နေစဉ်ပင် တံခါးသည် ပွင့်လာ၍ အခန်းထဲသို့ အသက် ၁၆ နှစ်အရွယ်လောက်ရှိ မိန်းမပျိုတစ်ဦးသည် ဝင်လာပြီးလျှင် မင်းညိုမြ နိုးနေသည်ကိုမြင်၍ ပြုံးလျက်



အနီးသို့လာပြီးလျှင် "ဘယ်နှယ့်လဲ။ နေကောင်းသွားပြီ မဟုတ်လား။ ယောဒိကဗ ဓိးရေကလေး နည်းနည်းသောက်ပါဦးလား" ဟု ယုယစွာပြောသောအခါ၊ မင်းညိုမြက ပြန်၍ပြုံးလျက် "သက်သာပါပြီ။ ကိစ္စ မရှိတော့ပါဘူး၊ အခု ကျွန်မ ဘယ်အိမ်မှာ ရောက်နေသလဲ"

"အို ဒီဟာတွေ မေးမနေပါနဲ့။ မြန်မြန်ကျန်းမာလာအောင်သာကြိုးစားပါ"

"မဟုတ်ပါဘူး။ ဘယ်က ကယ်လို့ ဘယ်ရောက်နေတယ်ဆိုတာ သိစမ်းပါရစေ။ ဒီဟာကိုသိရမှ စိတ်အေးမယ်"

"ကျွန်မတို့ ကိုကိုကြီးအိမ်မှာ"

"ဘယ်သူလဲ"

"ရွှေတိုက်စိုး ဗညားအိမ်လေ။ မမ ညက နောက်ကအမှုထမ်းသားတွေလိုက်လို့ ထွက်ပြေးလာတယ်။ ကျွန်မတို့ အိမ်ရှေ့ရောက်လို့ မိခါနီးဆဲဆဲမှာ လဲနေတယ်။ ဒီတော့ ကိုကိုကြီးက ကပျာကယာဆင်းပြီး အိမ်ထဲကို ယူလာပြီး ဝှက်ထားတယ်" ဟု ပြောလိုက်သောအခါ၊ မင်းညိုမြမှာ မိမိ၏လက်နှင့် လက်စားချေပါမည်ဟု သစ္စာရေသောက် ထားသောရန်သူသည် မိမိအား ကယ်ဆယ်လိုက်ပေသည်။ ဤသူမှ ကယ်ဆယ်ရလေအောင် ကံများနယ် စိမ်ချက်နုန့် လေခြင်းဟု တွေးတောလျက် ဝမ်းထဲမချိအောင် ဖြစ်၍လာလေ၏။

သို့သော်လည်း မိမိအကြံအစည်များကို ပြင်ပသို့ မထွက်စေဘဲ မျက်နှာကို ပကတိအတိုင်းထား၍ "အော်။ ကျေးဇူးကြီးပါပေတယ်။ နို့ မင့်အမည်က ဘယ်လို ခေါ်ပါသလဲ "

"ကျွန်မနာမည်က ရှင်ထွေးပါပဲ။ ခင်ထွေးလို့လည်းခေါ်တယ်။ မမကို ကိုကိုကြီးက သိသတဲ့။ မမ အမတ်ကြီးသမီး မင်းညိုမြ ဆို။ ကျွန်မ အရင်တုန်းက နည်းနည်းကြားဖူးတယ်။ အို။ မေမေကြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထချိန် တန်ရောမယ်။ သွားဦးမယ်။ ဘာမှ အားမငယ်ပါနဲ့ ကိုယ့်အိမ်လို အောက်မေ့ပါ။ လိုတာရှိရင် ပြောသာ ပြော။ ခိုင်းချင်တ ကျွန်မကို ခေါ်ပါ။ ကိုကိုကြီးက ပြောထားတယ်" ဟုဆို၍ အခန်းထဲမှ ထွက်သွားလေ၏။

ဤသို့လျှင် တစ်ခါက အတွင်းဝန်သမီးဟု ချေရုံသင်းပင်းနှင့် ကြီးကျယ်ခမ်းနားစွာနေခဲ့ဖူးသူ မင်းညိုမြသည် မိမိရန်သူဖြစ်သော ဗညားအိမ်၏ကြီးစွာသောကရုဏာကို ခံစားလျက် ကြည့်ရှုပြုစုခြင်းကိုခံစားနေရလေ၏။ မင်းညိုမြသည် ဗညားအိမ်ကို အမည်သာ ကြားဖူး၍ လူကို မတွေ့ဘူးသဖြင့် တွေ့မြင်လိုသော ဆန္ဒ ရှိသော်လည်း မကျန်းမာ၍နေစဉ် ဗညားအိမ်သည် မိမိအခန်းထဲသို့ မလာသောကြောင့် မတွေ့မြင်ဘဲ နေရလေသည်။

သို့သော်လည်း ဗညားအိမ်၏အမိဖြစ်သူနှင့် နှမဖြစ်သူ ခင်ထွေးတို့သည် မိမိအား ဆွေရင်းမျိုးချာကဲ့သို့ပင် ယုယချစ်ခင်စွာ ကြည့်ရှု၍ ဗညားအိမ်၏ အကြောင်း ကောင်းသောသတင်းများကိုလည်း မကြာခဏပြောကြားသဖြင့် မင်းညိုမြမှာ ဗညားအိမ်အား လက်စား ချေရန် သစ္စာရေသောက်ထားသည်ကို မေ့လျော့၍ အမိဖြစ်သူနှင့် နှမဖြစ်သူတို့ ချစ်ခင်ကြည်ညိုခြင်းကို မြင်ရသဖြင့် မိမိကိုယ်တိုင် ချင်ခင် ကြည်ညိုသောစိတ်သည် ပေါ်ပေါက်၍ လာသည်။ ၎င်းအတွင်း၌ မင်းညိုမြတွင် စဉ်းစားရန် များစွာရှိ၏။ သို့သော်လည်း ရောဂါလည်း မပျောက်နိုင်သည် တစ်ကြောင်း၊ အသက်ဆွေးကလည်း များစွာ မဝေးလှသည် တစ်ကြောင်း များကြောင့် ကိုယ်စိတ်နှစ်ဖြာ မချမ်းသာ သဖြင့် မစဉ်းစားနိုင်ဘဲ နေရလေ၏။

ထို့နောက် ၁၅ ရက်လောက် ကြာသောအခါ မင်းညိုမြသည် ကောင်းစွာ ကျန်းမာလာ၍ အခန်းတွင်းမှ ထွက်နိုင်သဖြင့် ယခုအခါ ကျန်းမာလာပြီဖြစ်သောကြောင့် မိမိမှာ တော်သင့်ရာသို့ သွားတော့ မည်ဖြစ်ကြောင်းများကို ပြောဆိုနေစဉ်၊ ဗညားအိမ်သည် အိမ်ခန်းထဲ သို့ ရုတ်တရက်ဝင်လာပြီးလျှင် မိမိပြောသောစကားကို ကြားသဖြင့် "အို။ ဘယ်ကို သွားရမလဲ။ အခုနေအခါကို အိမ်ကထွက်သို့ ဒုက္ခ ရောက်နေပါ့မယ်။ အမှုအခင်းအားလုံး ငြိမ်ချမ်းမှ သွားတာပေါ့" ဟုဆို၍ တံခါးဝတွင် ရပ်၍နေလေ၏။

မင်းညိုမြလည်း ထိုသူကို မြင်လျှင်မြင်ချင်း ပထမအကြိမ် ဖြစ်သဖြင့် အံ့အားသင့်၍ နေလေ၏။ မိမိမောင်ကို သတ်သောသူ ဖြစ်သဖြင့် ဤသူသည် အလွန်ဆိုးယုတ်လျက် ကြောက်မက်ဖွယ် ကောင်းမည်ဟု စိတ်ထဲက တွေးတောထင်မြင်ခဲ့၏။ ယခုမြင်ရသော သူမှာ မိမိထင်[illegible]ည့်အတိုင်း မဟုတ်ပေ။ အလွန်ချောမွေ့ပြေပြစ်လျက် သော်ကျော့ကောင်းပီသသည့်အပြင် မင်းညီမင်းသားများနှင့် မခြား နားအောင် ယဉ်ကျေးသိမ်မွေ့၏။ နဖူးရေဒူးရေလည်း ကောင်း၏။ မျက်နှာတွင်လည်း အလွန် မြင့်မြတ်သန့်မာလျက် သနားတတ်သော သဏ္ဌာန် ရှိ၏။ ထို့ကြောင့် မင်းညိုမြမှာ အလွန် အံ့ဩတွေဝေ၍ ဗညားအိမ်အား အတန်ကြာ စိုက်၍ ကြည့်နေမိလေ၏။

ထို့နောက်မှ ခေါင်းကို ငုံ့၍ "ဟာ။ ညိုညို ဒီမှာ မနေနိုင် တော့ဘူး။ ညိုညို့အသက်ကို ကယ်ဆယ်ပြီး ဒီလို ကြည့်ရှုထားတာကို ကျေးဇူးတင် ပါတယ်။ မိဘမွေးလိုက်တဲ့ အသက် မရှိပါဘူး။ ကိုကြီးအိမ်တို့ ကယ်ဆယ်လိုက်တဲ့ အသက်ပဲ ရှိပါတော့တယ်.. နိုင်ပေမယ့်"

"အို။ ဒီဟာတွေ ပြောနေဖို့ မဟုတ်ပါဘူး။ ဘယ်သူဖြစ်ဖြစ် ဒုက္ခရောက်နေတာကို မြင်ရင် ကိုကြီးအိမ် ကယ်ဆယ်ရမှာပါပဲ။ ဟော၊ နားထောင်။ ကိုကြီးအိမ် ပြောပြမယ်။ အခု ဟံသာဝတီမှာ



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်မသက် ဖြစ်နေတယ်။ ဒီတော့ မေမေနဲ့ခင်ထွေးတို့ကို ဟိုဘေးလွှတ်ရာ အင်းဝကို ပို့မလို့ဆဲဆဲပဲ။ ညှိုညှိုလည်း ဒီမှာနေလို့ ဟန်မကျဘူး။ မေမေတို့နဲ့ လိုက်သွားပေတော့။ ကိုကြီးအိမ်လည်း နောက်တစ်လကြာရင် ကြည်းတိုက် မှာသွားပြီး အမှုထမ်းရလိမ့်မယ်။ သွားမယ် မဟုတ်လား” ဟု မေးမြန်းသောအခါ မင်းညိုမြသည် သွားတော့ သွားချင်သည်။ သို့သော် အခြားလူ ဖြစ်လျှင်ကား ဘာမျှ ငြင်းပယ်ဖို့ရန် မရှိပေ။ ‘ယခုမှာ ဗညားအိမ်၏ကျေးရှူး ဖြစ်၍ နေသည်။ မိမိအဖေ ပေးသွားသော သစ္စာရေကလည်း ရှိသေးသည်။ သူ၏ကျေးရှူးက များသည်ထက် များ၍လာသောအခါ သစ္စာဖေါက်မိမည်ကား စိုးရိမ်ရ၏’ ဟု စိတ်ထဲက အမျိုးမျိုးအဖုံဖုံ တွေးတောကြံဆလျက်၊ မဆုံးဖြတ်နိုင်အောင်ပင် ရှိလေ၏။

ထိုကဲ့သို့ စကား ပြန်၍ မပြောဘဲ နေသောအခါ “အို၊ ဘာမှ ပြောစရာ မရှိပါဘူးလေ။ လိုက်သာ သွားပါ။ ဟိုမှာ ဘာမှ ဘေးရန် မရှိဘူး။ မလိုက်ရင် မဖြစ်ဘူး” ဟုဆို၍ အခန်းတွင်းမှ ထွက်သွားလေ၏။

ထိုအခါမှ မင်းညိုမြမှာ အခက်ကြုံ၍နေ၏။ ဟံသာဝတီတွင်လည်း မနေဝံ့ပေ။ ဆေမည်ကိုကား များစွာမကြောက်။ မိမိ၏ အဘအား ဝန်ခံလိုက်သောကိစ္စ မပြီးစီးမည်ကို စိုးရိမ်၏။ သို့သော် ဤကိစ္စ ပြီးမြောက်အောင်မြင်ရန် မည်သို့ကြံရပါမည်နည်း။ ဗညားအိမ်သည် မိမိကျေးဇူးရှင် မဟုတ်ပါသလော။ မိမိ၏အသက်ကို ကယ်ဆယ်သည် မဟုတ်ပါလော။ ၎င်း၏နှမနှင့် မိခင်တို့သည် မိမိအား ဆွေရင်းမျိုးချာကဲ့သို့ ကြည့်ရှုသော ကျေးဇူးရှင်များ မဟုတ်ပါလော။ ဗညားအိမ်သည် မိမိကြောင့် သေရလျှင် ဤကျေးဇူးရှင်များ၏ အသက်တမျှ ချစ်ခင်သောလူကို သတ်၍ပစ်သည်နှင့် တူလျက်





ကျေးဇူးရှင်ကို ကျေးဇူးကန်းရာ မကျပြီလော။ မိမိအတွက် အားလုံးပင် ဒုက္ခရောက်ရလိမ့်မည်။ မိမိလည်း ကျေးဇူးရှင်ကို ကျေးဇူးစွပ်လျှင် ဘုရားအလောင်း မျောက်မင်းအား အုတ်ခဲနှင့်ထုသော ဒေဝဒတ် အလောင်းပုဏ္ဏားနှင့်တူလျက် ကြီးစွာသောအပြစ်ဒဏ်တို့ကို ခံရမည် ကား မလွဲတည်း။

ဤသို့လျှင် မင်းညိုမြမှာ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ် လည်း လှည်းတုတ် ဆိုသကဲ့သို့ ရှေ့လည်းမတိုးသာ နောက်လည်း မဆုတ်သာနှင့် အခက်ကြီးခက်၍နေသောကြောင့် အစဉ်ချိန်ဆ၍ နေလေ၏။ ဗညားအိမ်နှင့်လည်း နေ့တိုင်းတွေ့၍ အကျွမ်းဝင်လာလေ အကြံရခက်လေ ဖြစ်၏။ တစ်ရံတစ်ခါလည်း ဗညားအိမ် မရှိလျှင် မနေနိုင်လောက်အောင်ပင် ရှိလေ၏။ ဗညားအိမ် မရှိစဉ်က ဗညားအိမ် အား မုန်းတီးရန်၊ သတ်ဖြတ်ရန် အမျိုးမျိုး စိတ်ကိုပြောင်းလွှဲ တိုက် တွန်းနေသော်လည်း၊ ဗညားအိမ်မျက်နှာကိုမြင်လိုက်လျှင် ထိုမကောင်း သော စိတ်တို့သည် ပျောက်ပျက်ကုန်ပြီးလျှင် ထိုသူအား မည်သို့ စိတ်က ထင်သနည်း။ ချစ်ခြင်းမေတ္တာ ပရိယာယ်မာယာ များပြားလှ ၏တကား။ ချစ်ခြင်းမေတ္တာသည် တစ်ရံတစ်ခါလည်း ပွင့်လင်း ဖြောင့်တန်းစွာ လာတတ်၏။ တစ်ရံတစ်ခါလည်း ပုန်းဝှက်လျက် အနီးသို့ရောက်မှန်းမသိ ရောက်၍နေတတ်၏။

တစ်နေ့သောအခါ ဗညားအိမ်သည် မိမိအခန်းထဲ၌ထိုင်၍ တစ်စုံတစ်ခုကို စဉ်းစားတွေဝေနေစဉ် အလွန်ကြီးမားသန်စွမ်းလျက် အလွန်စိတ်ခက်ထန်ပုံပေါက်သော လူကြီးတစ်ယောက်သည် အခန်း ထဲသို့ဝင်လာပြီး “ဘယ်နှယ်လဲ အဆွေတော်။ ဘာများ စဉ်းစား နေသလဲ” ဟုမေးလိုက်ရာ ဗညားအိမ်သည် ငေးမောနေရာမှ မော့ ကြည့်လိုက်ရာ ထိုသူကိုမြင်သဖြင့် ရုတ်တရက် အံ့အားသင့်၍နေပြီး လျှင် “အလို။ မြို့စားမင်းပါလား။ ဘယ်နှယ် ဘာကိစ္စနဲ့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သလဲ ။ ဟံသာဝတီမှာ မြို့စားမင်းကို ဘယ်လောက်ကြံနေတယ် ဆိုတာ ကြားပြီးပြီလား၊ ထိုင်စမ်းပါဦးလေ” ဟုဆို၍ နေရာထိုင်ခင်း ပေးသဖြင့်၊ ထိုသူလည်း ထိုင်၍ပြုံးလျက်

“အို။ ဒီဟာတွေတော့ သူတို့ မကြံခင်က သိပြီးသားပါ”

“ခင်ဗျား ဒီကိုရောက်လာတဲ့အကြောင်းကို သိကြရင်၊ တစ်မြို့လုံးကပင် ဝိုင်းပန်း၍ ဖမ်းကြတော့မှာ မုချအမှန်ပေပဲ”

“အို။ အခုလောက်ရှိရင် သိရောပေါ့။ မြို့ထဲကို ဝင်လျှင်ဝင်ချင်း ရောက်လာပြီဆိုတာကိုလည်း မြတ်လေးပွင့်တစ်ပွင့်နဲ့ သံအမတ်ကို အကြောင်းကြားပြီးပါ”

ထိုသူကား အခြား မဟုတ်၊ မြတ်လေးရွှေမားဗိုလ် အမည် တွင်သည့် မင်းတုန်းမြို့စား မောင်မောင်ကြီး ပင်ဖြစ်၏။

“အို။ တယ်လည်း သတ္တိကောင်းပါကလား။ ဒီဟာနဲ့ ဘာကိစ္စ လာခဲ့ပြန်သလဲ”

“ခါတိုင်းလိုပေါ့လေ။ နို့ပေမယ့် ခင်ဗျား ကြံစည်တဲ့ မင်းသားကြီးကို ယူရအောင်လို့တော့ မဟုတ်ဘူး။ ခင်ဗျား မင်းသားကြီးက တယ်ပြီး ဝကျတဲ့လူကလား။ ခင်ဗျား လက်မလျှော့သေးဘူးလား”

“ဟာ။ ကျွန်တော် လက်မလျှော့သေးဘူး။ ကျွန်တော် မသေမချင်းပေါ့”

“အို။ အကြံမကုန်သေးဘူးလား”

“ဟာ။ ဘာကုန်လိမ့်ဦးမလဲ။ နေပါဦးလေ” ဟုဆို၍ တိုင်ခေါင်ထဲက စာထုပ်ကလေးကိုယူပြီး “အကြံတွေက တစ်ခုပြီးတစ်ခု အရုံသင့်ရအောင်၊ စာဖွဲ့ထားတာကလား” ဟုဆို၍ပြလေ၏။

ထိုအခါ ရွှေမားဗိုလ်က မျက်မှောင်ကြုတ်လျက် “အို၊ အဆွေတော် မှားတော့မယ်။ အခု အတွင်းမှာ ဘယ်သူ့ကိုမှ မယုံရဘူး။ ဒီဟာတွေ လူများသိသွားလို့ မြို့ဝန်ကို သတိပေးရင် ခင်ဗျား



ခက်တော့မယ်။ ဒီလို မထားပါနဲ့”

“ကိစ္စမရှိပါဘူး။ အခုလို အတောအတွင်းမှာ မျက်နှာသာ ရနေသေးတယ်။ ကြည်းတိုက်မှူးတောင် ခန့်ထားပြီ။ ဒါတွေနဲ့ ကျွန်တော့်မိခင်နဲ့ နှမများကို ဒီမှာ မထားချင်ဘူး။ မြို့စားမင်းကို အားကိုးစမ်းပါရစေ”

“ဟာ။ ဒီဟာက မခက်ပါဘူး။ ကျုပ်အပြန်မှာ ခေါ်သွားမယ်။ ကိုင်း အချိန်လည်း မရှိဘူး။ ပြန်လိုက်ပါရစေဦး” ဟုဆို၍ နှုတ်ဆက်ပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

နေ့ပြောနောက်ကြည့် ညဉ့်ပြော အောက်ကြည့် ဆိုသည့် အတိုင်း ရွှေမားဗိုလ်နှင့်ဗညားအိမ်တို့ စကားပြောနေကြစဉ် နောက်သို့ပြန်၍ လှည့်ကြည့်မိပါမူ၊ နံရံပေါက်၌ တောက်ပငြိမ့်သက်စွာ ချောင်းမြောင်း၍ကြည့်ရှုနေသော မျက်လုံးကလေး နှစ်လုံးတို့ကို မြင်ရလေလိမ့်မည်။

ရွှေမားဗိုလ် အိမ်ပေါ်သို့တက်လာစဉ်က မင်းညိုမြသည် မီးဖိုထဲမှ မြင်လိုက်၏။ ရွှေမားဗိုလ်ကို မမြင်ဘူးသည်လည်း တစ်ကြောင်း လူပုံပန်း ရုပ်ရေ ရှုပကာကလည်း ထူးခြားသည်က တစ်ကြောင်းကြောင့်၊ မည်သူမည်ဝါနည်းဟု သိလိုသည်နှင့် ဗညားအိမ်၏ အခန်းအနီးရှိ အခြားတစ်ခန်းမှ ဝင်၍ ချောင်းမြောင်းကြည့်ရှုရာ ၎င်းတို့နှစ်ယောက် တိုင်ပင်ပြောဆိုကြသည်ကိုလည်းကောင်း၊ ဗညားအိမ် ထုတ်၍ပြသော စာထုပ်ကလေးကိုလည်းကောင်း၊ မြင်ရကြားရသဖြင့် ၎င်းတို့၏အကြံအစည်များကို ကောင်းစွာ သိလိုက်ရလေ၏။

ထိုအရာများကို သိရသည်နှင့် တပြိုင်နက် မိမိ အဖေ့ထံ့တွင်



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ရသော သစ္စာရေကို အမှတ်ရပြန်လေ၏။ ဗညားအိမ်သည် ကျေးဇူးရှင်ဖြစ်သည့်အပြင် မိမိစိတ်ထဲကလည်း မေတ္တာသက်ဝင်ချင်ခင်နေကြောင်းကို သိ၏။ ဗညားအိမ်သည်လည်း မိမိအားစကားပြောတိုင်း မျက်နှာပြောင်းသည်ကို မြင်ရသဖြင့် မိမိအားချစ်ကြိုက်နေကြောင်းကိုသိ၏။ ယခု အချက်ကောင်းရပြီဖြစ်သော်လည်း လက်စားချေရန်ကား လွန်စွာခဲယဉ်းသည် မှန်၏။ သို့သော် နှစ်ဦးနှစ်ဝ ချစ်ခင်၍ ပေါင်းသင်းရသော်လည်း ဤသစ္စာရေအတွက် မိမိ၌ တကြောင့်ကျကျ ဖြစ်၍နေပေလိမ့်မည်။ အကယ်၍ ပေါင်းသင်းကြပြီးမှ သစ္စာဖောက်ပြန်၍ ကျိန်စာစူးလျှင် ယခုထက်ပင် ဆိုးဦးမည်။ ထို့ကြောင့် ယခု ဤကိစ္စကို ပြီးစီးအောင် ကြံလိုက်လျှင် ကောင်းလိမ့်မည်။ ဗညားအိမ်သည် မိမိလက်ဖြင့် ပျက်စီးသည်ရှိသော် မိမိ၏စိတ်၌ နောင်တကြီးစွာရရှိ၍ ဤလောက၌ စိတ်ဒုက္ခ ကြီးစွာခံစားရလိမ့်မည်။ သို့အတွက် ဗညားအိမ် သေပြီးသည့်နောက် မိမိပါ သေရလျှင်ကောင်းမည်။ ဤအကြံသည်ကား အလွန် ရက်စက်ကြမ်းကြုတ်သော အကြံဖြစ်၏။ သို့သော် တမလွန်ဘဝ ကသိုလ်ကစီမံသည်ကို မတတ်နိုင်တော့ပေဟု တစ်ညဉ့်လုံး စဉ်းစား၍ နှစ်ဦးစလုံးပျက်စီးရန် သန္နိဋ္ဌာန်ချလိုက်လေ၏။

နောက်တစ်နေ့ နံနက်သို့ရောက်သောအခါ ဗညားအိမ်ကိုမြင်လျှင် သနားခြင်း ကရုဏာကြောင့် စိတ်ပြောင်းလဲမည် စိုးသဖြင့် ဗညားအိမ်အိပ်ရာမှ မနိုးမီ စာကလေးတစ်စောင်ကို ကပျာကရာရေးသား၍ အိမ်မှထွက်သွားပြီးလျှင် နန်းတော်ကြီးဆီသို့ သွားလေ၏။ ရောက်လျှင် တံခါး၌စောင့်နေသောသူအား "မြို့ဝန်မင်းရောက်လျှင်ရောက်ချင်း ဤစာကိုပေးပါ" ဟု မှာထားပြောဆိုပြီးလျှင် အိမ်သို့ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လျှင် ခင်တွေးနှင့် ဗညားအိမ်တို့သည် စိုးရိမ်ကြောင့်ကြကြီးစွာနှင့် စောင့်နေသည်ကိုတွေ့၍ "အို။ ကိစ္စ မရှိပါဘူး၊ ညီညီသွောင်းလွန်းလို့ ဟိုဘက်ထဲသွားပြီး လမ်းလျှောက်နေပါတယ်" ဟု ပြောဆိုပြီးလျှင် ယခုမှာ မိမိ၏ကျေးဇူးရှင်များတို့အား ကျေးဇူးမျက်နှာကိုမထောက်ဘဲ ပြစ်မှားမိပြီဖြစ်သောကြောင့် မိမိစိတ်ကအလိုအလျောက် မသိုးမသန့်ဖြစ်ပြီးလျှင် ၎င်းတို့၏မျက်နှာကို မကြည့်နိုင်သောကြောင့် အိမ်ခန်းထဲသို့ဝင်၍ တစ်နေ့လုံး လဲလျောင်းတွေးတောလျက် လာရောက်တော့မည်ဖြစ်သော ဘေးဥပါဒ်ကိုသာ စောင့်စားနေလေ၏။

အို။ စိတ်၌ဖြစ်သောဒုက္ခသည် ကိုယ်၌ဖြစ်သောဝေဒနာထက် မည်မျှလောက် ကြီးမားသနည်း။ ဤဝေဒနာသည် ကိုယ်ကာယ၌သာ ဖြစ်ခဲ့ပါမူ အဆတစ်ရာလောက် သက်သာ၍ များစွာခံသာသေး၏။ မင်းညိုမြမှာလည်း ထိုနေ့နံနက်ကစ၍ ခံစားရသောဝေဒနာသည် ပြော၍ မပြနိုင်လောက်အောင် ကြီးကျယ်လှ၏။ မိမိ၏ကျေးဇူးရှင်ကို သတ်ရမည်ကား ဤမျှလောက် မစိုးရိမ်။ ယခုမှာ ကျေးဇူးရှင်မျှ မကပေ။ ဗညားအိမ်ကိုလည်း အလွန်ချစ်ခင်လျက် ခင်တွယ်၏။ မိမိမောင်၊ မိမိအဘများတွင် ဒုက္ခရောက်လျှင် ဤမျှလောက် စိတ်ပူမည်မဟုတ်။ ယခု ဗညားအိမ်ကို ဒုက္ခရောက်တော့မည်ဆိုလျှင်ပင် တပွက်ပွက် ဆူ၍နေသော ဆီပူဆိုးကြီးထဲသို့ ရောက်ရသကဲ့သို့ ပူပြင်းလှ၏။ အဘယ်ကြောင့် ဤကဲ့သို့ အမှုကိုပြုဘိသနည်း။ အဘယ်ကြောင့် မိမိဖခင်သည် ဤကဲ့သို့ ကြင်နာသနားခြင်းကင်းမဲ့သော သစ္စာရေကို တိုက်လေ ဘိသနည်း စသည်ဖြင့်တွေးတော၍ ယခု သေလိုက်လိုသောဆန္ဒသာ ပေါ်ပေါက်လာလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ဤသို့စောင့်စားနေရာ နေ့လယ်လောက်သို့ ရောက်သောအခါ အိမ်ပေါ်သို့ လူ ၄–၅ ယောက် တက်လာသံကို ကြားသဖြင့် မြို့ဝန်သည် စာကိုရ၍ ဖမ်းဆီးရန်လူများ ရောက်လာပြီဟု ထင်သောကြောင့် ထ၍နားထောင်ရာ ဘာသံမျှမကြားဘဲ၊ အတန်ကြာကာလ တက်လာသောသူတို့သည် ဆင်းသွားကြသည်ကိုကြားရသဖြင့် စိတ်များစွာ သက်သာလေ၏။ သို့သော်လည်း စိတ်မချသဖြင့် ခင်ထွေးကိုခေါ်၍ မေးမြန်းရာ ခင်ထွေးက ဧည့်သည်များဖြစ်ကြောင်းကို ပြောပြ၏။ စိတ်ထဲ၌ ဆွဲ၍ထားသော အလုံးကြီးကို ဖြည်၍ချလိုက်သကဲ့သို့ ပူလောင်ခြင်းအနည်းငယ် အေး၍သွားလေ၏။ တို့နောက်စောင့်စား၍ နေပြန်လေရာ ညနေတိုင် ရောက်ရှိသော်လည်း တစ်စုံတစ်ဦးမျှ မပေါ်လာသောကြောင့် မြို့ဝန်မင်းသည် မိမိပေးထားသော စာကို မရသေး၍လားဟု တွေးတော၍ ထိုလူထံမှ သွားရောက်တောင်းပြီးလျှင် စာကိုဖျက်ဆီးလိုက်ရန် တွေးတောမိသဖြင့် အခန်းတွင်းမှထွက်ရာ အိမ်ရှေ့မှ "ဗညားအိမ် မရှိဘူးလား။ ဗညားအိမ် မရှိဘူးလား" ဟုခေါ်၍ တက်လာကြသောလူသံများကို ကြားရလေ၏။ ထိုအသံများကို ကြားလျှင်ကြားချင်း အာဏာသံဖြစ်သဖြင့် မိမိအမှု လက်လွန်သွား ပြီဖြစ်ကြောင်းကို သိ၍ ရင်ထဲက အမြောက်စိန်ပြောင်းကြီးများ ပစ်လိုက်သကဲ့သို့ ဒိန်းခနဲ ကြားလိုက်ပြီးလျှင် တံခါးပေါက်တွင် သတိမေ့မောကာ ရပ်နေလေ၏။

ထိုနေ့ညနေတွင် ဗညားအိမ်သည် အိမ်ရှေ့ခန်းတွင် ထိုင်၍ မင်းညိုမြ၏ လှပသောမျက်နှာကလေးကို တရေးရေးထင်ယောင်မြင်ယောင်လျက် ဘယ်နှယ့် ကြံ၍ ဟန်ရအောင် ပြောရပါမည်နည်းဟု စဉ်းစားနေစဉ် အိမ်ရှေ့မှ "ဗညားအိမ် မရှိဘူးလား၊ ဗညားအိမ် မရှိဘူးလား" ဟု မည်သူတစ်ဦးတစ်ယောက်မျှ ထိုကဲ့သို့ မရိုမသေ မခန့်ငြား မခေါ်ဝံ့ဘဲလျက်၊ ယခု အာဏာသံကို ကြားရသောအခါ ရုတ်တရက် ထိတ်လန့်လျက် ထ၍ကြည့်ရာ အိမ်ပေါ်သို့ တပ်မှူးမောင်ကျောက်လုံးနှင့် တပ်တော်သား တစ်ကျိပ်လောက်တို့သည် တက်ရောက်လာသည်ကို မြင်ရလေ၏။ ထိုအခါမှ အကြောင်းအသို့နည်း။ ငါ့အကြံများ ပေါ်ကုန်ပြီလား။ မင်းညိုမြအတွက်လားဟု ထိတ်လန့်ခြင်းကြီးစွာမက ထိတ်လန့်လျက် "အလို၊ တပ်မှူးမင်းများပါကလား။ ဘာကိစ္စတုန်း" ဟုမေးရာ မောင်ကျောက်လုံးသည် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ မျက်နှာ ထားကြီးစွာနှင့် "အမိန့်တော်ပါတယ်"

"ဘာ အမိန့်တော်လဲ။ နာခံစမ်းပါရစေ"

"မောင်မင်းသည် မြို့ဝန်မင်း ယုံစား၍ မြောက်စားထားသည် မှန်ပါလျက် သစ္စာတော်မတည် တိုင်းပြည်၏ ရန်သူဖြစ်သော မင်းသားကြီးကိုကယ်ဆယ်ဆောင်ယူရန် အင်းဝက မြတ်လေးရွှေဘားဗိုလ်ဆိုသူနှင့် ပူးပေါင်းပြီးလျှင် အကြံအစည်များကို စာတင်၍ မောင်မင်းအိမ်မှာထားသည့် ဤစာများ ကိုတွေ့ရှိက မောင်မင်းကို ဖမ်းချုပ်နှောင်စေ အမိန့်ပါတယ်"ဟု ဆိုသောအခါ။ ဗညားအိမ်မှာ ရုတ်တရက် အကြံရကျပ်လျက် "ဟာ–မမှန် သတင်းပါ။ စိတ်ကျေနပ်အောင် ရှာကြပါ" ဟုဆိုလိုက်လေ၏။ ထိုအခါတပ်မှူးက "မလိုပါနဲ့နော်။ နောင် တွေ့လို့ရှိရင် အပြစ် လေးလိမ့်မယ်။ ဟဲ့–အကောင်တွေ။ ဗညားအိမ်ကိုယ်တွင် ရှာစမ်း။ ဘယ်မှ မပြေးစေနဲ့။ ဟိုဘက်က ငါးယောက် နောက်လိုက်ခဲ့" ဟုဆို၍ အိမ်ခန်းကို ရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းညိုမြမှာလည်း ထိုအခြင်းအရာတို့ကို သတိမေ့မော၍ ရပ်ကြည့်နေရာမှ စာထုပ်ရှိသောအခန်းကိုရှာလျှင် တွေ့တော့မည် ဆဲဆဲ ဖြစ်နေသဖြင့် မည်သို့ကြံရမည်ကိုမသိ၍ ဒုက္ခနီးမှ ကသော ကမျောဖြစ်ပြီးလျှင် ကြံမိရာကို ကြံစည်၍ ဗညားအိမ်၏ အခန်းထဲကို လျင်မြန်စွာသွားပြီးလျှင် တိုင်ခေါင်းထဲကစာထုပ်ကို ရှာဖွေလေ၏။

ကံထောက်မသဖြင့် စာကို အရန်သင့်တွေ့၍ ပြူတင်းမှ ပစ်ချလိုက်မည်ပြုရာ အောက်က စောင့်ရှောက်ရှာဖွေနေသော တပ်သားများကိုမြင်သဖြင့် စာထုပ်ကလေးကို အဝတ်ထဲ၌ ဝှက်ပြီးလျှင် မိမိအခန်းသို့ယူ၍ ပြေးလေ၏။ မိမိ၏အခန်းထဲသို့ ရောက်သော အခါလည်း ဝှက်ရန်နေရာ မတွေ့နိုင်၍ ကပျာကရာ မီးဖိုချောင်ထဲသို့ ပြေးပြီးလျှင် မီးဖို၌လည်း မီးတောက်နေသည်နှင့် စာထုပ်ကို ဆုတ်ပြီး၊ မီးဖိုထဲသို့ ချလိုက်လေ၏။ ထိုခဏ၌ချင်းတွင် မောင်ကျောက်လုံးနှင့် နောက်ပါ လူငါးယောက်တို့လည်း ဗညားအိမ်၏အခန်းကို ဝင်၍ ရှာဖွေလေ၏။

မင်းညိုမြလည်း မီးလောင်ပြီးသော ပြာများကို ထင်းစနှင့် ထိုးချေခဲ့ပြီးလျှင် မောင်ကျောက်လုံးတို့ ပြန်၍ထွက်မလာသေးမီ မိမိအခန်းထဲသို့ ပြန်ဝင်နေလေ၏။ အတန်ကြာ ဗညားအိမ်၏ အခန်းထဲ၌ ဆဲရေးမွှေနှောက် ရှာဖွေပြီးလျှင် မောင်ကျောက်လုံးတို့လည်း ထွက်လာ၍ မင်းညိုမြ၏အခန်းသို့ဝင်လာပြီးလျှင် အခန်းလယ်တွင် ရပ်နေသော မင်းညိုမြအား ကြည့်လျက် "ဘယ်မလည်း မတွေ့ပါ လား။ ရွှေတိုက်စိုးအိမ်မှာ မမှန်သတင်းပေးရင် မင်း သေရအောင်ပြင်။ ဟဲ့ အကောင်။ ဒီအကောင်မ ဘယ်မှ မပြေးစေနဲ့" ဟုဆို၍ မီးဖိုထဲသို့လှည့်၍ သွားပြန်လေ၏။ မင်းညိုမြမှာ အာဏာသံကို ကြားရသောအခါ ဆတ်ဆတ်ခါ တုန်လှုပ်လျက် မလှုပ်မရှားရပ်၍



ကျန်ရစ်ခဲ့လေ၏။

အတန်ကြာလျှင် မီးဖိုထဲမှ မောင်ကျောက်လုံးသည် မကျေ သေးသောပြာစများကိုယူလာ၍ မင်းညိုမြကိုပြပြီးလျှင် "ဒီဟာ ဘာလည်း။ မှန်မှန်ပြော။ နင် မီးဖိုထဲကို သွားတာ မြင်လိုက်ရတယ်၊ မှန်မှန် ပြောနော်" ဟုဆို၍ ကြိမ်းမောင်းသောအခါ မင်းညိုမြမှာ များစွာ ကြောက်လန့်တုန်လှုပ်သော်လည်း ပို့မယ့်ပို့ ကူးတို့ရောက် အောင်ပို့ ဆိုဘိအလား ဖုံးဖိလို့ရှိမှ လုံအောင်ပင်ဖုံးတော့မည် ဟု ကြံပြီးလျှင် "ဒီဟာ ကျွန်မရည်းစားဆီက စာတွေပါ" ဟု ဆိုလိုက်ရာ မောင်ကျောက်လုံးတို့သည် မယုံသောလက္ခဏာဖြင့် မျက်မှောင်ကြီး ကြုတ်ကာ "ဘယ်က ရည်းစားစာ လဲ၊ ဒီစာတွေဟာ ရွှေဓားမိုလ်နဲ့ ကြံစည်တဲ့ စာတွေ မဟုတ်လား"

"မဟုတ်ပါဘူး။ ကျွန်မ ရည်းစားစာတွေပါ"

"တယ်။ နို့ ဘယ်မလဲ။ ဟိုစာတွေ" ဟုမေးသောအခါ၊ မင်းညိုမြသည် ဘာမျှပြန်မပြောဘဲနေသောကြောင့် "ဒီဟာဖြင့် မင်း ရွှေတိုက်စိုးကို အမှုရောက်အောင် မမှန်သဲတင်း ပေးတာပေါ့။ ဟေ့ အကောင်တွေ။ ဒီအကောင်မကို ဖမ်းပေတော့။ လက်ပြန်ကြိုး တည်းပြီး ယူခဲ့" ဟုဆို၍ အမှုထမ်းများသည်လည်း လက်ပြန်ကြိုး ချီနှောင်ပြီးလျှင် အိမ်ရှေ့သို့ ထွက်လာခဲ့ကြလေ၏။

အိမ်ရှေ့တွင် ဗညားအိမ်သည် မင်းညိုမြကို လက်ပြန်ကြိုး တုပ်လျက် ယူလာသည်ကိုမြင်သောအခါ "အမယ်လေး" ဟုဆို၍ မင်းညိုမြကို ဆီး၍ ဖက်တော့မည်ပြု၏။ သို့သော်လည်း မက်ဘဲ စိတ်ကို ချုပ်တည်း၍ နေလိုက်ရလေ၏။

ထိုနောက် မောင်ကျောက်လုံးက "ဗညားအိမ်။ မင့်မှာ ဒီစာတွေရှိကြောင်း သူ့အမည်နဲ့ သတင်းပေးတယ်။ အခုရှာတော့

www.burmeseclassic.com

www.burmeseclassic.com



စာကို မတွေ့ဘူး။ ဟောဒီ ပြာစတွေကိုသာ တွေ့တော့တယ်။ သူ့ကိုမေးတော့ ရည်းစားဆီက စာတွေပါလို့ ပြောတယ်။ ဒီဟာကြောင့် မမှန်သတင်းပေးအဖြစ်နဲ့ ဖမ်းဆီးတယ်။ မင်းလည်း သတိကောင်းကောင်းသာထားနေ” ဟုဆို၍ မင်းညိုမြနှင့် အိမ်ပေါ်က ဆင်းတော့မည့်အပြုတွင် အခန်းတွင်းမှခင်ထွေးသည် ပြေး၍ထွက်လာပြီးလျှင် မင်းညိုမြကို ဖက်၍ “အမယ်လေး။ မမရဲ့ မမရဲ့” ဟုဆိုပြီးငိုလေ၏။ ထိုအခါ မင်းညိုမြလည်း ဗညားအိမ်ကို တစ်ချက် ပြန်၍ကြည့်ပြီးလျှင် “မငိုနဲ့၊ မငိုနဲ့ ခင်ထွေး။ ကိုကိုကြီးကို သူ့အပြစ်နဲ့သူ သွားတာဘာမှမပူပါနဲ့လို့ ပြောလိုက်ပါ” ဟုဆို၍ ခင်ထွေးကို ခွဲခွာပြီးလျှင် ချုပ်နှောင်ရာသို့ လိုက်ပါ၍သွားလေ၏။

မင်းညိုမြကို ဖမ်းသွားပြီးနောက် ဗညားအိမ်မှာ အခြားအရာများကို စိတ်မကူးနိုင်ဘဲ မင်းညိုမြကို ရာဇဝတ်ဘေးမှ ကယ်ဆယ်ရန်တစ်ခုသာ စိတ်တွင် ရှိ၏။ မင်းညိုမြသည် အဘယ်ကြောင့် မိမိအား ပျက်စီးကြောင်း ကြံသနည်း။ ဟုတ်နိုင်ပါ့မလား။ နားကြားပဲလွဲလေသလား။ အကယ်၍ ဟုတ်မှန်ခဲ့ပါလျှင် အဘယ်ကြောင့် ထိုစာကို ယူထုတ်၍ မီးရှို့ခြင်းအားဖြင့် မိမိကို ကယ်ဆယ်ပြန်ပါသနည်း။ ချစ်ခြင်းမေတ္တာသည် နတ်ပေးသော မှန်ဘီလူးနှင့် တူ၏။ ၎င်းမှန်ဘီလူးသည် မြင်လိုသည်ကိုသာမြင်၏။ မကောင်းသောအရာဟူသမျှတို့အား ဖုံးကွယ်၍ ကောင်းသောအရာတို့ကိုသာ မြင်စေတတ်၏။ ထိုကဲ့သို့ မြင်စေတတ်သောအခါလည်း စီးစုလောက်ကို မြင့်မိုရ်တောင်လောက် ကြီး၍ မြင်စေတတ်၏။

ဗညားအိမ်မှာလည်း ထိုကဲ့သို့ပင် မင်းညိုမြသည် မိမိအားသေကြောင်းကြံ၍ သတင်းပေးပြုလုပ်ခြင်း အပြစ်များပျောက်ကွယ်ပြီးလျှင် မိမိအား ရာဇဝတ်ဘေး နီးကပ်စွာရောက်လာသည်တွင် စာ



များကို ဖျောက်ဖျက်ခြင်းအားဖြင့် ကယ်ဆယ်လိုက်ကြောင်းကိုသာလျှင် တွေးတောမိ၏။ ထိုကဲ့သို့ တွေးတောမိသောအခါလည်း မင်းညိုမြ၏ကျေးဇူးသည် မိမိ၏စိတ်ထဲ၌ အတိုင်းအထွာမရှိ အသချေ်အနန္တကြီးကျယ်ပေ၏။ ထို့ကြောင့် ကျေးဇူးကို တုန့်ပြန်ပေးဆပ်ခြင်းငှာ မိမိကိုယ်ကို ပမာဏမပြုဘဲ ကယ်ဆယ်ရပေတော့မည်။ ကျေးဇူးကြောင့်ကား ဤမျှလောက် မဟုတ်ပေ။ စိတ်ထဲက တစ်စုံတစ်ခု သန့်စွမ်းသောအရာသည် မိမိအား တိုက်တွန်းနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် နက်ဖြန်နံနက်သို့ရောက်အောင် မဆိုင်းနိုင်ဘဲ အမိဖြစ်သူနှင့် နှမ ခင်ထွေးတို့ကို အရေးရှိက ထွက်ပြေးတိမ်းရှောင်နိုင်ရန် အရံသင့် ပြင်ဆင်ရန် မှာထားခဲ့ပြီးလျှင် အိမ်မှ ထွက်သွားလေ၏။ ထိုည၌ တစ်ညဥ့်လုံးလည်း မိမိသိရှိသမျှ အရာရှိအပေါင်းတို့ထံသို့ မင်းညိုမြအတွက် ကူညီမစပါမည့်အကြောင်းနှင့် လိုက်လံပြောဆိုရာ မိတ်ဆွေများက “မြို့ဝန်မင်း၏သဘောအတိုင်း ဖြစ်မည်။ မြို့ဝန်က သေစေဟု အမိန့်ရှိလျှင် သေရမည်။ ရှင်စေဆိုလျှင် ရှင်ရမည်။ သို့အတွက် မြို့ဝန်မင်းကိုသာ တောင်းပန်ပြောဆိုလေ” ဟုဆိုလိုက်ကြသဖြင့် မြို့ဝန်မင်းထံသွားတော့မည်ဟု နန်းတော်ကြီးဆီသို့ သွားသော်လည်း “မင်းဘုရားကြီး စက်တော်ခေါ်နေပြီ။ အနှောင့်အယှက် မရှိစေရ” ဟုဆိုသောကြောင့် နံနက်သို့ရောက်အောင် စောင့်၍နေရလေ၏။ ထိုည၌ပင်လည်း အိမ်သို့မပြန်ဘဲ မင်းညိုမြကို ချုပ်နှောင်ထားသော ကြည်း တိုက်အနီးတွင်ပင် ယောင်လည်လည်နှင့် အချိန်ကုန်ရလေ၏။

မိုးလင်းသည်နှင့်တပြိုင်နက် နန်းတော်ဝသို့ရောက်သော်လည်း “အတွင်းတော်သို့ မည်သူမျှမဝင်ရ” ဟု တားမြစ်၍ထားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရဘဲ နေလေ၏။ သို့သော်လည်း ဤကဲ့သို့ မဝင်ရလျှင် မင်းညီမြအား ကယ်ဆယ်ရန် လမ်းမရှိပြီဟုတွေးတောပြီးလျှင် အစောင့်အရှောက်များကို တံစိုးလက်ဆောင်ထိုးလေ၏။ သို့သော်လည်း အစောင့်အရှောက်များမှာ ဓားဒေါးနှင့် အာဏာ ကျပ်တည်းစွာထားသဖြင့် မည်မျှလောက်ပင်ပေးသော်လည်း အခွင့်မပြုနိုင်ကြောင်း တားဆီး လေ၏။ ညနေတိုင် ရောက်သောအခါ အလွန်မောပန်းလှသောကြောင့် အာဋ္ဋဝီတံခါးအနီး၌ မှိုင်တွေကာထိုင်နေလေ၏။

အတန်ကြာလျှင် အာဋ္ဋဝီတံခါးပွင့်လာ၍ တပ်သားလေးယောက်တို့သည် အလယ်တွင် လက်ပြန်ကြိုးတုပ်၍ထားသော လူတစ်ယောက်ကို ဝိုင်းရံလျက် ရှေ့က တပ်မှူးတစ်ယောက်သည် ဦးဆောင်ကာလာသည်ကိုတွေ့ရလေ၏။ ထိုလူစုကိုမြင်လိုက်လျှင် မြင်လိုက်ချင်း ဗညားအိမ်မှာ ရုတ်တရက်မိုးကြိုးစက်များ ခွင်းလိုက်သကဲ့သို့ မေ့လျော့တွေဝေ၍ ကြည့်နေလေ၏။ အလယ်တွင်ပါလာသောသူကား အခြားမဟုတ်။ မင်းညီမြပင် ဖြစ်၏။ အာဋ္ဋဝီတံခါးမှ ထွက်လာသောသူ့ခွဲကား အမှန် ရွှေလှုတ်တော်ကြီးက သေစေဟုအမိန့်ချလိုက်ပြီးဖြစ်သော ကြောင့်သာ မင်္ဂလာမရှိသောလမ်းမှ ထုတ်ဆောင်လာခြင်းဖြစ်လေသည်။ အဘယ်သို့ ကြံရပါမည်နည်းဟု တွေးတောပြီးလျှင်၊ ပွင့်၍နေသော တံခါးဆီသို့ ကပျာကယာ ပြေးဝင်လေ၏။ သို့သော်လည်း တံခါးအဝင်ဝသို့ရောက်လျှင် ဓားကြီးနှစ်စင်းသည် ထွက်၍ တားနေသောကြောင့် မဝင်ရဘဲ နေလေ၏။

ထိုအချိန်တွင် ယခင်လူစုတို့သည် ကျုံးတံတားတစ်ဖက်သို့ ရောက်ပြီးဖြစ်သောကြောင့် မြို့သူမြို့သားတို့လည်း တဖြည်းဖြည်း ဝိုင်း၍လာနေသည်ကိုမြင်ရလေ၏။ အတော် ဝေးသွားမှလျှင်ပင် လမ်းတစ်ခုလုံးကို ပြည့်နက်အောင် ဝိုင်းအုံကြည့်ရှုကြသဖြင့် တပ်မှူး





လည်း ရာဇဝတ်ကောင်ကို ဝင်၍လှသွားမည်ကို စိုးသောကြောင့် အနီးရှိ လှည်းတစ်စီးပေါ်သို့တင်၍ မောင်းနှင်သွားရပြန်လေ၏။

ထိုအချိန်သည်ကား နေဝင်၍ ညနေချမ်းသို့ရောက်ပြီဖြစ်၍ မမှောင်မီ သုသာန်သို့ရောက်ရအောင် သွားရမည်ဖြစ်၍ တပ်မှူးမှာလည်း လူစုများကို ချောက်လှန့်ပြောဆိုနေရသဖြင့် လမ်းခရီးတွင် ကြန့်ကြာလျက် နေဝင်ရီတရောသို့ကျမှ မြို့ထိပ်သို့ရောက်လေ၏။

ဗညားအိမ်လည်း အတန်ဝေးဝေးလိုက်၍သွားပြီးနောက် "ဟာ မလိုက်ပါဘူး" ဟု မိမိရှေ့တွင် အသက်ဆုံးရသည်ကို မမြင်လို၍ လူပြတ်သော လမ်းကလေးက လျှောက်၍လာခဲ့လေ၏။ ထိုအချိန်တွင် မှောင်လုဆဲဆဲဖြစ်သဖြင့် လူခြေတိတ်သောကြောင့် ဗညားအိမ်သည် အနှောင့်အယှက်မရှိဘဲ တွေးတောချင်ရာ တွေးတောလျက် လျှောက်လာခဲ့လေ၏။

ထိုအခါတွင် ဗညားအိမ်၌ မည်သူကိုမျှ အမှတ်မရ။ လမ်းကိုသာ လျှောက်၍ နေရမှန်းလည်း မသိသည့်အပြင် တစ်ကမ္ဘာလုံး ပျက်စီး၍နေသကဲ့သို့ စိတ်က ထင်ရ၏။ ဤကဲ့သို့ လျှောက်လာခဲ့ရာ အတန်ကြာကာလ "လတာပေါင်း ခပေါင်းငယ်တို့ မှည့်ချိန်တန်" ဟု အလွန်ကျယ်လောင်သော အသံဝါကြီးနှင့် ဆိုလိုက်သော သီချင်းသံကို ကြားရသဖြင့် တောင် မြောက်လေးပါး လှည့်လည်ကြည့်ရှုနေရာ နောက်မှ ပခုံးကို လူတစ်ယောက်သည် ကိုင်လိုက်သောကြောင့် ထိုလူကို လှည့်၍ကြည့်ရာ ရွှေဓားဗိုလ်ဖြစ်ကြောင်းကို သိ၍ အံ့အားသင့်ကာ ရပ်၍ကြည့်နေလေ၏။

ထိုအခါ ရွှေဓားဗိုလ်က "လာလာ။ ငေးနေဖို့ အချိန်မရှိဘူး။ မြန်မြန်လာ" ဟုဆို၍ ဆွဲငင်ခေါ်ဆောင်သွားသဖြင့် ဗညားအိမ်လည်း အကြောင်းအရာမျှ မမေးနိုင်ဘဲ ပါသွား၍ အတန်ကြာ သွားမိသောအခါ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ် လျှောက်နေသလဲ။ ယောဒီအိမ်မှာ နေရစ်ခဲ့။ ပြူတင်းပေါက်က တို့အလာကို စောင့်နေ" ဟုဆို၍ အိမ်ထဲသို့ တံခါးပိတ်၍ ထားခဲ့ပြီး လျှင်နောက်က လူနှစ်ယောက်နှင့် အိမ်ပြင်သို့ပြန်၍ထွက်သွားလေ၏။

မင်းညိုမြသည်ကား အရင်က အတွင်းဝန်သမီးဖြစ်သည့်အပြင် ယခု ဗညားအိမ်ကို မမှန်သတင်းပေးအဖြစ်ဖြင့် သတ်တော့မည်ဟု ကြားပြီး မြို့သူမြို့သားတို့သည် အလွန်ကြည့်ရှုလိုသဖြင့် တစ်မြို့လုံး လိုလိုပင် ဝိုင်းရံ၍လိုက်လာလျက် မြို့ထိပ်ကလွန်လျှင်ပင် လူ အလွန်များလျက် တပ်မှူးတို့လူစုမှာ မသွားသာဘဲ ရပ်နေရသဖြင့် မှောင်စပြု၍လာလေ၏။ ထိုအခါ တပ်မှူးမှာ လူများကိုလည်း မနိုင်၊ နောက်ကလည်း အကူမရောက်သောကြောင့် ကြံရာမရဖြစ်ပြီးလျှင် နေရာတွင်ရပ်၍ ရာဇဝတ်ကောင်ကိုသာ ဝိုင်းဝန်းထားရလေ၏။

ဤသို့အတန်ကြာနေပြီးနောက် ရွှေနန်းတော်ကြီးဆီမှ မြင်းနှင့် လူတစ်စုတို့သည် လူကြားထဲက ဖြတ်၍မောင်းလျက် လာပြီးလျှင် အနီးသို့ရောက်သောအခါ ရှေ့ကလူက "တပ်မှူး ဘယ်မလဲ။ တပ်မှူး ဘယ်မလဲ" ဟုမေးရာ တပ်မှူးမှာ အကူရောက်လာပြီဖြစ်သောကြောင့် များစွာစိတ်သက်သာလျက် "ရှိပါတယ်။ ရှိပါတယ်။ နန်းတော်ကြီး ကလား" ဟုဆို၍ လူကြားထဲမှထွက်လာရာ ယခင်သူက စာကလေး တစ်စောင်ကို ထုတ်၍ပေးလေ၏။ တပ်မှူးလည်း ဖွင့်၍ဖတ်ကြည့်ရာ—

*လူတွေအုံနေသည်ဟု သတင်းကြားသည်။ ရာဇဝတ်ကောင် ကို လုသွားမှာ စိုးရသည်။ ယခု လာသော တပ်မှူးကို*



*ရာဇဝတ်ကောင်အား လူမသိအောင် တိတ်တိတ် လွှဲပေး လိုက်ပြီး။ ပြီးတော့မှ ရာဇဝတ်ကောင်ပါ ဟန်ဆောင်ပြီး သချိုင်း ကိုမောင်းသွား။ ၎င်းတပ်မှူးက အခြားတံခါးကို ထုတ်သွား လိမ့်မည်။*

*မြို့ဝန်မင်းအမိန့်တော်*

ဟုပါလာလေ၏။ တပ်မှူးလည်း အတန်ကြာ စာကိုတစ်လှည့်၊ ပေးသောတပ်မှူးကိုတစ်လှည့်၊ ကြည့်ရင်း၊ စဉ်းစားပြီးနောက် "ကိုင်း။ မှောင်တဲ့ဘက်ကိုလှည့်သွား။ မြင်းပေါ်ကို တင်ယူသွားမယ် မဟုတ်လား" ဟုမေးရာ၊ ထိုတပ်မှူးက "လူနှစ်ယောက် ထည့်လိုက်ရင် တော်ပါပြီ။ မြင်းနဲ့ယူသွားရင် လူ မြင်လိမ့်မယ်" ဟုဆို၍ မှောင်သော ဘက်သို့ လှည့်သွားပြီးလျှင် တပ်မှူးလည်း လှည်းထဲမှရာဇဝတ်ကောင်ကို တိတ်တဆိတ်ထုတ်၍ပေးလိုက်သဖြင့် ယခင်ကတပ်မှူးလည်း ရာဇဝတ် ကောင်နှစ်ယောက်ဆွဲပြီးလျှင်၊ လူကြားထဲမှ အမှတ်တမဲ့ ထွက်သွား လေ၏။ ထို့နောက် ဦးစွာပထမ ရာဇဝတ်ကောင်ကို ယူလာသော တပ်မှူးသည် လှည်းထဲ၌ ရာဇဝတ်ကောင် ရှိသေးသည့်ဟန်ဖြင့် လူ များအား ကြိမ်းမောင်းဆဲဆို ဖယ်ရှား၍မောင်းသွားလေ၏။

ဗညားအိမ်လည်း မိမိကို ရွှေဓားဗိုလ် အဘယ်ကြောင့် အိမ်ထဲသို့သွင်း၍ထားခဲ့သနည်းဟု စဉ်းစား၍မရနိုင်သော်လည်း ရွှေဓားဗိုလ်သည် တစ်စုံတစ်ခုကိုကြံစည်၍ ထွက်သွားကြောင်းကိုသာ အတပ်သိသဖြင့် ပြူတင်းမှထွက်၍ ရွှေဓားဗိုလ်၏အပြန်ကိုစောင့်၍ နေလေ၏။ စိတ်ထဲက အလွန်ကြာသည်ဟုထင်သော်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ဘဲ ချောင်းရှောက်ကြည့်ရှုနေရာ တစ်နာရီလောက်ကြာလျှင် လမ်းကွေ့ကလေးထဲမှ လူတစ်စုတို့ ထွက်လာသည်ကိုမြင်၍ ရွှေဘားဗိုလ်တို့ချားလားဟု စိုက်၍ကြည့်နေရာ ထိုလူစုသည် အိမ်နားသို့ရောက်သည်နှင့်တပြိုင်နက် တစ်ယောက်ကို တစ်ယောက်ဖက်၍ လုံးထွေးနေကြသည်ကိုမြင်ရလေ၏။

ဗညားအိမ်လည်း အကြောင်းအသို့နည်းဟု ကြည့်နေရာ အတန်ကြာလျှင် အိမ်ရှေ့တံခါးကို ခေါက်သံကြားသဖြင့် သွား၍ဖွင့်လိုက်ရာ မိန်းမတစ်ယောက်နှင့် လူတစ်ယောက်တို့သည် ပြေး၍ဝင်လာသည်ကို မြင်ရလေ၏။ ဗညားအိမ်လည်း ရုတ်တရက်ထိတ်လန့်လျက် "ဘာလဲ။ ဘာလဲ" ဟုမေး၍ သေချာစွာကြည့်ရှုရာ စစ်ကိုင်းမြို့စားနှင့် မင်းညိုမြတို့ဖြစ်ကြောင်းကို သိသဖြင့် ရုတ်တရက်မငယ်နိုင်အောင်ဖြစ်၍ နေလေ၏။ ထို့နောက် စစ်ကိုင်းမြို့စားက "အဲဒီမှာနေကြဦး။ တို့မှာ သွားကူလိုက်ဦးမယ်" ဟုဆို၍ ကသောကမြောနှင့် ထွက်၍သွားပြန်လေ၏။

နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဗညားအိမ်မှာ မိမိနှင့်မင်းညိုမြတို့သည် ဘာမျှမစပ်ဆိုင်သည့် အကြောင်းကို မေ့လျော့လျက် "အမယ်လေး ညိုညို။ မင်းဘယ်နယ့်လွတ်လာသလဲ" ဟု မေးလျက် ပြေး၍ဖက်ပွေ့လေ၏။ မင်းညိုမြမှာလည်း ဘာမျှ ပြန်မပြောနိုင်ဘဲ ဆီး၍သာ ဖက်လေ၏။

ဤကဲ့သို့ အတန်ကြာနေပြီးနောက် ရွှေဘားဗိုလ်တို့ ဝင်လာပြီးလျှင် "ကိုင်း။ ကိစ္စငြိမ်းပြီ။ ဟိုအကောင် နှစ်ယောက်တော့ မနက်လူတွေ့မှပဲဖြည့်လွှတ်လိမ့်မယ်။ ဟား ဟား။ ဟံသာဝတီသားတွေတော့ မျောက်ကြိုးချည်ထားသလို နေဦးမှာပေါ့လေ။ ကိုင်း၊ ပြေးစရာလိုသေးတယ်။ အဝတ်လဲ" ဟုဆို၍ ဆရာတပည့်သုံးယောက်တို့သည်



အာပန်းဟာန်လက္ခဏာမရှိဘဲ တပ်မှူးအဝတ်အစားများနှင့် လူဆင်းရဲအဝတ်အစားများကို လဲလှယ်ပြီးလျှင် "ကိုင်း၊ မြန်မြန်လာကြ။ မြို့တံခါး မပိတ်သေးဘူး" ဟုဆို၍ ဗညားအိမ်လည်း မင်းညိုမြအသက်ဘေးမှ ချမ်းသာရ၍လာသဖြင့် အလွန်ဝမ်းမြောက်သောကြောင့် ဘာမျှအမှတ်မရနိုင်ဘဲ၊ လိုက်သွားတော့မည်ဟု လိုက်လာ၍ တံခါးဝသို့ရောက်သောအခါ အမိနှင့် နှမဖြစ်သူကို ရုတ်တရက်သတိရ၍ တန့်ရပ်လေ၏။ ထိုအခါ ရွှေဘားဗိုလ်က–

"ဘာလဲ"

"မေမေတို့ကျန်သေးတယ်။ သွားပေတော့"

"အို။ အခုလောက်ရှိရင် လှေကို ရောက်နှင့်ရော့မယ်" ဟုဆို၍ အိမ်မှထွက်ခဲ့ပြီးလျှင် အမြန်လာခဲ့ကြရာ၊ လမ်းတွင်လည်း ဘေးရန်ကင်း ချောက် မြို့တံခါးပိတ်လုဆဲဆဲတွင် တံခါးဝသို့ရောက်၍ ကပျာကယာ မြို့ပြင်သို့ထွက်ခဲ့ကြလေ၏။

မကြာမီပင် လှေသို့ရောက်၍ မခင်ထွေးနှင့် ၎င်းအမိတို့လည်း စိတ်တထင့်ထင့် မျှော်နေရာမှ အားလုံးပင် သိုက်မြိုက်စွာရောက်၍လာကြသဖြင့် အလွန်ဝမ်းသာရကား တစ်ယောက်ကိုတစ်ယောက်ဖက်၍ ငိုကြွေးကြလေ၏။ ထို့နောက် လှေကြိုးကို ကြိုးဖြုတ်၍ ထွက်လာခဲ့ကြရာ ရွှေဘားဗိုလ်သည် ဟံသာဝတီကိုကြည့်၍ စိတ်ထဲကသဘောကျသောဟန်ဖြင့် ပြုံးလျက် "ပြန်ချေဦးမယ်ဟေ့။ ငါကြီးတော့လည်း အထမြောက်ပြီ။ နွေဦးလည်းပေါက်ပြီ။ ခင်ခင်ကြီးလည်း အင်းဝက မျှော်လှရော့မယ်။ ပြန်ချေဦးမယ်။ နောက်တစ်ခါ အခေါ့သင့်ရင်ဖြင့် လာခဲ့ပါဦးမယ်" ဟုဆို၍ ဓားကိုမြှောက်ပြီးလျှင် လှေပဲ့မှလိုက်၍ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နေကလေးကလည်း တောင်စွယ်တွင် ကွယ်လုနီးနီးရှိ၏။ တန်ခူးလအခါဖြစ်၍ မိုးသားကလေးများလည်း တောင်ကတက်စ ပြုပြီဖြစ်ပြီး လေရူးကလေးကလည်း တောင်ကတစ်လှည့် မြောက်က တစ်ခါ တိုက်ခတ်သဖြင့် ဘုရားမှ ဆည်းလည်းသံကလေးများကိုလည်း အသွင်သွင်ကြားရ၏။ မြို့အတွင်း၌ ပွင့်လျက်ရှိသော ပိတောက်ပန်း၊ ရွှေဖီပန်း၊ ပန်းရန့်ကလေးတို့လည်း လေသိမ်းရာသို့ တလှိုင်လှိုင် မွေးလျက် ရှိကြကုန်၏။ ကျေးငှက်သာရကာတို့လည်း ပင်ပျိုထက်၌ တစ်ကောင်ကိုတစ်ကောင်ဆိတ်လျက် ဖိုမခေါ်သံများကိုလည်း ကြားရပေ၏။ ကမ်းပါးစောက်မှ စမ်းရေပေါက်ကလည်း တဖြာဖြာ တသွန်သွန်ကျ၍နေပေ၏။

ထိုကဲ့သို့ လောကဓာတ်၏ ဆန်ကျယ်လှပခြင်းနှင့် ပြည့်စုံသောညနေတွင် ဗညားအိမ်နှင့်မင်းညိုမြသည် အင်းဝမြို့ အောင်မြေလောကဘုရား ခြေရင်း၌ရပ်ခါ ဝင်လုဆဲဆဲရှိသော နေကလေးကို စိုက်၍ကြည့်နေကြလေ၏။ ယခုမှာကား ဘေးအန္တရာယ်နှင့်ဝေးရာ ချမ်းသာသောအရပ်သို့ ရောက်ပြီဖြစ်သောကြောင့် လောက၌ အပျော်ဆုံးသောသူနှစ်ဦး ဖြစ်ကြ၏။ ထိုကဲ့သို့ ကြည့်နေရင်း နေကလေးသည် တောင်စွယ်တွင် ရုတ်တရက်ကွယ်သောအခါ ဗညားအိမ်သည် မင်းညိုမြ၏ လှပကြည်လင်သောမျက်နှာကလေးကို ကြည့်လျက် "ကိုင်း၊ နေကလေးဝင်ပြီ။ နောက်ဘဝ ဆက်တိုင်းဆက်တိုင်း တွေ့ဆုံပေါင်းသင်း ရအောင် ဘုရားဖူးကြစို့" ဟုဆို၍ ပန်းနိုင်ကလေး တစ်ယောက် တစ်ခိုင်စီ ကိုင်ကာ ဘုရားဘက်သို့ လှည့်၍သွားကြလေ၏။





'မျိုးပြုတ်စေမနော်၊ မျိုးပြုတ်စေမနော်' ဟု အော်လိုက်သော အသံကြီးသည်ကား အလွန် စူးရှကျယ်လောင်လျက် ကြားရသူတို့၏နားထဲသို့ ဝင်၍သွားသောအခါ အသွေးအသားများကိုပင် ဖောက်၍ သွားသကဲ့သို့ ထင်ရလေ၏။ အော်လိုက်သောသူ၌မူကား တောင်ပို့ကလေးပေါ်တွင် ရပ်လျက် အလွန်နက်နဲစွာ အသည်းအူနှလုံး အဆုပ်ရိုးတွင်း ချဉ်ဆီတို့အကြားမှ မီးတောင်များ ပေါက်ကွဲသကဲ့သို့ တဟုန်တည်း ကြီးစွာသောနက်နဲခြင်းအားဖြင့် ထွက်လာသောကြောင့် တစ်ကိုယ်လုံးတွင် တုန်လှုပ်လျက် ဆက်လက်မပြောနိုင်ဘဲ တောင်ပို့ကလေးအောက်က ဝိုင်းရံလျက် နားထောင်နေကြသော လူများအား စိုက်ကြည့်နေလေ၏။

ထိုအချိန်တွင် ညချမ်းဆည်းဆာ နေဝင်ရီတရောအချိန် ဖြစ်၍ မှောင်လုဆဲဆဲရှိနေသောကြောင့် လယ်ကွင်းကြီးတစ်ခုလုံး အရပ်လေးမျက်နှာတွင် မှိုင်းမှိုင်းဝေရီလျက် ရှိလေ၏။ လယ်ကွင်းကြီး၏ အလယ်ရှိ ယခင် တက်၍ ရပ်လျက် အသံကျယ်စွာနှင့် ပြောနေသော တောင်ပို့ကလေးတွင် လူငါးဆယ်ကျော်မျှ ဝိုင်းဝန်းခြံရံလျက် အလယ်တွင် ယခင်လူ၏ ရှည်လျားသော ကိုယ်ကြီးသည် အများထက် မြင့်မောက်လျက် ရှိနေသည်ကို အဝေးကကြည့်ရလျှင် လူစုလူရုံးဟု မထင် ကိုင်းပင်များ ဝိုင်းရံလျက်နေသော ထန်းငုတ်ကြီးဟု ထင်မှတ်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ ငြိမ်နေပြီးမှ ယခင်လူသည် မိမိလူများအား သေချာစွာကြည့်ကာ 'ကြောက်ကြသလား' ဟုမေးရာ အားလုံးကပင် ဆောင် ဓားရှည် ငှက်ကြီးတောင်များ မြှောက်ကာ 'မကြောက်ပါဘူး' ဟု ပြန်၍ ပြောကြလေ၏။

ထိုသူက 'မဟုတ်ဘူး။ အခု သွားရမှာ အောင်မြင်ရင် ကောင်းတယ်။ မအောင်မြင်ရင်တော့ ဆွေရော မျိုးရော အသတ်ခံရ လိမ့်မယ်။ ခံရဲကြသလား။ ကြောက်တဲ့သူရှိရင် ခုက ပြန်ပေတော့။ ပြန်မယ့်သူ ရှိသလား ' ဟု မေးပြန်ရာ လူစုသည် ယခင်ကကဲ့သို့ပင် ဓားများ ကို မြှောက်ကာ 'မကြောက်ပါဘူး။ ဘယ်သူမှ မပြန်ဘူး။ သွားမယ်' ဟု ဝိုင်း၍ အော်ကြပြန်လေ၏။

ထိုအခါမှ တောင်ပို့ပေါ်က 'ကောင်းပြီ။ ညီကြစေနော်' ဟု ဆို၍ ဆင်းပြီးလျှင် ရှေ့က ခေါင်းဆောင်ပြုလျက် လယ်ကွင်းတစ်ဖက် ရွာဆီသို့ သွားကြလေ၏။

ငင်းသူသည်ကား အခြား မဟုတ်။ ကျောက်တန်းရွာ သူကြီး ဟောင်း၏သား မောင်သံခဲ ဖြစ်၏။ မောင်သံခဲသည်ကား ဟံသာဝတီ နေပြည်တော်ကြီးတွင် ငယ်စဉ်အခါကပင် သွားရောက် စာပေသင် ကြားနေရာမှ အသက် နှစ်ဆယ့်လေးနှစ်တွင် မိမိအဘဖြစ်သူ၏ ရွာသို့ ပြန်ခဲ့ရာ ကျောက်တန်းရွာပါ အပိုင်စားရသော မုတ္တမမြို့စားသည် ရွာသူရွာသားတို့အား အဆမတန်သော အခွန်များကို ကောက်ခံလျက် မပေးနိုင်သူများအား ဝါးညှပ်၍ တောင်းခြင်း စသည်တို့ဖြင့် မတရား အမျိုး နှိပ်စက်ကလူပြုလျက်နေသည်ကို တွေ့ရှိရလေ၏။ ရွာသူရွာသား များမှာမူကား ဘိုး ဘေး ဘီ ဘင်ကပင် ယင်းသို့ရက်စက် ကြမ်း ကြုတ်စွာ နှိပ်စက်ခြင်းကို ခံလာခဲ့ရသောကြောင့် အမွေအနှစ်ဖြစ်လျက် ညည်းညူတော်လှန်ခြင်းမရှိဘဲ နွား တိရစ္ဆာန်များကဲ့သို့ သခင်ပြုရာကို





သာ ကြိတ်၍ ခံကုန်၏။

သို့သော် မောင်သံခဲမှာ နေပြည်တော်ကြီးတွင် ဘုရင်၏ ဘုန်းတော်ရိပ်ကို ခိုလျက် အေးချမ်းသာယာစွာနေခဲ့ရာမှ ယခုကဲ့သို့ မတရားနှိပ်စက်ခြင်းများကို တွေ့မြင်ရသောအခါ တစ်ပါးသူများ ကဲ့သို့ သည်းမခံနိုင်သဖြင့် ထိုထွန်ကြီးမှ လွတ်ရန် အဖန်ဖန်ဟောပြော သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မလိုက်နာဝံ့။ ဤသို့ တော်လှန်ပါက အသက်ကို အဆုံးစီရင်လိမ့်မည်ဟူ၍သာ ပြောလျက် နေကြလေ၏။

သို့သော် မောင်သံခဲမှာ နေ့စဉ်ရက်တိုင်း သွားလေသမျှ အရပ်တွင် မုတ္တမမြို့စား၏ ရက်စက်ကြမ်းကြုတ်သော လုပ်ခင်း ဆောင်တာများကိုသာ တွေ့၍နေရသဖြင့် စိတ်မကြေနိုင်ဘဲ ကြိုးစား ၍ ဟောပြောပြသခဲ့ရာ ယခု သုံးနှစ်မျှကြာသောအခါ အနီးအနား ရှိ ရွာလေးရွာနှင့် မိမိရွာအတွင်းရှိ လူငယ်ဟူသမျှတို့သည် မိမိဘက်ကို ပါလျက် အသင်းအပင်းဖွဲ့ကာ ငင်း၏နောင်ကြိုးကို ဖြတ်တောက် ကျော်နင်း၍ လွတ်လပ်ခြင်းရရန်ကိုသာ တွေးတော၍နေကြပေ၏။

ငင်းနှစ် ဆောင်းရာသီသို့ရောက်၍ လယ်ယာမိုးမြေ အသီး အနှံများ ထွက်သောအခါလည်း၊ မုတ္တမမြို့စားသည် အရင်ကထက် ကြမ်းတမ်းလျက် အခွန်ခွဲဝေကောက်ခံရာ ပေးသောသူများမှာလည်း တစ်လုံးတစ်စေ့မျှမကျန် မပေးသောသူတို့မှာမူကား ကြီးစွာသော ဒဏ်ကို ခတ်သဖြင့် မသေရုံသာ ကျန်ရစ်ကုန်၏။ ထို့ကြောင့် မောင်သံခဲလည်း ရွာငါးရွာမှ မိမိလူများကို တိတ်တဆိတ်စု၍ တိုင်ပင်ကြရာ၊ နေပြည်တော်သို့ သွား၍ ဘုရင့်ရွှေနားတော်ပေါက် အောင် တိုင်ကြားမှ သင့်မည်ဟု အကြံရသည့်အတိုင်း လူငါးယောက်ကို ရွေး၍ နေပြည်တော်သို့ လွှတ်လိုက်လေ၏။ ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



ငါးဦးလည်း နေပြည် တော်သို့ ရောက်သောအခါ အကြီးအမှူးတို့ကို ကပ်လျက် ရွှေနန်း တော်ကြီးသို့ ဝင်မည်ကြံပါသော်လည်း ထိုအခါက တပင်ရွှေထီးမှာ ကုလားတစ်ယောက်နှင့် ပူးပေါင်းလျက် သောက်စား မူးယစ်ကာ အပျော်တော်ကျူး၍ နေခိုက်ဖြစ်သဖြင့် နံနက်ညီလာခံ၊ ညညီလာခံ မထွက်သောကြောင့်မဝင်ရဲဘဲ တစ်လကျော်မျှ ကြာလေ၏။ ထိုအခါ ဗျာစ်တိုင် အော်တိုင်က အော်ဟစ်မည် ကြံမိပါသော်လည်း၊ အကျိုးထူးရှိမည် မဟုတ်သည့်အဖြစ်ကို သိကြ၍ အချိန်တန်သည်နှင့် မလျှောက် ဘဲပြန်ခဲ့ရလေ၏။

ဤကဲ့သို့ နေပြည်တော်သို့ သွားသည့်အကြောင်းကို သွားစ ကပင် မုတ္တမမြို့စား ကြားသိတော်မူသဖြင့် ကိုယ်စားလှယ်ငါးဦးမှာ အပြန်တွင် ရွာဝကပင် မောင်းလည်၍ ကြိမ်ဒဏ်ခတ်စေပြီးလျှင် နောက်ထပ်မသွားနိုင်အောင် ခြေတစ်ဖက် လက်တစ်ဖက်တို့ကို ဖြတ်၍ပစ်လေ၏။ ထိုအခါ အပေါင်းအဖော် ကြံဖက် ဖန်ဖက်များ ကို ပေါ်အောင် ဝါးညှပ်၍ စစ်သော်လည်း ကိုယ်စားလှယ်ငါးဦး တို့သည် သစ္စာတည်သဖြင့် မရသောကြောင့် မောင်သံခဲတို့မှာ ချမ်းသာကုန်၏။

ထိုအကြောင်းအရာများကို ကြားသောအခါ မောင်သံခဲနှင့် အပေါင်းအဖော်များမှာ များစွာ စိတ်ဆိုးလျက် ဤတစ်ချက်တွင် ရှင်လည်းရွှေထီး၊ သေလျှင်လည်း မြေကြီးဟု ဆိုသကဲ့သို့ သေလိုသေ ရှင်လိုရှင်၊ မိမိတို့အား နှိပ်စက်သောအချက်များကို လက်စားချေမည်မှာ သိန္နိဋ္ဌာန်ချကြလေ၏။ သို့သော် မုတ္တမမြို့စားက တစ်ရွာနှင့် တစ်ရွာ အကူးအသန်း အသွားအလာ မရှိစေရ၊ သွားလာကူးသန်းပါက ကြီးစွာသော အပြစ်ဒဏ်ကို ခံရမည်ဟု စည်းကြပ် နှိပ်ကွပ်ထားသော ကြောင့် ရုတ်တရက် အကြံမမြောက်ဘဲ ရွာငါးရွာစလုံး ပူးပေါင်းမိရန်

တီတိတဆိတ် ကြံဖန်၍နေရာ၊ ယခုမှ အောင်မြင်သဖြင့် မုတ္တမမြို့စား နေထိုင်သော မုတ္တမစခန်းကို အကြမ်းစီး၍ သတ်မယ်ဟု ထွက်လာ ခဲ့ခြင်းဖြစ်လေ၏။

မောင်သံခဲတို့သည် ရွာအနီးသို့ ရောက်သောအခါ ကောင်းစွာ မှောင်နေပြီဖြစ်၍ ရွာထဲရှိ အိမ်များမှ ထွန်းညှိထားကုန်သော မီးရောင်ကလေးများကို ကောင်းစွာ မြင်ရလေ၏။ မောင်သံခဲနှင့် နောက်ပါလူစုလည်း ရွာဘေးကိုဖြတ်၍ သွားကြရာ ရွာထိပ်သို့ ရောက်သောအခါ ရွာဝမှ ထွက်၍ လူတစ်ယောက်သည် ရှေ့က တားလျက် "သံခဲ။ ဟဲ့ အကောင်။ ဘယ်သွားမလို့လဲ" ဟု မေးလိုက်ရာ မောင်သံခဲသည် မိမိအဘ ဖြစ်ကြောင်းကိုသိ၍ ရုတ်တရက် ရပ်တန့်ကာ နောက်သို့ ဆုတ်လေ၏။ ထိုအခါ ရွာသူကြီးဟောင်းက "အခု မင်းတို့ ဘယ်ကိုသွားကြမလဲ။ ငါ သိပါတယ်။ ငါ့သားများ မသွားကြနဲ့။ အဖေတို့ ကြီးပြီ။ မင်းတို့မည်သည် ကျောက်တိုင် ကျောက်ခဲပမာ ခိုင်မာတယ်။ ငါ့သားများ ဘယ်လိုပင် လုံ့မယ်ကြံ ပေမယ့်၊ လဲမှာ မဟုတ်ဘူး။ ငါ့သားများသာ ဒုက္ခရောက်မယ်။ မသွားကြနဲ့။ ငါ့စကားကို နားထောင်" ဟု တားသောအခါ မောင်သံခဲသည် ရုတ်တရက် ပြန်၍ မပြောဘဲ အတန်ကြာနေပြီးမှ "အဖေ ကျွန်တော်တို့အပေါ်မှာ သူဘယ်လောက် မတရားသလဲ။ မည်သို့ ပင် ခိုင်မာသော ကျောက်ဖြစ်စေကာမူ အောက်ခြေအမြစ် မကောင်းလျှင် လဲစမြဲပါပဲ။ သည် မုတ္တမမြို့စားလည်း မင်းပင်ဆိုရ သော်လည်း အောက်ခြေက တယ်ဆိုးတယ်။ အဖေ့သားများ ကြံရှုံ မခံနိုင်ပါဘူး။ လဲပါလိမ့်မယ်။ အဖေ ဖယ်ပါ"

"ငါ့သား အဖေတို့ ကြီးပြီ။ မင်းတို့မင်းတို့ အရွယ်မျိုးကို လွန်ခဲ့ပြီ။ သည်လို ရမယ်ဆိုရင် အဖေတို့ သည်လို ခံနေပါ့မလား။





www.burmeseclassic.com

www.burmeseclassic.com



အမေတို့သာ မဟုတ်ဘူး။ အမေတို့အမေ မင်းတို့ ဘိုး ဘီ ဘင်များ တောင် မရမှန်းသိလို့ လက်ချပြီး ခံသွားရပြီ။ အဆက်ဆက်ကမှ မတော်လှန်ခဲ့ဘူးဘဲနဲ့ မင်းတို့ကျမှ တော်လှန်မယ်ဆိုရင် မသင့်ဘူး။ မင်းတို့သာ ဒုက္ခရောက်မယ်။ မသွားကြနဲ့"

"အို အမေ၊ အမေပြောတာလည်းမှန်ပါတယ်။ နို့ပေမယ့် အမေတားလို့ မရဘူး။ ကျုပ်တို့ မသွားဘဲ နေရင် ကျုပ်တို့ အပေါင်း အဖော် များကို သစ္စာဖျက်ရာ ကျတယ်။ အမေ ဖယ်ပါ" ဟုဆို၍ အားလုံးပင် ဒူးထောက်ကာ ဦးချပြီးနောက် သူကြီးဟောင်းလည်း ထပ်၍ တားမည်အပြုတွင် အတင်းတွန်းဖယ်၍ သွားကြရာ၊ အဖိုးကြီး သည် မြေပေါ်တွင် လဲရာမှ မထနိုင်သေးမီပင် လွှတ်လပ်ခြင်းရှာသော သူငယ်တစ်စုတို့သည် ညဥ့်မှောင်မိုက်ထဲတွင် ပျောက်သွားကြလေ၏။

ငင်းနေ့ ညနေတွင်ပင် မုတ္တမမြို့ဆီသို့ လှည်းယဉ်ကလေး တစ်စီးကို မောင်းလျက် မိန်းမပျိုတစ်ယောက်နှင့် လူနှစ်ယောက် တို့သည် လာကြကုန်၏။ လူတစ်ယောက်မှာ ရှေ့က လှည်းမောင်း လျက် အခြားလူတစ်ယောက်မှာ လှည်းနောက်မြီးက ဓားလွတ် ကိုင်လျက် လိုက်လာလေ၏။ အလယ်က မိန်းမပျိုသည်ကား ကောင်းမွန်စွာ ဝတ်ဆင်ဖီးလိမ်းလျက် တစ်ခါတစ်ခါ ပါလာသော လူနှစ်ယောက်အား အမိန့်ပေးနေပုံကို ထောက်သဖြင့် ထိုလူနှစ်ယောက် ထက် အတန်းမြင့်ကြောင်းကို သိနိုင်လေ၏။

ယင်းသို့ ထင်ရသည့်အတိုင်းလည်း မှန်၏။ ထိုမိန်းမပျိုသည် ကား အခြား မဟုတ်။ မုတ္တမမြို့စား၏သမီး ခင်ဖွားငယ် ဖြစ်၏။





ခင်ဖွားငယ်သည်ကား မုတ္တမမြို့စားကြီး၏ တစ်ဦးတည်းသောသမီး ဖြစ်သည့်အပြင် အမိဖြစ်သူက ဆုံးသဖြင့် အဖဖြစ်သူက ယုယပိုက်ထွေး ကောက်ယူကျွေး၍ မွေးခဲ့ရကာ အလိုကိုလိုက်သောကြောင့် ယခု အသက် တစ်ဆယ့်ခြောက်နှစ်ကျော် တစ်ဆယ့်ခုနစ်နှစ်အတွင်းသို့ ချဉ်းပြီဖြစ်လျက် အပျိုဘဝသို့ ရောက်ပြီဖြစ်သော်လည်း ငယ်မှု မပျောက်ဘဲ အဖဖြစ်သူအပေါ်တွင် ကလေးအရွယ်ကဲ့သို့ နွဲ့ဆိုး ဆိုးတတ်၏။ ငါ မြို့စားသမီးဟဲ့ ဟူ၍လည်း အမျိုးဂုဏ် တက် တတ်ပေ၏။ ၎င်းအပြင် ရုပ်ရည်မှာပကာမှာ အတော်အတန် ချောမော လှပသောကြောင့် ယမန်နှစ် ဘုရင့်အမိန့်တော်ကြောင့် နေပြည်တော် သို့ သွားရောက်၍ ဆိုင်ရာအခွန်ဘဏ္ဍာများ သွတ်သွင်းပေးဆက်ရစဉ်က ခင်ဖွားငယ်လည်း ပါသွားသဖြင့် ရွှေမြို့တော်ရှိ မင်းညီမင်းသား မှူးကြီးမတ်ကြီး၏သား ကာလသားလူပျိုလူရွယ်များ မြင်၍ သွားသော ကြောင့် မုတ္တမမြို့စားမှာ ရွှေမြို့တော်၌ အတော်အတန် မျက်နှာပန်း သာခဲ့ပေ၏။ ဤသည်တို့ကြောင့်လည်း သမီးရော အဖပါ သွေးတက် လျက် နောက်တစ်ဖန် ဟံသာဝတီ ရွှေနန်းတွင် မင်းအသစ်တက်ပါက မုတ္တမမိဖုရားနှင့် ရေသွန်းခံတော်မူလိမ့်မည် ဟူ၍ပင် မှန်းထား ကြကုန်၏။

ယခုအခါနီးတွင် ရွာတစ်ရွာမှ မိမိဆွေမျိုးများဆီသို့ သွားရောက် လည်ပတ်ရာက အပြန်တွင်လည်း ခင်ဖွားငယ်သည် မိမိဆွေမျိုးများက မိမိအား ရွှေနန်းတော်သူ မင်းသမီးတစ်ပါးသဖွယ် အရိုအသေပြု၍ လိုက်သည်ကို မာန်သွေးတက်လျက် လိုက်လာခဲ့ရာ၊ အနောက်ဘွင် နေဝင်၍ သွားသည်ကို မြင်၍ 'ဟေ့ကိုမိုးကြီး။ ခပ်မြန်မြန်ကလေး တို့မောင်းပါ။ မှောင်နေပါ့မယ်' ဟု ပြောရာ၊ လှည်းသမားလည်း နောက်သို့ ပြန်၍ ကြည့်လျက် 'သည်ဟာကြောင့် သခင်မကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျုပ်မပြောဘူးလား။ ခပ်စောစောက ထွက်ရင် အခုလောက်ရှိ မုတ္တမကို နီးဖို့ ကောင်းပြီ'

'အို ပြန်ပြော မနေပါနှင့်။ ရှင့်နွားတွေကိုသာ ခပ်နှာနှာကလေး တို့ပြီး မောင်းပါ။ မှောင်မှ ရောက်ရင် ရှင့်ကို ဖေဖေကြိမ်းလိမ့်မယ်။ နွားအိုကြီးတွေ တပ်လာပြီးတော့' ဟု ဆို၍ နှုတ်ခမ်းစူကာ နေသောကြောင့် လှည်းသမား မိုးကြိုးလည်း ဘာမျှ ထပ်၍ မပြောဘဲ နွားကိုသာ တို့၍မောင်းလေး၏။ ဤသို့ ဘာမျှ မပြောဘဲ တိတ်ဆိတ်စွာ မောင်းနှင်လာခဲ့ကြရာ၊ ညနေဆည်းဆာ နေဝင်ရီ တရောသို့ ရောက်သော်လည်း မုတ္တမနှင့် ခရီးနှစ်တိုင်မျှ ဝေးသဖြင့် ခင်ဖွားငယ်သည် ညဥ့်အခါ ခရီးမသွားဘူးသည့်အပြင် အိမ်က မုတ္တမမြို့စား စိတ်မချမည်ကို စိုးလျက် 'ဟော၊ မှောင်လာပြီ။ ခရီးလည်း ဝေးသေးတယ်။ သူငယ်အိပ်ဆိတ်တွန်လို့ ရောက်ရင် ကံကောင်းပဲ။ မြန်မြန် တို့ပြီး မောင်းပါ' ဟုဆိုပြန်ရာ လှည်းသမားလည်း နွားများကို ခပ်မြင်းပြင်း ရိုက်၍ မောင်းလေ၏။ ညဥ့်ဘက်သို့ တဖြည်းဖြည်း ကူးလျက် တစ်စတစ်စ မှောင်လာပြီဖြစ်သောကြောင့် ခင်ဖွားငယ်သည်လည်း လှည်းပေါ်မှ ဘေးပတ်လည်ကို ကြည့်ရှု လိုက်လေရာ တစ်တိုင်ခန့်မျှ ခရီးရောက်သည်တွင် မိမိတို့ရှေ့ အတော်ဝေးဝေးတွင် ဝင်းဝင်း ထိန်ထိန် မီးတုတ်များမှ မီးများနှင့် ၎င်းတို့ အရောင်အောက်တွင်လည်း လူများသဖွယ် မည်းမည်း မှောင်မှောင် အရိပ်ယောင်ယောင် မြင်ရသဖြင့် ခင်ဖွားငယ်သည် ရုတ်တရက်လန့်လျက် 'ကိုမိုးကြိုး၊ ရှေ့က ဘာတွေလဲ။ ကိုသက်ပြင်း၊ သေသေချာချာကြည့်စမ်းပါ။ လူတွေ မဟုတ်လား' ဟုဆို၍ ပြသဖြင့် မောင်မိုးကြိုးနှင့် မောင်သက်ပြင်း တို့သည် အမှတ်မဲ့ နေရာမှ ထ၍ ကြည့်ကြရာ ထင်ရှားစွာ မမြင်ရဘဲ၊ အရိပ်အယောင်များကိုသာ





မြင်ရသဖြင့် မောင်မိုးကြိုးက 'ဟာ၊ လူတော့ လူတွေနဲ့တူတာပဲ။ နီးမေမယ့် များလှချည်ကလား' ဟုပြောရာ ခင်ဖွားငယ်က 'ဘယ်က လူတွေလဲ။ အချိန်မတော် ဘယ့်နှယ်စုနေကြသလဲ၊ တစ်ခုခု အရေးများ ဖြစ်လေရော့သလား။ သည်အချိန် တစ်ရွာနှင့်တစ်ရွာကူးဖို့ ကိစ္စလည်း ရှိမယ်မဟုတ်ပါဘူး။ ကိုသက်ပြင်း နည်းနည်းကြောက်ရတယ်။ လှည်းကို ကွေ့မောင်းရရင် မကောင်းလား' ဟု ပြောရာ၊ လှည်းနောက်က စောင့်ကြပ်၍ လိုက်သော မောင်သက်ပြင်း 'အို ကြောက်စရာ မရှိတာ၊ ကြောက် နေပြန်ပါပြီ။ ဘာကြောက်စရာရှိသလဲ။ ဒီ အကောင်တွေ ကျုပ်တို့ကို မရမ်းဝံ့ပါဘူး။ တည့်တည့်သာ မောင်းပါ။ ကွေ့မောင်းရင် ကြာနေမယ် ဟုဆိုသဖြင့် ဆက်လက်၍ မောင်းလာခဲ့ရာ၊ မီးများ အနီးသို့ ရောက်သောအခါ လူစု အလွန်ကြီးမားကြောင်းကို သိရလေ၏။

သို့သော်လည်း မောင်းမြဲ အတိုင်း လမ်းကဖြတ်၍ မောင်းရာ လှည်းကိုမြင်လျှင် လူစုကြီးသည် ရုတ်တရက်ခွဲ၍ ပေးလိုက်ပြီး နောက် အလယ်သို့ ရောက်မှ ပြန်၍ စုပြီးလျှင် လှည်းဦးက ဆီးတားလျက် 'ရပ်ဦး၊ ရပ်ဦး။ ဘယ်က ဘယ်သူ့လှည်းလဲ။ ဘယ် သွားမလို့လဲ' ဟု မေးရာ နောက်က မောင်သက်ပြင်းသည် ရှေ့သို့ တက်လာပြီးလျှင် 'ဟဲ့ အကောင်တွေ။ စော်ကားလို့ သေချင်ကြ သလား။ သည်ဟာ မြို့စားကြီးရဲ့သမီး လှည်း။ ရှောင်ရှောင်" ဟု ဆို၍ ဓားနှင့်ယမ်းကာ အတင်းမောင်းလေ၏။ သို့သော်လည်း ရှေ့ကလူသည် မဖယ်ဘဲ 'ဪ မြို့စားကြီးသမီးလား။ ဟာ အဆင်သင့်ပဲ ဘယ်မှာလဲ ဘယ်မှာလဲ' ဟု ဆို၍ မီးတုတ်ကို ကိုင်ကာ လှည်းဘေးသို့ လှည့်၍သွားမီလေ၏။ ထိုအခါ မောင်သက် ပြင်းမှာ တောသား လူသရမ်းများနှင့် တွေ့နေကြောင်းကို သိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိစောင့်ကြပ်၍ လိုက်လာရသော ခင်ဖွားငယ်အတွက် စိုးရိမ်သော ကြောင့် 'ဟေ့ မဖယ်ဘူးလား၊ ဖယ်မလား' ဟု ဆို၍ လှည်းဦးက ဆင်းပြီးလျှင် ဓားနှင့် ယမ်းလေ၏။ အမှတ်မဲ့သော် လှည်းဦးက ထားနေသော လူစုသည် ကွဲသွားရာ လှည်းဘေးက မီးတုတ်ကြီးကို ယမ်း၍ပြကာ၊ 'ဟေ့ ကြောက်သလားကွ၊ တင်းလိုက်ပါလား။ ဒီသပေါက်ကို စီရင်လိုက်ပါလား' ဟု ဝေါက်ငန်းလိုက်မှ လူစုသည် ပြန်၍ တက်လာလေ၏။ မောင်သက်ပြင်းလည်း လှည်းဦးကိုခွလျက် အတင်းနင်း၍ ခုတ်သော်လည်း လူတစ်ကျိပ်မှ ရကျမီ မိမိအား လှုပ်ငင်းမိ၍ တုတ်နှင့် တစ်ယောက်တစ်ချက် ချမိလျှင်ပင် ဓားလက်လွတ်လျက် မြေတွင် ပုံလျက်လဲနေ၏။ လှည်းသမားမှာမူ လှည်းပေါ်က တောင်းပန်၍ နေလေ၏။

ယခင် လှည်းဘေးကလူလည်း မီးတုတ်ကြီးနှင့် လှည်းပေါ်သို့ တက်၍ လာရာ လှည်းပေါ်တွင် မှန်း၍နေသော ခင်ဖွားငယ်မှာ အလွန်ကြောက်လန့်လျက် ခေါင်းမြီးခြုံ၍ နေလေ၏။ ထိုသူလည်း ခင်ဖွားငယ်ကိုမြင်လျှင် 'ဟောသည်မှာ သခင်မကလေး။ အမယ် ခေါင်းမြီးခြုံကြီးနဲ့ပါကလား။ အို တဆိတ် ကျွန်တော်မျိုးတို့ ကြည့်မဲပါ ရစေဗျာ' ဟုဆိုကာ ခေါင်းမြီးခြုံ အတင်းဆွဲ၍ ထူလေ၏။ ခင်ဖွားငယ်မှာ ထိုသူ၏ ကြမ်းတမ်းသော လက်ကြီးနှင့် ဆွဲထူသည်ကိုပင် အစိမ်းသရဲဆွဲသကဲ့သို့ ထင်ရလျက် 'မကိုင်နဲ့ မကိုင်နဲ့။ ကျုပ်ကို မကိုင်ပါနဲ့' ဟုဆို၍ ရုန်းပါသော်လည်း မရ။ အတင်းအဓမ္မဆွဲကာ ထူလျက် ပခုံးကို ဖက်ပြီးလျှင် မီးတုတ်ဖြင့် မျက်နှာအနီးသို့ ကပ်၍ မြှလျက် 'ဟော၊ ကြည့်လိုက်ကြကွယ်တို့။ မြို့စားသမီး သခင်မကလေး ပေါ့။ တို့ ကျွဲလိုနွားလို လုပ်ရတဲ့ ငွေတွေယူပြီး၊ သူ သည်ပိုးထမီ တွေ ရွှေလက်ကောက်တွေ ဝတ်နေတာပေါ့။ သခင်မကလေး





ကျုပ်တို့ကို ကျေးဇူးတင်ဖို့ ကောင်းတယ်။ ကဲ လှလိုက်ပါကလား။ လာ လာ၊ တစ်ခါ နမ်းပါရစေ" ဟု ဆို၍ အတင်းဖက်ယမ်း နမ်းရှုပ် ရာ ခင်ဖွားငယ်မှာ ဤသို့ အောက်ကျသော လယ်သမား သားက မော်၍မျှ အကြည့်မခံခဲ့ရဘဲ ယခု အတင်းအဓမ္မ နမ်းရှုပ် ခြင်းကိုပင်ပြုသောကြောင့် ပါးပြင်တစ်ခုလုံးတွင် မီးတင်၍ မြိုက် သည်ဟု ထင်လိုက်ရပြီးလျှင် စိတ်ကလည်း ကြီး ရှက်ကလည်း ရှက်သောကြောင့် သွေးအတက်လွန်ပြီးလျှင် မေ့လျော့လျက် ထိုလူ၏ အပေါ်တွင် နွဲ့ခွေပျော့အိလျက် လဲလေ၏။

တစ်ဖက်မှ 'ပြေးဟေ့။ ပြေးကြ ပြေးကြ' ဟု အော်သံကြား လိုက်ရပြီးနောက် လှံများဖြင့် အတင်းနင်း၍လာသော တပ်တော်သား များကို မြင်သဖြင့် ခင်ဖွားငယ်ကိုပစ်ခဲ့ပြီးလျှင် ကစဉ့်ကရဲ ပြေးကြ လေ၏။ အချို့လည်း လှံထိသဖြင့် သေ၍ ကျန်ရစ်ကြလေ၏။

ယင်းကဲ့သို့ ခင်ဖွားငယ်အား မုတ္တမမြို့စားက စိတ်မချနိုင်သဖြင့် လွှတ်လိုက်သော တပ်သားများက ဝင်ရောက်ကယ်ဆယ်၍ ယူသွားရာ ခင်ဖွားငယ်မှာ မေ့လျော့နေသည်မှတပါး ဘာမျှ မဖြစ်ချေ။ မောင် သက်ပြင်းမှာ ထိုနေရာတွင်ပင် အသက် ထွက်နေလေ၏။ လှည်း သမားမှာလည်း အတန်ကြာ မေ့မြောနေလေ၏။ ထို့နောက် သတိရ၍ မြို့စားမင်းက စစ်ဆေးရာ၊ လူစုထဲတွင် မိမိသိသမျှလူများကို ထုတ် ဖော်ပြောရာ၌ မောင်သံခဲလည်း ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုတ္တမမြို့စားလည်း မိမိ ချစ်ခင်ယုယလှသော သမီးအား ယင်းသို့ ကျူးလွန်စော်ကားလိုက်သည်ကို အမျက်ပြင်းစွာ ထွက်သဖြင့် နောက်တစ်နေ့တွင်ပင် ရွာငါးရွာရှိ လူများကို စစ်ဆေးဖမ်းဆီးပြီး လျှင် ကြိမ်ဒဏ် တစ်ရာစီ ချလေ၏။ ထိုနေ့သည်ကား ရွာငါးရွာတွင် အလွန်ရက်စက်ကြမ်းကြုတ်သော ရာဇဒဏ်ကြောင့် ချောက်ချားလှ မတတ်ဖြစ်လေ၏။ မောင်သံခဲကို လိုက်၍ ဖမ်းစေရာ မည်သည့်နေရာမှ မတွေ့နိုင်သဖြင့် အဖဖြစ်သူ သူကြီးယောင်းကို ဖမ်း၍ ကြိမ်ဒဏ် ရိုက်စေရာ ဒဏ်ပြင်းသဖြင့်၊ ၎င်းနေ့တွင်ပင် အပြစ်မရှိသော်လည်း သားမိုက်အတွက် အသက်ဆုံးရှုံးရရှာလေ၏။ မောင်သံခဲကိုမူကား မည်သို့မျှ ရှာ၍မတွေ့ဘဲ မုတ္တမနယ်မှ လုံးလုံးကြီး ပျောက်၍ သွားလေ၏။

အထက်က ဖော်ပြခဲ့သော အချင်းအရာများ ဖြစ်ပျက်ပြီးသည့် နောက် ငါးနှစ်လောက်မျှ ကြာသောအခါ တပင်ရွှေထီး နတ်ရွာစံပြီး၍ ဟံသာဝတီပြည်ကြီးတွင် ကြောက်မက်ဖွယ်ရာ နိုင်ငံတော် ပျက်ပြား လုခမန်း၊ တုန်လှုပ်ချောက်ချားထကြွနေစဉ် တစ်နေ့သော ညနေ နေဝင်ရီတရောအချိန်၌ အထက်မြန်မာပြည် အင်းဝနေပြည်တော်ကြီး နှင့် မနီးမဝေး ရွာကလေးတစ်ရွာဆီသို့ လှေကလေးတစ်စင်းနှင့် လူ နှစ်ယောက်တို့သည် ဆန်တက်၍လာကြလေ၏။ ထိုအချိန်တွင် နှင်းများကလည်း မှိုင်းဝေစ ပြုပြီးဖြစ်၍ မိမိတို့ရှေ့ ရေပြင်မှတပါး အခြားအရာများကို မမြင်ရဘဲ ရှိလေ၏။

ယင်းသို့ မြစ်ညာကို ဆန်၍ တဖြည်းဖြည်းလှော်လာရာ၊ မှောင်သည်ထက် မှောင်၍လာသော်လည်း မိမိတို့ ရောက်ပိုသော





ရွာကလေး၏ အရိပ်အခြေည်ကိုမျှ မမြင်ရသေးသဖြင့် လှေဦးကပင် တင်ပင်ငင်နှင့် ရွာကို မြင်နိုးနိုးနှင့်ကြည့်၍ လိုက်လာသောသူက 'ဟဲ့ လှေသမား၊ လွန်များလာပြီလား' ဟုမေးရာ၊ ပဲ့က လှော်၍လိုက် လာသူ အဝတ်စုတ်များကို ချုပ်စပ်ဖာထေး၍ ဝတ်ထားသော လှေသမား က 'မလွန်သေးပါဘူး။ သူဌေးမင်း။ မစိုးရိမ်ပါနှင့် တော်တော်ကြာ ရင် ရောက်ပါလိမ့်မယ်" ဟုဆိုလျက် ဆက်၍ လှော်ခဲ့ရာ တစ်နာရီလောက်မျှ ကြာလျှင်ပင် မိမိတို့ လက်ဝဲဘက်ကမ်းက မီးရောင်ကလေးများကို မြင်ရကြလေ၏။ လှေသမားလည်း 'ဟော၊ ရောက်လာပြီ" ဟု ဆို၍ ကမ်းသို့ ကပ်လေ၏။

လှေကို တော်သင့်ရာ ငုတ်တစ်ခုတွင် ချည်နှောင်ထားခဲ့ကြ၍ ကမ်းပေါ်သို့ ရောက်သောအခါ ယခင်သူဌေးအခေါ်ခံယူသူသည် ဗုဆိုးစကြီးကို ခေါင်းမြီးခြုံလျက် 'ကိုင်း၊ တံငါသည် မောင်မြှားအိမ်ကို မင်းသိတယ်မဟုတ်လား"

"သိပါတယ်"

"ကဲ၊ ကောင်းပြီ။ အဲဒီကိုသွား" ဟုဆိုသဖြင့် လှေသမားသည် ရှေ့က လမ်းပြလျက် ရွာထိပ်ကမ်းနဖူးကို လျှောက်ခဲ့ကြရာ များမကြာမီပင် ဝါးဖြင့် ဆောက်လုပ်ထားသော တံငါအိမ်ကလေး တစ်အိမ်ရှေ့သို့ ရောက်ကြ၍ အတန်ကြာရပ်၍ ကြည့်နေပြီးမှ "အို၊ ဗျို့၊ ကိုမြှားရဲ့ ကိုမြှား" ဟု အိမ်ရှေ့မှ ခေါ်ရာ၊ အိမ်ထဲမှ မီးခွက်တစ်ခုကို ကိုင်လျက် လူတစ်ယောက်သည် ထွက်လာ၍ "ဘယ်သူများလဲ"

"ကျုပ်တို့ပါ သူဌေးများပါ"

"သြော် သြော်၊ ဝင်ခဲ့ကြ ဝင်ခဲ့ကြ။ ဟဲ့ခွေး၊ "သွား၊ တယ် ဒီအတောင်ကြီးဟာ၊ လူမြင်တိုင်းသာ ဟောင်တော့တယ်၊ လာကြပါ လာကြပါ" ဆိုသဖြင့် ဝင်၍ လိုက်သွားကြပြီးနောက် အိမ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ရောက်လျှင် သူဌေးအခေါ်ခံသူက "လှေသူကြီးရှိရဲ့လား"

"ရှိပါတယ် ခင်ဗျာ၊ ရှိပါတယ်။ ဟိုဘက်အခန်းထဲမှာ သူလည်း အခုပဲ ရောက်လာတယ်။ အရန့်သင့်ပါပဲ"

"ကောင်းပြီပေါ့။ လှေသမား အခြားမသွားနဲ့ ။ အခုည ထွက်ချင်ရင် ပြန်ထွက်ရမယ်။ ဒီမှာ အိပ်နေ၊ သိရဲ့လား"

"ကောင်းပါ ခင်ဗျား ကောင်းပါ" ဟုဆိုလိုက်၍ သူဌေး အခေါ်ခံသူသည် ယခင်တံငါသည် ညွှန်ပြရာ အခန်းကလေးထဲသို့ ဝင်သွားလေ၏။ လှေသမားလည်း သူဌေးဝင်သွားသောအခါ မီးဖိုများ တွင် အတန်ကြာ ထိုင်၍နေပြီးမှ ပိုက်ကွန်ပြင်ဆင်၍နေသော တံငါ သည်ဘက်သို့လှည့်ခါ "ကိုမြား၊ ဆေးတစ်ငုံစာရှိရင် ပေးစမ်းပါ" ဟု တောင်းလေရာ မောင်မြားလည်း မိမိအိတ်ကို အတန်ကြာ စမ်းကြည့်ပြီးမှ "သြော်၊ မရှိဘူးထင်တယ်"

"ဒီဟာဖြင့် ဘယ်မှာရပါမလဲ။ ဆေးငုံချင်တယ်။ သြော်၊ ဒေါ်ဖိုးတို့ မအိပ်သေးရင်တော့ ရဦးမှာပဲ။ ကျုပ်သွားမယ်။ သူဌေးမင်း မေးနေရင် ဆေးဝယ်သွားတယ်ပြောလိုက်ပါ" ဟု ဆို၍ အိမ်ပြင်သို့ ထွက်သွားလေ၏။

ယခင် သူဌေးအခေါ်ခံသူသည် အခန်းတွင်းသို့ ဝင်သွားရာ မီးတိုင်အောက်တွင် ထိုင်၍ လက်ဖက်ရည်သောက်ရင်း စောင့်နေသူက "သြော်၊ လာပြီလား။ ငါလည်း ခုပဲရောက်တယ်" ဟု ဆီးကြို၍ ပြောရာ၊ ယခင်သူက အနီးသို့ကပ်၍ ထိုင်လျက် "ဟန်ကျရဲ့လား"

"ဟန်တော့ကျပါရဲ့။ အတော်ရှာရတယ်"

"သေသေချာချာပြောခဲ့ရဲ့လား"

"ပြောခဲ့ပါတယ်"

"သေသေချာချာလုပ်မှပဲ၊ ဦးမင်းဘုရားကြီးလူက ယုံရပါ





မလား"

"အောင်မယ်၊ ယုံရပါတယ် မောင်သံခဲရဲ့" ဟု ပြန်၍ ပြောလိုက်ရာ မောင်သံခဲကလည်း ပါးစပ်ကို လက်နှင့်ပိတ်ခါ ပြလျက် တောင်မြောက်လေးပါး လှည့်လည်ကြည့်ရှုပြီးမှ "မောင်သံခဲ လို့ မခေါ်ပါနဲ့။ ကြားသွားမှဖြင့် အကြံပျက်ကရော့မယ်။ ဒီမှာ သူဌေးမင်း မောင်စိန်အုပ်လို့ ပြောထားတယ်"

"ဘာလဲ ။ မင်းတရားကြီးရဲ့ ဆုငွေတော်အတွက်လား။ မပူပါနဲ့။ သင်းတို့ ဟံသာဝတီရောက်လို့ မြို့ဝန်လက်ကိုအပ်ပြီးရင် တစ်ခါတည်း ထုတ်ရပါလိမ့်မယ်"

"ဆုတော်ငွေတွေဘာတွေကို ငါ မမက်လှပါဘူး"

"နို့၊ ဘာလဲ"

"ငါ ပြောပြမယ်။ ဒီအကောင်တွေကို မင်းခေါ်သွားတော့ သူတို့နောက်က ရွှေဓားဗိုလ်ဆိုတဲ့အကောင် ပါလာလိမ့်မယ်။ ရွှေဓားဗိုလ်ဆိုတာ ကြားဖူး သလား"

"ကြားဖူး ပါတယ်"

"အဲ ငါ သူ့ကို ဖမ်းဖို့ ကြံတာ လေးငါးခါရှိပြီ။ အခုထက်ထိ မမိနိုင်သေးဘူး။ သူ့အတွက်လည်း ငါအရှက်ကွဲလှပြီ။ ဒီတော့ ဒီတစ်ခါ သင်းလိုက်လာရင်တော့ ငါ့လက်က လွတ်မှာ မဟုတ်ပါဘူး။ နို့ပေမယ့် ဒီအကောင်က တယ်ဉာဏ်များတဲ့အကောင်ကွယ့်။ ယီတီး ယားတားနဲ့မရဘူး။ ကြံအား ဖန်အား ကောင်းကောင်းလိုတယ်။ ဒီတော့ မင်းအကောင်များကို ဟံသာဝတီကို တစ်ခါတည်း ခေါ်မသွား ပါနဲ့။ ဒဂုန်မှာထားပြီး၊ သင်းဒဂုန်ကို လိုက်လာရင် ဒဂုန်မြို့ဝန်နဲ့ ပူးပေါင်းပြီး ငါ ဖမ်းပါမယ်။ မင့်ဆုငွေတော့ စိတ်ချပါ ရပါစေ မယ်။ ဒီအကောင်ကို မိလို့ ငါ ဟံသာဝတီမှာ တန်ခိုးကြီးလာရင်



www.burmeseclassic.com

www.burmeseclassic.com



မင့်ကို တို့ မြှောက်စားပါမယ်။ ကြားရဲ့လား။ ဒဂုန်မှာ မင်ဓာလည်း မြို့ဝန်ကို ကူပြီးပြောရမယ်။ ဟုတ်ကဲ့လား" ဟု သံအမတ်က ပြောပြသောအခါ မောင်သံခဲမှာ ဦးစွာပထမ ရွှေဘားမိုလ်၏ အကြောင်းကို မတွေးတောမိသဖြင့် မိမိလိုသောသူများအား ဟံသာဝတီသို့ ရောက်အောင် ဆောင်ကြဉ်းနိုင်က မိမိရန်ငြိုးအလွယ်တကူနှင့် ကြေလိမ့်မည်ဟု ထင်မှတ်သော်လည်း ယခု သံအမတ်က ပြောပြမှ ဟံသာဝတီ နေပြည်တော်တွင် တသိမ့်သိမ့် ကျော်စောနေသော မြတ်လေးရွှေဘားမိုလ် ကို သတိရ၍ ထိုသူဝင်ရောက်ကယ်ဆယ်ပါက မိမိတစ်သက်ပန်လုံး ကြံစည်ခဲ့သမျှ ပျက်ရတော့မည်ဖြစ်၍ များစွာ စိုးရိမ်လေ၏။ ထို့ကြောင့် သံအမတ်ပြောသည့်အတိုင်း ၎င်း၏ အကြံကို ဖြည့်စွက်ရန် မိမိအကြံကို နှောင့်နှေး၍ မထားလိုသော်လည်း မိမိတစ်ယောက်တည်းသာ ကြံစည်ရပါမူ အင်းဝသားတို့ နိုင်ငံစွန့်ခါမှ လွတ်အောင် ပြေးနိုင်မည်မဟုတ်သောကြောင့် "ကိုင်း၊ကောင်းပါပြီ။ မင်းတရား ကြီး ထားစေချင်ရင်လည်း ထားရတာပေါ့။ ဒီကသာ လှေနဲ့အသင့် စောင့်နေပေတော့။ အခုည ကျုပ် အင်းဝကို ပြန်မယ်"

"ကောင်းပြီ၊ အဆင်သင့်ရှိပါ့မယ်။ သွားပေတော့" ဟု ဆို လိုက်သဖြင့် မောင်သံခဲသည် အိမ်ခန်းထဲမှ ထွက်လာ၍ မီးဖိုနား တွင် ငိုက်မျဉ်းနေသော လှေသမားအား နှိုးလျက် "ကိုင်း၊ အင်းဝ ကို အခုပြန်မယ်" ဟု ဆိုပြီးလျှင် လှေထားခဲ့သော လှေဆိပ်ကို ဆင်းသွားကြလေ၏။ လှေသမားလည်း ရေဆိပ်တွင် လှေကို ဆင်း၍ရှာပြီးနောက် အတန်ကြာကာလ ပြန်လာ၍ "လှေ ရှာမတွေ့ ဘူး သူဌေးမင်းရဲ့။ ခိုးသွားပြီထင်တယ်"

"အို ဘယ်လူလာခိုးမလဲ။ သေသေချာချာ ကြည့်စမ်းပါဦး"

"မရှိပါဘူး။ ဆိပ်မှာလည်း လှေတစ်စင်းမှ မရှိဘူး။ ဘာဖြစ်



ကုန်သလဲ။' မျောများကုန်သလားမသိဘူး"

"ကိုင်း ဒီဟာဖြင့် ရွာထဲကို သွားပြီး တခြားလှေကို ငှားမှ ပဲ" ဟုဆို၍ ရွာထဲသို့ သွားကြရာ အချိန်မတော်ဖြစ်သဖြင့် မည်သူ မှ မလိုက်လိုကြောင်းကို တွေ့သဖြင့် မောင်သံခဲသည် အင်းဝသို့ လှေမရလျှင် နံနက်စောစော မရောက်နိုင်သောကြောင့် များစွာစိတ်ဆိုး ကာ နောက်က လှေသမားကို များစွာ ကြိမ်းမောင်းဆဲရေးပြီးနောက် "မင်းသွားတော့။ ငါမလိုချင်တော့ဘူး"

"နို့၊ သူဌေးမင်း ကျုပ်လှေကလေး"

"အို၊မင်းလှေ မင်းကြောင့် ပျောက်တာ။ ငါ့ကို ဘာပြောချင် သေးသလဲ။ မင့်ကြောင့် ခရီးဖင့်နေပြီ။ သွားသွား၊ ကြာကြာနေရင် ငါရိုက်မိလိမ့်မယ်" ဟု ဒေါသကြီးစွာနှင့် ကြိမ်းမောင်း၍ လွှတ်လိုက် သောကြောင့် အလွန်ကြောက်ရွံ့သောဟန်ဖြင့် နောက်ထပ် ဘာမျှ မပြောဘဲ ရွာဆီသို့ ပြန်သွားလေ၏။ သူဌေးမောင်စိန်အုပ် အမည်တွင် သော မောင်သံခဲလည်း လှေသမားပြန်သွားသည်ကို နောက်က ကြည့်နေလိုက်၍ အုံ့မှိုင်းနေသော နှင်းကြားထဲတွင် လှေသမား၏ မည်းနက်သော ကိုယ်ကြီး ပျောက်သွားမှ မိမိလည်း တည်းခိုနေရာသို့ သွားမည်ဟု တစ်ဖက်သို့ လှည့်လိုက်လေ၏။ လှည့်လိုက်လျှင် လှည့်ခြင်း မိမိနောက် လှေသမား ပျောက်သွားရာ အရပ်မှ "ဟား ဟား ဟား ဟား" ဟု ကျယ်လောင်သော အသံဝါကြီးနှင့် ရယ်မော လိုက်သည်ကို၊ ကြားလိုက်ရသဖြင့် ရုတ်တရက် ဆန်းကျယ်လှသဖြင့် အချိန်မတော် ဟစ်ယောက်တည်းတည်း ဖြစ်သောကြောင့် ကြက်သီး မွေးညှင်းများထကာ နောက်သို့ ရုတ်တရက်ပြန်၍ ကြည့်လေ၏။ အတန်ကြာ ကြည့်နေ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မမြင်မှ အနည်းငယ် အလန့်ပြေကာ "ချေးမသား အဖူးခေါ်လာမိရက်ဖြစ်

www.burmeseclassic.com



နေတယ်" ဟု လေသမားအား၊ စိတ်ဆိုးပြီးလက်စနှင့် ကြိမ်းမိကြိမ်းရာ ကြိမ်းမောင်းဆဲဆိုလျက် တစ်ဖက်လမ်းကလေးသို့ ကွေ့၍ သွားလေ၏။

"ခင်ရယ်၊ ခင့်ကို တွေ့ဖို့ပဲအချက်ကို လိုက်ရှာနေတယ်။ ဘယ်မှာမှ မတွေ့နိုင်ဘူး။ အခုမှပဲ တွေ့ရတော့တယ်"

"အို နေပါဦး။ မေမေနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ။ အရင်နေ့ ခင်တို့နဲ့ နန်းတော်ဦးမှာ မတွေ့ကြခင် နှစ်ရက်လောက်ကပဲ ခင့်မေမေကြီးနဲ့ တွေ့တယ်"

"ဘယ့်နှယ်လဲ"

"မရပါဘူး ခင်ရယ်။ ဘယ့်နှယ် နည်းနဲ့မှ မရပါဘူး။ မောင့်ဆရာ မင်းတုန်းမောင်မောင်ကြီးလည်း လွှတ်ပြီး အကျိုးအကြောင်းနဲ့ ပြောအပြနိုင်းတယ် မရဘူး။ လူချင်းချစ်ရင် နောက်သည်စကားနဲ့ မလာပါနဲ့တော့လို့သာ ဆိုလွှတ်သတဲ့။ မောင် သွားပြန်တော့လည်း စကားတောင် ဆုံးအောင် နားမထောင်ဘူး။ ခင် ဘယ့်နှယ် လုပ်ကြမလဲ။ ခင့်မေမေကတော့ ဘယ်နည်းနဲ့မှ ပေးစားမှာ မဟုတ်ဘူး"

ရည်းစားဖြစ်သူ မောင်မောင်တွေးက ပြောပြသောအခါ ခင်ဖွားငယ်မှာ များစွာ စိတ်ပျက်လျက် မည်သည့်စကားကိုမျှ ပြန်၍ မပြောဘဲနေလေ၏။

နတ်မောက်မြို့စား မောင်မောင်တွေးနှင့် ခင်ဖွားငယ်တို့ကား အင်းဝနှင့် ဟံသာဝတီမျိုးချင်း မတူကြသော်လည်း၊ ရှေးရေစက်က မှန်သဖြင့် ဟံသာဝတီမုတ္တမ စသည်တို့တွင် မငြိမ်မသက် ကာလကြီး





ဖျက်သဖြင့် အဘက်ဘေားမှ ချမ်းသာလေအောင် မုတ္တမမြို့စားနှင့် ခင်ဖွားငယ်တို့ အင်းဝရွှေမြို့တော်ကြီးသို့ ထွက်ပြေးတိမ်းရှောင် လာရောက်ခိုလှုံစကပင် မြင်လျှင်မြင်ချင်း ချစ်ကြိုက်ပြီး ရည်းစား ဘဝသို့ ရောက်ကြသောသူများဖြစ်ပေ၏။

ယင်းကဲ့သို့ သူငယ်ချင်းဘဝ ချစ်ကြိုက်နေကြ၍ ခြောက်လ လောက်မျှ ကြာလျှင်ပင် မောင်မောင်တွေးသည် ခင်ဖွားငယ်အား အဖထံတွင် တောင်းဆိုရန် ခွင့်ပန်ပြီးလျှင် သွားရောက်တောင်းဆို လေ၏။ သို့သော် ငြင်းပယ်၍ လွှတ်သောကြောင့် အဖအခွင့်မပြု သော် ခိုးရာလိုက်ခဲ့ရန် ပြောကြားရာ ခင်ဖွားငယ်က ယင်းသို့ လိုက်၍ မသင့်လျော်သေး ဟုဆို ငြင်းပယ်သော်လည်း မောင်မောင် တွေးသည် မထင်ရှားသော သူတစ်ယောက်ဖြစ်သောကြောင့် ငြင်း ပယ်ဟန်တူသည်။ မိမိတို့ အမျိုးကား အမျိုးဂုဏ်မာနတက်တတ် သည်။ ထို့ကြောင့် အတန်းတူထင်ရှားအောင်သာ ကြံဝါဟု မှာကြား သဖြင့် မောင်မောင်တွေးလည်း ခင်ဖွားငယ်တို့ကား မျိုးရိုးကြီးသူများ ဖြစ်သောကြောင့် မှန်ပေသည်ဟု တွေးမိသည် တစ်ကြောင်း၊ အကယ်၍ ဤအဖြစ် ဤဘဝနှင့် ပြောဆို၍ရသည့် တိုင်အောင် အမျိုးဂုဏ်ရှိလျက် မိမိလက်သို့ရောက်မှ မိမိကြောင့် မိမိချစ်သူဂုဏ်မငယ်စေလိုသည့် စေတနာကတစ်ကြောင်း၊ ဤအကြောင်းများကြောင့် ရွှေနန်းတော်ကြီး တွင် ခါတိုင်းထက် လုံ့လပြုလျက် ကြိုးစားခဲ့ရာ များမကြာမီပင် ဘုရင့် မျက်နှာသာတော်ရ၍ မြို့စားကလေး၏ အဆောင်အယောင်နှင့် ချီးမြှင့်သနားတော်မူခြင်း ခံရလေ၏။ ဤသို့ မြို့စားကလေးဖြစ်လျှင်ပင် ချစ်ခင်သူနှစ်ဦးမှာ မိမိတို့ အလိုပြည့်တော့မည်ဟု များစွာ အားရ ဝမ်းသာလျက် ဤအခါကား မုတ္တမမြို့စားကြီးသည် သဘောတူမျှ တော့မည်ဟု မျှော်ကိုးကာ သွား ရောက်ပြောဆိုလေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီး မြို့စားကတော်လုပ်ဖို့ မဟုတ်ဘူး" ဟုဆိုလိုက်သဖြင့် ချစ်သူနှစ်ဦးမှာ များစွာ စိတ်ပျက်လျက် အကြံခက်လေ၏။ သို့သော် ခင်ဖွားငယ်က "ကိုမောင်ထွေး ရယ် ကိုမောင်ထွေးကို ခင် ဘယ်လောက်ချစ်တယ်ဆိုတာကို သိပါ တယ်။ ခင်ချည်းသာဖြင့် အို ဘာမှ ပြောစရာမရှိဘူး။ ကိုမောင်ထွေး သိတဲ့အတိုင်း ခင်တို့မှာ မင်းမျိုးဖြစ်ပါတယ်။ ဒီတော့ ခင့်အတွက် ကိစ္စမရှိပေမယ့် ဖေဖေ အတွက် ညှာတာစေချင်ပါတယ်။ ဒီဟာကြောင့် စိတ်မပျက်ပါနဲ့ဦး။ ထပ်ပြီး ပြောရပါလိမ့်မယ်"

"မရတော့ကော"

"အို၊ ဒီလိုပြောလို့ မရတော့ သူ့ထိုက်နဲ့သူ့ကံပေါ့။ ခင်နဲ့တော့ မခွဲပါဘူး။ နို့ပေမယ့် ဒီအဖေတစ်ယောက်တည်း ရှိကြလို့ ထောက်ထား ညှာတာရပါတယ်။ နောက်ဆုံး အတင်းအကျပ်ဖြစ်လာရင်တော့ ခင် ခိုးရာလိုက်ရရုံအပြင် ရှိမလား" ဟု ဆိုလိုက်သဖြင့် မောင်မောင် ထွေးလည်း အနည်းနည်းအဖုံဖုံ ကြံဖန်ပြောဆိုလေ၏။

သို့သော် မုစ္ဆာမမြို့စားလည်း ငြင်းပယ်မြဲတိုင်း ငြင်းပယ်သည် ကိုသာ တွေ့ရသောကြောင့် နောက်ဆုံး စကားပြတ် ပြောလိုက် သဖြင့် ယခုမူကား နှစ်ဦးလုံးမှာပင် မကြံတတ်အောင် ဖြစ်ကြလေ၏။

ဤသို့ ခင်ဖွားငယ်မှာ မိမိမျှော်ကိုးခဲ့သော အရာများ အထ မြောက်ရှိလေသဖြင့် စဉ်းစားကြံစည်၍ မရနိုင်အောင် ရှိနေရာမှ မောင်မောင်ထွေးက ထပ်ခါ "ခင်၊ ဘယ့်နှယ်ကြံမတုန်း" စသည် ဖြင့် အတန်တန်မေးသောအခါမှ ခေါင်းကလေးကိုခါလျက် "မပြော တတ်ဘူး"

"မပြောတတ်။ မကြံတတ်ရင်။ မောင်မောင်ကြံပါမယ်။ မောင့်အကြံလိုက်မလား"



"သင့်ရင်တော့ လိုက်ပါမယ်"

"ဒီဟာဖြင့် ကောင်းပြီ။ အရင်တုန်းက ခင်ကတိထားခဲ့ဘူး တာလဲရှိတယ်။ သူ့ကိုမှ ပြောမရဘဲ၊ အဲဒီအပြင် နည်းလမ်းတော့ မရှိဘူး။ မောင်ခိုးမယ်။ လိုက်မလား"

"အို"

"ဘာဖြစ်လို့တုန်း"

"အို၊ ဒီလိုတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဒီလို လုပ်သွားရင် တစ်နိုင်ငံလုံး ဝိုင်းပြီးကဲ့ရဲ့ကြလိမ့်မယ်။ ခင့်အတွက်တော့ ကိစ္စ မရှိပါဘူး။ ဖေဖေ့အတွက်က ခက်တယ်။ ဝိုင်းပြီး စကားတင်းဆိုကြ လို့ သူအရှက်ကွဲရင် ဒီတစ်သက်မှာ ဖေဖေနဲ့ ခင်နဲ့ ပြတ်ပါတော့ မယ်။ ဒီလိုဆိုရင်ပြီးရော။ ခင်တို့ ဘယ့်နှယ် လုပ်နေမလဲ"

"ဩ၊ ဒီဟာတွေ တွေးပြီးပူသလား။ ကိစ္စမရှိဘူး။ သူပြန် မကြည့်ပေမယ့် မောင်ရှိပါပကော။ မကြောက်ပါနဲ့။ ခင့်တစ်ယောက် အတွက်တော့ လုလုကြီးထားပါမယ်။ မနံ့ရပါဘူး။ ကဲ့ရဲ့မည်ဆိုတာ လည်းကဲ့ရဲ့ကြမှာပဲ။ နို့ပေမယ့် ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်တဲ့။ သည် ခုနစ်ရက်ကို ဘာကြောက်စရာရှိသလဲ။ အို သင်းတို့ သေအောင် ကဲ့ရဲ့ ဘာဖြစ်သတုန်း။ ခင်နဲ့မောင်သာ ပဓာနပါ။ သည်ဟာတွေ ကြောက်ပြီး နေကြရင် ခင်နဲ့မောင် ဘယ်တော့ ပေါင်းရမလဲ။ ခင်နဲ့ မောင့်အချစ်က သည်ဟာတွေထက် အသချေကြီးပါတယ်။ လိုက် သာ လိုက်ခဲ့ပါ။ လိုက်မယ်မဟုတ်လား" ဟု မောင်မောင်ထွေးသည် လွှတ်တရားခွင်တွင် အသက်ရေးအတွက် ဗောဒကတက်ရသော ရှေ့နေကဲ့သို့ ပြောပြသောအခါ ခင်ဖွားငယ်မှာ ချစ်သူက ပြောဆိုသည် ဖြစ်သောကြောင့် စိတ်ထဲက အဖကို ဖီဆန်ခြင်းမပြုပါဘူ တင်းပါ



www.burmeseclassic.com

သော်လည်း ချစ်ခြင်းမှုသော မေတ္တာက ခေါ်သောအခါ တင်း၍ ငြင်းသော်လည်းမရ။ ပါ၍ပင်သွားသဖြင့် ခေါင်းကလေးညွှတ်ကာ လိုက်ပါမည်ဟု ဝန်ခံလိုက်ရလေ၏။

ထိုသို့ ချစ်သူက လိုက်ပါတော့မည်ဟု ဝန်ခံလိုက်လျှင် မောင်မောင်ထွေးမှာ ရှုံးတော့မည့်စစ်ကြီးတွင် နိုင်လိုက်ရသော စစ်ဗိုလ်သူရဲကောင်းသည် ဝမ်းသာသည်မျှမက မိဘက ဆင်းသက်၍ ယခုတိုင် ဝမ်းမြောက်ခြင်းကို မကြုံဘူး။ ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်ကာ၊ စိတ်အားကလည်း တက်ကြွလျက် မိုးခေါက ကြယ်ကိုပင် လိုချင်က ဆွတ်ယူနိုင်တော့နီးနီး ထင်ရလျက် "ကိုင်း ကောင်းပြီ။ ခုလိုက်ခဲ့မလား။ ရက်ချိန်းနေရင် မထွက်ဖြစ်ဘဲ နေမှာ စိုးရတယ်" ဟု ပြောဆို၍ နေစဉ်မှာပင် ဘုရားရင်ပြင်တော်တက်မှ လူတစ်စုတို့ ပေါက်လာ၍ အသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ မင်းတုန်းမောင်မောင်တို့အသင်းနှင့် ခင်ဖွားငယ်အား ကြည့်၍ ထိန်းသိမ်းရသော ဒေါ်နက်တို့ဖြစ်သဖြင့် ခင်ဖွားငယ်က 'အို၊ ဟော လာကုန်ပြီ။ မေမေဒီနေ့ အိမ်မှာမရှိဘူး။ နက်ဖြန်မနက် ကြက်ဦးတွန်ရင် လာခဲ့ပါ။ အိမ်ပေါ်ကဆင်းပြီး လိုက်ခဲ့ပါမယ်။ လက်ခေါက် သုံးချက်မှုတ်လိုက်ပါ" ဟု ကပျာကရာ မှာကြားထားလိုက်လေ၏။

ယခင် လူများလည်း အနီးသို့ ရောက်လျှင် ဒေါ်နက်သည် ခင်ဖွားငယ်အား ဖြေးဖက်လျက် "အမယ်လေး ညည်း ဘယ်သွားနေတာသလဲ။ မေမေဖြင့် ပျောက်ပါပြီရယ်လို့ ရှာလိုက်ရတာ။ ဘာဖြစ်လို့ မပြောဆို ထွက်သွားရတာလဲ"

"အို မေမေကြီးကလဲ။ ပျင်းလို့ လျှောက်လာတာပါ။ စိုးရိမ်စရာမရှိပါဘူး"

ဝန်းချွပြည်စာအုပ်တိုက်



"ကိုင်း၊ မှောင်လဲမှောင်လာပြီ။ အို၊ ဟိုမှာ အိမ်ပြန်ကြတော့ မလို့တဲ့။ လာလာ အမယ်လေး ထိတ်လိုက်တာအေ" ဟု ဆို၍ မောင်မောင်ကြီးတို့အား နှုတ်ဆက်ကာ ခေါ်သွား၍ ခင်ဖွားငယ်မှာ မောင်မောင့်ထွေးအား မျက်ရိပ်ပြကာ လိုက်ပါသွားရလေ၏။

ထိုအခါမှ မောင်မောင်ကြီးက "ဟေ့ မောင်မောင်ထွေး ဘယ့်နှယ်လဲကွ။ ဟန်ရဲ့လား" ဟု မေးရာ မောင်မောင်ထွေးမှာ ဘာမှ ပြန်မပြောတတ်ဘဲ ဆရာဖြစ်သဖြင့် အနည်းငယ်ရွံ့ကာ ပြုံး၍သာနေလိုက်ရလေ၏။ ထို့နောက်မှ ခင်ခင်ကြီးက "အမယ်လေး မေးနေရသေးသလား မောင်မောင်ရယ်။ မောင်မောင်လို ရှိတော့မပေါ့။ မောင်မောင်ထွေးနှယ် မမကြီးကြဲလိုက်ရတာ ဟိုအမယ်ကြီးက အင်မတန်ဖါးတယ်။ သူ့ဝယ်ကလေးမှာ အချက်ပဲရှာမရအောင် ရှိနေရတာပဲ။ အခုမှ မမကြီးက လက်တို့လိုက်လို့လာရတာပါ။ ကိုင်း ကိုင်း မောင်မောင် ခင်တို့တော့ မပြန်ကြသေးဘူးလား။ မောင်မောင်ထွေးတော့ အတူတူပြန်ကြတာပေါ့" ဟုဆို၍ ဘုရားတစ်ဖက် မိမိတို့ လှည်းယဉ်ကလေးရှိရာသို့ တွေ့၍ သွားကြလေ၏။

မောင်မောင်ကြီးတို့နှင့်အတူပြန်လာခဲ့ရာ၊ လမ်းတစ်လျှောက်လုံး၌ မောင်မောင်ထွေး၏စိတ်တွင် ပေလျက် မိမိတို့ ကြံစည်ချိန်းဆိုထားကြသော အရာကို မောင်မောင်ကြီးအား ပြောရလျှင် ကောင်းမည်လား ဟု တွေးတောမိလေ၏။ သို့သော် မောင်မောင်ကြီးတို့ကမူကား လူကြီးများဖြစ်သဖြင့် ဤသို့သော အမှုကိုပြုရန် အခွင့်ပေးဖို့သော် သင့်သည်မဟုတ်သဖြင့် အခွင့်ပေးကောင်းမှ ပေးမည်။

www.burmeseclassic.com



သို့ဖြစ်၍ ပြောရ၍ မတော်သေးချေ။ ခင်ဖွားငယ်နှင့် ထွက်ပြေးတိမ်းရှောင်ခဲ့၍ တော်သင့်ရာတွင် ခိုဝင်မိမှ မိမိဝတ္တရားရှိသည့်အတိုင်း စာအားဖြင့် သော်လည်းကောင်း၊ လူလွှတ်၍သော်လည်းကောင်း၊ အကြောင်းကြားမည် ဟု တွေးသောအခါ မပြောဘဲနေလေ၏။

ထိုနောက် ခင်ခင်ကြီးတို့နှင့် လမ်းခွဲ၍၊ မိမိအိမ်သို့ ရောက်သောအခါလည်း မိမိအချစ်ဆုံးသောသူကို နက်ဖြန်မနက် ခိုးယူရတော့မည်ဖြစ်သောကြောင့် ဝမ်းကလည်း မြောက်၊ သွေးများကလည်း တစ်ခုန်ခုန် တကြွကြွ ဖြစ်၍နေသောကြောင့် တစ်ညလုံးလုံး အိပ်၍မပျော်ရှိနေသဖြင့် တစ်ခါတစ်ရံ လမ်းလျှောက်ကာ တစ်ခါတစ်ရံ ထိုင်၍ တွေတွေရာရာ တွေးမိတွေးရာ တွေးတောကာ နေရာသဖြင့် နံနက် ကြက်ဦးတွန်ကာနီး၌ သွားမည်ပြင်သောအခါ မိန်းမခိုးရန်မှာ အပေါင်းအဖော်လည်း မိမိတွင်မရှိသေး။ မြင်းလှည်းစသည်ဖြင့်လည်း အရံသင့်မရှိကြောင်း သိရလေ၏။ သို့သော် အချိန်ကလည်း နီးလာပြီဖြစ်သည်တစ်ကြောင်း၊ လိုက်လံရှာဖွေနေရမည်ကလည်း အချိန်အခါမဟုတ်သဖြင့် ရမည်မဟုတ်သည်အကြောင်းများကြောင့် တစ်ယောက်တည်းပင် ခိုးရတော့မည်ဟု ကြံကာ ထ၍ အဝတ်အစား လဲလှယ်လျက် ပိုက်ဆံငွေကြေးအလုံအလောက်နှင့် ရန်သူတွေကို ခုခံနိုင်ရန် ဓားစသော လက်နက်များကိုဆောင်ကာ အိမ်ပေါ်မှ လူသူမသိအောင် တိတ်တဆိတ် ဆင်းခဲ့လေ၏။

အိမ်ပြင်သို့ ရောက်သောအခါမှုကား မိုးကလည်း မလင်းသေးသောကြောင့် လမ်းကိုပင် အတော်အတန်စမ်း၍ လာခဲ့ရာ နစ်ပြလောက်မျှ ကျော်မိလျှင်ပင် မိမိရှေ့မှ လှည်းသံများကို ကြားရလေ၏။ အတန်ကြာလျှင် လှည်းသည် မိမိဘက်သို့ လာသည်ကို သိရသောကြောင့်၊ မှောင်ထဲတွင် တိုက်မိမည်စိုးသောကြောင့် လမ်း





ဘေးကရှောင်၍ လျှောက်ခဲ့ရာ မကြာမီပင် အနီးသို့ ရောက်၍ ကြည့်လိုက်ရာ လှည်းယဉ်ကလေးမှာ ကုန်တင်စပါးကိုက် ဖုံးဖျီး မဟုတ်ဘဲ လှည်းယဉ်ကလေးဖြစ်ကြောင်းတွေ့ရလေ၏။ လှည်းနောက်က မြင်းကြီးတစ်စီးနှင့် လူတစ်ယောက် လိုက်လာသည်ကို တွေ့ရလေ၏။ အ,ကာလ အချိန်မတော်၊ မှောင်ကြီးမိုက်မိုက်ထဲတွင် ဖြစ်ပါလျက် မီးတိုင်မီးတုတ်မျှ မပါလာကြသောကြောင့် ထူးဆန်းသော်လည်း မိုး လင်းလုလင်းဆဲဖြစ်သဖြင့် အလည်အပတ် သော်လည်းကောင်း၊ ကိစ္စရှိသဖြင့် တစ်မြို့တစ်ရွာသို့ သွားကြသောသူများသော်လည်းကောင်း၊ ဖြစ်တန်ရာသည်ဟု တွေးတောကာ ခင်ဖွားငယ်တို့ နေထိုင်ရာ အရပ်သို့ ဆက်လက်၍ လာခဲ့လေ၏။

အရန်သင့်ပင် ခင်ဖွားငယ်တို့ အိမ်အနီးသို့ ရောက်လျှင် ကြက်ဦးတွန်လေ၏။ ထို့ကြောင့် ကပျာကယာ အိမ်အနီးသို့ ရောက်၍ လူရိပ်လူခြည်များကို ခေတ္တစောင့်စားကြည့်ရှုနေပြီးမှ ခပ်သာသာ လက်ခေါက်မှုတ်၍ အမှာစကား ရှိသည့်အတိုင်း သုံးချက် မှုတ်လိုက်ကာ ခင်ဖွားငယ်တို့ အိမ်ရှေ့တံခါးဆီသို့ ကြည့်၍ နေလေ၏။ သို့သော် အတန်ကြာ၍ တစ်ဦးတစ်ယောက်မျှ မပေါ်လာသောကြောင့် နိုးများမှနိုးပါလေရဲ့လား ဟုစဉ်းစားကာ နောက်ထပ်တစ်ဖန် မှုတ်လိုက်ပြန်လေ၏။ သို့သော်လည်း ရှေးနည်းအတိုင်းပင် တစ်အိမ်လုံး ၌ မလှုပ်မရှားနေလေ၏။ ထိုနောက် အတန်တန်အဖန်ဖန် မှုတ်သော်လည်း မရ။ အရှေ့မှ နေရောင်ခြည်တွေ ထွက်လျက် လင်းရောင်ခြည်လည်း မပေါ်တပေါ်ဖြစ်နေသောကြောင့် စိတ်ထဲက တစ်စုံတစ်ခု ပျက်ကွက်သောကြောင့်လား ဟုစိုးရိမ်စပြုလေ၏။ ယခုအခါမှုလည်း လင်းလုပြီ ဖြစ်သဖြင့် အကယ်၍ပင် ထွက်လာစေကာမူ ခိုးပြေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့မည်မဟုတ်ဖြစ်သောကြောင့် ပြန်ရလျှင် ကောင်းမည်လားဟု တွေးတောမိလေ၏။ ထို့ကြောင့် ပြန်တော့မည်ဟု ဖြေပြီးမှ ယခင်က သေချာစွာ မှာ၍ထားသောကိစ္စ ဖြစ်သောကြောင့် အိပ်ပျော်နေသည် ဟုတ်မည်မထင်။ အကြောင်းတစ်စုံတစ်ခု ရှိမည်။ စောင့်ရောက်သူ မိန်းမကြီးက ရိပ်မိ၍ ကျပ်တည်း ထားလေသလော။ သို့တည်းမဟုတ် ခင်ဖွားငယ်ကိုယ်တိုင်ကပင် စိတ်ပြောင်းလေသလောဟု တွေးတောမိရာ စိတ်ထဲက တသက်သက်ဖြစ်ကာ တစ်ခါတည်းပင် ဝင်၍မေးရ သော် သင့်မည်လောဟု တွေးတောပြီး ရပ်နေမိလေ၏။ ရပ်နေရာမှ အိမ်ဆီသို့ တဖြည်းဖြည်း သွားမိလေ၏။ သို့သော် အိမ်တံခါးဝသို့ ရောက်လျှင်ပင် ဝင်၍မေးက သင့်မည် မသင့်မည် အကျိုးရှိမည် မရှိမည်ကို ခွဲခြား၍မရနိုင်သောကြောင့် ရပ်၍နေပြီးလျှင် ယခု လတ်တလောချင်း ဝင်၍ မေးမည်ဆိုသော် နံနက်စောစော တစ်မြို့ လုံးတွင် မည်သူမှ နိုးကြသေးသည် မဟုတ်။ အထင်လွဲရန်သာ ဖြစ်သည်။ နေ့လယ်နေ့ခင်းမှ သတင်းစကား နားထောင်၍ စမ်းသပ် တော့မည်ဟု ကြံစည်ကာ အိမ်သို့ ပြန်ခဲ့လေ၏။

ညအခါက တစ်ညလုံးမအိပ်မနေ နေခဲ့သဖြင့် အိမ်သို့ ရောက်သောအခါ နွမ်းရိလှသည်နှင့် ခေတ္တလှဲနေရင်း အိပ်ပျော် သွားလေ၏။ မည်မျှလောက် ကြာသည် မသိ။ မိမိအိမ်၌ နိုင်းစေထား သော လူတစ်ယောက် လာ၍နှိုးမှ နိုးလေ၏။ ကပျာကရာ လူးလဲထ၍ 'ဘာတုန်း' ဟု မေးမြန်းရာ ထိုလူက မိန်းမကြီးတစ်ယောက် လာရောက်၍ အရေးတကြီး တွေ့လိုကြောင်း ပြောသောကြောင့် နိုးရပါကြောင်းပြောသဖြင့် အိမ်အောက်သို့ ဆင်းသွားရာ ခင်ဖွားငယ် တို့အိမ်မှ ခင်ဖွားငယ်အား ကြည့်ရှုထိန်းသိမ်းရသူဖြစ် နေကြောင်းကို





တွေ့ရသဖြင့် များစွာ ထိတ်လန့်လေ၏။

မိန်းမကြီးလည်း မောင်မောင်ထွေးကို မြင်လျှင် မြင်ချင်း အမယ်လေး မောင်ရယ်။ ဘယ့်နှယ်လုပ်တာတုန်း။ မြို့စားကြီး ပြန်လာရင် အရိုးမှာ သေရပါတော့မယ်' ဟု ဆီးကြို၍ ကြောက် လန့်တကြား ပြောကြားရာ မောင်မောင်ထွေး၏ စိတ်ထဲတွင် တွေ့ တစ်စုံတစ်ခုတော့ ဖြစ်လေပြီဟု တွေးတောထိတ်လန့်ကာ "ဘာတုန်း၊ ဘယ့်နှယ် လုပ်ရမတုန်း။ ဘာဖြစ်လို့တုန်း" ဟု မေးရာ မိန်းမကြီးက "ဘာရမတုန်း။ ခင်ဖွားငယ် အိမ်မှာ မရှိဘူး"

"အို"

"ညက ပျောက်သွားတယ်။ မောင်ပဲ ခေါ်သွားရော့ပဲ။ ဘယ်မှာ ထားသလဲ။ အရိုးကို ပြန်ပေးပါ။ မြို့စားကြီးပြန်လာလို့ အိမ်မှာ မတွေ့ရင် ခက်တော့မယ်"

"ဗြော်၊ ဘယ့်နှယ် ပျောက်သွားသတုန်း"

"အို၊ မသိယောင် မဆောင်ပါနဲ့။ အရိုးကို သနားပါဦး"

"အို၊ အရိုးက ကျွန်တော့်ကို ထင်နေသလား။ မဟုတ်ပါဘူး အရိုးရယ်။ ကျွန်တော့်ဆီမှာ မရှိပါဘူး။ ယုံပါတော့။ နို့ပေမယ့် သေသေချာချာ ပြောစမ်းပါဦး။ ဘယ်တုန်းက ပျောက်သွားသလဲ။ ညက ဘုရားက အတူတူပြန်ကြတယ် မဟုတ်လား"

"ဗြော်၊ မောင် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"အမယ်လေး။ အခုမှ ခက်တာပဲ၊ ဘယ်သူများ ခေါ်သွားသလဲ။ မောင့်အပြင်လည်း ကြိုက်တဲ့လူ မရှိပါဘူး။ အရိုးဖြင့် မစဉ်းစား တတ်အောင်ရှိတာပဲ"

"အို၊ မဟုတ်ပါဘူး။ ဘယ်အချိန်က ပျောက်သွားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ပြောစမ်းပါဦး။ ကျွန်တော် တွေ့အောင် ရှာပါ့မယ်"

"ညက ဘုရားက အရိုးနဲ့ အတူတူပဲ အိမ်ကို ရောက်တယ်၊ နောက် ထမင်းပါ စားပြီးတော့ အတူတူပဲ ထိုင်စကားပြောနေကြသေးတယ်။ ပြီးတော့ စောစောအိပ်ချင်တယ်ဆိုတာနဲ့ အိပ်နေကြတယ်။ ညနေက မောင်နဲ့သူ ဘုရားမှာ စကားပြောတာတွေ့လို့ အရိုးက ချိန်းများထားကြမလားလို့ စိတ်မချလို့ တစ်ညလုံး ကောင်းကောင်း မအိပ်ဘူး။ သန်းခေါင်ကျော်လောက် ထကြည့်တော့တောင် ရှိသေးတယ်။ နောက် အရိုးလည်း အမှတ်မဲ့ အိပ်ပျော်သွားတယ်။ မိုးလင်းခါနီးမှပဲ မရှိမှန်း သိရတော့တယ်"

"ဪ၊ သူ့အဖေကော ပြန်လာပြီလား"

"မလာသေးဘူး။ မနေ့က ပြန်လာခဲ့မယ်ဆိုတာ အခုထက်ထိ မရောက်ဘူး။ ဘယ့်နှယ် လုပ်ပါဦးမလဲ"

"မပြောတတ်သေးဘူး။ ခင်ဗျား အိမ်ပြန်သွားပြီး တိတ်တိတ်သာနေပါ။ လူအများ ကြားသွားရင် တစ်မြို့လုံး စကားဖွဲ့ပြီး အရှက်ကွဲနေပါ့မယ်။ ကျွန်တော် စုံစမ်းပါဦးမယ်။ အိမ်ကိုသာ ပြန်သွား" ဟု ဆိုလိုက်သဖြင့် မိန်းမကြီးလည်း မောင်မောင်တွေးအား တောင်းပန်လျက် ပြန်သွားလေ၏။

မိန်းမကြီး ပြန်သွားလျှင် မောင်မောင်တွေးမှာ ရုတ်တရက် မကြံတတ်အောင် ရှိလေ၏။ ခင်မြားသေး ညက ချိန်းဆိုသည့်အတိုင်း ပေါ်မလာသည်မှာ မိမိထင်သည့်အတိုင်း မဟုတ်။ အကြောင်းမသိ ပျောက်သွားသောကြောင့် ဖြစ်သည်။ သန်းခေါင်လောက်မှ ပျောက်သွားသည်ဖြစ်သည်။ မည်သို့သွားလေသနည်း။ မည်သည့် အကြောင်းပေနည်းဟု တွေတွေရာရာ တွေးတောကာ အကြံမရနိုင်အောင် ရှိလေ၏။ ထိုနောက်မှ ရုတ်တရက် မိမိဆရာဖြစ်သူ မင်းတုန်း





မောင်မောင်ကြီးကို သတိရ၍ မည်သည့်ကိစ္စမဆို တိုင်ကြားအားကိုးနေကျ ဖြစ်သောကြောင့် မောင်မောင်ကြီးထံသို့ သွားရန်အကြံရလေ၏။

ထို့ကြောင့် ကပျာကရာ အကျီအဝတ်အစားလဲလှယ်ပြီးလျှင် မောင်မောင်ကြီးတို့နေအိမ်သို့ သွားရောက်ရာ၊ မောင်မောင်ကြီးနှင့် ခင်ခင်ကြီးတို့သည် အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်၍ လက်ဖက်စားရင်း စကားပြောနေသည်ကို အရုံသင့်တွေ့လေ၏။ မောင်မောင်တွေး အရေးတကြီး ဝင်လာသည်ကိုမြင်လျှင် မောင်မောင်ကြီးသည် ဆီး၍ မြီးကာ "ဟော၊ ဘာဖြစ်လာပြန်သလဲ။ ထိုင်စမ်းပါဦးကွ" ဟု ဆိုသဖြင့် မောင်မောင်တွေးလည်း ထိုင်ရင်း "ဒုက္ခတွေ့လာပြန်ပြီဗျာ ဆရာရယ်။ ခင်မြားငယ် ပျောက်နေပြီ"

"အို၊ နို့ ဒီနေ့ည မင်း နိုးမလို့ဆို။ ငါကတော့ အခုလောက် ရှိ တော်တော်ဝေးဝေး ရောက်ကရောမယ် ထင်နေတယ်။ မင်း မမ များနဲ့တောင်မှ ပြောနေသေးတယ်"

"ဟာ၊ ချိန်းထားတဲ့အတိုင်း သွားတာပဲ။ မပေါ်လာဘူး။ အခုမနက် ခုနင်ကမှ ဟိုအထိန်းကြီးက ကျွန်တော် နိုးပါတယ်လို့ လာပြီးစွဲလို့ သိရတယ်။ ညက အတူတူ အိမ်ကို ပြန်တယ်။ အတူတူ အိပ်ပြီးတော့ သန်းခေါင်ကျော်မှ ပျောက်သွားသတဲ့။ ဘယ့်နှယ် လုပ်ပါဦးမလဲ။ သူ့အဖေလည်း မရှိဘူး" ဟု ပြောသောအခါ မောင်မောင်ကြီးသည် စိုးရိမ်ပူပန်ခြင်းလက္ခဏာမပြ၊ အရေးမကြီးလှသော အရာကဲ့သို့ ဖြေးဖြေး ဖြေးလျက်ပင် လူဖြေမျက် လက်ဖက်စားရင်း စကားပြောနေသဖြင့် မောင်မောင်တွေးမှာ စိတ်ထဲက အားကိုး၍ လာရောက်ပြောဆိုသည်ကို အားကိုးရာမရ။ မိမိနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



မစိုးရိမ်၊ မပူပန်ဖြစ်နေသောကြောင့် စိတ်ပျက်ကာ မောင်မောင်ကြီးအ
စိတ် ဆိုးသကဲ့သို့ ရှိလေ၏။ တစ်ခါနှစ်ခါ သေချာစွာ ပြောတော့မည်
ကြံမိလေ၏။ သို့သော် မိမိ ကျောင်းစုရှင် ဆရာဖြစ်သဖြင့် ရှိ
ကြောက်၍ပြီး ဖြစ်သောကြောင့် ရုတ်တရက် မပြောဝံ့ဘဲ တွန့်ဆုတ်
နေမိလေ၏။

ဤသို့နေ၍ အတန်ကြာမှ မောင်မောင်ကြီးက "ဪ၊ မင်း
ဒီဟာဖြင့် မစိုးရာဘူးပေါ့"

"ဟုတ်တယ်၊ သွားတော့ မတွေ့ဘူး"

"မင်းသွားတော့ ဘယ်အချိန်လဲ"

"ကျွန်တော် ကြက်ဦးတွန်ပြီးပြီးချင်း သူတို့ အိမ်နားရောက်
တာပဲ"

"ဘယ်အချိန်ထိအောင် အိမ်မှာ ရှိသေးသတဲ့လဲ"

"သန်းခေါင်ကျော်အောင်တဲ့"

"ဟာ၊ ဒီဟာဖြင့် သန်းခေါင်ကျော်အကြားနဲ့ ကြက်ဦးတွန်
အကြားမှာ ပျောက်သွားတာပေါ့" ဟုဆို၍ မျက်မှောင်ကြီး ကြုတ်
အတန်ကြာနေပြီးမှ "အင်း၊ ပျောက်ပုံက အထူးအဆန်းကပဲ၊ ဒါ
စုံစမ်းပါရစေဦး။ ဒီအကြောင်း ဘယ်သူ သိသေးသလဲ"

"ဘယ်သူမှမသိသေးပါဘူး။ ကျွန်တော်နဲ့ အထိန်းကြီးပါပဲ
အထိန်းကြီးကိုတော့ စကားပိတ်လိုက်တာပဲ"

"ကောင်းပြီ။ မင်း ဘယ်သူ့ကိုမှမပြောနဲ့။ တိတ်တိတ်နေဦး
ငါ စုံစမ်းဦးမယ်။ မင်းအိမ်ကသာ စောင့်နေ။ သတင်းရရှင် ငါ
လာခဲ့မယ်။ စိတ်မပူနဲ့ ကြားလား" ဟု ဆို၍ လွှတ်လိုက်သဖြင့်
မောင်မောင်ထွေးလည်း ကောင်းပါပြီဟု ဝန်ခံ၍ မိမိဆရာ





အကြောင်းကို သိသူဖြစ်၍ ဤသို့ တစ်ချက်အရေးယူလိုက်ချင်ပင်
လေးနေသော စိတ်သည် အတော်အတန် ပေါ့ပါးကာ ဆင်းသွား
လေ၏။

မောင်မောင်ထွေးသွားလျှင် မောင်မောင်ကြီးသည် ထိုင်ရာမှ
ထကာ "အင်း၊ ခက်နေပြီ။ ငါ့အထင် နည်းနည်းကလေး လွဲသွား
တယ်"

"နို့၊ ဘယ့်နှယ် လုပ်ပါ့မလဲ။ မောင်မောင်ပြောသလို ဟံသာဝတီ
များ ပြန်ပါသွားရင်ဖြင့် မခက်ဘူးလား။ သူငယ်မကလေး ဒုက္ခ
ရောက်တော့မယ်"

"အို ရောက်တော့မယ် မဟုတ်ဖူး။ အခုလောက်ရှိရင်
ရောက်ကရောမယ်။ ကိုင်း မောင်မောင့်ပဝါ ပေးစမ်း" ဟုဆိုကာ
ပဝါခေါင်းပြီးလျှင် မြင်းပြင်၍ အိမ်မှ ထွက်သွားလေ၏။

ငှင်းနေ့ မောင်မောင်ထွေး အိပ်ရာက နိုးသောအချိန်တွင်ပင်
အင်းဝမြို့မှ တောင်ဘက်ဆီသို့ ထွက်လာသော လှည်းကလေးတစ်စီး
သည် လမ်းအကြားရှိ ရွာကလေးတစ်ရွာတွင် ခေတ္တ ရပ်တန့်
နားနေကြ၏။

လှည်းတွင် ပါလာသူကား အခြားမဟုတ်။ အင်းဝမြို့တွင်
ပျောက်၍နေသော ခင်မွှားငယ်ပင် ဖြစ်၏။

ခင်မွှားငယ်သည် ချစ်သူမောင်မောင်ထွေးအား ဟာရော
ခိုးယူသွားရန် ချိန်းဆိုပြီးသည့်နောက် လိုက်မည်ဟု ရှောင့်ပြင်က
စောင့်နေစဉ်တွင် သန်းခေါင်ကျော်၍ ထိန်းသိမ်းသူမိန်းမကြီး အိ



www.burmeseclassic.com

www.burmeseclassic.com

ကျော်လျှင်ပင် အခန်းထဲသို့ ပြူတင်းမှ လူတစ်ယောက်ဝင်လာ၍ ရုတ်တရက် ထိတ်လန့်ကာ အော်ဟစ်မည်ပြုသည်တွင် ထိုသူက "မအော်ပါနှင့်ဦး။ ခင်ဗျား အဘဆီက လာခဲ့ပါတယ်။ သည်စာကို ဖတ်ကြည့်ပါ" ဟု ဆိုသဖြင့် စာကလေးကိုယူ၍ ဖတ်ကြည့်ရာ–

'အဘ စာရေးလိုက်သည် သမီး။ အဘမှာ အတတ်တို့ တိုင်းပြည်သို့ ပြန်နိုင်ရန်အတွက် ကြံစည်နေရင်း ဒုက္ခကြီးစွာ တွေ့နေရပါသည်။ ၎င်းဒုက္ခမှ သမီးတစ်ယောက်သာ ကယ်နိုင်မည့်သူ ရှိပါသည်။ ဤစာကို ရလျှင် ဤစာကို ယူလာသောသူနှင့်အတူ လိုက်ခဲ့ပါ။ ထိုသူသည် အဘထံသို့ ရောက်အောင် ပို့ပါလိမ့်မည်။ ဆက်ဆက်လိုက်ခဲ့ပါ။ မည်သူ့ကိုမျှ မတိုင်ပင်ပါနဲ့'

ဟု ပါလာသဖြင့် အဘဖြစ်သူ ဒုက္ခရောက်နေပြီဟု ကြားလိုက်လျှင်ပင် ပူပန်ကြောင့်ကျခြင်းကြီးကာ ဘာမျှ မစဉ်းစား မတွေးတောနိုင်ဘဲ ကပျာကယာ လမ်းတွင် သုံးနိုင်မှုယ်ရာ ဖောင် မောင်တွေးနောက်သို့လိုက်ရန် တိတ်တဆိတ် ထုပ်ထားသော အဝတ် ထုပ်ကလေးကိုယူကာ ထိုသူ၏ နောက်သို့ လိုက်ခဲ့လေ၏။ လမ်း တစ်လျှောက်လုံးတွင် အဘဖြစ်သူ မည်သည့်ဒုက္ခမျိုး ရောက်နေသည်ကို သိလိုသဖြင့် မေးရာ ခေါ်လာသူများက မပြောရဟု မှာလိုက်သဖြင့် မပြောနိုင်။ ရောက်မှ သိမည်ဟု ဆိုသောကြောင့် မသိရလေ၏။

ခရီးချုပ်၍ နံနက်စာ စားသောက်နေရင်း လမ်းတစ် လျှောက်လုံး နောက်ကလိုက်လာသူ၊ မိမိအား ခေါ်လာသူကို သေ ချာစွာကြည့်မိရာ ထိုသူ၏ မျက်နှာသည် အပြင်တွင် ပြုံးရွှင်စွာ နေသော်လည်း အတွင်းဂဏှာမှာ ရယ်မောနေဟန်ရှိသောကြောင့် မျက်နှာထား အပ်နေထူးသဖြင့် အလိုအလျောက် ထိုသူအား ကြောက်လန့်၍နေလေ၏။ တစ်ခါတစ်ခါလည်း ထိုမျက်နှာကို





မြင်ဖူးသလိုလိုရှိ၏။ သို့သော် မည်သည့်အခါက မြင်ဖူးသည်မှာ တွေးတောမရနိုင်အောင် ရှိလေ၏။ ထိုအခါမှ လူကို မသိဘဲလျက် လိုက်လာရသည်ကို လိမ်များပင် ခေါ်၍ လာတော့သလောဟု တွေး တောကာ စိတ်ထဲက တသက်သက်ဖြစ်၍ နေမိသေး၏။ သို့သော် လိုက်လာမိပြီဖြစ်သောကြောင့် မတတ်နိုင်ပြီ တစ်ကြောင်း၊ မည်သူက မည်သို့သောအကြောင်းကြောင့် မိမိကို လိမ်၍ ခေါ်မည်နည်း။ ဟုတ်မှန်၍သာ ဖြစ်မည်ဟု စိတ်ကိုတင်းကာ နေရလေ၏။

ထိုနောက် စားသောက်ပြီး၍ တစ်ဖန် ဆက်လက်သွားကြ တော့မည် ပြုသောအခါမှ "ရှေ့ကို ဘယ်လောက် သွားရဦးမလဲ"

"အို၊ တယ် မဝေးတော့ပါဘူး။ သည်တစ်စခန်းသွားရင် ရောက်ပါတော့မယ်" ဟု ဆိုသဖြင့် ဘာမျှ ဆက်လက်မပြောဘဲ လိုက်လာခဲ့ရာ၊ တစ်စခန်းဟုဆိုသော်လည်း ညနေစောင်း၍ နေဝင်လု နီးသောအခါမှ မြစ်ဆိပ်တစ်ခုသို့ ရောက်၍ ရပ်နေ၏။

ရပ်လျှင် ရပ်ချင်း နောက်က မြင်းနှင့် လိုက်လာသော သူသည် မြင်းပေါ်မှ ခုန်၍ဆင်းကာ "ကိုင်း၊ ဆင်းပေတော့။ ရောက်ပြီ" ဟု ဆိုသဖြင့် ခင်မွားဝေယံက "နို၊ ဖေဖေ ဘယ်မှာ နေသလဲ"

"အို၊ မမြင်ဘူးလား။ ဟိုရှေ့လယ်မှာ လှေကြီးနဲ့" ဟု ဆို၍ ကြည့်လိုက်ရာ မြစ်လယ်တွင် ရပ်တန့်၍ထားသော ရွက်လှေကြီး တစ်စင်းကို မြင်ရလေ၏။ ယခင်လူလည်း ကမ်းစပ်သို့ ဆင်းသွား ပြီးနောက် အတန်ကြာတာလ မနီးမဝေးချုံတစ်ခုဆီမှ လှေကလေး တစ်စင်းကို ယူလာလေ၏။ ပြီးလျှင် မြင်းကိုလည်းအိမ်မှ ချိတ်ထား၍ လှည်းသမားအား "ကိုင်း၊ သွားပေတော့။ ငါမှာတာ မမေ့နဲ့" ဟု ဆိုပြီးလျှင်၊ ခင်မွားဝေယံအား လှေပေါ်သို့ တက်စေ၍ ခင်မွားဝေယံလည်း



www.burmeseclassic.com

များစွာမယုံလှသဖြင့် မဆင်းသေးဘဲ ကြည့်နေရာ၊ ၎င်းလှူက "အို၊ ဘာဖြစ်နေသလဲ။ မယုံလို့လား။ ဟိုကျရင် သိရမှာပေါ့။ တက်ဆိုရင် တက်" ဟု အာဏာသံပါပါဖြင့် ပြောလိုက်သောအခါ၊ ခင်မွှားငယ်မှာ သာ၍ပင် မယုံလျက်၊ စိတ်ထဲက တထိတ်ထိတ်ဖြစ်ကာ ဟုတ်မည် မဟုတ်မည်ကို ချိန်ဆ၍မရနိုင်ဘဲ ထိုသူအား ကြောက်လည်း ကြောက်လန့်သဖြင့် လှေပေါ်သို့တက်၍ လိုက်သွားရလေ၏။

များမကြာမီပင် ရေလယ်က လှေကြီးအနီးသို့ရောက်၍ ထိုသူက လှမ်း၍ဟစ်လိုက်သဖြင့် လူသုံးယောက်တို့ ပေါ်လာပြီးလျှင် လှေကလေးကို ဆီး၍ဆွဲလျက် ခင်မွှားငယ်အား လှေပေါ်သို့ ရောက်အောင် ဆွဲမ၍ ယူကြလေ၏။ လှေကြီးပေါ်သို့ ရောက်လျှင်၊ ထိုသူက "ကိုင်း၊ မင်းတို့ သခင်မလေး သူ့အမေနဲ့ တွေ့ချင်လို့ပါတဲ့ကွာ၊ ပြလိုက်ကြပါ" ဟု ဆိုသဖြင့် လူတစ်ယောက်က "လာ လာ" ဟု ခေါ်ကာ ပေါင်းမိုးထဲသို့ ခေါ်သွားလေ၏။ ခင်မွှားငယ်မှာမူကား မည်သို့ဖြစ်၍ မည်သို့သောနေရာသို့ ရောက်နေသည်ကိုလည်း မသိ။ သန်းခေါင်ကျော်လောက်က စ၍ မရပ်မနား လာခဲ့ရာ၊ သမ်းက ကြမ်းသဖြင့် ခရီးကလည်း ပန်းလှသောကြောင့် တစ်ကိုယ်လုံးတွင် ယောင်းထုထားသကဲ့သို့ နာကျင်နွမ်းရိလျက် စိတ်ပန်းလက်ပန်း ဖြစ်၍နေသောကြောင့် ဘာကိုမျှ ရပ်တန့် မစဉ်းစားနိုင်။ အိပ်မက် မက်သကဲ့သို့ဖြစ်ကာ ပေါင်းမိုးထဲသို့ လိုက်သွားရလေ၏။

အတွင်းသို့ရောက်လျှင် မှောင်နေသဖြင့် ရုတ်တရက် ဘာမျှ မမြင်ရသောကြောင့် အတန်ကြာ ရပ်၍ ကြည့်နေရာမှ ၊ မျက်စိများ အနည်းငယ် ရှင်းလင်းလာသည်နှင့် တစ်ပြိုင်နက်၊ လှေဝမ်းထဲတွင် ဝါးခြမ်းနစ်ခုဖြင့် ညှပ်၍ထားသဖြင့် တုံးလုံးလဲနေသူကို မြင်လေ၏။ မြင်လျှင်မြင်ချင်းလည်း မိမိအဖ မုဋ္ဌမမြို့စားကြီး ဖြစ်ကြောင်းကို





သိသဖြင့် ရုတ်တရက် ဘာမျှ မပြောနိုင်ဘဲ ငေးမော၍ ကြည့်နေလေ၏။ အတန်ကြာ ကြည့်နေရာမှ 'အမယ်လေး ဖေဖေရဲ့၊ ဖေဖေရဲ့။ ဖေဖေ ဘာဖြစ်နေသတုန်း' ဟု ဆို၍ ငိုကာ ပြေး၍ ဖက်လေ၏။ ဝါးခြမ်း နှစ်ခုအကြားတွင်း လဲနေသော မုဋ္ဌမမြို့စားကြီးမှာမူကား ပြေး၍ ဖက်လာသူကို ရုတ်တရက် မသိဘဲ မျက်လုံးများကိုဖွင့်၍ စေ့စိုက် ကြည့်နေလေ၏။ ထို့နောက် အတန်ကြာ 'ဖေဖေရဲ့၊ ဖေဖေရဲ့' ဟူသော အော်ငိုသံများကို ကြားသောအခါမှ၊ မိမိ သမီးဖြစ်ကြောင်းကို သိရ၍၊ ဤအခါ၌မူကား မိမိမှာမက သမီးပါ ပါ၍လာချေပြီလားဟု စိတ်၌ ထင်ပေါ်လာ၍ ကျရောက်လာတော့မည့် ဘေးကို တွေးတော နိုးရိမ်ကာ၊ သမီးကို ကယ်ဆယ်လိုသောစိတ်ကြောင့် အင်အားများ တက်ကာ တစ်ချက်နှစ်ချက် ပြင်းဖွာ ရုန်းကန်မိလေ၏။ သို့သော် တုပ်နှောင်ထားသော ဝါး၏အားက ကြီးလှသဖြင့်၊ လှုပ်ရှားမျှ မလှုပ်သည့်သာမက ချည်နှောင်ထားရာ၊ လက်မောင်းကသွေးများသာ ကျလာလေ၏။ ယင်းသို့ မလှုပ်နိုင်သည့် အဖြစ်ကိုသိမှ မြို့စားကြီးမှာ မျက်ရည်တွေ လည်ကာ "သမီး၊ သမီး၊ ဘာဖြစ်လို့ လာခဲ့သတုန်း"

"မေမေ မှာလိုက်တယ်ဆို။ ဖေဖေ့ဆီက တရလို့ ညက အတင်းထပြီး လိုက်လာခဲ့တယ်။ ဘာဖြစ်သလဲ ဖေဖေရဲ့။ ပြောပါဦး။ ဘာဖြစ်လို့ ဖေဖေကို သူတို့ ဒီလို ချည်ထားသလဲ" ဟု မေးသောအခါ မြို့စားကြီးမှာ ရုတ်တရက် ပြန်၍မပြောနိုင်ဘဲ နေပြီးမှ "သမီး ဖေဖေတို့ ရန်သူလက်တွင်းကိုကျပြီ။ အခု ဟံသာဝတီကို ပါတော့မယ်။ အခု သမီးပါ သင်းတို့ ခေါ်လာပြီ။ ဖေဖေ ဘယ်နှယ် ကြံပါဦးမလဲ။ ဖေဖေတော့ လွတ်မှာ မဟုတ်ဘူး။ သမီးသာ လွတ်အောင် ကြံပြီး ပြေးပေတော့" ဟု ပြောပြသောအခါမှ၊ ခင်မွှားငယ်မှာ မိမိတို့ သားအဖ ရန်သူ၏လက်တွင်းသို့ သက်ဆင်း၍ အဖြစ်ကို သိရ

www.burmeseclassic.com



သောကြောင့် မကြီးတတ် မဖန်တတ်ဖြစ်ကာ၊ ရိုက်ကြီးတင် ငိုကြွေးလျက် အဖြစ်သူကျပ်တည်းစွာ နေရသည်ကိုလည်း မကြည့် နိုင်သောကြောင့်၊ တုပ်ထားသောကြိုးတို့ကို ဖြည်အံ့ဟု ကြိုးစားလေ၏။

သို့သော် မည်သို့မျှ မရနိုင်သောအခါမှ ကပျာကယာ ထ၍ ပေါင်းမိုးအပြင်သို့ ထွက်လာခဲ့ရာ အဝတွင် မိမိအား ခေါ်လာသူနှင့် တွေ့၍ 'အမယ်လေး၊ မေမေ့ကို ဘယ်နှယ် လုပ်ထားတာလဲ အစ်ကိုကြီးရဲ့။ ကယ်ပါဦး။ ကယ်ပါဦး' ဟသည်ဖြင့် ရေရွတ်၍ လာသောသူသည် အနီးသို့ရောက်လာသော အရာကို မြွေဖြစ်မည် သစ်တုံးဖြစ်မည် မသိ။ ဖမ်းမိဖမ်းရာ ဆီး၍ ဖမ်းတတ်သကဲ့သို့၊ ခင်ဖွားငယ်လည်း ထိုသူအား မည်ကဲ့သို့သောသူမှန်း မသိသော်လည်း ဒုက္ခထဲတွင် ဖြစ်၍ တွေ့ရာလူကို ဖမ်း၍ တောင်းပန်လေ၏။

ထိုသူသည် ခုံခုံကြီး လှုပ်ရပ်ကာ၊ မိမိအား မြိုးလျက် ကြည့်နေသည်ကို မြင်ရလျှင် စိတ်ထဲ၌ ရုတ်တရက် မခံချိဖြစ်ခါ "အို၊ ရှင် ဘယ်နှယ်လုပ်တာတုန်း။ အထဲမှာ မေမေ့ကို ချုပ်ထားတယ်။ မသိဘူးလား။ ဘာဖြစ်လို့ လုပ်ထားသလဲ။ အို၊ ဖြည်ပေးပါ။ မေမေ သေတော့မယ်။ မေမေ သေတော့မယ်" ငိုကြွေး ပြောဆိုသော်လည်း ထိုသူသည် အမြှုံးမှ မပျက်နေသဖြင့်၊ စိတ်ထဲ၌ 'ငါကား ဘုရား မှတ်၍ ကိုးကွယ်သည်၊ ယခု ဖွတ်ထွက်၍ နေပါပကောဲ။ ငါကား အားကိုး မှားချေပြီ' ဟသည်ဖြင့် ရုတ်တရက် ပေါ်လာ၍ ဟုန်းခနဲ အမျက်ထွက်ကာ၊ "ရှင် ဘယ်နှယ့် နေနိုင်သလဲ။ ရှင့်ကို အားကိုး ရမလားလို့ လိုက်လာတယ်။ ရှင်ပဲ ရန်သူလုပ်နေသလား။ ရှင် ဘာကောင်းသလဲ" ဟု မေးကာ ပါးကို ရိုက်မည်ဟု လက်ကို ရွယ်လိုက်သည်တွင်

ထိုသူသည် ရိုက်တော့မည့်ဆဲဆဲရှိသော လက်ကို ဖမ်း၍ဆွဲကာ





မြုံး၍နေသော မျက်နှာကြီးကို ရုတ်တရက် တင်းလိုက်လျက်၊ ခင်ဖွားငယ်၏ မျက်နှာကို သေချာစွာ ကြည့်ကာ။ "ကြည့်စမ်း၊ ငါ့မျက်နှာကို မှတ်မိသေးရဲ့လား၊ ဟား ဟား၊ အခုမှ တွေ့ရတယ်။ ကွဲနေတာ ကြာပါပကော။ မှတ်မိရဲ့လား တောသား၊ ခွေးမျိုး၊ ကျွန်မျိုးကြီးလေ။ မင်းတို့ ခြေထောက်အောက်က မြေမှုန့်လေ။ မှတ်မိရဲ့လား။ မိရာမှာ အသေသတ်မေ။ အမိန့်တော် ထုတ်ထားတဲ့ လူမိုက်သူပုန် သံခဲလေ။ တွေ့ပါပကော။ သတ်ပါလား။ သံခဲလေ သံခဲ။ သေသေချာချာ ကြည့်" ဟု အလွန်မုန်းတီးသော မျက်နှာကြီးနှင့် ပြောပြလေ၏။

ထိုအခါမှာ ခင်ဖွားငယ်မှာ သုံးနှစ်ကျော် လေးနှစ်အထက် လောက်က၊ အလည်အပတ်က အပြန်တွင် လူစု ဝိုင်းမိ၍ လှည်းပေါ်သို့ တက်လာကာ မိမိအား အတင်းဆွဲယူထုမကာ မီးတုတ်ကြီးနှင့် ကြည့်သော လူဆိုးမောင်သံခဲ၏ မျက်နှာကြီးကို သတိတရ မြင် ယောင်မိသဖြင့်၊ ရုတ်တရက် ဒေါသအဟုန်နှင့် ထိတ်လန့်ကာ မောင်သံခဲ၏ရှေ့တွင် မေ့လျော့ပျော့ခွေ၍ လဲသွားလေ၏။

နေရောင်လရောင် ကြယ်ရောင်မျှမက ထွန်းလင်းတောက်ပ သော မြတ်စွာဘုရား၏ ချစ်ခင်ခြင်း၊ သနား ကြင်နာခြင်း၊ စသော မေတ္တာ ကရုဏာတရားတော်တို့သည် လူသတ္တဝါတို့ အပေါ်၌ နေ့ လ၊ ကြယ်၊ နက္ခတ်တို့၏ အလင်းရောင်ကဲ့သို့ ထွန်းလင်း တောက်ပ လမ်းကောင်းကို ပြ၍နေသော်လည်း တစ်ခါတစ်ရံ လောဘ၊ ဒေါသ မောဟတည်းဟူသော အမိုက်တရားများ ဖုံးလွှမ်းလျှင် လူသတ္တဝါ အပေါင်းတို့သည် ၎င်းအလင်းရောင်ကို မေ့လျော့၍ လမ်းကောင်းရာ

www.burmeseclassic.com

www.burmeseclassic.com



ကို မကြည့်ဘဲ မျက်စိကိုမှိတ်ကာ ရောက်မိရောက်ရာသို့ သွားတတ်ကြလေ၏။

ထို့နည်းတူစွာလျှင် နံနက် အရှေ့ကောင်းကင်မှ တက်သစ်စဖြစ်သော နေမင်း၏ ရွှေအဆင်းနှင့်တူသော အဲရောင်သည် ထွန်းလင်းကျရောက်သဖြင့် အရပ်ရှစ်မျက်နှာ မြေပြင်အလယ် မြင့်မားသော တောင်ကုန်းကလေးပေါ်တွင် တည်ထားသဖြင့် အထက်အာကာသဆီသို့ ငွားငွားစွင့်စွင့် ထိုးထွက်၍ ဘဝဂ်ကိုပင် ရန်ပြုနေသည်ဟု ထင်ရသော ရွှေတိဂုံစေတီတော်ကြီးမှာ ကျရောက်လာသော ရွှေရောင်ကို အောက်မှ ရှေ့သားများက တပြက်ပြက် ပြန်ဟပ် တက်လတ်သဖြင့် တဝင်းဝင်း တဝေဝေ မြတ်စွာဘုရား၏ ဓာတ်တော်ကို သံသရာလောက၏။ ဝဋ်ဒုက္ခကို ခံကြရသူ သတ္တဝါဗိုလ်လူအား အရှိန်ကိုမြင်ရ တွေ့ရလျှင် သက်သာရာမှ ရစေတော့ဟု ရည်သန်လျက် ပြန့်ကြဲနေသကဲ့သို့ တောက်ပနေသော်လည်း စေတီတော်ကြီး၏ အရိပ်အောက်တွင် ခိုလှုံနေသော ဒဂုန်မြို့ကလေး၌မူကား သူ ဘုရင် ငါ ဘုရင် စသည်ဖြင့် နန်းလုရိုက် ကာလဖျက်ဆဲ ကပ်ကြီးသုံးပါး ဆိုက်နေရိုက် ဖြစ်သောကြောင့် အမိုက်မှောင်က ကြီးလှသောကြောင့် အထက်မှ တဝင်းဝင်း တထိန်ထိန်တွင်၍ လျှမ်းသောရောင်ခြည်တော်မှာလည်း ထိုမြို့ကလေး၏ အမိုက်တိုက်ကို မတာတ်နိုင်အောင် ရှိလေ၏။

ထိုအချိန်ကား ရာမညတိုင်း ဟံသာဝတီသုံးရပ်၏ အချုပ်အချာဖြစ်သော ဟံသာဝတီတွင် မင်းမဲ့ ဖြစ်ခိုက် အမျိုးအရိုး အရည်အချင်း ဂုဏ်အင်္ဂါရှိသည် မရှိသည်မဟူ မိုက်၍ နောက်လိုက်များ-လျှင် အရှင် ကျေးဇူး သစ္စာတော်ကို မထောက် တိုင်းသူပြည်သားတို့၏ အကျိုးကို မမြော်မြင် လူတပေါက်ဖွား၍ လူဟုစင် ဆိုရသော်လည်း လိမ်မာ တတ်သိခြင်း မရှိသော မြို့ဝန်တစ်ဦးသည် ဟံသာဝတီကို စီးနင်း အုပ်ချုပ်၍နေစဉ် ဖြစ်၏။



တစ်နေ့သောနံနက်တွင် ၎င်း သမိန်ဗရမ်း၏ အိမ်ဖြူတော်ကို သံအမတ်သည် ကောင်းမွန်ခံ့ညားစွာ ဝတ်စားလျက် မျက်နှာကလည်း ကြည့်ရွှင်စွာထားကာ ရောက်လာလေ၏။ အိမ်ဝတွင် အစောင့်တံခါးမှူးဖြစ်သော တပ်တော်သားတစ်ဦးနှင့်တွေ့၍ ရှိမရှိကိုမေးရာ ထိုတပ်သားသည် ရုတ်တရက်ပြန်မပြောဘဲ မခံ့မညားရယ်ကာ သံအမတ်အား ခေါင်းမှခြေဖျား၊ ခြေဖျားမှသည် ခေါင်းသို့ရောက်အောင် ကြည့်နေသဖြင့် သံအမတ်သည် ရုတ်တရက်ဒေါသထွက်ကာ "ဟဲ့ အကောင်။ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း။ ဘယ်သူမှတ်လို့ မရိုမသေမခံ့ညား လုပ်နေသလဲ။ ဒုက္ခတွေ့သွားချင်လား" ဟု ငေါက်ငမ်းပြောဆိုမှ တပ်သားသည် ခံ့ညားစွာရယ်လိုက်၍ ဓားကို ထမ်းကာ "သိပါတယ်။ သံအမတ်ကြီး မဟုတ်လား"

"အောင်မယ်။ မင်းကလား ငါ့ကို သံအမတ်ကြီးလေး ဘာလေးနဲ့။ မင်းဘုရားကြီး ခေါ်။ သွား။ မင့်သခင်ကို တွေ့ချင်လို့။ မှုမရှိ စုံစမ်း"

"မှန်လှပါ ဘုရား။ မိုက်ပြစ်လွှတ်တော်မူပါ။ ကျွန်တော်မျိုးစိတ်က ပျော်ပျော်ရှိလို့ပါ။ အခု သွားခဲ့ပါမယ်။ တစ်ဆိတ်မင်းတရားကြီး သည်က စောင့်ပါ" ဟု ဆို၍ ရှိန်းဦးထိပ်ပြုကာ ဝင်သွားသဖြင့် သံအမတ်လည်း နောက်ကကြည့်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"တယ်။ သွားလေရာ အရွှေ့နဲ့ချည်းတွေ့နေရတယ်။ ခွေးမသား" ဟု ကြိမ်းမောင်းကာ စောင့်နေရစ်လေ၏။ မကြာမီပင် ယခင်တံခါးစောင့်ပေါ်လာ၍ "ရှိပါတယ် ဘုရား။ ဝင်တော်မူပါ" ဟု ဆိုလိုက်သဖြင့် သံအမတ်လည်း ထိုသူ မျက်နှာထားပုံမှာ မိမိအား ပြက်ချော်ပြုလင့်သည်ဟု ထင်ရသောကြောင့် များစွာမကြိုက် မနှစ်သက်လှသဖြင့် မျက်စောင်းထိုးကာ ဝင်သွားလေ၏။ ယင်းသို့ ဝင်သွားသဖြင့် တံခါးကို ကျော်မိ၍ အတွင်းဆောင်သို့ နင်းမိလျှင်ပင် "ဟား ဟား ဟား" ဟု အပြင်က ရယ်မောသံကြီးကို ကြားလိုက်သဖြင့် ကြားနေကျ အသံကြီးဖြစ်သောကြောင့် တချွေချောက်သကဲ့သို့ ထင်လိုက်ရလျက် ကြက်သီးမွေးညှင်းများထကာ ထိတ်လန့်သဖြင့် တပျာကယာ အပြင်ဘက် မြန်၍ထွက်ကာ ကြည့်လေ၏။ သို့သော် မည်သူတစ်ဦး တစ်ယောက်ကိုမျှ မတွေ့သဖြင့် ကြာရာမရ ရှိလေ၏။ ထို့နောက် တံခါးစောင့်သို့ ကြည့်လိုက်ပြန်ရာ တံခါးစောင့်လည်း ယခင်နေရာတွင် ထိုင်မြဲတိုင်း ထိုင်ကာ ဆေးလိပ်ကလေးကို မှုလျက် မျက်စိကလေး မှာ အိပ်တော့မည့်ကဲ့သို့ ဖြစ်နေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် စိတ်ထဲက အမုန်ရယ်သံ ဟုတ်မှ ဟုတ်မည်၊ မိမိက ကြားယောင်သဖြင့် ဖြစ်လေသလားဟု တွေးတောကာ စိတ်ကို တင်းလျက် အတွင်းဆောင်သို့ဝင်သွားလေရာ မြို့ဝန်သမီးဗရမ်းနှင့် အရုံသင့်ပင် တွေ့၍ မြို့ဝန်ကသီးကြိုကာ "ဘယ့်နှယ်။ မင်းဘုရားကြီး မပေါ်လာ ကြာပါပြီကော" ဟု မေးကာ နေရာထိုင်ခင်းများပေးသဖြင့် သံအမတ်လည်းထိုင်ရင်း "ဟာ။ မပေါ်လာဆို ကြံရ ဖန်ရနဲ့ အထက်မှာချည်း နေရတယ်။ မနေ့ညကမှ ရောက်လာတယ်"

"သြော်။ အင်းဝက ပြန်ခဲ့သလား"

"ဟုတ်တယ်"

"ဟား၊ ဟား။ မင်းဘုရားကြီး ကံပြန်ပြီ ထင်တယ်။ စိတ်မပျက်သေးဘူးလား"



"မပျက်ပါဘူး။ ကျုပ်က တစ်ခုခု ကြံပြီဆိုရင် နောက်ကို တယ်ပြီး မဆုတ်ချင်ဘူး။ တစ်ခါနဲ့မရ နှစ်ခါ၊ နှစ်ခါနဲ့မရ သုံးခါ။ နောက်ဆုံး ကုန်ကုန်ပြောပါရစေ။ မသေမချင်း မတန့်ပါဘူး"

"တယ်လည်းခက်တဲ့ မင်းဘုရားကြီးကိုးဗျာ။ အခုတစ်ခါတော့ ဘယ့်နှယ်လဲ"

"ဒီအရေးနဲ့ မြို့ဝန်မင်းဆီကို ဝင်ခဲ့တာပဲ။ မြို့ဝန်မင်းနဲ့ တိုင်ပင်ချင်တယ်" ဟု ပြောရာ မြို့ဝန်သည် သံအမတ်၏ အကြောင်းကို အခါခါ အကြိမ်ကြိမ် တွေ့ဖူးကြားဖူးသဖြင့် သိပြီးဖြစ်သောကြောင့် ခေါင်းကိုခါကာ "ဟား-ဟား။ မင်းဘုရားကြီး ကိစ္စ မင်းဘုရားကြီး ကြံပါ။ ကျွန်တော် ကျွန်တော့် ကိစ္စနဲ့ပဲ မအားနိုင်ဘူး"

"အို။ သည်လို မထင်ပါနဲ့လေ။ အခု တစ်ခါတော့ သေသေချာချာပါပဲ။ မြို့ဝန်မင်းက ပင်ပင်ပန်းပန်း ဘာမှလုပ်စရာ မရှိပါဘူး။ ကျုပ်တာဝန်ချည်းထားပါ"

"နို့။ ဟံသာဝတီကို သွားပါလား"

"မြို့ဝန်မင်း အသိပဲ။ ဟံသာဝတီမှာ သုံးလေးခါ လွတ်သွားလို့ မရဘူး"

"သည်ဟာကြောင့် အခု ဒဂုန်က ကြံချင်တာပါ။ မြို့ဝန်မင်း ဘာမှ မပူရပါဘူး။ ကျုပ်ချည်း ဆောင်ကြဉ်းပါမယ်။ မြို့ဝန်မင်းက နည်းနည်းပါးပါး အမိန့်အာဏာနဲ့ ကူဖို့ပါပဲ။ နောက်တော့ အကျိုးရှိရင် အတူတူပေါ့ဗျာ"

"သြော် သြော်။ ဘယ်လိုများတုန်း" ဟု မေးသောအခါမှ သံအမတ်သည် မိမိအကြံ အောင်တော့မည်ကိုသိ၍ တိုးတိုးပြောရန် လက်နှင့်ပြကာ "အရေးကြီးတယ်။ တိုးတိုးကြိတ်ကြိတ် တိုင်ပင်မှ ဟန်ကြမယ်။ သည်အခန်း လုံရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ။ ပြောသာ ပြောပါ။ ကျုပ်အိမ်မှာ လုံ့ပါတယ်"

"သတိထားရမယ် မြို့ဝန်မင်း။ ဟိုအကြောင်းကလည်း အကြံကြီးတယ်။ မြို့ဝန်မင်း အသိသားကပဲ။ နံရံတွေကများ ချောင်းနားထောင်လို့ တစ်ပါးသူ ကြားပါ့မယ်။ သည်အကြံက အခု ကျုပ်တစ်ဦးတည်းသိသေးတယ်။ အခု မြို့ဝန်မင်းပါနဲ့မှ နှစ်ဦးပါပဲ" ဟု ပြောပြသဖြင့် မြို့ဝန်လည်း သေချာအောင် တံခါးစောင့်ကိုခေါ်၍ "ဟေ့။ ဒီအခန်းနားကို ဘယ်သူမှ မကပ်စေနဲ့။ အကုန်လုံး ပြောလိုက်။ ငါ့အမိန့်ပေးမှ လာပါစေ" ဟု မှာလိုက်၍ တံခါးစောင့်လည်း "ကောင်းပါပြီ" ဟုဆိုကာ ပြန်၍ထွက်သွားလေ၏။

ထိုအခါ မြို့ဝန်က "ကိုင်း။ စိတ်ချရပါပြီ။ ပြောပါတော့"

"အဲဒီလိုမှ ပြောလို့ ကောင်းတယ်။ အခု ဟို အင်းဝက ရွှေစားဗိုလ်ဆိုတဲ့ အကောင်ကို မိရင် ဟံသာဝတီ ရွှေနန်းတော်က ငွေတော် သုံးထောင် ဆုတော်ပေးမယ်လို့ ထုတ်ပြန်ကြေငြာတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်"

"အဲဒီရွှေစားဗိုလ်ကို ဖမ်းမိလို့ ဟံသာဝတီကို ပို့နိုင်ရင် ဒီငွေတော် သုံးထောင်ကို ကျုပ်တို့ ရဖို့ပဲ။ ကျုပ်ကတော့ ဒီငွေ မမက်လှပါဘူး ရွှေစားဗိုလ်အတွက်နဲ့ ကျုပ်တို့ ဟံသာဝတီထောင် လာဖို့အခွင့်မပြုဘူး တကယ်လို့ ကျုပ်တို့ ဟံသာဝတီပြန်ပြီး အရင်က သြဇာအာဏာနဲ့ ရာထူး ဌာနန္တရကို ပြန်ရဖို့ပေါ့ဗျာ။ ဒီတော့ မြို့ဝန်မင်း ကူညီစောင်မလို့ ဒီအကြံ အောင်သဖြင့် ငွေတော်သုံးထောင်ရင် မြို့ဝန် ခင်းဖို့ချည်းပါပဲ ကြိုက်ပြီလား" လို့မေးမြန်းရာ မြို့ဝန်သည်မိန့်ဗရမ်းမှာ အသုံးအစွဲကြီးသဖြင့် ငွေ ဟုဆိုလျှင် ရမ္မက်ကြီးရကား များစွာသဘောကျကာ

"ဟုတ်ပါ့မလား"





"အို။ မြို့ဝန်မင်းကို ကျုပ် လိမ်ပါ့မလား။ မယုံရင် အခု ကျုပ်က စိုက်ခံပြီး ငွေတစ်ထောင် ပေးထားမယ်။ ဒီ ရွှေစားဗိုလ်ကို မိတော့သာ ကျုပ်အမိလို့ ပြောရမယ်"

"ဟာ၊ ဒီဟာအရေးမကြီးဘူး။ ကျုပ်က ငွေရရင် ပြီးတာပဲ"

"ကောင်းပြီ။ အခု ကျုပ်တို့ အင်းဝက အရင်ထွက်ပြေးနေတဲ့ မုတ္တမမြို့စားနှင့် သမီးခင်ဖွားငယ်ကို ဖမ်းပြီး လာခဲ့တယ်။ သူတို့အတွက်ကတော့ ကျုပ်ကိစ္စ မဟုတ်ဘူး။ သူ့ငွေးမင်း မှော်သံခဲကိစ္စတွေပါ။ နို့ပေမယ့် အင်းဝမှာ သူတို့ကို ဖမ်းစဉ်က ကျုပ်က ကူခဲ့လို့ အခု သူတို့နဲ့ ရွှေစားဗိုလ်ကို မျှားပြီး ဖမ်းတာမှာ သူကလည်း ကူပါ့မယ် ဝန်ခံခဲ့တယ်။ ဒီဟာကြောင့် မုတ္တမစားကို အခု ဒဂုန်မှာ ချောင်ဆိုင်းထားတယ်။ ဒဂုန်မှာ မုတ္တမစား ရှိတယ်ဆိုရင် ဘယ်နည်းနဲ့မဆို ရွှေစားဗိုလ ပေါ်လာမှာပဲ။ အခုလောက်ရှိရင်ပဲ ရောက်ချင် ရောက်နေရော့မယ်။ ဒီတော့ အခုသူ့ကို စောင့်နေတုန်း မုတ္တမစားနဲ့ သမီးကို မြို့ဝန်မင်း အချုပ်ထောင်ထဲမှာ ချောင် ထားပါ။ နောင်ရောက်လာတော့မှ တော်သင့်သလို ကြံချင်တယ်။ သဘောကျတယ် မဟုတ်လား"

"ကောင်းပြီ။ အခုသာ မင်းဘုရားကြီး ဝန်ခံတဲ့အတိုင်းသာ ငွေတစ်ထောင် လောက်ပေးပါ"

"အို၊ ကိစ္စမရှိဘူး၊ အခုညနေ လာပြီး ပေးပါမယ်။ ဟို အကောင်တွေသာ အကျဉ်းသွင်းဖို့ အမိန့်ပေးလိုက်ပါ။ ညကျတော့ လှေက ချောင်ရွှေ့ဖို့ပါပဲ"

"ကောင်းပြီ" ဟုဆို၍ တစ်ဦးနှင့်တစ်ဦး ဝန်ခံကတိပေး ကြပြီးလျှင် သဘောတူညီကြသည့်အတိုင်း ထိုနေ့က စီစဉ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခြောက်ရက်ကျော် ခုနစ်ရက်မျှ လှေကလေးထဲတွင် ကျဉ်းကျပ်စွာ လိုက်လာခဲ့သည့်အပြင် စိတ်တွင်လည်း ပူဆွေးကြောင့်ကျခြင်းများက ညှဉ်းပန်းနှိပ်စက်လေသောကြောင့် ဒဂုန်မြို့သို့ လှေဆိုက်လျှင်ပင် ခင်ဖွားငယ်မှာ လမ်းတစ်လျှောက်လုံးတွင် မလှုပ်သာမလှဲသာ ဝါးနှစ်ခြမ်း၏အကြားတွင် လိုက်ခဲ့ရသူ။ မုတ္တမမြို့စား အဘဖြစ်သူထက် ကိုယ်ယိစိတ်နွမ်းဖြစ်ကာ မလှုပ်ရှားနိုင်အောင် ရှိလေ၏။ ထို့ကြောင့် ဒဂုန်သို့ရောက်ပြီဟု ကြားလိုက်လျှင်ပင် ရန်သူ၏မြေကို နင်းမိလေပြီဟု စိတ်ထဲက များစွာထိတ်လန့် တုန်လှုပ်ကာ သတိမေ့မျော၍ သွားလေ၏။

မည်မျှလောက် မေ့မျော၍ နေသည်မသိ။ နောက်တစ်ဖန်နိုးလျှင် မိမိသည် လှေပေါ်၌မဟုတ်။ လူတစ်ယောက် နေသာရုံလောက်သော အခန်းငယ်ကလေး တစ်ခုအတွင်းတွင် ရောက်နေကြောင်းကို တွေ့ရလေ၏။ သိလျှင်သိချင်းမှုကား စိတ်ထဲတွင် မိမိတို့အဖြစ်အပျက်သည် ပျောက်ကွယ်နေသောကြောင့်၊ သက်သာယောင် ရှိသဖြင့် အခန်းကလေး၏ နံရံများကိုသာ အိပ်ရာကမထဘဲ ကြည့်နေမိလေ၏။ သို့သော် အတန်ကြာ၍ ဤကဲ့သို့ ကြည့်နေရင်း အိပ်ပျော်ခြင်းတည်းဟူသော ခေတ္တမေ့ပျောက်ခြင်း၏ မှိုင်းရီ ဝေမှုန်ခြင်းတို့သည် တဖြည်းဖြည်း လွင့်စဉ်ပပျောက်ကုန်သဖြင့် မိမိ၏ အဖြစ်အပျက်တို့သည် ပြန်၍ ပေါ်လာကုန်၏။ ဤသို့ ပြန်၍ ပေါ်ပေါက်လာလျှင်လာချင်းလည်း အဘဖြစ်သူကိုအမှတ်ရ၍ ကပျာကယာ အိပ်ရာမှ ထကာ အဘရှိမည်လောဟု အခန်းကလေးကို လှည့်လည်၍ ကြည့်ရှုရာ အခန်းကလေးထဲတွင် မိမိမှတစ်ပါး အခြားသူ မရှိကြောင်းကို





သိရ၍ မိမိအဘကို မည်သည့်အရပ်သို့ ဆောင်ယူသွားကြလေသနည်းဟု တွေးတောပူပန် မိလေ၏။ ထိုနောက်မှ မိမိတို့အား မည်သည့်အတွက် ဆောင်ကြဉ်းလာကြသည့် အဖြစ်ကို တွေးမိပြန်၍ အဘဖြစ်သူအား သတ်၍ပင် ပစ်ကြလေပြီလားဟု တွေးတောကာ ငိုကြွေးလေ၏။ ယင်းသို့ ငိုကြွေးရင်းလည်း မေးမြန်းမည်ဟုကြံလျက် အနီးအနားတွင် ကြည့်ရှုရာ အခန်း၌လည်း မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်းကို သိရသဖြင့် မမေးနိုင်ဘဲ ရှိလေ၏။

ထို့ကြောင့် အကြံမရနိုင်ဘဲ ငိုကြွေးလျက်သာနေရာ အတန်ကြာကာလ တစ်ဖက်မှ တံခါးပေါက်သည် ပွင့်လာပြီးလျှင် လူတစ်ယောက်သည် ထမင်းပွဲတစ်ပွဲကိုကိုင်ကာ ဝင်လာသည်ကို မြင်ရလေ၏။ ထိုသူကို မြင်လျှင် သူ့ရုပ်ရေမှာ ကြမ်းတမ်းလှသောကြောင့် နောက်သို့ဆုတ်၍ နေမိလေ၏။ ထိုသူလည်း ထမင်းပွဲကို ကြမ်းပေါ်တွင်ချကာ "စား" ဟု ဆိုပြီးလျှင် မိမိအား အတန်ကြာ ကြည့်နေပြီးမှ တံခါးဆီသို့ ပြန်၍ သွားလေ၏။ ထိုအခါမှ ထိုသူ ပြန်တော့မည်ဟုသိ၍ သတိရကာ "အို။ ခဏနေပါဦး" ဟု တားလိုက်ရာ ထိုသူသည် တံခါးဝတွင်ရပ်၍

"ဘာလဲ"

"အို။ ကျွန်မကို ပြောစမ်းပါ။ အခု ကျွန်မ ဘယ်ကို ရောက်နေသလဲ"

"ဩော်။ မင်း ဘယ်ရောက်နေရမလဲ။ ဒဂုန်ပေါ့"

"ကျွန်မ အဖေကော။ ဘယ်မှာလဲ"

"ညက ခေါ်သွားကြတယ်။ မသိဘူး"

"အို။ ပြောစမ်းပါ။ သတ်ပစ်ကြပြီလား"

"မပြောတတ်ဘူး။ ညက ခေါ်သွားကြတာပဲ။ ဆောင်ကြီးထဲမှာ ရှိမှာပေါ့" ဟု ဆို၍ ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ပြောဆိုသွားသော်လည်း ခင်ဖွားငယ်မှာ အဘ၏ကံအကြောင်းကို မသိသာသဖြင့် စိတ်မချနိုင်ဘဲရှိလေ၏။ ထမင်းပွဲကို မြင်လျှင် ဆာမွတ်သကဲ့သို့ ရှိသဖြင့် စားမည်ကြံသော်လည်း မစားနိုင်ဘဲ ရှိလေ၏။ ဤသို့ နေရင်းလည်း မိမိတို့သားအဖတွင် မည်သူမှ ကယ်မယ့်သူ မရှိ။ ဟံသာဝတီတွင် မုန်းတီးသူ များသဖြင့် သတ်လိုသူချည်းသာ ဖြစ်တော့သည်။ အင်းဝပြည်က မိတ်ဆွေများကမူကား စောင်မ, ကောင်း စောင်မ, ပေလိမ့်မည်။ သို့သော် ဤဟံသာဝတီပြည်သို့ မည်သို့ လာရောက် စောင်မနိုင်လိမ့်မည်နည်းဟု တွေးတောမိရာတွင် ချစ်ခင်သူ မောင်မောင်ထွေးကိုလည်း သတိရမိပြန်လေ၏။ သို့သော် ဤအချက်ကား မည်သူမျှ မတာတ်နိုင်ပြီ ဖြစ်သောကြောင့် မည်သူကိုမျှ မတ, နိုင်ဘဲ သေရမည့်ဘေးကိုသာ မြော်တွေးကြောက်လန့်ရှာ တငိုငို တရှိုက်ရှိုက်နှင့် နေခဲ့ရလေ၏။

ယင်းသို့ နေခဲ့ရာ နေ့အချိန်သည် တဖြည်းဖြည်းကုန်၍ ညအချိန်သို့ ရောက်လာသော် မှောင်လာသဖြင့် ခင်ဖွားငယ်မှာ အတော်အတန် စိတ်ရဲရင့်ခဲ့ဖူးသော်လည်း တစ်ယောက်တည်းဖြစ်သဖြင့် အနည်းငယ် ကြောက်ရွံ့၍ လာလေ၏။ မိမိအား ချုပ်ထားသည်ဖြစ်၍ ဤအခန်းကလေးကား လူနေသောအခန်း ဟုတ်မည်မထင်။ လူနေသော အရပ်နှင့်လည်း နီးမည် မထင်။ သေရမည်ဖြစ်သော ရာဇဝတ်ကောင်များကိုပင် ထားသောအခန်း ဖြစ်လေသလားဟု တွေးတောမိလေ၏။

ဤသို့ တွေးတောရင်းလည်း အကယ်၍ အဘဖြစ်သူကို ကွပ်မျက်၍ ပြီးသည်ရှိသော်၊ ၎င်း၏ဝိညာဉ်လိပ်ပြာသည် မိမိအား လာရောက် ပြလိမ့်မည်လားဟု တွေးတောလျက် ကြက်သီး တဖျန်းဖျန်း နေရှာပေ၏။ ယင်းသို့နေ၍ ဤမှခေါင်းမပါဘဲ ပေါ်လာနိုးနိုး၊ ထိုမှ ကြောက်မက်ဖွယ် နာနာဘာဝပြု၍ ပြနိုးနိုးနှင့် လေခတ်သဖြင့် လိမ့်



သော သစ်ကိုင်းချောက်များ၏ အသံကိုပင် ထိတ်လန့်လျက် နေစဉ်တွင် ရုတ်တရက် တံခါးဆီမှ ဂျုံးခနဲ ကြားလိုက်ရသဖြင့် ပြေးကပ်ခါ မျက်လုံးများ ပြူး၍ လာလေ၏။ သို့သော် တံခါးသည် ရုတ်တရက် ပွင့်၍ မီးတိုင်နှင့် လူတစ်ယောက်ကိုမြင်မှ တစ္ဆေမဟုတ် ကြောင်း သိ၍ စိတ်သက်သာ လာလေ၏။

ဝင်လာသောသူလည်း ရုတ်တရက် မိမိကိုမမြင်သဖြင့် မီးတိုင်နှင့် ယမ်း၍ကြည့်ပြီးမှ နံရံတွင်ကပ်၍ နေသည်ကို မြင်၍ "ဪ။ ရော့ စောင်" ဟုဆိုကာ စောင်ကလေးတစ်ထည်ကို ပစ်၍ချလိုက်ပြီးနောက် မီးတိုင်ကို ကြမ်းပေါ်သို့ချပြီး၊ "အိပ်တော့ မီးမှုတ်" ဟု ဆိုကာ လာသောအခါကကဲ့သို့ပင် ဘာမျှမပြောဘဲ ထွက်သွားလေ၏။ ထိုသူ အပြင်သို့ရောက်၍ တံခါးပိတ်သံ ကြားမှ သက်သာရာရကာ စောင်ကလေးကို ကောက်၍ခေါင်းအုံးပြုကာ အိပ်မည်ဟုကြံသော်လည်း မပျော်နိုင်ဘဲ ရှိသောကြောင့် မီးတိုင်ကလေးကို အနီး၌ထားကာ ထိုင်၍ ကြည့်နေလေ၏

ယင်းသို့ မီးရောင်ကိုကြည့်၍ နေရင်းပင် တဖြည်းဖြည်း အချိန်ကုန်လျက် သန်းခေါင်ကြက် တွန်လျှင်ပင် စိတ်က အိပ်လိုသော ဆန္ဒအနည်းငယ်မျှ မရှိသော်လည်း အလိုအလျောက် ကိုယ်လက်ပန်းကာ ငိုက်မျဉ်းလျက် နေလေ၏။ ဤသို့ နေ၍ များမကြာမီ ရုတ်တရက် လန့်၍နိုးသဖြင့် မျက်စိများကို ပွတ်သပ်ကာ ဤသို့ ထိုသို့ ကြည့်သော်လည်း ဘာကိုမျှမမြင်ဘဲ ရှိလေသောကြောင့် ခေတ္တငြိမ်၍နေမှ တံခါးက တဒေါက်ဒေါက် ခေါက်နေသောကြောင့် နိုးရကြောင်း သိရလေ၏။

ဤသို့ တံခါးက တစ်စုံတစ်ဦး ခေါက်နေကြောင်းကို သိပည့်နှင့်တစ်ပြိုင်နက်လည်း ဤတံခါးကား အကယ်စင်စစ် အချိန်မတော်တွင် တစ္ဆေချောက်နေသည်ဟု ထင်မှတ်ကာ ကြံရာမရ ရှိနေသဖြင့် အသံ



www.burmeseclassic.com

www.burmeseclassic.com



လာရာ တံခါးကိုသာ စိုက်၍ကြည့်နေရာ အတန်ကြာကာလ တံခါးအောက် မှ လှုပ်ရှားနေသောအရာတစ်ခုကို မြင်၍ ရုတ်တရက်လန့်ကာအော်လိုက်မည် ပြုမိလေ၏။ သို့သော် စိတ်ကိုတင်းလျက် မအော်ဘဲနေကာ ၎င်းအရာကလေးကို သေချာစွာ စိုက်ကြည့်နေရာ ၎င်းမှာအခြားမဟုတ် ထန်းရွက်ကလေး ဖြစ်နေကြောင်းကို သိရလေ၏။ သို့သော် မည်သို့သော အကြောင်းဖြစ်သည်ကို မသိရလေသောကြောင့်နေရာမှ မရွေ့ဝံ့ဘဲ နေလေ၏။ သို့သော် တံခါးက ခေါက်သံသည်တစ်ချက်တစ်ချက် ကျယ်၍လာသောကြောင့် နောက်ဆုံးသို့ ရောက်သောအခါမှ "ငါ့အား ယူစေလိုသော လက္ခဏာပေလား" ဟု တွေးတောကာ ရွံ့လျက်ပင် အနီးသို့ တဖြည်းဖြည်းကပ်၍ ထန်းရွက်ကလေးကို မဝံ့တဝံ့နှင့် ဆွဲယူလိုက်လေ၏။ ဤသို့ ယူလိုက်သည်နှင့် တစ်ပြိုင်နက်လည်း ခေါက်၍နေသော အသံသည် တိတ်သွားပြီးလျှင်လှုပ်ခြင်း အနည်းငယ်ကို ကြားလိုက်ရပြီးနောက် ငြိမ်သက်သွားလေ၏။

ထိုအခါမှ ထိုအရာသည် မိမိအဖို့ လာရောက် ပေးသွားကြောင်းကိုသိ၍ မည်သို့သော အရာနည်းဟု မီးတိုင်အနီးသို့ ကပ်၍ကြည့်ရာ၊ ထန်းရွက်ကလေး၏ တစ်ဖက်တွင် ခြစ်၍ ရေးထားသောစာကိုတွေ့သဖြင့် ဖတ်ကြည့်ရာ အောက်ပါအတိုင်း ပါရှိလေ၏။

"ဘာမှ မကြောက်နှင့်။ မိတ်ဆွေများ အနီးတွင် ရှိသည်။ မည်သည့်အခါမဆို မည်သူက ခေါ်သည်ဖြစ်စေ၊ ခေါ်ရာသို့ လိုက်၍သွားပါ။ အကြံအောင်ရန် ဤစာပါအတိုင်း ပြုပါ။ အဘအတွက်လည်း မစိုးရိမ်နှင့်။ စိတ်ချ၍ နေ။ ဤစာကို ဖျောက်ဖျက်လိုက်ပါ။ မည်သူ့ကိုမျှ မပြောနှင့်"

ဟု ပါလာသဖြင့် မိမိတို့အား ကယ်ဆယ်မည့် သူများ ရှိကြောင်းကို သိရ၍ များစွာ ဝမ်းသာ၍ အကြောက်များပင် ပြေလျက်။ မည်သူ့ထံကနည်းဟု စာကလေးကို လှန်ပြန်၍ ကြည့်ရာ အောက်ဆုံးက





မြတ်လေးပွင့်သဏ္ဍာန် ပန်းပွင့်ရုပ်ကလေးအပြင် အခြား ဘာမျှမတွေ့ရဘဲ ရှိသောကြောင့်၊ မည်သူမည်ဝါ ဖြစ်လေ သနည်းဟု တွေးတောမရနိုင်အောင် ရှိလေ၏။

ထို့နောက် တစ်ညလုံး အိပ်၍ မရနိုင်ဘဲ စဉ်းစား၍နေရာ ဦးစွာပထမ ဘာမှ အဓိပ္ပါယ်မပေါ်သော မြတ်လေးပွင့်သဏ္ဍာန်ကလေးကိုကြည့်ရင်း အမှတ်မဲ့ ဟံသာဝတီ အင်းဝ နှစ်နိုင်ငံတွင် ကျော်စောလျက်ရှိသော မြတ်လေးရွှေစားဖိုလ်ကို ရုတ်တရက် သွား၍ သတိရမိလေ၏။

ဒဂုန် မြို့ဝန်မင်း သမိန်ဗရမ်းနှင့် ကတိဝန်လာ ရှိသည့်အတိုင်း သံအမတ်သည် ခင်ဖွားငယ်တို့သားအဖအား ဒဂုန်ရေဆိပ်ကြီးပေါ်မှ လုံလောက်ရုံ အစောင့်အကြပ်များနှင့် မိုးချုပ်လျှင်ချုပ်ချင်း မြို့သူမြို့သားများ သိမည်စိုးသောကြောင့် လူသွားလူလာပြတ်လပ်ရာ လမ်းငယ်လမ်းမြှောင်များမှ မထင်မရှား လှည်းကလေးတစ်စီးဖြင့် တင်ဆောင် ယူလာ၍ မုတ္တမမြို့စားအား ရာဇဝတ်ကောင် သာမညတို့ကို ချုပ်နှောင်ရာ အကျဉ်းထောင်သို့ ပို့၍ ချုပ်ထားစေ၏။ ခင်ဖွားငယ်မှုကား မိန်းကလေးဖြစ်သည် တစ်ကြောင်း၊ မောင်သံခဲကား အကယ်တိနှစ်ဦးအတူထားက ရွှေစားဖိုလ်ကြံ၍ပါလျှင် နှစ်ဦးတစ်ခါတည်း ပါလိမ့်မည်။ တစ်ဦးစီ ခွဲ၍ ထားပါက တစ်ဦးပါသော်လည်း တစ်ဦးမပါနိုင် ရှိမည်ဟု အကြံပေးချက်အတိုင်း ခွဲ၍၊ မြို့ဝန်မင်း၏ အိမ်ခိုင်ခံ့သော အခန်းတစ်ခန်းသို့ သွင်း၍ထားလေ၏။

ဤသို့ စီစဉ်ပြီးသောအခါမှ နောက်ပါလူတစ်စုနှင့် မြို့ဝန်မင်း၏အိမ်မှ ထွက်ခဲ့ပြီးသော် မြို့စောင့်များအား သတိပေးရန် မြို့ကို လှည့်ပတ်သွားလေ၏။ ယင်းသို့ သတိပေးပြီး၍ တည်းခိုရာအိမ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ခဲ့ပြီးလျှင် အိမ်ရှေ့သို့ ရောက်သောအခါ နောက်ပါ လူလေးယောက်အား "ကိုင်း။ မင်းတို့ မအိပ်ကြနဲ့ဦး။ ခဲလိုက်ကြပေဦး၊ ငနဲ့ မြတ်သာက တစ်ခါတစ်ခါလှည့်ပြီး မြို့တံခါးတွေကို သွားပြီး လူအဝင်အထွက် မေး။ ချွေးနဲ့ ငသာထွန်းက ဟိုထောင်ကြီးနဲ့ မြို့ဝန်မင်း အိမ်မှာရှိတဲ့ သူငယ်မကို မျက်ခြည်မပြတ်အောင် ကြည့်နေကြရမယ်။ ကိုင်း။ ရော့ ရော့။ သုံးဖို့။ မလစ်လပ်စေနဲ့နော်" ဟုဆိုကာ ငွေ တစ်မတ်စီ ပေးလိုက်သဖြင့် ထိုသူများလည်း သွားတော့မည် အပြုတွင် လူတစ်ယောက်သည် ဘေးကဖြတ်၍ ပြေးလိုက်သည်ကို မြင်လိုက်သောကြောင့် သံအမတ်က " ဟဲ့။ ဘာတုန်း လိုက်စမ်း။ ဒီအကောင် ဘာဖြစ်လာသလဲ" ဟုဆို၍ ရှုလေးယောက်လည်း ယခင်ပြေးရာလမ်းသို့ လိုက်သွားကြလေ၏။ ထိုလူလည်း မင်းလမ်းမကြီးကို လျှောက်၍ပြေးရာ တစ်ခုသောအိမ်ရှေ့ မီးရောင်ထဲသို့ ရောက်လျှင် အထုပ်ကလေးတစ်ခုကျ၍ ကျန်ရစ်ခဲ့ပြီးသော တစ်ဖက်လမ်းချိုး၌ ပျောက်၍သွားလေ၏။

နောက်က လိုက်လာသောလူများလည်း ကျန်ရစ်ခဲ့သောအထုပ်ကလေးကိုတွေ့၍ ကောက်ယူပြီးလျှင် ဆက်လက်လိုက်သော်လည်း မတွေ့လိုက်ဘဲ မျက်ခြည်ပြတ်သောကြောင့် ပြန်ခဲ့ပြီးလျှင် ကျ၍ ကျန်ရစ်ခဲ့သော အထုပ်ကလေးကို သံအမတ်အား ပေးလေ၏။ သံအမတ်လည်း အထုပ်ကလေးကို ယူ၍ ထိုလူများအား ချထားသော အလုပ်ကို လွှတ်လိုက်ပြီးသော် ဤအထုပ်ကား ခိုးရာပါပစ္စည်း ဖြစ်သည်။ မည်သည့် အရာများ ပါသိမ့်နည်းဟု ဖွင့်၍ကြည့်ရာ အထုပ်ထဲ၌ အခြားဘာမျှ မတွေ့။ စာများကို တွေ့လေ၏။ စာများကို စစ်ဆေးကြည့်ရှုရာ ပထမစာကို ဖတ်မိလျှင်ပင် သံအမတ်မှာ ရင်ထဲ၌ ထိန်းခနဲဖြစ်ကာ စိတ်က မလုံသဖြင့် ဘေးသို့ပင် လှည့်၍





ကြည့်မိလေ၏။ စာများကား အခြားမဟုတ်။ မိမိစောင့်ဆိုင်းနေသူ ရွှေဓားဗိုလ်၏စာများ ဖြစ်၍ စာတိုင်း၌ မြတ်လေးပွင့်များ ပါရှိလေ၏။

ထို့ကြောင့် လက်များပင် တုန်လှုပ်လျက် တစ်ရွက်ပြီးတစ်ရွက် ဖောက်၍ဖတ်ရာ ထိုစာများမှာ ရွှေဓားဗိုလ်သည် ဟံသာဝတီ ရွှေမြို့တော်ရှိ မိမိ၏ကြံရာပါ တပည့်လက်သားတစ်ဦးထံသို့ အရင်က မိမိ၏လက်တွင်းမှ လွတ်၍သွားစဉ်အခါများက မည်သို့မည်ပုံ လုပ်ရမည်နည်းများသာ ပါရှိလေ၏။ စာတိုင်းတွင်လည်း ဖတ်၍ပြီးလျှင် မီးရှို့ရန် အမှာစာပါ၍ ယခုတိုင် ဖမ်းဆီးထားကြောင်းကို တွေ့ရသောအခါလည်း ဝမ်းသာလျက် "ငရွှေဓားဗိုလ်ရယ်။ နင့်တပည့် ဘယ်လိုကောင်းကောင်း။ နင့်စကား ဖီဆန်တာတော့ ရှိသေးတာပဲ။ နင်ပြောတိုင်း မပြီး နင်ကြံတိုင်း မချောက်။ တစ်ခါခါတော့ ငါနဲ့ တွေ့ဦးမှာပါ" ဟု ကြိမ်းမောင်းလျက်။ ဤသို့ ရွှေဓားဗိုလ်၏စကား တစ်ချက် ပေါက်ပျက်ခြင်းသည်လည်း မိမိအား ဤတစ်ခါ ၎င်း၏ အကြံ ပေါက်ပျက်မည့် နိမိတ်လက္ခဏာပဲဟု တွေးတောကာ ဝမ်းသာလေ၏။

ယင်းသို့လျှင် တစ်စောင်ပြီးတစ်စောင် ဖတ်ခဲ့ရာ နောက်ဆုံး မရောက်မီ တစ်စောင်၌ကား

'ယခုပေးသောစာကို ခင်ဖွားငယ်ထံသို့ ဆက်ဆက်ရောက်အောင် ပို့ပါ' ဟု ပါလာသဖြင့် နောက်တစ်စောင်ကိုကြည့်ရာ ထိုအစောင်မှာ ခင်ဖွားငယ်ထံသို့ ပို့ရန်စာ ဖြစ်နေသောကြောင့် ကံအားလျော်စွာ ထိုသူသည် သွားပို့မည်ဟုအလာတွင် မပို့ဖြစ်ဘဲ တစ်စုံတစ်ခု အကြောင်းမသင့်သည်ကို တွေ့ရလေသဖြင့် ကျ၍ကျန်ရစ်ခဲ့သော ကြောင့် ဖြစ်ရပေမည်။ သင်းတို့အကြံကို အရင်သိရလေ၏။ ဤသည်လည်း မိမိအကြံအောင်ရန် အပေါက်အလမ်းလည့်၍ လာရသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးတော သဘောကျရင်းပင် နက်ဖြန် မည်သို့ပြုရမည်ဟု အကြံ ဖြစ်လေ၏။ ဤသို့ အကြံဖြစ်ပြီးနောက် ထိုည မအိပ်နိုင်အောင် ရှိလေ၏။

ထိုနေ့ည ဒဂုန်မြို့လေး၏အစွန် မထင်ရှားသော လမ်းမြောင်ကလေးတစ်ခု၏ မည်းမှောင်နေသော အကွက်တကွက်အတွင်းရှိ မထင်ရှားသော အိမ်တစ်ဆောင်၏ နောက်ဖေးခန်းတစ်ခန်းတွင် လူလေးယောက်တို့သည် အလယ်၌ မီးခွက်ကလေးကိုထား ထိုင်ကာ၊ တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ ငေးမှိုင်တွေဝေလျက်။ မီးတိုင်ကလေးမှာ အပြင်သို့ ထွက်ပြုရမည်ကို ကြောက်သကဲ့သို့ နိမ့်ချည်မြင့်ချည်နှင့် ထွက်နေသော မီးလျှံကလေးကို ငေးစိုက်၍ ကြည့်နေကြလေ၏။

ထိုသို့နေ၍ အတန်ကြာလျှင် လူတစ်ယောက်က "ဘယ့်နှယ်လဲ။ အချိန်လည်းတန်ပြီ။ အရာလည်း မရောက်သေးပါလား" ဟု စတင်ပြောဆိုရာ တစ်ဖက် ထိုင်နေသောသူက " အို။ စိုးရိမ်စရာ မရှိပါဘူး။ စိတ်ချပါ"

"ဟုတ်ပါပြီ။ မငအောင်မှဖြင့်"

"အို။ မအောင်တဲ့စကားကို မပြောနဲ့။ ကျုပ်တို့ဆရာလုပ်ရင် မအောင် မရှိရဘူး။ မြန်မာစကားမှာ မအောင်ရင် ရှုံးတယ်ဆိုတဲ့ စကားကို ဖျက်လိုက်တော့" ဟုဆိုနေစဉ်တွင်ပင် အိမ်ရှေ့က တံခါးကို ခေါက်သံ ကြားလိုက်၍ "ဟော။ လာပြီထင်တယ်။ ခဏကိုင်ထားကြနော်" ဟုဆိုကာ ယခင်လူသည် ထိုင်ရာမှထကာ တံခါးအနီးသို့





ကပ်၍ လက်ကမားကို တစ်ချက်နှစ်ချက် ပြင်းစွာဆုပ်ကိုင်လိုက်ပြီးမှ တံခါးရွက်ကိုကပ်ကာ "ဘယ်သူလဲ" ဟု တိုးစွာမေးလိုက်ရာ အပြင်က တောက် တောက် တောက် ဟု သုံးကြိမ်ခေါက်လိုက်မှ တင်းထားသောမျက်နှာသည် ရွှင်လန်းကာ "ဟာ၊ ဆရာ" ဟု ဆိုကာ တံခါးကို အသံမထွက်အောင် ဖြည်းညင်းစွာဖွင့်၍ ပေးလိုက်ရာ အဝတ်အစား ညစ်ပတ်စုတ်ပဲ့စွာ ဝတ်ထားသော လူတစ်ယောက်သည် အထဲသို့ဝင်လာ၍ ၎င်းကိုမြင်လျှင် ထိုင်၍နေသော လူသုံးယောက်လည်း ထ၍ ပြေးလာကြကာ စိုးရိမ်ကြောင့်ကြကြီးစွာနှင့် "ဆရာ၊ ဘယ့်နှယ်တုန်း၊ ဘယ့်နှယ်တုန်း" ဟုဝိုင်း၍ မေးကြလေ၏။

ထိုအခါ စုတ်ပဲ့စွာ ဝတ်စားထားသူသည် ၎င်းတို့ကို လက်နှင့်ဖယ်ကာ "နေပါဦး။ ရေကလေးတစ်ခွက် ပေးစမ်းပါဦး" ဟုဆိုလိုက်သဖြင့် တစ်ယောက်သောသူလည်း ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်ပေးသဖြင့် ရေကို အကျိုက်ကြီးစွာနှင့် သောက်ပြီးလျှင် ရတ်တရက် စကားမပြောနိုင်ဘဲ ဟိုက်၍နေလေ၏။ ယင်းသို့နေ၍ အတန်ကြာမှ "ဟား ဟား၊ ခွေးမျိုးတွေ လိုက်လိုက်ကြတာ။ သင်းတို့တော့ ဟန်ကျသွားပြီ။ ဟို ကင်းသမား ခွေးမသားတွေနဲ့ တွေ့တော့မှ အတော်လွတ်အောင် ပြေးခဲ့ရတယ်"

"ဘယ့်နှယ့်လဲ ဆရာရဲ့"

"ဘယ့်နှယ့် ရမလဲ။ စာတွေကိုတော့ ဟို သံအကောင်ကြီး ရသွားပြီ။ ဘယ်လောက်များ သဘောကျမလဲလို့။ အခုလောက်ရှိ ဖတ်နေရော့မယ်။ ငါထင်တဲ့အတိုင်း မကြံဘူး ကြံမယ်ဆိုတာသာ မသိရတယ်" ဟု ပြောသဖြင့် ယခင်က စိုးရိမ်စွာနှင့် တမ်းတနေသူက "ဆရာ။ ဆရာ့အကြံအတိုင်း ဖြစ်မလာတော့ကော" ဟုမေးရာ ထိုအခါ လက်ခမောင်းကြီးခတ်ပြီး "မောင်ထွေးလေး။ မင်းက ပူသလား။



www.burmeseclassic.com

www.burmeseclassic.com

မျှော်ဒားဗိုလ် အကြံမရှားပါဘူးကွ။ ဘာမှ မစိုးရိမ်နဲ့။သင်းတို့ နှစ်ခါ မကြံရပါဘူး။ နောက်ဆုံး ဒဂုန်တစ်မြို့လုံး မီးရှို့ရုံအပြင် ရှိမလား။ ကိုင်း၊ ကိုင်း။ အချိန် မရှိဘူး။ ငါ အခု ပြန်ရမယ်။ မင်းတို့ ငါမှာခဲ့တာကိုသာ မပျက်ကွက်အောင် ဆောင်ကြဉ်းကြပေတော့။ တကယ်လို့ ပျက်ကွက်ရင် ကြံခဲ့တဲ့အကြံတွေ အယောင်တိဖြစ်ကုန်မယ်။ မင်းတို့ မြင်းခုနစ်ကောင် ငှားထားတယ် မဟုတ်လား။ အဲ ကောင်းပြီ နက်ဖြန်ညနေတော့ မောင်မောင်တွေးနဲ့ စစ်ကိုင်းက ဒီမြင်းတွေကို ငါမှာထားသလို ဟိုကုန်တွေနဲ့ ပြင်ပြီးအသင့်စောင့်နေ။ မိုးချုပ်မှ မြင်းပြင်နော်။ လူမြင် မခံနဲ့။ မင်းတို့နှစ်ယောက်က ငါ မနေ့ကပြတဲ့ အရက်သမားတွေကို အရက်တိုက်ပြီး ထောင်ကြီးနားကို ခေါ်ခဲ့။ ရသမျှသာ ခေါ်။ လူများလေ ကောင်းလေပဲ။ အချုပ်နဲ့ ခေါ်လာတာ မြင်ရင် ဝင်ပြီး ရှုပ်။ မင်းတို့က စပြီးအော်ပေး။ သူတို့လည်း အော်လိုက်လိမ့်မယ်။တကယ်လို့ မှောင်ရင်လည်း မီးတိုင်တွေ ရိုက်သတ်။ ငါ သားအဖနှစ်ယောက် တစ်ယောက်ယောက်ကိုပိုက်ပြီး ပြေးတာ မြင်ရင် မင်းတို့က ကျန်တဲ့လူကို ဝင်လုပြီး လူစုကသာ လွတ်အောင် ပြေး။ ပြီးတော့ ဒီကို ရောက်အောင်လာမယ်။ နားလည်ပြီလား"

"လည်ပါပြီ"

"ကောင်းကောင်း မှတ်ထားနော်။ အခု ငါသွားမယ်။ ပေးစမ်း အဝတ်တွေ" ဟုဆို၍ ချောင်တစ်ချောင်တွင် ဝှက်၍ထားသော အဝတ်များကိုယူ၍ ပေးသဖြင့် အဝတ်စုတ်များကိုချွတ်၍ လဲလှယ် ဝတ်ဆင်ပြီးလျှင် အိမ်မှ ပြန်၍ထွက်သွားလေ၏။





သံအမတ်မှာ ထိုနေ့ည တစ်ရေးမျှသာ အိပ်စက်ရ၍ နံနက်မိုးမလင်းတလင်းတွင် နိုးနေကာ အလင်းရောင်ကလေး ဝင်လာလျှင်ပင် အကျီအဝတ်များ လဲလှယ်၍ မြို့ဝန်အိမ်သို့ ရှေ့ရှုလာခဲ့လေ၏။

ရောက်လျှင် ယခင်တံခါးစောင့်နှင့် အရုံသင့်တွေ့၍ မေးမြန်းရာ မြို့ဝန် အိပ်ရာမှ ထသည့်အခိုက်ဖြစ်သဖြင့် အရုံသင့်သောကြောင့် အတွင်းသို့ ဝင်ရလေ၏။ အတွင်းသို့ရောက်လျှင် မြို့ဝန်က "အလို၊ မင်းဘုရားကြီး။ စောလှချည်ကလား"

"အို။ စောဆို အချက်ကောင်း တွေ့နေပြီ။ ရွှေဓားဗိုလ် သည်ကို ရောက်နေပြီဗျ။ ဟောသည်စာကို ဖတ်ကြည့်စမ်း" ဟုဆို၍ စာကလေး တစ်စောင်ကို ပြသဖြင့် မြို့ဝန်လည်း ဖတ်၍ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

*မိတ်ဆွေများ အနီးတွင် ရှိသည်။ ဘာမျှ မကြောက် မစိုးရိမ်နှင့်။ အေးအေးသာ နေပါ။ အချက်ကောင်း ရှာ၍မရသေးသဖြင့် ယခု မကြံတတ်သေး၍ နေရသေးသည်။ အကယ်၍ မင်းတို့ကို အပြင်သို့ထွက်လျှင် ရအောင် ကယ်မည်။ စိတ်ချ၍ နေပါ*

ဤစာကိုမြင်လျှင် မြို့ဝန်က "တယ်လည်း ရဲတဲ့ သူပါလား။ အနို့ သည်စာကို ဘယ်က ရသလဲ"

"ညက ကံကောင်းထောက်မတာပေါ့။ သည်စာကို အပေးခိုင်းတဲ့လူ သည်ကိုပေးမယ်လို့ လာမယ် ထင်ပါရဲ့။ လမ်းမှာ တစ်စုံတစ်ခု တွေ့တာနဲ့ ပြေးရင်း ကျုပ်တို့နဲ့ တွေ့တယ်။ ဒါနဲ့ လိုက်ဟယ်ဆိုလို့ လိုက်ကြတော့ လူတော့ မမိလိုက်ဘူး၊ စာတွေသာ ထွက်ကျန်ရစ်ခဲ့တယ်။ ဖတ်ကြည့်တော့ ဒီဟာ တွေ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်၊ ဩော်။ တယ်လည်း အဆင်သင့်လိုက်ပါကလား။ သည်လိုဖြင့် သင်း ပိုက်တွင်း တိုးနေတာပဲ။ ဘယ့်နှယ်ကြံမယ် အောက်မေ့သလဲ"

"ဟာ၊ တယ် မခဲယဉ်းလှပါဘူး။ ဒီနေ့ သူ လိုသလိုပဲ သားအဖနှစ်ယောက်ကို သတင်းလွှင့်ပြီး ထုတ်မယ်"

"လာဝံ့မလား"

"အို၊ မစိုးရိမ်နှင့်။ သည်အကောင် တယ်ပြီး ဇက်ရဲတယ်။ စိတ်သာချ။ သည်လို အချက်ကောင်းရင် တစ်ခါတည်း ပေါ်လာမှာပဲ။ သည်တော့သာ ကျုပ်တို့က မလစ်အောင်ကြည့်ပြီး ဖမ်းရုံပဲ။ ထုတ်တယ် ဆိုပေမယ့် အခုနေတော့ နေ့လယ်ကြောင်တောင် သင်း လာမှလာမယ်။ နေဝင်ရီ တရောလောက် ကောင်းတယ်။ မြို့ကိုလည်း ညနေကစပြီး အလုံ ပိတ်မှပဲ။ ကျုပ်ကို ခပ်နိုင်နိုင် လူတစ်ယောက်လောက် ပေးစေချင်တယ်"

"ကောင်းပြီ"

"ကိုင်း။ သတင်းလွှင့်ဖို့ပဲ လိုတော့တယ်။ တပ်သားတွေက စပြီး လွှင့်မှပဲ" ဟုဆိုသဖြင့် တံခါးစောင့်ကိုခေါ်ကာ "ဟေ့ ညနေတော့ ဟို အင်းဝက ဖမ်းလာတဲ့ သားအဖနှစ်ယောက်ကို ထောင်ကြီးနားမှာ ကားတင်လိမ့်မယ်။ ဒီကနေ့ မင်းတို့ သတိကြပ်ကြပ်ထားပြီး စောင့်ကြ နော်။ သည့်အပြင် အစောင့်တွေလည်း ပြောလိုက်" ဟုဆိုသဖြင့် တံခါးစောင့်လည်း "ကောင်းပါပြီ" ဟုဆို၍ ထွက်သွားလေ၏။ ယင်းသို့လျှင် တစ်ဦးမှတစ်ဦး တစ်ဆက်မှတစ်ဆက် ပြောကြားကြသဖြင့် နေ့လယ်မွန်းတည့်၌ပင် တပ်သားများသာမဟုတ် တပ်သား ကတော်များ၊ ကတော်၏ဆွေမျိုးများ၊ ဆွေမျိုးများ၏အသိများ၊ အသိများ၏မိတ်ဆွေများ စသည်ဖြင့် တစ်မြို့လုံးလိုလိုပင် သတင်း ပျံ့နှံ့များလေ၏။





ဤသို့သော အချိန်အခါ၌မူကား လူတို့သတ်ဖြတ်ကွပ်မျက် သည်ကို နေ့စဉ်နေ့တိုင်း လမ်းဆုံ လမ်းခွ စသည်တို့တွင် များပြားစွာ မြင်နေရသောကြောင့် ငြိမ်သက်အေးချမ်းသော အခါကကဲ့သို့ လူကိုလူချင်း သတ်ဖြတ်၍ သွေးရဲရဲမြင်ရမည်ကို မကြောက်လန့် သည့်အပြင် လူသတ်လိမ့်မည် သတင်းကြားလျှင် ကြည့်လို့သော ဆန္ဒသာ ဖြစ်နေသောကြောင့်၊ တစ္ဆေသရဲသဘော ရောက်နေခိုက်အခါ ဖြစ်လေ၏။ ထို့ကြောင့် မုတ္တမမြို့စား သားအဖကို သတ်လိမ့်မည်ဟု သတင်းကြားလျှင် နေ့လယ်အခါကပင် အချို့ အလုပ်အကိုင်မရှိသော သူတို့သည် ထောင်ကြီးအနီးသို့ ဝိုင်းဝန်းလာရောက်၍ ဆောက်နေသော ကားစင်များကို ကြည့်နေကြလေ၏။

ညနေစောင်းသောအခါသို့ ရောက်သောအခါမူကား၊ အားလပ် ကြသော အချိန်ဖြစ်၍ လူတစ်ရာကျော် နှစ်ရာနီးပါးခန့်တို့သည် ထောင်ကြီး ရှေ့ ကားစင်များ ဆောက်ထားသော ကွက်လပ်ကလေးတွင် ဝိုင်းဝန်း၍ နေကြလေ၏။ ထို့နောက် နေဝင်၍ အချိန်နီးသောအခါ မူကား သွေးရဲရဲကို မြင်ရတော့မည်ဖြစ်၍ အုတ်အုတ်ကျက်ကျက် တိုးဝေ့နေကြလေ၏။

အတန်ကြာ၍ မှောင်လုဆဲဆဲရှိသော အခါမူကား၊ ထောင်ကြီးမှ တပ်သားတစ်စုတို့သည် ထွက်လာကြ၍ စောင့်နေသူများလည်း ဟေ့။ မြန်မြန်။ မှောင်တော့မယ်။ မြန်မြန်လာ ဟု ဝိုင်းဝန်းအော်ဟစ်၍ တပ်ဆီသို့ ပြေးလာကြလေ၏။ သို့သော် တပ်ဦးက စီး၍ဆောင် လာသော ယခင်မြို့ဝန်၏ အိမ်တော်တံခါးစောင့် တပ်ဗိုလ်သည် ရာဇဝတ်သားများ၏အနီးသို့ကပ်ကာ မိမိကိုယ်တိုင် စောင့်၍ လိုက်လာ လေ၏။ အလွန်တိုးသဖြင့် တပ်သားများက လူများအား တစ်ခါနှစ်ခါ ရိုက်ပုတ်မည်ပြုသော်လည်း တပ်မှူးက တားထားသောကြောင့် လူစု တို့သည် တပ်ကလေးအား တဖြည်းဖြည်းဝိုင်းလျက် ရာဇဝတ်သားဆီ

www.burmeseclassic.com

www.burmeseclassic.com



သို့ ပေါက်လုခမန်း ရှိလေ၏။

ထိုအတွင်းတွင်ပင် လမ်းတစ်ဖက်မှ ထန်းရေအရက်မူးလာသော လူတစ်စုတို့သည် သီချင်းများကို သီဆိုအော်ဟစ်ကြကာ ရှေ့ကလူနှစ်ယောက်က ဦးဆောင်လျက် တစ်ဟုန်တည်းလူစုကို ဖောက်ထွင်း၍ တိုးဝင်လာလေ၏။ ထိုအခါ၌မူကား တပ်ကလေးမှာ ဖျက်ပြားလုမတတ်ရှိ၍ တပ်သားတို့သည် လူများအား ခုခံရိုက်နှက် ထိုးသတ်စပြုလာလေ၏။

ထိုအချိန်တွင် အတော်အတန် မှောင်နေပြီဖြစ်သောကြောင့် လူစုလုံးကို မြင်နိုင်သေးသော်လည်း မည်သူမည်ဝါဟု မကွဲပြားဖြစ်၍ လာပြီဖြစ်လေ၏။ လူစုတို့လည်း တပ်သားများအား အတင်းတိုးဝှေ့အော်ဟစ်ကြသောကြောင့် ထောင်ကြီးရှေ့ ကွက်လပ်ကလေးတွင် ဆူညံလျက် အုတ်အုတ်သဲသဲ စစ်ဖြစ်သကဲ့သို့ ရှိနေလေ၏။ ယခင်အရက်မူးသမားတို့ကို ဦးဆောင်၍လာသူ နှစ်ဦးတို့သည် တပ်သားများ၏ အကြားမှ အတင်းတိုးဝှေ့၍ ဝင်ရောက်လာလျက် အနီးသို့ရောက်သောအခါမှ တပ်ဗိုလ်သည် ရာဇဝတ်သားအဖနှစ်ယောက်ကို ဆွဲထားသော တပ်သားများထံမှ "ရာဇဝတ် သားတွေကို ငါ့ကို ပေးထား။ မင်းတို့ ခံပြီးနိုင်အောင်ရိုက်။ မတတ်သာရင် ခုတ်ကွာ" ဟုဆိုပြီးနောက် ဝင်လာသူနှစ်ယောက်အား "ဟေ့။ အကောင် နှစ်ကောင်။ ရော့၊ ဟောသည် အကောင်ကြီးကို သည်လူစုထဲက လွတ်အောင် ဆွဲသွား" ဆို၍ ပေးလိုက်ကာ ထိုလူနှစ်ယောက်သည် မိမိနှင့်အတော်ဝေးမှ မိမိတို့အနီးတွင် အရိုက်ခံရသဖြင့် ခေါင်းတွင် သွေးယိုစီးလျက် ပန်းဟိုက်နေသော အခြားတပ်အုပ်တစ်ယောက်ကို "ဟေ့။ မင်းတို့ဒီမှာ ခံရိုက်နေဦး။ ရာဇဝတ်သားတွေ လွတ်အောင် ယူပြေးဦးမှပဲ။ တစ်ခါတည်းလိုက်လာရင် သင်းတို့ပါ ပါလာမယ်။ ငါ့လူ လွှတ်လိုက်မှ တော်ကြ" ဟုဆိုကာ ထိုအချိန်တွင် လူများ တိုးဝှေ့





သောကြောင့် မှောင်နေပြီဖြစ်သော ခင်ဖွားငယ်ကို မိမိ၏ ကြီးမားသန်စွမ်းသော လက်မောင်းကြီး နှစ်ချောင်းပေါ်သို့ မွေ့တင်ချီကော လူကြားထဲမှ အမှတ်မဲ့ ထွက်သွားလေ၏။

တပ်သားများလည်း မှာထားခဲ့သည့်အတိုင်း ဝိုင်းဝန်းတိုးဝှေ့နေသော လူစုတပ်စုများကို နေရာမှမရွေ့ ခုခံရိုက်နှက်နေလေ၏။ ယင်းသို့ ရိုက်နှက်နေ၍ အတန်ကြာသော်လည်း မည်သူမျှ မပေါ်လာသောကြောင့် ကျွန်ရစ်သူတပ်ဗိုလ်မှာ မကြံတတ် မစည်တတ်ဖြစ်ကာ နေလေ၏။ ဤသို့ ရိုက်နှက်နေရသောကြောင့် လဲသောတပ်သားများလည်း လဲကုန်ပြီဖြစ်ကြလျှင် အားလုံး သေရတော့မည် ဖြစ်နေရာမှ ရုတ်တရက် လူစုများ ကွဲပြားသွား၍၊ နောက်ထပ် တပ်ကြီးတစ်တပ် ရောက်လာကြောင်းကို တွေ့ရလေ၏။ ၎င်းတပ်သားလည်း လူစုကို ခွဲ၍ အလယ်သို့ရောက်လျှင်ရောက်ချင်း တပ်ဦးကမြင်းနှင့်လာသူ သံအမတ်သည် မြင်းပေါ်မှဆင်းကာ "ဟဲ့။ ဘယ်မှာလဲ တပ်ဗိုလ်တွေကော" ဟု စိုးရိမ်ခြင်းကြီးစွာနှင့်မေးမှ ယခင်ကျန်ရစ်သူ တပ်ဗိုလ်ကလေးက "အမယ်လေး။ မင်းဘုရားကြီး အချိန်ကောင်းတုန်း ရောက်ပေလို့ဘုရား။ မရောက်ရင် ကျွန်တော်မျိုးများ သေပြီးပဲ"

"ငါ့လည်း မင်းတို့ နိုင်လိမ့်မယ် အောက်မေ့လို့ နေတယ်။ ဘယ်မှာလဲ။ ရာဇဝတ်သားတွေကော"

"တံခါးမှူး ယူသွားတယ်"

"ဟာ။ ဘယ်ကို သွားသလဲ"

"မပြောတတ်ဘူး ဘုရား။ မင်းတို့ ရိုက်နေကြ။ ငါ လွတ်အောင် ယူသွားမယ်ဆိုပြီး ထွက်သွားတာပဲ ဘုရား။ ထောင်ကြီးများ ပြန်သွားသလား။ မသိဘူး"

"တယ်။ လာကြ" ဟုဆို၍ ထောင်ကြီးသို့ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။ သို့သော် တောင်ကြီးသို့လည်း ပြန်၍မရောက်ကြောင်း သိရသောအခါမှ များစွာစိုးရိမ်လျက် သံအမတ်မှာ ကြံရာမရ ရှိလေ၏။ ယခုမှာ ရွှေမားဗိုလ်ကို မိဖို့ဆေးစွ။ မိမိတို့ ရာဇဝတ်သားပင် မလွတ်အောင် တားဆီးရန် ခဲယဉ်းနေပြီဖြစ်ကြောင်းကို သိရလေ၏။ ထို့ကြောင့် တောင်ကြီးရှေ့တွင် နဖူးမှချွေးပေါက်တွေ အသီးသီးကျကာ အတန်ကြာနေပြီးမှ "ဟဲ့ အကောင်တွေ။ မြို့ထဲမှာ မြင်းနဲ့လိုက်ရှာစမ်း။ အိမ်တိုင်းစေ့အောင်ရှာ။ ဘာမှမထားနဲ့။ မင်းတို့က မြို့ဝန် အိမ်ကို သွား။ ရောက်မရောက်မေးဟေ့။ မင်းတို့သုံးကောင် လာစမ်း။ အရှေ့ပေါက်၊ မြောက်ပေါက်ကို သွားကြစမ်း။ မြင်းပေး။ ငါ တောင်ပေါက်ကို သွားမယ်" ဟုဆိုကာ အသီးသီး စေလွှတ်လိုက်၍ မိမိကိုယ်တိုင်သာ အရေးကြီးသော မြို့တောင်တံခါးသို့ အပြင်းနှင်၍ သွားလေ၏။

တောင်တံခါးသို့ရောက်လျှင် တံခါးစောင့်ကိုခေါ်၍ "ဟေ့၊ ဒီတံခါးက နေဝင်မှ လူထွက်သေးသလား" ဟုမေးရာ တံခါးစောင့်က "မထွက်ပါဘူး" ဟု ပြန်ကြားပြောဆိုသော အခါမှသာ အနည်းငယ် သက်သာရာရ၍ 'သင်းတို့သွားပေမည် မဟုတ်' ဟု တွေးတောကာ "ကောင်းပြီ။ ဒီည ဒီအပေါက်ထွက်တဲ့အကောင်ကို သတိထား ကြည့်စမ်း။ ရွှေမားဗိုလ် ဒီနေ့ ထွက်လိမ့်မယ်။ ဘယ်အကောင်မှ အမှတ်မဲ့ မလွှတ်နဲ့။ အမျိုးမျိုး အယောင်ဆောင်တတ်တယ်။ သိလား။ အကုန်လုံးဖမ်းပြီး စစ်ပြီးမှ လွှတ်နော်။ မလစ်လပ်စေနဲ့။ မင့်အပေါက်က ထွက်တယ်လို့ သိရရင် မင်းခေါင်းနဲ့ လျော်ရလိမ့်မယ်" ဟုဆို၍ နေစဉ်မှာပင် လူ ခြောက်ယောက်တို့သည် သီချင်းများ သီဆိုအော်ဟစ်ခါ အချို့က ထယ်ကြီးများကို ထမ်းလျက် တံခါးအနီးသို့ ရောက်လာကြကုန်၏။





တံခါးစောင့်လည်း မြို့ဝန်နှင့် စကားပြောနေရာမှ စကားဖြတ်၍ ထိုသူများအား သွားရောက်ရှေ့က တားဆီးကာ " ဟေ့။ ဘယ်သွား မလို့လဲ"

"အို။ ကျွန်တော်တို့ မြစ်ကို ဆင်းမလို့"

"အချိန်မတော် မဆင်းရဘူး။ မြို့တံခါး ပိတ်ထားပြီ"

"ပိတ်ထားတာ မဖွင့်နိုင်ဘူးလား"

"မဖွင့်နိုင်ဘူး"

"နေ့တိုင်းတော့ ဖွင့်ပါကလား"

"ဒီနေ့ မဖွင့်ရဘူး အမိန့်ရှိတယ်။ နေကြ"

"အို၊ မပြန်နိုင်ဘူး။ ကျုပ်တို့ ကိစ္စရှိတယ်။ ဖွင့်သာ ဖွင့်ပါ။ ကျွန်တော်တို့ မြို့ဝန်ကိစ္စနဲ့ ဟံသာဝတီကို သွားရမယ့်သူတွေပါ တံခါးစောင့်ကြီးရဲ့။ မမှတ်မိတော့ဘူးလား။ မီးကလေးများ ထွန်းပြီး ကြည့်စမ်းပါဦး" ဟုဆို၍ တံခါးစောင့်လည်း မီးထွန်း၍ ကြည့်ရှုလေရာ ထိုသူများမှာ ထွက်ဝင်နေကျသူများဖြစ်၍ မှတ်မိသော်လည်း သံအမတ်၏ အမိန့်ကြောင့် ရုတ်တရက် မလွှတ်ဝံ့ဘဲ ရှိလေ၏။ ထိုအခါမှ သံအမတ်သည် အနီးသို့တိုးလာ၍ လူများကို သေချာစွာ ကြည့်ရှုလေရာ မိမိလည်း ထိုလှေသမားများကို တွေ့ဖူးသဖြင့်၊ "သွားပါစေ၊ ဟုတ်တယ်။ နောက်ကို ဘယ်သူမှ မထွက်စေနဲ့" ဟု ဆိုသဖြင့် တံခါးစောင့်လည်း လွှတ်လိုက်လေ၏။ ပြီးလျှင် သံအမတ် လည်း မြင်းပေါ်သို့တက်ကာ "ကောင်းကောင်း သတိထားနော်" ဟုဆို၍ မြို့ဝန်၏ အိမ်ရှိရာသို့ နှင်လေ၏။

သံအမတ်ထွက်သွားသော် တံခါးစောင့်လည်း မိမိလူနှစ်ယောက် ကို ခေါ်ကာ မြို့ဝန်မင်း၏ အထူးအမိန့်အာဏာကြောင့် ယနေ့ည မလစ်လပ်အောင် စောင့်ရမည်ဟု သတိပေးမှာကြားလျှင် ယနေ့ညကား



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်မျှ မလွှတ်ဟု စိတ်ကတင်းကာ ဤတစ်ခါကား နာမည်ရအောင် ထမ်းဆောင်မည်ဟု တွေးတောပြီး တပည့်နှစ်ယောက်နှင့်ထိုင်၍ စိတ်ချလက်ချကာ စကားပြော၍ နေလေ၏။

ဤသို့နေ၍ အတန်ကြာလျှင် အပြင်းစိုင်း၍လာသော မြင်းခွာသံများကို ကြားသဖြင့် အကြောင်း အသို့နည်းဟု ထ၍ကြည့်နေရာ များမကြာမီပင် မှောင်ထဲမှ မြင်းတပ်သားတစ်စုတို့ ပေါ်လာလေ၏။ ထို့ကြောင့် မီးထုတ်ကိုကိုင်ကာ သွားရောက်ဆီးကြိုရာ ရှေ့ဆုံးက မြင်းတပ်သားက "တံခါးစောင့် မဟုတ်လား"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်"

"ရွှေဓားဗိုလ်၊ လူငါးယောက်နဲ့ လှေသမားယောင်ဆောင်ပြီး ထွက်လိမ့်မယ်။ သတိ ကောင်းကောင်းထားပါ၊ လာရင် မလွှတ်နဲ့။ ဖမ်းနိုင်ရင် ဖမ်းထားလိုက်ပါ"

"ဘယ်လိုဗျာ"

"ရွှေဓားဗိုလ်၊ လူငါးယောက်နဲ့ လှေသမားယောင်ဆောင်ပြီး လာလိမ့်မယ်"

"သြော်" ဟုဆို၍ တံခါးမှူးမှာ ယခင်က ထွက်သွားသူများကို သတိရ၍ စကားမပြောနိုင်ဘဲ ငေးနေသည်ကိုမြင်လျှင်

"ဘယ့်နှယ်လဲ။ လာသလား"

"လာတယ်"

"မဖမ်းလိုက်ဘဲကိုး။ ထွက်သွားပြီလား"

"သွားပြီ"

"ဟာ။ မိုက်တဲ့အကောင်ပဲ။ မင်းတော့ သေတော့"

"ကျွန်တော်ချည်း မဟုတ်ပါဘူး၊ သံအမတ်ကြီးလည်း ရှိ





ပါတယ်။ သူကပဲ လွှတ်လိုက်ဆိုလို့ လွှတ်လိုက်ပါတယ်"

"သြော်။ မင်းဘုရားကြီးလည်း ရှိသကိုး။ တော်သေးရဲ့။ သွားတာ ဘယ်လောက် ကြာပြီလဲ"

"မကြာသေးဘူး"

"သည်ဟာဖြင့် သင်းတို့က ခြေနဲ့ သွားရတာပဲ။ ဝေးဦးမှာ မဟုတ်ဘူး။ ဘယ်ဆီကိုသွားသလဲ။ ကြည့်မနေလိုက်ဘူးလား" ဟု မေးရာ၊ တံခါးစောင့်၏ တပည့်တစ်ယောက်က "လမ်းကြီးကိုပဲ လျှောက်သွားတယ်"

"သည်ဟာ တံခါးဖွင့်စမ်း။ ဟေ့ လိုက်ခဲ့ကြ" ဟုဆို၍ မြို့ပြင်သို့ထွက်ကာ လိုက်သွားကြလေ၏။ ၎င်းတို့ သွားကြသောအခါ တံခါးစောင့်၏ ခါးကို မြန်စွာပိတ်၍ စိတ်ထဲကမူကား 'ယခင် လှေသမားများ ထွက်သွားစဉ်က သံအမတ်ကြီးရှိပေသဖြင့် တော်ချေတော့သည်။ သို့မဟုတ် မိမိဘာသာဟုဆိုလျှင် ခက်ချေတော့မည် တကား' ဟု တွေးထင်ရလေ၏။ သို့သော် ဤသို့ တွေးထင်ရခြင်းကား ခဏပင် ဖြစ်လေ၏။

မြင်းတပ်သားများ ထွက်သွားပြီးနောက် များမကြာမီပင် သံအမတ်နှင့် နောက်ပါလူတစ်စုသို့ ရောက်လာပြန်လေ၏။ တံခါးစောင့်လည်း ဆီးကြိုရာ သံအမတ်က "ဟေ့။ မြင်းတပ်တစ်တပ် မလာဘူးလား"

"လာပါတယ်။ မင်းဘုရားကြီးနဲ့ ကျွန်တော်မျိုးတို့ လွှတ်လိုက်တဲ့ အကောင်တွေဟာ ရွှေဓားဗိုလ်တို့ သည်အပေါက်က ထွက်သွားတယ်ဆိုလို့ သူတို့ လိုက်သွားကြလေရဲ့။ မိမှာပဲ"

"ဟာ။ လိုက်သွားတယ်။ ထွက်သွားသလား"

"မှန်ပါ။ ထွက်သွားပါပြီ။ မကြာခင်မိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်။ ခွေးမသား။ ဘယ်သူ့ မိနေရဦးမှာလဲ။ အဲသည်မြင်းတပ်မှာ ရွှေဘားဖိုလ် နှင့်အဖေများကွ။ သွားပြီ။ မမီလိုက်ဘူး။ ဟေ့ မင်းတို့ မြင်းနဲ့လိုက်ကြစမ်း။ တံခါးသမားတော့ အပြစ်ရှိတယ်ဆိုပြီး မသတ်ကြနဲ့တော့ကွာ။ ငါ့တောင် လိမ်သွားသေးတာကလား။ အပြစ်ကြောင့်သာ သတ်ရရင် ငါအရင် သေရလိမ့်မယ်။ ကိုင်း လိုက်စမ်း။ မီရင်တော့ တစ်ထောင်ဟေ့" ဟုဆိုလိုက်သဖြင့် အချို့မြင်းသမားတို့သည် ထွက်၍ လိုက်သွားကြလေ၏။ သို့သော် သံအမတ်၏ စိတ်၌မူကား၊ မြို့ထဲတွင် ရှိစဉ်ကမှ မအုပ်မိလျှင် မြို့ပြင်ရောက်မှမူကား မျှော်လင့်ဖွယ်ရာ မရှိသောကြောင့် လက်လျှော့ကာ ပြန်ခဲ့လေ၏။

ယခင်က ထွက်လာခဲ့သော မြင်းစီးသမား ခုနစ်ယောက်တို့သည်ကား မြို့ပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် လမ်းကြီးကို လျှောက်၍ အပြင်းစိုင်းခဲ့ပြီးလျှင် အတန်ဝေးဝေးရောက်မှ လမ်းကြီးကို ဖယ်ပြီးလျှင် လမ်းရှိသော လမ်းများအကြားက ဖြတ်၍မောင်းနှင်ကြလေ၏။ ဤသို့ လာခဲ့၍ တစ်နာရီမျှကြာသောအခါမှ ရှေ့ဆုံးက လူက ခေတ္တရပ်စေ၍ အမောဖြေစေလေ၏။ ဤသို့ အမောဖြေ၍ နေသောအခါမှ နောက်မှ လူတစ်ယောက်က "ဆရာ၊ ဘယ်သွားရဦးမလဲ။ နောက်က ခင်ဖွားငယ် မြင်းနဲ့ ဆက်ပြီးလိုက်နိုင်မှာ မဟုတ်ဘူး။ မြို့ထွက်စကတောင် လိမ့်ကျမလို့။ ကျွန်တော် တွဲယူခဲ့ရတယ်" ဟုပြောပြရာ ရှေ့က ဆရာလုပ်သူ ရွှေဘားဖိုလ်က "အို တယ်မဝေးဘူး။ ရှေ့ကမြစ်ပဲကွယ့်။ လှေ စောင့်နေလိမ့်မယ်။ တွဲပြီးသာ ခေါ်ခဲ့ပါဦး" ဟုဆို၍ ဆက်လက် သွားကြပြန်ရာ ပြောသည့်အတိုင်းပင် များမကြာမီ မြစ်ဆိပ်တစ်ခုအနီးရှိ တဲကလေးတစ်ခုကို ကပ်မိလေ၏။





ရောက်လျှင်ရောက်ချင်း ရှေ့က ရွှေဘားဖိုလ်သည် မြင်းပေါ်ကဆင်းကာ "ဟေ့၊ အောင်ဇွာ ရှိရဲ့လား" ဟုခေါ်လိုက်ရာ လူတစ်ယောက် သည် မီးတိုင်ကလေးကိုကိုင်ကာ "ရှိပါတယ် ခင်ဗျာ။ ဆရာတို့ပါလား။ ဘယ်နှယ့်တုန်း အောင်ရဲ့လား"

"အို။ မေးမနေနဲ့။ နောက်မှာ မမြင်ဘူးလား။ ဆင်းကြဟေ့။ ဟေ့ ရေပေးကွယ်။ နောက်မှာ ခင်ဖွားငယ်တို့ ပါလာတယ်။ ရေပေးပါဦး" ဟု ဆိုသဖြင့် မောင်အောင်ဇွာလည်း တဲထဲသို့ဝင်သွား၍ ရေအိုးကလေးကိုယူကာ လာပြီးလျှင် ရေခွက်များ၌ ပေးလေ၏။ ရွှေဘားဖိုလ်နှင့်တကွ နောက်ပါလူများ ရေသောက်ပြီးသောအခါ ရွှေဘားဖိုလ်က "ကိုင်း။ လှေ အသင့်ရှိတယ် မဟုတ်လား"

"ရှိပါတယ်"

"ထမင်းများကော"

"အပြီးပါပဲ။ ချက်ထားလိုက်တယ်"

"ကောင်းပြီ။ ငါတပည့်ကြီးက တယ်သိတတ်တယ်။ နို့ပေမယ့် ရန်က မဝေးသေးဘူး။ ဒီမှာ နားနေလို့ ဟန်မကျသေးဘူး။ ထမင်းတွေကို လှေပေါ်သာ တင်ထားလိုက်ပေတော့၊ ပြေးဦးမှပဲ" ဟုဆိုသဖြင့် ပြင်ထားသောလှေကို လိုက်၍ပြသောကြောင့် လှေပေါ်သို့ တက်ကြလေ၏။ လှေထွက်ခါနီးမှာ ရွှေဘားဖိုလ်သည် မောင်အောင်ဇွာကိုခေါ်၍ ငွေကြေးများပေးပြီးလျှင် တစ်ခါတည်း ထွက်ခဲ့သည်။ ထမင်းများ စားသောက်ပြီးလျှင် နှစ်ယောက် တစ်တွဲစီ တစ်ညလုံး အပြင်းလှော်ခတ် ဆန်တက်ကြလေ၏။ ခင်ဖွားငယ်နှင့် အဖ မုတ္တမစားတို့မှာကား ခံစားခဲ့ရသည်ကလည်း ပြင်းထန်၊ ခရီးကလည်း ပန်းကြသောကြောင့် မည်သည့်အရပ်သို့ ရောက်သည် မသိ။ လှေပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်ကြလေ၏။



www.burmeseclassic.com

သို့လျှင် ရွှေစားဗိုလ်သည် စတုဗ္ဗအကြိမ် အောက် ဟံသာဝတီသားတို့အကြားသို့ ဝင်ရောက်၍ ရန်သူလက်မှ ခင်ဖွားငယ်တို့သားအဖနှစ်ဦးကို ကယ်ဆယ်အောင်မြင်ခဲ့ရပေ၏။

ယခင်အခင်းများ ဖြစ်ပျက်ပြီး၍ တစ်လမျှကြာသောအခါ ခင်ခင်ကြီးနှင့် ရွှေစားဗိုလ် မောင်မောင်ကြီးတို့သည် အင်းဝမြို့၊ တစ်ခုသော ဘုရားရင်ပြင်တော်ပေါ်၌ နှစ်ယောက်တည်း ညနေချမ်းတွင် တစ်ဖက်ရှိ လှပစွာ စီတန်းပေါက်ရောက်နေကြသော ဝါးရုံတန်းကလေးများကို ကြည့်ရင်း ခင်ခင်ကြီးက "ခင်ဖွားငယ်တို့ လာလုနီးပါပြီ။ ဒီက စောင့်နေမယ် ပြောခဲ့တာပဲ။ ဒီဟာနဲ့ မောင်မောင်၊ ခင်ဖွားငယ်တို့ကို ဘယ်လိုကြံပြီး ကယ်ဆယ်ခဲ့တယ်ဆိုတာကို ပြောပြမယ်ဆို။ ဒီသံအမတ်ကြီးကလည်း မောင်မောင့်ကို စိတ်ပဲ မကျေနိုင်ဘူး"

"အို၊ မကျေရင် မကျေပဲနေ့သာ သင်း သေရမှာပါ။ မောင်မောင့်ကိုတော့ သင်း ဘယ်တော့မှ ရမှာ မဟုတ်ဘူး။ သင်းတို့ နှစ်ကောင် ငသံခဲနဲ့ သံအမတ် ရောက်လာတယ်ဆိုကတည်းက မောင်မောင် သင်း တို့ဥာဏ်ကိုသိပြီးပဲ"

"မောင်မောင်၊ ဘယ့်နှယ်လုပ်ပြီး၊ သိသလဲ"

"အို၊ ဟိုဘုရားပွဲတော်မတိုင်ခင် မောင် တစ်ည ပျောက်မသွားဘူးလား။ အဲဒီည မောင် နန်းတော်ကြီးမှာ မရှိဘူး။ ဟိုအကောင်ကြီးနဲ့ ငသံခဲတို့ ချိန်းဆိုထားတယ်ဆိုတာ သိတာနဲ့ လှေသမားလုပ်ပြီး ငသံခဲကို လိုက်ပို့နေတယ်။ သင်းတို့ တဲကလေးမှာ





ဆုံမိကြတော့ မောင်က ဆေးကုန်ချင်ယောင်ဆောင်ပြီး တဲဘေးက လှည့်ပြီး နားထောင်တယ်။ ဒီတော့ သူတို့ ဘယ်လိုကြံတယ်။ ဘယ်တော့ ခိုးမယ်ဆိုတာတွေ အကုန်ကြားရတာပေါ့။ လတ်စသတ်တော့ ငသံခဲနဲ့ မှတ္တမမြို့စားများက တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးရှိကြတာကိုး။ သည်တော့ အခုအခါမှာ ချမ်းသာပြီး တော်တော်တန်တန် တန်ခိုး ကြီးနေလို့ မှတ္တမစားကို ဖမ်းပြီး လက်စားချေမယ် ကြံတယ်။ သည်ဟာနဲ့ ဟိုအကောင် သံအမတ်ကြီးနဲ့ သူတို့တွေ့တော့ သံအမတ်က ဟိုအကောင့်ငွေနဲ့ မှတ္တမစားကို ရအောင် ကြံပေးမယ်။ မှတ္တမစားကလည်း မောင်နဲ့အကျွမ်းဝင်တော့၊ မှတ္တစားပါရင် မောင်လည်း လိုက်ပြီးကယ်ဆယ်ကောင်းရဲ့။ သည်တော့မှ မောင့်ကို ဖမ်းမယ်လို့ သူတို့က တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြံပြီး လာကြတာကိုး။ အင်းဝရောက်တော့ သံအမတ်က မှတ္တမစားကြီးကို လှည့်ခေါ်မှတ္တမစားကြီးကလည်း ရာထူးပြုတ်ပြီး ပြေးနေရရာက သံအမတ်က ရာထူးရအောင် ကြံပေးမယ်ဆိုတော့ တကတည်းယုံပြီး လိုက်မယ်လုပ်တာပေါ့လေ။ သည်တော့မှ သင်းတို့ ခုနကပြောတဲ့ တဲကလေးမှာ ဆုံပြီး စီစဉ်ကြတာကိုး။ သည်ဟာတွေ ကြားတော့ မောင်လည်း အင်းဝကို သင်းအရင် ရောက်အောင် ပြန်လာမှပဲလို့ ကြံပြီး၊ လှေကို မျှောပစ်လိုက်တယ်။ ပြန်ကြံမယ်လုပ်လို့ လှေကို မတွေ့တော့ ဆဲလိုက်တာလေ။ မပြောချင်ဘူး။ သည်ဟာနဲ့ သူတော့ အဲသည်ညမပြန်ရဘူး။ မောင်တော့ ပြန်ခဲ့လို့ မိုးလင်းရင် ရောက်လာတယ်။ နို့ပေမယ့် မောင်က နည်းနည်း အတွက်လွဲသွားတယ်။ ဒီဟာနဲ့ အမှတ်မဲ့ ခင်ဖွားငယ်ပါ ပါသွားပါရော"

"ဩော်၊ သည်မှာကတည်းက မောင်မောင် သိနေတာကိုး။ ဒဂုန် ရောက်တော့ကော"

www.burmeseclassic.com



"ဒဂုန်ရောက်တော့ ပထမ အတော်အကြံရခက်တယ်။ နောက်မှ အကြံရတယ်။ သားအဖနှစ်ယောက်ကို ခွဲချုပ်ထားပြီး အလုံပိတ်ထားတော့ ဘယ်နည်းနဲ့မဆို အပြင်ရောက်မှာပဲလို့တွက်ပြီး အပြင်ရောက်အောင် ကြံရတယ်။ သုံးရက်လောက် သူတို့ဆီမှာ တ ကတည်း တံခါးစောင့်ချည်း ကုတ်နေရတယ်။ သူတို့အကြံတွေ အကုန်သိတာပဲ။ နောက်တော့ အပြင်ထုတ်လွယ်အောင်လို့ သံအမတ်ဆီကို စာလိမ်ပြီး ချရတယ်။ စာတွေကို အမှာတ်မှတ်လို့ ဘယ်လောက်များ ဖတ်ဖတ်ပြီး ကြံလိုက်မလဲလို့။ သည်ဟာနဲ့ စာရတော့ သင်းတို့လိုတဲ့အတိုင်း မှူးဖမ်းမယ်ဆိုပြီး ထုတ်လာပါလေရော။ သည်တော့ မောင်ကလည်း တံခါးစောင့်တော့"

"မောင် သွားစောင့်နေတာ လက်ခံနေသလား"

"အို၊ အရင် တံခါးစောင့်ကြီးကို လာဘ်ထိုးပြီး သူနဲ့ တူအောင် ဆောင်ရတာပေါ့။ သူတို့က ယုံတာပဲ"

"အမယ်လေး၊ မိသွားမှဖြင့်"

"အို၊ ဟံသာဝတီသားတွေ မဟာသွေးမွှန်နေတာ ဘာသိမလဲ။ တံခါးစောင့်တော့ လူယုံဆိုပြီး မောင့်ကိုပဲ ထုတ်ခိုင်းတယ်။ သူ့ခိုးစားရိုးကမ်း ဆိုတာလိုပေါ့။ မောင်ကလည်း အားလုံးပြေးဖို့ အကုန်စီစဉ်ပြီးပဲ။ မြင်းခုနစ်ကောင်၊ စစ်သားအဝတ် ခုနစ်စုံ အကုန်ရပြီး သည်ဟာတွေနဲ့ မောင်မောင်ထွေးတို့ကို အသင့်စောင့်နေစေတယ်။ ပြီးတော့ မြို့ဝန်မင်း လှေသမားတွေလည်း ဘယ်နေ့ ဘယ်အချိန် မြို့ပြင်ထွက်ပါမယ့်အကြောင်း လာဘ်ပေး၊ ချေးမျိုးတွေကလည်း အရက်သမားတွေကလား။ ဘာမှန်း မသိဘူး။ ငွေပေးရင် လုပ်တာပဲ။ သည်ဟာနဲ့ ခင်ဖွားငယ်နဲ့ သူ့အဖေကြီးကို ထုတ်လာခဲ့လို့ အဆင့်သင့်ပဲ လူစုကြီး တွေ့နေတယ်။ တော်တော်ကြာရင်ပဲ စစ်ကိုင်းတို့





တကတည်း အရက် သမားတွေနဲ့ ပေါက်လာတယ်။ ခင်သာ မြင်ရရင် ဘယ်လောက် ရယ်မလဲလို့။ အနီးရောက်တော့မှ မြို့စားကြီးကို စစ်ကိုင်းတို့လက်ထဲ အပ်ပြီး ခင်ဖွားငယ်ကိုတော့ မောင်ကိုယ်တိုင် ချီပြီး တပ်သားတွေ အယုံသွင်း အလစ်ပြေးခဲ့တာပဲ။ ချိန်းထားတဲ့ နေရာရောက်တော့ အကုန်လုံး တပ်ဝတ်တပ်စား ဆင်ယင်ပြီး မြင်းနဲ့ ပြေးရတာပဲ။ ခင် ဖွားငယ် သူ့ခမျာလည်း မိန်းခလေးဖြစ်ရက်နဲ့ အသက်ဘေးရှောင်မလို့ တို့ယောကျာ်းကြီးတွေနဲ့အတူတူ လိုက်ခဲ့ရတာပေါ့။

"အို၊ မောင့်မောင့်နှယ်။ စီးတတ်ရဲ့လား"

"ဘယ်က စီးတတ်လိမ့်မလဲ။ ကြောက်တာနဲ့ မြင်းကို အတင်းဆွဲလိုက်လာတာ။ စစ်ကိုင်းနဲ့ တွဲထည့်ရတယ်။ တံခါးရောက်လို့ တံခါးမှူးကို လိမ်တော့လည်း သူ့ခမျာ အဟုတ်မှတ်လို့ ဖွင့်ပေးလိုက်တာပဲ။ မြို့ပြင်ရောက်တာနဲ့ အတင်းနှင်တာပဲ"

"ဪ၊ မောင်မောင့်မို့ ကြံနိုင်တယ်" ဟု ဆိုနေစဉ်တွင် တစ်ဖက်ရင်ပြင်မှ ခင်ဖွားငယ်နှင့် မောင်မောင်ထွေးတို့ လာကြသည်ကို မြင်လိုက်သဖြင့် "ဟော၊ လာကုန်ပြီ" ဟုဆိုကာ ၎င်းတို့ဘက်လှည့်၍ သွားကြလေ၏။ မျက်နှာချင်း ဆိုင်မိကြလျှင် မောင်မောင်ထွေးက

" အို၊ မမကြီး။ ကျွန်တော်တို့က နောက်ကျနေပြီ။ ဘယ့်နှယ်လဲ"

"အို၊ မင်းတို့ဆရာက ဒဂုန်က မင်းတို့ကို ကယ်နိုင်တယ် မဟုတ်လား။ အဲ ဆရာကတော်ကလည်း မင်းတို့ကို မြို့စားကြီးလက်ထဲက ကယ်ဆယ်နိုင်ပါတယ်"

"အို၊ မမကြီးရယ်။ ကျေးဇူးတင်လိုက်တာ။ ဘယ့်နှယ် ပြောလိုက်သေးသလဲ"



www.burmeseclassic.com

"ဟာ။ ဘယ့်နှယ် ပြောရမလဲ။ နက်ဖြန်သာ မင့်ဆရာနဲ့တွေ့ပြီး တောင်းကြတော့"။ ဟုဆို၍ ခင်ဖွားငယ်ဘက်သို့လှည့်ကာ "ခင်ဖွား ခင်ဖွား။ မမကြီးနဲ့ ကံအကြောင်း တူတယ်။ မမကြီးလည်း မင်းတို့ ကိုကိုကြီးနဲ့ ဒုက္ခခံခဲ့ရတယ်။ ဟုတ်တယ် မဟုတ်လား မောင်မောင်" ဟုဆိုကာ ရယ်မောလျက် မောင်မောင်ကြီး၏ လက်ကို ဆွဲခေါ်သွားသဖြင့် မောင်မောင်ထွေးနှင့် ခင်ဖွားငယ်တို့နှစ်ဦးလည်း ရင်ပြင်တော် ညနေစောင်းတွင် ကျန်ရစ်ကြလေ၏။ ။





အထက်ကောင်းကင် ဝေဟင်ပြင်မှ ထိန်ထိန်လင်းလင်း တဝင်းဝင်း တောက်ပနေအပ်သော လ၏အရောင်သည်။ ကမ္ဘာကြီး၏ အမှောင်ကို ပယ်ရှင်းလျက် လင်းတောက်၍ နေဘိ၏။

ထိုနေ့ကား ကဆုန်လပြည့်ကျော်တစ်ရက် အင်္ဂါနေ့ ဖြစ်ပေ၏။ ဟံသာဝတီမြို့တော်အရှေ့ ကသာအရပ်တွင် တပ်စွဲချရပ်၍နေသော ဘဝရှင်မင်းတရားကြီး တပင်ရွှေထီး၏ တပ်တော်ကြီးမှာ တပ်သားတို့သည် မိမိတို့ဆိုင်ရာအစုအကွက် တဲအုံများအနီးတွင် အချို့ ပက်လက်၊ အချို့ မှောက်ခုံ၊ အချို့ ဘားသွေး၊ အချို့ လုံချွန်၊ အချို့ တို့မှာလည်း မိမိတို့ အရပ်ဒေသတွင် ထားခဲ့ရသော သားမယား၊ ရည်းစားသနာ စသည်များကို လွမ်းဆွတ်တမ်းတကြသည့်အားလျော်စွာ အထက်ကောင်းကင်မှ လကလေးကိုကြည့်ကာ သီချင်းကလေးများ တညည်းညည်းလုပ်၍ နေကြရလေ၏။ တပ်ချရပ်ရာနှင့် မနီးမဝေး လရောင်အောက်တွင် မည်းမည်းကြီးမြင်ရသော ကုလားဇရင်ဂျီကျောင်းကြီးကို ကြည့်၍လည်း အချို့တို့သည် ကုလားဖြူ မိန်းမ မိစ္ဆာဒိဋ္ဌိတို့အကြောင်း အရာများကို တွေးတောနေမိကြလေ၏။

ယင်းသို့နေကြ၍ ကုလားဖြူကျောင်းကြီးမှ နာရီခေါက်သံကို

www.burmeseclassic.com



ကြားလိုက်ရလျှင် တပ်မှူးတစ်ယောက်သည် လက်က ကြိမ်လုံးကြီး တစ်ချောင်းကိုကိုင်လျက် "ဟေ့။ သန်းခေါင်ရှိပြီ။ အိပ်ကြတော့။ ဟဲ့ ဟိုဘက်က အကောင် မီးဖိုကြီးနဲ့ ဘာလုပ်နေသလဲ။ မီးငြိမ်း လိုက်လေ။ ဘယ်ချွေးမသား ညကြီးသန်းခေါင် လေချွန်နေပြန်ပါပြီ။ လျှာအလိုးခံချင်တယ် မှတ်တယ်" ဟု ဟစ်အော်ပြောဆိုလျက် ကြိမ်လုံးကြီးနှင့် ထိုးသူကိုထိုး ရိုက်သူကိုရိုက်လုပ်၍ ဆော်ဩ သွားသောကြောင့် တပ်သားတို့မှာ မအိပ်ချင်သေးသော်လည်း ကပျာ ကရာ မိမိတို့ တဲအုံအိပ်ရာ စသည်တို့သို့ ဝင်၍ အိပ်ချင်ယောင်ပြု၍ နေကြရသဖြင့် တပ်တော်ကြီးတစ်ခုလုံး ဆူဆူညံညံ နေရာမှ ငြိမ်သက် တိတ်ဆိတ်၍ သွားလေကုန်၏။

ယင်းသို့ တပ်သားများ ငြိမ်သက်သွားသောအခါ တပ်ကြီး အလယ်တွင် ဆောက်လုပ်၍ထားသော ယာယီတဲနန်းတော်မှ ငြိမ့်ငြိမ့် ညောင်းညောင်း သာယာစွာ တီးမှုတ် သီဆိုနေသောအသံများကို ကြားကြရလေ၏။ ၎င်း တဲတော်ကြီးအတွင်း၌ကား ဘဝရှင် မင်းတရား ကြီး တပင်ရွှေထီးသည် သလွန်တော်ပေါ်တွင် လဲလျောင်းကာ အနီးက အသီ၊ အဆို၊ အတီး၊ အမှုတ်တို့ဖြင့် ဆက်သွင်းနေကြရသော အရာများကို နားထောင်လျက် မျက်စိမှာ တသီသီတဝေဝေနှင့် နေလေ၏။ တလော့တလော့ စက်ပျော်တော်မူသကဲ့သို့ ရှိလေ၏။ အနီးတွင် ခစားနေသော သမိန်စောထွတ်နှင့် ၎င်းညီ လက်ဝဲဗေးမှူး အစရှိသော စောဗညား အမတ်တို့လည်း မင်းတရားကြီး မှိန်းနေတော်မူ သည်ကိုမြင်လျှင် ပြောနေသော စကားများမှ ရပ်တန့်လျက် နေကြ ပြီးလျှင် အတီးအမှုတ်သမားများအား တဖြည်းဖြည်း ရပ်တန့်စေ လေ၏။

အတန်ကြာလျှင် အတီးအမှုတ်သမားများလည်း လုံးလုံးရပ်တန့်





သွားကြ၍ သမိန်စောထွတ်က နောက်သို့လှည့်ကာ မျက်ရိပ်ပြသဖြင့် မတုန်မလှုပ် ခေတ္တရပ်နေကြလေ၏။

မင်းတရားကြီးလည်း ထိုအခိုက်တွင်ပင် ငိုက်မျဉ်းနေရာမှ ရုတ်တရက် မျက်စိပွင့်လာပြီးလျှင် နားထဲ၌ ဘာသံမျှမကြား ငြိမ် သက်နေသည်ကို မျက်မှောင်ကုတ်လျက် တွေဝေစဉ်းစားနေပြီးမှ သမိန်စောထွတ်ဘက်သို့ လှည့်၍ "ဘယ့်နှယ်။ အိပ်ကုန်ကြပလား" ဟု မေးလိုက်၍ သမိန်စောထွတ်လည်း "မအိပ်သေးပါဘုရား" ဟု ကပျာကယာလျှောက်ကာ နောက်လူများကို မျက်ရိပ်ပြလိုက်၍ အတီး အမှုတ်များက တဖြည်းဖြည်း စတင်တီးမှုတ်ကြပြန်လေ၏။

ထိုအခါ မင်းတရားကြီးလည်း အုံးပေါ်သို့ ချထားသော ခေါင်းတော်ကို အသာထူမကာ အနီးတွင် ချထားသော ဖန်တုံးတောင်း မှ ပျားရည်ဖြင့် ရောစပ်ချက်ထားအပ်သော စပျစ်ရည်ကို ငုံ၍ တစ်ကျိုက်နှစ်ကျိုက် သောက်ချလိုက်ပြီးလျှင် ဘာမျှမပြောဘဲ ခေါင်း ကိုပြန်၍ချကာ မှေးမှိန်၍ နေပြန်လေ၏။

သမိန်စောထွတ်နှင့် တကွသော အခစား မှူးမတ်တို့လည်း ဘာမျှမပြောကြဘဲ မင်းတရားကြီးဘက်သို့ လက်အုပ်ချီလျက် ခေါင်းငိုက်စိုက်ချကာ နေကြလေ၏။ မင်းတရားကြီး စက်ပျော် သည်ကိုသာ စောင့်စားနေကြလေ၏။ အားလုံးတို့သည် မျက်စိ သီဝေလျက် ငိုက်မျဉ်းနေကြရလေ၏။ နောက်နားက ခစားသော သူ တစ်ယောက်နှစ်ယောက်မှာကား ဒူးပေါ်သို့ ထောက်ထားသော တံတောင်ဆစ်သည် မခြေသဖြင့် ချော်ကျ၍ အသံမြည်သောကြောင့် သမိန်စောထွတ်၏ မျက်စောင်းထိုး တစ်ချက်နှစ်ချက် ခံရလေ၏။ ၎င်းတို့အထဲတွင် သမိန်စောထွတ် တစ်ယောက်သာလျှင် ကောင်းစွာ နိုးကြားလျက် ရှိလေ၏။ သို့သော် ခေါင်းငိုက်စိုက်ချ၍ တုန်မလှုပ်သော



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

မင်းတရားကြီးလည်း သလွန်တော်ပေါ်က တစ်ချက်နှစ်ချက် လူးလွန့်တော်မူလေ၏။ သို့သော် အတန်ကြာလျှင် တဂေါက်ဂေါက်နှင့် ဟောက်လျက် အိပ်မျှော်ကျလာလေ၏။

သမိန်စောထွတ်လည်း ခေါင်းကို တစ်ချက်နှစ်ချက် ထောင်၍ ကြည့်ပြီးလျှင် မင်းတရားကြီး၏ မျက်နှာတော်ကို သေချာစွာကြည့်၍ အိပ်ပျော်နေပြီကို သိသောအခါ နောက်သို့လှည့်ကာ မျက်ရိပ်ပြလိုက်၍ နောက်က ခစားလျက်ရှိသော လူများလည်း တစ်ယောက်ပြီး တစ်ယောက် အသာအယာ အသံသဲ့သဲ့မျှ မဖြစ်အောင် ထ၍ တဲတော်အပြင်ဘက်သို့ ထွက်သွားကြလေ၏။

ယင်းသို့လျှင် နောက်ဆုံး သမိန်စောထွတ်တစ်ယောက်တည်း ကျန်ရစ်သောအခါမှ အသာ နောက်သို့ တစ်ချက်နှစ်ချက် ထိုင်လျက်ပင် ကုန်း၍ ရွေ့သွားပြီးလျှင် ဒူးထောက်၍ ထလေ၏။ ပြီးလျှင် အခန်းကို သေချာစွာ စိတ်ဖြင့် တိုင်းထွာ၍ ကြည့်နေပြီးမှ မင်းတရားကြီး၏ မျက်နှာတော်ကို သေချာစွာ စိုက်၍ ကြည့်နေလေ၏။ မင်းတရားကြီး၏ မျက်နှာမှာကား စပျစ်ရည်၏ တန်ခိုးဖြင့် အနည်းငယ်တင်းမာလျက် ပါးစပ်တော်မှာ ဟတဲတနေလေ၏။ တစ်ကိုယ်တော်လုံးတွင် နဖူးတော်ကြီးမှာကား အထူးသဖြင့် လှပတော်မူပေ၏။ သမိန်စောထွတ်သည် ထိုသို့ကြည့်နေရာ ၎င်း၏မျက်နှာမှာ ပင်လယ်လှိုင်းတံပိုး ထသကဲ့သို့ တက်လိုက်ဆုတ်လိုက်နှင့် တဟိုက်ဟိုက်နေလျက် ဦးနှောက်ထဲတွင်ကား တိမ်မည်းတိမ်ပုပ်ကြီးများသဖွယ် ကြောက်မက်ဖွယ်ရာတို့သည် ထကြွထင်ပေါ်လျက် နေလေ၏။

ပြီးမှ အလိုလို ဆုပ်၍နေသော လက်သီးကြီးကို ဖြည်လိုက်ကာ သလွန်တော်ခြေတော်ရင်း မနီးမဝေးကမ်းတိုင်ကို ခပ်မှိန်မှိန်ဖြစ်အောင်





အဝတ်တစ်ခုနှင့် ကာခဲ့ပြီးလျှင် နောက်သို့ပြန်၍ တစ်ချက်နှစ်ချက် ချိန်ဆ ကြည့်နေပြီးကာ တဲအပြင်သို့ ထွက်သွားလေ၏။ အဝတွင် ရပ်၍ စောင့်နေသော လက်ဝဲစားမှူးနှင့်တွေ့၍ သမိန်စောထွတ်လည်း နှုတ်ခမ်းကို လက်တို့ကာ ဘာမျှမပြောဘဲ ရပ်၍ အတွင်းက အသံကို နားထောင်နေပြီးမှ စားမှူးအား အနီးသို့ဆွဲ၍ နားသို့ကပ်ကာ "အားလုံး နေရာကျပြီ။ လုပ်ဖို့ပဲရှိတော့တယ်" ဟု ပြောလေ၏။

စားမှူးလည်း စားအိမ်က စားရိုးကိုကိုင်လျက် "ကောင်းပြီ" ဟု ဆို၍ ဝင်တော့မလိုလိုနှင့် လှုပ်လိုက်ရာ သမိန်စောထွတ်လည်း ကပျာကယာ လက်တို့ဆွဲထားလျက် "သေချာစေနော်။ အနားရောက်မှ ကြောက်မနေနဲ့။ တစ်ချက်တည်း" ဟုဆိုကာ လက်ညှိုးဖြင့် မိမိလည်ကို ရစ်၍ပြလေ၏။ စားမှူးလည်း စားရိုးကို တင်းကျပ်စွာ ဆုပ်ပြီးလျှင် ခေါင်းညိတ်လေ၏။ ပြီးမှ သမိန်စောထွတ်လည်း ဘာမျှမပြောဘဲ ရပ်၍ အတန်ကြာတွေနေပြီးမှ အံကြိတ်ကာ "ကောင်းပြီ" ဟုဆိုပြီး ထွက် သွားလေ၏။ စားမှူးလည်း အခန်းထဲသို့ တစ်ခါတည်း ဝင်သွားလေ၏။

အတွင်းဆောင်ထဲတွင် ယခင်က သမိန်စောထွတ်ထားခဲ့သည့် အတိုင်းပင် မီးရောင်ကလေး မှိန်မှိန် ရှိပေ၏။ မင်းတရားကြီးရွှေထီးမှာ သလွန်တော်တွင် ခပ်စောင်းစောင်းအိပ်လျက် ဟောက်၍ပင် နေလေ၏။ စားမှူးလည်း အပေါက်ဝက ခြေဖျားထောက်၍ ဝင်လာပြီးလျှင် သလွန်တော်နှင့် မနီးမဝေးသို့ ရောက်သောအခါ ရပ်တန့်၍ နောက်သို့လှည့်ကာ ကြည့်၍နေလေ၏။ ထိုအခိုက်တွင် မင်းတရားကြီးသည် ဝေါက်ခနဲဖြစ်ကာ ရုတ်တရက် လူးလွန့်လိုက်သဖြင့် စားမှူးမှာ ထိတ်လန့်ပြီး နောက်သို့ ရုတ်တရက် ဆုတ်သွားမိလေ၏။ ပြီးမှ ကြည့်လိုက်ရာ မင်းတရားကြီးသည် မိမိဘက်သို့ ကျောလှည့်၍



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတော်မှာ အနည်းငယ် အုံးလှဲလျက် လည်ချော်ဖြူဖြူသည် အထူး ပေါ်၍နေသည်ကို မြင်ရလေ၏။

ဓားမှူးလည်း အကိုကြိတ်ကာ ဓားအိမ်ကိုဆွဲ၍ ဓားကို ဆွဲနှုတ်ယူလေ၏။ မီးရောင်မှေးမှေးတွင် ဓားသွားကို တရေးရေး ကြည့်နေပြီးမှ ရှေ့သို့တိုးသွားရာ သုံးလှမ်းမျှနှင့် သလွန်ခြေအနီးသို့ ရောက်လေ၏။ ကြည့်လိုက်ရာ မင်းတရားကြီးသည် ဟောက်လျှော်ပင် စက်မပျော်လျက် လည့်တော်မှာ အထူးသဖြင့် မီးရောင်နှင့်ဟပ်၍ စပျစ်ရည်ကြောင့်ကျသော ချွေးစက်တို့ဖြင့် တလက်လက် တောက်ပ နေလေ၏။ ယင်းသို့ တလက်လက် တောက်မနေသော လည်ပင်းမှ ချွေးစက်ကလေးတို့သည် ဓားမှူး၏ မျက်စိကို ညို့ဓာတ်ဖြင့် ဆွဲထား သကဲ့သို့ ရှိလေ၏။ ဓားမှူး၏မျက်စိသည် ၎င်းလည်ပင်းကို ငေးစိုက် လျက် တခြားဘက်သို့ လွှဲဖယ်၍မရနိုင်အောင် ရှိသကဲ့သို့ ဖြစ်လေ ၏။

ထိုနောက်မှ ရုတ်တရက် မျက်စိကို လွှဲဖယ်၍ မကြည့်ရှုလို သကဲ့သို့ လက်ဖောင်းဖြင့် အုပ်ခါနေပြီးမှ ပြန်၍ကြည့်ကာ မျက်လုံး ကြီးပြူး၊ အံသွားကြီးကို ကိုက်လျက် ရုတ်တရက် ဓားကို မြှောက်လိုက်၍ မီးရောင်ကြောင့် ဝင်းခနဲ ထိန်ခနဲ မြင်လိုက်ရလေ၏။ ဓားမှူးလည်း နောက်သို့လှည့်၍ ဆုတ်သွားလေ၏။ ပြီးကာ ကပျာကယာ နောက်ထပ် ခုတ်ဦးတော့မည့်ကဲ့သို့ ကိုယ်ကို ဟန်ယူပြီး ကြည့်လိုက်ပြန်ရာ သွေးများ ပန်းထွက်နေသော လည်ပင်းတိုကြီးနှင့် သလွန်အောက်က မိမိအား ပြန်၍ကြည့်နေသော ခေါင်းကြီးကို မြင်ရသဖြင့် "အမယ်လေး" ဟု ရုတ်တရက် လန့်အော်ကာ မိမိပါးစပ်ကို မိမိလက်နှင့်ပိတ်လျက် မျက်လုံးကြီးပြူးနေလေ၏။ သလွန်အောက်က ခေါင်းကြီးသည် မိမိအား စားတော့ ဝါးတော့မည့်ကဲ့သို့ ထင်နေရလေ၏။ ထို





ခေါင်းကြီးကို ကျောမခိုင်းဝံ့သဖြင့် မျက်ခြည်မပြတ် စိုက်၍ကြည့်ရင်းပင် နောက်ဆုတ် နောက်ဆုတ်နှင့် လာခဲ့ရာ တံခါးဝနှင့်တိုက်မှ တစ်ချက် တည်း လှည့်၍ ထွက်ပြေးလေ၏။

တပ်မတော်ကြီး၌ကား ငြိမ်လျက်ရှိသေး၏။ အင်းဝစစ်သား တယောက်သည် အိပ်၍မပျော်သဖြင့် ခေါင်းမီးခြိုက်ခွာကာ လရောင်ကို ကြည့်ရင်း တစ်ပါးသူ မကြားအောင် လေသံမျှဖြင့် သီချင်းကလေး ညည်း၍ နေလေ၏။ အတန်ကြာလျှင် မင်းတရားကြီး တဲထိပ်တော်က တစ်စုံတစ်ရာ ထ၍ပျံသွားသကဲ့သို့ ထင်ယောင်မြင်ယောင်မိကာ အလိုအလျောက်ပင် ကြွက်သီးမွေးညင်း ထ၍ လာသောကြောင့် ငေးစိုက်၍ ကြည့်နေလေ၏။ ယင်းသို့ ငေးစိုက်ကြည့်နေမိရင်းပင် ရုတ်တရက် မြေလျှင်ကြီးမှာ လှုပ်လိုက်၍ ကမ္ဘာကြီး မြိုပျက်ခါ တပ်မတော်ကြီး ပျက်စီးသွားဘိသကဲ့သို့ အုန်းအုန်းကျွက်ကျွက် ခုတ်သံထစ်သံ၊ ဖမ်းသံပေါက်သံများတို့ တအုန်းအုန်း တဒိုင်းဒိုင်း တကျိုင်းကျိုင်း ဗွမ်းဗွမ်း ကြားလိုက်ရသဖြင့် ကပျာကယာ အနီးရှိ ဓားကိုကိုင်၍ ထလိုက်ရာ မိမိအား ဟံသာဝတီစစ်သားများ ဝိုင်းဝန်း၍ ဓားလှံစသည်တို့နှင့် ခုတ်ထစ်ရန်နေသည်ကို တွေ့ရလေ၏။

ယခင်က ငြိမ်သက်နေသော တပ်စခန်းကြီးမှာ ယခုအခါ ကမ္ဘာ ပျက်သကဲ့သို့ ရှိလေ၏။ ယခင်က တစ်ဦးနှင့်တစ်ဦး သင့်မြတ်စွာ နေကြသော အင်းဝနှင့် ဟံသာဝတီတို့သည် တစ်ဦးနှင့် တစ်ဦး ထိုးခုတ်သတ်ဖြတ်ကြလေ၏။ ထိုအချိန်တွင် လကလေးလည်း မှိန်၍နေသောကြောင့် မှောင်မည်းမည်းရှိနေရာ ညီနှင့်အစ်ကိုမခွဲနိုင်ဘဲ မည်းမည်းမြင်ရာသာ ဖမ်း၍ ထိုးခုတ်ကြရလေ၏။ ယခင် အင်းဝ သားကလေးသည် ထိုးရင်း ခုတ်ရင်း လူစုထဲကလွတ်သွား၍ ထွက် အပြေးတွင် အခြား အင်းဝသားတစ်ယောက်နှင့်တွေ့၍မေးရာ ဟာ



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်ပါဘူး။ တော်ကြီးဘုရားတော့ နတ်ရွာစံပြီတဲ့။ ပြေးပြေး" ဟုဆိုကာ စကားမျှ ပြီးအောင် မပြောနိုင်ဘဲ ကိုယ်လွတ်လက်လွတ် ပြေးရလေ၏။ ထို့နောက် မိုးလင်းသောအခါမူကား ကသာ တစ်ပြင်လုံး၌ ဟံသာဝတီသားသေ၊ အင်းဝသားသေများနှင့် ပြည့်နှက်နေသည်ကိုသာ တွေ့ကြရလေ၏။

*အကြံကောင်း၊ ရန်ပေါင်းတဲ့ သိန်းကုဋေ ဟူသော* သီချင်းကို ဆိုလာသောအသံကြီးသည် မှောင်မိုက်ကြီးကို ထိုးဖောက်၍ အရပ်လေးမျက်နှာမှ ဝင်ရောက်လာသည်ဟု ထင်လိုက်ရသောကြောင့် လမ်းလေးခွအဆုံးတွင် ဖွင့်ထားသော ကဖော်ဆိုင်တွင် တဆုဆုတည်ည်နှင့် သောက်စားမူးယစ်၍ နေကြသော ဟံသာဝတီ ကင်းသားတစ်စုတို့သည် သောက်မည့်ဆဲဆဲရှိနေသော ကဖော်ခွက်ကိုပင်မေ့၍ ငေးမောနားတောင်နေမိကြလေ၏။ ၎င်းတို့၏နားထဲတွင် ထိုအသံကြီးသည် သီချင်းသံ ရပ်စဲသည့်တိုင်အောင် ရုတ်တရက် မဆုံးမပျောက်နိုင်ဘဲ တဟီးဟီး မြည်၍နေလျက် အချို့မှာ မျက်စိများပင် ပြူး၍ နေကြလေ၏။

ထိုအချိန်သည်ကား ယခင် ကသာရပ်တွင် အင်းဝဘုရင် တပင်ရွှေထီးအား သမိန်စောထွတ် ကြံ၍၊ ၎င်းညီ လက်ဝဲစားမှူး၏လက်ဖြင့် အသက်ဆုံးစေပြီးနောက် သမိန်စောထွတ်သည် အင်းဝအမတ် ရှိသမျှတို့ကို သတ်၍ မိမိစားရာ စစ်တောင်းက အခိုင်အလုံနေပြီးမှ ဟံသာဝတီသို့တက်၍ သမိန်စက္ကဝေါဘွဲ့ခံပြီးလျှင် ထီးနန်းကို လုယူစိုးစံနေခိုက် ဖြစ်လေသည်။ တပင်ရွှေထီး နတ်ပြည်စံလွန်သည်မှာ





နှစ်လခန့် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ယင်းသို့ သမိန်စက္ကဝေါသည် ဟံသာဝတီ ထီးနန်းကို အုပ်မိလျှင် ဟံသာဝတီ နေပြည်တော်ကြီးအတွင်းရှိ အင်းဝသားရှိသမျှတို့ကို အတင်းရှာဖွေ သတ်ဖြတ်လေ၏။ အချို့လည်း သစ္စာခံကာ ကျွန်စာရင်းဝင်ကြသဖြင့် ဟံသာဝတီသားတို့အားမှ လွတ်ကြလေ၏။ သို့သော် ဟံသာဝတီသားများကား အင်းဝသားဟုဆိုလျှင် မကြည့်ချင်အောင် ဖြစ်၍နေခိုက် ဖြစ်သောကြောင့် သမိန်စက္ကဝေါ၏စကားကို ကောင်းစွာမနာခံဘဲ၊ အင်းဝသားရှိသမျှတို့ သစ္စာခံပြီး မခံပြီး မရွေးဘဲ အားလုံးကို သတ်ဖြတ်နေကြသဖြင့် ဟံသာဝတီ နေပြည်တော်ကြီး တစ်လျှောက်မှာ အင်းဝသား သွေးချောင်းစီးလျက် ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်အင်းဝသားများမှာ ကံကြမ္မာကိုသာ ကိုးကွယ်နေရ သည့်အခါတွင် အထက်အင်းဝသားတို့ နိုင်ငံ၊ ရတနာပူရ အင်းဝနေပြည် တော်ကြီးမှာ "ရွှေဓားဖိုလ်" အမည်ခံသူ လူတစ်ယောက်သည် ယင်းသို့ ဒုက္ခရောက်နေကြသော အင်းဝသားသွေးများအား ဟံသာ ဝတီသားတို့ လက်ကြားမှ မကြာခဏ လာရောက် ကယ်ဆယ်သွား သည်ဟူသော သတင်းသည် ပျံ့နှံ့၍နေလေ၏။

ငင်းသတင်းကို ပထမမူကား အင်းဝသားရော ဟံသာဝတီ သားပါ ယုံကြည်သူ နည်းပါးကြလေ၏။ နေ့ရောညပါ မြို့တွင်း၊ မြို့ပြင်၊ မြို့တံခါး စသည်တို့တွင် လက်ရွေးစင် ဟံသာဝတီသား ကျွန်တော်မျိုးတို့နှင့် အင်းဝသားများ၏ အနိုပ်အစက်ကို ရက်စက်စွာ ခံခဲ့ရဖူး၍ အထူးအငြိုးထားသူ ဟံသာဝတီသားများအား မျက်ခြည် မပြတ် စောင့်ရှောက်စေသောကြောင့် ကိုယ်ရောင်ဖျောက်၍ ပြေးနိုင်မှ လွတ်နိုင်မည် ဖြစ်သဖြင့် 'ရွှေဓားဖိုလ်' မှာ လူမဟုတ်။ အင်းဝသားများ သေရမည်ကို ကြောက်သဖြင့် သွေးရူးဖေါက်ပြန် ပြောဆိုသော စကားမျှသာ ဖြစ်သည်ဟု ပြောဆိုကြလေ၏။ မည်သို့ပင် ဖြစ်ပွားသော သတင်းစကားကို ယုံကြည်ဖွယ် မရှိသော်လည်း၊ သေမင်းကြီး၏



အရိပ်အောက်တွင် တကြောက်ကြောက်နှင့် နေ့လား၊ ညလား နေရ သော အင်းဝသားများမှာမူကား အသူတရာနက်၍ အလွန်မှောင်မိုက် သော ချောက်ကြီးအတွင်းသို့ ကျဆင်းထွန်းလင်းသော နေရောင်ခြည် ကလေးကဲ့သို့ စိတ်ကို သက်သာရာ ရဖွယ်ဖြစ်၍ နေလေ၏။

ဟံသာဝတီသားတို့ကမူကား "ရွှေဓားဖိုလ်" ကို မဆိုထားဘိ။ မြေလျှိုး၍ မိုးပျံနိုင်သော လူစွမ်းကောင်းမှာလည်း ဟံသာဝတီတွင် မိ၍နေသော အင်းဝသားများကို တတ်နိုင်မည် မဟုတ်ဟု ထင်မှတ် ယုံကြည်ကြလေ၏။

ထိုနောက် ထိုနည်းနှင်နှင်ချည်း အကြိမ်များစွာ ကယ်ယူသွားသောအခါမူကား၊ တစ်မြို့လုံးပင် မလုံမခြုံရှိလာ၍ စွမ်းအားရှိသမျှ ကျပ်တည်းစွာ စောင့်ရှောက်ထားရလေ၏။ အင်းဝသို့ လည်း လူလွှတ်၍ ရွှေဓားဖိုလ်အကြောင်းကို စုံစမ်းစေ၏။ ဟံသာ ဝတီတွင်လည်း "ရွှေဓားဖိုလ်" ဆိုသူအား အသေသော်လည်းကောင်း၊ အရှင်သော်လည်းကောင်း ရရှိသော် ငွေတော်တစ်ထောင် ထုတ်ပေး၍ အရပ်ရပ်သို့ မောင်းလည်စေလျက် အစောင့်အရှောက်ကင်းတပ်များ ကိုလည်း အထူးကြပ်မတ် စောင့်ရှောက်စေရလေ၏။

ထို့ကြောင့် ယခင်က မှောင်ကြီးမည်းမည်းထဲမှ ကိုးဖောက်

www.burmeseclassic.com



ဝင်လာသော အသံကြီးကို ကြားလိုက်ရသောအခါ ကဇော်ဆိုင်က ကင်းသားတို့မှာ မုင်းသားကလေးကို သမိန်စက္ကဝေါလက်မှ လုယူသွားစဉ် ထိုကဲ့သို့သော အသံကြီးကို ကြားလိုက်ရပြီးနောက် ပျောက်သွားသည်ကို သိလိုက်ရသောကြောင့် များစွာ ထိတ်လန့်နေကြလေ၏။

ယင်းသို့ အတန်ကြာ ငေးစိုက်နားတောင်နေကြရာမှ အသံကြီး နောက်ထပ်မလာဘဲ ပြတ်သွား၍ ကင်းဗိုလ်လုပ်သူက "ဟေ့။ ဘယ်ကလဲ" ဟု မေးစဉ်တွင်ပင်

"ဟံသာဝတီ ဒီနယ်မျိုးမှာ စိုးပါနဲ့မေ" ဟု ဆက်၍ ဆိုလိုက်သော အသံကြီးကို ကြားလိုက်ရပြန်၍ ပြန်ကာ ငြိမ်သွားကြပြန်လေ၏။ အသံကြီးမှာ ယခင်ကထက် နီး၍ ကျယ်သည်ထက် ကျယ်လာသည် ထင်ရလျက် "ခင်လေးတဲ့ သဟာဆွေ။ မာစေကွယ့် ဆုထူး။ စိန္တေယျာ ရွှေမော်ဓောမှာ၊ အို ခင်ရဲ့ ဩကာသ ဖူး" ဟု ဆက်လက်သီဆို၍ ထိုအသံကြီးသည် ခေါင်းလောင်းကြေးစည်သံကြီးကဲ့သို့ တဟီးဟီးနေရာမှ တဖြည်းဖြည်း ပျောက်၍သွားလေ၏။

သို့သော်လည်း နားစိုက်၍ ထောင်နေကြသော ကင်းဗိုလ်နှင့် ကင်းသားတို့မှာ အသံကြီး ပြတ်သွားသည်ကိုမှ သတိမမူမိကြသကဲ့သို့ ဆက်လက်ငြိမ်သက်နေကြပြီး၍ အတန်ကြာမှ ကင်းဗိုလ်က သတိရ၍ "ဟေ့ ရွှေမားဗိုလ်အသံပဲ။ ဒီအသံကြီး ငါမှတ်မိတယ်။ ဘယ်က လာသလဲ" ဟု မေးရာ ကင်းသားတို့မှာ အချို့က အရှေ့က၊ အချို့က အနောက်က၊ အချို့ တောင်၊ အချို့ မြောက်၊ အချို့ အထက် အောက် စသည်ဖြင့် ထင်မိထင်ရာကို ပြောဆိုငြင်းခုံနေကြ၍ ဗိုလ်က "တယ်။ ဒီအကောင်တွေ ဘယ်ကလာမှန်းတောင် မသိဘဲကိုး။ ဟေ့ တာယ်မဝေးဘူး။ လူခွဲ လိုက်ကြ။ လာလာ။ ငါနောက်က နှစ်





ယောက် လိုက်ခဲ့" ဟု ဆိုလိုက်၍ ကင်းသားများလည်း အရှေ့ အနောက် တောင် မြောက် လေးမျက်နှာ တစ်စုစီခွဲ၍ ထွက်သွားကြလေ၏။

ဗိုလ်လုပ်သူနှင့် လူသုံးယောက်တို့ကား အရှေ့ကိုလိုက်ခဲ့ကြရာ လမ်းမှာ အလွန်ရှင်းလျှက်ရှိသည်ကို တွေ့ရလေ၏။ ထို့နောက် လမ်းကွေ့တစ်ခု မှောင်ရိပ်ထဲမှ ထွက်လာသော အဖိုးအိုကြီး တစ်ယောက်နှင့်တွေ့၍ ဗိုလ်က သေချာစွာကြည့်ကာ "ဆရာကြီး ဒီက ခုန သီချင်းဆိုတာ ခင်ဗျားလား" ဟု မေးရာ အဖိုးကြီးလည်း အလွန်တုန်ချိသောအသံဖြင့် "အေး။ အဖိုး သီချင်း မဆိုနိုင်ပါကလား မောင်ရယ်။ ဘာဖြစ်လို့လဲ"

"ဒီက သီချင်းသံ ကြားလိုက်လို့ပါ။ အဖိုးကြီး မကြားလိုက်ဘူးလား"

"အေး။ အဖိုးက နားပင်းသကွယ့်။ တယ်ပြီး မကြားလှဘူး" ဟု ဆိုလိုက်၍ ဗိုလ်လည်း "သယ်။ ခက်နေမှပဲ။ ဟေ့ ရှေ့က လိုက်စမ်း။ ငါတော့ ဒီဆီက မှတ်လိုက်တာပဲ" ဟုဆိုကာ ရှေ့သို့လိုက်သွားမည်ပြုကြရာ သုံးလေးလှမ်းမျှ ရောက်လျှင် နောက်နားက "ဟား ဟား ဟား" ဟု အားပါးတရ ရယ်လိုက်သော အသံကြီးကို ကြားလိုက်ရ၍ နောက်သို့ ရုတ်တရက်ပြန်၍ လှည့်ကြည့်မိလေ၏။ သို့သော် မည်သူ့အားမျှ မမြင်သောကြောင့် တစ်အိမ်အိမ်က ရယ်သံထင်မှတ်ကာ ဆက်လက် လိုက်သွားကြလေ၏။

အဖိုးကြီးလည်း ကတုန်ကရီနှင့် လျှောက်၍သွားရာ ယခင် ကဇော်ဆိုင်ကလေးသို့ ရောက်သောအခါ ဝင်၍ထိုင်လေ၏။

များမကြာမီပင် ကင်းသားတို့လည်း ပြန်ရောက်ကြ၍ ကင်းဗိုလ်က "သိသိတလေး လိုတယ်ကွာ။ အသံကြားလိုက်ရသားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်းတို့ဖျင်းလို့ မရလိုက်တာ။ မိုက်တဲ့အကောင်တွေပဲ" ဟု ပြောရင်း ချောင်ထဲတွင် ထိုင်၍နေသော အဖိုးကြီးကိုမြင်၍ "အလို၊ ဘကြီး ဒီရောက်နေပြီလား။ လက်ထဲမှာလည်း ပုတီးကြီးနဲ့။ ပုတီးတစ်လုံး ခေါက်ခန့်။ ကဖော်တစ်ခွက် သောက်ခန့် လားဗျို" ဟုမေးရာ အဖိုးကြီးက "အေး အေး မောင်ရဲ့။ ဒီဟာက မောင်တို့လို ငယ်ငယ်ကတည်းက စွဲမိတော့ကိုးကွယ့်။ အခုတော့ ဘုရားတရား လည်း အားထုတ်ပါရဲ့။ နို့ပေမယ့် ဖြတ်မရတော့ လုပ်ရသေးတာပဲ"

"ဟာ။ နေရာကျလိုက်တာ။ လာလေ ဒီကိုလာ။ ကျွန်တော်က ကုသိုလ်ယူမယ်" ဟုဆို၍ မိမိနေရာသို့ ဆွဲခေါ်ကာ အိုးတစ်အိုးကို ချပေး၍ အဖိုးကြီးလည်း တစ်ခွက်နှစ်ခွက်သောက်ပြီးလျှင် ခေါင်းငိုက် ဆိုက်ချ၍ ငိုက်မျဉ်းနေလေ၏။ ဗိုလ်လည်း "ဘကြီး လုပ်ပါဦးဗျ။ တစ်အိုးလုံး ဘကြီးဖို့ချည်းပဲ" ဟု ဆိုသော်လည်း အဖိုးကြီးသည် ခေါင်း မထူဘဲ ငိုက်မျဉ်း၍သာနေသဖြင့် ဗိုလ်လည်း နောက်ထပ် ဘာမျှမပြောဘဲ မိမိဘာသာ တပည့်များနှင့် စကားစပ်မိစပ်ရာများကို ပြောကြားနေလေ၏။

အတန်ကြာလျှင် ဆိုင်ဝသို့ လူတစ်ယောက် ရောက်လာလေ၏။ ထိုသူမှာ ကတ္တီပါခေါင် အနီဖေါင်းရောင်ကြီးကို ကိုယ်တွင်တင်းကျပ်စွာ ရစ်ပတ်ခြုံထားပြီးလျှင် ခေါင်းတွင်ကား သံခမောက်ကြီးကို ဆောင်းလျက် ရှိသောကြောင့် ရုတ်တရက် မြင်ရသော် များစွာ ခန့်ငြားပေ၏။ ဆိုင်ဝတွင်ရပ်၍ တစ်ဆိုင်လုံးကို မျက်လုံးလှည့်ကာမျှဖြင့် ဖြန့်၍ ကြည့်လိုက်ပြီးလျှင် ယခင်က ကင်းဗိုလ်ရှိရာသို့ သွားလေ၏။ ကင်းဗိုလ်လည်း ထိုသူကိုမြင်လျှင် ကပျာကယာထ၍ "ခြော်-ခြော်" ဟူ အမည်ကို ဖော်တော့မည်ရှိရာ ထိုသူကလည်း ကပျာကယာ လက်ကာလိုက်၍ မပေါ်လိုက်ဘဲ ရပ်လိုက်လေ၏။ ကင်းဗိုလ်အနီးသို့





ကပ်သွားပြီးမှ ဆိုင်တွင်းကို သေချာစွာ ကြည့်ပြီးလျှင် ကတ္တီပါ ခေါင်ကြီးအတွင်းက လက်ကိုထုတ်ခါ "ဒီဟာ မင့်တပည့်ချည်း ပဲလား"

"မှန်ပါ" ဟု ဆိုလိုက်၍ ထိုထိုဤဤ ကြည့်ပြီးမှ အဖိုးကြီး ဘက်သို့ မျက်စောင်းထိုးကာ "ဘယ်ကလဲ" ဟု မေးလေ၏။

ကင်းဗိုလ်လည်း အဖိုးကြီးအား ကြည့်ကာ အနည်းငယ်ပြုံးရယ်လျက် "ကိစ္စမရှိပါဘူး။ သူ့ငယ်ပြန်နေတဲ့ အဖိုးကြီးပါ" ဟု ဆိုလိုက်မှ ယခင်လူက "အင်း-အင်း ဒါဖြင့်ထားနော်။ ဟိုအကောင်က တယ် ဉာဏ်များတယ်။ ဒီကနေ့ည ဒီကို ရောက်နေပြီ" သူ့မိန်းမ ခင်ခင်ကြီးဆိုတဲ့ ဆင်းတက် သိမ်းခေါ်လိုက်လို့ ထိုင်လာတယ်။ အဲဒါ အခု မြို့ဝန်အိမ်မှာ ချုပ်ထားတယ်။ သူ့မိန်းမ ရှိတယ်ဆိုရင်တော့ မလာဘဲ မနေဘူး။ မင်း ကြားပြီးပြီလား"

"မကြားရသေးဘူး ဆရာ။ အခုပြောမှ သိရတော့တာပဲ"

"ဒီဟာကြောင့် ငါ ကင်းတွေ လျှောက်ပြီး ဆင့်နေရတယ်။ ညနေက နတ်ပြန် ခင်ခင်ကြီးကို သတ်မယ်လို့ အမိန့်ပြန်ထားတယ်။ သင်းကြားရင်တော့ ဘယ်နည်းနဲ့မှ မနေဘူး။ ကယ်ရအောင်တော့ လာမှာပဲ။ ဒီတစ်ခါတော့ အမိဖို့ ဒီကနေ့ည ဒီအကွက်က လုံ အောင်စောင့်။ ကြားလား။ လူလာသမျှ အားလုံးကို ဖမ်းသာစစ်။ မလစ်စေနဲ့နော်" ဟုဆိုကာ လည်ကို လက်နှင့်ရစ်၍ ပြလေ၏။

ကင်းဗိုလ်လည်း မင်းအကွက်က လစ်ရင် မင့်လည်ကို ဓားနဲ့ ပိုင်းလိမ့် မည်ဆိုသော သဘောကို ရိပ်မိ၍ ခေါင်းညိတ်လျက် "စိတ်သာချပါ ဆရာ။ အဆက်မှာဝတီ ဟာသာဝတီမှာတော့ သမိန့်တဲ့။ ချုပ် အကွက်ကိုသာ လုံပါစေ။ မမိဘူးဆိုရင် ခေါင်းဖြတ် အသည်း ကိုးစားကျွေး။ အရေး တယ်မလုပ်လှပါဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး–အေး–ကောင်းပြီ။ သတိသာ ကြပ်ကြပ်ကြီး ထား ပေတော့" ဟုဆိုကာ သွားတော့မည် ပြုပြီးမှ မသွားသေးဘဲ "ဪ––ဪ––ဒီကောင်လာရင် သီချင်းလည်း ဆိုလာတတ်တယ်။ "လတပေါင်း ခအောင်းရယ်တို့ မှည့်ရိုန်တာန်" တဲ့။ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်။ အသံသြသြကြီးနဲ့။ ဒီအပြင်ကော "ဟံသာ မြေ ဒီနယ်မျိုးမှာ" လို့ မဆိုတတ်ဘူးလား"

"ဘာဖြစ်လို့လဲ။ မင်း ကြားဖူးသလား"

"ခုနင်က ဆရာ မလာခင်ကလေးပဲ အသံဝါဝါကြီးနဲ့ ဆို လာတာ ကြားလိုက်လို့။ ကျွန်တော်တို့တောင် ထွက်လိုက်သေးတယ်"

"မဟုတ်ဘူး ဒီသီချင်းပဲ ဆိုတတ်တယ်။ အဲဒီသီချင်းသံ ကြားရင်တော့" ဟု ဆိုနေစဉ် ငိုက်မျဉ်းနေသော အဖိုးကြီး တစ်ယောက်သည် ရုတ်တရက် ကွီခနဲ ရယ်လိုက်သလိုလို ချီလိုက် သလိုလို ကြားလိုက်သဖြင့် စကားပြတ်၍ နှစ်ယောက်သား ပြန်၍ ကြည့်နေမိလေ၏။ အဖိုးကြီးလည်း နှာခေါင်းကြီးရှုံ့၍ အိပ်မှုန် စုံမွှားနှင့် မျက်စိကြီး မပွင့်တပွင့်ပြုကာ နေပြီးမှ ပြန်၍ ခေါင်း ငိုက်ဆိုက်ချကာ အိပ်သွားပြန်လေ၏။ ထိုအခါမှ စကားဆက်၍ "အဲဒီသီချင်းသံ ကြားရင်တော့ ရွှေဓားမိုလ်ဆိုတဲ့ အကောင်သာ မှတ်ပေတော့။ ကြားလား" ဟုဆိုကာ နှုတ်ဆက်၍ ထွက်သွားလေ၏။

ထိုလူ ထွက်သွားလျှင်ပင် သမိန်လည်း မိမိလူများအား ငိုက် မျဉ်းယော်ပါးနေကြရာမှ နှိုးကာ "ဟော့ အကောင်တွေ။ ထော်ကြတော့။ ဒီကနေ့အရေးကြီးတယ်။ ထကြ ထကြ" ဟုဆိုကာ ကင်းလှည့်ရန် ပြင်ဆင်လေ၏။ လူအားလုံး ဆူဆူညံညံနှင့် ထွက်သွားကြ၍ သမိန်လည်း နောက်မှလိုက်ကာ တံခါးဝသို့ရောက်လျှင် အဖိုးကြီးကို





သတိရသဖြင့် ပြန်၍လှည့်လာပြီး ပုခုံးကိုလှုပ်၍ နှိုးလျက် "ဘကြီး ကျုပ်တို့ သွားတော့မယ်။ အရှက်ဆိုင်မှာ မီးလင်းနေဦးမယ်။ ထထ" ဟုဆိုရာ အဖိုးကြီးလည်း မျက်လုံးပွတ်ကာ ထ၍ နိုးလာကာ "ဟင်။ သွားကြတော့မလားတွေ"

"ဟုတ်တယ်။ သွားကြတော့မယ်။ ဘကြီး ဒီမှာ အိပ်တော့ မလား"

"အေး အေး။ သွားကြတော့။ ဘကြီးလည်း ပြန်ရတော့မှာပေါ့ကွာ" ဟု ဆိုလိုက်၍ သမိန်လည်း မိမိလူများနောက်သို့ လိုက်သွားလေ၏။

ဆိုင်ထဲတွင် တည်းခိုသူမရှိ၍ အဖိုးကြီးလည်း ထိုင်၍ ငိုက် မျဉ်းရာမှထကာ ဆိုင်ရှေ့သို့ တကုန်းကုန်းနှင့် ထွက်ခဲ့လေ၏။ ဆိုင်ရှေ့တွင်လည်း လူသူလေးဝါးရှင်းလျက် အတန်ညဉ့်နက်ပြီဖြစ်၍ မှောင်မည်းတိတ်ဆိတ်နေသည်ကိုတွေ့ရ၏။ အဖိုးကြီးသည် ကုန်းနေ သော ခါးကို အနည်းငယ်ဆန့်ကာ လက်ဝဲဘက် လမ်းကြီးသို့ လျှောက်သွားလေ၏။

လမ်းကြီးတစ်လျှောက်လုံးတွင်လည်း လူသူမတွေ့ဘဲ ရှင်းလင်း လျက် တစ်ဖက်တစ်ချက်သော လမ်းဆုံလမ်းခွများတွင်သာ ကား တင်၍ထားသော လှည်းကောင်အလောင်းကြီးများကို မှောင်ကြီး ထဲတွင် မည်းမည်းကြီးမြင်ရလေ၏။ အဖိုးကြီးသည် သွားရင်းသွားရင်း ကုန်းနေသော ခါးကြီးသည် ဆန့်သထက်ဆန့်၍လာကာ ခရီး အတော်ရောက်သောအခါမှကား ယခင်က ကုန်းကွ ကွေးကောက် နေရာအရွယ်သို့ ဆိုက်ရောက်ခြင်းတို့သည် လုံးဝပျောက်ပျက်ကုန်လျက် လူရွယ်လူလတ်များကဲ့သို့ လျှပ်မြန်ပေါ့ပါးစွာ သွား၍ နေသည်ကို တွေ့ရလေ၏။

ထို့နောက် အတန်ကြာ သွားမိပြီးနောက် တစ်ဖက်သို့ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် ချုံးဝင်သွားသော လမ်းသိမ်ကလေးထဲသို့ ဝင်သွားလေ၏။ ထိုလမ်းကလေးမှာ အိမ်ကောင်းအိမ်မွန် မရှိ။ သက်ငယ်မိုး ခနီကာ အိမ်ကလေးများသာ ပြည့်နှက်လျက်ရှိ၍ လက်ဝဲလက်ယာ သစ်ပင်များ စီတန်းအုပ်မိုးနေသောကြောင့် အလွန်မှောင်မိုက်နေပေ၏။ အဖိုးကြီး ဝင်သွားသောအခါမှုကား မှောင်မိုက်ထဲတွင် ပျောက်သွားလေ၏။ ထို့နောက် အတန်အလယ်လောက်က အိမ်ကလေးတစ်အိမ်မှ တံခါး ဖွင့်၍ မီးရောင်ကလေးထွက်လာပြီးလျှင် ရုတ်ချည်းပြန်၍ ပိတ်သွားကာ မီးရောင်ကလေး ပျောက်သွားပြန်လေ၏။

တံခါးပြန်၍ ပိတ်သွားလျှင်သွားချင်း အတွင်းက တံခါးကို ဖွင့်ပေးသော မောင်မောင်လတ်သည် ဝင်လာသော အဖိုးကြီးကိုမြင်၍ ရုတ်တရက်ထိတ်လန့်ကာ မျက်စိပြူးလျက် ခါးကိုဓားကိုဆွဲမိလေ၏။ အဖိုးကြီးလည်း မျက်စိကြီးပြူးသွားပြီးမှ ပြုံးရယ်ကာ လက်ကိုဖြေလျက် “ဟော မောင်လတ်။ ကြောက်သလား” ဟုဆိုလိုက်မှ မောင်မောင်လတ်မှာ မှတ်မိသောဟန်နှင့် အံ့အားသင့်လျက် “အမယ်လေး ဆရာပါ တကား။ တစ်နေ့လုံး စောင့်နေတယ်။ ဘာဖြစ်လာသလဲ” ဟုမေးကာ ဆရာဖြစ်သူ၏ ကိုယ်ကိုစမ်းကြည့်နေရာ မောင်မောင်ကြီးသည် ကျော်ဓား ထားသောအဝတ်ဖြောင်းများကို ကပျာကယာချွတ်မစ်၍ ခေါင်းက အမွေးဖြူများကို ဆွဲပစ်ပြီးလျှင် “မေး မလွှတ်မနေရပါနဲ့ဦး။ ငါက တွေ့လာပါပြီကွာ”

“ဘာလဲဆရာ။ ဘာဖြစ်လာသလဲ။ သတ်ပြီး ကုန်ပြီတဲ့လား”

“အို ဟိုအတွက်။ မဟုတ်ပါဘူး။ မင်းဆရာကိုစောင့်ရတွက် ရှိပဲ”

“ဘာဖြစ်သတဲ့လဲ ဆရာ။ အင်းဝက စာ ရောက်သလား။ မကျန်မာလို့တဲ့လား”





“အင်းဝက စာ မရောက်ဘူး။ သူကိုယ်တိုင် ရောက်လာသတဲ့။ ငါကို မမိ မိအောင် သင်းတို့က အကြံဦးတာပဲ။ အခုမြို့ဝန်အိမ်မှာ တဲ့” ဟုပြောလိုက်၍ မောင်မောင်လတ်မှာ စိတ်ထဲရင်ထဲ၌ ဒိန်း ခနဲဖြစ်ကာ မျက်လုံးများပင် ပြာသွားမတတ်ရှိလေ၏။

အင်းဝတွင် ခင်ခင်ကြီးကိုထားခဲ့ရာ ရုတ်တရက် ကိုယ်ရောင် ဖျောက်၍ လေထဲက ခေါ်လာသကဲ့သို့ ဟံသာဝတီသို့ရောက်ကာ ရန်သူ၏လက်တွင်းတွင် မိနေသည်မှာ မကြံတတ် မတွေးတတ် နိုင်အောင် ရှိလေ၏။ ထို့နောက် သတိရသောအခါလည်း ယခုပင် ခင်ခင်ကြီးအား ဆုံးလေပြီသကဲ့သို့ ထင်ရသောကြောင့် မခံမရပ်နိုင်ဘဲ လက်ထဲကဓားကိုသာ တဆုပ်ဆုပ် တကိုင်ကိုင်နှင့် နေမိလေ၏။

မောင်မောင်ကြီးမှာကား ဘာမျှမပြောဘဲ လက်နှစ်ဖက် နောက်သို့ပစ်ကာ အခန်းကိုသာဖြတ်၍ လျှောက်လျက် တစ်ချက် တစ်ချက်မှ သက်မကြီးချလေ၏။ မောင်မောင်လတ်မှာမူကား မောင်မောင်ကြီးအား ကြည့်လျက်နေရင်းပင် စိတ်ကို မချုပ်တည်း နိုင်သဖြင့် နောက်ကလိုက်ကာ “ဆရာ၊ ဘယ်နှယ်ကြံပါ့မလဲ” ဟု မေးလေ၏။ သို့သော် မောင်မောင်ကြီးသည် ဘာမျှမပြောဘဲ သက်မ ကြီးချကာသာ ဆက်လက်လျှောက်နေလေ၏။ ယင်းသို့ လျှောက်နေ သည်မှာ ကြာသော် မောင်မောင်လတ်၏စိတ်ထဲတွင် ဤသို့ ဆက်လက်လျှောက်နေသည်မှာ ဆုံးနိုင်ပါဦးမလားဟု ထင်မိလေ၏။ အခါတိုင်း အရေးကြုံလျှင် မောင်မောင်ကြီးသည် ခေတ္တမျှသာ အကြံယူတတ်၏။ အကြံမယူလျှင်လည်း တစ်ခါတည်း ဓားကိုကိုင်၍ လိုက်တတ်၏။ ယခုမူကား အရေးတကာ့ အရေးကြီးတွင် သာ၍ လျင်မြန်ရမည်ကို နှေး၍နေသောကြောင့် ဤတစ်ခါ ကြံမရနိုင် ပါဦးမည်လားဟု တွေးမိသောအခါ စိုးရိမ်ခြင်းပြင်းစွာနှင့် နဖူးက



www.burmeseclassic.com

www.burmeseclassic.com

ချေးပေါက်ကြီးများ စို့၍ ထွက်လာမိလေ၏။ မောင်မောင်ကြီးသည် ရုတ်တရက် အခန်းထဲတွင် တန့်ရပ်ကာ မေးကြီးကိုကိုင်၍ အံကြိတ်နေလေ၏။ ပြီးမှ လက်သီးလက်မောင်းကြီးတန်းကာ "အင်း၊ အကြံဦးပေးသပေါ့ကွာ။ နင်တို့ မိုးပျံနိုင်မလား" ဟုဆို၍ မောင်မောင်လတ်အား ခေါ်လေ၏။

ထိုအခါ မောင်မောင်လတ်မှာ အားရရတော့မည်ကဲ့သို့ဖြစ်ကာ အနားသို့ ကပျာကယာ တိုးသွားပြီး မောင်မောင်ကြီးက "မှန်း–မင့်ဓား ပြစမ်း" ဟုဆို၍ လက်ထဲက ကိုင်ထားသော ဓားကိုပြရာ မောင်မောင်ကြီးသည် အသွားကိုစမ်းလျက် "အင်း။ ဓားတော့ ထက်တာပဲ။ လူသတ်ဖို့ပဲလိုတော့တယ် မောင်လတ်။ ဒီတစ်ခါတို့တစ်သက်မှာ အရေးအကြီးဆုံးပဲ။ ခင်ခင်ကြီး သင်းတို့လက်မှာတော့ အသေမခံဘူး။ ခင်ခင်ကြီးကို ရရင်ရ မရရင် တို့ ဓားချပြီး သုသာန်ကိုလိုက်ဖို့။ ဒီနှစ်လမ်းပဲ ရှိတယ်။ နက်ဖြန်ညနေ နေဝင်ရီတရောမှာ ထောင်ကြီးက မင်းသားသုံးပါးကို ထုတ်လိမ့်မယ်။ ထုတ်လာရင် မင့်မြင်းနဲ့ စောင့်ပေတော့။ နည်းနည်းချောင်တယ်ထင်ရင် ခင်ခင်ကြီးကို အတင်းလုပြီး ပြေး။ လွတ်ရင် အနောက်ပြင် လာနေကျကို လာခဲ့။ မလွတ်လို့ မိမယ်ထင်ရင် ခင်ခင်ကြီး သင်းတို့ လက်ကိုတော့ ပြန်ပြီး အရောက်မခံနဲ့။ မင့်လက်နဲ့သာ သေသေချာချာ သေအောင် စီရင်ခဲ့ပေတော့။ မင်းတော့ ပြေးချင်လည်းပြေး။ အသေခံရင်လည်းခံ။ မင့်သဘောပဲ။ ငါမှာတာသာ မပျက်စေနဲ့။ နောက်ဆုံး– သေလည်းမြေကြီး၊ မသေလဲ ရွှေထီးပေါ့ကွာ။ ကံဆောင်တာကိုတော့ မလိုက်ဘူး။ မငြင်းနိုင်ပေဘူးဘဲ" ဟုဆိုကာ သက်မကြီးချကာ အဝတ်လဲ၍ ကိုင်နေကြ ဓားကြီးကို သေချာစွာ စမ်းကြည့်ပြီးမှ မောင်မောင်လတ် ဘာမျှမပြောဘဲ ဆင်းသွားလေ၏။ မောင်မောင်လတ်





လည်း လိုက်၍မေးမည်ပြုပြီးမှ မိမိဆရာ၏ သဘောကိုသိ၍ မမေးဝံ့ဘဲ နေလိုက်ရလေ၏။

"ဘယ့်နှယ် ဝန်မင်းရဲ့။ လာပါဦးမလား"

"လာပါလိမ့်မယ်။ စိတ်သာချပါ။ သင်း မနေနိုင်ပါဘူး"

"သန်းခေါင်ကျော်ပြီဗျ။ ဒီလောက် ထင့်ထင်ရှားရှားကြီး။ ဒီတစ်ခါတော့ ဟံသာဝတီမှာရှိတဲ့ တပ်တွေနဲ့ မလွတ်အောင် ဖမ်းလိမ့်မယ်ဆိုတာ သိရက်နဲ့တော့ လာဝံ့မယ် မထင်ဘူး။ ကျုပ်စိတ်မှာတော့ နောက်ဆုံး ဒီအကောင်ဟာ ကျော်သလောက် အစွမ်းမရှိဘူး ထင်တာပဲ"

"မလာဘဲ နေလည်း သင်းမယား သေရုံပေါ့ဗျာ။ သူ့မယား အသေခံရင်လည်း အလကား အကောင်ဆိုတာ ဥဒါန်းတွင်ရောပေါ့" စသည်ဖြင့် ကန့်လန့်ကာအပြင်ဘက်မှ ပြောနေသော စကားသံများကို ကြားနေရသော အတွင်းခန်းရှိ ခင်ခင်ကြီးမှာကား မခံမရပ် နိုင်အောင် ပူလောင်ပြင်းပြလျက်ရှိလေ၏။

မောင်မောင်ကြီးသည် အင်းဝက ထွက်ခါနီးသောအခါ မည်သည့်နည်းနှင့်မျှ မောင့်အတွက်မပူနဲ့။ ဘယ်သူ ဘယ်လိုပြောပြော။ မယုံနဲ့။ မောင်မောင် ဆက်ဆက်ကြီး ပြန်ခဲ့ပါ့မယ်။ မစိုးရိမ်နဲ့။ မကြောက်နဲ့။ ဟံသာဝတီ တစ်ပြည်လုံး ဝိုင်းဖမ်းစေတော့ မောင်မောင့်ကို မမိပါဘူးလို့ အထူးထူးအထွေထွေ အသေအချာကြီး မှာသွားပါလျက်နှင့် မိမိ မိုက်လုံးကြီး၍ လိုက်လာခဲ့မိချေသည်။ ယခုမှာ မောင်မောင်ကြီးက ပေးလိုက်သောစာ မဟုတ်။ ဟံသာဝတီသားတွေ လှည့်ဖြားခေါ်ယူသောစာ ဖြစ်သည်။ ဟံသာဝတီသားတို့လက်ရောက်၍ ခင်ခင်ကြီးသည် သေရမည်ကိုကား မကြောက်။ ရွှေစားဝိုလ်မိန်းမ ဟံသာဝတီသား အညာအလှည့် ခံရသည်ဆိုသည်ကိုသာ ရှက်၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိအတွက် မောင်မောင်ကြီးမှာလည်း ရှက်ဖွယ်ဖြစ်၍နေချေသည်။ မိမိအတွက် မောင်မောင်ကြီးမှာ ဒုက္ခရောက်ချေတော့မည်။ မိမိ မိုက်လုံးကြီး၍ ဤသို့ ဖြစ်ရလေခြင်းဟု ယူကြုံးမရအောင်ရှိလျက် မိမိကိုယ်ကို အပြစ်တင်ကာ ငါသာ ဒုက္ခရောက်သော် ကိစ္စမရှိ။ ငါ့အတွက်နှင့် အကြံပျက်လျက် အားလုံးဒုက္ခရောက်တော့မည်ဟု တွေးကာ စိုးရိမ်ခြင်းမီးလျှံသည် အသည်းတွင် အပြန်ပြန်တောက်လောင်ပူဆွေးလျက် တွေးမိတိုင်း တငိုငိုနှင့် မျက်ရည်သာ မခမ်းအောင်ရှိ၍ နေရှာမိလေ၏။

မြို့ဝန်နှင့်တကွ ပြည်ကြီးကို လုပ်ကြံသိမ်းပိုက်ထားသော သမိန်စက္ကဝေါ်ဗြဲ့ခံ သစ္စာတော်ဖျက် စောထွတ်တို့လည်း ခင်ခင်ကြီးအား ဆိုးသထက် ဆိုး၊ အမှုတွေ ပျိုးသထက် ပျိုး၊ အကြောက်တွေ တိုးသထက် တိုး၊ ဒုက္ခတွေ ငြိုးသထက်ငြိုး၍ အမျိုးမျိုး ခံစားရစေရန် မောင်မောင်ကြီး မလာလာအောင် မမိ မိအောင် မည်သို့သွေးဆောင်၍ မည်သို့အစောင့်အကြပ်ထားကြောင်း။ ဤတစ်ခါ ဟံသာဝတီက သေမှပဲ ထွက်ရတော့မည် ဖြစ်ကြောင်းများကို အကုန်အစင်ဖွင့်၍ ပြောထားသဖြင့် ခင်ခင်ကြီးမှာ မည်သည့်နည်းနှင့်မဆို တပ်တော်ပေါင်းသိန်းကုဋေခြောက်သန်းနှင့် ပစ္စက်ဆိတ်မျှ မလွတ်အောင် ဝန်းထားသော်လည်း လာလိမ့်မည်ကို သိသဖြင့် မလာပါစေနဲ့ မကြားပါစေနဲ့၊ မသိပါစေနဲ့ဟု ဆုတောင်းကာ လာမည်ကိုသာ စိုးရိမ်လျက်။ ယခု အသံ ကြားရတော့မလား။ တော်တော်ကြာ မျက်နှာ မြင်ရတော့မလားဟု တွေးတောကာ စိတ်တထင့်ထင့်နှင့် လှုသံကြားတိုင်း အရိပ်မြင်တိုင်း အထိတ်ထိတ်အလန့်လန့်၊ လည်တဆန့်ဆန့် မျက်စိတပြူးပြူး ရှုးတော့မည်ကဲ့သို့ နေရလေ၏။ ယခင်က မြို့ဝန်နှင့် စောထွတ်တို့လည်း အခန်းပြင်က စကားပြောနေကြရာမှ စောထွတ်မှာ





ညဥ့်နက်၍ အိပ်ချင်မူးတူး ဖြစ်လာသောကြောင့် ထိုင်ရာမှထကာ လမ်းလျှောက်ရင်း ပြူတင်းတစ်ခုကိုဖွင့်၍ အပြင်သို့ ကြည့်မိလေ၏။ အပြင်တွင်ကား မိုးနှင်းကလေးများ တဖွဲဖွဲ တစ်စက်စက်ကျဆင်းနေသဖြင့် အလွန်အေးမြလျက် မမှောင့်တမှောင် ကြယ်ရောင်ကလေးများ ကျဆင်းနေသော အကြား၌ နှစ်ယောက် တစ်တွဲ၊ သုံးယောက် တစ်တွဲ စသည်ဖြင့် ရပ်၍နေကြသော တပ်သားများကို မှုန်စီမှုန်မွှားမျှ မြင်ရလေ၏။ မိုးပေါက်ကလေးများ တစ်စက်စက် ကျသောအသံနှင့် တစ်ခါတစ်ရံ တောင်ဘက်က တိုက်ခတ်လာသော လေကလေး၏ အသံမှတစ်ပါး အခြား ငြိမ်သက်လျက်ရှိသည်ကို တွေ့ရလေ၏။ ပြူတင်းပေါက်က ကြည့်မိလျှင် စောထွတ်၏စိတ်တွင် မှောင်မည်းမည်း ချုံများအကြားက ရွှေဓားရိုးလိပ် ထွက်လာတာများ မြင်ရမလားဟုပင် တွေးမိကာ စိုက်၍ ကြည့်နေမိလေ၏။ သို့သော် ပြူတင်းဆီသို့ လေကလေး တစ်ချက် သုတ်လိုက်လျှင် မျက်နှာသို့ မိုးစက်များ ပက်သဖြင့် နောက်သို့ဆုတ်ခါ ပြန်သွားရလေ၏။

ထိုနောက် အတန်ကြာလျှင် စောထွတ်က "ညကတော့ တယ်လာဖို့ ကောင်းတဲ့ညပဲ။ နို့ပေမယ့် အချိန် တော်တော်ကုန်သွားပြီ" ဟုဆိုနေစဉ်ပင် "လတပေါင်း ခအောင်းရယ်တို့ မှည့်ချိန်တန်" ဟူသော အသံဝါဝါကြီးသည် အခန်းတွင်းသို့ ရုတ်တရက် လေဝင့်၍သွင်းလိုက်သော မီးခိုးလုံးကြီးများကဲ့သို့ လိမ့်၍လိမ့်၍ ဝင်လာရာ နှစ်ယောက်သားမှာ ကပျာကယာ ကောင်းစွာထိုင်နေရာမှ ထကာ ပြူးသော မျက်စိများနှင့် တောင်မြောက် လေးမျက်နှာ ကြည့်ကြလေ၏။ ခန်းဆီးတစ်ဖက်တွင် ထိုင်လျက် ငိုနေသော ခင်ခင်ကြီးလည်း ငေါက်ခနဲ ခေါင်းကိုထူကာ တစ်ခါတည်း ပြေးထွက်ပြီး မလာပါနဲ့ မလာပါနဲ့ဟု အော်လိုက်ရမည်ကဲ့သို့ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောထွတ်နှင့်မြို့ဝန်တို့လည်း အံ့အားသင့်နေရာမှ ကပျာကယာ ပြူတင်းဆီသို့ ပြေးသွားကြည့်ရှုရာ အပြင်တွင် ဘာကိုမျှ မမြင်ရ။ အစောင့်အကြပ်ထားသော တပ်သားတို့လည်း လှုပ်လှုပ်ရှားရှား မရှိ။ ပကတိ ငြိမ်သက်နေသည်ကို တွေ့ရ၍ အံ့ဩတွေဝေကာ မြို့ဝန်လည်း ကပျာကယာ တံခါးကိုဖွင့်၍ အပြင်ကစောင့်နေသော တပ်မှူးကလေးကိုခေါ်ရာ တပ်မှူးကလေးလည်း ထိတ်လန့်တကြား ပြေးဝင်လာ၍ မြို့ဝန်က "ဟေ့။ မကြားလိုက်ဘူးလား။ အပြင်က အကောင်တွေ ဘာလုပ်နေသလဲ" ဟု မေးသဖြင့် တပ်မှူးကလေးမှာ မျက်စိပြူးကာ "ဘာတုန်းဘုရား။ ဘာသံတုန်းဘုရား"

"သယ်-ဘာသံ ရမတုန်း၊ ဟိုအကောင့် အသံပေါ့။ မင်း မကြားလိုက်ဘူးလား"

"မကြားလိုက်ပါလားဘုရား။ ကြားလိုက်ရင် ဒီလို နေရော့ မလား"

"ဟာ။ တယ်ခက်တဲ့ အကောင်တွေပဲ။ အထဲကတောင် ကြားရတာ။ နင်တို့ အပြင်က မကြားဘူးဆိုလို့ နားပင်းတွေနဲ့ တွေ့ နေမှပဲ။ နင်တို့နား ကြားလာအောင် ဖွင့်ပေးဦးမယ်။ ခွေးမသားတွေ"

"မဟုတ်ပါဘူး မင်းဘုရားရဲ့။ ကျွန်တော်မျိုးလည်း သေသေ ချာချာ နားထောင်နေတာပဲ။ ဘာမှ မကြားလို့ပါ"

"သယ်-ငါ" ဟု ဆိုနေစဉ်တွင် နောက်က စောထွတ်က မြို့ဝန်မင်းအား ဆွဲ၍ခေါ်သွားကာ "မဟုတ်ဘူး၊ သေသေချာချာ စဉ်းစားကြည့်စမ်းပါဦး မင်းဘုရားရဲ့။ ကျုပ်တို့ ကြားလိုက်တာ တကယ့်အသံမှ ဟုတ်ပါလေရဲ့လား"

"ဟုတ်ပါတယ် မင်းဘုရားရဲ့။ ကျုပ်တို့ ကြားတာ အသံ မဟုတ်၊ ဘာလဲ"





"စိတ်က ချောက်တာများလားလို့"

"ဟာ။ သေသေချာချာကြီး ကြားလိုက်ရတာကပဲ"

"မဟုတ်ဘူးဗျ။ တကယ့်အသံဆိုရင် အားလုံး ကြားကြမှာ ပေါ့။ တပ်သားတစ်ထောင်လုံးမှ မကြားဘဲ နဲ့။ ကျုပ်တို့ နှစ်ယောက် တည်းက ကွက်ပြီး ကြားတယ်ဆိုလို့ ဟုတ်နိုင်ပါ့မလား။ လူကြားရင် အရူးဖြစ်နေပါဦးမယ်ဗျ။ လာရင်လည်း သင်းမပြေးနိုင်ပါဘူး" ဟုဆို၍ မြို့ဝန်မှာ စိတ်မကျေနပ်သော်လည်း အရူးဖြစ်မည်စိုး၍ ငြိမ်၍နေလိုက် ရလေ၏။

ယင်းသို့လျှင် အချိန်သည် ပြောင်းရွေ့သွားရာ နောက်ဆုံး မိုးလင်းခါနီးသောအခါမှ နှစ်ဦးသား စိတ်လျှော့လိုက်ကြပြီးလျှင် "ကိုင်း၊ လာမယ် မထင်ဘူး။ နက်ဖြန်သာ ဘယ့်နှယ်ကြံမလဲဆိုတာ စဉ်းစားဖို့ ရှိတော့တယ်။ ဒီကနေ့ နက်ဖြန် သတ်တော့မယ် ကြော်ငြာထားရတယ်။ မသတ်ရင်တော့ အထင်လွဲကုန်ကြလိမ့်မယ်။ ဘယ့်နှယ် လုပ်မလဲ" ဟုမေးရာ မြို့ဝန်က "တစ်နေ့ ရွှေ့ချိန်း လိုက်တာပေါ့။ သန်ဘက်ခါမှ သတ်မယ်ဆိုပြီး နက်ဖြန်ည ဆက်ပြီး စောင့်ရုံပဲ"

"တော်တော့ဗျ။ သတ်မယ်ဆိုပြီး မသတ်ဘဲ ရွှေ့ချိန်းနေရင် တိုင်းသူပြည်သားကလည်း အထင်လွဲမယ်။ သူတို့ကလဲ အားတက် စရာပဲ။ ကြိမ်းမောင်းပြီးတဲ့ နောက်တော့ စကားတည်အောင် သတ်မှပဲ နေရာကျမယ်။ ဒါမှ သင်းတို့ သိကြမယ်" ဟုပြောကာ မြို့ဝန်နှင့် အတန်ကြာ အပြန်အလှန်ငြင်းနေပြီးမှ မြို့ဝန်ကြီးမှာ မသတ်လိုသေးသော်လည်း စောထွတ်၏သဘောကို လိုက်လျော လိုက်ရလေ၏။

ပြီးမှ အပြင်က တံခါးစောင့် တပ်မှူးကလေးအား ခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com

အတွင်းခန်းရှိ ခင်ခင်ကြီးအား ထုတ်ခဲ့ရန် အမိန့်ပေး၍ တပ်မှူးကလေးလည်း ခင်ခင်ကြီးရှိရာ အခန်းကလေးထဲသို့ ဝင်သွားရာ ခင်ခင်ကြီးမှာ နံရံကိုမှီကာ အိပ်ပျော်နေသည်ကို တွေ့ရ၍ အသာလက်နှင့် တို့ကာ နှိုးလေ၏။ ခင်ခင်ကြီးသည် ရုတ်တရက် လန့်၍ နိုးကာ တပ်မှူးကလေးကိုမြင်လျှင် လန့်၍ အော်မည်ပြုလေ၏။ သို့သော် စိတ်ကိုတင်းလိုက်ခါ မအော်ဘဲ "ဘာလဲ" ဟုမေး၍ တပ်မှူးလည်း အပြင်သို့လိုက်ခဲ့ရန် ပြောသဖြင့် ထ၍လိုက်သွားရလေ၏။

အပြင်သို့ရောက်လျှင် စောထွတ်တို့နှင့်တွေ့၍ ခင်ခင်ကြီးသည် စိတ်ထဲ၌ မည်မျှ မချိအောင် ဖြစ်၍နေစေကာမူ ၎င်းတို့က အထင်အမြင်သေးနုပ်ခြင်းကို မခံလို၍ မျက်နှာကို ခပ်တင်းတင်းထားကာ ဘာမျှမဖြစ်သကဲ့သို့ နေလေ၏။ စောထွတ်လည်း ခင်ခင်ကြီးအား ပြုံးလျက်ကြည့်ကာ "ဘယ့်နှယ်လဲ။ ရွှေအားဗိုလ် မလာပါကလား။ ဒီတစ်ခါတော့ ကျုပ်တို့ကို မတတ်နိုင်ဘူးထင်တယ်။ တတ်နိုင်လျက်သားနဲ့ မလာရင် ကေနှ ခင်ခင်ကြီးကို မချစ်လို့ဘဲ။ ကယ်မယ့်လူမရှိရင် ခင်ခင်ကြီး သေရမယ်ဆိုတာ သိရဲ့မဟုတ်လား" ဟုမေးလေ၏။ ခင်ခင်ကြီးမှာ မောင်မောင်ကြီးအား ၎င်းတို့ လက်လျှော့ပြီကိုသိရ၍ နောက်တစ်နေ့ သေရမည်ဖြစ်သော်လည်း များစွာဝမ်းသာလျက် စိတ်အားများ တက်၍လာလေ၏။

ထို့နောက် သမိန်စောထွတ်က "ခင်ခင်ကြီးကိုတော့ ကျုပ်တို့သနားပါရဲ့။ နို့ပေမယ့် တိုင်းပြည်ကြီး ပုန်ကန်လို့ ရန်လုပ်တဲ့လူကိုတော့ ချမ်းသာမပေးနိုင်ဘူး။ ရွှေအားဗိုလ်ကို ကယ်လှည့်ပါလို့ စာပေးချင်ရင်တော့ ကျုပ်တို့ ရောက်အောင် ပို့ပေးပါမယ်။ စာ ရေးမလား" ဟု မေးပြန်ရာ ခင်ခင်ကြီးမှာ ၎င်းတို့မျက်နှာကို ကြည့်နေရသည်ပင်





အလွန်ရွံရှာ မုန်းတီးလှသောကြောင့် "အို–သေရမှာ ကြောက်တယ်ထင်လို့လား" ဟုမေးကာ နာနာကြီး ပြောလိုက်မည်ဟု ကြံ၍နေစဉ်ဝင်စောထွတ်က ကပျာကယာ လက်ကာလျက် "ကောင်းပြီ ကောင်းပြီ။ မသေရမှာတော့ မစိုးနဲ့။ နက်ဖြန်ညနေတော့ ဆက်ဆက်ပဲ" ဟုဆိုကာ တပ်မှူးကလေးဘက်သို့လှည့်ကာ "ဟော့၊ ဒီမိန်းမကို အမိန့်ချပြီးပြီ။ နက်ဖြန်ညနေ ရာဇဝတ်ပြစ်ဒဏ် ခံရမယ်။ ဒီကနေ့ညမင်းတို့ လုံအောင် စောင့်။ မနက်ကျတော့ ထောင်ကြီးကို ရောက်အောင်ပို့။ ဒီကြားထဲမှာ တစ်စုံတစ်ရာ လွတ်တယ်လို့ကြားရင် မင်းတို့အသက်နဲ့ လျော်ရလိမ့်မယ်" ဟုဆိုကာ နောက် တပ်ဗိုလ်တစ်ယောက်ကိုခေါ်ကာ ယခင် တပ်မှူးကလေးနှင့်အတူ စောင့်ရှောက်ရန် အပ်နှံထားခဲ့ကြ၍ အိမ်မှ ထွက်သွားကြလေ၏။

တပ်မှူးနှင့် တပ်ဗိုလ်တို့လည်း အခန်းဝက ဆက်လက်စောင့်နေကြလေ၏။ ခင်ခင်ကြီးမှာ မောင်မောင်ကြီး မလာသဖြင့် မိမိအတွက် ဟံသာဝတီသားတို့လက်သို့ အရောက်မခံရသည်ကို များစွာ ဝမ်းမြောက်လျက် ရှိလေ၏။ နောက်တစ်နေ့ ညနေတွင်သေရမည်လည်းဖြစ်၏။ သေရမည်ကား ကြောက်တတ်သောသွေးမဟုတ်သဖြင့် မကြောက်။ သို့သော် မောင်မောင်ကြီးနှင့် သေကွဲကွဲလျက် ဤဘဝတွင် ဤမျှနှင့် ငြိမ်းရတော့မည်။ ငါကား သေ၍သွားသဖြင့် ကိစ္စ မရှိ။ ကျန်ရစ်သူ မောင်မောင်ကြီးမှာ တဆွေးဆွေးတမြေ့မြေ့နှင့် နေရစ်ခဲ့ရမည်များကို တွေးတောပူဆွေးလျက် မျက်နှာကိုတရေးရေး မြင်ယောင်ကာ မသေမီ နောက်ဆုံးတစ်ခါ ဝဝကြီးကြည့်လိုလိုက်သော ဆန္ဒများသာ ပေါ်လာလေ၏။

ယင်းသို့ အကြောင်းကြောင်းတို့ကို ပြန်ပြောင်းတွေးလျက်မချိအောင် ဆွေးနေခိုက် အမှတ်မဲ့ ခေါင်းကိုထူ၍ ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မိမိအား စောင့်ကြပ်နေသော လူနှစ်ယောက်တွင် တပ်မှူးဖြစ်သောသူမှာ ဋိုက်မျဉ်းလျက်၊ တပ်မှူးကလေးဟု အခေါ်ခံသောသူသည် ခြေဖျား ထောက်လျက် မိမိအနီးသို့ တဖြည်းဖြည်းကပ်လာသည်ကို မြင်ရသဖြင့် ပထမသော် စိတ်က ဇဝေဇဝါဖြစ်ကာ မျက်စိက လှည့်ဖြားလေ သလောဟု ထင်ကာ ငေးစိုက်ကြည့်နေမိလေ၏။ တပ်မှူးလည်း နောက်သို့ကြည့်ကာ ကြည့်ကာနှင့် တရွေ့ရွေ့ကပ်လာလျက် အနီး သို့ရောက်မှ လက်ကာ၍ပြပြီးလျှင် လက်ထဲသို့ စာကလေးတစ်စောင် ကိုထည့်ကာ "မြန်မြန်ဖတ်၊ ပြီးရင် ဆုတ်ပစ်" ဟုဆို၍ ပြန်သွားလေ၏။ ခင်ခင်ကြီးမှာ အိပ်မက်သလိုရှိကာ ကပျာကယာ စာကလေးကိုဖွင့်၍ ဖတ်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

*မည်သို့ပင် ဖြစ်စေကာမူ မကြောက်နှင့်။ အနီးတွင် အစဉ်ရှိ သည်။ နက်ဖြန်ညနေ ထောင်ကထွက်လျှင် သတိကောင်းစွာထား၍ ကယ်မည့်သူကိုသာ ကြည့်နေပါ။*

ခင်ခင်ကြီးမှာ ရုတ်တရက်သော် အဓိပ္ပါယ်ကို နားမလည်နိုင် အောင် ရှိလေ၏။ အထိမ်းအမှတ်ဟူ၍လည်း တစ်စုံတစ်ရာ မပါလာ သောကြောင့် မည်သူမည်ဝါထံက ဟူ၍လည်း မသိရ။ ရွှေစားဗိုလ်ထံက မဟုတ်ကြောင်းကိုကား သိရလေ၏။ ရွှေစားဗိုလ်ထံကဆိုလျှင် မည်သည့်အခါမဆို အောက်နားက မြတ်လေးပွင့်ကလေးသင်္ကေတ ပါလာတတ်၏။ သို့သော် မည်သူ့ထံကဖြစ်စေ၊ မကြောက်နဲ့ဟု စကားတစ်လုံး အနားက ပြောဖော်ရလျှင် တော်ပြီဟု စိတ်အား တက်လာကာ စာကလေးကို ကပျာကယာ ဆုတ်၍ အခန်းရှိ ပြူတင်းသို့ သွား၍ပစ်ရာ အပြင်တွင် ရောင်နီတွေတက်လျက် မိုးသောက်စပြုနေပြီကို တွေ့ရလေ၏။ ထို့နောက် မိမိအား စာလာ၍ ပေးသွားသော တပ်မှူးကလေးကို ကြည့်မည်ဟု လှည့်၍ကြည့်ရာ





တစ်စုံတစ်ယောက်မျှ မရှိပြီကို တွေ့ရလေ၏။

မောင်မောင်လတ်မှာ ရွှေစားဗိုလ် မှာသွားသော စကားတို့ကို နားထဲတွင် ကြားယောင်လျက် တစ်ညလုံးလုံး အိပ်၍လည်း မရ ကြ၍လည်း မပေါက်။ ဆရာနောက်ကို လိုက်၍မသွားဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်ကိုပင် စိတ်မကျေနပ်ဘဲ မနေတတ် ခေါင်တတ်စားကြီးကိုသာ တကိုင်ကိုင်ဖြစ်လျက် မိုးလင်းရလေ၏။

မည်သို့ပင် ဖြစ်စေကာမူ၊ မောင်မောင်လတ်ကား ရွှေစားဗိုလ်၏ စကားအာဏာများကို တစ်သဝေမတိမ်း လိုက်နာတတ်သည် ဖြ သောကြောင့် စိတ်ထဲက တသက်သက်ဖြစ်သော်လည်း ငှင်းမေ ညနေ ဆရာမှာကြားသည့်အတိုင်း ဆောင်ရွက်ရန် ချိန်ရွယ် ထားလေ၏။

တစ်နေ့လုံးလုံး အိမ်ထဲတွင် စိတ်ကို အတင်းဖိကြိတ် နေပြီးနောက် ညနေရောက်၍ နေဝင်ရီတရောရှိလျှင်ပင် မောင်မော လတ်သည် မောင်မောင်ကြီး မှာသွားသော အချိန်သို့ ရောက်ပြီဖြစ် ကောင်းမွန်ခိုင်လုံစွာ ဝတ်စားလျက် စီးနေကျမြင်းကို စီး၍ အိမ် အမှတ်မဲ့ ထွက်လာခဲ့လေ၏။

ထိုနေ့ကား ဟံသာဝတီနေပြည်တော်ကြီးတွင် ဘီလူးသဘာ စီးသကဲ့သို့ ထောင်တွင်းရှိ လူဟူသမျှ ကုန့်မလောက် သတ်ဖြတ် ပစ်သောနေ့ ဖြစ်သဖြင့် မောင်မောင်လတ်မှာ လမ်းတစ်လျှောက်လုံး ကားတင်ကာ ရင်ကိုဖွင့်ထားသဖြင့် ကြောက်မက်ဖွယ်ရာ အင်းဝသ အလောင်းကောင်များနှင့် သတ်ရန်ယူလာသော ရာဇဝတ်သားမျ



www.burmeseclassic.com

www.burmeseclassic.com



သားက ဝိုင်းရံလိုက်လာ၍ ခေါ်အော် ပြောင်လှောင် ကစုန်နေကြသော ဟံသာဝတီသားတို့ကို တွေ့မြင်ရှောင်ရှား၍ သွားရလေ၏။

ထိုနောက် ထောင်ကြီးဆီသို့သွားရာ လမ်းမကြီးသို့ရောက်သောအခါ လမ်းထိပ်တွင် မသေမရှင် ကားတင်၍ထားအပ်သော ဟံသာဝတီသား သုံးယောက်တို့ကို ဝိုင်းဝန်းလှောင်ပြောင် တုတ်၊ အုတ်ခဲ စသည်တို့ဖြင့် ပစ်ခတ် ရိုက်နှက်ကြသော လူတစ်စုနှင့် တွေ့ရလေ၏။ ထိုလူစုမှာကား အလွန်ရမ်းကားလျက်၊ အော်ဟစ်ဆူညံလျက်ရှိရာ ၎င်းတို့ရှေ့က ဗိုလ်လုပ်သူ လူကြီးကြီး ခိုင်ခိုင်၊ ဝတ်စားပုံညစ်ညစ်ပတ်ပတ် မျက်လုံးကြီးတစ်လုံးမှာ ကန်းနေ၍ အမည်းကြီးကပ်လျက်၊ ခြေတစ်ဖက်မှာ မစွမ်းမသန်နှင့် လူကြီးမှာမူကား ကျယ်ကျယ်ကျယ်ကျယ်နှင့် ဆဲရေးတိုင်းထွာ မကြားဝံ့မနာသာ ကြောက်မက်ဖွယ်ရာ ဖြစ်သည်ကို တွေ့ရလေ၏။

မောင်မောင်လတ်သည် လူရမ်းကားများ ဖြစ်ကြောင်းကိုသိ၍ ခပ်မြန်မြန်ကလေး သွားမည်ပြုရာ ယခင်လူကြီးသည် မိမိဘက်သို့ ရုတ်တရက်လှည့်ကာ "ဟေ့ ဆရာ။ ဘယ်သွားမလို့လဲ။ ထောင်ကြီးကိုလား။ မသွားနဲ့တော့။ ဘာမှမရှိဘူး။ ဟောဒီသုံးယောက် နောက်ဆုံးပဲ လာလာ။ ဒီကို လာ" ဟု ဟစ်အော်၍ လက်ပြခေါ်သည်ကို မြင်လိုက်ရသောအခါ မောင်မောင်လတ်မှာ အသည်းထဲ၌ အေးခဲနေ၍ တစ်ကိုယ်လုံး ဆတ်ဆတ်ခါအောင် တုန်မိလေ၏။ သို့သော် စိတ်ကိုတင်း၍ ကြားမြွေပြုကာ မကြားချင်ယောင်ဆောင်၍ ကပျာကယာ ဆက်လက်၍ လာခဲ့လေ၏။

အတန်ကလေးကြာ၍ အဝေါ်ကလေး မှောင်လာလျှင် မိမိဆရာ မှာသွားသော နေရာသို့ ရောက်၍ သစ်ပင်ကလေး တစ်ပင် အောက်သို့ ဝင်နေလေ၏။ မကြာမြင့်မီပင် ထောင်ဆီက





အော်ဟစ်သံများကို ကြားလိုက်ရ၍ ကြည့်လိုက်ရာ ထောင်ထဲက ရာဇဝတ်သား လေးယောက်ကို ထုတ်လာသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တစ်ဖက်က မိန်းမ ရာဇဝတ်သား တစ်ယောက်မှာ ခင်ခင်ကြီးပဲတု တုန်လာသောစိတ်တို့ကို တင်းထားကာ အသင့်ပြု၍ နေလေ၏။ ထိုအခိုက်တွင်ပင် ယခင်က လမ်းထိပ်တွင် •ဆူညံနေကြသော အရက်သမား လူရမ်းကားတို့လည်း မိမိဘက်ကို လာနေကြောင်းကို တွေ့ရလေ၏။

ထောင်ကြီးဆီမှ လာနေသော ရာဇဝတ်သားများ အနီးသို့ မရောက်မီ စောင့်နေရသော အချိန်တွင် မောင်မောင်လတ်မှာ အသက်မှ မရှူနိုင်ဘဲ ဘဝပြောင်းနေရသကဲ့သို့ ရှိလေ၏။ ထို့နောက် အနီးသို့ရောက်လာ၍ တစ်ဖက်က အရက်သမားများနှင့် ဆုံကြသောအခါ လူချင်းရောယှက်ကာ ရွက်ပေါက် ဝင်ပေါက်မျှမရှိဘဲ နေသောကြောင့် သာ၍ စိုးရိမ်လာလေ၏။ အရက်သမားများနှင့် တွေ့သောအခါ ရာဇဝတ်သားကို မှူးလာသော တပ်သားတို့လည်း ရှေ့သို့ မတိုးနိုင်ဘဲ ရပ်တန့်နေရလေ၏။ မောင်မောင်လတ်မှာ ကြံရာမရဘဲ ငေးစိုက်ကြည့်နေမိလေ၏

တပ်သားများလည်း လမ်းကို ဆို့နေသည်ကို တွေ့သောအခါ တပ်ဗိုလ်က "ဟေ့။ ရှောင်ကြကွ။ သုဿန် သွားမလို့" ဟုဆိုသော်လည်း မရှောင်ဘဲ "ဘာလဲ။ ဘယ်သုဿန် သွားနေရမလဲ။ ဒီမှာသတ်၊ ဒီလေးယောက် ကျုပ်တို့နဲ့ ဆိုင်တယ်။ ပေး ကျုပ်တို့ သတ်မယ်" ဟုပြန်၍ ဆူပူအော်ဟစ်ကာ တောင်းကြလေ၏။ သို့သော် မရဘဲ တစ်စထက်တစ်စ ကဲ၍လာလျက် နောက်ဆုံး ရာဇဝတ်သားများကိုပင် အတင်းလုတော့မည်ကဲ့သို့ ဖြစ်လာ၍ ခုခံရိုက်နှက် ထိုးခုတ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ၎င်းတို့နှစ်ဖက် စတင် အချင်းဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် မောင်မောင်လတ်လည်း ကပျာကယာ ဓားလွတ်ကိုင်ကာ မြင်းကို လှုကြားထဲက အတင်းလွှတ်၍ နှင်းပြီးသော် အလယ်သို့ ရောက်လျှင် တပ်သားတစ်ယောက် လက်ပေါ်တွင် ခွေပျော့မှုးမေ့နေသော ခင်ခင်ကြီးအား အတင်းဆွဲယူ၍ မြင်းပေါ်သို့တင်ပြီးလျှင် လူထုကြီးကို အတင်းနှင်း၍ ထွက်လေ၏။ ယင်းသို့ ယူသွားသည်ကို မြင်လျှင် မြင်းနှင့်လိုက်လာသော တပ်ဗိုလ်လည်း "ဟေ့၊ သတိထားကြ။ ပါသွားပြီ။ လိုက် လိုက်" ဟုဆိုကာ မောင်မောင်လတ်၏ နောက်သို့ လိုက်လေ၏။

မောင်မောင်လတ်မှာကား ခင်ခင်ကြီးကို ခိုင်မြဲစွာပွေ့ကာ လူထုကို ကျော်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ကဆုန်ချ၍ ပြေးလေ၏။ နောက်က တပ်ဗိုလ်လည်း အတင်း လိုက်လေ၏။ မောင်မောင်လတ်မှာ ပထမမူကား လိုက်လာကြောင်း မသိ၍ စိတ်အေးသလိုရှိကာ လိုက်လာသည်ကို သိသည်နှင့်တစ်ပြိုင်နက် ဤနေရာတွင် အသက်နှင့် လဲရတော့မည်ကို သိလေ၏။ ထို့ကြောင့် တစ်ဖက်က ဇက်ကြိုးနှင့် ခင်ခင်ကြီးကို အတင်းဖက်ကာ တစ်ဖက်က ဓားကိုမြဲမြဲစွာ ဆုပ်ထားပြီးလျှင် မြင်းကိုလည်း တို့နိုင်သမျှတို့၍ ပေးလေ၏။ သို့သော် တစ်ယောက်နှင့် နှစ်ယောက် ဖြစ်၍ မြင်းချင်းပင် သာစေကာမူ သာအောင်မပြေးနိုင်ဘဲ တစ်ချက်ထက်တစ်ချက် နီးကပ်၍လာရာ နောက်ဆုံး လက်လှမ်းသာအောင် ရောက်လာ၍ မော ်မောင်လတ်လည်း ခုခံမည်ဟု ပြန်၍ကြည့်လိုက်ရာ ဗိုလ်၏ ဓားကြီး ၁ည် မိမိလည်ဆီသို့ လာသည်ကို မြင်လိုက်ရ၍ သွားပြီထင်လိုက်ရလေ ၏။ သို့သော် ကံအားလျော်စွာ မိမိမှာ တစ်ဖက်သို့ ရုတ်တရက် ယိုင်သွား၍ ဓားဦး လွတ်သွားသည်နှင့် တစ်ပြိုင်နက် မိမိလက် ၈





ဓားနှင့် ပြန်၍တွက်လိုက်ရာ ဗိုလ်မှာ ရှေ့သို့ကုန်းပြီးလျှင် မြင်းပေါ်က ကျသွားလေ၏။ မောင်မောင်လတ်လည်း မိမိဆရာ မှာထားသော နေရာသို့ ဆက်လက်ပြေးခဲ့လေ၏။

အချင်းဖြစ်ပွားသော နေရာတွင်ကား ခင်ခင်ကြီးကို မြင်လိုက်ရပြီးနောက် တပ်သားများမှာ လိုက်ရတော့မလိုလို၊ နေရစ်ခဲ့ရတော့မလိုလိုနှင့် တောင်ယောင်ယောင် မြောက်ယောင်ယောင်ဖြစ်သွားပြီးလျှင် သတိရကာ ပြန်၍ စုကြသောအခါ ကျန်ရာဇဝတ်သားများပါ ပျောက်သွားသည်ကို တွေ့ရလေ၏။

ထိုနေ့ညနေတွင် ခေမာဒွါရတံခါး၌ သမိန်တို့လူစု အစောင့်ကျလေ၏။ သမိန်ကား အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်တတ်သောသူဖြစ်ရကား အရေးကြီးသော အချက်အလက်များ၌ အထူးရွေးကောက် အသုံးတော်ခံရသောသူ ဖြစ်၏။ ထို့နေ့ညအတွက်လည်း ဟံသာဝတီတွင် ရွှေစားဗိုလ် အထူးသောင်းကျန်းမည် ထင်သောည ဖြစ်၍ အဝင်အထွက်များသော ခေမာဒွါရတံခါးတွင် နေရာချထားလေ၏။

သမိန်လည်း အရေးကြီးကြောင်း သိသဖြင့် အဝင်အထွက် မှန်သမျှကို ကောင်းစွာ စီစစ်ပိတ်ဆို့ စောင့်ရှောက်လေ၏။ ထိုနေ့ညနေ နေကလေး ဝင်သွားလျှင်ပင် မြို့ဝန်တစ်ဦးတည်း တိတ်တဆိတ် ရောက်လာ၍ "ဟေ့ သမိန်။ ဒီကနေ့ည ကောင်းကောင်း သတိထား နော်။ အရေးကြီးတယ်။ ရွှေစားဗိုလ်မိန်းမကို အခုပဲ သတ်လိုက်သော ညက မလာဝံ့ဘူးဆိုပေမယ့် ဒီအကောင်ကို တယ်ပြီး စိတ်မချရဘူး



www.burmeseclassic.com

www.burmeseclassic.com



ကြားလား” ဟုပြောရာ သမိန်က “သိပါတယ် ဘုရားကြီးရဲ့၊ သမိန်ပါ။ တစ်ခြားလူ မဟုတ်ပါဘူး”

“အေး အေး။ သမိန် သမိန်နဲ့ အရင်အကောင်လို ဖြစ်နေမယ်။ ဒီတံခါးကပဲ လွတ်သွားတယ်။ ဟိုအကောင် ခေါင်းပြုတ်သွားတာ သိသလား”

“အောင်မယ်လေး။ သိပါတယ်ဘုရား။ ဘုရား ကျွန်တော်မျိုးပဲ သူ့ခေါင်း ဖြတ်လိုက်ရတာပဲ၊ စိတ်ချပါ။ ဒီအပြင် တံခါးတွေကသာ လုံပါစေ”

“ကောင်းပြီ ကောင်းပြီ။ ဒီကနေ့ည အဝင်အထွက် မရှိစေနဲ့။ အင်မတန် အရေးကြီးတဲ့လူတွေသာ ဝင်စေ ထွက်စေ။ အားလုံး တံဆိပ်တော် စာချွန်တွေ ပေးထားတယ်။ လာသမျှ ဘာကောင်ဖြစ်ဖြစ် သေသေချာချာဖမ်းစစ်” ဟု မှာထားခဲ့ပြီးလျှင် ကင်းတဲသို့ ဝင်သွားလေ၏။ သမိန်လည်း မြို့ဝန်ကြီးက မိမိအား စိတ်မချ၍ မှာရသည်ကိုပင် ရယ်ချင်လျက် သေချာစွာ တံခါးထိပ်ကရပ်ကာ တပည့်များအား ဆော်ဩ ငေါက်ငန်းလျက် စောင့်နေလေ၏။

အတန်ကလေး မှောင်လျှင် တံခါးဆီသို့ ညစ်ထေးစုတ်ပြဲသော အဝတ်များကို ဝတ်လျက် လက်က တင်းတောင်းဆွဲကာ လူခြောက်ယောက်တို့သည် သီချင်းများကို ဟစ်အော်သီဆို ဆူညံလျက် လာကြလေ၏။ တံခါးဝသို့ရောက်လျှင် သမိန်နှင့်တွေ့၍ သမိန်က ဆီးကြိုကာ “ဟေ့ အကောင်တွေ။ တဆူဆူနဲ့ ဘာလုပ်လာကြသလဲ” ဟုမေးမှ ရပ်တန့်ကြကာ ရှေ့က လူကြီးကြီး ခိုင်ခိုင်က “အောင်မာ ဒိုလိကလေးပါလား။ ကျုပ်တို့ မြို့ပြင် ထွက်မလို့ပါ”

“ဟေ့ ဟေ့။ မထွက်ရဘူး။ ပြန်ပြန်။ ပြန်ကြ”

“မဟုတ်ပါဘူးဗျ။ ထွက်နေကျတွေပါ။ ကျုပ်မျက်နှာ ကြည့်





ခမ်းပါဦး။ မှတ်မိဘူးလား” ဟုဆို၍ သမိန်လည်း သေချာစွာကြည့်ရာ မှတ်မိသလိုလိုကား ရှိလေ၏။ သို့သော် အမိန့် တျပ်တည်းသဖြင့် “မထွက်ရဘူး။ ဒီကနေ့ည ဘယ်သူမှ မထွက်ရဘူးတဲ့။ ကိစ္စရှိရင် နက်ဖြန်မှ ထွက်”

“ဟာ။ မထွက်ရရင် မဖြစ်ဘူး။ ကျုပ်တို့ရိက္ခာသွင်းတဲ့ လူတွေပါ။ အပြင်ကလူညီးတွေ ပြန်သွားပါဦးမယ်။ ကျုပ်တို့ တံဆိပ်တော် စာချွန်တွေ ပါတယ်ဗျ” ဟု ပြောကြပြန်၍ သမိန်မှာ စာချွန်များကို တောင်း၍ ကြည့်ရပြန်လေ၏။ စာချွန်များမှာမူကား အမှန်များ ဖြစ်ကြောင်းကို တွေ့ရလေ၏။ သို့သော် သမိန်၏စိတ်တွင် ယခင်က မြို့ဝန် လာရောက်ပြောသွား၍ သာ၍ မသင်္ကာ ဖြစ်နေသောကြောင့် စာချွန်ပါသဖြင့် မလွှတ်ရမည်လည်း ခက်၊ လွှတ်ရမည်လည်း မလွှတ်ရဲဖြစ်လေ၏။ ထို့ကြောင့် စိတ်ထဲတွင် ဝေခွဲမရဖြစ်နေရာ ကင်းတဲမှ မြို့ဝန်ကြီး ပြန်ထွက်လာသည်နှင့် အရံသင့်နေသောကြောင့် ကမျာကယာ သွားရောက်ပြောရာ မြို့ဝန်လည်း စာချွန်များကိုကြည့်၍ “ဟုတ်တာပဲ။ ရိက္ခာသွင်းတွေပဲ။ လွှတ်လိုက်။ နို့ပေမယ့် စာချွန်ပါတိုင်းလည်း ရမ်းပြီး မလွှတ်နဲ့နော်။ လူကို သေသေချာချာစစ်ဦး” ဟု ဆို၍ ထွက်သွားလေ၏။ ထိုအခါမှ သမိန်မှာ စိတ်အေးသွား၍ လူခြောက်ယောက်တို့ကို တံခါးဖွင့်ပေးလိုက်သဖြင့် တဆူဆူတညံညံနှင့် ထွက်သွားကြလေ၏။

၎င်းတို့ အပြင်သို့ ထွက်သွား၍ တံခါး ကောင်းစွာ မပိတ်ရသေးမီ နောက်က အပြင်းစိုင်းနှင်လာသော မြင်းခွာသံများကို ကြားရ၍ လှည့်ကြည့်လိုက်ရာ ရှေ့ဆုံးက တပ်မှူးလ်တစ်ယောက်နှင့် ဘပ်သား ငါးယောက်တို့ အနီးသို့ရောက်လာကာ တပ်မှူးလ်က “ဟေ့၊ ခုနက လူခြောက်ယောက် ဒီဘက်က ပျောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမရောက်ဘူးလား” ဟု တစောမောတာဟိုက်ဖိုက်နှင့်မေးရာ သမိန်မှာ ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားကာ “လာပါတယ်၊ ဘာကိစ္စလဲ”

“ဘယ်မလဲ။ ဖမ်းမထားလိုက်ဘူးလား။ ရွှေထားဗိုလ်တို့ လူစုပဲ”

“အမယ်လေး။ အပြင် ရောက်ကုန်ပြီ။ ရိက္ခာသွင်းတွေပါ။ စာချွန်တွေ အပြည့်အစုံနဲ့ပဲ”

“ဟာ။ ဘယ်က ရိက္ခာသွင်းလဲ။ မင့်လူညံ့သွားပြီ။ ဘယ်လောက် ကြာပြီလဲ”

“အခုပဲ ဝင်တယ် မဆေးသေးဘူး ထင်ပါတယ်”

“ဖွင့်စမ်း တံခါး။ မြန်မြန်၊ မြန်မြန်” ဟုဆို၍ ကပျာကယာဖွင့်၍ ပေးလိုက်ရာ တပ်ဗိုလ်နှင့် တပ်သားများလည်း တစ်ဟုန်တည်း အပြင်းစိုင်း၍ ထွက်သွားကြလေ၏။

သမိန်မှာမူကား အလိုအလျောက် ကြောက်လန့်စိုးရိမ်၍ မပြီးရှိနေခိုက် မိမိကိုယ်တိုင် ရွှေထားဗိုလ်ကို ဖွင့်၍ပေးလိုက်မိသဖြင့် အသက်ရှုများ မှားမလောက်ဖြစ်ကာ နဖူးက ချွေးပေါက်ကြီးများ ယိုစီးကျလာလေ၏။ တပ်မှူးများ ထွက်သွားမှ စိတ်ထဲက မိပါစေဗျာဟု ဆုတောင်းလျက် ဟာယ်၊ ကိစ္စမရှိဘူး။ မြို့ဝန်ကြီးတောင် အသိလိုက်သွားပဲ။ သူ့အမိန့်အတိုင်း လွှတ်လိုက်ရတာပဲဟုတွေးကာ နဖူးကချွေးပေါက်ကြီးများကို သုတ်ကာ ထိုင်တော့မည်ပြုနေစဉ် မြင်းခွာသံများကို ထပ်မံကြားလိုက်ရသဖြင့် မထိုင်ဘဲ ထ၍ကြည့်လိုက်ရာ မြို့ဝန်ကြီးသည် နောက်ကတပ်သား နှစ်ကျိပ်လောက်နှင့် ရောက်လာသည်ကိုတွေ့ရ၍ မြို့ဝန်ကြီးက “ဟေ့ သမိန်။ ဒီဘက် ပြေးလာတဲ့ မြင်းနဲ့ လူခြောက်ယောက်ကော”

“ရွှေထားဗိုလ်တို့ လွတ်သွားလို့ လိုက်သွားကြလေရဲ့ဘုရား။ အခုပဲ မိလာပါလိမ့်မယ်”





“သယ်။ ချေးမထား လွှတ်လိုက်သလား။ အဲဒီကောင်တွေပဲ ရွှေထားဗိုလ်ဆိုတာ။ သွားပြန်ပြီ။ နင်တော့ ခေါင်းပြတ်ရအောင် ကြံပေတော့” ဟု ပြောလိုက်ရာ သမိန်မှာ တစ်ဦးလာ၊ တစ်မျိုးနှင့် အတွေးရကြပ်လှသဖြင့် မျက်စိပြူး၍နေလေ၏။

ထိုအခိုက်တွင် တံခါးအပြင်က “ဗိုလ်ကြီး ဖွင့်ပါဦးဗျို့၊ ဖွင့်ပါဦး” ဟု ဆူဆူညံညံ ကြားလိုက်ရသဖြင့် ဖွင့်၍ပေးလိုက်ရာ ပထမ ထွက်သွားသော ရိက္ခာသွင်း ခြောက်ယောက်တို့သည် စပါးဆန် အပြည့်ရှိ တောင်းကြီးများကို ထမ်းလျက် ဝင်လာကြသည်ကို တွေ့ရလေ၏။ ထိုအခါမှ သမိန်မှာ မိမိအမှားကို ထင်ရှားစွာ မြင်ရလေ၏။

ဝင်လာသောသူများကို မြို့ဝန်ကြီးက ဖမ်း၍ “ဟေ့ အကောင်တွေ။ ခုက မြင်းနဲ့ ထွက်သွားတဲ့ လူခြောက်ယောက် မတွေ့လိုက်ကြဘူးလား” ဟုမေးရာ ရှေ့ကလူက “တွေ့လိုက်ပါဘုရား။ ဟောဒီစာကလေး မင်းဘုရားကြီးကို ဆက်ဆက် ဆက်လိုက်ပါလို့ မှာသွားပါတယ်” ဟုဆို၍ စာလိပ်ကလေးတစ်လိပ်ကို ထုတ်ပေး၍ မြို့ဝန်ကြီးလည်း ဖွင့်ကြည့်ရာ အထဲတွင် စာမပါဘဲ အလိပ်ကြားထဲက မြတ်လေးပွင့်လေး တစ်ပွင့်သာ ထွက်ကျလာသည်ကို တွေ့ရလေ၏။

ထိုနေ့ည သန်းခေါင်လောက်တွင် ဟံသာဝတီကျောင်းလှေကြီး တစ်စင်းပေါ်တွင် မောင်မောင်ကြီး၊ ခင်ခင်ကြီး၊ မောင်မောင်လတ်တို့သည် ထိုင်လျက် စကားပြော၍ လိုက်လာကြသည်ကို တွေ့ရလေ၏၊ သေမင်းလက်မှ လွတ်ထွက်လာခဲ့ရသည်မှာ သုံး၊ လေးနာရီမျှ မကြာ



www.burmeseclassic.com

www.burmeseclassic.com



သေးသော်လည်း မောင်မောင်ကြီးနှင့် မောင်မောင်လတ်တို့ကား ဘာအရှုမပြစ်သကဲ့သို့ ထင်ရလေ၏။ ခင်ခင်ကြီးမှာကား အသည်းရင်ခုန် လျက်ပင် ရှိသေးကာ "အမယ်လေး မောင်မောင်ရယ်။ ခင်ဖြင့် လွှတ်ပါဦးမလား အောက်မေ့တယ်။ ဟိုညတုန်းက မောင်မောင် မလာပါစေနဲ့လို့ ဆုတောင်းနေရတယ်။ မလာပေလို့ဘဲ" ဟုပြောရာ မောင်မောင်ကြီးက

"အလာသားကဘဲ"

"အို။ ဘယ်တုန်းကလဲ"

"ခင့်ကို စလာပေးတဲ့လူကို မမှတ်မိဘူးလား"

"ဗိုလ်ကလေးဟာလား"

"ဘယ်က ဗိုလ်ကလေးရမလဲ။ အဲဒါ မောင်မောင်ပါ။ ဒီတော့ ဗိုလ်ကလေး ချုပ်ထဲမှာ ကြိုးတွေနဲ့ လူးတုန်း။ သင်းတို့ ဟံသာဝတီသားတွေ မောင်မောင် ကြံရင် မခံနိုင်ပါဘူး။ မောင်မောင် လတ်နဲ့ ဟိုညက ခွဲလာတော့ မောင်မောင် ဘာကြံရမယ်ဆိုတာ မသိဘူး။ ရမ်းပြီး ထွက်လာခဲ့တာပဲ။ အဲဒီဗိုလ်ကလေး မြင်တော့မှ အကြံရတယ်။ မြို့ဝန်နဲ့ စာထွက်တို့တောင် မောင်မောင့်အသံ ကြားလျက်သားနဲ့ အရူးဖြစ်အောင် လုပ်ခဲ့သေးတာပဲ"

"မဟုတ်ဘူး။ အတွင်းက ကြားလျက်နဲ့ အပြင်က ဘာဖြစ်လို့ မကြားကြသလဲ"

"ဘာကြားမလဲ။ တံခါးကလေး နည်းနည်းဟပြီး အတွင်းကို ပါးစပ်နဲ့ တေ့ပြီး ဆိုလိုက်တာပဲ"

"ကြံနိုင်တယ်မောင်။ တော်ပါပေရဲ့"

---

နှင်းဆီပုံနှိပ်တိုက်



"ဟော့–မောင်မောင်လတ်။ လမ်းတုန်းက မင်း ငါ့ကို မှတ်မိ ရဲ့လား။ လမ်းထိပ်မှာ ဆူပြီး မင့်လျှမ်းခေါ်တဲ့ အရက်မူး, လူမိုက်, မျက်စိကန်းကြီးဟာ ငါပေါ့ကွ" ဟု ဆိုလိုက်၍ ရယ်မောကာ ဟံသာဝတီမှ တစ်ဖန် အခက်ကြီးကြုံရပြီးမှ ပြန်ခဲ့ကြရပြန်လေ သတည်း။ ။

မေလျှ